mmcybermedia.com

ငြိမ်းကျော်

# အပြာရောင်သစ်ခွပွင့်ရဲ့ သမိုင်းအစ




typing - thanthannaing

pdf & cover - lucky82

mmcybermedia.com

*ပိတောက်ရန့်စာပေ*
မ-၂/၈၁၊ ၄၀x၄၁ ကြား၊ ၆၆x၆၇ကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မန္တလေးမြို့။
ဖုန်း- ၀၉ ၆၈၀ ၂၈၂၁၊ ၀၉ ၉၁၀ ၄၂၇၀၅
*စာမူခွင့်ပြုချက်အမှတ်* - ၅၀၁၁၉၆၁၀၁၁
*မျက်နှာဖုံးခွင့်ပြုချက်အမှတ်* - ၅၀၁၃၈၈၂၁၁
*ထုတ်ဝေခြင်း* - ဇန်နဝါရီလ၊ ၂၀၁၂၊ တတိယအကြိမ်၊ ၅၀၀အုပ်
*မျက်နှာဖုံးပန်းချီ* - လင်းဝဏ္ဏ
*ကွန်ပျူတာစာစီ* - ဆုမြတ်ဖြူစင်
*စာပြင်* - နှင်းဆီအောင်
*တန်ဖိုး* - ၃၅၀၀ ကျပ်
*ထုတ်ဝေသူ* - ဦးနေမျိုး
*ပုံနှိပ်သူ* - မဝင်းမာ

---

ငြိမ်းကျော်
အပြာရောင်သစ်ခွပွင့်ရဲ့ သမိုင်းအစ/ ငြိမ်းကျော် - ရန်ကုန်
နေမျိုးပဒေသာ၊ ၂၀၁၂။
စာမျက်နှာ ၃၂၀၊ ၁၃.၅x၂၁.၅ စင်တီ
(၁) အပြာရောင်သစ်ခွပွင့်ရဲ့ သမိုင်းအစ

---

# စကားဦး

(၁)

ဆရာငြိမ်းကျော်၏ ထင်ရှားသော လက်ရာမွန်ဖြစ်သည့် အပြာရောင်သစ်ခွပွင့်ရဲ့သမိုင်းအစ စာအုပ်ကို ပိတောက်ရနံ့ စာအုပ်တိုက်က ပွဲဦးထွက် စီစဉ်ထုတ်ဝေခွင့် ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူရပါသည်။

(၂)

ထုတ်ဝေခွင့်ပြုပေးသော ဆရာငြိမ်းကျော်၏ ဇနီး ဒေါ်ခင်သန်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ရောကိုယ်ပါ အစစ ကူညီပေးခဲ့သော ကိုပုညဆွေ(ရာပြည့်မန္တလေး စာအုပ်ဖြန့်ချိရေးနှင့် အလင်္ကာ စာအုပ်တိုက်)၊ စေတနာအပြည့်ဖြင့် စိတ်အားထက်သန်စွာ ကူညီပေးခဲ့သော စာရေးဆရာ ဇော်ခိုင်ဦး၊ မျက်နှာဖုံးပန်းချီ ရေးဆွဲပေးသော ဆရာလင်းဝဏ္ဏ၊ ကွန်ပျူတာစာစီ မမိုးသူဇာတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။

(၃)

ပိတောက်ရနံ့ စာအုပ်တိုက်မှ အဆိပ်အတောက် ကင်းသော၊ ပြည်သူလူထုအား အကျိုးပြုစေမည့် စာရေးဆရာများ၏ လက်ရာမွန်များကို ဆက်လက်ကြိုးစား စီစဉ်တင်ဆက်ပါမည့် အကြောင်း စာပေချစ်သူ အပေါင်းတို့အား လေးလေးစားစား အသိပေးအပ်ပါသည်။

*ခင်မောင်ဦး*
ပိတောက်ရနံ့စာအုပ်တိုက်
မန္တလေး။

## ဆရာငြိမ်းကျော်၏ ဘဝနှင့် စာပေသမိုင်း

အဖ ဦးအေးမောင်၊ အမိ ဒေါ်အုန်းတို့မှ အင်းစိန်မြို့တွင် ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်တွင် ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ 'အပါ' ဖြစ်ပြီး အမည်ရင်းမှာ ဦးမောင်မောင်ကြီး ဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် ဟိုက်စကူးဖိုင်နယ် အောင်မြင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မောင်ယမုံအမည်ဖြင့် '**ချစ်သည်သာ ဆိုရုံမျှနှင့်**' ဝတ္ထုတိုနှင့် ငြိမ်းကျော်အမည်ဖြင့် '**ကိုဘောဂ**' ဝတ္ထုတိုတို့ကို မြဝတီမဂ္ဂဇင်း၌ စတင်ရေးသားခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာအဓိကဖြင့် ပညာဆက်လက်သင်ကြားခဲ့သည်။

၁၉၆၆ ခုနှစ်တွင် ဇနီးဖြစ်သူဒေါ်ခင်သန်းနှင့် လက်ထပ်ခဲ့သည်။ ကျောင်းသားဘဝတွင် '**မြန်မာပြဇာတ်ရေစီးကြောင်း**' ဆောင်းပါးကို တက္ကသိုလ်ပဒေသာစာစောင်တွင် ရေးသားခဲ့သည်။ '**ငွေတောင်၊ သုခနေ၊ မနော်ဟရီဇာတ်နှင့် သမိုင်းကြောင်းသုတေသန**' '**၈၀၂ ခုနှစ် သရေခေတ္တရာ တရုတ်နိုင်ငံရောက် ပျူဂီတအဖွဲ့၊ တူရိယာနှင့် စကေး**' စသည့် စာတမ်းများမှာ ထင်ရှားခဲ့သည်။

၁၉၇၃-၇၄ ခုနှစ်တွင် '**ငွေတောင်၊ သုခနေ၊ မနော်ဟာရီဇာတ်နှင့် သမိုင်းကြောင်းသုတေသန**' စာအုပ်ဖြင့် အမျိုးသားစာပေဆု သုတေသနပဒေသာ (ဝိဇ္ဇာပညာရပ်)ကို ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံ သုတေသနအသင်းတွင် ၁၉၇၂ ခုနှစ်တွင် အထွေထွေလက်ထောက် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် (ဝိဇ္ဇာဘွဲ့ မြန်မာစာ)တန်းကို ဘာသာရပ်အားလုံးတွင် စကားပြေအထူးဆုဖြင့် အောင်မြင်ပြီး မဟာဝိဇ္ဇာဝင်ခွင့် အဆင့်မီခဲ့သည်။

လုံးချင်းဝတ္ထုစာအုပ်ပေါင်း (၅၄)အုပ်၊ ဝတ္ထုလတ်(၄၀)၊ ဝတ္ထုတို (၁၀၀)ကျော်၊ ဆောင်းပါး(၁၄)ပုဒ်၊ သုတေသနစာတမ်း (၇)စောင်၊ သုတေသနစာအုပ် (၁)အုပ်တို့ကို ရေးသားထုတ်ဝေခဲ့ပြီး ယင်းတို့အနက်မှ ဝတ္ထုပေါင်းများစွာကို ရုပ်ရှင်နှင့် ဗွီဒီယိုဇာတ်ကားများအဖြစ် ရိုက်ကူးနိုင်ခဲ့သည်။

ကိုယ်တိုင်ဒါရိုက်တာအဖြစ် '**ထားခဲ့ပြီ**' ကိုယ်ပိုင်လုံးချင်းဝတ္ထုကို ဗွီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးခဲ့သည်။

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်၊ နံနက် ၆း၀၀နာရီတွင် အမှတ် ၉၁/၉၂၊ ကာယသုခ (၃)လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ကွယ်လွန်ချိန်၌ ဇနီးဒေါ်ခင်သန်းနှင့် သားသမီး (၇) ယောက်ကျန်ရစ်ခဲ့သည်။

## ဦးစိန်လှိုင်များသို့...

ငြိမ်းချမ်းမှုသည် လောကမြေပြင်မှ ပျောက်ကွယ် သွားချေပြီဟုကား မထင်ဝံ့။ ကိုယ်တစ်ဦးတစ်ယောက်တည်းထံမှ စွန့်ခွာသွားရက်ခြင်းဟုသာ ထင်မှတ် ကြေကွဲရသည်။ ဖြစ်ပျက်ခဲ့သမျှ အရာရာကို အကယ်စင်စစ်ဟု မတွေးမိ။ အိပ်မက်ဟူ၍ အောက်မေ့သည်။ အိပ်မက်တော့ အိပ်မက်၊ ကံဆိုးမ၏ အိပ်မက် မလှမပ။ အပြင်၌ ကေန်ကေ ကြုံတွေ့နေရသည့် အိပ်မက်သဖွယ် အကြောင်းတွေ။ ထိုအသိနှင့်အတူ ချမ်းမြေ့ခြင်း အလုံးစုံက ရင်မှာ ကွယ်ပျောက်ခဲ့ချေ၏။ အေးမြသော၊ ကြည်လင်သော၊ သန့်စင်သော နှလုံးသည်းပွတ်တွင် နာကျင်ထိခိုက်စ ပြုလာ၏။ ပူပြင်း လှုပ်ရှားလွန်းသည့် အာရုံတွေ တစ်စနှင့်တစ်စ ငြိမ်သက်လာသောအခါ ထိုင်းမှိုင်းစပြုလာ၏။ အမောဖြင့် ခုန်သည့်ရင်ကို သက်သာရာမရစေခဲ့။ မုန်တိုင်း ကျခဲ့ပြီးသည့်နောက် သစ်ရွက်၊ သစ်ခက်၊ သစ်ကိုင်း၊ ပင်စည်တွေ ပြန့်ပြန့် ကျဲသကဲ့သို့ပါတကားဟု စဉ်းစားမိသည်။ မျှော်လင့်ချက်တွေ၊ တမ်းတချက်တွေ၊ အားတင်းချက်တွေ အပိုင်းပိုင်း အစစအမြွှာမြွှာကြေ၍...။

# အခန်း(၃၆)

နားက ခေါင်းအုံးကို ဖိကပ်ထားသကဲ့သို့ ဖြစ်နေသည်။ တစ်ဖက်သောနားနှင့် ကြားရ၍ အားမရ။ စကားလုံးတွေ မကွဲပြား။ အမေ့အသံက စူးစူးသေးသေး။ ထို့အပြင် အမေက အသံကို တိုးတိုးအုပ်အုပ် မပြုတတ်။ အဖေ့အသံသည်မူ အသံအောင်အောင် အမျိုးအစား။ သို့သော် လေသံမျှလောက်နှင့် ပြောတတ်သည်။ တစ်ခွန်းနှင့် တစ်ခွန်းကြား ဆိုင်းဆိုင်းတွဲတွဲ ရှိချင် ရှိတတ်သည်။ ထိုအခါ အကြားရ နားထွေးလေသည်။ အမေတို့ရှိရာ အပြင်ခန်းနှင့် နစ်လံသုံးလံမျှသာ အကွာရှိသော်လည်း စကားတွေက မပီသ။ ထို့ကြောင့် ခေါင်းအုံးထက်တွင် လက်မောင်းကိုကွေး၍ တင်လိုက်သည်။ နားနစ်ဖက်စွင့်ထားခိုက် ဘာသံမျှမကြားရ။

အတန်ကြာမှ အဖေ့ချောင်းဟန့်သံကို တစ်ချက် ကြားရသည်။ တစ်စပ်တည်းပင် အကြမ်းကရားမှ လက်ဖက်ရည်ကျသံ ကြားရသည်။ ကရားကို မြှင့်ကိုင်ကာ ဖန်ခွက် ပလုံသံထအောင် ငှဲ့တတ်သူမှာ သည်အိမ်တွင် အဖေတစ်ယောက်သာ။ ကြမ်းပေါ် သို့ အကြမ်းကရားအိုးကို ပြင်းပြင်းချလိုက် ဟန်တူသည်။ အဖုံးနှင့်ကရားနှုတ်ခမ်းတို့ ထိကြွမြည်သံမှာ ဆတ်လှသည်။ ထိုစဉ် အမေ့လက်ထဲမှကွမ်းညှပ်၏ ခပ်ကြိတ်ကြိတ်စိတ်သံကို ရော၍ကြားနေ ရသည်။

"ငါတွက်ထားတဲ့အတိုင်းပဲ ဆိုပါတော့ကွာ... ဟုတ်လား"

အဖေ့မေးခွန်းမှာ မသိသဖြင့် မေးသော အမေးမျိုးမဟုတ်။ သူတွက်ဆသည့်အတိုင်း ဖြစ်လာကြောင်း ထပ်မံအတည်ပြုသံ ဖြစ်သည်။ အမေသည် တစ်စုံတစ်ရာ ပြန်မဖြေသေး။ ဘယ်အရာကို ချင့်နေသည် မသိနိုင်။ ပထမဦးဆုံးအခေါက်က အဖေ၊ အမေ၊ ဒေါ်အေးခင်၊ ဦးကံထွန်းတို့ သွားရောက် တွေ့ဆုံကြသည်။ ထိုအခေါက်တွင် အဖေသဘောပေါက်လာခဲ့သည်ဟု ပြန်ပြောပြသည်။ သည်နေ့ နေ့လည်က အမေနှင့်သူကိုယ်တိုင် သွားရောက် တွေ့ဆုံခဲ့သည်။ ဝင်းဇင်၏အမိအဖ၊ ဝင်းဇင်၏ အစ်မအကြီးဆုံးတို့နှင့် စကားပြောခဲ့ရသည်။ တတိယအခေါက် ဖြစ်သော်လည်း နောက်ဆုံးဟု သဘောပေါက်ပြီးသား ဖြစ်ခဲ့သည်။ နာရီဝက်သာသာ စကားဝိုင်း၏ အစလောက်ကတည်းက အခြေအနေအရပ်ရပ်ကို နားလည်ခဲ့ပေပြီ။ ကျဉ်းကျပ်ဖိစီး လွန်းသော အနာဒဏ်ရာသည် ထိုအိမ်၏ ဧည့်ခန်းထဲမှာပင် ရှိနေခဲ့သည်။

အိမ်သို့ပြန်ရောက်သောအခါ စက်ချုပ်နေရင်း လှမ်းကြည့်လိုက်သည့် အဖေ့မျက်လုံးကို ရှောင်ခဲ့သည်။ အမူအရာတွေ ဆွံ့လွန်းသည်ဟု ထင်မည်စိုး၍ ပင်ကိုယ်,တိုင်း ဖြစ်နေစေရန် မနည်း အားထုတ်ရချေ၏။ အဝတ်အစားလဲ၊ သတင်းစာကြည့်၊ ညစာချက်၊ ရေချိုး၊ ထမင်းစား။ ထို့နောက် ခရီးသွားထားရသဖြင့် ပင်ပန်းဟန်ဖြင့် အိပ်ခန်းထဲ ဝင်လှဲ။ ခေါင်းရင်းမီးလုံးကို မဖွင့်မဖြစ်။ မီးမထွန်းသော၊ အိပ်ချိန်မဟုတ်ဘဲ လဲလျောင်းသောသူတွင် အတွေးတွေ ထွေးလုံး ရစ်ပတ်နေမည်ဟု အမေတို့ ထင်လိမ့်မည်။ ထိုသို့ထင်မည် ကေန်စင်စစ် သိသော်ငြားလည်း အထင်မခံချင်။ ထို့ကြောင့် မီးထွန်းထားရသည်။ နီနီ့ထံမှ ငှားထားသော ဝတ္ထုစာအုပ်ကို ဖတ်နေလေဟန်ကိုင်ကာ စာရွက်လှန်သံ မြည်စေသည်။

"မောင်ဝင်းဇင်ဆီကို စာထည့်ထားတယ်လို့ ကောင်လေးအမေက ကျွန်မကိုပြောတယ်... ကောင်လေးက စင်ကာပူဆိပ်ကမ်းမှာ ရောက်နေတယ် ဆိုလားပဲ"

အဖေ့စကားက ချက်ချင်းကပ်၍ ထွက်လာသည်။

"ငါတို့ သွားကြတုန်းက ကောင်လေးဆီ စာထည့်မယ်... ခုကျတော့လည်း စာထည့်ထားတယ်၊ တစ်လခွဲ နှစ်လပဲရှိရှေ့မယ်။ ဝင်းဇင်ဆီက ကျွန်တော်နဲ့ မနင်းဖွေ ဟုတ်ပါတယ်ဆိုတဲ့ စာကိုရမှပဲ... သူတို့သားနဲ့ ငါတို့သမီး ရည်ငံတယ်ဆိုတာကို အသိအမှတ်ပြုမယ့် သဘောပေါ့... ကောင်းကွာ... ကောင်း... ကောင်း...။ ဝင်းဇင်ကကော ဒီအိမ်လိပ်စာ မသိဘူးတဲ့လား... သူတို့အိမ်ကို သမီးအလည်အပတ် ရောက်ဖူးတာ လေးငါးခြောက်ခါ မကတာ သူတို့ အမြင်ပဲ... ခုကျမှ ကျွန်မတို့သားမှာ မိန်းကလေး၊ ယောက်ျားလေး သူငယ်ချင်းတွေ များလွန်းလို့ မမှတ်မိဘူးဆိုတာကကော မလွန်လွန်းဘူးလား မမြနွယ်... မင်းစဉ်းစားကြည့်စမ်း... ဒီမှာ မွေးပြုပြီးမှပဲ အကြောင်းပြန်ကြပစေပေါ့ကွာ..."

စောစောကလို မပျော့ပျောင်းတော့သော လေသံ။ ထိုခဏမှာ အဖေရေခွေးသောက်သော အသံမှာ မာန်ပါနေသည်ဟု အောက်မေ့မိသည်။ ဖန်ခွက်နှင့်ကြမ်းတို့၏ ထိသံမှာ မညင်သာနိုင်။ အမေ စကားမပြန်။ ကွမ်းရွက်ယူသံ၊ ထုံးအစ်ဖွင့်သံ၊ စမုံစပါးပုလင်းဖွင့်သံတွေကို သဲ့သဲ့ကြားရ၏။

"သမီးအတွက် ကျွန်မရှက်လည်း ရှက်တယ်... နာလည်းနာတယ်... ဒီနေ့ဆို ပိုလို့ ခံပြင်းတယ်... ခုလိုဖြစ်ရတာ မအေ အသုံးမကျလို့ ဖြစ်ရတာလို့ ဝိုင်းပြီးတံတွေးထွေးကြပါစေ... ဘယ်လိုမျှော်မျှော် ခံရဲပါတယ်... ကျွန်မကြောင့် ရှင်ပါရော်ပြီး မျက်နှာမပြရဲရတဲ့အဖြစ်... ရှင့်ဝမ်းထဲဝင်ကြည့် လိုက်ချင်တယ်... အေးလေ..."

ကွမ်းငုံသံဖြင့် တစ်လုံးချင်း ပြောလေသည်။ စကားစက ပြတ်သွား၏။ စိတ်နှလုံး အရှုပ်ထွေးဆုံးအဆင့်တွင် နှုတ်အသွားပုံမျိုး အမေ့တွင်လည်း ဖြစ်တတ်လေပြီ ထင်၏။ ထိုအချိန်တွင် အဖေ့မျက်နှာသည် မည်သို့ရှိမည်မသိ။ စိတ်အနှောင့်အယှက် တွေ့ရသည့်အခါမျိုး၌ အဖေ့နှုတ်ခမ်းသည် တင်းတင်းစေ့စေ့ နေတတ်သည်။ ထိုအနေဖြင့် အဖေ နေနေဟန်တူ၏။ ခဏအကြာမှ 'ဟင်'ဟူသော လေးတွဲ့စွာ ငြင်းဆိုသံကိုကြားရ၏။

"မဆိုင်ပါဘူးမမြနွယ်... အိမ်တစ်အိမ်မှာ သားသမီး ပြဿနာပေးပြီဆိုရင် ဖအေနဲ့မအေ စကားများကြပြီ... မင်းကြောင့် ရှင့်ကြောင့် အပြစ်ကို ခါချပြီး သူများခေါင်းပေါ် တင်တာတွေ ဘာတွေဖြစ်ကုန်ရော... ငါ့သဘောကတော့ အဲသလို အပြစ်တင်နေတာထက် အတူတူ ဖြေရှင်းချင်တာပဲ... တကယ်လို့ သမီးခုလိုဖြစ်ရတဲ့ ကိစ္စဟာ ရှက်စရာကိစ္စလို့ ယူဆရင် မင်းရောငါ့မှာပါ အပြစ်မကင်းဘူး၊ ဒါပေမဲ့ ခုဟာကရှက်စရာလို့ ငါတော့မယူဆဘူး... မျက်နှာမပြရဲစရာ အဖြစ်လို့လည်း မထင်တော့ဘူး... သမီးက မကောင်းတဲ့ အလုပ်နဲ့ အသက်မွေးတာလည်း မဟုတ်ဘူး။ ပြီးတော့ ခုရလာတဲ့ ကိုယ်ဝန်ကလည်း သူတကာနဲ့ အလေလွင့်ပြီး ရတဲ့ဟာမဟုတ်ဘူး။ မောင်ဝင်းဇင် ခေါင်းရှောင်လို့ ဥစ္စာပဲ..."

ဝင်းဇင်ဟူသော သညာအမည်ကို တစ်ဖန်ကြားရတိုင်း စူးနစ်လှိုက်လှဲစွာ ခံစားရသည်။ သူ့အမည်သည် သူ့သဏ္ဌာန်ကို အာရုံတွင် အလုံးစုံ ထင်လာစေသည်ချည်း။ သုံးလပင် ကြာမြင့်ခဲ့သည်အထိ သူနှင့် ဝေးနေရပြီးဖြစ်သော်လည်း ဝေးချေပြီဟုမထင်မိ။ လမ်းစပျောက်

ပျောက်ကွယ်သွားပြီဟု ကြေကွဲစွာ သိမှတ်ထားခြင်းက တစ်ခါတစ်ရံ ဖျော့လျက်ရှိသည်။ ယုံကြည်စိတ်က အမှန်တစ်ကယ် ကြုံတွေ့နေရသည့် အခြေအနေတွေကို ဖြိုချနေ၏။ သို့သော် မပြိုတစ်စ ပြိုတစ်စ။ တမ်းတခြင်းသည် ကြွင်းကျန်ခြင်းကြီးစွာဖြင့် ရင်၌ အဆောက်အဦတည်၍ လာ၏။

"မလိုတော့ဘူးမမြနွယ်... ပထဆုံး မင်းတို့သွားတယ်၊ ဒုတိယအခေါက် ငါပါ့ပါတယ်... ခုတစ်ခေါက် မင်းတို့သားအမိ သွားတယ်... ဝင်းဇင်မိဘက ဝေ့လည်လည် လုပ်ပစ်တယ်... မိန်းကလေးဘက်က သုံးကြိမ်သုံးခါ ပြောတာကိုတောင် တယ်ပြီး ဂရုမစိုက်တာ... နောက်တစ်ခါ သွားပြောရင် နောက်တစ်ခါ ခံပြင်းရရုံအပြင် ဘာမှမထူးပါဘူးကွာ"

အဖေ့လေသံမှာ ဆတ်လှ၏။ အမေ့စကားကို ဆက်ပြီးမကြားရ။ အတွေးတွေများစွာထဲတွင် မျောနေဟန်တူသည်။ ခဏအကြာတွင် ထွေးခံယူသံ၊ ကွမ်းတံတွေး ထွေးသံကြားရသည်။ အကြမ်းကရားအဖုံး ဖွင့်သံကြားရသည်။ လက်ဖက်ရည်ကြမ်း ကုန်ဟန်တူသည်။

"လက်ဖက်ခြောက်ဘူး ကမ်းလိုက်စမ်းပါကွာ"

ဟူသော အဖေ့အသံကို ကြားရ၏။ ဝါးထရံနှင့်ဗီရိုထောင့်ရှိ သံဗူးကိုလှမ်းယူသံ၊ ကွမ်းညှပ်ဟသံ၊ ကွမ်းညှပ်အနောင့်ဖြင့် အဖုံးဖွင့်သံတွေကို ကြားရ၏။ မရှေးမနှောင်းတွင် ဓာတ်ဘူးအဖုံးဖွင့်သံ၊ ဖော့ဆို့ဖွင့်သံ၊ ရေနွေးငှဲ့သံတွေက နားထဲသို့ဝင်လာ၏။ လက်ဖက်ခြောက်ဗူးနှင့်ဓာတ်ဘူးတို့ကို နေရာတကျ ပြန်ထားသံနှင့် အဖေ့ချောင်းဟန့်သံကို တစ်ဆက်တည်းကြားရ၏။ အဖေတစ်ခုခု ပြောတော့မည်ထင်သည်။ ဖန်ခွက်ထဲသို့ အကြမ်းငှဲ့လိုက်၊ ကရားထဲသို့ ပြန်ထည့်လိုက်နှင့် အကျမြန်အောင် ပြုလုပ်နေသည်။

"ဒါဖြင့် ကျွန်မတို့ ဘယ်လိုစီစဉ်မလဲ ကိုစိန်လှိုင်..."

"ဘာကိုပြောတာလဲ"

အမေ ချက်ခြင်းမဖြေ။ နှုတ်လေးနေသည်ဟု မှန်းရသည်။ အဖေက နားလည်ဟန်တူ၏။ အမေပြောမည့်စကားကို လမ်းကြောင်းပေးသည်။

"ကိုယ်ဝန်ကိစ္စလား.."

နှုတ်ဖြင့်မဖြေ၊ ခေါင်းညိတ်ဖြေသည်ဟု တွက်ရ၏။ ခေါင်းညိတ်၍သာ ဖြေရသူ အမေ၏ ရင်ထဲတွင် နာကျင်နေပေလိမ့်မည်။ အားတုံ့အားနာ ဖြစ်နေပေလိမ့်မည်။

"ဘာကိုစီစဉ်စရာလိုသလဲ... မွေးရမှာပေါ့"

"ရှင်..."

အံ့ဩထိတ်လန့်စွာ အသံပြုလေသည်။

"အေးလေ... မွေးရမယ်လေကွာ... မင်းသဘောက ဖျက်ချပစ်ချင်လို့လား..."

အမေ့စကားပြန်သံ မကြားရ။ တွေနေလေသလား၊ ငိုင်နေလေသလား။ အဖေ့ကို အံ့အားသင့်လွန်းစွာ ငေးမောကြည့်နေလေလား မပြောတတ်။

"ဖအေမပေါ်ဘဲ မွေးရတယ်ဆို......"

"ဪ.. မမြနွယ်... ဖအေမပေါ်တာမှ မဟုတ်တာ၊ ဒီကလေးဖအေက ဝင်းဇင်၊ ဝင်းဇင်က ဖအေနေရာမှာ နေဖို့ တာဝန်မဲ့လို့ ဒီကလေး ဖအေမဲ့ရတာကွ...၊ ဖအေမပေါ်တာ မဟုတ်ဘူးလို့ ငါဘယ်နှစ်ခါ ပြောရမလဲမမြနွယ်ရယ်... ဒါ ဘာဖြစ်လဲ... မွေးရမယ်..."

အမေ့သက်ပြင်းရှည်ချသံ သဲ့သဲ့ကြားရ၏။

"ရှင် ကျွန်မကိုရွဲ့နေတာ မဟုတ်ပါဘူးနော်... ကိုစိန်လှိုင်..."

စိုးရိမ်မကင်းသည့် လေယူလေသိမ်းကို သတိထားမိသည်။ အမေ့မျက်လုံးအစုံသည် အဖေ့မျက်နှာဆီကို စူးစူးစိုက်စိုက် ရောက်နေလိမ့်မည်။ ပြဿနာ စတင်ကတည်းက အမေသည် သူနည်းတူ ဆောက်တည်ရာ မရခဲ့။ အမေ့တွင် တစ်ခုပိုသည်။ အမိအုပ်ထိန်းခြင်း ညံ့ဖျင်းခြင်းကြောင့် ထိုအဖြစ်မျိုးနှင့် ကြုံရသည်ဟု အဖေကေန် တွက်ချေမည်။ ဖွင့်မပြောခြင်းသာ ရှိမည်။ ဖခင်တစ်ယောက်၏ အရှက်မှာ မိခင်လုပ်သူ၌ တာဝန်အရှိဆုံးဟု အမေကညည်းရင်း ပြောသည်။ မြွေပူရာကင်းမမှောင့်လိုတော့သဖြင့် အပြစ်မတင်ချင်ဟု အမေနားလည်လျက်ရှိ၏။ အပြစ်တင်စကား ပြောလိုလျှင်လည်း ပြော၊ အပြစ်ပေးလိုကလည်း ကြိုက်သလိုအပြစ်ပေး၊ ကျေနပ်စွာခံယူဝံ့ပါသည်ဟု အမေပြောခဲ့ဖူးသည်။ သို့သော် အဖေအပြစ်တင်စကား တစ်ခွန်းမှ မဟ။ သည်နေ့တွင် ပြဿနာအထွတ်အထိပ် ရောက်ခဲ့ပေပြီ။ မိသားစုတစ်ခုလုံး မည်သို့မည်ပုံ ရပ်တည်ရမည်ဟူသော အဖြေကိုလည်း အထင်အရှား တွေ့လိုက်ပေပြီ။ အဖေ့သဘောကိုလည်း သိလိုက်ကြသည်။ ဤတွင် အဖေ့အနေအထားကို အမေ့မှာမယုံနိုင်အောင် ဖြစ်လာဟန်တူ၏။ အမေ တစ်ယောက်တည်း မဟုတ်။ သူလည်း အမေ့နည်းတူ။

"မင်းနယ်ကွာ... တွေးမှ တွေးတတ်ပလေ... ငါကမင်းကို ဘာလို့ရွဲ့ရမှာလဲ။ မင်းနဲ့ငါ အိမ်ထောင်သက် အနှစ်အစိတ်ကျော်ပြီမမြနွယ်... မင်းခုထိ ငါ့ကိုနားမလည်တာ အံ့ရော... ဒီမယ်..."

အသံ ခဏပြတ်သွားသည်။ ချက်ချင်းဆိုသလိုပင်...

"မင်းနဲ့အကြောင်းမပါခင်ကတည်းက ငါစက်ချုပ်လာတာ.. မင်းလည်း ကြယ်သီးတံ့ တပ်လာတာ... တစ်ခါတစ်လေ လက်ကို အပ်စူးမိကြတာပဲ မဟုတ်လားကွာ... ဒီလိုပဲ... ခုကိစ္စလည်း ဒီလိုသဘောထားလိုက်ပါ... မမြနွယ်ရာ... မဟုတ်ဘူးလား... အရေးကြီးတာက သမီးရဲ့ ကျန်းမာရေးကို တို့ဂရုစိုက်ဖို့ပဲ.."

ရင်ထဲတွင် ကျည်သွားလေ၏။ အပ်စူးသကဲ့သို့ပါကလားဟု ပြန်ပြောင်းနားလည်လိုက်သည်။ နှုတ်ပယ်မရအပ်သော စူးခြင်းမျိုးဖြင့်စူးနေသည် ကိုကား အဖေတို့ သိချင်မှသိချေမည်။

*****

မိုးပုဆိန်သံ ပြင်းထန်လွန်း၍ ထင်၏။ နားတွင် တဖြည်းဖြည်း ပီသလာ၏။ မျက်လုံးက မှေးမှေးပွင့်လာသည်။ အိပ်ခန်းအပြင်နံရံမှာ တပ်ထားသော မီးလုံးငယ်၏ အလင်းရောင်ကို မှိန်မှိန်မြင်ရသည်။ အဖေ့ဟောက်သံကို ကြားရ၏။ အမေကမူ ဟောက်လေ့မရှိ။ တစ်ခါတစ်ရံ ကိုယ်လက်ကိုက်ခဲ၍ ယောင်ယမ်း ညည်းညူတတ်သည်။ စုတ်သပ်တတ်သည်။ ယခုသော် ဘာသံမျှမကြားရ။ အဖေနည်းတူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသလော။ အိပ်မရ စေနိုင်သည့် အတွေးများထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသလော မပြောတတ်။ အချိန် မည်၍မည်မျှရှိပြီ မမှန်းဆနိုင်။ နာရီပြန် တစ်ချက်နှစ်ချက်တော့ ရှိလောက်ပြီထင်သည်။ ပွင့်လာသော မျက်လုံးတို့တွင် မဖန်မတွတ်။ ပြန်လည်အိပ်ရန် အာသာမရှိ။ ဦးနှောက် ကြည်လင်နေသည်ကို

သိလိုက်သည်။ ခါတိုင်းနေ့တွေဆိုလျှင် ခေါင်းထဲတွင် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသည်ကများ၏။ ရင်ထဲတွင် အီလည်လည်နှင့်၊ ရင်ပြည့်နေသည်သို့ ခံစားရသည်။ မနေ့က တစ်နေ့ကနှင့်စာလျှင် သည်နေ့တွင် ပို၍ ကြည်ကြည်စင်စင်။

ခန္ဓာကိုယ်တွင် သက်သောင့်သက်သာ ဖြစ်လာသည့်အတွက် အားရမိ၏။ အိမ်အလုပ်တွေကို စိတ်မပါ့တပါ လုပ်ခဲ့ရသည်တို့မှာ မနိုင်ဝန်ကဲ့သို့ ကြီးမားလှချေ၏။ အိပ်ရာထဲတွင် လဲ့နေချင်သည်။ အတွေးမှန်သမျှထဲတွင် အစဉ် လွှမ်းမိုးလျက်ရှိသော သူ့အကြောင်းကို ပြီးဆုံးခြင်းကင်းမဲ့စွာ စဉ်းစား၍သာ နေချင်သည်။ ဒဏ္ဍာရီသဖွယ် ဖြစ်လာသော ကိုယ့်ဘဝအကြောင်းကို အဆုံးမဲ့စွာ အံ့သြ ကြေကွဲနေချင်သည်။ သို့သော် ကိုယ့်ကို အပြစ် တစ်မြူမျှပင် မတင်ရှာသော အဖေနှင့်အမေတို့အား တစ်ခုခုဖြင့် ပြန်လည်ပေးအပ်မည်ဟု သိသည်။ စိတ်ပျက်ခြင်း၊ အားလျော့ခြင်းတို့ သမီး၌ မငြိကပ်စေလိုသော မိဘကို နားလည်မည်ဟုသူသိသည်။ ရင်ထဲမှ အစစ်အမှန်တွေကို ထိုအသိဖြင့် ဖုံးခဲ့ကာခဲ့ရသည်။ ဟန်ဆောင်ခြင်းအလုပ်မှာ မကောင်းတော့ မကောင်းဟု ထင်သည်။ သို့ရာတွင် အဖေနှင့် အမေတို့ စိတ်ချမ်းသာစေနိုင်မည့်အတွက် ဟန်ဆောင်ရခြင်းသည်ကား သင့်လျော်သောအလုပ်ဟု ယူဆခဲ့သည်။

မလှုပ်ရှားချင်သော်လည်း စိတ်တင်းပြီး ပြုမြဲ အိမ်အလုပ်တွေ ဝင်လုပ်သည်။ မစားလိုသော်လည်း မျက်စိမှိတ်ပြီး စားရသည်။ စားရင်း ပျို့တက်သည်။ ကြိတ်မှိတ်ပြီး မျိုချသည်။ ခန္ဓာတစ်ဝှမ်းလုံးတွင် အခြေအနေတွေ ပြောင်းနေပြီဟု သဘောပေါက်သည်။ ခြေတို့သည် စုံရပ်၍သာ နေလို၏။ လက်တို့သည် မလှုပ်မယှက်ဖြင့်သာ နေလို၏။ နှုတ်ခမ်းနှင့်တကွသော လျှာသွားတို့သည် ငြိမ်သက်လျက်သာ နေလိုသည်။ ဝမ်းနည်းလှိုက်လှဲခြင်းတို့ ဖိစီးလာသော အခါများတွင် နလုံးအိမ်ကိုပါ ခပ်မဆိတ် နေလိုက်စေချင်သည်။ သူ့ကို တမ်းတသတိရစိတ်ကိုကား ထာဝရ ရှင်သန်နေစေချင်၏။

ဆန်ရွေးနေစဉ် သူ့မျက်နှာကိုမြင်သည်။ ပန်းကန်တွေဆေးနေစဉ် သူ့အသံကိုကြားသည်။ ကြယ်သီးတံကူတပ်နေစဉ် သူ့စကားတွေက အပ်ချည်တစ်လျှောက် စီကာစဉ်ကာ စီးလာ၏။ အလင်းရောင်ပြန်၍ လဲ့လဲ့လက်သော အပ်ဖျားတွင် သူ့မျက်လုံးအစုံက ထင်လာသည်။ စက်ချုပ်သံတွေကြားတွင် သူ့ကားသံကို ယောင်မှား၍ ကြားရသည်။ တွေးမြော်ခြင်းဖြင့် စိတ်သက်သာရာ ရမှန်းမသိ ရလာသည်။ ထို့ပြင် သည်နည်းဖြင့် ဖြတ်သန်းရသောကာလ၏ ပမာဏကို အမှတ်သညာ ကင်းစေသည်ဟုလည်း ထင်မိ၏။ ခံစားသိမှတ်မှု အလျားဆန့်မှန်း သိသိဆန့်နေသည်ကို တစ်ဖန် သိရသည်နှင့်စာလျှင် မသိမှတ်စွာနေရခြင်းက ကောင်းလိမ့်မည်။ ငရဲကြီးရှစ်ထပ်၏ အခြားမဲ့၌ အထူးတလည် တည်ရှိသည့် အချစ်ငရဲ၌ သစ်ငုတ်သဖွယ် ဖြစ်နေရခြင်းက ဝေဒနာတစ်မျိုးတစ်မည် ပေါ့ပေလိမ့်မည်။ မချစ်မဟာငရဲ၌ ငရဲသစ်ငုတ်ပေတကား။

သပိတ်လွယ်ငှက်၏ မိုးဖွဲ့တေးကို သဲ့သဲ့ကြားလေသည်။

*****

စင်ကြယ်လှပစွာသော နံနက်ခင်းဟု ခံစားရသည်။

မျက်နှာသုတ်ပဝါကို ပခုံးတွင်တင်လိုက်ရင်း မျက်လုံး ဝေ့လိုက်သည်။ စိမ်းလန်းသော ခြံကြီးအတွင်း၌ မြေငွေ့ပြာပြာက ပါးလျားစွာ ဆိုင်း၍ နေသည်။ သစ်ရွက်၊ သစ်ခက်တွေအားလုံးက ရွှေ့ရွှေ့မျှမခတ်။ စိုပြည်သောအစိမ်းဖြင့် အတင့်အတယ်ရှိကြသော ဝါးရွက်တွေ၊ သပြေရွက်တွေ၊ ပိန္နဲရွက်တွေ ဝေဝေဆာဆာ။ ဆောင်တော်ကူးအနွယ်တွေက ပန်းအိချုံပေါ်မှတစ်ဆင့် သက်ရင်းကြီးပင်ပေါ်သို့ တက်နေသည်။ ညှို့ဖျားတွေက လှုပ်လာ၏။ အနောက်တောင်လေပြေက တစ်ချက်နှစ်ချက် ဆင်းသက်လာ၏။ သက်ရင်းကြီးရွက်အိုတစ်ချို့ ကြွေကျလာသည်။ ပန်းရောင်ရင့်ရင့် စာရွက်တစ်ရွက် လွင့်လာသည်သို့ မြင်ရ၏။ စိတ်ကသစ်ရွက်လို လွင့်ချင်ချင် ဖြစ်လာသည်ကို ချက်ချင်း သတိပြုမိလိုက်၏။ မျက်လုံးကို လွှဲပစ်လိုက်သည်။ ခြံအနောက်ဘက် လမ်းဆီမှ လူရိပ်ကိုမြင်သည်။ ပဲပြုတ်သည်၏ ဈေးခေါ်သံကို ကြားရသည်။ ခုနစ်လ၊ ရှစ်လ ကိုယ်ဝန်နှင့်။ တစ်ဝမ်းတစ်ခါးအတွက် ထိုအချိန်တိုင်သည်အထိ လှုပ်ရှားသွားလာ ရပါသေးကလားဟု အောက်မေ့၏။ ကြခတ်ဝါးနှင့် ပီလောပီနံပင်တွေ၊ ချုံနွယ်တွေကြားမှာ မြင်နေရသော ပဲပြုတ်သည်ကို အဝေးသို့ရောက်သည်အထိ ငေးကြည့်မိသည်။ ကြည့်နေဆဲ အမြင်ထဲတွင် ခြံနားသို့ ကပ်လာသော လူရိပ်တစ်ရိပ် ထပ်တွေ့သည်။ မျက်လုံးကိုရွှေ့လိုက်သည်။ ထိုစဉ် လေသံခပ်အုပ်အုပ်ဖြင့် 'ရှူး' ခနဲမြည်ကာ နှစ်ချက်သုံးချက်အသံပြုသံ ကြားလိုက်ရသည်။ တရုတ်စံကားပင်နှင့် ဥနဲပင်ကြားမှမျက်နှာကို လင်းလင်းချင်းချင်း မြင်ရ၏။ ပြုံး၍ ကြည့်နေသော နီနီ။

ပြန်လည်ပြုံးလိုက်ရင်း ရေကပြင်ထက်မှ ဆင်းလိုက်သည်။ ခုံဖိနပ်စီးပြီး ကိုယ်ကို လှည့်သည်။ သွက်သွက်လှမ်း၍ သွားသည်တွင် ခုံဖိနပ်သံက ကပ်လျက်ပါလာ၏။ စည်းရိုးပင်တွေ အနီးသို့ ရောက်ခါနီးမှ-

"ဒီနေ့ ဈေးသွားတာ စောတယ်နော်..."

နီနီခေါင်းညိတ်ပြသည်။ ဈေးခြင်းတောင်းချိတ်ထားသော လက်ဖြင့် ဥနဲကိုင်းကို အသာဖယ်ကာ ရှေ့တိုးရင်း-

"ဒီနေ့ ဟိုသွားရမယ်လေ... ဝင်ခွင့်ပုံစံတွေ သွားယူဖို့... စောစောချက်ပြီး စောစော ရောက်အောင်လို့..."

နီနီက တက္ကသိုလ်ဝင်ခွင့်ပုံစံတွေ ယနေ့သွားယူရမယ့်ကိစ္စကို ပြောသည်။ အုပ်ချုပ်ရေးရုံးကို သွားရမယ့်အကြောင်းကို ပြောခြင်းဟု နားလည်သည်။ သည်နှစ် နီနီစာမေးပွဲအောင်သည်။ အတူတူဖြေခဲ့သူချင်း နီနီက နှစ်ချင်းပေါက် အောင်ခဲ့သည်။ ကိုယ်က ကျကျန်ခဲ့သည့်အတွက် ဝမ်းနည်းရမည့်ကိုပင် မေ့ခဲ့သည်။ အောင်စာရင်းထွက်သည့် အချိန်က ရင်သွေးတစ်လ၊ ရင်သွေးကို အကြောင်းပြုပြီး စိုးရိမ်ခဲ့ရသည်မှအစ စိတ်နှလုံး နောက်ကျိဖွယ်တွေ များစွာကြုံခဲ့သည်။ စာမေးပွဲကျသည်ဟူသော အသိသည် သိသည့်တစ်ခဏသာ ကြာခဲ့သည်။ အမိအဖတွင် လည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ်တွင် လည်းကောင်း သိက္ခာမဲ့စွန်း စွန်းထင်းလေတော့မည်လားဟု ကြောင့်ကြနေရချိန်။ အမေဖြစ်သူကိုပင် နှုတ်မဟာရဲသော အခြေအနေ။ မိန်းကလေး တစ်ယောက်ဘဝတွင် တွေးမကြည့်ဝံ့သည့်အဖြစ်။

"မနေ့ကတည်းက နီနီလာမလို့.."

မျက်တောင်တစ်ချက် ခတ်ကာ ပြုံးပြလိုက်သည်။ မနေ့က သူတို့အိမ်သို့ အမေနှင့်အတူ သွားခဲ့သည်။ ပြောစရာစကားတွေ ပြောခဲ့သည်။ ထိုအကြောင်းကို ရည်ရွယ်၍ နီနီမေးခြင်းဟု သူသဘောပေါက်သည်။ ထိုသဘောဖြင့် ခေါင်းညိတ်ပြလေသည်။ ပြောမည်အပြုတွင်...

"ဘယ်လိုတဲ့လဲ..."

"ဒီလိုပါပဲကွယ်..."

"ဟင်... မနင်းဖွေ့စကားကလည်း..."

နီနီက ပင့်ထားသောမျက်ခုံးနှင့် ဖြစ်နေလေသည်။ ဖြူဖြူပြည့်ပြည့် မျက်နှာမှာ အိုလျက်သားနှင့် ရှိလေသည်။ သူက ရှေ့သို့တိုးနိုင်သမျှတိုးရင်း ဝါးခက်ကိုဆွဲဖယ်ကာ...

"ဟုတ်တယ်နီနီ... ကိုယ်တစ်ကယ်ပြောတာ... ကိုဝင်းဇင်ဆီကို သူတို့စာရေးတယ်တဲ့.. ခုထိဟိုက ဘာစာမှမလာဘူးတဲ့... ကာယကံရှင်ဆီက ဘာမှအကြောင်းပြန်ချက် မရသေးတော့ သူတို့အနေနဲ့ ဘယ်လိုစီစဉ်ရမှန်း မပြောတတ်တော့ဘူးတဲ့... ဒီတော့ အမေက ဝင်ပြောတယ်... ဒီလိုဆို..."

"ကိုဝင်းဇင် အမေနဲ့ တွေ့တာလား.."

နီနီက သူ့စကားကိုဖြတ်ကာမေးသည်။ သူ ခေါင်းညိတ်ပြီး စကားကို ပြန်ဆက်သည်။

"အမေက အဲသည်လိုဆိုလည်း နှစ်ဖက်လူကြီးအနေနဲ့ ကလေးတွေ လက်ထပ်ပေးတာမျိုး ပြုလုပ်ရင်ကောလို့ မေးလိုက်တယ်။ ကိုဝင်းဇင်အမေက မျက်လုံးပြူးသွားတယ်... ဒါဆိုရင် ခုချက်ချင်း အဖြေမပေးပါရစေနဲ့ဦးတဲ့... ဖအေဖြစ်တဲ့သူနဲ့ တိုင်ပင်ပါရစေဦးတဲ့... ဒါပဲလေ..."

သူ့မျက်လုံးအစုံကို စိုက်၍ကြည့်နေသော နီနီနဖူးမှာ တွန့်လာ၏။

"ဒေါ်လေးတို့သဘောက သတို့သားမပါတဲ့ လက်ထပ်ပွဲဆိုပါတော့..."

"အင်း... ဒီသဘောဆိုပါတော့.."

"ကိုဝင်းဇင် အဖေကကော ဘာတဲ့လဲ..."

"ပထမဆုံးတစ်ခေါက်က ကိုဝင်းဇင်အဖေနဲ့ တွေ့ကြတယ်လေ... အဲဒီတုန်းက ကိုယ်မှ ပါမသွားတာ...။ အမှန်အတိုင်း ဖြစ်ရပါစေ့မယ်လို့ ပြောလိုက်တယ်ဆိုတာပဲ... မနေ့ကအခေါက်နဲ့ ဒုတိယအခေါက် မှာတုန်းက ကိုယ်လိုက်သွားခဲ့တယ်... သူ့အဖေနဲ့ မတွေ့ခဲ့ရပါဘူး..."

"ဒါဖြင့် ဘယ်တော့လောက် အကြောင်းပြန်မတဲ့လဲ..."

စိတ်ပျက်စွာ ပြုံးလိုက်သည်ဟု နီနီတွေးမိပေလိမ့်မည်။ သူ့နှုတ်ခမ်းကို စေ့ထားသည်။ ဖြေရမည်ကိုပင် စိတ်မပါဟန်။ အတန်ကြာမှ...

"သုံးလေးရက်အတွင်း အကြောင်းပြန်မယ်တဲ့..."

နီနီ၏ ဖြူဝင်းသောမျက်နှာ နီထွေးထွေး ဖြစ်သွားသည်။ မနှစ်မြို့သော မျက်လုံးကို သူသတိပြုမိသည်။ ညီအစ်မတစ်ဝမ်းကွဲ သွေးသားတစ်ဦး၏ အရေးအတွက် နာကျည်းခြင်းတွင် မိန်းကလေးချင်း စာနာခြင်းကပါ ပါဝင်နေသည်ဟု သူယူဆသည်။

"ပေါ့တီးပေါ့ဆကြီးနဲ့ မနင်းဖွေးရယ်"

စိတ်ထဲမှ မဲ့လိုက်သည်ကိုပင် နီနီ မြင်လိုက်မည်မထင်။ ဖြေစရာစကားမရှိ။ တစ်သဘောတည်း ခံစားခဲ့ရပြီးဖြစ်၍ ငြိမ်နေလိုက်သည်။

"သူတို့မှာလည်း သမီးရှိတာပဲ... သမီးချင်း စာနာဖို့တော့ ကောင်းပါတယ်... ကြီးကြီးဒေါ်အေးခင်ကတော့ သူတို့ကို တော်တော်အသည်းနာ နေတယ်... မနေ့ကတောင် ဒီအကြောင်းတွေ ပြောနေသေးတယ်... သူလိုက်လာတုန်းက ဟိုအိမ်အကြောင်းပေါ့... ခပ်စီးစီး ဆက်ဆံလွှတ်တာကအစ... ခုလည်းကြည့်လေ... ကိုယ့်သားကို သားမဟုတ်သလို ကာယကံရှင်တဲ့... ဘာမှမဆိုင် ဘာမှတာဝန်မယူချင်တဲ့ လေသံမျိုးနဲ့... မနင်းဖွေးရယ်... နီနီ့သဘောကတော့ ကိုဝင်းဇင်ကိုယ်တိုင်ကိုက အပတ်မပတ်တာလို့ ထင်တာပဲ..."

ဒေါသသံက စကားလုံးတိုင်းက စေးကပ်နေသည်။ သူက ဘာမျှပြန်မပြော။ နီနီက ဆက်၍ပြောသည်။

"မျက်နှာလွှဲခဲပစ် စကားတွေပါ... ကိုဝင်းဇင်ကိုယ်တိုင် မနင်းဖွေးမှာ ပြဿနာရှိနေပြီဆိုတာ သိရက်နဲ့ လူကြုံမမှာ၊ စာတစ်ကြောင်းမရေးဘဲ လမ်းစပျောက်လုပ်သွားတာ နီနီပိုပြီးခံပြင်းတယ်... သိလား..."

ဘေးလူ၌ ထိုမျှဖြစ်စေသည့် အကြောင်းအရာတွေကို ချစ်သူက ဖန်တီးခဲ့ပါတကားဟု နင့်ရသည်။ သို့တစ်စေ မနာကြည်းရက်။ ယခုတိုင် အပြစ်တွေးမျိုးမတွေးမိခဲ့။

"သူ့မှာ အကြောင်းတစ်ခုခုလို့ ရှိလို့နေမှာပါ နီနီရယ်... မဟုတ်ဘူးလား..."

နီနီက ခေါင်းကို အသာအယာခါပြသည်။ အသံစူးစူးဖြင့် တိုးတိုးပြောသည်။

"မနေ့ကနေ့လယ် ဗိုလ်ချုပ်ဈေးမှာ စိုးလင်းဇော်နဲ့တွေ့လို့ ကိုဝင်းဇင်သတင်း နီနီ မေးလိုက်သေးတယ်... သူ့ဆီလည်း စာမလာဘူးတဲ့၊ မနင်းဖွေးကို မေးပါတယ်... တစ်နေ့နေ့လောက် သူလာပါဦးမယ်ဆိုတဲ့ စကားလည်း ပါးလိုက်တယ်... နီနီက ဒီကအခြေအနေတွေ ပြောလိုက်တယ်.. သူသိပြီးသားပါတဲ့.. ဟုတ်လား... သူသိပြီးသားလား.."

"ကိုဝင်းဇင် ညီမ ပြောပြလို့နေမှာပေါ့.."

"ကိုဝင်းဇင်ကို သူဒေါသဖြစ်တယ်လို့ တစ်ခွန်းပြောတယ်... နီနီက ဘာဖြစ်လို့လဲလို့ မေးမလို့လုပ်တုန်း သူ့သူငယ်ချင်းတွေ ရောက်လာလို့ စကားပြတ်ပြီး နှုတ်ဆက်သွားတာနဲ့ မမေးလိုက်ရဘူး... သူ့စကားက တစ်မျိုးကြီးပဲ... အဲဒါလည်း မနေ့ညက လာပြောမလို့... မနင်းဖွေးတို့သွားတဲ့ကိစ္စ... အခြေအနေလည်းသိချင်လို့ လာမေးရင်းနဲ့ စိုးလင်းဇော်ရဲ့စကားကို သိပ်သိချင်တာပဲ..."

ကြီးကျယ်လှသော အံ့ဩမှုတွေကြားမှ အသစ်တစ်ခု၊ နီနီနည်းတူ သိလိုစိတ်က ရန်းကြွလာ၏။ ဘာအဓိပ္ပာယ်ပါလိမ့်။ စိုးလင်းဇော်က သူ့ကို အဘယ်အကြောင်းကြောင့် ဒေါသဖြစ်ရပါလိမ့်။ ယခုထိ ကွဲပြားစွာ မယူမှတ်ဝံ့သောအကြောင်းနှင့် ပတ်သက်နေမည် ထင်သည်။ နိုင်ငံခြားသင်္ဘောနှင့် ထလိုက်သွားရမည်ဟု သတင်းကြားရုံမှအပ မောင့်အပြုအမူအားလုံးမှာ နည်းနည်းတော့ သံသယဖြစ်ဖွယ်။ ချက်ချင်း အမှုမထမ်း၍မဖြစ်။ ချက်ချင်းပင် လိုက်ပါသွားခြင်း

သက်သက်လော။ ပြဿနာကို ရှောင်ရှားသည့် သဘောဖြင့်လော။ စောကြောရန် ခက်ခဲလှသည်။ မောင့်ကတိစကားတွေက ထိုသံသယတွေကို တစ်ဖက်တစ်လမ်းမှ ဖုံးဖြိုနေသည်။ စကားတစ်စွန်းတစ်စ ပါးသင့်ပါလျက် ရေတွင်လျှိုးသော ငါးပမာ ပျောက်ကွယ်သွားခြင်းကို တစ်ဖန်နားမလည်။

"တော်တော်ဆန်းတာပဲ နီနီရယ်... နော်... အေးကွယ် သိလိုက်ရရင် ကောင်းမှာပဲ... ဘာအကြောင်းလဲဆိုတာ..."

နီနီတွေ၍ နေသည်။ ခေါင်းကိုငဲ့ကာ အိမ်ဘက်သို့ မျက်လုံးရွှေ့လိုက်၏။ တစ်စုံတစ်ရာ စဉ်းစားနေဟန် ရှိလေသည်။

"သူပြောလိုက်တယ်လေ... မနင်းဖွေးဆီ ရောက်တော့ ရောက်လာမှာပါ... သူ့အိမ်ကို သိရင်လည်း အကောင်းသား.."

"သွားမေးဖို့လား..."

"အင်း.."

မနင်းဖွေးက ပြုံးလိုက်သည်။ မည်သို့ အသိရှိသွားသည် မပြောတတ်။ နီနီက မေး၏။

"ဘာဖြစ်လို့လဲ..."

"ဩော်...ယောကျ်ားလေးတစ်ယောက် အိမ်ကို မိန်းကလေး သွားရတဲ့အလုပ် မဟုတ်လား..."

နီနီ သဘောပေါက်သွားဟန်တူလေသည်။ ခပ်တိုးတိုးရယ်၏။

"ဟုတ်တယ်နော်... စကားပမာသာ ပြောရတာပါ... ပြီးတော့ စိုးလင်းဇော်နဲ့က သိပ်ရင်းနီးတာလည်း မဟုတ်ဘဲလေ.... ကိုဝင်းဇင်နဲ့ ပတ်သက်ပြီးမှ သိရတာ... မျက်မှန်းတန်းမိရုံ... စကားပြောဖူးရုံနဲ့ သူ့အိမ်မေးရမှာတို့... သူ့အိမ်ကို သွားရမှာတို့ဆိုတာက... ဟုတ်တယ်"

မနင်းဖွေးက အသံထွက်အောင် ရယ်လိုက်သည်။ ပြီးမှ...

"ဆွေပြမျိုးပြခေါ်တယ်ထင်ပြီး ချစ်သူအိမ်ကို လိုက်ခဲ့ရပေတယ်လို့ ထင်သလိုမဟုတ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို သင်ခန်းစာယူနော်... ဟုတ်လား... နီနီ"

စကားအဆုံးတွင် မနင်းဖွေးက ရယ်ပစ်လိုက်သည်။ သပိတ်လွယ်ငှက်၏ တေးသံကို ကြားရပြန်၏။

*****

## အခန်း(၃၅)

ဈေးပရိုဂျက်နှင့် တစ်လှမ်းပြီးတစ်လှမ်း ဝေးလာသည်။ အနံ့စုံပြွမ်းသော အရပ်နှင့် ကွာလာသည်။ အသက်ရှူ၍ အားပါးတရရှိလာသည်။ ခြေကိုဖြည်းလိုက်၏။ ဈေးနံ့ကသာ စိတ်ကို နှောက်ယှက်ခဲ့သည် မဟုတ်။ ဈေးမျက်လုံးတွေ၊ ဈေးနှုတ်ခမ်းတွေကပါ စိတ်ကိုအနေ ခက်စေခဲ့သည်။ ဝယ်သူကို ကြည့်မြဲတိုင်း ကြည့်ကြခြင်း ဖြစ်နိုင်သည်။ ဈေးသည်ချင်း ပြောမြဲစကား

ပြောကြခြင်းဖြင့်လည်း ဖြစ်နိုင်သည်။ ကိုယ်ကိုယ်၌က မလုံမလဲဖြစ်နေသည်ဟုတွက်မိ၏။ သို့သော် ကရုဏာမျက်လုံးတွေ၊ ရှုတ်ချမျက်လုံးတွေဟု ထင်သည့်အခါထင်သည်။ "အဲဒီကလေးမပေါ့..." ငေါ့သောမေးဖျားတွေ၊ အဖြစ်သနစ်ညွှန်းရာ စကားတွေ မြင်ယောင်ကြားယောင် ဖြစ်သည့်ခါ ဖြစ်သည်။ ကိုယ့်အကြောင်းချင်းတစ်တွေ ပျံ့နေလောက်ပြီဟု တွက်၍ရ၏။ ကိုယ့်မြို့ကိုယ့်ရွာ အထာကို သိခဲ့ပြီးသား။ လူဦးရေနည်းသောမြို့။ မြို့စွန်၌ အမြစ်မှပြိုလဲသော ကညင်ပင်ကြီး၏ သတင်းကိုပင် တစ်ရက်မကူးမှီ အိမ်အနှံ့ ပျံ့စေနိုင်စွမ်း ရှိသည်။ လူတစ်ဦးတစ်ယောက်၏ သတင်းဆိုလျှင် အဆိုင်းငံ့ဆုံးမှ ခုနစ်ရက်၊ ကိုယ့်အဖြစ်အပျက်တွေက ကိုယ်နှင့်မကွာ အရိပ်ပမာ လိုက်နေချိမ့်မည်။ လကွယ်၊ နေကွယ် အလင်းတွေကွယ်သည့် အချိန်၌ပင်လျှင် အရိပ်ကျနေမည့် အရိပ်မျိုး။ စိတ်အနေ ကျဉ်းမြောင်း လှပါတကားဟု ဆင်းရဲခြင်းဖြစ်လေသည်။

အားတင်းစိတ်ဖြင့် မေ့ဖျောက်ကြည့်သည်။ အကြွင်းရှိသေးသော်လည်း မျက်လုံးတည့်တည့် ထားကာ ရှေ့တူရူသို့ကြည့်လေသည်။ သို့မဟုတ်လျှင် အမြင်တွင် သဲမြေပြင် ကတ္တရာလမ်းနှင့် မြက်ပင်တွေသာ ရှိလိမ့်မည်။ မျက်နှာထားကို သတိထားပြီးပြင်ရသည်။ နေမြဲအတိုင်းဆိုလျှင် ညှိုးတိညှိုးမြန်း။ တင်းထားလွန်းလျှင် တမင်မှန်းသိသာပေမည်။ ပင်ကိုယ်အတိုင်း ကြိုးစားကာ ထားရသည်။ စိုးစဉ်းမျှ မာချင်မာနေပေမည်။ ဈေးသွား ဈေးပြန်တွေကို မကြည့်ဖြစ်။ ဝါးတစ်ရိုက် နှစ်ရိုက်အကွာလောက်မှ အသိအကျွမ်းကို လှမ်း၍ပြုံးကာရယ်ကာ နှုတ်မဆက်ဖြစ်တော့။ အနီးသို့ရောက်မှ လောကဝတ်စကား တစ်ခွန်းစာ၊ နှစ်ခွန်းစာဆိုဖြစ်သည်။ ကတ္တရာလမ်း ခြားနေပါက မိတ်မပျက် ပြုံးရုံသာ။ ကျောင်းက သူငယ်ချင်းတွေနှင့် လမ်းမှာဆုံလျှင် စကားအမြန် ဖြတ်ခဲ့သည်ချည်း။ ထင်တော့ထင်ကြလိမ့်မည်။ စိမ်းသည်ဟုပင်။

ဖြစ်နိုင်လျှင် လူအများရှိရာအရပ်ကို ခြေဦးမတည်ချင်။ အစားအသောက်ရန့်ကို ညှီနံ့ပေါက်ခဲ့သော လအပိုင်းအခြားကို လွန်မြောက်စပြုခဲ့သည်။ ထိုအပိုင်းအခြား၌ ဈေးသို့ အသွားများသူမှာ အမေ။ အဖေက တစ်ပတ် သုံးလေးခါ ဈေးသွားသည်။ ကိုယ်က လှုပ်ရှားသွားလာနိုင်သော အချိန်တွင် မည်သို့ပင်ဖြစ်စေ၊ သွားလာလှုပ်ရှားရပေမည်။ အိမ်မှာက သားအမိသားအဖသုံးယောက်၊ အိမ်အလုပ်တွေကို ကိုယ်မှမလုပ်လျှင် အဖေ၊ အမေ၌သာ ပို၍ပင်ပန်းလိမ့်မည်။ အဖေ့မှာကား အပ်ချုပ်စက် အပေါ်မှ ဆင်းရသည်မရှိ။ အမေက လက်ချုပ်နှင့် ကြယ်သီးတံ့ အလုပ်မပြတ်၊ မိတ်များသောကြောင့် လုပ်နှင့်လက်နှင့်မကွာ။ ချက်ရေးပြုတ်ရေး အိမ်ကိစ္စကို ကိုယ်ကတာဝန်ယူမှ ဖြစ်မည်။ သည်နှစ်တွင် ကျောင်းမတက်ဖြစ်တော့၍ အိမ်အလုပ်တစ်ခုသာ ရှိသည်။ ထိုအခါ စိတ်ကို သန့်အောင်ထားကာ သွားလာရပေမည်။ တစ်ခုတော့ သက်သာရာ ရနေသေးသည်။ ထမင်းတစ်ဝ စားထားသလောက်သာ ဝမ်းက ပြည့်တည့်တည့်။ ရှေ့လတွင်မူ ငါးလထဲသို့ ရောက်ပြီ။ ထိုစဉ်အခါ သိမြင်လွယ်မှာ သေချာသည်။

"ဟော.. သမီးပြန်လာပြီကိုး..."

ခြင်းတောင်းတစ်ဖက် ထီးတစ်ဖက်ကိုင်ကာ သူလာရာသို့ လှမ်းလာရင်း ပြောသော ဒေါ်အေးခင်။ ပါးစုံ့နှစ်ဖက်မှာ ပြုံးနေသောကြောင့် ပို၍ဖောင်းလာ၏။ သူက နှုတ်ခမ်းမဖွင့် ပြန်ပြီးပြုံးပြသည်။

"ကြီးကြီး... ဒီနေ့နောက်ကျတယ်.."

"မောင်အောင်ငြိမ်းတို့ ဒီနေ့ကျောင်းစတက်ရတယ်လေ... မနက်ကတည်းက ထမင်းကြော်ပေးရတာတို့... ဘာတို့နဲ့ သူ့ကိုစွန့်နည်းနည်း နေမြင့်သွားတယ်။ အခုဈေးလာရင်း သမီးတို့အိမ်ကို ဝင်ခဲ့သေးတယ်... မောင်အောင်ငြိမ်းအတွက် လုံချည်ဝင်အပ်ပေးရတာ..."

"ဟုတ်လား..."

ဟူသော သာမန်စကားလောက်တစ်ခွန်း ပြန်ပြောရင်း ခြေစုံရပ်လိုက်သည်။ ဝလွန်းသော ကိုယ်ကာယကြောင့် ဒေါ်အေးခင်၏ လမ်းလျှောက်ဟန် ရပ်လိုက်ဟန်မှာ အိပဲ့အိပဲ့နှင့်။

"မမြနွယ်က အခုဈေးကို သမီးပဲ သွားနေတယ်လို့ ပြောတယ်... ကောင်းတယ်... ကောင်းတယ်... ခုအချိန်မှာ ကျန်းမာရေးကို ဂရုစိုက်၊ ဘယ်သူ ဘာပြောပြော အရေးမလုပ်နဲ့... ကိုယ်ကျန်းမာဖို့သာ အရေးကြီးတာ... ဟုတ်တယ်မဟုတ်လား... အပူအစပ်တော့ သိပ်မစားနဲ့.. ကြားလား..."

မျက်နှာမှာ နွေးခနဲ ဖြစ်သွားသည်။ ဒေါ်အေးခင့်အသံက အတန်ငယ် ကျယ်လွန်းသည်ဟု ထင်၏။ ရပ်၍စကားပြောနေကြသော နေရာနှင့် လူငယ်တွေ အထိုင်များသော လက်ဖက်ရည်ဆိုင်မှာ အလှမ်းမကွာလှ။ ဆိုင်ရှေ့တည့်တည့်တွင် မဆုံကြသည့်အတွက် တော်သေး၏။ သို့သော် နားစွင့်နေမည်။ လှမ်းကြည့်နေမည်ကိုကား မလုံသောကျောတို့ဖြင့် သိနေသည်။ ခေါင်းညိတ်ပြီး ခြေလှမ်းမည်အပြင်တွင် ကြီးကြီးနယ်... ဟု စိတ်ထဲက ညည်းမိ၏။ ဒေါ်အေးခင်၏ မျက်လုံးက ရင်ညွှန့်သို့ တစ်ကြည့်၊ ဝမ်းသို့တစ်ကြည့် ဖျတ်ခနဲရောက်လာ၏။

"သမီးက တော်ပါသေးတယ်၊ ကြီးကြီးတုန်းကဆိုရင် ငါးလကျော် ခြောက်လအထိ ဘာမှမစားချင်ဘူး... ဟုတ်တိပတ်တိ စားရတယ်လို့ မရှိပါဘူး... သမီးသူငယ်ချင်း မောင်အောင်ငြိမ်း ကိုယ်ဝန်နဲ့တုန်းကပေါ့..."

ကိုယ်ဝန်ဟူသော စကားလုံးက နားထဲတွင် မြည်ဟိန်းသွားလေသည်။ ဘေးမှ ဖြတ်သွားဖြတ်လာတွေကို မျက်လုံးဝေ့မိသည်။

"တိုးတိုးပြောပါ ကြီးကြီးရယ်..."ဟု ပိတ်လိုက်ရ ကောင်းမလားဟု စိတ်ကူးရ၏။ အလွန်အမင်း ထိတ်လန့်တကြား ဖြစ်နေမည်ဟု အထင်မခံချင်ပြန်။ ထို့ကြောင့်....

"သွားဦးမှ ကြီးကြီးရေ... အဖေ မနေ့က ဉပုသ်ရတယ်လေ... ခုမနက်ဆာနေမှာ... ပဲပြုတ်သည်က မနက်က ကျွန်မတို့အပိုင်းကို လာသံမကြားရလို့ မုန့်ဝယ်သွားရတယ်..."

"ဟုတ်တာပေါ့... အေး... သွား... သွား..."

ခြေမကြွမီမှာပင် စိတ်ပေါ့ပါးသွားသည်။ ကိုယ့်ဘာသာကိုယ် မေ့မေ့ပျောက်ပျောက်နေ၍ မရပါတကားဟု စိတ်ညစ်လာသည်။ အိမ်သို့အမြန်ဆုံး ရောက်ချင်သည်။ အိမ်မှာနေရခြင်းကသာ စိတ်ချမ်းသာသည်။ မြန်မြန်လျှောက်လွန်းလျှင် ရင်သွေးကို တစ်စုံတစ်ရာ ထိခိုက်မည် စိုးရိမ်ပြန်သည်။ သိပ်မြန်တော့ မြေနှင့်ဖနောင့် ဆောင့်လိုက်သလို နေ၏။ စိုးရိမ်စိတ်ကို ပြန်လည် သတိပြုမိသောအခါ ကြိတ်၍ပြုံးမိ၏။ ရင်သွေးကိုထားသည့် မေတ္တာတစ်မျိုးဟု နှလုံးအေးမြစွာ ခံစားရလေသည်။ မမြင်ရသေးသော သံယောဇဉ်ကို စေတနာတွက် တွက်နေခြင်းဟု

နားလည်လိုက်၏။ မိခင်စိတ်၏ သဏ္ဍာန်မှာ ထိုသို့ပင်ဖြစ်မည်။ သူ့တွင် ကြည်နူးခြင်းတို့ ဖြစ်ပေါ်လာသမျှ ပြောပြချင်သည်။ မည်သူ့ကို ပြောရပါလိမ့်။ ပြောပြစရာ တစ်ဦးတစ်ယောက်က အနားတွင်မရှိတော့။ ရှိကောင်းရှိလာမည်လားဟု မျှော်လင့်ခဲ့သေးသည်။ သုံးလေးရက်အတွင်း အကြောင်းပြန်ပါမည်ဆိုသော စကားကို စောင့်ခဲ့သည်။ ထိုစကားတို့သည် လေထဲတွင်ပင် ဝေ့လာဖော်မရကြ။ စိမ်းကားတတ်သူတို့၏ ရင်ထဲတွင် ထိုသို့ပင် ရှိတတ်ချေ၏ဟု ကိုယ်တွေ့ သိခဲ့ရလေပြီ။

ခြံဘက်သို့ လှမ်းကြည့်လိုက်သည်။ စိမ်းစိုအုပ်ဆိုင်းသော အမြင်နှင့် ရှိနေလေသည်။ ရှေးကမူ နေချင့်စဖွယ်။

*****

စင်ပေါ်တွင် ဆေးပြီးသားပန်းကန်တွေကို ရေစစ်ရင်း တင်ထားလိုက်သည်။

ရေစိုနေသော လက်ဖဝါးချင်းပွတ်၍ ခါလိုက်သည်။ ထို့နောက် ထမင်းအိုးပေါ်တွင် တင်ထားသော ပုဆိုးပိုင်းအစကို ယူသည်။ အိုးအပူရှိန်ကြောင့် သွေ့နေပေပြီ။ လက်သုတ်ရင်း စျေးခြင်းတောင်းကို ငုံ့ကြည့်လိုက်၏။ ငါး၊ နှစ်ကောင်၊ သုံးကောင်က ချဉ်ပေါင်ရွက်စည်းများ ကြားတွင်။

ငါးကိုင်ရမည်ကို ကျောတွန့်မိ၏။ ငါးညှီနံ့ကိုမူ နှာခေါင်းက မယဉ်ပါးချင်သေး၊ ဟင်းနံ့ကျွေးနံ့ကို အနည်းငယ်သာ သည်းခံနိုင်သေးသည်။ သားငါးထက် အသီးအရွက်ကိုသာ အာရုံရှိသည်။ အဖေက ငါးရံ့ဆီပြန်နှင့် ချဉ်ပေါင်ဟင်း စားချင်သည်ဆို၍ စီစဉ်ရသည်။ ခြင်းတောင်းကို လှမ်းယူပြီး မီးဖိုဆောင်ထရံဘေးသို့ ရွှေ့လိုက်သည်။ အနီးရှိ ဖင်ထိုင်ခုံကို ယူပြီးထိုင်လိုက်သည်။ ချဉ်ပေါင်စည်းတွေကို ဗန်းထဲသို့ ယူထည့်သည်။ ခြင်းတောင်းအခြေမှ ရေတ်သီးစိမ်းတွေကို ကောက်ကာ သတ်သတ်ပုံလိုက်သည်။

ထိုစဉ် ခြေသံကြား၏။ လှည့်ကြည့်လိုက်သောအခါ အမေ့ကိုတွေ့၏။ ပါးလျားသော အမေ့နှုတ်ခမ်းက ပြုံးယောင်ယောင်နှင့် ရှိသည်။

"ထမင်းအိုးများ ဆူပြီလားလို့..."

"သမီးကြည့်နေပါတယ်... ခဏလောက်နေမှ ဆူမှာပါ..."

မီးဖိုဆောင်အဆင့်သို့ အမေဆင်းလာသည်။ သူ့ဘေးတွင် လာ၍ရပ်၏။

"ဆူဆူချင်း မငှဲ့နဲ့ဦးနော်... မနေ့က ဆိုင်ကထုတ်လာတဲ့ ငကြွံနဲ့ ကျန်နေသေးတဲ့ မီးဒုံးနဲ့ အမေရောထားတာ... မီးဒုံးက တစ်လုံးကျော်ကျော် လောက်တည်းပါ... အခုတစ်ပါတ်ပေးတဲ့ ငကြွံက တော်တော် ကောင်းတယ်... မဆိုးပါဘူး... အဆူတော့ နည်းနည်းခံတယ်... အမေ ငါးကိုင်လိုက်မယ်.. သမီးချဉ်ပေါင်ပဲ သင်ထား..."

သူတစ်ချက်ပြုံးပြသည်။

"နေပါစေ... သမီးပဲလုပ်ပါ့မယ်.. အမေ့အလုပ်တွေက ပုံနေတဲ့ဥစ္စာ... ဩော်... ဒါထက် ပန်းထိမ်အိမ်က ညီအစ်မတွေ လာအပ်ထားတာတွေ ဒီညနေ ရက်ချိန်းစေ့ပြီ ထင်တယ်... ချက်ပြုတ်ပြီးရင် ကြယ်သီးတံတွေ သမီး...."

"တစ်ထည်လားကျန်တာ... သုံးလေးခုတောင် အမေတပ်ပြီးပြီ..."

အမေစကားဖြတ်ကာ ဝင်ပြောသည်။ မေ့မျက်လုံးက ဗန်းသို့ တစ်ချွေရောက်လာ၏။

"ငရုတ်သီးစိမ်းတွေ အကုန်မထည့်နဲ့နော်... ပြီးတော့ သမီးသိပ်မစားနဲ့"

မျက်နှာတွင် ရှိန်းထသွားသည်။ အပူအစပ်တွေ မစားရန် အမေက မကြာခဏ သတိပေးတတ်သည်။ မြေးအတွက် တစ်စုံတစ်ရာ ထိခိုက်မည်ကို ပို၍ စိုးရိမ်လေဟန်ဟု ထင်၏။ အမေ့မျက်နှာသို့ ရောက်နေသော သူ့မျက်လုံးအစုံကို တဖြည်းဖြည်း ပြန်ပြီး ရွှေ့ယူရသည်။ ရင်ထဲတွင် စိမ့်စွာ ခံစားရသည်။ မိခင်၏အချစ်၊ သမီးနှင့်ထပ်တူ မမြင်ရသေးသော မြေးကိုပါ ချစ်သောအချစ်၊ ဟုတ်ကဲ့... အမေ ဟူသော စကားကို ပြန်ပြောရန် မေ့ပင်မေ့သွားသည်။

"ထိုင်တာကို တစ်သမတ်တည်း အကြာကြီးမထိုင်နဲ့... ဟိုလိုလုပ်ညှိထိုင်.... ဒီလိုလုပ်ညှိထိုင်... သမီးလည်းညောင်းမယ်... ကလေးလည်း အထဲမှာ အနေကျုံ့တယ်... ကဲပါအေ... ငါးကိုအိုးထဲ ထည့်ပြီး အမေ့ပေး..."

"ရပါတယ်အမေရဲ့.."

စကားလုံးတွေက စောစောကထက် တိုးသွား၏။ အသံက တိမ်နေချေသည်။ အမေက ပြောပြောဆိုဆိုနှင့် အိုးစင်ပေါ်ရှိ ဒန်အိုးလွတ်ကို ယူသည်။ ခြင်းထဲမှ ငါးတွေကိုယူသည်။ တိုင်ဘေးတွင် ကပ်ထားသည့် ဓားမကိုသွားယူပြီး ရေကပြင်သို့ ဆင်းသွား၏။ အမေ့ကို တစ်ငေးငေး၍ ကြည့်နေမိသည်။ ခြင်းထဲရှိ ကြက်သွန်ဖြူနီတွေ၊ စပါးလင်စည်း၊ နံနံပင်၊ အချိုမှုန့်ထုပ်လေးနှင့် မဆလာထုပ်တွေကို ဗန်းထဲသို့ ထည့်နေစဉ် အမေ့ထံသို့ နားကရောက်နေ၏။ ရေပုန်းထဲသို့ ရေထည့်သံ၊ စဉ်းတီတုံးရွှေ့သံ၊ ငါးအကြေးထိုးသံ၊ ဆူးတောင်ခုတ်သံတွေကြားရ၏။

ချဉ်ပေါင်ရိုးတွေကို ဆန်ခါထဲသို့ထည့်နေစဉ် ထမင်းအိုးဖုံးကြွလာ၍ အဖုံးလှမ်းဖွင့်လိုက်၏။ ယောက်မဖြင့် တစ်ချက်နှစ်ချက် မွှေလိုက်သည်။ ထို့နောက် လက်နီးကို လှမ်းယူကာ စင်ပေါ်တွင် အသင့်ထားသည့် ကြွေဇလုံကို မီးဖိုအနီးသို့ ရွှေ့သည်။ ငရုတ်သီး လေးငါးတောင့်ယူကာ ဇလုံထဲထည့်သည်။ ထမင်းရည်ငှဲ့ခါနီးတွင် ငရုတ်သီးထောင်းရန် ပြင်ဆင်ထားရသည်။ အစိမ်းထောင်းလျှင် ကြာသည်။ မြန်မြန်မညက်။ ထမင်းရည်ပူ ခဏစိမ်ထားသောအခါ မကြာခင် ကြေညက်သည်။ ငရုတ်ဆုံကို လှမ်းယူစဉ်...

"ချဉ်ပေါင်ဟင်းထဲကို ငရုတ်သီး မထည့်ဘူးနော်သမီး၊ ညည်းအဖေက အဖြူထည့်ပဲ ချက်ပါတဲ့..."

"မထည့်ပါဘူး အမေ..."

ချဉ်ပေါင်ဟင်းကို ဆီဖြင့်အဖြူထည့်ချက်ပါ ဟူသောအသံကြောင့် စိတ်လှုပ်ရှားသွား၏။ မောင့်စကားတစ်ခွန်းကို ကြားယောင်လာ၏။

"ချဉ်ပေါင် အဆီဥလေးတွေ ဝေ့နေတာမြင်ရတာနဲ့ပဲ ထမင်းဆာလာတယ် နှင်းရယ်... နှင်းက ဟင်းချက် သိပ်ကောင်းတာပဲ... ဘာချက်ချက် စားကောင်းတယ်..."
ဟု အချစ်ရွှေထီးဆောင်းခဲ့စဉ် ကာလက စကားကို သတိရမိ၏။ မောင်သည် အိမ်သို့ အလည်လာသောအခါ ထမင်းစားသွားတတ်၏။

"ဆင်းရဲသားအိမ်က ထမင်းဟင်းကို မစားစဖူး စားရလို့ မောင်စားကောင်းတာ ဖြစ်မှာပါ..." ဟု မောင့်ကို ပြောခဲ့ဖူးသည်။

အတွေးတစ်စရသည်တွင် မခေါ်မဆက်သော အကြောင်းတွေက ရင်၌သီလာသည်။ မောင်နှစ်သက်သော အစားအသောက်တွေကို ပြန်လည်သတိရသည်။

"မောင်တို့ အတူတူနေတဲ့အခါကျရင် ငါးလေးချက်ကို မွှေးနေအောင် ကျွမ်းကျွမ်းလေး ခဏခဏ ချက်ပေးရမယ်... ပြီးတော့ မြူရွက်သုပ်ရယ်... မန်ကျည်းရွက်နဲ့ သနပ်ရွက် ချဉ်ရည်စပ်စပ်လေး နေ့တိုင်းစားရတောင် မညည်းပါဘူး..."
ဟု မောင်က သူ့မေးဖျားကိုဖွဖွမကာ ပြောဖူးသည်။ ပြန်တွေးကြည့်တော့ စကားတွင် အတိတ်နိမိတ်ပါနေသည်။ အတူတူနေတဲ့အခါ၊ အိုးအိမ်အတည်တကျ လက်ထပ်ခဲ့ပြီးဟု ဆိုသည်မှ မဟုတ်ခဲ့။ နေခဲ့ကြသည်ပင်။ အတူတူသာ၊ တစ်ခဏ။ ယခုသော် သူ့အပါးတွင် အတူတူနေဖော်ပင် မရတော့။

"ထမင်းအိုး အနေတော် ဖြစ်ပြီထင်တယ်..."
အမေကျောပေးထားရင်းပြောသည်။
"ငှဲ့တော့မယ် အမေ..."
ယောက်မထက်ရှိ ဆန်သုံးလေးစေ့ကို အပျော့အမာ ထောက်ကြည့်ပြီး ပြောသည်။ ရေနံ့ဆီမီး အလျှော့အတင်းဘီးကို လျှော့ချလိုက်၏။ အဖုံးယူဖုံးသည်။ လက်နီးကို တစ်ဖက်စီကိုင်ကာ အိုးနှုတ်ခမ်းတွင် တင်သည်။ ကြွေဇလုံထဲသို့ ငှဲ့ပြီးလျှင် ထမင်းရည်ငှဲ့စင်သို့ သွားရမည်။ အမေနှင့် လွတ်မှလွတ်ပါမည်လား တွေး၏။ အမေ ဟိုဘက်နည်းနည်း ရွှေ့လေ ဟု ပြောကာနီးတွင် အမေ့နောက်ကျောကို စူးစိုက်ကြည့်မိသည်။

ရေစီးကြောင်းပေါ် နေပြီဖြစ်သော တက်ထရွန်အဖြူအောက်တွင် ကျောရိုးအဆစ်တွေကို သိသိသာသာ မြင်နေရသည်။ လက်ပြင်ရိုးက လက်လှုပ်တိုင်း ထင်းလာလေသည်။

မျက်လုံးက အထက်သို့ ရွေ့သွားပြန်သည်။

အဖြူနှောနေသည့် ဆံပင်တွေကို ဝါးဘီးဝါကြန့်ကြန့်ဖြင့် ထုံးထား၏။ ဆံထုံးရင်းတွင် ငွေပန်းသုံးပွင့် ပန်ထားသည်။ မနက်က သူစျေးမသွားမီ ခြံထဲကခူးပေးခဲ့သည့် ငွေပန်းတွေ။ အပင်မှခူးခဲ့သည်မှာ မကြာလှသေးသော်လည်း ဆံငွေတွေကြောင့်လားမသိ။

ဆံထုံးရင်း၌ ငွေပန်းပွင့်တွေ ညှိုးငယ်စွာဖြင့် ရှိနေကြသည်။

*****

## အခန်း(၃၄)

ဘယ်ဘက်ပါးတွင် တင်ထားသော သနပ်ခါးကို သွားပွတ်တံဖြင့် ပါးကွက်ဖော်လိုက်၏။ မှန်ထဲသို့ လှမ်းကြည့်သည်။ သနပ်ခါးစက်တချို့ စဉ်ထား၍ အကြည့်ရ မကြည်လင်။ ထို့ကြောင့် အဝတ်တန်းပေါ်ရှိ မျက်နှာသုတ်ပဝါအဟောင်းကိုယူပြီး မှန်ကိုသုတ်လိုက်၏။ စင်အောင်ပွတ်ပြီး မှန်ကိုထောင်၏။ မျက်နှာသုတ်ပဝါအပိုင်းကို တန်းတွင်ပြန်တင်ပြီး ထိုင်လိုက်၏။ မှန်ကအနည်းငယ် စိုက်၍နေ၏။ အထက်ဆင်စနှင့် ရင်ညွန့်အထက်ကိုသာ မြင်ရသည်။ မှန်ကို အနည်းငယ် မော့လိုက်၏။ ကိုယ့်မျက်နှာကိုယ် စေ့စေ့စပ်စပ် ကြည့်လေသည်။

မျက်နှာမကျတော့။ သွယ်သောကြောင့် ထင်သည်။ ရင်သွေးရှိခါစက နားထင်ရိုး ကလေးတွေ ပေါ်နေခဲ့သည်။ မျက်ကွင်းက ညို၍နိမ့်နေမှန်း သိသာသည်။ ယခုမှ ပြန်၍ပြည့်လာ၏။ အပျိုတုန်းကထက် အတော်အသင့် ပြန်၍ပြည့်ဖြိုးလာသည်ဟု အောက်မေ့၏။ နှုတ်ခမ်းဆိုးဆေး ဆိုးထားသည်ထက် ပင်ကိုနီမြန်းမြန်း နှုတ်ခမ်းအစုံကို ပြန်ရရှိပေပြီ။ ကြည်လဲ့သောမျက်လုံးက တစ်ဖန်ပြန်ရောက်လာ၏။ ပင့်သက်နှင့်အတူ ပြုံးမိသည်ဆိုရုံမျှသာပြုံးရင်း အကြည့်လွှဲလိုက်၏။ မျက်ခုံးမွှေးတွင် ကပ်နေသော သနပ်ခါးတွေကို သွားပွတ်တံဖြင့် သန့်လိုက်၏။ သနပ်ခါး မခြောက်သေး၍ ခုတင်ပေါ်တွင် တင်ထားသည့် ဘော်လီအင်္ကျီကို လှမ်းယူလိုက်သည်။

ရင်ရှားထဘီပေါ်မှ ထပ်၍ ဝတ်လိုက်၏။ နောက် ကြယ်သီးတွေကို တစ်လုံးပြီးတစ်လုံး တပ်လိုက်သည်။ အောက်ဆုံးကြယ်သီးတစ်လုံးကိုမူ မတပ်။ တင်းကျပ်ကျပ် ဖြစ်နေသည်။ ပြီးမှ ဘော်လီအင်္ကျီကို နေသားတကျပြင်လိုက်၏။ မှန်ထဲသို့ အမှတ်မဲ့ အမြင်ရောက်သွား၏။ သတိပြုမိလေ၏။

သပြေညိုရောင် ပါးကွက်အစက်အဝိုင်းလေးတွေပါတကား။

*****

"နေကောင်းတယ်နော်..မနှင်းဖွေး..."

အောင်ငြိမ်း၏ ကျွဲကော်ကိုင်း မျက်မှန်အောက်က မျက်လုံးအစုံမှာ တည်ငြိမ်လှ၏။

"ကောင်းပါတယ်..."

သူစိမ်းယောကျာ်းလေး တစ်ယောက်ရှေ့တွင် အနေကျုံ့နေမှန်း ကိုယ့်ကိုယ်ကိုသိသည်။ တစ်ဦးနှင့်တစ်ဦး မတွေ့ဆုံမိသော တစ်လနှစ်လအတွင်း မိမိဘက်၌ ပြောင်းလဲလာသည့် ကိုယ်ကာယကြောင့် ဖြစ်ပေလိမ့်မည်။ ကိုယ့်ကို အကဲခတ်နေမည်လား ဟုတွေးမိသည်။ ကိုယ့်ကိုကြည့်ကာ မည်သို့ထင်မြင်နေမည်လဲဟု စိတ်နှောင့်သည်။ အထူးသဖြင့် ကျောထောက် နောက်ခံအဖြစ် တစ်ခုရှိဖူးသည်ကို အစွဲပြု၍ ဖြစ်လိမ့်မည်။

"ကျွန်တော် လာလည်မယ် လာလည်မယ်နဲ့... အခုမှပဲ ရောက်ဖြစ်တော့တယ်..."

"ဟုတ်တာပေါ့... ကျောင်းကတစ်ဖက်... အိမ်အလုပ်က တစ်ဖက်နဲ့ဆိုတော့..."

အောင်ငြိမ်းက ပုဏ္ဏားကွယ်စွန်းမှီရင်း ခွေခွေထိုင်လိုက်သည်။

"အိမ်ဆိုင်က အမေပဲ အားလုံးလိုလို လုပ်နေရတာပါ... ကျွန်တော်က ကျောင်းစာမှာ ပိနေလို့... ဒါတောင် တက်ရတာ နှစ်လလား ရှိသေးတယ်... သင်ရတာတွေက ဘာသာရပ်အစိမ်းတွေချည်း မဟုတ်လား..."

သူ ခေါင်းညိတ်ပြသည်။

"နီနီလည်း ကိုအောင်ငြိမ်းလိုပဲ ညည်းတယ်... စာတွေက အများကြီးတဲ့၊ ကျူတိုရီရယ်တွေကလည်း အပတ်တိုင်းဆို... အဓိကဘာသာထက် သာမန်ဘာသာတွေက ပိုများလည်းများ... ခက်လည်းခက်တယ်တဲ့... သူတောင် ရောက်မလာတာ လေးငါးရက်ရှိပြီ...."

"ကျွန်တော်နဲ့လည်းကျောင်းမှာ မဆုံတာ အတော်ကြာပြီ..."

ကျောင်းအကြောင်းတွေ စကားစပ်တော့ ကျောင်းသူဘဝကို အောက်မေ့ပြန်သည်။ စိတ်ကူးခဲ့သည်။ ကိုယ်သည်နှစ်အောင်လျှင် မောင်နှင့်အတူ တက္ကသိုလ်မှာဆုံနိုင်သည်။ မောင်က ဒီနှစ်တွင်နောက်ဆုံးနှစ်။ တစ်နှစ်တော့ တက္ကသိုလ်တွင် အတူတကွ စာသင်နိုင်သည်။ အတူသွားနိုင်သည်။ အတူစားနိုင်သည်။ ပို၍ နီးနီးကပ်ကပ်နေရမည်။ မောင့်ကိုချစ်သောအားဖြင့် မောင်ယူထားသော ရူပဗေဒအဓိကဘာသာကိုပင် ယူမည်ဟုမှန်းခဲ့သည်။ အောင်ခဲ့သော် မိမိယူမည့် ဘာသာရပ်ကို နီနီ့ကိုပြောခဲ့သည်။ နီနီက သူတော့ ရက္ခဗေဒအဓိကဘာသာဖြင့် လျှောက်မည်ဟု ဆိုခဲ့သည်။

ထိုစကားပြောစဉ်က သူတို့အပါးတွင် အောင်ငြိမ်းရှိနေသည်။ သူလျှောက်လိုသော ရူပဗေဒအဓိက စကားလုံးတို့ကို အောင်ငြိမ်း သဘောပေါက်သွားဟန်တူသည်။ ပြုံးစိစိဖြင့် ကြည့်ရင်း ကျွန်တော်တော့ ဥပဒေရအောင် ကြိုးစားမှာပဲဟုပြောသည်။ အောင်ငြိမ်းနှင့် နီနီတို့က သူတို့ရည်ရွယ်ရင်းနှင့် ပြည့်စုံသွားကြပြီ။ ပညာရေးတစ်ပိုင်း ကျိုးခဲ့သည်မှုမက၊ ဘဝအဆင်အသွေးပင် ပြောင်းခဲ့ရသည့် ကိုယ့်ဘဝကိုယ် ယူကျုံးမရ ဖြစ်မိသည်။ ထိုအခါ ဒေါ်သည်ကို ရှေ့ထားကာ အရုပ်သဖွယ်နေမိလေ၏။ မည်မျှကြာသွားသည် မမှတ်မိတော့။

"ဦးလေးကော..."

မေးသံကြောင့် အတွေးတွေ လွင့်သွား၏။

"စာအုပ် အငှားဆိုင်သွားမယ်ဆိုပြီး စောစောက ထွက်သွားတာပဲ..."

အောင်ငြိမ်းက ပြုံး၍ ပြောလေသည်။

"ဦးလေးက စာတွေ ဒီလောက်အရမ်းဖတ်တာတောင် မျက်လုံးကောင်းတာ အံ့စရာ...."

"ဒါပေမဲ့ သွားတွေကျတော့ မကောင်းဘူး... အံသွားတွေဆို တစ်ချောင်းမှ မရှိတော့ဘူး..."

"မထူးပါဘူး... ကျွန်တော့်အမေလည်း ဒီလိုပါပဲ... အမေက တစ်ခုပိုတယ်လေ... နားက တော်ရုံပြောရုံနဲ့မကြားတော့ဘူး.... ဒီနှစ်ထဲကျမှ မနှစ်ကထက် ပိုဆိုးလာတယ်..."

ဆက်စရာ စကားက ပြတ်သွားသည်။ ကျောင်းနေဖက် သူငယ်ချင်းချင်း စကားပြောနေကြပုံနှင့် မတူ။ ရင်းနှီးသော ဧည့်သည်နှင့် အိမ်ရှင်တို့၏ စကားဝိုင်းမျိုး မဟုတ်သည့်အတိုင်း စကားသံတွေက ဖွယ်နေသည်။ တစ်ဦး၏စကားကို တစ်ဦးက မနည်းကြိုးပမ်းကာ ဆက်ပြုနေရသည်နှင့် မခြား။ သူသိသကဲ့သို့ အောင်ငြိမ်းလည်း သိရှိပေမည်။ ပတ်သက်ရာ ပတ်သက်ကြောင်း စကားတွေဟု ခံစားရသည်။ အောင်ငြိမ်းတွင်လည်း ထိုသို့ ရှိပေမည်။ ဧည့်သည်၏ နှုတ်ခမ်းတွင် ပေါ့ပါးလွတ်လပ်မှုမရှိသည်ကို သူတွက်ဆ၍ရသည်။

စကားအစွန်းငြိမည် စိုးရိမ်သူ၏ မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်သည်။ အမည်တစ်လုံး အကြောင်းတစ်ခုကို ယောင်မှားပြောမိမည် စိုးဟန်ရှိ၏။

"ကျွန်မတို့ အသက်ကြီးလာရင်လည်း အဲသလိုပဲနေမယ်ထင်တယ်"

အောင်ငြိမ်းက သူ့ကိုကြည့်သည်။ နှုတ်ခမ်းစေ့၍ ပြုံးနေ၏။

"ဒါပေါ့ မနင်းဖွေးရယ်... ဟိုတစ်ချိန်ကျ ဟိုတစ်ချိန်ပေါ့... ဒါပေမဲ့ ခုကနေလှမ်းပြီး အိုရ၊ နာရမှာကို စိတ်မမောချင်ဘူး... ဒီလိုပြောလို့ မနင်းဖွေးကို စိတ်မောနေတယ်လို့ ကျွန်တော်ပြောတာ မဟုတ်ဘူး..."

သူရယ်လိုက်၏။ ထို့နောက် ခေါင်းခါပြကာ...

"သြော်... ကိုအောင်ငြိမ်းရယ်..."

"ဘာဖြစ်လို့လဲ မနင်းဖွေး.."

"စကားပြောတာတွေ အချိန်အဆတွေ ဖွင့်ဆိုချက်တွေနဲ့မို့ သဘောကျလို့ပါ..."

အောင်ငြိမ်း၏ရယ်သံ ထွက်ပေါ်လာသည်။ ရယ်လိုက်သောအခါ မေးရိုးတွေပို၍ ကားလာ၏။ လေးနက်တည်ငြိမ်သော လူကြီးတစ်ဦးသဖွယ် ပြောင်းလဲနေသည်ဟု ထင်၏။ ကိုယ့်ကိုယ်ကို သိမ်ငယ်နေဟန်တွေ၊ အားနည်းနေသော အမူအရာတွေ မတွေ့ရ။ လေယူလေသိမ်းသည်မှ ယခင်ကနယ် ပျော့ပျောင်းစွာ။

"ရှေ့နေရှေ့ရပ်ဖြစ်ချင်တဲ့ကောင် မဟုတ်လား၊ နည်းနည်းတော့ လျှာရှည်မိပြီနဲ့ တူတယ်။ ဒီလိုပေါ့ဗျာ... စကား ပြောရဆိုရတဲ့အခါ တစ်ဖက်သား အထင် မမှားရအောင် သတိထားရတယ်လေ... ကိုယ့်စကားတစ်ခွန်းကြောင့် တစ်ဖက်လူမှာ စိတ်ကသိကအောင့် ဖြစ်ရမယ်ဆိုရင် မကောင်းဘူးလေ... ဒါကြောင့်ပါ..."

စကားရိပ် စကားခြည်ကို သဘောပေါက်သည်။ သို့သော် အဓိပ္ပါယ်က နှစ်ခွ၊ ဝင်းဇင်ဟူသော အမည်နှင့်စပ်ဆိုင်သမျှကို ရည်ညွှန်းရာလည်း ဖြစ်နိုင်၏။ ဝင်းဇင်၏ မေတ္တာတရားကို လက်ခံခဲ့ခြင်းနှင့်အတူ သူ့မေတ္တာကို ငြင်းဆိုခဲ့ခြင်းတို့ကို ရည်ညွှန်းရာလည်း ဖြစ်နိုင်၏။ ဒုတိယအဓိပ္ပါယ်သို့ စိတ်နွယ်မိ၍ မျက်နှာပူရသည်။

"သူငယ်ချင်းတွေပဲ ကိုအောင်ငြိမ်းရယ်... အမှတ်ထားစရာ လူတွေမှ မဟုတ်တာ..."

ချစ်စကား ဆိုခဲ့ဖူးသော လူတစ်ယောက်အဖြစ် ငြိုငြင်ထားမည် မဟုတ်ပါဘူးဟု နားလည်ကောင်း နားလည်လိမ့်မည်။ မတုံ့ပြန်နိုင်ခဲ့သည့်အတွက် ကျွန်မကို သညာမထားပါနှင့်ဟု နားလည်လျှင်လည်း နားလည်သွားလိမ့်မည်။ ကျန်ရစ်ခဲ့သည်တို့ကို မေ့ဖျောက်ပစ်ရအောင်ဟု နားလည်က နားလည်လိမ့်မည်။ သူငယ်ချင်းစိတ်ဖြင့် နေမြဲပြောမြဲနေပါပြောပါဟု နားလည်ချင် နားလည်လိမ့်မည်။ အဘယ်သို့ပင် နားလည်နားလည် အောင်ငြိမ်း၏ ရင်ထဲရှိ အရှုပ်အထွေးတို့ အထိုက်အလျောက် ပြေသွားချိမ့်မည် ထင်သည်။ ထင်သည့်အတိုင်း ဖြစ်နိုင်ချေ ရှိသည်။ သူ့စကားအဆုံးတွင် အောင်ငြိမ်း ငြိမ်လျက်သားနှင့် အိမ်ရှေ့သို့ မျက်နှာမူထားသည်။ ထို့နောက် မျက်နှာလှည့်မလာသော်လည်း...

"ဝမ်းသာပါတယ်မနှင်းဖွေး... ဒီစကားကြားရလို့ ကျွန်တော် အများကြီးဝမ်းသာပါတယ်... ကျွန်တော်တို့ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေပဲဗျာ... ကျောင်းတုန်းကလိုပဲ တစ်ယောက်ကိုတစ်ယောက် ကူညီ နားလည်ကြရမှာပေါ့.... ဒါပေမဲ့ မနှင်းဖွေး..."

တန့်သွား၏။ မနှင်းဖွေး၏ စကားတစ်ချက်ကို ထောက်လိုက်သံတွင်ပင် ပင်ကိုစိတ်နေစိတ်ထားကို သူမှတ်မိသည်။

"ပြောပါ ကိုအောင်ငြိမ်း..."

ချက်ချင်းမပြောဖြစ်သေး။

"ကျွန်တော် တစ်ခုလောက်တောင်းဆိုပါရစေ..."

မနှင်းဖွေးက အံ့အားတသင့် ကြည့်လိုက်သည်။ ထိုအချိန်တွင် ကိုအောင်ငြိမ်း၏ မျက်လုံးအစုံက သူ့ထံမှခွာသွားသည်။

"ဘာကိုလဲဟင်..."

အောင်ငြိမ်းက ခေါင်းကိုတစ်ချက်မော့ကာ...

"တခြားတော့ မဟုတ်ပါဘူး... သူငယ်ချင်းတွေ ဆိုပေမယ့် တစ်ခါတစ်လေတော့ စိတ်ခုတတ်တာတို့ဘာတို့ ရှိတာပေါ့ဗျာ... ဒါကလည်း လူတွေပဲဗျာ... စိတ်နဲ့ချည်းပေါ့... ရှေးတုန်းက ဘုရင်တွေရှေ့ဆို စကားတစ်ခွန်းမှားလို့ သတ်စေအမိန့် ချခံရတာတွေဘာတွေ ရှိတယ် မဟုတ်လား... ဒါပေမယ့်လည်း သက်တော်ရှည်ဘွဲ့ ရထားတဲ့ သက်တော်ရှည်အမတ်ကြီး ဆိုတာတော့ရှိတယ် မဟုတ်လား၊ သူ့ကျတော့ ရာဇမာန် ဘယ်လောက်ရှရှ အလွန်ဆုံးမှ မဲဇာပို့ရုံပဲလေ... ဒီလိုပါပဲ... လူဆိုတာ မှားတတ်တာကိုး... တကယ်လို့ ကျွန်တော်များ အမှားပြုမိမယ်... မနှင်းဖွေး မျက်လောက်တဲ့ စကားမျိုး ပြောမိမယ်ဆိုရင် တစ်ချက်တည်းသာ သတ်စေအမိန့်နဲ့ မစီရင်စေချင်ဘူးလေ... မဲဇာလောက်တော့ ကျွန်တော်ခံနိုင်ပါတယ်..."

စကားဆုံးသည်နှင့် နှစ်ဦးစလုံး တိတ်နေကြသည်။ မနှင်းဖွေး နှုတ်ခမ်းအလှုပ်ကို သူစောင့်နေသည်။ သို့သော် မနှင်းဖွေးမှာ တွေနေ၏။ စကားဆန်းတွေပါတကားဟု နားမလည်နိုင်စွာ တွေးသည်။

"ဘာကိုပြောတာလဲ ကိုအောင်ငြိမ်း... ကျွန်မသိပ်..."

"ဩော်... ဒီလိုပါ... တချို့သူငယ်ချင်းတွေမှာ ဖြစ်တတ်တယ် မဟုတ်လား၊ ပြောမှားဆိုမှား တစ်ချက်ဖြစ်တာနဲ့ သဘောထားပေါ့ဗျာ... ငါ့ကိုဘယ်လိုသဘောထားလို့ပဲ ဘာပဲနဲ့ သေခန်းရှင်ခန်း ပြတ်တဲ့အထိ ဖြစ်ကုန်ကြရော... ဒါမျိုးကျွန်တော် မဖြစ်ချင်ဘူးဗျာ... ဒီသဘောနဲ့ ပြောတာပါ..."

မနှင်းဖွေးက ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်သည်။ ဘယ်အရာ ဘယ်အခါ ဘယ်စကားမျိုးမှားပါက ထိုသို့ ပြုပါဟုဆိုပါလိမ့်။ တင်ကြို မမှန်းဆသာ။

*****

မြင်းခွာရွက်သုတ်ပန်းကန်ကို ရှေ့တိုးပြီး လက်ဖက်ရည်ကြမ်း ငှဲ့နေသော ဒေါ်မြနွယ်ကို ပြောလေသည်။

"အဒေါ်ကလည်း သက်သက် ဒုက္ခရှာလို့..."

မနှင်းဖွေးက အောင်ငြိမ်းကို လှည့်ကြည့်သည်။ သူရောက်လာပြီး မကြာမီ အမေက လမ်းထိပ်သို့ ထွက်သွားသည်။ ညှော်ဝတ်ပြုရာ စားဖွယ်တစ်ခုခု သွားဝယ်ခြင်းဟု မနှင်းဖွေးသိသည်။ အမေ ပြန်လာသောအခါ အောင်ငြိမ်းက အမေ့လက်သို့ ကြည့်သည်။ အထုပ်နှစ်ထုပ်တွေ့သည်နှင့် သူ့အတွက် သွားဝယ်ခြင်းဟု သိဟန်တူသည်။

"အဒေါ် ကျွန်တော်စားဖို့ သွားဝယ်တာထင်တယ်..."ဟု အားနာစွာညည်းသည်။

"ချင်းသုပ်ကကုန်နေလို့ ဒါပဲဝယ်ခဲ့ရတယ်... ကြိုက်မှ ကြိုက်ရဲ့လားမသိဘူး..."

အကြမ်းပန်းကန်ကို အောင်ငြိမ်းရှေ့တွင် ချပေးရင်းနှင့် ဒေါ်မြနွယ်ပြောသည်။ အောင်ငြိမ်းက ပြုံး၍...

"စားပါတယ်..... အဒေါ်တို့လည်း စားလေ.."

ဟုပြောကာ ဆင်းထားသည့်ခြေကို ရုပ်၍ အပေါ်ဆင့်သို့တင်သည်။ တင်ပြင်ခွေထိုင်သော်လည်း ကိုယ်ကိုယို့ယို့ထားသည်။

"လာလည်ဖော်ရတဲ့အတွက် ဝမ်းသာပါတယ်ကွယ်..."

အမေက စက်ခုံဘေးတွင် ထိုင်ကာ ပြောလိုက်သည်။ သမီးဖြစ်သူ၏ သူငယ်ချင်းတွေ အဝင်အထွက် နည်းသွားမည် စိုးရိမ်ဟန်တူသည်။ အောင်ငြိမ်းက ပြုံး၍သာနေ၏။

"မင်းသူငယ်ချင်းက ခုမှထူထူထောင်ထောင် ဖြစ်လာတာ...တလောကဆို စိုးတောင် စိုးရိမ်ရတယ်ကွယ်..."

အမေရယ်... မပြောပါနဲ့ဟု ဖွင့်ဟ တားလိုက်ချင်သည်။ အမေ့အပြောကြောင့် ရက်ရွံ့မိသည်။ တစ်ခုဖြစ်နိုင်သည်။ အောင်ငြိမ်းနှင့် သူ့အနေအထားကို အမေမသိခဲ့။ အောင်ငြိမ်းက နီနီမှတဆင့်ပေးခဲ့သော စာအကြောင်းကို အမေ့အား အသိမပေးခဲ့။ မည်သည့်သဘောဖြင့်မှ မပြောခဲ့သည်တော့မဟုတ်။ စာဖတ်ပြီးစာကို ဆုတ်မပစ်ခဲ့။ သိမ်းမထားခဲ့။ နီနီမှတစ်ဆင့်

ပြန်ပေးရင်း မောင်နမတွေလိုပဲ ခင်မင်ပါရစေလို့ ပြောလိုက်ပါဟု စကားတစ်ခွန်းပါးခဲ့သည်။ ထိုစဉ်က အမေ့ကိုပြောပြဖြစ်ခဲ့လျှင် ယခုလိုပြောလိမ့်မည်မဟုတ်။

"ကျွန်တော်နားလည်ပါတယ် အဒေါ်ရယ်... ကျွန်တော့်မှာက မွေးချင်းရယ်လို့ ရှိတာမှ မဟုတ်ဘဲ... မနှင်းဖွေးက ကျွန်တော့်နမရင်းလို့ ပြောလို့ ရပါတယ်။ ကျွန်တော်စာနာပါတယ်..."

လေသံ အနည်းငယ် ဆတ်နေ၏။ အမေက နာကျဉ်စွာပြုံးသည်။

"သတ္တုချလိုက်တော့လည်း အဒေါ်တို့ရဲ့ရေးဘဝက အကြောင်းလို့ပဲဆိုရမှာပေါ့ကွယ်... မဟုတ်ဘူးလား..."

အောင်ငြိမ်းက ခေါင်းမညိတ်၊ ခေါင်းမခါ။

"စိတ်သက်သာရာ သက်သာကြောင်းအနေနဲ့ကတော့ ဒီလိုတွေးလည်း ဖြစ်တာပေါ့...။ ဒါပေမယ့်လည်း လူစိတ်မရှိတဲ့ လူတချို့ကြောင့် ဖြစ်ရတာပါ... ကျွန်တော်ဒီကိစ္စကို စသိကတည်းက တော်တော် စိတ်မကောင်း ဖြစ်ရတာအမှန်ပါ... ခက်တာက ကျွန်တော်သာ မနှင်းဖွေးရဲ့ သူငယ်ချင်း မိန်းကလေးတစ်ယောက်ဆိုရင် ပြောရဆိုရ ကောင်းမယ်လေ... အမေ ပြောပြတာလောက်နဲ့ ကျွန်တော် သိရတာကိုး.. မေးချင်တယ်... အမေးခက်တယ်... ပြီးတော့ ကျွန်တော့်အပေါ်မှာ နားလည်မှုလွဲမှာလည်း စိုးတယ်လေ..."

ဝင်းဇင်နှင့် စပ်လျဉ်းရာတွေကို စောစောတုန်းက ရှောင်ရှားပြောဆိုခဲ့သည်။ ယခုတွင် အတိအလင်း ပြောဆိုခြင်း ပြုချေပြီ။ အမေရောက် လာသောကြောင့် ထိုအကြောင်းတွေကို အပြောရအဆိုရ တင့်တယ်သည်ဟု အောင်ငြိမ်း ယူဆပုံရလေသည်။ ထိုစကားဦးကို တည်မိသည့်အချိန်တွင် သူ့မျက်နှာ အနေမတတ်။ အရှက်ဖြန်းလာခြင်းကို အောင်ငြိမ်း ရိပ်မိနိုင်လေသည်။ သူခေါင်းငုံ့လိုက်သည်ကို ဒေါ်မြနွယ် လှမ်းကြည့်သည်။ အောင်ငြိမ်းက မှန်ဘီရိုဘက်သို့ ငေးကြည့်နေသည်။ ဒေါ်မြနွယ်၏ မျက်နှာရိပ်မျက်နှာကဲကို အောင်ငြိမ်းက မကြည့်လျက် သိပြီးဖြစ်သည်။

ဖုံးကွယ်ထားစရာ မလိုသော အကြောင်းတစ်ခု။ အများသိ သတင်းတစ်ပုဒ်သဖွယ် အမေက ပြောပြလေသည်။ အောင်ငြိမ်းက နှုတ်ခမ်းတင်းတင်း ထားကာ နားထောင်နေသည်။

"မောင်ဝင်းဇင်ဟာ အဒေါ်တို့သား... မနှင်းဖွေးက သူတို့ရဲ့သမီးဆိုရင် အဒေါ်တို့သူတို့လို ဘယ်လိုမှ မရက်စက်ဘူး... ကျိန်တွယ်ပြောရဲပါတယ်... ခုတော့ကွယ်... လူတစ်ယောက်... မိန်းကလေးတစ်ယောက် ဆိုတာကို မသိသလို၊ ခွေးတစ်ကောင်... ကြောင်တစ်မြီးလောက် သဘောထားတာမို့ ပိုပြီးခံပြင်းတယ်... အေးပေါ့လေ..."

စကားဖြတ်ပြီး သက်ပြင်းရှည် ချလိုက်သောအမေ့ကို ခေါင်းငဲ့ကြည့်သည်။ အမေ့မျက်လုံးအစုံမှာ လဲ့နေ၏။ မျက်ရည်ဝဲ့လာဟန် တူလေသည်။ ကိုယ့်အတွက်နှင့် အမေခံစားရသည်ကို မမြင်လို။ ကိုယ့်ကြောင့် အမိအဖ၌ အရှက်မျက်ရည် ကျရသည့်အတွက်

နာကြည်းကြေကွဲသည်။ အမေ ဆက်ပြီးပြောမည့် စကားကိုနားစွင့်သည်။ အမေ့ကိုကြည့်နေသည့် အောင်ငြိမ်းနဖူးတွင် သုံးလေးတွန့် တွန့်လျက်ရှိ၏။ အတန်မျှ ကြာမြင့်လာခဲ့သည်။ အမေ စကားပြန်ဆက်မလာ။ တစ်အိမ်လုံး တိတ်၍နေ၏။ ချည်ခင်တစ်ခင် ကျသံကိုပင် ကြားစေနိုင်လောက်၏။ ကွမ်းတစ်ယာညက်ခန့် အကြာတွင်မှ...

"အခုတော့ အားလုံးကို ပြန်ပြီး စဉ်းစားကြည့်တယ်... မောင်ဝင်းဇင် သင်္ဘောနဲ့ လိုက်သွားတယ် ဆိုတာကိုလည်း မယုံဘူး... မောင်ဝင်းဇင်က ဒီနှစ် နောက်ဆုံးနှစ် ဆက်တက်ရဦးမယ့် ကျောင်းသား၊ ကျောင်းထွက်ပြီး ချက်ချင်းထလိုက်သွားမှ သင်္ဘောသားအလုပ် လုပ်ရမယ်ဆိုတာလည်း မယုံဘူး... ဘယ်အချိန် ဘယ်အခါမဆို ဒီအလုပ်ကို သူတို့လုပ်ခိုင်းလို့ရတဲ့ အဆင့်၊ သူတို့အရှိန်အဝါ... သူတို့အနေအထားနဲ့က ဒီနှစ်ကျောင်းထွက်ပြီး ဒီနှစ်မှမလုပ်ရင် တစ်သက်လုံး အလုပ်မရနိုင်တဲ့ဟာမျိုး မဟုတ်ဘူး... အဒေါ်တို့ကို လိမ်နေတာ... အဒေါ်တို့ အလိမ်ခံရတာ..."

ပြောနေကျထက် အသံမာလာသည်။ ထိန်းချုပ်ထားသည့်တိုင် ဒေါသကိုမြင်သာလေသည်။

စကားတစ်ဝက်တွင် အသံက အတန်ငယ်မြင့်လာသည်။ ရင်ဘတ်ကို ခပ်ဆတ်ဆတ် ထောက်ကာ လှုပ်ရှားလိုက်သော ဒေါ်မြနွယ်၏ လက်ချောင်းတွေကို အောင်ငြိမ်းကြည့်နေ၏။ မနင်းဖွေး၏ မျက်လုံးအစုံတို့မှာ ဝိုင်းစက်လာသည်။ စိတ်လှုပ်ရှားဖွယ် စကားတွေက နားထဲသို့ ကုတ်ခြစ်ထိုးဝင်လာချေ၏။ ဖွင့်၍သာမဆိုခဲ့ဖူးသည်။ သံသယချင်း အမေနှင့်တူခဲ့ချေ၏။

"ကိုယ့်ဘက်မှာ စိတ်ဓာတ်ကျစရာတွေ ထပ်တွေးမိရင်ထပ်ပြီး ရှုံးသထက် ရှုံးတာမျိုးပဲ ဖြစ်မယ် အဒေါ်... ဒါ... ကျွန်တော့်အတွေးပါ... စိတ်ငယ် လေလေ အရှုံးပေါ်လေလေလို့ ထင်တယ်..."

မနင်းဖွေး အောင်ငြိမ်းကို လှမ်းကြည့်၍ ခေါင်းညိတ်သည်။ အောင်ငြိမ်းက မနင်းဖွေးတို့သားအမိကို တစ်ပြုံးပြုံးပြရင်း...

"ဦးလေး အနေအထားကို ကျွန်တော် သိပ်သဘောကျတယ်။ ဟိုအရင်ကအတိုင်း ဘာတစ်ခုမှ မပြောင်းလဲဘူး... ရှာကိစ္စရပ်ကိစ္စမှာလည်း အရင်ကလို ပါပါဝင်ဝင်ပဲ.. သာရေးနာရေး ကိစ္စဆိုရင်လည်း သွားသွားလာလာပဲ... မှန်တယ်... ဒီအတိုင်းပဲ ဖြစ်ရမယ်...ကိုယ်က လူ့ကျင့်ဝတ်တွေ ဖောက်ဖျက်ခဲ့သူဆိုရင် ကိုယ့်အမှားပေါ့... ခုဟာက ကိုယ်မှလောကကို သစ္စာမဖောက်တာ.. ရင်ဆိုင်ရဲရမှာပဲ... ဘာမှ မှုစရာမလိုပါဘူး..."

မနင်းဖွေးက အောင်ငြိမ်းကို ငေး၍ကြည့်နေသည်။ အပြောအဆိုမှအစ အရာရာကို ပြောင်းလဲနေသူကို ပို၍အံ့အားသင့်စွာ မြင်နေ၏။ အမေသည် အိမ်ရှေ့သို့ မျက်နှာမူထား၏။ အောင်ငြိမ်း၏ စကားတွေကို အတွေးနှင့် ကြည့်နေဟန် ရှိလေသည်။

"မောင်ဝင်းဇင်ကို ကျောင်းမှာမတွေ့မိဘူးလား..."

အံ့ဖွယ်မေးခွန်း...။

မနင်းဖွေး၏ မျက်တောင်အခတ်က ခေတ္တရပ်သွားသည်။ အောင်ငြိမ်းမဖြေသေး။ ရုပ်အင်္ကျီလက်ကို ခေါက်၍တင်ရင်း တစ်စုံတစ်ရာ စဉ်းစားနေသော လက္ခဏာဖြင့်ရှိ၏။ ခေါင်းကို အသာယမ်းပြလေသည်။ စကားဝိုင်းသည် ပြန်လည်ငြိမ်သက်သွားချေ၏။ တစ်ယောက်၏ အတွေးနှင့် အတွေးချင်းပင် ထိခတ် ရှန်းကန်နေကြမည်ထင်၏။

ငှဲ့ထားပြီးသား ပန်းကန်လုံးထဲရှိ လက်ဖက်ရည်ကြမ်းတွင်အငွေ့သေနေပြီ။

*****

## အခန်း(၃၃)

ပိတ်စကို စားပွဲပေါ်တွင် ဖြန့်ခင်းလိုက်သည်။

ပခုံးပေါ်တွင်တင်ထားသည့် ပေကြိုးကို ဆွဲယူလိုက်သည်။ ပိတ်စအပေါ်တွင် ပေကြိုးကို ဖြန့်၍ တိုင်းလိုက်သည်။ မျက်မှောင်ကြုတ်ကာ တစ်ဖက်ကို တိုင်းကြည့်၏။ အင်္ကျီလာအပ်သူ လူငယ်က...

"ကိုက်ပြည့်ရဲ့လား ဦးလေး..."

ဟု ကုလားထိုင်တွင် ထိုင်ရင်းမေး၏။ ဦးစိန်လှိုင်က...

"တစ်လက်မခွဲလောက်လိုနေတယ်... ရပါတယ်လေ.."

ဟု ဖြေသည်။ ပိတ်စကို သုံးလေးထပ် ပြန်ခေါက်ရင်း...

"အတိုင်းယူရအောင်..."ဟု ပြောသည်။ လူငယ်က ထိုင်ရာမှထရင်း သူ့ရှေ့မှာ လာရပ်သည်။ ထိုအချိန်တွင် အမေ့ကိုသူလှမ်းကြည့်သည်။ ချုပ်လက်စ မပြတ်သေးသောကြောင့်...

"သမီးရေ...မှတ်လိုက်စမ်းပါ"ဟု ပြောသည်။

မနင်းဖွေးက လက်ချုပ်ခုံပေါ်သို့ မိန်းမဝတ်အင်္ကျီတင်သည်။ ခြေရင်းဘက်စက်ခုံရှိရာသို့ ထလာသည်။ ချုပ်ပြီးသား လုံချည်တွေပေါ်ရှိ ပြေစာစာအုပ်ကိုယူသည်။ စက်ခုံတွင်ဝင်ထိုင်ကာ စာအုပ်ဖွင့်သည်။ လပ်နေသော စာရွက်ကိုလှန်ကာ လက်ခံနှင့် ဖြတ်ပိုင်းကြားတွင် မင်ခံစက္ကူထည့်သည်။ ထို့နောက် စက်အံဆွဲကိုဆွဲဖွင့်သည်။ တစ်ဝက်သာသာရှိတော့သော ခဲတံကိုယူသည်။ အဖေ့အသံကို စတင်ကြားရသည်။

"ဆယ့်ရှစ်၊ သုံးဆယ့်တစ်၊ ကိုး၊ သုံးဆယ့်လေး"

မင်ခံစက္ကူထည့်နေချိန်တွင် အဖေက ကုပ်၊ ကိုယ်ရှည်၊ လက်ဖျားနှင့် ကိုယ်တို့ကိုတိုင်းပြီးပြီ။ သူ လိုက်ရေးမှတ်ပြီးသောအခါ လည်ပင်းကို တိုင်းနေပြီ။ မှတ်သူက အမီမလိုက်နိုင်လျှင်သာရှိမည်။ အဖေက မှတ်ပြီးသား။ တစ်ခါတစ်ရံ အားလုံးတိုင်းပြီးမှ သူရေးသည်။

"ဆယ့်လေး၊ နှစ်ဆယ့်ခုနစ်... ခင်ဗျားပိတ်စက နည်းနည်းလိုနေတာ ရအောင် ကြည့်ချုပ်မယ်လေ..."

ပြောရင်းနှင့်ပြက္ခဒိန်ကိုကြည့်သည်။

"ဒီနေ့ ဆယ်ရက်ဆိုတော့ ဆယ့်ငါးရက်နေ့ ညနေ လာယူပေါ့..."

အဖေပြောသည့် နေ့စွဲအတိုင်း ပြေစာရှိရမည့်နေ့ကို ထည့်သည်။ ပြေစာကို မဖြတ်သေး။ စရန်ပေးမည် မပေးမည်ကို မသိရ။

"အဲဒီနေ့ကျမှပဲ အကျေပေးတော့မယ်.."

လူငယ်၏ စကားဆုံးသည်တွင် စရန်ကျပ်ပြားကွက်ကို မျဉ်းတိုနှစ်ချက်ခြစ်ပြီး သင့်ငွေကို ရေးသည်။ ထို့နောက်ပြေစာကိုဖြတ်သည်။ အဖေ့ထံသို့ ကမ်းလိုက်သည်။ အဖေက လူငယ်အား ပြေစာစာရွက်ကို ပေး၍...

"ရပါတယ်... တခြားလူတွေမှမဟုတ်တာ..."

ဟု ပြုံးကာပြော၏။ အကျီအပ်သူက ပြန်လည်ပြုံးကာ...

"ကျေးဇူးပဲ... ကျွန်တော်သွားတော့မယ်..."ဟု နှုတ်ဆက်သည်။

ကိုယ်ကိုလှည့်ရင်း မနင်းဖွေးကို စွေခနဲကြည့်သည်။ စူးစမ်းသောအကြည့်ဟု ခံစားရသည်။ မျက်လုံးချင်း ဆုံဆုံချင်း မနင်းဖွေးမျက်လွှာကို ချသည်။ ပြီးမှကိုယ့်ကိုယ်ကို စိတ်တိုမိ၏။ သည်မျှကား လိပ်ပြာမငယ်အပ်ဟု တွေးမိသည်။ ကိုယ့်သတင်း ကိုယ့်အကြောင်းကို တိုင်းကားပြည်ရွာ အနံ့သိရှိနေကြပြီဟု တုန်လှုပ်လွန်းလှသည်ဟု အပြစ်တင်မိသည်။ သိနေကြသော အကြောင်းတစ်ရပ်အတွက် မသိကြနှင့်ဟုတားမရ။ ကိုယ့်ကို မမြင်ကြနှင့်ဟု ပိတ်ပင်မရ...။ သိကြ မြင်ကြ ကြည့်ကြသည်ကို ထပ်မံထိတ်လန့်နေခြင်းဖြင့် အကျိုးမထူးဟု သိလျက်နှင့်...

"မမြနွယ်... မင်း... ထမင်းမဆာသေးဘူးလား.."

အဖေက အမေ့ကိုအဖော်ညှိသည်။ နေဝင်သွားလေပြီ။ တစ်နေ့လုံးလှုပ်ရှားနေသူမို့ ဆာပေလိမ့်မည်။ ထို့ပြင် အဖေသည် မနက်ထမင်း၊ ညထမင်းကိုသာမက်သည်။ မုန့်ပဲသွားရေစာ အစားနည်းသည်။ ရေနွေးကြမ်းကမူ တစ်အိုးပြီးတစ်အိုး။

"ရှင်ဆာရင်လည်း အတူတူစားကြတာပေါ့..."

စက်ခေါင်းဘီးကို လက်ဝါးနှင့်ပွတ်ပြီး အရှိန်သတ်သည်။ စားပွဲပေါ်ရှိပိတ်စကို သမီးဖြစ်သူအားလှမ်းပေးကာ...

"ဗီရိုထဲ ထည့်ထားလိုက်..." ဟုပြောသည်။

"စားမယ်ကွာ... စားပြီးမှပဲ ချုပ်စရာရှိတာတွေ ချုပ်တော့မယ်..."

မနင်းဖွေးက စက်ခုံမှခွာကာ...

"ဒါဖြင့် ခဏနေဦးလေအဖေ... ဟင်းချိုနွှေးလိုက်ဦးမယ်..."ဟု ပြောသည်။

*****

ဖတ်စကတည်းက စိတ်မကောင်း ဖြစ်ရသည်။ မဖတ်မီက အထင်တစ်မျိုး၊ ထိုစာမျိုးကို အောင်ငြိမ်း ရေးလိမ့်မည်ဟု မတွက်ခဲ့။ ညနေကထမင်းဝိုင်းအတွက် ပြင်ဆင်နေစဉ် နီနီ ရောက်လာသည်။ ရောက်ရောက်ချင်း...

"ကိုအောင်ငြိမ်း စာရေးလိုက်လို့ လာပေးတာ..."ဟုပြော၏။

"ဘာရေးထားလဲ ဟင်..."ဟု သူကမေးသည်။

"ဘာရေးထားတာလည်း မသိဘူး..."ဟု နီနီဖြေသည်။ ထုတ်ပေးသောစာမှာ စာအိတ်ဖြင့်။

"အားပေးစကားတွေ ရေးထားတာနဲ့ တူပါတယ်... ဟိုတစ်လောတုန်းက ကိုယ်တို့ဆီ စပြီးလာလည်တယ်... လာတိုင်း အားပေးစကားတွေ ပြောတယ်လေ... အဲဒါနဲ့တူပါတယ်..." ဟု နီနီ့ကို ပြောသည်။ စာကိုယူပြီး ချက်ချင်းဖတ်မည် စိတ်ကူး၏။ ထမင်းပွဲပြင်နေ၍ "ညကျမှပဲဖတ်တော့မယ်..."ဟုပြောကာ စာအိတ်ကို ကြောင်အိမ်ပေါ် သို့ တင်ထားသည်။

ထမင်းစားပြီးကြသောအခါ စာဖတ်ရန် အချိန်မရသေး။ မနက်ဖြန်မနက်တွင် လာရွေးမည့် လက်ချုပ်အင်္ကျီအတွက် လက်စသတ်ရသည်။ ရှစ်နာရီခွဲလောက်တွင် အလုပ်ပြီးသွား၏။ သို့သော် အိပ်ရာသို့ ချက်ချင်းမဝင်ဖြစ်။ ရောက်တတ်ရာရာ စကားတွေကို သားအမိ သားအဖသုံးယောက် ပြောကြသည်။ အဖေက သူငယ်ငယ်က အကြောင်းတွေ၊ လူတို့၏သဘောတွေ၊ သူဖတ်နေသော ဝတ္ထုထဲက အဖြစ်အပျက်တွေ ပြန်ပြောပြသည်။ အဖေက စကားပြောကောင်းသည်။ စီကာပတ်ကုံးနှင့်။ မြင်ယောင်ကြားယောင်လာစေလုမတတ် ပြောနိုင်သည်။ ရယ်စရာတွေလည်း ပါသည်။ အတူယူဖွယ်တွေလည်း ပါ၏။ ငယ်စဉ်ကဖတ်ခဲ့သည့် ဝတ္ထုတွေကို ပြန်ပြောရာတွင် ရုပ်ရှင်ကြည့်နေရသည်နှင့် မခြား။ အမေက အဖေ့လို စာဖတ်ဝါသနာ မကြီးလှ။ အဖေနှင့် ကြီးကြီးဒေါ်အေးခင်တို့ စကားစပ်မိသောအခါ ကြားကနေ၍ နားထောင်ကောင်း၏။ ရယ်လည်း ရယ်ရ၏။ အဖေက ဒေါ်အေးခင် အသည်းစွဲသည်ဆိုသော မြစကြာ၏ စုန်းကဝေ ဝတ္ထုတွေကို ဒဂုန်မဂ္ဂဇင်းထဲရှိ ကိုကိုလေး၏ မှော်ဆရာမှတ်တမ်း ဝတ္ထုများနှင့် ဂုဏ်ပြိုင်ပြော၏။ ဒေါ်အေးခင်က စကားနိုင်လု၏။ နှစ်ဖက်ပြောကြသည်မှာ နားရှင်သည်။ ညကပင် မအေးခင်လာလျှင် စရဦးမယ်။ ဝက်ဝံ့ဝတ္ထုနှင့် ခရေပင်ဖောက်ထိုးသိုက် ဘယ်သင်းကကောင်းသလဲ ဆိုတာ ဟုအဖေပြောသည်။ အဖေက ဝတ္ထုအပြောကောင်းသည်နှင့် ကိုးနာရီခွဲမှအိပ်ရာဝင်သည်။

အိပ်ခါနီးမှ သတိရသည်။ အောင်ငြိမ်းပေးလိုက်သော စာကို ဖတ်ရမည်။ စာက ကြောင်အိမ်ပေါ်မှာ ကျန်နေသည်။ အိပ်ရာမှထကာ သွားယူလိုက်ပြီး ခုတင်တွင်ထိုင်ကာ စာအိတ်ဖောက်သည်။ ခြင်ရိုင်းကြီးသုံးလေးကောင်းက ခြေသလုံးနားတွင် ပျံနေ၏။ ထို့ကြောင့် ခြေနှစ်ဖက်ဆတ်ပြီး ခြင်ထောင်ထဲသို့ ဝင်လိုက်၏။

ခေါင်းအုံးနှင့်ခေါင်းတို့ ထိတော့မှ စာကို ဆွဲထုတ်သည်။ အဖြူရောင် စာရေးစက္ကူ သုံးလေးရွက်မျှ ရှိ၏။ စာခေါက်ကို အဖြန့်တွင် အောင်ငြိမ်း၏ ဝိုင်းစက်စက်လက်ရေးက မီးရောင်ဖြင့် ထင်းနေသည်။ ခေါင်းစဉ်အခေါ် အဝေါ် ကို ကြည့်သည်။ မနင်းဖွေးဟု တပ်ထား၏။ ယခင်ကစာတွင် အထူးပြုထားသော အသုံးအနှုန်းမျိုး ရေးမထား။ ထိုစာတုန်းက ချစ်စွာသော မနင်းဖွေး။ အောက်တစ်ကြောင်းသို့ ရွှေ့ဖတ်သည်။ သည်စာကို ရေးသင့်မရေးသင့် သူချိန်ဆခဲ့ကြောင်း၊ တစ်ပတ်လုံးလုံး စဉ်းစားခဲ့ပြီးမှ ရေးကြောင်း၊ နောက်စာပိုဒ်တွင် မနင်းဖွေးနဲ့ ကိုဝင်းဇင်တို့ အရေးအခင်းက ကျွန်တော့်ဦးနှောက်ထဲမှာ အတော်စူးစူးရှရှ မွှေနှောက်နေခဲ့တာ ကြာပါပြီဟု ရေး၏။ သူ လာလည်စဉ်က မနင်းဖွေးကို မြင်ရသည့်အခါ ရင်တွေနာကြောင်း ဖတ်ရသည်။

"ကျွန်တော်တစ်ခွန်း ပြောပါရစေ။ အဲသည်စကားအတွက် မနင်းဖွေး စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး။ မဖြစ်စေချင်တာက ကျွန်တော့် သဘောပါ။ ဒါပေမဲ့ အနည်းနဲ့အများတော့

စိတ်အထာမကျမှာ သေချာပါတယ်။ ကျွန်တော်သဘောထားကို သည်စာတစ်ဝက်လောက်မှာပဲ မနင်းဖွေး နားလည်လိမ့်မယ်လို့ ထင်ထားပါတယ်။ သည်အတွက် လွန်လေပြီးသော အစတစ်စကို ပြန်ဖော်ခွင့်ပေးပါ။ နှစ်နှစ်လောက် ရှိတော့မယ်။ ဟိုတုန်းက အကြောင်းပါ။ ကျွန်တော် ရေးခဲ့ပါတယ်။ မနင်းဖွေးကိုချစ်တဲ့ အကြောင်းတွေ။ အဲသည်စကားတွေထဲမှာ မနင်းဖွေးကိုချစ်တာ တစ်ခဏနဲ့ ပေါ်ပေါက်လာတဲ့ အချစ်မျိုး မဟုတ်ပါဘူး...။ ကျွန်တော် အသက်ရှင်နေသမျှ ကာလပတ်လုံး မနင်းဖွေးကို ချစ်နေမယ့် အချစ်မျိုးပါ... ပြီးတော့ အလှအပတွေ ရွှေ့လျားသွားလည်း ချစ်နေမယ်... ဘဝတွေပြောင်းသွားလည်း ချစ်နေမှာပဲလို့ သည်စကားတွေကို အများသူငါ ရေးရိုးရေးစဉ် ရေးခဲ့တယ်လို့ မနင်းဖွေး အတွေးပေါက်ခဲ့မှာပါ။ ထားပါတော့လေ...။ ကျွန်တော့်ဆီကို နီနီကနေတစ်ဆင့် စကားပါးလိုက်တယ်။ ကျွန်တော့်စာကို ပြန်ပေးရင်းနဲ့ မောင်နှမတွေလို စိတ်ထားကြမယ် ဆိုတဲ့စကား ကျွန်တော်နာခံခဲ့တယ် မနင်းဖွေး။ ဘာကြောင့်လဲ ဆိုတဲ့စကား ကျွန်တော်မမေးခဲ့ဘူး။ နောက်တစ်ကြိမ် ကျွန်တော် မကြိုးစားခဲ့ပါဘူး။ စိတ်ပျက်လွယ်တဲ့သူအနေနဲ့ မဟုတ်ပါဘူး။ အမှန်အတိုင်းပြောရရင် အဲသည်တုန်းက စာရေးမယ့်သာ ရေးရတာ အားမရှိလှပါဘူး။ ကျွန်တော် စာမရေးခင်ကတည်းက ကိုဝင်းဇင်ကို မနင်းဖွေးအပါးမှာ ခဏခဏ တွေ့နေရပြီပဲ။ ကိုဝင်းဇင်နဲ့ ကျွန်တော်ယှဉ်လိုက်ရင် ကျွန်တော် အရေးနိမ့်မှာ သေချာတယ်ဆိုတာ တွက်ပြီးသားပါ။ ရောမကြီးရဲ့သားနဲ့ မုဆိုးမသားဆိုတဲ့ အချက်ကစပြီးပေ့ါဗျာ။ သိန်းကျော်တန် ခြံကြီးဝင်းကြီးနဲ့။ ကားဆို နောက်ဆုံးပေါ် သုံးလေးစီး ထည်လဲနဲ့။ ကျွန်တော်က ဆယ်တန်းကျောင်းသား။ ကိုဝင်းဇင်လို တက္ကသိုလ်ကျောင်းသားနဲ့ အများကြီး ကွာခြားပြီးသားပဲ။ သည်စကားတွေပြောတာကို နားလည်မှု မလွဲစေချင်ပါ။ အဲသည်အချိန်က အလိုလိုနေရင်း စိတ်အားငယ်နေတဲ့ ကျွန်တော့်ဘဝကို မနင်းဖွေး မှတ်မိပါလိမ့်မယ်"

ပထမ စာမျက်နှာ ကုန်ဆုံးသွားသည်။ စာရွက်ကိုမလှန်မိ။ ပူနွေးသော နောက်ကြောင်းတွေက စာရွက်ပေါ်တွင် ပြေးလွှားလျက် ရှိသည်။ မောင့်ကိုပြေး၍ မြင်သည်။ နေ့ကျောင်းဆင်းခါနီးလျှင် မောင့်ကို ကျောင်းရှေ့ရှိ ကုက္ကိုပင်အောက်တွင် နေ့စဉ်လိုလို တွေ့ရသည်။ သူနှင့်အတူ ကျောင်းပြန်နေကျ နီနီက ဦးအောင်မြင်ပါက သူ့ကိုလက်တို့သည်။ ကားရပ်ထားရာသို့ မေးဖြင့်ညွှန်သည်။ ထိုအချိန်က မောင့်ကို အဖြူအမဲ အဖြေမပေး ရသေး။ ကျောင်းဖွင့်ပြီး တစ်လလောက်တွင် မောင့်ကို စတင်တွေ့ဖူးသည်။ အခန်းဝမှ ဖြတ်သွားရင်း ကြည့်တတ်သည်။ ကျောင်းထိပ်မှ ရပ်ကာ ကြည့်နေတတ်သည်။ မျက်လုံးချင်းဆုံသောအခါ မောင့်စိတ်ကို အထင်အရှား သိလိုက်သည်။ တစ်လကျော်အထိ မျက်လုံးချင်းသာ ဆုံခဲ့သည်။ မောင့်အမူအရာတွေကို တစ်တန်းတည်းသားတိုင်းက သတိပြုမိကြသည်။ တစ်ပတ်ခန့်အကြာ ကျောင်းအပြန်တွင် သူ့ဘေးသို့ မောင်ရောက်လာ၏။ လှည့်ကြည့်လိုက်သည်တွင် မောင်က ပြုံးပြသည်။ သူက တည်တည်ပင် နေလိုက်၏။ မနင်းဖွေးနဲ့ကျွန်တော် မိတ်ဆက်ချင်လို့ပါဟု စကားပျိုးသည်။ မောင့်အသံက ရင်ခုန်စေခဲ့သည်။ ထို့နောက် သူ့နာမည်၊ သူတက်သောတက္ကသိုလ်၊ သင်ယူဘာသာမှ အစပြောပြကာ မိတ်ဆက်သည်။ ထို့နောက် သူ၏ မိတ်ဆက်မှုကို လက်ခံတုန့်ပြန်ပါရန်...

"မနင်းဖွေးကို ကျွန်တော်သိနေတာကြာပါပြီ"ဟု စကားနိဂုံးချုပ်သည်။

"ဟုတ်ကဲ့... သိရတာ ဝမ်းသာပါတယ်.."ဟူသော စကားကို သူပြန်ပြောသည်။

"ခင်မင်နိုင်ပါတယ်"ဟူသော စကားကို ပြန်ပြောမိသည်။ ထို့နောက် ဓာတ်တိုင်နှစ်တိုင်လောက်အထိ အတူလိုက်ပါလာသည်။ ဆက်စရာ စကားကုန်သွား၍လား၊ သိက္ခမ်းခွင့်ရ၍လား မပြောတတ်။

"ဒါဖြင့် ကျွန်တော့်ကို သွားခွင့်ပြုပါဦး..."ဟု နှုတ်ဆက်သည်။ "ဟုတ်ကဲ့..."ဟု ဖြေခဲ့သည်။

အကယ်၍ ထိုနေ့က နီနီနေကောင်း၍ ကျောင်းတက်ခဲ့လျှင် အတူတူပြန်လာခဲ့ကြလျှင် ထိုစကားလုံးတွေကို ပြန်ပြောရန် ခက်ခဲလိမ့်မည် ထင်သည်။

နောက်နေ့တွင် မောင့်ကို မျှော်မိသည်။ မောင်မလာ။ လက်တွေ့သင်တန်းတက်နေရသောကြောင့် ရောက်မလာခြင်း ဖြစ်နိုင်သည်ဟု အောက်မေ့၏။ မိတ်ဆက်စကားလာပြောခြင်းနှင့်စပ်၍ နီနီက ဝေဖန်ချက်ပေး၏။

"ဒါအစ... နောက်တစ်လှမ်း တက်မယ်.. မနင်းဖွေးအမျိုးသားက မဆိုးပါဘူး... လူကလူချောပဲ... မျက်လုံးမျက်ဖန်က ရှင်းတယ်... နှာတံတော့ သိပ်မပေါ်လှဘူး... အသားက ဖြူလည်းမဖြူလှဘူး... ညိုလည်းမညိုလှဘူး... ခပ်လတ်လတ်ပဲ... ဆံပင်ရှည်နဲ့လိုက်တဲ့ မျက်နှာကျပဲ...။ အရပ်က သူ့ချည်းပဲဆို ဒါလောက်မဟုတ်ဘူး။ မနင်းဖွေးနဲ့ယှဉ်လိုက်ရင်တော့ ဒေါင်ကမြင့်နေတယ်ထင်ရတယ်။ ခေါင်းလောင်းဘောင်းဘီထက် တိုက်ပုံတွေ ဘာတွေဝတ်ရင် ပိုပြီးကြည့်ကောင်းမယ်... စိတ်ဓာတ်တော့ မပြောတတ်ဘူး..."ဟု ပြော၏။

"ဆိုးမယ် မထင်ပါဘူး... အပြောအဆို ရည်မွန်သားပဲ... ဝတ်စားနေထိုင်တာ ထောင့်မကျိုးဘူး ထင်ရပေမယ့်... ထင်သလောက် မဟုတ်ပါဘူး..."ဟု ထင်မြင်ချက်ပေးလိုက်သည်။

နီနီတွက်ချက်ထားသည့်အတိုင်း၊ သူကိုယ်တိုင် မျှော်လင့်ထားသည့်အတိုင်း နေ့စဉ်လိုလို တစ်ခေါက်တော့ ရောက်လာသည်။ တစ်ခါတစ်လေ မုန့်စားဆင်းချိန်တွင် တစ်ခေါက်၊ ကျောင်းဆင်းချိန်တစ်ခေါက် လာတွေ့သည်။ကားကို ကျောင်းအနီးရှိ လက်ဖက်ရည်ဆိုင်တွင် ထားခဲ့ပြီး သူနှင့်အတူ လမ်းလျှောက်လိုက်လာ၏။ သူတို့ရပ်ကွက်အနီးအထိ လိုက်လာသည်။ မိုင်ဝက်ခန့်သော ခြေလှမ်းချင်း ယှဉ်လာသည့်လမ်းတစ်လျှောက် စကားတွေ ပြောဖြစ်သည်။ သူက ကျောင်းမှန်မှန်တက်ရန် စာကြိုးစားရန် အမြဲပြော၏။ ပြောလွန်း၍ထင်၏။

"ကျွန်တော့်ကို ဆုံးမတဲ့ဆရာမ"ဟု ကျီစယ် ခေါ်ဝေါ်တတ်သည်။ တစ်လခွဲအကြာတွင် ချစ်စကား ပြောလေသည်။

"ကျွန်မတို့သိကြတာ တစ်လကျော်လေးရယ်... တစ်ဘဝလုံးကိစ္စမို့ စဉ်းစားပါရစေဦး..."ဟု သူ့အကြောင်းပြန်ခဲ့သည်။ စင်စစ် ထိုအချိန်၌ပင် နောင်တွင်ပေးမည့်အဖြေက အသင့်ရှိပြီးသား ဖြစ်လေ၏။ ဆယ့်လေးငါးရက် ကြာသောအခါ မောင်က ဒုတိယနှစ် စာမေးပွဲအောင်ကြောင်း ပြောခဲ့သည်။ ဝမ်းသာအားရ စကားပြန်ပြောခဲ့သည်။

"ကျွန်တော်တော့ ဝမ်းမသာချင်ဘူး.. မနင်းဖွေးဆီက အဖြေမရရင် တတိယနှစ် ကျောင်းသားဘဝကို စွန့်လွှတ်ရမှာပဲ..."ဟု ကလေးဆိုးနယ် အကျုပ်ကိုင်သည်။

"အဲဒီလို မလုပ်နဲ့လေ... ကိုဝင်းဇင်က တက္ကသိုလ်ကျောင်းသားကြီး၊ ကျွန်မက ကိုးတန်းကျောင်းသူ... ကျွန်မကပြန်ပြီး ဆုံးမစကားပြောရတာ မကောင်းပါဘူး..."ဟု ပြုံးကာ ရယ်ကာ ချော့သည်။

"ကျောင်းဆက်တက်ပါ... တန်ဆောင်တိုင်ကျ အဖြေပေးမယ်..."ဟု ကတိစကား ပြောလိုက်သည်။ တန်ဆောင်တိုင် မတိုင်မီတွင်ပင် အဖြေတစ်ဝက်ပေးပြီးရာ ကျစေသည့် စကားတွေ ပြောဖြစ်ခဲ့ကြသည်။ မောင့်အား အဖြေမပေးမီ သုံးပတ်တွင် အောင်ငြိမ်းထံမှ စာရသည်။ ယခုစာတွင် အောင်ငြိမ်းက ထိုရှေးဖြစ်တွေကို ပြန်ဖော်ပြချေသည်။

ကျွန်တော့်ကို ချစ်သူတစ်ယောက်လို သဘောမထားနိုင်တာကို ကြေကွဲမဆုံး ဖြစ်ရတယ်။ အခုတော့ကောလို့ မနင်းဖွေး စိတ်ထဲကနေ မေးပေလိမ့်မယ်။ ကျွန်တော် မေ့ပစ်ခဲ့ပါပြီ။ ကျွန်တော်မေ့မထားတဲ့အကြောင်းက အခု မနင်းဖွေး ကြုံနေရတဲ့အဖြစ်။ မနင်းဖွေးနဲ့ ထပ်တူထပ်မျှ ခံစားနေရသလိုပါပဲဗျာ။ သည်ခံစားမှုက ကျွန်တော်အရေးနိမ့်စဉ်က အရှည်အကြာ ခံစားခဲ့ရတဲ့ ခံစားမှုတွေထက် အဆလည်း ပိုလှပါတယ်။ အထုအထည်လည်း ကြီးလှပါတယ်။ ကျွန်တော် အနေရ ကျပ်တည်းလှပါတယ်။ မနင်းဖွေး သိပါလိမ့်မယ်။ ကနေ့အထိ ဝင်းဇင်ဆိုတဲ့နာမည်ကို ကျွန်တော်နှုတ်က တစ်ခွန်းမျှမထွက်ခဲ့ပါဘူး။ သည်စာထဲမှာ အခုရေးလိုက်တာဟာ ပထမဆုံးပါ။ ဘာပဲဖြစ်ဖြစ် အပြစ်တင်ရမဲ့သူဟာ ဝင်းဇင်ကိုး။ တာဝန်အရှိဆုံးလူဟာ ဝင်းဇင်။ ထားပါတော့လေ။ သူမြန်မာပြည်မှာ မရှိဘူးတဲ့။ သူသိတယ်ဆို။ သူ အားလုံးသိတယ်ဆို။ မနင်းဖွေးမှာ ဘယ်လို အခြေအနေနဲ့ ရှိနေပြီဆိုတာ သူစီစဉ်ခဲ့မယ်။ သူ ဘာတွေဘယ်လို ဆောင်ရွက်ရမယ်ဆိုတာ သိရမှာပဲ။ ကလေးကစားတဲ့ ကိစ္စမှာတောင် စည်းနဲ့ကမ်းနဲ့ပဲဗျာ။ လူတစ်ယောက်လုံးရဲ့ ဘဝကိစ္စ၊ ဂုဏ်သိက္ခာကိစ္စကို သည်လောက်တောင် ပေါ့လျော့ရသလားလို့ မခံချင်စိတ်တွေ ဖြစ်ရတာပါ မနင်းဖွေး။ ကျွန်တော် သူ့အပေါ်မှာ ဘာအာဃာတမှ မထားခဲ့ပါဘူး။ ကံကောင်းတဲ့ လူတစ်ယောက် အဖြစ်နဲ့တောင် အားကျခဲ့တာပါ။ အခု သူနဲ့ပတ်သက်လို့ ငြိုငြင်မိတာဟာလည်း ဖြစ်ပေါ်နေတဲ့ လတ်တလော ပြဿနာကို အမှီပြုပြီး ဖြစ်ရတာပေါ့ဗျာ။ သည်စကားကို သင်္ကာမကင်းများ မနင်းဖွေးမှာ ဖြစ်မိလျှင် သည်စာကို ဆက်ပြီး မဖတ်ပါနဲ့တော့။ ကျွန်တော် အပြောကြမ်းရာကျရင် ခွင့်လွှတ်ပါ။

အပြောအဆို ပြတ်သားလှသူ၏စာမှာ စာလုံးတွေ ထောင်းထောင်းထလျက် ရှိသည်။ နားနားတွင် ကပ်၍ ပြောနေသကဲ့သို့ ဖတ်ရလေသည်။ သူ့မေတ္တာကို ဝင်းဇင်ရရှိသွားခြင်းကို အစွဲပြု၍ကာ ပြောနေသည် မဟုတ်ကြောင်း အားပြုရေးသားထားသည်။ မအောင်မြင်ခဲ့သူ၏ စိတ်တို့၌ ဖြစ်လေ့ဖြစ်ထ ရှိသော ဝန်တိုမှုမျိုးကို သူ မမွေးဟု ယုံကြည်စေလိုကြောင်း ဆက်၍ ဖတ်လိုက်လေသည်။

တကယ်လို့ ဆက်လက်ဖတ်တယ်ဆိုရင် ကျွန်တော် ပြောပါရစေ။ မနင်းဖွေးကို ကျွန်တော့်နမ အရင်းတစ်ယောက်လို အခင်ဆုံးသူငယ်ချင်း တစ်ဦးလို ကျွန်တော်

မေတ္တာထားပါတယ်။ သည်မေတ္တာစိတ်နဲ့ တွေးခဲ့ပါတယ်။ ရင်ဆိုင်နေရတဲ့ ပြဿနာကို သတ္တိရှိပါလို့ ကျွန်တော် ခဏခဏ ပြောခဲ့ပါတယ်။ ဦးလေးတို့အဒေါ်တို့ ရှေ့မှာလည်း သည်စကားကိုပဲ ပြောခဲ့ပါတယ်။ ပြောသာပြောရပေမယ့် ကာယကံရှင် မနင်းဖွေးနေရာကို ဝင်ပြီး စဉ်းစားကြည့်တော့ မလွယ်လှပါဘူး။ စိတ်ငယ်အောင် ပြောတယ်လို့ မထင်စေချင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ မနင်းဖွေးက ဇေရက်တောင်ထိပ်မှာ တစ်ယောက်တည်း နေတာမှမဟုတ်ဘဲ။ ဟိမဝန္တာတောအလယ်မှာ တစ်ယောက်တည်းနေတာမှလည်း မဟုတ်တာဘဲ။ ကျွန်တော့်ကို မနင်းဖွေး မပြောလျှင်သာ ရှိမှာပါ။ ရင်ဆိုင်ရမယ့် ပမာဏက သေးငယ်လှတာ မဟုတ်ဘူးလို့ စိတ်ထဲမှာရှိမှာ သေချာပါတယ်လေ။ ကမ္ဘာမြေကြီးပေါ်မှာ ရပ်နေတဲ့လူတိုင်းဟာ ကမ္ဘာမြေရဲ့ အလယ်မှာ မဟုတ်လား။ သည်တော့ ပတ်ဝန်းကျင်မှာ အရပ်ရှစ်မျက်နှာက ဝိုင်းနေတာ။ လူဆိုတာကလည်း အခက်သားကလား။ ကိုယ့်ထမင်း ကိုယ်စားရင်း သူတစ်ပါးဆီ မျက်လုံး ရောက်နေတတ်တာမျိုး။ သူတစ်ပါးထမင်းကို စားရင်း အဲသည် သူတစ်ပါးအကျိုးထက် အပြစ်များအောင် လုပ်တတ်တဲ့ သတ္တဝါမျိုး မဟုတ်လား။ ဘယ်လိုမှ ပတ်သက်ထောက်ထားစရာ မရှိလျှင် ပြောစရာတောင် လိုမယ်မထင်ဘူး။ သည်တော့လည်း မနင်းဖွေး ဘယ်လိုဘယ်လောက် အင်အားမွေးရမယ်ဆို ကျွန်တော်ချင့်လို့တယ်။ သူငယ်ချင်းတစ်ယောက်ရဲ့ ကြီးကျယ်တဲ့ အခက်အခဲကို ဝိုင်းဝန်းကူညီ ဖြေရှင်းပေးချင်တယ်။ ခုအချိန်မှာ မနင်းဖွေးရဲ့သတင်းက ရပ်ကွက်ထဲမှာ ကောလဟာလ အနေနဲ့လောက်သာ ရှိသေးတာပါ။ ကျွန်တော်တို့နီနီတို့ကို လာပြီး စပ်စုကြတဲ့သူတချို့ ရှိတယ်။ ခါးခါးသီးသီး ငြင်းလွှတ်လိုက်တော့ သတင်းဆိုးက ပြယ်သလောက်ပါပဲ။ အမေ့ကိုလည်း မေးကြမြန်းကြတာ ရှိဖူးတယ်။ အမေက ခေါင်းခါပစ်လိုက်တယ်။ မနင်းဖွေးအပေါ် အစကတည်းက သိပ်မလိုလားတဲ့ အပေါင်းအသင်းတွေ၊ ဝင်းဇင်ရဲ့သူငယ်ချင်း သည်မြို့က မြို့ခံကောင်လေးတွေက တီးတိုးပြောရာကစတဲ့ သတင်းဖြစ်ချင် ဖြစ်မယ်လေ။ သည်မှာက မနင်းဖွေးကို မေတ္တာတောင်းပေမယ့် နောက်ဆုတ်ရတဲ့သူတွေ အများကြီးလည်းရှိတယ် မဟုတ်လား။ သဲနဲ့ပက်ချင်တဲ့စိတ် ရှိချင်လည်းရှိမပေါ့။ ပန်းသတင်းကို လူချင်းတောင် ဆောင်တတ်သေးတာပဲဗျာ။ လူ့သတင်းကို လေညင်းကလည်း ဆောင်ချင် ဆောင်ပေမပေါ့။ မဟုတ်ဘူးလား။ ဒါပေမဲ့လည်း သည်သတင်းက ခုအချိန်မှာ ဝိုးတိုးဝါးတား အဆင့်မှာပဲ ရှိသေးတယ်။

ဒုတိယစာမျက်နှာ ကုန်သွားသည်။ ရင်ထဲတွင်ကျုံ့လာ၏။ အသက်ရှူရသည်မှာ ကျဉ်းကျပ်နေသည်။ ကိုယ့်ကိုသူအတော်ပင် နာလည်ထားပါတကားဟု တွေးမိ၏။ တတိယစာမျက်နှာတွင်...

"သည်အချိန်မှာ ကျွန်တော်တစ်ခု ကူညီပါရစေ၊ အမှန်က ကျွန်တော်ကူညီချင်တာတွေကို တစ်ယောက်ယောက်နဲ့ တိုင်ပင်ပြီးမှ ရေးလိုက်ချင်တယ်... ခုတော့ ကိုယ့်ဘာသာကိုယ် အကြိမ်ကြိမ်အဖန်ဖန် တိုင်ပင်ပြီး ရေးလိုက်တာပါ။ သည်အကူအညီကို ကျွန်တော်ကမ်းလှမ်းရတာ အထင်မလွဲစေချင်ဘူး... ကူညီမှုကြီးပေးတယ်ရယ်လို့ ကျွန်တော့်ကိုကျွန်တော် မတွက်ပါဘူး မနင်းဖွေးရယ်။ မနင်းဖွေး ကျောင်းတစ်ရက်ပျက်လို့ ကျောင်းစာကူ ကူးပေးရသလောက်ပါ။ မနင်းဖွေးအဖို့တော့ မြင်းမိုရ်တောင်ကို ဖြိုရသလောက် ခက်ခဲနိုင်မယ်လို့လည်း ထင်ပါတယ်။ တစ်မျက်နှာကနေ နှစ်မျက်နှာ ေ... ပြ... ၁... င်... း..."

ကြီးစွာသော တုန်လှုပ်ခြင်းဖြင့် ဘုရားတ,ကာ မျက်လုံးအစုံကို မှိတ်လိုက်မိချေသည်။ ရှေ့စာကြောင်းများတွင် ဘာတွေရေးမည်ကို ကျွန်မသိတယ် ကိုအောင်ငြိမ်း။ ကျွန်မအတွက်

ဘာပြုလို့များ စိတ်အရှုပ်ခံနေရတာလဲ။ ပြီးတော့ ကိုအောင်ငြိမ်းဘဝကို ကိုအောင်ငြိမ်း မေ့ပစ်လိုက်ပြီလားဟု စိတ်ထဲက ညည်းမိလေသည်။ နလုံးသွေး အပြေးမြန်လာ၏။ ဖတ်ခါစကနယ် မဟုတ်တော့။ သူ့စာလုံးတွေက ဦးနှောက်ကို ဖိစီးလာချေသည်။ အတန်ကြာမှ စာဆက်အတိုင်း ဖတ်ယူရသည်။

တစ်မျက်နှာပြောင်းဖို့ဆိုတာ မနင်းဖွေးလို မိန်းကလေးအတွက် နားမှာလေသံ မသလပ်ချင်မှန်း ကျွန်တော် သိပြီးသားပါပဲ... ဒါပေမဲ့ မနင်းဖွေးကို ကျွန်တော် လက်ထပ်ပါရစေ။ လက်ထပ်ခွင့်ကို ကံကောင်းထောက်မလို့ ရခဲ့လျှင် အမေ့ကို ကျွန်တော်ဖွင့်ပြောမယ်။ ပြီးလျှင် နှစ်ဖက်လူကြီးပြောဆိုပြီး လက်ထပ်မယ်။ မီးဖွားပြီးတဲ့ အခါဖြစ်ဖြစ်၊ ဝင်းဇင်ပြန်လာတဲ့ အခါမှာဖြစ်ဖြစ်၊ မနင်းဖွေးကြိုက်တဲ့ အချိန်မှာ ပြန်လည် ကွာရှင်းကြတာပေါ့။ သည်အတွင်းမှာတော့ မောင်နှမ အရင်းအချာတွေလို နေကြမယ်လေ။ အခွင့်ကောင်းယူပြီး သည်စာရေးတယ်၊ သည်စကားပြောတယ်လို့ မထင်မှတ်စေချင်ဘူးဗျာ။ တရားဝင်မျက်နှာအဖြစ်နဲ့ ကျွန်တော့် မျက်နှာကို ပြပြီးတဲ့နောက် မနင်းဖွေးက ဝင်းဇင်ဆီကို ဘယ်လိုမှပြန်သွားမှာ မဟုတ်ပါဘူးလို့ တွေးပြီး ပန္နက်ရိုက်လိုတဲ့ အနေအထားမျိုးလည်း မဟုတ်ပါ။ မနင်းဖွေး ဝင်းဇင်ကို အခုတိုင် မျှော်လင့်စောင့်စားနေတယ်ဆိုတာလည်း ကျွန်တော် သိပါတယ်။ ကျွန်တော့်ကို နားလည်ပါ မနင်းဖွေးရယ်။

စာအောက်တွင် အောင်ငြိမ်းဟု လက်မှတ်ထိုးထားသည်။ စကားဆုံးသွားချေပြီ။ တစ်ချက်မျှသော ကြေကွဲပြုံးဖြင့် အဆုံးမရှိစွာ အတွေးတွေ ဝင်နေ၏။ သူ့သဘောကို ရိပ်မိချိန်တွင် ငြင်းပြီးနေပေပြီ။ စာရွက်ကိုပြန်ခေါက်ကာ အိတ်ထဲသို့ ထည့်လိုက်သည်။

မဖြစ်နိုင်ပါဘူး သူငယ်ချင်းရယ်... မင်းစေတနာကို ကိုယ် အသိအမှတ်ပြုပါတယ်... ပြီးတော့ ထမင်းသိုးဟင်းသိုး ကျန်မှ စွန့်ကြဲတတ်တဲ့ သူလို့ ကိုယ့်ကိုယ်ကိုလည်း အပြစ်မတင်ချင်ဘူး... မင်းကိုလည်း သူငယ်ချင်းလိုပဲ ခင်လို့ရတယ်။ မင်းရဲ့မိခင်ကကော သားအတွက် ရည်မှန်းချက် ကြီးလှပါတယ်။ သဘောတူတယ်ပဲထား... ကိုယ်ချစ်တာက တစ်ယောက်တည်းကိုပါ... သူ့ကိုပါ....။

ဟု စိတ်ထဲမှလှမ်း၍ပြောနေမိသည်။

*****

## အခန်း(၃၂)

ငဲ့စောင်း၍ ကြည့်နေသော နီနီ့မျက်လုံးတွင် အလွန်အမင်း အံ့ဩသွားကြောင်း သိနိုင်သည်။ ပန်းနရောင်ဖျော့ဖျော့ တင်ထားသည့် နှုတ်ခမ်းနှစ်လွှာ ဟလျက်သား ရှိလေသည်။ အံ့အားသင့်လွန်း၍ တွေတွေဝေဝေနှင့် ရှိသည်။ ဂဝံမြေနီလမ်းပေါ်တွင် လှမ်းနေသည့်ခြေတို့သည် နှေးသွားချေသည်။ မနင်းဖွေးက ပလပ်စတစ်ခြင်းအဖြူကို တံတောင်ဆစ်ဖြင့် ချိတ်ထားရာမှ လျှောချပြီး ကိုင်သည်။

"စိတ်ဓာတ်ဖေးမတဲ့ စာလို့ပဲ နီနီထင်တာ..."

"ကိုယ်လည်း အဲလိုပဲ ထင်ခဲ့တာပဲ... မနက်က နီနီကျောင်းမသွားခင် ကိုယ်လာမလို့... အချိန်မရလိုက်တာနဲ့ ခုဈေးကအပြန် နီနီနဲ့တွေ့များ တွေ့မလားလို့ ထင်သေးတယ်... တွေ့ရင် ပြောချင်နေတာနဲ့ အတော်ပဲ..."

နီနီက မျက်ခုံးတွန့်ထား၏။ ထို့နောက်မေးသည်။

"မနှင်းဖွေး သဘောကကော..."

နှုတ်ခမ်းထောင့် ကွေးညွှတ်ရုံသာ ပြုံးလိုက်သည်။ တစ်လှမ်းနှစ်လှမ်း လွန်တော့မှ...

"ဘယ်ဖြစ်နိုင်ပါ့မလဲကွယ်... နီနီပဲ စဉ်းစားကြည့်လေ.. သူ့စေတနာကို ကိုယ် လေးစားပါတယ်... တကယ်လည်း ကျေးဇူးတင်ပါတယ်... ပြီးတော့ ချစ်သူလို ချစ်လို့မှမရတာ... ဒီစကားကို သူတွင်မကဘူး.. သူ့အမေကပါ ပြောလာတယ်ထားဦး... ကျေးဇူးတင်စွာနဲ့ပဲ ကိုယ်ငြင်းမှာပါ နီနီ... ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာတော့ ဖတ်လို့ကောင်း၊ ကြည့်လို့ ကောင်းမယ်လေ..၊ ရယ်စရာ သနားစရာ ဇာတ်ကွက်တွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့... ခုဥစ္စာက တကယ့် လက်တွေ့ဘဝ... ဒါကို ကိုယ်လက်ခံလိုက်တယ်... ဘယ်အကြောင်းကြောင်းကြောင့် ဖြစ်ဖြစ်ဆိုပါတော့.... သန့်စင်နေတုန်းက ဘေးဖယ်ထားပြီး ညှိုးခြောက်ပြီဆိုမှ ရော့... အင့်... ယူပါ... ပြောတာမျိုး ဖြစ်မနေပေဘူးလား၊ သူ့စာမဆုံးခင်ကတည်းက ခေါင်းခါပြီးသားပါ... သူ့ကို ချီးကျူးပါတယ်... သူငယ်ချင်းကောင်း တစ်ယောက်ပါ..."

နီနီက ခေါင်းတညိတ်ညိတ်နှင့် လိုက်ပါလာသည်။ ခရေပင်တန်းတွေ အနီးသို့ ရောက်သောအခါ...

"သူ့ကို နီနီ ဘာပြန်ပြောပေးရမလဲ..."

"သူ့စာကို နီနီပဲ ပြန်ပေးပေးပါ.."

"သူက အကျိုးအကြောင်း မေးရင်ကော..."

"ကိုယ်အခုပြောတာတွေကို ပြန်မပြောနဲ့ဦးလေ... ကိုယ် သူနဲ့တွေ့ဦးမှာပါ... ဒီစာနဲ့ ပတ်သက်လို့ ပြောစရာစကားတွေ ရှိပါတယ်လို့လောက်သာ နီနီ ပြောထားနှင့်ပေါ့ ဟုတ်လား..."

နီနီကလွယ်ထားသော လွယ်အိတ်ကြိုးအရှေ့စကို ဖွဖွဆုပ်ကိုင်ထားရင်း...

"ဘယ်တော့လဲလို့ မေးရင် ဘယ်လိုဖြေမလဲ..."

မနှင်းဖွေး ချက်ချင်းအဖြေမပေးနိုင်။ စဉ်းစားပြီးမှ...

"သန်ဘက်ခါ ဖိန်းနွဲခါလောက်ပေါ့... အဲဒီနေ့ ကိုယ်ဗိုလ်ချုပ်ဈေး သွားစရာရှိတယ်... ကင်းခြေလိုက်တဲ့ ပိုးချည်လည်းကုန်နေလို့ ဘာလေး ညာလေးလည်း ဝယ်ရအောင် စောစောသွားမယ် စိတ်ကူးတယ်... တစ်နေရာရာမှာ ဆုံပြီး စကားပြောမလားလို့... အဲဒီနေ့ နီနီလည်း အတူတူရှိရင် ကောင်းမယ်..."

နီနီက နှုတ်ခမ်းတစ်ချက် စူလိုက်သည်။

"နီနီရှိနေရင် ဘယ်ကောင်းမလဲ၊ ဟင်... သန်ဘက်ခါဆို စနေ၊ ဖိန်းနွဲခါက တနင်္ဂနွေနေ့ကြီး..."

မနှင်းဖွေးက ရက်အတွက် လွဲသည်ကို သတိပြုမိကာ တိုးတိုးရယ်သည်။

"ဟုတ်သားပဲ၊ ဒါဖြင့်… တနင်္လာနေ့ မကောင်းဘူးလား… ကိုအောင်ငြိမ်းက အားဦးမှ…"

"ဒီလိုလုပ်ပါ့လား၊ ကျောင်းမှာက အေးဆေး လွတ်လပ်တယ်လေ… အဲဒီမှာ စကားပြောပါလား…"

မနှင်းဖွေးက သူ့ကိုကြည့်ပြီး မျက်ခုံးပင့်၏။

"ကိုယ်တစ်ယောက်တည်း ဝင်လာရမှာ ကြောင်တက်တက်ကြီး… လိုက်ရှာရဦးမှာနဲ့ ဘာနဲ့ဆိုတော့ ရှုံးတိုးရှန့်တန့်ဖြစ်ရဦးမယ်… တစ်ခေါက် နှစ်ခေါက်လား ရောက်ဖူးတာ… သိပ်စိမ်းနေတယ်… ပြီးတော့… အဲဒီဘက်ကို ခြေဦးမလှည့်ချင်ဘူးကွယ်.. သိတယ်မဟုတ်လား… မြို့ထဲမှာပဲ ဆုံကြရင်ကောင်းမယ်… ခုအပြန်… နီနီသူ့ကို ပြောပေးပါလား… အိမ်ကိုလည်း ခါတိုင်းလို လာစေချင်တယ်… စာကိုတော့ ခု နီနီအိမ်ကို ခဏဝင်ပြီး ပေးပေးနိုင်မလားဟင်… သူနဲ့ဘယ်လို ချိန်းရမှန်းတောင် မသိတော့ဘူး…"

နီနီ့ရယ်သံက ခပ်လွင်လွင် ထွက်လာ၏။

"မြွေပူရာ ကင်းမှောင့်တာမျိုးနဲ့ တူနေပြီ…"

သူ့ဉပမာနှိုင်းပုံကို သဘောကျ၍ ပြုံးမိသည်။

"ဒီအကြောင်းတွေကို နီနီအိမ်ကို အသိမပေးနဲ့ဦးနော်…"

ခေါင်းညိတ်ကာ…

"ဘာဆိုင်လို့လဲ.. အရင်ကဟာတောင် အသိမပေးခဲ့တာ.."

"တစ်ချို့အကြောင်းတွေကျတော့ လူကြီးတွေမသိတာ ကောင်းတယ်… သိလည်း မထူးတာမျိုး ရှိတယ်မဟုတ်လား… ကိုယ့်အသိနဲ့ကိုယ် ဆုံးဖြတ်ရတာမျိုးလည်းရှိတာကိုး… သိရင် တစ်မျိုးတစ်မည် ဖြစ်ပြီး ရှုပ်ကုန်ရော…"

နီနီခေါင်းတစ်ချက် ထပ်ညိတ်ပြသည်။ ခရေပင်တန်း လွန်လာသောခါ လက်ဝဲဘက်သို့ ချိုးလိုက်ကြသည်။ သဲမြေစပ်စပ် လမ်းထိပ်သို့ ရောက်လာသည်။ ကြွင်းကျန်လျက်ရှိသော နေရောင်ခြည်က လမ်းဝကို စွေစွေထိုး၍ နေ၏။ အဝါနုရောင်အလင်းက ထိတွေ့သမျှတွင် ပြေပြေညက်ညက်။ နီနီက သူ့ညာဘက်မှ လျှောက်ရင်း ကြည့်သည်။ မနှင်းဖွေး၏ ပါးပေါ်တွင် ဝါညက်နုဖွေးသော အလင်းက ပါးပါးလှပ်လှပ်။ နားထင်ဆံစမှ ဆံခြည်မျှင်တွေ စိုပြည် နက်မှောင်လျက်ရှိသည်။ ကော့နေသည့် မျက်တောင်ဖျားဦပင် နေခြည်အလဲ့ကို လုစ်ခနဲ တွေ့ရလေသည်။ သူမသိအောင် နီနီက တိတ်တခိုး ကြည့်သည်။ သတိထားမိလျှင် သိနိုင်သည့်ဝမ်း။ မိန်းကလေးချင်း တွေးချင့်စိတ်က ပင့်သက်နှင့်အတူ ပေါ်ပေါက်လာသည်။

"ကိုအောင်ငြိမ်း အတော့်ကို ပြောင်းလဲလာတယ်နော်"

ထင်မြင်ချက်တစ်ခုအတွက် အဖော်ညှိစကား မနှင်းဖွေးပြော၏။

"နီနီ သတိထားမိသလောက်ကတော့… အရင်… သူ မနှင်းဖွေး စာရေးပြီးတဲ့ နောက်လောက်ကပဲ…"

"အဲဒီတုန်းက တစ်ယောက်နဲ့တစ်ယောက် ခပ်ရှိန်းရှိန်းဖြစ်သွားလို့ အတွေ့အဆုံ နည်းနည်း နည်းသွားတယ်လေ… တစ်ခုခုနဲ့စပ်ပြီး စကား ပြောမိကြတာရယ်လို့လည်း ရှိမှမရှိခဲ့တာ…. တရင်းတနီး ပြန်ဖြစ်တာက ဘာကြာသေးတာမှတ်လို့… ဒီတော့ အရာရာက သိသာနေတာပေ့ါ.."

"အရင်တုန်းက သိပ်ပြီး အားပေးစကား ပြောတာပဲ... ခုတော့ပြောင်းပြန်..."

"တနလ်ာနေ့ကျရင် ကိုယ်ပြောမှာတွေကို သူနားလည်လိမ့်မယ် ထင်ပါတယ်..."

"အင်း..."

"ခုလိုအချိန်မှာ ခုလို စကားပြောတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆိုတာက စပြီး ပြောရမှာပဲ..."

"သူ သိပ်စိတ်လှုပ်ရှားလွန်းလို့ ဒီစာရေးဖို့ ကြိုးစားခဲ့တာဖြစ်မှာပါ..."

"ဖြစ်နိုင်တယ် နီနီ... ကိုယ့်ကိုကြည့်ပြီး တော်တော်စိတ်ထိခိုက်နေတာ ကိုယ်သိပါတယ်..."

ရပ်ကွက်မျက်နှာစာရှိ သစ်ရိပ်ဝါးရိပ်တွေအောက်သို့ ရောက်လာသည်။ အလုပ်ပြန်ချိန် ကျောင်းပြန်ချိန်ဖြစ်သောကြောင့် သွားသူလာသူနှင့်မလွတ်။ နှစ်ဦးစလုံး နှုတ်ခမ်းတွေမလှုပ်ရှားချင်။

*****

အိမ်ခြေရင်းရှိအုတ်ခုံပေါ်တွင် အတူလိုလို ထိုင်လိုက်ကြသည်။ သမံတလင်းမှာ ပြောင်ချောလျက်ရှိ၏။ မိုးပြတ်သွားခါစတွင် ရေညှိတွေခြစ်ကာ သန့်ထားခဲ့၏။ မီးသင့်ထားဖူးသည့် အရောင်အဆင်း ရှိနေခြင်းမှအပ ဖျာနယ်ဖြစ်နေ၏။ ဆောင်းနှင့်နွေနေ့လယ်ညခင်းတွင် မိသားစုအတွက်လည်း နားနားနေနေ စကားစမြည်ပြောရာ နေရာ။ အိမ်က သုံးပင်နှစ်ခန်း ဖြစ်သော်လည်း အလုပ်ခွင်တစ်ပိုင်းနှင့် ကျဉ်းနေသည်။ အပ်ချုပ်စက်နှစ်လုံး၊ စားပွဲ၊ ကုလားထိုင်၊ ခွေးခြေတို့က အိမ်ရှေ့တစ်ပြင်လုံး။ အထည်အပ်သူ ရွေးသူတွေနှင့် သုံးလေးဦးဆုံလျှင် ထိုင်စရာကျပ်လာသည်။ ခင်မင်ရင်းနှီးသူတွေ လာသောအခါ ထိုအုတ်ခုံသို့သွားကာ အေးအေးလူလူ စကားပြောသည်။

"ကိုစိုးလင်းဇော်ကို ကျွန်မမျှော်နေတာကြာပြီ..."

စိုးလင်းဇော်က ခြေချိတ်၍ ထိုင်သည်။ အထက်နှုတ်ခမ်းကို အောက်နှုတ်ခမ်းဖြင့် တွန်းပင့်ထားရင်း ကျွဲတညင်းပင်ကြီးဆီသို့ မော့ကြည့်နေသည်။ ပြုံးရယ်လန်းဆန်းခြင်း ကင်းသော စိုးလင်းဇော်၏မျက်နှာကို မနှင်းဖွေး လှမ်းကြည့်သည်။ ရောက်လာစဉ်က အိမ်ပေါ်သို့ တက်လာရင်း...

"မနှင်းဖွေး.."ဟု ယောင်ယောင်မျှသော အပြုံးဖြင့် ခေါ်ဝေါ်နှုတ်ဆက်သည်။ အင်္ကျီစ ညှပ်လက်စကို တစ်ချက်ကိုက်ရင်း...

"သြော်... ကိုစိုးလင်းဇော်... လာ... ထိုင်ပါ..."ဟု လှမ်းပြောသည်။ မီးပူတိုက်ပြီးသည့် ရုပ်အင်္ကျီကို ခေါက်နေသည့်အဖေက စိုးလင်းဇော်ကို တစ်ချက်ပြုံးကြည့်၏။

"အိမ်ပေါ်တက်ထိုင်ပါကွာ..."ဟု ပြောသည်။ အမေက လွန်းအိမ်သွင်းရင်း...

"မောင်စိုးလင်းဇော်ပဲ့လား..."ဟု ပြောကာ မနှင်းဖွေးဘက်သို့ မျက်နှာလှည့်၏။

ထိုအခိုက်တွင် အမျိုးသမီးတစ်ဦးက ကလေးလေးယောက်နှင့်အတူ အိမ်ပေါ်သို့ တက်လာသည်။ ခေါင်းရင်းဘက် စက်ခုံအနီးရှိ ကုလားထိုင်တွင် ထိုင်နေသူ စိုးလင်းဇော်က မထိုင်ရအခက်၊ ထိုင်ရအခက်နှင့် ဖြစ်နေသည်။ အဖေက သူ့ကို...

"အုတ်ခုံမှာ အေးအေးဆေးဆေး သွားထိုင်ပြီး ညှော်ခံပါ့လား၊ သမီး..."ဟု ပြောကာ...

"ဧည့်သည်ဖို့ ရေနွေးထပ်တည်ကွာ... စားစရာလည်း တစ်ခုခုလုပ်လိုက်ပါ..."ဟု အမေ့ကို တစ်ဆက်တည်း ပြောသည်။

စိုးလင်းဇော်က ခပ်ငိုင်ငိုင်။ 'နေပါစေ မလုပ်ပါနဲ့...'ဟူသော စကားကို ပြောရန်ပင် မေ့နေဟန်ရှိ၏။ စိုးလင်းဇော်သည် ဝင်းဇင်သူငယ်ချင်းဟု အဖေတို့သိ၏။ တစ်စုံတစ်ရာပြောရန် စကားပါလာမည်ဟု အတွေးရှိဟန် တူလေ၏။ စိုးလင်းဇော် အပြောရအဆိုရ ကျပ်တည်းမည်ကို တွက်မိ၍ ထွက်ပေါက်ပေးလိုက်ခြင်းဟု မနှင်းဖွေး နားလည်သည်။

"ကျွန်တော် အခုမှရောက်တဲ့အတွက် ခွင့်လွှတ်ပါမနှင်းဖွေး.."

ပထမဦးဆုံးစကား...။

"ကိစ္စမရှိပါဘူး ကိုစိုးလင်းဇော်... မအားလို့သာ ရောက်မလာတာလို့ ကျွန်မ နားလည်ပါတယ်... နီနီနဲ့ စကားပါးလိုက်တာ ကျွန်မရပါတယ်..."

စိုးလင်းဇော်ထံမှ တစ်ခွန်းမကြားရပြန်။ ဆောင်းဦးနိမိတ်တို့သည် လေပြေတွင် ထင်စပြုနေပြီ။ သစ်ရွက်သစ်ဖျား ခတ်လှုပ်သံကို အပ်ချပ်စက်မြည်သံနှင့် ရောထွေးကာကြားရ၏။ စိုးလင်းဇော်၏ ငြိမ်သက်မှုက သူ့အတွေးတွေကို အစဖွာလာစေ၏။ အဘယ်မည်သော အကြောင်းများကြောင့် ထိုသို့ဖြစ်နေပါလိမ့်။ ဝင်းဇင်နှင့် ပတ်သက်၍ ပြောစရာစကား မည်သို့ပါလာသနည်း။ သို့မဟုတ် လာရောက်တွေ့ဆုံခြင်း သက်သက်ပေလော...။ သို့မဟုတ် ဝင်းဇင်၏ အခြေအနေမှန်ကို ပြောပြရန် အခက်ဆုံးအပိုင်းသို့ ရောက်နေသဖြင့်လော...။ မိန်းကလေးတစ်ဦး၏ ဂုဏ်သိက္ခာပိုင်းကို ငြိစွန်းနိုင်သည့် အကြောင်းတစ်ရပ်ဖြစ်သော နှုတ်အဖွင့် ခဲယဉ်းနေသလော။ မောင်နှင့်စပ်လျဉ်းသူတစ်ဦးကို မြင်လိုက်ရသည်နှင့်ပင် ရင်တွေခုန်လေသည်။ အတွေးတွေ အတိုင်အဖောက် မညီမညွတ်ဖြစ်ရချေသည်။

"သူ့ဆီက စာလာသလားဟင်.."

မနှင်းဖွေး၏ အဦးဆုံးမေးခွန်း။ သူ့ကို စိုးလင်းဇော် လှည့်ကြည့်သည်။ ဖြေမည်ပြင်သည့် နှုတ်ခမ်းကို မြင်လေသည်။

"မလာပါဘူး..."

အံ့သြစွာသောအကြည့်ဖြင့် သူ့ကို ကြည့်ရင်းဖြေ၏။ ခြံဝန်းကျင်သို့ မျက်လုံးဝေ့ကာနေသူ စိုးလင်းဇော် အမူအရာမှာ လေးလံလျက်ရှိ၏။

"သူ့အိမ်ကို ကိုစိုးလင်းဇော် ရောက်သေးလား..." ခေါင်းခါရုံသာ ခါပြ၏။

"နီနီ မနှင်းဖွေးဆီ လာသေးလား..."

"လာပါတယ်... မနေ့ကလည်း လာတယ်... မနက်ကတောင် ကျောင်းသွားရင်း လှည့်ဝင်သွားသေးတယ်... ဘာဖြစ်လို့လဲ..."

"နီနီဘာပြောသေးလဲ..."

ခေါင်းခါကာ... ...

"ဘာမှမပြောပါဘူး... ဘာဖြစ်လို့လဲ ကိုစိုးလင်းဇော်..."ဟု သိလိုစိတ်ဖြင့် ချက်ချင်း မေးလိုက်၏။ စိုးလင်းဇော်က ပြုံး၍...

"နီနီနဲ့ ကျနော်ခဲ့တဲ့စနေနေ့တုန်းက အပန်းဖြေရိပ်သာမှာ တွေ့တယ်... ဘာမှတော့ မမှာလိုက်ပါဘူး... ကျွန်တော် နောက်စနေ... ဒီနေ့ပေါ့လေ.. အဲဒီ လာမယ်ဆိုတဲ့အကြောင်း ပြောလိုက်တာ... မနှင်းဖွေးကို ပြောသလားလို့ပါ..."

ဟု ခပ်ဆိုင်းဆိုင်းပြောသည်။ လေသံနှင့်စကားလုံးတွေကို သင်္ကာမရှင်းဖြစ်မိသည်။

ကြာသပတေးနေ့မှ ကနေ့အထိ နေ့တိုင်းတွေ့နေကြလျက် ထိုစကားကို နီနီမပြောခဲ့။

"နီနီပြောဖို့ မေ့နေလို့နဲ့တူပါတယ် မနှင်းဖွေးရယ်..."

ခေါင်း၌ ညိတ်ခြင်း၊ ခါခြင်း ကင်းလျက်ရှိလေ၏။ စိုးလင်းဇော်က အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်သည်။ တစ်လိပ်ထုတ်ယူပြီး နှုတ်ခမ်းတွင် ခဲထား၏။ မီးခြစ်ကို တိုက်ပုံအင်္ကျီအိတ်ထဲမှ ထုတ်ကာ ညှိသည်။ မီးခြစ်အဖုံးပိတ်သံ တစ်ချက်အမြည်တွင်...

"ကနေ့အထိ ကျွန်မဆီကို စာတစ်စောင်မရောက်ဘူး..."

စိုးလင်းဇော်က တိုက်ပုံအိတ်သို့ ငုံ့ကြည့်သည်။ မီးခြစ်ကို အသာအယာ ပစ်ပေါက်၍ ထည့်သည်။ ပိုက်ဆံအကြွေနှင့် မီးခြစ်ထိသံ ထွက်လာ၏။ ဘယ်လက်ညှိုးနှင့် လက်ခလယ်ကြားတွင် စီးကရက်ကို ညှပ်ကာ သုံးလေးခါရှိုက်၍ မီးစွဲစေပြီးမှ...

"လိုအပ်တဲ့ဆေးဝါး အကူအညီ လိုရင်ပြောပါ မနှင်းဖွေး... ကျွန်တော့်ကို အားမနာပါနဲ့... တတ်နိုင်သလောက် အကူအညီ ပေးပါရစေ... ဝင်းဇင်ရဲ့ သူငယ်ချင်းလို့ သဘောမထားစေချင်ဘူး.... မနှင်းဖွေးရဲ့ ဆွေမျိုးသားချင်းလို သဘောထားပါဗျာ... မဟုတ်ဘူးလား..."

သူ့နှုတ်က ယခုထွက်လာသည့်အမည်။

"ကျေးဇူးပါပဲ... ခုထိတော့ ဘာမှ မလိုသေးပါဘူး ကိုစိုးလင်းဇော်... ခုလိုအလည်အပြု လာတာကိုပဲ ဝမ်းသာပါတယ်... ကျွန်မကို အသိအမှတ် ပြုနေသေးတယ်ဆိုတဲ့ သဘောကိုး..."

ပျာပျာသလဲ အမူအရာနှင့် ပြန်ပြောလိုက်သည်။

"မဟုတ်တာဗျာ.. ဘာလို့ အသိအမှတ် မပြုရမှာလဲလို့.... အရင်က အတိုင်းခင်မင်မြဲပါ... ပြဿနာပေါ်စက ရောက်မလာတာ အဘွားရဲ့ သစ်စက်ကိစ္စတွေ ဘာတွေနဲ့ အလုပ်များနေလို့ပါ... ကျွန်တော်ရောက်မလာလို့ မနှင်းဖွေးတော့ တစ်မျိုးတစ်မည်များ ထင်မလား ထင့်တော့ထင့်မိသား... တကယ်ဗျာ.... အဘွားက သစ်ခွဲစက်တည်တယ်... ဒီကြားထဲ အဘိုးကြီးရဲ့ ကားဒရိုင်ဘာက နေမကောင်း၊ ဆေးရုံတက်... ကျွန်တော်က ဒရိုင်ဘာ လုပ်နေရတယ်... ကျောင်းတစ်ဖက်နဲ့ ဒီအထဲ အဘိုးကြီးတို့အဖွဲ့ ဂျီနီဗာသွားဖို့ ကိစ္စအတွက်ပါ ရောနေတော့ ဘာပြောကောင်းမလဲ... ဂျီနီဗာသွားမယ့် အဖွဲ့ထဲမှာ ဝင်းဇင်အဖေလည်း ပါတယ်လေ...."

စကားကို ရှွန်းရွှန်းဝေအောင် ပြောတတ်သောလေ့က ပြန်လည်ပေါ်လာသည်။ မောင့်မိသားစု၏ အကြောင်းကိုကြားရစဉ် မျက်နှာတွေက စဉ်တိုက်စဉ်တိုက်ထင်သည်။ မောင်ခေါ်သွား၍ မကြာခဏ ရောက်ခဲ့ဖူးသည်။ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်းနဲ့

မျက်နှာချိုသော မောင့်အဖေ။ မျက်ခုံးထူပျစ်ပျစ်နှင့် ပါးဖောင်းဖောင်း။ မေးနှစ်ထပ်ဖြစ်နေသည်။ ကုပ်သားကြောင့် လည်ပင်းမပေါ်သလောက် ရှိနေသည်။

"ကျောင်းနေသလား..ဘယ်နတန်းရောက်ပလဲ..."

ဟူသောစကား တစ်ခွန်းနှစ်ခွန်း ပြောသည်။ မောင့်မိခင်က ဖခင်ထက် အရုပ်ကောင်းလှ၏။ လုပခမ်းနားစွာ ဖီးလိမ်းပြင်ဆင်ထားသည်။ နာတံသွယ်သည်။ မျက်ခုံးမွေးပါးပါး ဆွဲထားသည်။ သူ့ခင်ပွန်းနှင့် အသားအရေ ဆန့်ကျင်ဘက်။ ကိုယ်ခန္ဓာ ပြည့်ပြည့်ကျစ်ကျစ်၊ ဖြူဖြူ။ လွတ်လပ်ရေး ရပြီးခါစက မြေလတ်သူမယ်ဘွဲ့ ရဖူးသည်ဟု မောင်ပြောသည်။ မောင်နှင့်မောင့်ညီမအကြား အဖတ်မတင်သော အမြွှာညီအစ်ကို အပါအဝင် သားသမီးလေးယောက်၏ မိခင်။ အသက်လေးဆယ်ကျော် ငါးဆယ်တွင်း အမျိုးသမီးကြီးဟု မထင်နိုင်လောက်အောင် နုနေသည်။ ဆယ်နှစ်ကျော်မကက လျော့စွာတွက်စေနိုင်သည်။ ဆယ့်ရှစ်နှစ် မပြည့်တတ်သေးသော သူ့သမီးနှင့်ယှဉ်လျှင် အကြီးဆုံးအငယ်ဆုံး မွေးချင်းညီအစ်မဟု ပြောကပြောနိုင်မည်။ မောင့်နမက တစ်ခါတစ်ရံ လူကြီးဆင်ဆင်သည်။ ထိုအခါ မသိသူအဖို့ ထိုသို့ပင်မြင်ပေမည်။ အပြောအဆိုမှာ မောင့်ဖခင်နှယ် ချို၏။ သို့သော် လေသံမှာ မင်းသံစိုးသံ မသိမသာကဲနေကြောင်း သိလေသည်။ လေးငါးခြောက်ခါ စကားပြောဖူးသည်။

"သြော်... သားရဲ့သူငယ်ချင်းလား..."ဟု စတင်ကြားရသည်။

သူ့သားဆိုးကြောင်း၊ နွဲ့ကြောင်း၊ သမီးဖြစ်သူ စာတော်ကြောင်း၊ အစားအသောက် ဇီဇာကြောင်သော ခင်ပွန်းသည်အကြောင်း၊ အိမ်ကိစ္စများအကြောင်း၊ အိမ်ဖော်နဲ့ ခြံသန့်ရှင်းရေး အလုပ်သမားများ ခိုကပ်သဖြင့် မိမိဝင်လုပ်နေရကြောင်း၊ ကတုတ်တွင် နို့စားနွားမငါးဆယ်ကျော်ဖြင့် မွေးမြူရေးလုပ်ငန်း လုပ်နေကြောင်း၊ ယင်းလုပ်ငန်းရှိ အလုပ်သမားများ အလုပ်မလုပ်ကြပုံမှအစ ရယ်မော ညည်းတွားကာ ပြောပြခဲ့သည် အကြိမ်ကြိမ်။ အဝတ်အထည်ဆန်းများ၊ ရုပ်ရှင်ကားသစ်များ၊ စတူဒီယိုတေးသစ်များနဲ့ စပ်၍ ကြားခဲ့ဖူးသည်။ မောင့်မိခင်နှင့် အတော်အတန်တော့ ရင်းနှီးခဲ့သည့်တိုင် မောင့်နမနှင့်မူ ခပ်စိမ်းစိမ်း။ တွေ့စက...

"ဟုတ်ကဲ့၊ သိရတာဝမ်းသာပါတယ်..."ဟူသော လောကဝတ်စကား၊ တွေ့သောအခါ ညှော့သည်နှင့်အိမ်ရှင်၏ သာမန်အပြုံးတို့ဖြင့်သာ ရှိခဲ့ကြသည်။

ထိုမိသားစု၏အကြောင်းကို ပြန်ပြောင်းတွေးမိသည့်အခါ စိတ်မှာများစွာ အလှမ်းကွာနေမှန်း ခံစားသိရှိလေသည်။ စပ်ဆိုင်ခြင်း မည်သည့်အခါမျှ မရှိနိုင်တော့သည့် အဝေးမျိုးဖြင့် ဝေးလျက်ရှိနေပြီဟု ထင်မှတ်ရချေ၏။

"ဝင်းဇင်တို့ဘက်က ဘာလာပြောသေးလဲ..."

မနင်းဖွေးက မှဲ့ပြုံးကို ဝှက်ပြုံး၏။

"အမေနဲ့ ကျွန်မနဲ့ နောက်ဆုံးအကြိမ်အဖြစ် သွားခဲ့တယ်"

"ကျွန်တော် အဲဒါကြားတယ်..."

"နီနီပြောပြလို့ ထင်တယ်.."

"မဟုတ်ဘူး... မာရီယွန်ပြောပြလို့..."
ဝင်းဇင့်နမ၏ နာမည်။

"ဩော်... သူသိမှာပါလေ... သုံးလေးရက်နေရင် သူတို့တိုင်ပင်ပြီး လာမယ်ပေါ့... ကိုဝင်းဇင့်အဖေနှင့် တိုင်ပင်ပါဦးမယ်တဲ့... ပြောလိုက်တာပဲလေ.."
"ပြီးတော့လည်း အခုအထိ အကြောင်းမပြန်ဘူးမဟုတ်လား..."

မနင်းဖွေးက ဟင်းကနဲ တစ်ချက် ရယ်ပစ်လိုက်သည်။ ရယ်သံအဆုံးတွင် သံသယအစုအထွေးကို မေးခွန်းဖြင့် ဖြေရှင်းရန် ကြိုးစားကြည့်သည်။

"ကျွန်မ သိချင်တာတစ်ခုရှိတယ် မှန်မှန်ဖြေမလား... ကိုစိုးလင်းဇော်..."
တစ်ဝက်သာသာရှိသော စီးကရက်ကို တစ်ဖွာဖွာရင်း နှုတ်ခမ်းမှခွာကာ ပြုံး၏။ မျက်ခုံးတစ်ချက် ပင့်တက်သွားချေ၏။
"မေးလေ... မေးပါ... ကျွန်တော်ဖြေပါ့မယ်..."

ရှေ့သို့ခပ်အိုင့်အိုင့်ထားကာ နေရာမှကိုယ်ကို မတ်လိုက်သည်။ သမံတလင်းတွင် လက်နောက်ပြန်ထောက်သည်။ ဗိုက်ကိုရှုပ်၍ နေနေရသော အကျင့်ကြောင့် အသက်ရှူရ ပိုကျပ်လာသည်။ မေးမည့်မေးခွန်းကို ဝင်သက်ထွက်သက်ကြားမှ ခက်ခဲစွာထုတ်ယူရသည်။

"ကိုဝင်းဇင် သင်္ဘောနဲ့လိုက်သွားတာ အမှန်ပဲလားဟင်..."
စိုးလင်းဇော် ငြိမ်လျက်ရှိသည်။ စင်စစ် ထိုမေးခွန်းမျိုးကို ကြားရပါက အဆလွန်ကျူးအံ့ဩသွားသင့်သည်။ ယခုသော် အဘယ့်ကြောင့် မတုန်လှုပ်ရချေသနည်း။ စိုးတစဉ်းမျှ အံ့အားမသင့်။ ထို့အပြင် အဆောတလျင် အာမေဋိတ်ပြုခြင်းပင် မရှိ။
"ဘာဖြစ်လို့ ဒီလိုမေးတာလဲ မနင်းဖွေး..."
ခဏကြာချေမှ သူကပြန်မေး၏။

"ကျွန်မ ရင်မရှင်းဘူး ကိုစိုးလင်းဇော်..."
"ဘာကိုပြောတာလဲ..."
သိလျက်နှင့် တမင်မေးသည် ထင်မိ၏။

"သူ
ဒီမှာပဲရှိနေတယ်လို့....ကျွန်မထင်တယ်... ရှောင်နေတယ်လို့ပဲ ကျွန်မစိတ်ထဲ ဖြစ်နေတယ်... အမှန်အတိုင်း ကျွန်မသိချင်တယ်..."
စိုးလင်းဇော်က နှုတ်ခမ်းအလှုပ်ကို သူစောင့်သည်။ စီးကရက်မီးခိုးတွေကို ဂူးခနဲ မှုတ်ထုတ်ပြီး မြေသို့ကြည့်နေ၏။ မျက်တောင်မခတ်။ ကြာရှည်စွာ၏။ စောင့်လင့်ရသည်မှာ ပင်ပန်းလှ၏။ ဖြေရမည့်သူက ထိုမျှမကြာစကောင်းဟု သတိရလေဟန်တူသည်။

"သူ ဒီမှာမရှိပါဘူး မနင်းဖွေး..."

"ကိုစိုးလင်းဇော် ပြောလို့သာ ကြားလိုက်ရတယ်ရှင်..."
"ဗျာ... ဘာဖြစ်လို့လဲ"
"သြော်... နားထဲမှာသာ ကြားလိုက်ရတယ်လို့ပြောတာပါ..."

*****

## အခန်း(၃၁)

"ကျွန်မ ဘာပြုလို့ငြင်းရတယ်ဆိုတာ ကိုအောင်ငြိမ်း တကယ်သဘောပေါက်တာပါနော်..." ဟု ထပ်ပြီးမေးသည်။ ထပ်မံခေါင်းညိတ်ပြရုံသာမက...

"ကျွန်တော်ကပြန်ပြီး အားနာရပါတယ်.. ဒီနည်းနဲ့ အကူအညီပေးရင် ကောင်းမလား တွေးမိလို့ ရေးလိုက်တာပါ... ဟုတ်ပါတယ်... မနင်းဖွေး ဘက်က ခုလိုတွက်မယ် ဆိုလို့ရှိရင်လည်း တွက်ရမှာပဲလေ... နေရာချင်းလဲပြီး ကျွန်တော်တွေးကြည့်ပါတယ်... မနင်းဖွေး ငြင်းလိုက်လို့ ကျွန်တော့်စိတ်ထဲမှာ ဘာမှမဖြစ်ပါဘူး... ဆုံးရှုံးရပြန်ပါပကောလို့ ယောင်မှားပြီးတောင် မဖြစ်မိပါဘူးဗျာ... အရာမြောက်အောင် မကူညီနိုင်သေးပါလားလို့ အောက်မေ့ပါတယ်..." ဟုပြောသည်။

"ကျွန်မသာ ယောကျ်ားလေးတစ်ယောက်... ခုလိုပေါ့လေ... ကိုယ့်သူငယ်ချင်း မိန်းကလေး တစ်ယောက်မှာ ပြဿနာကြုံနေရရင် ဒီနည်းနဲ့ အကူအညီပေးပေးဖို့ကို တွေးချင်မှတွေးမိမယ်... တွေးမိတယ်ပဲထား... ဖွင့်ပြောဖို့စကား အဲသလိုကူညီဖို့...... ရဲရဲဆုံးဖြတ်ဖို့ကော..... အတော် ခက်မယ်... ကိုအောင်ငြိမ်းကို ကျွန်မ တမင်မြှောက်ပြောနေတာ မဟုတ်ပါဘူး... ကိုယ့်ဘဝတစ်ခုလုံးကို လမ်းကြောင်းပြောင်းပစ်ဖို့ အဲသလောက် စွန့်စားဝံ့မှာ မဟုတ်ပါဘူး... ဒါ... ကျွန်မက ယောကျ်ားလေးတစ်ယောက်အနေနဲ့ တွေးကြည့်ရုံသက်သက်... တစ်ကယ်များဆို တွေးတာထက် ဆယ်ပြန်ခဲယဉ်းမယ်... ဒီတော့ ကိုအောင်ငြိမ်းကို ကျွန်မ မဖော်ပြနိုင်အောင် ကျေးဇူးတင်တယ်လို့ ပြောခဲ့တာပါ။ လေးလည်း လေးစားပါတယ်... အဟုတ်ပြောတာပါ..."ဟု သူပြန်ပြောသည်။

"ဒါဖြင့်ကျွန်တော့်ကို မဲဇာကိုတောင် မပို့တော့ဘူးပေါ့.. ဟုတ်လား..."ဟု ရယ်မောကာ အောင်ငြိမ်း မေးပြောပြော၏။ သူ့စကားကို သဘောကျသောကြောင့် ရယ်နေလိုက်သည်။ ပြီးမှ "သြော်ဖြစ်မှဖြစ်ရလေ... စဉ်းတောင် မစဉ်းစားမိဘူး... ရတုကောင်းကောင်းစပ်ပြီး ပို့ပေးမယ် ဆိုရင်တော့ မဲဇာကို ကျွန်မပို့ပေးမယ်လေ..."ဟု မနင်းဖွေးပြောသည်။ နှစ်ယောက်ပြိုင်တူ ရယ်လိုက်ကြသည်။

"ကျွန်မတစ်ခုပြောမယ်..."ဟု သူပြော၏။ အောင်ငြိမ်းက "ပြောပါ"ဟု ဆို၏။
"အရင်တစ်ခါကလို လမ်းမဖြတ်စေချင်တဲ့ အကြောင်းပါ..."ဟု ပြောလိုက်သည်။
"ကျွန်တော် ခံနိုင်ရည် ရှိပြီးသားပါ..."ဟု ဖြေသည်။

"နီနီကတော့ ကျွန်တော့်ကို ထင်မှာပဲ... မနင်းဖွေး... သိလား... ခေတ်ဟောင်းက ရုပ်ရှင်တွေထဲက ဇာတ်လိုက်လို့... အဲဒီဇာတ်လိုက်တွေကို အားကျနေတယ်လို့..."ဟု ရယ်ကျဲကျဲမျက်နှာနှင့် ပြောလေသည်။

"ဘာလဲ... လှည်းကျိုးထမ်းတဲ့ ဦးဇေယျကြီးကိုလား...."ဟု မနှင်းဖွေးမေးသည်။ သူမဖြေ။ "နီနီကို ကျွန်မဘာမှ မပြောပါဘူး..."ဟု ဖာဖာထေးထေး ပြော၏။ မှန်နှစ်ဖက်ကို လက်ကိုင်ပုဝါဖြင့် သုတ်နေရင်း ခေါင်းခါပြသည်။ ထို့နောက်...

"မညာပါနဲ့ မနှင်းဖွေးရယ်... သစ်သီးအကြွေကို မြေပေါ်က စောင့်မျှော်နေတဲ့ မြေခွေးတစ်ကောင်လို့ ထင်ရင်လည်း ထင်ပါစေ... အခွင့်ကောင်း စောင့်နေတဲ့ သတ္တဝါတစ်ကောင်လို့ ယူဆချင်လည်း ယူဆပါစေ... ကျွန်တော့်ကိုယ်ကျွန်တော်တော့ အတော့်ကို ရင့်ကျက်နေပြီလို့ ထင်နေတာပဲဟာ... ဟုတ်တယ် မဟုတ်လား..."ဟု ဖြေသည်။ တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်လာနိုင်ကြသည်။ ထိုအချိန်တွင် အောင်ငြိမ်းက စကားပြောင်းလေသည်။

"ဆိုပါဦး... ဘတ်စ်ကားပေါ်မှာ မနှင်းဖွေးပြောတဲ့ဟာ..."

စိုးလင်းဇော် လာသည်နှင့် စပ်၍မေးသည်။

"ဩော်... အင်း... အင်း... သူ့ကို အကဲခတ်ရတာတစ်မျိုးပဲ..."ဟု ပြောသည်။ အောင်ငြိမ်းက...

"ဘယ်လို တစ်မျိုးလဲ..."ဟု စကားထောက်သည်။

"ကျွန်မပြောတယ်မဟုတ်လား... ကိုဝင်းဇင် ဒီမှာပဲရှိမယ်... ရှောင်နေတာပဲ ဖြစ်မယ်လို့..."ဟု မနှင်းဖွေးက ပြောပြသည်။

"သူက ဘာလို့ပြောလို့လဲ..."

အောင်ငြိမ်းမေး၏။

"ဘယ်လိုမှ ပြောတော့ မပြောပါဘူး... ကျွန်မကို ဖုံးကွယ်ထားတယ်လို့ ထင်နေတယ်လေ..."

ဟု မနှင်းဖွေးပြန်၍ ဖြေသည်။ ထို့နောက် စိုးလင်းဇော်ကို မေးသည့်အတိုင်း အောင်ငြိမ်းကို မေးလေသည်။ အောင်ငြိမ်း၏ အမူအရာမှာ သည်အခါတွင် ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်ပြန်လေပြီဟု မြင်ရပြန်၏။

"ဝင်းဇင်ကို ကျွန်တော် မတွေ့မိပါဘူး..."

ဟူ၍သာ အောင်ငြိမ်းကလည်း ဖြေလေသည်။ ထိုအဖြေကို လက်ခံလိုစိတ် အလိုလိုမရှိ။ ထို့စဉ်...

"မနှင်းဖွေး တမင်စိတ်ပျက်အောင် ကျွန်တော်ပြောတယ်လို့ မထင်နဲ့ဗျာ..."

ပဏာမခံသော စကားကြောင့် စိတ်လှုပ်ရှားသွားရ၏။ ဝန်ခံစကားကို ရုတ်ခြည်း ပေးလိုက်သည်။

"ပြောပါ... အမှန်အတိုင်း သိချင်တာလွဲလို့ ကျွန်မမှာ ဘာမှမရှိပါဘူး ကိုအောင်ငြိမ်းရယ်..."

ပြောမည့်စကားကို မပြောမီ အမေးတစ်ခွန်း မေးလေသည်။

"မနှင်းဖွေး... ပေပင်ကို တွေ့ဖူးလားဟင်..."

"တွေ့ဖူးသားပဲ..."

"ပွင့်တဲ့အခါမှာကော တွေ့ဖူးလားဟင်.."

"တွေ့ဖူးတယ်လေ... ရွှေတိဂုံဘုရား အနောက်မုခ်က ဓာတ်လှေကား စင်္ကြံနားမှာကပ်ပြီး ပွင့်နေတာလေ..."

အောင်ငြိမ်းက ခေါင်းညိတ်ပြသည်။

"တစ်ခါပွင့်ပြီးရင် အပင်သေသွားတာကိုလည်း သိပြီးဖြစ်မှာပေါ့..."

သရုပ်သကန်က မျက်မြင်ပြက်ပြက် ဖြစ်လာသည်။ ထိုနှင့်အမျှ နှုတ်မဟသာ တော့။ ခေါင်းကို လေးတွဲ့စွာ ညိတ်ပြနိုင်ခဲ့၏။

"အပွင့်တွေတုံးသွားတဲ့ပေပင်ကို ရွက်သစ်ထွက်နိုး ထွက်နိုးနဲ့ စောင့်စားရတဲ့အလုပ်ကို မနင်းဖွေး ဘာလို့လုပ်ချင်ရတာလဲဗျာ..."

စူးနစ်ပေါက်ရောက်စွာသော ရှားလုံစကား၊ မြားစကား။

*****

## အခန်း(၃၀)

မှန်ပြင်နှင့်ဘိတို့ ကွာသွားသည်။ အင်္ကျီကို အဖေဆွဲယူလိုက်၏။ ချုပ်သားအဆုံးတွင် ပါလာသော ချည်နှစ်မျှင်ကို တင်းတင်းတန်းတန်း တွေ့ရ၏။ စက်ခေါင်းဘီးဘက်ရှိ ကတ်ကြေးကို ဆွဲယူပြီး ဖြတ်လိုက်သည်။ ထို့နောက် ခွေးခြေပေါ်တွင်ထိုင်ရင်း ကိုယ်ကိုနောက်သို့လှည့်လိုက်၏။ သူ့ကိုကြည့်လျက်ရှိသော သမီးထံ မျက်နှာမူလေသည်။ ဘယ်လက်ထဲက ကိုယ်ဝန်ဆောင်အင်္ကျီကို မြှောက်ပြကာ...

"ပြီးပြီ..."ဟု ပြော၏။ မနင်းဖွေးက မဝံ့မစားစွာပြုံးသည်။

"ဝတ်ကြည့်စမ်းပါဦးသမီးရဲ့... ဝတ်လို့မှ အဆင်ပြေရဲ့လားလို့..."

ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားလေသည်။ မီးတောခမည့်ကျောက မှန်ဗီရိုနှင့် မထိဖြစ်။ မဂ္ဂဇင်းစာအုပ်ကို ချထားပြီးထသည်။ မီးခိုးရောင်အောက်ခံပေါ်တွင် အပြာနှင့်နီညိုရောင် ပန်းခက်ဖျော့ဖျော့ တင်ထားသော အင်္ကျီကို လှမ်းကြည့်သည်။ အဖေ့ထံသို့ လှမ်းသွားရသော ခြေတွေထိုင်းနေ၏။ ယူရန်လှမ်းသောလက်သည် အဆန့်နေးလျက် ရှိလေသည်။ မှိုင်းပျပျစိတ်ဖြင့် ဝတ်ရသည်။ လက်နှစ်ဖက်လျှိုပြီးသည့်နောက်...

"ဟိုဘက်လှည့်လေ... အဖေ ကြယ်သီးတပ်ပေးမယ်... သေသေချာချာ ဝတ်ကြည့်စမ်း ဆိုကာမှ စွပ်ရုံစွပ်တယ်... လှည့်... ဟိုဘက်..."

အဖေ့စကားအတိုင်း တစ်ဖက်သို့ လှည့်ရင်း ပြုံးမိသည်။ အမေသည် ပက်လက် ကုလားထိုင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း ကွမ်းယာယာနေ၏။ သားအဖနှစ်ယောက်ကို ကြည့်နေသည်။ ကွမ်းသီးကို တင်ကြို့ဝါးကာ ယာပြီးသားကွမ်းကို ပါးစပ်ထဲသို့ထည့်သည်။ ညာဘက်လက်ညှိုးထိပ်ရှိ ထုံးစကို သွားတွင်ခြစ်၏။ တစ်ဖက်ခုံနိမ့်ပေါ်က လက်သုတ်ပဝါအစုတ်ကို ယူပြီး လက်ညှိုးကို ထုံးသန့်သည်။

"ကိုစိန်လှိုင်... ရင့်အင်္ကျီက သိပ်မပွလွန်းဘူးလား..."

အဖေ့ကို လှမ်းပြောသည်။ အမေ့ကို အဖေပြုံးပြ၏။ ပါးနှစ်ဖက် အရစ်ရစ်ထသွား၏။ ပျော့ပျောင်းသော ပါးအရေပြားတွေကြောင့် ပိန်သည်ထက် ပိန်သည်ထင်ရ၏။ ကြယ်သီးစေ့ တပ်ပြီးသောအခါ "မှန်း... ဒီဘက်လှည့်..."ဟု ပြော၏။ လှည့်ရမည့်ကိုယ်မှာ သွက်လက်ခြင်းမရှိ။ ရှက်ခြင်း၊ အားနာခြင်းတို့ဖြင့် မလွဲမရှောင်သာ။ အဖေ့မျက်လုံးတွေမှ ဖယ်နေလိုက်သည်။

အရပ်မြင့်သော အဖေ့ပခုံးနှင့် သူ့မျက်လုံးတို့မှာ တစ်တန်းတည်း။ ပခုံးညှပ်ရိုးမှာ သိသိသာသာ ငေါ်လျက်ရှိသည်။ ထန်းလျက်အိုးမှာ စွပ်ကျယ်ပခုံးအောက်တွင် ချိုင့်လွန်းနေသည်။

"အတော်ပါပဲကွ… ခုနေတော့ပွသလိုကြီးပေါ့…"

စကားတစ်ဝက်တွင် မော့ကြည့်လိုက်သည်။ လည်တိုင်မေးစပ်ရှိ မှဲ့နီကလေးကို မြင်လိုက်စဉ်တွင်ပင် အဓိပ္ပာယ်ပြေးလာသည့် စကားကြောင့် မျက်နှာပူရလေ၏။

"အင်း… အင်း… ဟုတ်သားပဲ…"

အမေ၏ အထောက်အခံစကားကြောင့် ပိုမိုအနေရခက်ရပြန်သည်။

"မချုပ်တာကြာပေမယ့် ငါ့လက်ကမဆိုးပါဘူးကွ… ဘယ်နယ့်လဲ မမြန္ဓယ်…"

"ကိုယ့်ဘာသာကိုယ်ပဲ ချီးကျူး… ကွမ်းဝါးလို့ ပါးစပ်မအားသေးဘူး တော်ရေ့…"

အဖေက ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ကဲ… အခုဝတ်"

"ဟင်… အဖေကလည်း မနက်ဖြန်မှဝတ်မယ်… အိမ်နေရင်း ဝတ်စရာမလိုပါဘူး… အပြင်လေး ဘာလေးသွားမှ ဝတ်တာပေါ့…"

သူ့စကား အဆုံးတွင် အမေက ဝင်ပြောသည်။

"နောက်နေ့မှဝတ်လည်းရတဲ့ဥစ္စာ… ကိုစိန်လှိုင်နယ့်…"

"အိုး… မင်းကလည်းကွာ… အိမ်နေရင်းလည်း ဝတ်ပေါ့ကွ.. ဘာဖြစ်လဲ… ငါနောက်ထပ် သုံးလေးထည် ထပ်ချုပ်ပေးမယ်… ဒီအင်္ကျီနဲ့မှ နေရထိုင်ရ လွတ်လပ်တော့မပေါ့… ရိုးရိုးအင်္ကျီနဲ့ဆို ကျပ်တောင့်ကျပ်တည်း… ဟုတ်တယ်မဟုတ်လား… သမီး…"

ဖြေရမယ့်နှုတ်မှာ ခိုင်လျက် ရှိတော့သည်။ အသံအိုးတွေ ပေါက်ကွဲသွားလေပြီလား ထင်မှတ်သည်။ သာမန်အကြောင်းတစ်ခုကို ပြောဆိုပုံမျိုး အဖေပြောသည်။ မိသားစုအဖို့ သိသာသိစေအဆင့်၌ပင် ထားအပ်သောအကြောင်းဟု ယူဆထားလေဟန်မရှိ။ မြင်စေသင့်၊ မြင်သင့်သည်ဟု ပကတိအတိုင်း ပြောဆိုပြုမူနေပုံမျိုးပင်။ ထိုသို့သော အပြုအမူတို့သည် သူ့ရင်ကို အမြှာမြှာဖျဉ်နေသကဲ့သို့ ရှိချေ၏။ မိမိကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ပြဿနာအဝဝအတွက် မိမိ၌သာ တာဝန်အရှိဆုံး။ ထိုတာဝန်ကို အခြားတစ်ပါးသူတို့က ချစ်ခင်မှု၊ အကြင်နာဖက်မှုတို့ဖြင့် ခွဲဝေယူငင်ကြစေကာမူ မိမိသည်သာလျှင် ပဓာန။ အပြစ်ဆိုခြင်း၊ ကြိမ်းမောင်းခြင်းတို့ ပြုအပ်ပါလျက် စဉ်းငယ်မျှမရှိခဲ့။ အမိအဖ၏ သိက္ခာဥသျှောင်ကို မြေသို့ ကျစေခဲ့သောမိမိအား အထိုက်အလျောက် ဒဏ်ပေးသင့်ပေသည်။ ယခုသော် ယင်းသို့မဟုတ်ခဲ့။ အပြစ်ဒဏ် ခံယူခြင်းဖြင့်သာ ပျောက်ကင်း စေနိုင်မည့်ဝေဒနာမှာ ထိုသဘောသကာယတို့ကြောင့် သက်သာရာပင် မရခဲ့။ ဆပွားကြိမ်ဖန် ဆို့နစ်ရပြန်သည်။

"ဟုတ်တယ်မဟုတ်လားဟင်… သမီး…"

မော့ကြည့်ကာ ပြုံးပြလိုက်သည်။

"နွေလည်းအဝတ်၊ မိုးလဲအဝတ်… အချိန်ခါနဲ့အညီပေါ့… ဒီအချိန်ဒီအခါ ဒီအဝတ် ဝတ်ရမှာပေါ့ ငါ့သမီးရဲ့… ဝတ်လေ့ဝတ်ထမရှိလို့ သမီးက ရှက်နေတယ် ထင်တယ်…"

"မဟုတ်ဘူး..."

အဖြေကို အဖေယုံဟန်မတူ။ ကုပ်ကိုဖျစ်ကာ သူ့ကိုယ်သူ အကြောဖြေရင်း "သမီးက အဖေနေ့တိုင်းလိုလို ပြောခဲ့တဲ့စကားကို မေ့မေ့ သွားတယ်နဲ့ တူပါတယ်... မမေ့နဲ့လေ... အားငယ်စရာတွေကို ဘာလို့ကြံဖန်တွေးနေရသလဲ သမီး.. ခုလိုဖြစ်လာရတာမှာ သမီးက အပြစ်ရှိသူလား.... မောင်ဝင်းဇင်ကလား... အရင်ကတော့ ဟိုလိုလိုဒီလိုလိုနဲ့ ဘယ်လိုနားလည်ရမှန်း မသိခဲ့ဘူး... ခုတော့တဖြည်းဖြည်း ဇာတ်ရည်လည်လာတယ်... မောင်ဝင်းဇင်တို့ဘက်... အဲ... အဲ... အဓိကက မောင်ဝင်းဇင်၊ သူပျက်ကွက်တယ်... ပျက်ကွက်တဲ့သူက ရှက်ရမှာ..."

အမေ့ကို သူလှည့်ကြည့်သည်။ ဘုရားစင်ရှိရာသို့ အမေငေးနေ၏။ အဖေ့ရှေ့မှောက်တွင် ကိုယ်ကခြေဆုံးရပ်၍ နေသော်လည်း အသိအာရုံ တွေက အိမ်ပြင်ရောက်တုံမရောက်တုံနှင့်။

"တမင်ပဲ ရှောင်နေသလား... သဘော်နဲ့ တကယ်ပဲ လိုက်သွားသလားဆိုတာ ဘယ်လိုမှ မပြောနိုင်သေးဘူး... ဒါထား..."

အမေ့ကို ပြောပြခဲ့သည့်စကားက အဖေ့ထံသို့ မည်သည့်အချိန်က ကူးသွားခဲ့သည်မသိ။

"ထားတော့ တမင်ရှောင်နေတယ်... ဘာဖြစ်သလဲ သမီး..."

သူမဖြေချင်၊ မဖြေလျက်နေ၍....

"ဖြေလေသမီး.. ဘာလို့ ခေါင်းကြီးငုံ့ထားရတာလဲ... အဲသလိုမနေနဲ့လေ.. အားလျော့လွယ်တဲ့ လူတွေမှာရှိတဲ့ အမှုအရာမျိုး သမီးမှာ မထားနဲ့လို့ အဖေပြောခဲ့တာ... မေ့နေပြန်ပလား..."ဟု ပြောကာ မေးဖျားကို လက်ဝါးဖြင့် အသာပင့်၏။ ဦးခေါင်းမော့လာဆဲတွင်... "ရှောင်နေတော့ကော ဘာဖြစ်လဲ... သမီးအပေါ် သစ္စာမဲ့သွားပြီလို့ သိလိုက်ရရင်ကော... ရှက်ရမယ့်လူက သမီးလား... သူလား... မလုပ်ထိုက် မလုပ်အပ်တာကို လုပ်တဲ့လူကသာ အပြစ်ရှိတဲ့သူပဲ သမီးရဲ့... သေသေချာချာ စဉ်းစားကြည့်... တာဝန်မမဲ့သင့်မှန်း သိပါလျက်နဲ့ တာဝန်မဲ့လာရင် အဲဒီသူမှာ သာအပြစ်ရှိတာ.. သမီးကိုသမီး ခဏခဏပြောတယ်... သမီးမှာလည်း အပြစ်မကင်းပါဘူးတဲ့... ဟုတ်လား... ဒီအပြစ်က အဖေတို့နဲ့ပတ်သက်တဲ့ဟာ.. မိဘကွယ်ရာမှာ နေချင်သလိုနေလို့ ဒီလိုဖြစ်ရတာ သမီးအပြစ်ပေါ့... ကဲ... အဖေတို့က ဘာဘာညာညာဆိုပြီး အပြစ်တင်လိုက်ပြီ... သမီးဘက်ကနေ စဉ်းစားကြည့်တော့ မောင်ဝင်းဇင်က သမီးချစ်သူပဲ..."

အသံက မာ၍ ပြတ်သားလာသည်။

"သမီးက သူ့အပေါ်ထားတဲ့ မေတ္တာစေတနာကို ထည့်မစဉ်းစားလို့ မရပါဘူး... မနှင်းဖွေးဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ မိဘအုပ်ထိန်းခြင်း ကင်းခဲ့တာမှ မဟုတ်ပဲ... အထိန်းအကွပ်မဲ့မှ မဟုတ်ပဲ... အရင်က သမီးခုနစ်တန်းရှစ်တန်း ရောက်တဲ့အချိန်ကစပြီး ကနေ့ထိ ဆိုပါတော့... အဖေလည်း အဖေတစ်ယောက်အနေနဲ့ ပြောတန်သရွေ့ ပြောခဲ့တာပဲ... အမေကတော့ ပြောသမျှသင့်သကိုး၊ ပညာဘယ်လိုသင်... ကြင်ယာဘယ်လိုရှာ ဆိုတာကအစ သမီးအမေ ပြောခဲ့တာပဲ... မဟုတ်လား... တကယ်အိမ်ထောင်ဖက်အဖြစ် ရွေးပြီးပြီဆိုတာတောင် မယူခင်မှာ ဘယ်လိုနေရထိုင်ရမယ်ဆိုတာ... သမီးအမေက သင်ခဲ့တယ် မဟုတ်လား..."

အဖေနှင့် မျက်လုံးချင်း မဆိုင်ရဲ...။ ရှေးအထက်ကျော်ကာရီ အပျိုဘော်ဝင်စက အမေပြောခဲ့သည်တို့ကို မှတ်မိသည်။ သွန်သင်သမျှတွေကို အဖေ့ထံတစ်ဖန် အမေပြန်ပြောင်း ပြောပြခဲ့မှန်း ယခုမှသိရသည်။ ရှက်ကြိုးများစွာ သိုင်းထားဘိသကဲ့သို့ ခံစားရသည်။

"ဒါပေမဲ့ မအေ့စကားကို သတိမရနိုင်လောက်အောင် သမီးဘာဖြစ်လို့ ဖြစ်ခဲ့လဲ... အဖေထင်ပါတယ်... မောင်ဝင်းဇင်ကို အယုံကြီးယုံခဲ့လို့နေမှာပါ... အဖေပြောမယ်... ဥပမာ.. အကျီလာအပ်တယ်.. ရွေးတဲ့နေ့ကျတော့ ချုပ်ခပါမလာလို့ မနက်ဖြန်မှယူပါ... သန်ဘက်ခါကျမှ ယူပါလို့ ပြောတယ်...၊ အဖေတို့ကပြောတယ်... ကိစ္စမရှိပါဘူး... ရပါတယ်... ချုပ်ထားတာသာ ယူသွားပါ... ဟုတ်လား... ဘာဖြစ်လို့လဲ... အဖေတို့က အဲဒီသူကို ယုံတယ်လေ...၊ အဖေတို့ဆီပဲ အပ်နေကျ... အလုပ်နဲ့အကိုင်နဲ့... လူကောင်းလို့လည်း ထင်ထားပြီးသား... ပြီးတော့ ချုပ်ခ ကိုးကျပ်တစ်ဆယ်နဲ့ သူ့ကိုယ်သူ တန်ဖိုးဖြတ်မယ့်လူမျိုး မဟုတ်ဘူးလို့ တွက်ထားပြီးသား... ကိုယ့်ကိုကိုယ်နဲ့ နှိုင်းပြီးသား... အဲ... နောက်နေ့မလာ... စုံးစုံးမြုပ်... နောင်အကျီ၊ လုံခြည်ချုပ်ရင် တခြားဆိုင်မှာ၊ ချုပ်ခဆုံးတာအပထား... ချုပ်တာဘာဖြစ်တယ်ညာဖြစ်တယ်... မဟုတ်ကဟုတ်က အပြောခံရင် သာတောင်ဆိုးသေး... အဖေတို့ ကြုံဖူးတာပဲ.... ဒီလိုပဲပေါ့ သမီးရယ်... သမီးရဲ့ ယုံကြည်မှုကို အလွဲသုံးစား လုပ်သွားတဲ့သူကသာ ရှက်ရမှာ..."

အပြောမြန်သည်နှင့် ခြေဟန်လက်ဟန်တွေ သွက်လာသည်။ လက်ဖဝါးဖြန့်ကာ သူ့ကို လက်ညှိုးညွှန်သည်။ လက်သီးဆုပ်သည်။ လက်ချောင်းတွေကို ကျစ်သည်။ မျက်မှောင်ရှုံ့လျက်။ လျှော့ချလိုက်နှင့်။

"ပြောစရာတစ်ခုရှိတယ်... လူတိုင်းက ချုပ်ခအကြွေးမယူဘူး... ကြွေးချန်လည်း ချိန်းတဲ့နေ့ လာပေးတယ်။ လူတိုင်းကိုလည်း အဖေတို့က အကြွေးမပေးပဲ မနေဘူး... ချုပ်ခလက်ငင်း ပေးနေတာကိုလည်း အခုမပေးပါနဲ့ နောင်လမ်းကြုံမှပေးလို့ ပြောမဖြစ်ဘူး... နောက်နေ့မှ ပေးမယ်ပြောတဲ့ သူတိုင်းကိုလည်း ခေါင်းညိတ်လို့ မဖြစ်ဘူးလေ... ချင့်ယုံရတာပဲ... ဒါပဲလေ... ဒီသဘောပေါ့... သမီးသဘောပေါက်လား..."

ခေါင်းကို နေးတွဲ့စွာ ညိတ်ပြလိုက်သည်။

"ဘဝနဲ့ရင်းပြီးမှရတဲ့သင်ခန်းစာကမှ တစ်သက်စာဖူလုံတယ်လို့ပဲ မှတ်ပေါ့... ခုဟာက ပြောမယ့်သာ ပြောနေရတာ... မောင်ဝင်းဇင် သဘော်လိုက်ရာက ပြန်လာရင် အလကားသက်သက် ပြောနေတာမျိုး ဖြစ်ချင်ဖြစ်မှာ... တို့သားအဖချင်း ဖအေပဲ... သမီးပဲနဲ့... မဖြစ်ဘူး... အဖေ့ကို အမေလို့မှတ်... အမေတစ်... အမေနှစ်ပေါ့... အဖေက အမေနှစ်..."

ရယ်သံ ခပ်တိုးတိုးကြား၏။ သက်ပြင်းရှည် မှုတ်ထုတ်မိလိုက်၏။ ကြွင်းချန်ခဲ့သော်လည်း ချိန်းရက်လွဲက လွဲမည်။ ဆက်ဆက် လာရောက်ဆပ်သူအဖြစ်နှင့် မောင့်ကို ဖြစ်စေချင်သည်။

*****

## အခန်း(၂၉)

ဦးကံထွန်းက ကြိမ်ကုလားထိုင်မှ ထရင်း ပုဆိုးပြင်ဝတ်သည်။ ဒေါ်မြနွယ်က ခန်းဆီးကိုမကာ...

"လာလေ အစ်ကို... ဒီမှာပဲစားသွားပါ..."ဟု ပြော၏။

"ဟုတ်သားပဲ ကိုကံထွန်း...လာဗျာ.."ဟု အကြမ်းပန်းကန် လေးလုံးကိုထပ်လျက် တစ်ဖက်ကိုင်ထားရင်းနှင့် ဦးစိန်လှိုင်က ခေါ်၏။

"စားသွားတာပဲ ကောင်းပါတယ်... မစိန်ကို ညက ကုလားပဲနဲ့ ငါးခြောက်ထောင်း စားချင်တယ်ပြောလို့ အဲဒါပဲ ချက်ထားမှာပဲ... ခုမနက်တော့ စားချင်စိတ် မရှိပြန်ဘူး..." ဟုပြောသည်။ နီနီက... "အဖေပဲ အမျိုးမျိုး..."ဟု ရယ်မော၍ ပြောသည်။ ဦးစိန်လှိုင်က...

"နီနီလည်း တစ်ခါတည်း စားသွားပါ့လား..." ဟု ခေါ်၏။

"အိမ်ကျမှပဲ စားမယ်ဦးလေး... ခုလည်း မဆာသေးပါဘူး... မနက်က မုန့်ဟင်းခါး စားထားလို့..."ဟု နီနီက ပြန်ဖြေ၏။

"စားလိုက်ပါလားနီနီရယ်..."ဟု မနင်းဖွေးကပါ ပြောသည်။

"တစ်ကယ်မဆာလို့ပါ..."ဟု နီနီပြန်ဖြေသည်။ "မနင်းဖွေး၊ ဆာရင် သွားစားလေ.. နီနီ မပြန်သေးပါဘူး..."ဟု ဆက်တိုက်ပြောသည်။

"ကိုယ်လည်း ဆာမှမဆာသေးတာ... စောစောလေးကပဲ ဆီထမင်းစားထားတယ်..."ဟု ပြန်ဖြေကာ လူကြီးတွေထံသို့ လှမ်းကြည့်သည်။ အဖေမေးမည့် မေးခွန်းကိုပါ ဖြေလိုက်သကဲ့သို့ ဖြစ်သွား၏။ အိမ်ရှေ့ခန်းတွင် လူကြီးတွေတစ်ယောက်မှ မရှိတော့မှ..." ဆီထမင်းကို ဘယ်လို ခံတွင်းတွေ့နေမှန်း မသိဘူး... ဟင်းဟင်း" ကိုယ့်ကိုကိုယ် ရယ်သွေးသံဖြင့် ပြောသည်။ သဘောပေါက်သည့်အနေနှင့် နီနီခေါင်းညိတ်သည်။

"ချဉ်ခြင်းတပ်တာကလည်း တစ်မျိုးပဲ..."

"တစ်လ၊ နှစ်လလောက်တုန်းကတော့ အချဉ်... တစ်နေ့တစ်နေ့ ဆီးထုပ်ဖိုး တစ်ကျပ်၊ နှစ်ကျပ်... ဒါတောင် လူကြီးကွယ်ရာ ခိုးဝှက်စားရလို့... ဖြောင်များစားလို့ဖြစ်ရင် ဆီးသီးကို ပုတ်နဲ့တည်ထားရမယ် ထင်တယ်..." နီနီက ဗိုက်ဖုံးအင်္ကျီကို လှမ်းကြည့်လေသည်။

"ဘယ်နှလရှိပြီလဲဟင်..."

မဖြေမီ ရှိုးတိုးရှန့်တန့် ဖြစ်နေသေး၏။

"လာမယ့် နှစ်ဆယ့်သုံးရက်ဆိုရင် ခုနစ်လတင်းတင်း ပြည့်ပြီ..."

"ယောက်ျားလေး မွေးမယ် ထင်တယ်.... မနင်းဖွေးကြည့်ရတာ ဖျတ်ဖျတ်လတ်လတ်နဲ့..."

သူ့အပြုံးမှာလန်းဆန်းနေသည်။ သည်းချာရင်နှစ်အတွက် မှန်းမျှော်ပီတိဖြစ်ဟန် တူလေ၏။

"ကိုယ်လည်း အဲသလိုပဲ ထင်တာပဲ..."

"အနေရအထိုင်ရ မခက်ဘူးလားဟင်..."

စူးစမ်းစွာ မေးလိုက်တော့နီနီ့ကို သဘောကျသဖြင့် ရယ်၏။

"ငါးလကျော်ခါစက နေရထိုင်ရ အတော်ခက်တာ... ခုတော့လည်း ကျင့်သား ရသွားသလိုပေါ့... နီနီရယ်..."

နီနီက ကိုယ်ဝန်ဆောင်ရသော မိန်းမသား၏ဘဝကို စဉ်းစားနေပုံနှင့် ရှိ၏။

"မလွယ်ဘူးနော်... နီနီ တွေးကြည့်တယ် သိလား... လင်နဲ့မယားမှာ လင်ဖြစ်တဲ့သူက ရှာဖွေရန်းကန်ကျွေးရတာလည်း နည်းတဲ့ တာဝန်မဟုတ်ဘူး.. မိန်းမက ချက်ရပြုတ်ရ၊ လျှော်ရဖွပ်ရ အိမ်အလုပ်လုပ်တာလည်း မလွယ်လှဘူး... ကိုယ်ဝန်ဆောင်ရတဲ့ တာဝန်တစ်ခုနဲ့ပဲ ယောကျ်ားရဲ့ တာဝန်ဝတ္တရား အားလုံးကို ချေမယ်ဆိုရင် ကျေလောက်ပါရဲ့... မွေးဖွားရတဲ့ဒုက္ခကို စာနာပါတယ်လို့ ယောကျ်ားတွေကပြောမယ်... ပါးစပ်က... ပြီးတော့ တွေးကြည့်တဲ့ ဒုက္ခအမျိုးအစား... ကိုယ်တိုင်ခံစားရတဲ့လူကို ဘယ်လိုမှမမှီဘူး... ဒုက္ခအတု၊ ပေတရာထိပ်က ဒေါ်ငယ်ပြောတာ သဘောကျတယ်..."

ဒေါ်ငယ်ကို သူတရင်းတနှီး သိသည်။ ကလေးတစ်ကျိပ်၏မိခင်။ သူ့ယောကျ်ားက မီးရထားရုံးတွင် စာရေးကြီး၊ အသောက်အစား ဝါသနာ ထုံလှ၏။ စာရေးကြီးလစာကို တစ်ခါမျှ မကိုင်စဖူး။ ဒေါ်ငယ် ရှာဖွေစုဆောင်းထားသည့်ထဲမှ ငွေကို ချူတတ်သေး၏။ ညနေတိုင်း မူးပြီးပြန်လာ၏။ အလိုမကျလျှင် ဆဲဟယ်... ဆိုဟယ်နှင့် ဒေါ်ငယ် မုန့်ဟင်းခါးဆိုင် ပိုက်ဆံဘူးထဲသို့ နှိုက်ရင်း ကြိမ်းမောင်းတတ်သေးသည်။

"ယောကျ်ားတွေကို ရေမြင်းလို ဖြစ်စေချင်တယ်တဲ့... ဘာပြုလို့လဲ သိတယ်မဟုတ်လား... ရေမြင်းမှာ အဖိုတွေက ကိုယ်ဝန်ဆောင်တယ်လေ..."

မနင်းဖွေးက ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေသည်။ ဝဝတင်းတင်းပါးနှစ်ဖက်မှာ စိုပြည်စွာစုံ့တက်လျက် ရှိ၏။ နီနီကပါရောၡ ရယ်လိုက် ချိန်တွင် "ဟုတ်တယ်... ဟုတ်တယ်... တော်တော်ကောင်းတဲ့ စကားပဲ..."

ရယ်မောသံတွေ အစဲတွင် မီးဖိုဆောင်ဘက်က ဖွန်းသံ၊ ပန်းကန်သံနှင့်အတူ စကားပြောသံကို ခပ်တိုးတိုးကြား၏။ သည်တော့မှ မနင်းဖွေးကို...

"တော်ကြာ လူကြီးတွေထမင်းစားပြီးရင် အပြောရ ခက်နေဦးမယ်..."

ဟု အသံအုပ်၍ပြော၏။ အိမ်ရှေ့တွင် လူကြီးတွေရှိနေ၍...

"ပြောစရာပါတယ်..."ဟု နီနီကလေသံမျှဖြင့် ရောက်ရောက်ခြင်း ပြောသည်။ နာရီဝက်မက နှုတ်ခမ်းတပြင်ပြင် နားတပြင်ပြင် အောင့်အည်းခဲ့ရသည်။ အဖေနှင့် ဦးကံထွန်းတို့ပြောနေကြသော ကာယနုပဿနာနှင့် စိတ္တနုပဿနာတို့သည် နားမှလျှံထွက်ခဲ့သည်။ အမေက တစ်ခါတစ်ခါ ဝင်ပြောသော ကမ္ဘဌာန်းကျောင်းတိုက် အမည်တို့သည် သညာကောင်းစွာ မဖြစ်စေခဲ့။ မီးဖိုဆောင်သို့သွား၍ စကားပြောမည်ဟု စိတ်ကူးမိသည်။ မီးဖိုဆောင် အလုပ်တစ်ခုမျှမရှိ။ လူကြီးတွေ မကြားစေရန် ထိုနေရာတွင် စကားပြောသည်ဟု အထင်ခံရမှာ စိုးသည်။ ထက်ထက်သန်သန် ပြောဆိုနေကြသော အခိုက်တွင် နီနီ့ကို...

"ဘာလဲ..."ဟု အသံမဲ့စွာဖြင့် နှုတ်ခမ်းလှုပ်ပြကာမေးကြည့်၏။

"သူနဲ့ပတ်သက်လို့"ဟူသော နီနီ့ဖြေသံကို ကြား၏။ လူကြီးတွေ ကြားများ ကြားသွားချေပြီလား အကြောင့်ကြနှင့် ဆက်၍မမေးတော့။

"ဒါဖြင့် ပြောပါဦး..."

သူမေးသည်။ နီနီ၏ မျက်ရစ်မရှိသော မျက်လုံးအစုံက ခန်းဆီးဘက်သို့ တစ်ခဏ ရောက်သည်။

"မနင်းဖွေး တွေးခဲ့တဲ့အတိုင်းပဲ..."

တိခနဲ ပြတ်သွားသည့် ပြောပြချက်က ရင်ထဲသို့ ပြေးထိ၏။

"ဘယ်ဟာကိုလဲဟင်..."

တစ်ငုံမျှ ကြာပေလိမ့်မည်။ ခပ်ရွှေ့ရွှေ့စေ့ထားသော နှုတ်ခမ်းနှစ်လွှာဟလာ၏။

"ကိုဝင်းဇင်သဘော်နဲ့ တကယ်လိုက်မှ လိုက်သွားရဲ့လား ဆိုတာလေ..."

"အဲဒါ ဘာဖြစ်လို့လဲ နီနီ" ဝင်းဇင်နှင့် စပ်လျဉ်းသည့် မဲ့ပြုံးအများအပြားထဲမှ နီနီ မဲ့ပြုံးကို အပီသဆုံးမြင်ရ၏။

"ဘယ်သဘော်နဲ့မှ ဘယ်ကိုမှ သူမလိုက်သွားပါဘူး မနင်းဖွေးရယ်..."

အလွန်အကျွံကား မအံ့သြမိတော့...။ ထင်ထားတဲ့အတိုင်းပဲဟုသာ တွေးမိလိုက်သည်။ မှန်သော်လည်း မှန်ပေစွ...ဟု ဝမ်းမမြောက်စေနိုင်သော အမုန်းအဆတစ်ခု။ အတွေးတစ်ခု။ အထင်တစ်ခု။ မုန်းဆကြည့်ခဲ့စဉ်ကပင် ဝေဒနာ တစ်ဝက်ကျိုးခဲ့၍လား မသိ။ တွေးထင်သည့်အလျောက် ပကတိအတိုင်း သိလိုက်ရချိန်တွင် ဝေဒနာအကြွင်းက ခုန်ဝင်လာ၏။ 'လဲပြိုကျသွားမည်လား'ဟု မနည်း အားတင်းယူရသည်။ ဦးခေါင်းထဲမှာ ကျင်ကျင်နာ၏။ သည်းခြေညှာကို အမှုန့်အခဲ ခြေပစ်လိုက်သကဲ့သို့ လှိုက်လှိုက်ခါ၏။ သတိအာရုံသည် မငြိမ်ဝပ်တော့။ ကိုယ်၏ကိုယ်ကို မေ့လျော့ထားခဲ့မိသည် ထင်ရ၏။

"နီနီပြောမိတာ မှားပြီထင်တယ်..."

တစ်ဖက်သား၏ နောင်တစကားက သတိကို လှုပ်နိုးဟန်တူသည်။ နီနီ့ကို ဖျတ်ခနဲ ကြည့်သည်။ နှုတ်ခမ်းကို ဖိကိုက်ထားမိမြဲ။ ဏ္ဍနွေကို သိမ်းဆည်းသည်။ တစ်စွန်းတစ်စ မပေါ်လွင်အောင်ကား မဖုံးကွယ်နိုင်လေအား။

"မမှားပါဘူးနီနီရယ်...။ ကိုယ်သိသင့်တာကို ပြောပြရမှာပဲ မဟုတ်လား..."

ပြန်မဖြေ။ အမှတ်တမဲ့ ဖြစ်သွားစေလောက်သော အမူအရာမျိုး မိမိတွင်ရှိနေပြီဟု ချက်ချင်းသိသည်။

"နီနီသူနဲ့တွေ့လား..."

ခေါင်းခါသည်။ ထို့နောက်...

"ကိုအောင်ငြိမ်း ပြောပြလို့ သိရတာ..."

"ကိုယ့်ကို ကိုအောင်ငြိမ်း ဟတောင်မဟဘူး..."

"နီနီသိပါတယ်... သူမပြောချင်ဘူးတဲ့... နီနီ့ကိုလည်း မပြောဖို့ ပိတ်ထားတယ်..."

"ဘယ်တုန်းကလဲ ဟင်...."

တစ်ချက်တစ်ချက် လှုပ်သွားတတ်သော နှာသီးဖျားကို နီနီ အမှတ်မထင် မြင်လေသည်။ ပြောမည့်စကားလုံးတွေက ရင်ဝတွင် တန့်လျက်။

"ပြောပါနီနီရဲ့... ကိုယ် ဝမ်းမနည်းချင်တော့ပါဘူး.... ငယ်ငယ်တုန်းက ကျောင်းသားဘဝမှာ စာမရလို့ အရိုက်ခံရသလိုပေါ့... ပထမကြိမ်ချက်က အနာဆုံးပဲလေ... နောက်အချက်တွေက တိုးပြီး မထူးတော့ပါဘူး..."

သူ့စကားကြောင့် ရင်မှာခိုက်သည်။ သို့သော် ပြောပြရပေလိမ့်မည်။

"နှစ်ပတ်ကျော်ကျော်လောက်ရှိပြီ..."

"နီနီတို့ သိသိချင်း ကိုယ်လည်းသိခဲ့ရင် ကောင်းမှာပဲ.."

"ဘာဖြစ်လို့လဲ မနှင်းဖွေးရယ်..."

"ဩော်... လာမဲ့ဘေး ပြေးတွေ့ဆိုတာမျိုးပေါ့လေ... ဘာပဲဖြစ်ဖြစ် စောစောသိရတာ ပိုကောင်းတယ် မဟုတ်လား..."

"သိရမှာက စိတ်ချမ်းသာစရာမှ မဟုတ်တာ..."

"ပြောပါပကော... ခုဥစ္စာက နောက်ကြိမ်ချက်တွေပါလို့..."

"အင်း... ဆိုပါဦး..."

နီနီကနာကျင်စွာပြုံး၏။ ထို့နောက်...

"စိုးလင်းဇော်နဲ့ ကိုဝင်းဇင်နဲ့ စကားများကြတယ်တဲ့..."

"ဘာဖြစ်လို့လဲ..."

"မနှင်းဖွေးနဲ့ ပတ်သက်လို့ စကားများကြတာတဲ့..."

"ကိုအောင်ငြိမ်းရော ရှိလား..."

"ကျောင်းက အပန်းဖြေရိပ်သာမှာ... ကိုအောင်ငြိမ်းက အရင်ရောက်နေတာ... သူတို့နှစ်ယောက်က နောက်မှ ရောက်လာကြတာတဲ့... ကိုအောင်ငြိမ်းက မမြင်ယောင် ဆောင်နေသတဲ့... ကိုဝင်းဇင်ကို မျက်နှာချင်းမဆိုင်ချင်လို့နဲ့ တူပါတယ်... ဟိုဘက်ထိပ်နဲ့ ဒီဘက်ထိပ်စားပွဲ... ကျောင်းသားတွေများနေတော့ သူတို့ကလည်း မြင်ဟန်မတူဘူးတဲ့.... ကိုအောင်ငြိမ်းက သူတို့နှစ်ယောက် လူချင်းခွဲရင် စိုးလင်းဇော်နဲ့ စကားပြောဖို့ စောင့်နေတုန်း ဖြစ်တာတဲ့..."

"တော်တော် အံ့ဩစရာပဲ... အင်း... ဘယ်လိုက ဘယ်လိုတဲ့လဲ..."

"စိုးလင်းဇော်က ထိုင်ရာကထပြီး ကိုဝင်းဇင်ကို ကော်ဖီဖန်ခွက်နဲ့ ရွယ်တယ်တဲ့... ဖန်ခွက်နဲ့ပေါက်တော့ မပေါက်ဖြစ်ဘူးတဲ့... ဘေးက ဝိုင်းကြည့်တဲ့အထိ ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်ဆိုပဲ... အဲသလိုဖြစ်တုန်း ကိုအောင်ငြိမ်းက သူတို့နှစ်ယောက်ဆီ ထသွားပြီး ဖျန်ဖြေတယ်ဆိုပါတော့... ကိုအောင်ငြိမ်းရောက်တော့ စိုးလင်းဇော်က ပြန်ထိုင်တယ်တဲ့... ရှူးရှူးရှားရှားတော့ ဖြစ်နေကြသေးတာပေါ့... ကိုဝင်းဇင်က ခပ်အေးအေးပဲ... ဒေါပွနေတာက စိုးလင်းဇော်... ကိုဝင်းဇင်က ထမသွားခင်မှာ "ငါ့အကျပ်အတည်းကို ငါနားအလည်ဆုံးပါ စိုးလင်းဇော်... ဒါပေမဲ့ ငါမတတ်နိုင်ဘူး... မင်းပြောသမျှခံရမှာပဲ... ရိုက်ချင်လည်း ရိုက်သွားကွာ"လို့ ပြောတယ်တဲ့။ စိုးလင်းဇော်က တစ်ခွန်းဆဲပြီးမှ "မင်းသတ္တိကြောင်တဲ့ကောင်... ကောင်မလေးကို အနိုင်ကျင့်လွန်းတယ်"လို့ ပြောတယ်တဲ့... အကြောင်းစုံ ကိုဝင်းဇင်ပြန်သွားတော့ စိုးလင်းဇော်က ပြောပြတယ်"

နီနီက စကားကို ခဏဖြတ်လိုက်၏။ သူက နားစွင့်နေသည်။ ဖြတ်စတွေကို လက်ဖြင့်ဖွရင်း ငုံ့ကြည့်လျက်ရှိသည်။

"ကိုဝင်းဇင်က စိုးလင်းဇော်ကိုပါ ရှောင်နေတယ်ဆိုပဲ... သူကျောင်းတက်နေတာ ဖွင့်ကတည်းကတဲ့... စိုးလင်းဇော်က သွားရှာတယ်... အတွေ့မခံဘူး... ပက်ပင်းတွေ့တော့ ခဏစောင့်ပါ... ဘာညာဆိုပြီး လစ်လစ်သွားတယ်တဲ့... အိမ်ကိုသွားရင်လည်း အိမ်ကလူတွေကို မှာထားသလိုပဲတဲ့... အပြင်သွားတယ်... ဘယ်ကို ခရီးထွက်နေတယ်... ပြောတာချည်းပဲတဲ့... အဖြစ်မှန်ကို မာရီယွန်ကပြောပြလို့ သူရှောင်နေတယ်ဆိုတာ သိတာတဲ့... မနင်းဖွေးနဲ့ ပတ်သက်တဲ့စကားကို စိုးလင်းဇော်ပြောမယ်မှန်း သိလို့ တမင်ရှောင်နေတာတဲ့... အဲဒီနေ့က စိုးလင်းဇော်က အတန်းအပြင်က စောင့်ပြီး နေ့လယ်မုန့်စားချိန်အလွှတ်မှာ ဖွတ်ဆွဲခေါ်ပြီး စကားပြောတာတဲ့... အတိုချုပ်ကတော့ မနင်းဖွေးအပေါ် ဒီလောက်ပစ်ပစ်ခါခါ မပြုသင့်တာတို့... ဘာတို့... စိုးလင်းဇော်က ပြောရင်းဝေဖန်သတဲ့... အစကတည်းက စိုးလင်းဇော်က ပြောဖူးတယ်တဲ့... မနင်းဖွေးကို တကယ်ယူမယ်ဆိုမှ ခြေကျုံ့လက်ကျုံ့ နေချင်နေ... သိပ်ရိုးအေးတဲ့ မနင်းဖွေးကို အရင့်အရင်က မိန်းကလေးတွေလို သဘောမထားဖို့ စိုးလင်းဇော်က ပြောခဲ့တယ်ဆိုပဲ... ဒီတုန်းက တကယ်ပါလို့ စိုးလင်းဇော်ကို အာမဘဏ္ဍခံခဲ့တယ်တဲ့... ဒါကို အစပြန်ဖော်တော့ ကိုဝင်းဇင်က မပြောဖို့ ခေါင်းခါတယ်တဲ့... လွန်ပြီးသားတွေ မပြောနဲ့တော့လို့ တားတယ်တဲ့... ပြောမရ တားမရတော့ မင်းနဲ့မဆိုင်တာတွေ မပြောနဲ့... မင်းနဲ့ဆိုင်တဲ့ မင်းနဲ့မာရီယွန်တို့အကြောင်း ပြောချင်ပြော... ငါ့နမ်မနဲ့မင်းနဲ့ ဂရိုက်နေတဲ့ဟာကို ငါနားထောင်လို့ ရချင်ရဦးမယ်... ဒါကို မင်းဆက်ပြောနေရင် ချဲကုန်တဲ့အဆင့် ရောက်မိလိမ့်မယ်ပြောလို့ စိုးလင်းဇော်က ဖန်ခွက်နဲ့ရွယ်တာတွေ ဘာတွေ ဖြစ်ကုန်တာတဲ့... အဲဒါပဲ... စိုးလင်းဇော်က အောင်ငြိမ်းကို နှုတ်ပိတ်တယ်... ဒီကောင်ဒီမှာရှိတဲ့အကြောင်း မနင်းဖွေးကို မပြောလိုက်ပါနဲ့ဦးတဲ့... သူကလည်း 'ဟာ...ဘယ်ပြောလို့ဖြစ်မလဲ...' ပြောခဲ့တယ်တဲ့... နီနီ့ကို အဲဒီလောက်ပဲ ပြောပြတယ် မနင်းဖွေး..."

ပြောပြ၍ ပြီးစီးသွားသည့်အခါ သူဘာမျှမမေးမိ။ ထိုအချိန်တွင် အဖေ့ရယ်သံက မီးဖိုဆောင်မှ အိမ်ရှေ့သို့လွင့်လာ၏။ ဦးကံထွန်း၏ စကားပြောသံ ခပ်ကျယ်ကျယ် ထွက်လာ၏။ ရယ်သံနှောနေသဖြင့် စကားလုံးမပီ။ ဒန်အိုးဖွင့်သံ၊ ဟင်းခပ်သံတွေ သဲ့သဲ့ကြားရ၏။

"သိသိချင်း မနင်းဖွေးကို နီနီ လာပြောချင်တာလေ... လျှာကို ယားနေတာပဲ... မလာတော့မယ့်လူကို စောင့်နေတာမြင်တော့ စိတ်မချမ်းသာဘူးကွယ်... စောင့်နေတဲ့ဒုက္ခထက် မစောင့်နဲ့ မလာတော့ဘူးလို့ ပြောလို့ မစောင့်တော့တဲ့အခါ သက်သာမှာကို တွေးမိလို့ နီနီပြောတာပါ..."

"ကိုယ် သဘောပေါက်ပါတယ်... ရှင်းပြီပဲနီနီရယ်... အဖြူအမည်း ကွဲကွဲပြားပြား သိရတော့... ကိုယ်ဘယ်လိုနေရမယ်... ဘာတွေပြင်ဆင်ရမယ် ဆိုတာ စောစောသိရတာပေါ့... မဟုတ်ဘူးလား ..."

နီနီ ခေါင်းညိတ်ပြီးပြုံး၏။ ထို့နောက် ညည်းညူသံနှင့်...

"ယောကျာ်းတွေဟာ သစ္စာမဲ့ပြီဆိုရင် ဆိုးတယ်လို့ အပြောခံရတဲ့ မိန်းမတွေထက် ဆိုးတယ်နော်..."

မည်သို့မျှ ပြန်လည်ပြောချင်စိတ် မရှိ။ ပြုံး၍သာ နေလိုက်၏။

"မနင်းဖွေးတို့ အဖြစ်ကိုကြည့်ပြီး နီနီ တကယ်လန့်သွားတယ်... ချစ်သူရယ်လို့ ယုံမဖြစ်ဘူး... ချစ်သူထားဖို့ ဆိုတာကိုတောင် မတွေးရဲဘူး... မလွယ်ပါဘူး..."

အဖေနှင့် အမေတို့၏ မျက်နှာတွေကိုမြင်သည်။

"နီနီ ဒီအကြောင်းကို ဘကြီးကံထွန်းနဲ့ ကြီးကြီးစိန်ကို ပြောပြသေးလား.."

"ဟင့်အင်း...."

"ကိုအောင်ငြိမ်းက ကြီးကြီးဒေါ် အေးခင်ကို ပြောများ ပြောခဲ့သလား မသိဘူး..."

"ဘာဖြစ်လို့လဲ မနင်းဖွေး... ဟင်"

စိတ်မသက်သာစွာဖြင့် သက်ပြင်းချသည်။

"သြော်... ကြီးကြီးဒေါ် အေးခင် သိရင် အမေတို့ သိသွားမှာစိုးလို့..."

နီနီက မျက်ခုံးတွန့်၍ တွေလျက်ရှိ၏။

"ကိုအောင်ငြိမ်း ပြောမယ်မဟုတ်ပါဘူး... ပြောသာပြောမိခဲ့ရင် မနင်းဖွေးကို ဦးလေးတို့က ဒီအကြောင်း နီနီ့ထက် အရင်ပြောပြခဲ့မှာပေါ့..."

သူ ခေါင်းခါပြ၏။

"မထင်နဲ့ နီနီ... အဖေတို့က သူတို့သိထားတာကို မပြောနဲ့ဦး... တွက်မိတာကိုတောင် ကိုယ့်ကိုလျှိုတယ်... ခပ်အုပ်အုပ် ပြောချင်ပြောမယ်... ဒီအကြောင်းကို အမေတို့မသိစေချင်ဘူး... နီနီရယ်..."

ပြောအပြီးတွင် အဝေးသို့ မျက်လုံးတွေရောက်နေ၏။

*****

## အခန်း(၂၈)

လေးထောင့်ရေပုံးကို မလိုက်စဉ်...

"ဟဲ့... ဟဲ့ ... သမီး... ထားလိုက်စမ်း... ထားလိုက်စမ်း..."

ဟူသော အဖေ့အသံကြောင့် လန့်ဖျပ်သွားသည်။ ရေပုံးကို လွှတ်ချလုမတတ် ဖြစ်မိ၏။ အဖေသည် မီးဖိုဆောင်အဆင့်သို့ ဆင်း၏။ ရေကပြင်ပေါက်ဝသို့ ခပ်မြန်မြန်လာရင်း...

"မမြန့်ယ်ကလည်းကွာ... အမြင်မတော်တာတွေ့ရင်... ပြောမှပေါ့... ဘယ့်နှယ် ဒီရေပုံးကြီးနဲ့..."

ဟု မြည်တွန်သည်။ ရေတ်သီးဆီသပ်သော ဒယ်အိုးကို လက်နီးဖြင့် တစ်ဖက်ကိုင်ကာ တစ်ဖက်က ယောက်မဆတ်ဆတ် မွှေနေ၍ အမေ မပြောအားသေး။ ရေပုံးကိုဆွဲပြီး မီးဖိုဆောင်အဆင့်သို့ အဖေခြေလှမ်းသည်တွင်မှ "မမြင်လို့ပါ ကိုစိန်လှိုင်ရယ်.. ခုနကဒီမှာ ရေက အိုးဖင်ခြစ်ပြီးခပ်ရင်း ရေတင်ဖို့ မေ့နေတယ်လို့ လွှတ်ခနဲ ထွက်သွားတာ သူကြားလို့နေမှာပေါ့... ကပြင်ဘက် ဆင်းသွားတော့ အိမ်သာတက်မယ် ထင်တာ... ရေပုံးဆွဲလာမယ်မှန်း ဒီအကွယ်က ဘယ်မြင်ရမလဲ..."

အမေ့နောက်ကျောဘက်မှ ကွေ့ကာ စဥ့်အိုးဘက်သို့ ရေဆွဲသွား၏။ ရေကို ဝေါခနဲ သွန်ထည့်ပြီး...

"လကဒီလောက်ရင့်နေတာ အလေးအပင်ဆွဲလို့ ဘယ်ဖြစ်မလဲ... ဒီကလေးမကလည်း တစ်ခါပြောဆိုထားရင် မမှတ်ဘူး... ကပြင်အခင်းက ဆွေးတာဆွေးနေပြီ... မတော်... အပေါက်ကျွံရင် ကျော်မကောင်းကြားမကောင်း... လူပါဒုက္ခရောက်မှ ခက်မယ်... ခင်ဗျားက ဟင်းချက်ရင် စိတ်ကဟင်းအိုးမှာပဲ... ရေတင်တာနားစွင့်ရင် အသံတော့ ကြားလောက်ပါတယ်ဗျာ...၊ ညည်းကကော ခုထိကပြင်မှာ ဘာရပ်လုပ်နေတာလဲ... တက်...၊ ဖယ်... အဖေထည့်လိုက်မယ်... နှစ်ပုံး၊ သုံးပုံးဟာကို ငါ့ကို လှမ်းပြောရောပေ့ါ..."

မီးဖိုဆောင်အဆင့်ပေါ် သို့ လှမ်းရင်းပြုံး၏။ အမေက အဖေ့ကို မျက်စောင်းချိတ်၏။ ထို့နောက် သူ့ထံသို့ မေးတစ်ချက်ဆတ်၏။

"ကျွန်မက ထည့်ခိုင်းတာလည်း မဟုတ်ပါဘူးတော်..."

"ခိုင်းတယ်လို့ ငါမပြောပါဘူးကွာ... ဒါပေမဲ့ နားမပါတာ... မျက်ကြောသေတာကို ပြောတာပါ..."

အဖေက ရေငင်ပုံးကိုဆွဲကာ သူ့ရှေ့မှဖြတ်သွားရင်း လှည့်ပြော၏။ ရေစည်ပိုင်းသို့ ရောက်ချိန်ကိုမှန်းကာ အမေပြောသည်။

"မလုပ်ပါနဲ့ သမီးရယ်... ညည်းချူးဖို့ ချိုးရေတောင် တစ်ပုံး၊ နှစ်ပုံးမို့လို့... ညည်းအဖေအကြောင်းလည်း သိသားနဲ့... မနေတတ်လို့ သမီးထ ထလုပ်နေတာ ဟုတ်ပါရဲ့... အမေ့ကို ကြားထဲက အငေါက်ခံရအောင် မလုပ်စမ်းပါနဲ့... နားငြီးလွန်းလို့... ခုလည်းအကြားပဲ..."

ခပ်တိုးတိုးရယ်ရင်း အမေ့ဘေးတွင် ဝင်ထိုင်လိုက်သည်။ အဖေက ရေပုံးဆွဲ၍ အဆင့်ပေါ် သို့ တက်လာသည်။ တက်လာလာချင်း...

"ခုအချိန်မှာ အနေအထိုင်က ညင်ညင်သာသာ နေရမယ်... မတော်... အထဲက ကလေးအနေအထား တစ်မျိုးတစ်မည် ဖြစ်သွားရင် ဘယ့်နယ့်လုပ်မလဲ... ငြိမ်ငြိမ်ဆိတ်ဆိတ် နေစမ်းပါ... ဒါလောက်အပန်းကြီးတဲ့ အလုပ်တွေမှ မဟုတ်တာ သမီးရယ်၊ အဖေတို့အမေတို့ကို သိပ်အားနာဖို့ အချိန်မဟုတ်ဘူး...၊ အဲ... မွေးဖွားပြီးရင်တော့... ဝိုင်းဝက်ကူကက်ပေါ့...၊ အင်း... စပ်မိလို့ ပြောရမယ်... မမြန်ွယ်... လက်ချုပ်တို့... ကြယ်သီးတံတို့ ဒီနေ့ကစပြီး လက်မခံနဲ့... ခင်ဗျား ချုပ်နိုင်ရင်တော့ ချုပ်... မဟုတ်ရင် ဒီကလေးမ လက်ချုပ်ခုံမှာ တကုပ်ကုပ်နဲ့..."

အမေက ဒန်အိုးထဲရှိ ဖွန်းတွေကိုဆေးကြောပြီး၊ ပန်းကန်စင်ပေါ် သို့ တင်၏။ ဇလုံထဲတွင် ငါးပိဆားပျားနယ်ပြီးသား အမဲသားတစ်တွေကို ဒယ်အိုးထဲသို့ ထည့်သည်။ ဆီကျက်သံ ဖျစ်ဖျစ်မြည်သည်။ ရေထည့်နေသော အဖေ့မျက်နှာကို မော့ကြည့်ကာ...

"ရှင် ဒီလိုပြောမယ်မှန်းသိလို့ မနေ့ကလက်ခံခဲ့တာတွေကို ဈေးထိပ်က ခင်သန်းနွဲ့တို့အိမ် ဝင်အပ်ထားခဲ့တယ်...၊ လာအပ်တာ... ဒါမျိုးမချုပ်တော့ဘူး... လက်မခံဘူးပြောလို့ ကောင်းမလား... ကိုယ့်မိတ်နဲ့ ကိုယ်ပဲဥစ္စာ..."

*****

## အခန်း(၂၇)

ဆံခြည်ခြမ်းမျှပင် အယုံအကြည် ကင်းမဲ့သည်မရှိ။

ယခုအချိန်ဆိုလျှင် မောင့်အဖို့မှု အိပ်မောကျနေ၍ နေပေလိမ့်မည်။ သန်းခေါင်သို့ ချဉ်းခါနီးပြီ။ သူ့အတွက်ကား ညဥ့်နက်ခြင်း၊ မနက်ခြင်းကို အမှတ်အသား မထားမိ။ အကြောင်းမဲ့ စွန့်ပစ်ခြင်းခံခဲ့ရပြီဟု သိသည့်နေ့မှ တစ်ဖန်အစပြုခဲ့သည်။ ချစ်သူ၏ ရက်စက်ခြင်းကို အံ့သြတုန်လှုပ်စွာ သိရှိခဲ့စဉ်က ဟန်နိုင်သေးသည်ဟု ကိုယ့်ကိုကိုယ် ထင်သည်။ အပသဏ္ဍာန်၌ ပျောက်သယောင်ယောင် ရှိခဲ့သော်လည်း အတွင်း၌ လှိုက်၍ ရင်း၍နေသည်ကို မသိ။ သိသည့်အခါ တစ်ဦးတည်းနေရခြင်းကို ထိတ်လန့်လာသည်။ အနီးအပါးတွင် တစ်ဦးတစ်ယောက်မျှ မရှိပါက အာရုံက ပိုမိုပျံ့ပါးသည်။ မတွေးလိုသည်တို့ကို တွေးမိချေ၏။ ထိုအတွေးတွေကြောင့် တနင့်တမောကြီး စိတ်ပင်ပန်းသည်။ အဆုံးအစကင်းမဲ့စွာ နစ်မျောစွာ ခံစားရသည်။ ထိုမှ သတိပြန်လည်ဝင်ချိန်တွင် ကိုယ့်စိတ်က ကိုယ့်ကိုယ်ကို ဖောက်ခွဲထားသကဲ့သို့ သိလေ၏။

"မတွေးတော့ပါဘူးလေ..."ဟု တွေးပြီးသည့်တိုင်း ဆုံးဖြတ်သည်။

"ငါ့ကို သူဘာလို့သည်လိုပြုမူသွားပါလိမ့်"ဟု အဖြေရှာသည်။

မိဘအသိုက်အဝန်း ကွာခြားလို့ဖြစ်မှာပါ။ ရာထူးဂုဏ်သိမ်ကြောင့်လည်း ဖြစ်မှာပါ။ ဥစ္စာနေကြောင့်လည်း ဖြစ်မှာပါ။ လူအများအထင်ကြီးတဲ့ အရာရယ်လို့ ဘာရှိလို့တုန်း။ ပညာအရည်အချင်းကကော ငါ့မှာဘာရှိလို့လဲ။ သေစာရင်စာလောက် တတ်တာပဲလို့ သူတို့ပြောရင်လည်း ရတာပဲ။ သူတို့ အသိုက်အဝန်းမှာ ငါလို မိန်ကလေးတစ်ယောက်အဖို့က မျက်နှာပန်း မလှလောက်စရာပါပဲ။ ငါ မောင့်ကိုအစက ဒါတွေပြောပြခဲ့သားပဲ။ တန်ဆောင်မုန်း လဆန်း ဆယ့်နှစ်ရက်နေ့က မောင့်ကို ငါ့အခြေအနေတွေအားလုံး ပြောပြခဲ့တယ်။ သည်အသက် သည်အရွယ်အထိ ငါ့မှာချစ်သူ မရှိခဲ့ဘူးဆိုတာလည်း ပြောပြခဲ့တယ်။ တစ်ယောက်ကိုပဲ ချစ်မယ်။ ချစ်တဲ့ အဲသည်တစ်ယောက်နဲ့ပဲ ဘဝအဖော် ဖြစ်ချင်တယ်။ ရင်ကွဲရမှာလည်း ကြောက်တယ်လို့ ပြောခဲ့တယ်။ သိပ်ကွာခြားနေတဲ့ အဲသည်အခြေအနေချင်းကို အဓိက စဉ်းစားပါဦး။ တစ်သက်တာအတွက် ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးရင်တော့ လပြည့်နေ့မှာ ကျွန်မအဖြေပေးပါ့မယ်။ ကိုဝင်းဇင် သုံးရက်စဉ်းစားပေါ့။ အပြောင်အပျက်သဘောမျိုး မိတ်ဖွဲ့တာ သက်သက်ကနေ သူငယ်ချင်းတွေ မြှောက်ပေးလို့ မလွှဲမကင်းသာပြောခဲ့တဲ့ ချစ်စကားမျိုးဖြစ်ရင် ကိုဝင်းဇင် ပြန်လည် ရုပ်သိမ်းသွားနိုင်ပါတယ်။ ခုဖွင့်ပြီး ရုပ်သိမ်းသွားစရာတောင် မလိုပါဘူး။ လပြည့်နေ့ညနေ ကိုဝင်းဇင်မလာရင် သည်သဘောအနေနဲ့ ကျွန်မ သဘောပေါက်လိုက်မယ်။ အဲသည်သဘော ဟုတ်ဦးတော့ ကျွန်မ စိတ်မဆိုးပါဘူး။ သူငယ်ချင်းတွေလို တစ်ယောက်ရှိ တစ်ယောက်က ကူညီဆိုတာမျိုး နေနိုင်ပါတယ်လို့ ငါပြောခဲ့တာပဲ။ သည်စကားတွေကို မောင်ငြင်းလိုက်တာမှ ချက်ချင်းထက်ချက်ချင်း သူ့အပေါ် သည်လိုထင်ရက်လေတယ်တဲ့။ ဂုဏ်တွေ အလှာတွေ ဘာတွေကမှ တားဆီးလို့မရပါဘူးတဲ့။

တစ်ဘဝအတွက် စကားမဟုတ်ဘူး နှင်း... သိလား... ဘဝများစွာအတွက် သည်နေ့ကတည်းက ကြိုပြောထားတာပါ... လပြည့်နေ့ ကျရင်လည်း သည်စကားကိုပဲ ထပ်ပြီး အတည်ပြုပြီး ပြောဦးမှာပါ..."တဲ့။ ပျားမဆန်းပဲ ချိုတဲ့စကားက နားမြိန်လှတယ်လေ။ ယုံတယ်။

ယုံတာထက် ပိုလို့ယုံတယ်။ ယုံမှာပဲ။ ငါကြိုက်တဲ့ ဝတ်စားဆင်ယင်မှုတွေ အနေအထိုင်တွေ ပြောင်းပြီးနေလာခဲ့တဲ့ မောင့်ကို ငါမှမယုံ ဘယ်သူယုံမလဲ။ လပြည့်ညမှာ ငါပြောခဲ့တာတွေကို သူခုထိ မှတ်မိနေဦးမှာပါ။ နှင်း ယုံတာကိုတော့ ပစ်ပစ်ခါခါ မလုပ်ချင်ပါနဲ့ကွယ်လို့။ သစ္စာစကားတွေ၊ ချစ်စရာစကားတွေ သူပြောလိုက်တာ။ ခုတော့ သူ့စကားကို သူ အလေးမမူတော့ဘူး ထင်ပါရဲ့။ အဲသည်ညက ငါအိပ်မရအောင် ချမ်းမြေ့ခဲ့ရတာတွေကို တစ်နေ့မှာ ပြောမယ်ပြောမယ်နဲ့ ခွဲသာခွဲခဲ့ရပြီ။ မပြောဖြစ်ခဲ့ဘူး။ ခုနေမှာ သွားပြောလို့ကော ဘာထူးတော့မှာလဲ။ ထူးမလာတာ၊ လာတာအပထား။ နားထောင်ဖော်တောင် ရမယ်မထင်ပါဘူး။ နားထောင်ဖို့ နေနေသာသာ အနားကိုလေဝေ့သလို ဝေ့တောင်မှဝေ့မလာတော့တာ။ ဝေ့မလာပါလျက်နဲ့ ငါဘာလို့ တွေးနေရပြန်တာလဲ။ ခုနတုန်းက မတွေးတော့ဘူးဆိုပြီး မတွေးချင်တော့တာကို တွေးနေမိပြန်ပြီဟု အတွေးမှ ရုတ်ခြည်း ရုန်းထ၏။

ပြတင်းမှ ကိုယ်ကိုခွာသည်။ ခြံထဲတွင်ကျနေသော လရောင်က ရေးတုန်းကနယ် လုပသည်ဟုထင်၏။ မိမိတစ်ယောက်နှင့် မောင်ကလွဲ၍ တစ်လောကလုံး ယခင်နှင့် မခြားပါတကားဟု မှတ်သားမိသည်။

ပိတ်မည်ဟု လက်အလှမ်းတွင် အခန်းဝဘက်မှ ခြေသံကို သဲ့သဲ့ကြား၏။ မှုန်မွှားမွှား မီးရောင်အောက်တွင် အမေ့ကိုမြင်သည်။ အခန်းတခါးပေါင်ကို လက်ထောက်ကာ အမေသူ့ကို ကြည့်နေ၏။ သူလှည့်အကြည့်တွင် ဖြည်းဖြည်းလျှောက်လာသည်။ သမင်လည်ပြန်အကြည့်က အမေနီးလာသည်နှင့်အမျှ ရွေ့လာလေသည်။ အနားသို့ ရောက်လာသည်။ သူ့ဘေးတွင်ကပ်လျက် အမေရပ်သည်။ သူ့ညာပခုံးထက်သို့ အမေ့လက်က နူးညံ့စွာ လာ၍တင်သည်။ တစ်ယောက်ကို တစ်ယောက်ကြည့်နေသည်။ ကရုဏာမျက်လုံးကို ဖိတ်ဖိတ်လဲ့လဲ့ သူမြင်လေသည်။

"အမေရပ်ကြည့်နေတာ အစောကြီးကတည်းက... ဖြုန်းခနဲဝင်လာရင် လန့်မှာပြုမှာစိုးလို့... သမီးအိပ်တော့နော်..."

ကြိတ်ထားလွန်းသော အံတွေကြောင့် နှုတ်ခမ်းတွေလှုပ်မရ။ "ဒီလောက်အေးနေတာ အနွေးထည်လည်း ဝတ်မထားဘူး..."

သူ့ပခုံးမှ လက်မောင်းသို့ လျှော၍ကိုင်ရင်း အမေပြောသည်။ "ဟင်း... လက်ဖျားတွေ အေးစက်နေလိုက်တာ..."

လက်ဖဝါးကို အသာဖျစ်၍ ဆုပ်ကိုင်ရင်း ပြောလိုက်သည်။ တစ်ခွန်းတစ်လေ ပြန်ပြောသင့်သော အချိန်ထက် လွန်မှန်းမသိ လွန်လာချေ၏။

"သမီး အိပ်ရာပေါ် သွားလေ... ပြတင်းပေါက်ကို အမေပိတ်လိုက်ပါ့မယ်..."

သူ့လက်ကို လွှတ်သည်။ ပြတင်းချိတ်နှစ်ဖက်ကို ဖြုတ်သည်။ တံခါးရွက်တွေကိုစေ့ပြီး အသာဆွဲ၏။ အထက်အောင် ချက်နှစ်ချက်ကို အသံမမြည်အောင် ကျိတ်၍ ပိတ်သည်။

"သမီးစိတ်ကို သမီးထိန်းဦး... ဘယ်လောက် စိတ်သောက ရောက်နေမယ်ဆိုတာကို အမေသိပါတယ်... ဒါပေမဲ့ အဲသလိုဖြစ်နေတာကို သမီးအဖေ မြင်ရင် ဘယ်လိုနေမလဲ... အဲဒါလည်း စဉ်းစားဦး..."

ပိုတိုးသောလေသံ။ ကြားစေနိုင်လောက်ရုံမျှ။ သူ့ပင့်သက်ချသံကမှ ကျယ်လောင်သည် ထင်ရ၏။

"သမီးအတွက်ပူပင်ရလွန်းလို့ မအိပ်နိုင်တဲ့ အမေ့ကိုရော သမီးမငဲ့တော့ဘူးလား..."
မိုးကြိုးထစ်သံသဖွယ် နားဝယ်ပေါက်ကွဲသွားလေသည်။
"သမီးကြောင့် အမေ စိတ်ချလက်ချ မအိပ်နိုင်ဘူး... ဟုတ်လားအမေ.... ဘာကိုပြောတာလဲ အမေ..."
"ခုနစ်လလောက်ရောက်မှ အမေတို့ နည်းနည်းအသက်ရှူရတော့တယ်။ ပြဿနာကြုံခါစက သမီးနဲ့အမေအတူတူလာ အိပ်တာလေ... သမီးကို စိတ်မချလို့ပေါ့.... မတော်တဆ ကိုယ့်ကိုယ်ကို စိတ်ကူးတည့်ရာ လုပ်ပစ်လိုက်မှာစိုးလို့ပေါ့ကွယ်... သမီးကို စိတ်ချရပြီထင်မှ အမေအိမ်ရှေ့ ပြောင်းအိပ်တာပါ..."
"ဩော်... အမေရယ်..."
မောပန်းစွာ ညည်းတွား တ,ခေါ်မိလေသည်။ ငုံ့ထားသောခေါင်းကို ဖော်လိုက်သည်။

"စိတ်ထဲမှာ စွဲပြီးနေတော့ ညအိပ်တိုင်းသတိနဲ့ အိပ်သလို ဖြစ်တာပေါ့... ချွတ်ခနဲဆိုနိုး... နားစွင့်... အတူအိပ်တုန်းက အသာစမ်းမိတာချည်း... ခုလည်း သမီးအခန်းက အသံကြားလို့ အမေထလာတာ... ညဘက် တပို့တပါးထသွားရင် အမေ ဖျတ်ခနဲနိုးတာပဲ..."
ပြောမည့်စကားတွေက ရင်စို့တွင်ခိုကပ်လျက်ရှိသည်။ စကားလုံးတွေကို အပြင်သို့ ငင်မရ။
"အဲသလိုများတော့ မမိုက်လိုက်ပါနဲ့သမီးရယ်... အမေတို့ ရင်ကျိုးရချည်ရဲ့..."

ခေါင်းကိုသာ ဘယ်ညာ ဆတ်ဆတ်ခါ ပြလိုက်မိသည်။ ထို့နောက် အမေ့လက်မောင်းကို တအားဖက်ထားသည်။ အမေ့လက်တစ်ဖက်က သူ့ကျောကို သိုင်းထားလေသည်။

ရှိုက်သံကို အမေကြားပေလိမ့်မည်။

*****

ကျောက်သင်ပုန်းပင်တွေ တုန်းတော့မည်။ အစိမ်းနုဖန်သားကဲ့သို့ ကြည်လင်သောပင်စည်၊ အခက်အလက်နှင့် ကတ္တီပါသားကဲ့သို့နုသော အရွက်တွေ ညှိုးချုံးစပြုသည်။ ထိုအပင်တွေကို မြင်သောအခါ ကျောက်သင်ပုန်းနှင့် ကျောင်းတက်ခဲ့သည့်ဘဝက အလိုလို ရောက်လာ၏။ ကျောက်သင်ပုန်း ချောအောင် စိုပြည်သော အနက်ရောင်ရအောင် ထိုအပင်ရိုးတွေဖြင့် ပွတ်တိုက်ရသည်။ မီးသွေးခဲတစ်လှည့်၊ ထိုအပင်တွေတစ်လှည့်ဖြင့် ကျောက်သင်ပုန်းကို သခဲ့စဉ်က နှလုံးစိတ်ဝမ်း အေးချမ်းခဲ့သည်။ သတိရသည်။ စာကျက်မည်။ ကစားမည်။ ထမင်းစားမည်။ မုန့်စားမည်။ အဖေ့ကို ကစားစရာတွေ ဝယ်ပေးရန် ပူဆာမည်။ အမေ့ကို နွဲ့မည်။ ညအိပ်ရာဝင်ခါနီးတွင် အမေ့ကို ပုံပြောပြရန် ပြောမည်။ ပုံကို နားထောင်ရင်း အမေ့ပေါင်ကို ခေါင်းအုံးကာ အိပ်ပျော်သွားသည်။ တစ်ဝက်တစ်ပျက်နှင့် မကြားရလျှင် နောက်တစ်နေ့တွင် ပုံကို ဆက်၍ပြောရန် နားပူသည်။ အဖေချုပ်ပေးသော ကစားစရာအင်္ကျီလေးတွေကို ကော်ပတ်ရုပ်တွင် ဆင်ပေးသည်။ အရုပ်တွေကို တန်းစီထားပြီး ထမင်းအိုး၊ ဟင်းအိုးတည်တမ်း ကစားသည်။

ပုစွန်စာရွက်တွေ၊ ပုဏ္ဏရိက်သီးတွေ၊ ထိကရုံးပွင့်တွေ၊ မဥ္ဇူသီးတွေကို ဟင်းလျာသဖွယ် အမှတ်ပြုသည်။

ကလေးဘဝကို ပြန်တမ်းတသည်။ တစ်ဖန်မြင်ယောင်သည်။ ထိုစဉ် ထိုဘဝက ယခုအခါ ယခုဘဝတွင် ယခုနယ်ကြုံရမည်ဟု အတွေးပင် မရောက်ခဲ့စဖူး။ အတောက်အပွားများသောမီးကို ရင်၌ဖိုရမည်ဟု အရွယ်ရောက်သည့် အခါကလည်း မထင်မိစဖူး။ ချစ်ခင်မိကြသည်တွင်လည်း တစ်ဦးတည်းကျန်ရစ်ခဲ့မည်ဟု တစ်မှုန့်စာမျှ မကြောင့်ကြခဲ့။ ထိုသဘောဖြင့် ဖြစ်မည်ထင်သည်။

အစွန့်စားရဆုံး ချောက်ကမ်းပါးတစ်ဖက်သို့ မောင်က ခေါ်သောအခါ အရှက်သည်းစွာ ဖြစ်ပေါ်ခဲ့သည်မှအပ မငြင်းမိ။ မောင့်ကို နင်းယုံတယ်လေ။ သည်စကားပဲ ပြောပါရစေ၊ မောင်စဉ်းစားကြည့်ပါ။ လေထဲနင်းသလို ခြေရာမထင်တာမျိုးတော့ မဟုတ်ဘူးလေ။ ပြဿနာ ပေါ်လာမှာလည်း နင်းမကြောက်ပါ။ ဘာဖြစ်လို့ဆိုတော့ မောင်တစ်ယောက်လုံး ရှိနေသားပဲ။ မောင့်ကို ယုံကြည်စိတ်ချပြီးသားပဲဟု ပြောခဲ့သည်။ သည်တော့လည်း မြန်မြန် အတူနေကြတာပေ့ါ နင်းရာ။ မောင့်အသက် နှစ်ဆယ့်သုံးနှစ်ရှိပြီ။ သားသည်အဖေဖြစ်ဖို့ ကောင်းပြီထင်တယ်။ သားတွေ သမီးတွေနဲ့ အိမ်ထောင်နဲ့မှ မောင့်ဘဝ စိုပြည်မယ်ထင်တယ်ဟု သူ့ပခုံးတွင် မျက်နှာအပ်ပြီး ပြောခဲ့သည်။ စကားတွေ ပင်လယ်ဝေခဲ့သည်ကို နားမှာဆတ်ဆတ် ပြန်လည်ကြားသည်။

"နင်းက သိပ်လှတာပဲ..." နီမြန်းသော မျက်နှာဖြင့် ပြုံးခဲ့သည်။

"မောင်ပြောနေကျ စကားနဲ့ပြောမယ်။ တစ်ဘဝလုံးအတွက် လှတာပဲလား..." ပါးနှစ်ဖက်ကို လက်ဖဝါးဖြင့် မနာမကျင်ကပ်ထားလေသည်။

"သိပ်ချစ်လို့ ဆိုတာကော မောင်တွေးမိရဲ့လား..."

"တွေးမိတာပေ့ါ..."

"ချစ်လို့ ကြည်ဖြူတာကို အညှာလွယ်တယ်ရယ်လို့ အထင်မသေးဘူးလား..."

"နင်းကလည်းကွာ... မောင့်ရင်ထဲကို မမြင်သလိုကြီး ပြောတယ်..."

"မဲ့မစွန်းခင်နဲ့ မဲ့စွန်းပြီးတဲ့အခါ မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာတန်ဖိုး အပြောင်းအလဲ ရှိသတဲ့..."

မောင့်ရယ်သံက တစ်စတစ်စ မိန်သွားလေသည်။ မင်း တစ်ချိန်ကျရင် လိမ်တာညာတာ ခံရမယ်မှန်း မသိဘူးလားကွာဟု ရယ်ခဲ့ပုံနှင့် တူနေ၏။ ထိုရယ်သံလွင်လွင် ကြားခဲ့ရာအရပ်သို့ ယခုသွားစေကာမူ ကြားရမည်မဟုတ်တော့။ ကိုယ်ရှိရာအရပ်သို့ လာမည်ဝေးစွ။ အဆုံးမထင်သော မျှော်လင့်ခြင်းဖြင့် မျှော်ခဲ့သူအတွက် ရှုးသွပ်၍ပြုမိခြင်းနှင့် မခြားပြီ။ ပကတိအတိုင်း သိရှိခဲ့ရသောအခါ အဖြစ်ကို မယုံချင်အောင် တွေဝေနေမိသည်။ စဉ်းစားကြည့်သမျှ ယိမ်းယိမ်းယိုင်ယိုင်။ ဟုတ်ပါ့မလား။ မောင်က သည်လောက်သစ္စာမဲ့ပါမလား။ မောင်က သည်မျှ ကိုယ့်အပေါ် ရက်စက်ပါ့မလားဟု သတင်းမယုံစိတ်ဖြင့် တွေးခဲ့သည်။ စိတ်ဖွေဖောက်၍ ရောက်ချင်ရာရောက်သည်။ သဘော်နှင့်လိုက်သွားတာ ဖြစ်မှာပါ။ လမ်းမှာ လေမုန်တိုင်းတွေ ဘာတွေမိပြီး ဒုက္ခ ရောက်သွားလို့လား။ ငါ့အခြေအနေကို မောင်သိခဲ့ပြီးသားပဲ။ ပြောပြတုန်းကတောင် စိတ်ရှုပ်တဲ့အမူအရာ တစ်စက်လေးမှ မတွေ့ရတာ။ သေချာလားလို့ တစ်ခွန်းပဲမေးခဲ့တယ်။

"အပွင့်မပျက်တဲ့ ကိုယ့်ပန်းပင် ကိုယ်အသိဆုံးပေါ့ မောင်ရဲ့..."လို့ ဖြေခဲ့တယ်လေ။ ဒါဖြင့်ရင်လည်း တစ်မျိုးတစ်မည် စီစဉ်ကြတာပေါ့တဲ့...။ နှစ်ပွင့်လျော့နေပြီလို့ တိတိကျကျ ပြောနိုင်တဲ့နေ့မှာ ကိုယ်ထပ်ပြောခဲ့ပါတယ်။ ဒယ်ဒီ မလေးရှား သွားနေလို့ပါ။ မာမီ့ကိုတော့ ပြောပြီးပါပြီ။ ဒယ်ဒီ ပြန်လာခါနီးပြီ။ တစ်ပတ်နှစ်ပတ်ဆို ရောက်မှာပါ။ ဒယ်ဒီရောက်လာရင် ရုံးတက်လက်မှတ် ထိုးလိုက်ကြမယ်လေတဲ့။ စိတ်မအေးစရာစကား ဘယ်နှခွန်းပါလို့လဲ...။ ဟင်း... ဘယ်နှခွန်းမှတော့ မပါပါဘူး။ အဲဒီနေ့နောက် မောင် ရောက်မလာတော့ဘူးလေ။ မောင့်ကို အဲသည်ကစပြီး မမြင်ရတော့တာ ခုဆို နှစ်ဝက်ကာလ လွန်ခဲ့ပြီပဲ။ အိပ်မက်ပါပဲ။ အိပ်မက်ဆိုးကို အထိတ်တလန့် မက်နေရသလိုပဲ။ ထွက်ပြေးလို့ မရတော့မယ့် ဘယ်တော့မှ မနိုးတော့မယ့် အိပ်မက်ပါပဲ။ မောင်ရယ် မင်း... တော်တော်စိမ်းကားရက်တဲ့ သူပဲကွယ်။ ခင်ပွန်းသည်ရယ်လို့ တရားဝင်ပြစရာ မရှိဘဲ သားဖွားရမယ့် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကို ထောက်ထားဖို့ ကောင်းပါတယ်။ လောကရဲ့အမြင်ကို ခဏဖြစ်ဖြစ် မောင်ငှားပြီး မြင်ကြည့်စေချင်တယ်။ ခဏတဖြုတ်ကလေးပါပဲ။ အဲသည် မိန်းကလေး တစ်ယောက်တည်းကိုပဲ ပြောတာပါ။ သူ့အမေတွေ၊ အဖေတွေဆိုတာကို ဝေးတဲ့သွေးလို့ပဲ သဘောထား။ သူတို့ကို မငဲ့ညှာနဲ့ဦး၊ မောင့်ရဲ့ အရင်းနီးဆုံး၊ အချစ်ဆုံးဆိုတဲ့ မိန်းကလေးတစ်ယောက်တည်းကိုပဲ စဉ်းစားကြည့်ပါဟု စကားတွေပြောမိသည်။

သည်အရေးကို မျှော်တွေးကာမျှနှင့် အနိုင်နိုင် ရပ်တည်နေရသည်ဟု မောင်သိမည် ထင်သည်။ ကမ္ဘာမြေပေါ်တွင် မောင်အသက်ရှင်နေသမျှ ကာလပတ်လုံး ကိုယ့်ထံ မောင် လာကို လာမည်ဟူသော အစွဲက ပါးလွှာရာမှ ပျက်ပြယ်စ ပြုခဲ့ချေပြီ။

ချိုးရေအိုးထဲသို့ ရောက်သွားသည့်လက်ကို ညဥ့်သိပ်အအေးက ထိလေ၏။

*****

အမေ့ကိုယ်မှ နံ့သာဖြူရနံ့က သင်းသင်းပျံ့ပျံ့။ ဆီရည်ဝနေသော ဆင်စွယ်ဘီးမှာ ဝါကြန့်ကြန့်ဖြင့် ဆံထုံးတွင် လျော့ရိလျော့ရဲ။ ဆံပင်ဖြူတွေက အမေ့ဦးခေါင်းတွင် ပိုများလာသည်။ အမေ့မျက်နှာသည် မနစ်ကထက် သိသိသာသာ ကျနေသည်။ လက်ကောက်ဝတ်က အရိုးလေးတွေ ငေါ်နေ၏။ အုန်းနို့ကျောက်ကျောတုံးကို စိတ်နေသည့် လက်ချောင်းလေးတွေမှာ ခါးသိမ်သိမ်နှင့် လှုပ်ရှားဟန်ကမူ သွက်လက်သည်။ စိတ်ပြီးသမျှကို ကြွေပန်းကန် ထဲသို့ ထည့်သည်။ လက်စသတ်ခါနီးတွင်...

"ပေါင်မုန့်ချပ်ကို အလယ်က ထပ်မလှီးနဲ့တော့..."

သူက နောက်ဆုံးပေါင်မုန့်ကို ထမင်းစားပွဲခုံပေါ်သို့ တင်ကာ ခေါင်းညိတ်ပြလေသည်။ ထိုစဉ် ရေကပြင်ဘက်မှ ရေသံကြားရ၏။ ရေခဲဝယ်ပြီး ပြန်လာဟန်တူသည်။

"ရေခဲကို ဘာနဲ့ထည့်မလဲဟေ့..." အမေက ပန်းကန်စင်ကိုလှမ်းကြည့်၏။ လက်နှင့်အနီးဆုံး ချိုင့်ကိုလှမ်းယူပြီး သူ့ကိုပေးသည်။ အဖေ့ထံ သွားပြီး ချိုင့်ကိုပေးစဉ်...

"ထပ်ခွဲထားတဲ့ အလုံးက အုန်းရည်ကော သောက်ပြီးပြီလား..."ဟု မေး၏။ ခေါင်းညိတ်ပြမည် ပြင်လိုက်သည်။ စပါးခွံစင်အောင် ရေခဲတုံးကို ထပ်၍ဆေးသောကြောင့်

"ဟုတ်ကဲ့ပါ..."ဟု ဖြေသည်။ ရေခဲတုံးက ချိုင့်နှုတ်ခမ်းအထက် တစ်ထွာကျော်မြင့်နေ၏။ အဖေ ထိုင်ရာမှထထချင်း သူလက်ကမ်း၏။

"အဖေယူပေ့ါမယ်... ကျောက်ကျောတွေရော လှီးပြီးပြီလား..."

"ပြီးတော့မှာပါ... ပေါင်မုန့်တော့ပြီးပြီ... အဖေပေါင်းထားတဲ့ ကောက်ညှင်းပေါင်းကို မြည်းကြည့်ဦး..."

"ဘာဖြစ်လို့လဲ..."

"နည်းနည်းများ ပျော့သွားသလားလို့ပါ"

"အုန်းနို့ဆမ်းရင် မာလာမှာကိုတွေးပြီး ခပ်ပျော့ပျော့ ပေါင်းထားတာပဲ..." အမေ့အနားသို့ ရောက်လာကြ၏။ မတ်ခွက်ထဲက အုန်းရည်က တစ်ဝက်သာသာကျန်နေ၏။

"ကုန်အောင်သောက်လေ... ဘာလို့ချန်ထားတာလဲ.."

အမေက ဝင်ပြော၏။

"ဖြည်းဖြည်း သောက်မှာပေါ့... ကုန်မှာပါ... အုန်းသီးသုံးလုံးက အုန်းရည်ဆို နည်းတာမှတ်လို့... တစ်ထိုင်တည်းနဲ့တော့ ဘယ်လာဗိုက်ဆန့်ပါ့မလဲ ကိုစိန်လှိုင်ရယ်..."

ရေခဲချိုင့်ကို ကြမ်းပေါ်သို့ ချပြီးမှ "ငါသိပါတယ်ကွ... ဒါပေမဲ့ သိပ်ကြာရင် ချဉ်သွားမှာစိုးလို့ပါ" စိတ်ရှည်ဟန်မတူသော အမူအရာကို အမေ့တွင် တွေ့ရ၏။ ဟင်းခနဲ အသံပြုကာ...

"အသက်က ငါးဆယ်ကျော်မို့လို့... ခုနစ်ဆယ်ကျော် ရှစ်ဆယ်ဆို ဒို့ထက်ပစိပစပ် များနေဦးမယ်... ပြောစရာအကွက်ချည့် မျက်လုံးက လိုက်ကြည့်နေတာ..."

အသံထွက်အောင် သူရယ်လိုက်သည်။ သူ့ရယ်သံကြောင့် အဖေ့မှာ ပြုံးစိစိဖြစ်နေ၏။ အမေ့အနီးတွင် ရပ်၍ "ပူညံပူညံလုပ်တာ နောက်မှလုပ်... သာကူပြင်ကော... လှီး"

"ပြီးပြီ... ရှင်ရေခဲ သွားမဝယ်ခင်ကတည်းက ဥစ္စာ... ခုမှ လာမေးနေပြန်တယ်... ရေခဲသွားဝယ်ရင်း မအေးခင်တို့.. စိန်စိန်တို့ အိမ်ဝင်ဖိတ်ခဲ့ပါဆိုတာ ရှင်ကိုယ်တိုင် ရေခဲများ ဖြစ်နေသလား အောက်မေ့ရတယ်.. သွားလိုက်တာ တကတည်း..." အဖေက တဟားဟား ရယ်လေသည်။ အဖေ အရယ်စဲမှ...

"နီနီကိုရော မှာခဲ့သေးလားအဖေ..."

"မှာခဲ့တယ်... ခုလာမယ်တဲ့... မောင်အောင်ငြိမ်းကတော့ အပြင်သွားတယ် ဆိုလားပဲ... မအေးခင်က ဘာအထိမ်းအမှတ်လဲတဲ့... ငါ့ကို မေးသဗျ... ဘာမှမဟုတ်ပါဘူး အိမ်မှာစားချင်လို့ လုပ်စားတာ... ပြီးတော့ မတင်ခတို့ကိုရော ခေါ်လာရမလားတဲ့ မေးတယ်... ငါကတော့ မယုတ်မလွန်ပဲ ပြောခဲ့တယ်... အိမ်စားသက်သက်မို့ နည်းများနေမလားလို့...."

"အဲသည်မိန်းမဟာလေ... အဲသည်လိုပဲ... သူ့ခေါ်ရင် သူတစ်ယောက်တည်း မလာဘူး... ဟိုလူ့ခေါ် သည်လူ့ခေါ်နဲ့... ဒီမှာ လောက်မယ်ငှမယ် မတွေးဘူး... ခေါ်လာလည်း ကိစ္စမရှိပါဘူး.. လောက်တော့လောက်ပါတယ်။ ကျုပ်က မကျွေးချင်လို့ပြောတာ မဟုတ်ပါဘူး။ မတင်ခတို့ဆိုတာ ပါးစပ်က အသံချဲ့စက်ဆယ်လုံးစာ... ဟိုလူ့အတင်း ဒီလူ့အတင်း လျှောက်ပြော... ခဏခဏ

ပြဿနာရှင်းရတဲ့ဟာမျိုး... ကျုပ်တို့ကိုတောင် အလွတ်ပေးတာ မဟုတ်တာ... ဒါကြောင့် ခေါ်မလာစေချင်တာ မဟုတ်ပါဘူး... အတင်းပြောတာ နားအငြီးမခံနိုင်လို့..."

အဖေသည် ရယ်၍နေရင်း....

"ဟေ... လိုက်လာလည်း အလိုက်အထိုက်ပေါ့ကွာ... ဟိုဘက်ခြံတွေတော့ အိမ်ပဲ ပို့လိုက်တာပေါ့ကွာ... ဟုတ်လား..."ဟု ပြောသည်။ ထို့နောက် ရေစိုလက်နှစ်ဖက်ကို ပုဆိုးတွင် သုတ်သည်။ အိမ်ရှေ့ဘက်သို့ ထွက်ရန်ခြေပြင်သည်။ အိမ်ရှေ့မှလူသံလူရိပ်မြင်ဟန်တူသည်။ ခါးကိုင်းပြီး ကဲကြည့် လေသည်။

"စိန်စိန်လာပြီ... စိန်စိန်ရေ ဒီကိုလာ..." မီးဖိုဆောင်ဘက်မှ အဖေထွက်သွား၏။ ထိုစဉ် အမေက...

"မအေးခင်က အပိုတွေသိပ်လုပ်တာပဲ... မတင်ခကို ခေါ်လာဦးမယ်... မတင်ခက အမေတို့ကို အတင်းအပြောဆုံး... သူ့အပေါ် အမေတို့ ဘယ်လောက်ကောင်းလဲ... ချုပ်ခက သုံးထည်မှ တစ်ထည်လောက် ယူတာ.... နွမ်းပါးလို့ ချုပ်ခလျှော့ရတာနဲ့... မရလိုက်တာနဲ့... တစ်ကျပ်နှစ်ကျပ် လျှော့ရတာနဲ့... ဒါတောင် သူ အတင်းအပြောဆုံး..."ဟု သူ့ကိုပြောသည်။

"ပြောပါစေ အမေရယ်... သမီးက လူပြောသူပြော ခံရအောင် နေခဲ့မိတာကိုး..."ဟု နှစ်သိမ့်လိုက်သည်။

"အိုအေ... တော်ရုံပြော ခံနိုင်ပါတယ်... သူ့မှာမွေးထားတာ သုံးယောက်စလုံး သမီးချည်း... သားသမီးချင်း စာနာဦးမှပေါ့... ဘယ်အထိပြောတယ် မှတ်လဲ.. သူ့တူနဲ့သမီးကို လာပြီး စပ်ဟပ်တုန်းက... အမေတို့ ငြင်းလိုက်တာ... အငြိုးကြီးနဲ့... သူတို့စပ်တုန်းကသာ သူ့တူနဲ့ ပေးစားခဲ့ရင် ဒီလိုဘယ်ဖြစ်မလဲတဲ့... ပညာရှာတုန်းမို့ပါလို့ အမေတို့ပြောတာကို ခုကြည့်လေ... ရှာလိုက်တဲ့ပညာတဲ့... အဲသလောက်..."ဟု ပြောပြီး အံတစ်ချက်ကြိတ်၏။

"ဟင်း... သူလိုဟာမျိုး ဝေးသေးတယ်... တွေ့သားပဲ... ဆေးသမား... မိဘမှန့်ဟင်းခါးဖို ပြုတ်အောင် ရှုပြပါလိမ့်မယ်..." ဟု သူက ဒေါသဖြင့် ဝင်ပြောလိုက်သည်။ သူပြောခိုက်တွင်... "သားအမိတွေ ဘာတွေပြောနေကြတာလဲ...."ဟု စိန်စိန်က မေးရင်း အနီးရှိ ဖင်ထိုင်ခုံမှာထိုင်၏။

အမေက အကျိုးအကြောင်း ပြောပြသည်။ စိန်စိန်၏ မျက်နှာမှာ ရဲခနဲဖြစ်သွားသည်။ သာမန် စိတ်အနှောင့်အယှက်မျိုးကိုပင် မျက်နှာနီတတ်သော စိန်စိန်၊ ဖြူဖြူတုတ်တုတ် ခန္ဓာကိုယ်မှာ လှုပ်ရှားလာ၏။ အမေ ပြောပြချက်တိုင်းလိုလိုကို အင်းလိုက်ကာ နားထောင်၏။ နှစ်ဖက်ဆက်လုဆက်ခင် မျက်ခုံးမှာ အတွန့်ချင်း ထပ်နေ၏။ မျက်ပေါက်က ကျဉ်း၍လာ၏။ အမေ့စကားဆုံးတော့မှ...

"သူပြောလို့ဖြစ်မှာပါ... တချို့ကကျွန်မကို မေးတယ်... ကျွန်မ ပြောလိုက်တယ်... သူ့ကောင်လေးက ခွေးလိုမို့လို့ ဒီလိုဖြစ်ရတာလို့... ဝင်းဇင်နဲ့ဖြစ်တာ မြို့သိရွာသိ... ဦးစန်းရှိန်၊ ဒေါ်ရင်ရင့်သား ဝင်းဇင်ကို လူတကာသိလို့... ကျုပ်တူမက အရှက်ကြီးလို့ တရားမစွဲတာ... နို့မဟုတ်ရင် သတင်းစာထဲကနေ သင်းတို့သောက်ရက် ကောင်းကောင်းခွဲမှာပေါ့လို့...၊ ဒီစကားဘယ်တုံးက ပြောတာလဲ..."

ဖွန်းတွေကို ပန်းကန်တစ်လုံးထဲ စီထည့်ရင်း အမေက... "ပြောတာက ကြာပါပြီ... ပြဿနာပေါ်စက..."

စိန်စိန်က ဆံဖြူတစ်ပင်မကျန် ဖွေးနေသော ခေါင်းကိုညိတ်ပြီး...
"မသိပါဘူး...ခုများပြောတာလားလို့..."

အမေက ဒန်အိုးကြီးထဲရှိ အုန်းနို့ကို ယောက်ချိုဖြင့်ခပ်ကာ... "ခုတော့လည်း ဘယ်ပြောတော့မလဲ စိန်စိန်ရယ်... ပြောနေစရာ မလိုဘူး အမြင်သာကြီး... ရှိးသွားပြီ... ပါးစပ်တွေလည်း ညောင်းရောပေါ့..."ဟု ပြောပြီးမြည်း၏။

"သကြားနည်းနည်း နည်းနေတယ်ထင်တယ်... စိန်စိန် မြည်းစမ်းပါဦး..."ဟု ပြောကာ ကြွေဇွန်းတစ်ချောင်းဖြင့် ခပ်ပေး၏။

"ဘယ်သူဘာပြောပြော ဂရုစိုက်စရာ မလိုဘူးအေ... ညည်းအဖေ ပြောသလိုပေါ့... သူနဲ့ရတဲ့ဗိုက်ကို သူ့ထက်သာတဲ့ တခြားသူဆီ ထိုးအပ်ပြီး ညည်း သစ္စာဖောက်ရင် ညည်းအလွန်ပေါ့... ဟုတ်လား၊ အင်း... သကြားနည်းနည်း ပေါ့နေတယ်... ပေါင်မုန့်က အချိုရည်စုပ်ရင် ဒါထက်ပေါ့သွားမယ်..."ဟု စိန်စိန်က မြည်းရင်းပြော၏။

ကိုယ့်အကြောင်းတွေကို ပြန်လည်ကြားရသော် ကြားတိုင်းနားစိမ်းစမြဲ။

*****

ပြောသာပြောပြလိုက်လျှင် အမေသည် ရင်ကိုစုံထုကာ ဘုရားတကောင်း တချေမည်။ အဖေဆိုလျှင် ထိုင်နေရာက ဝုန်းခနဲထမည်။ ထနေရာက တုန်လှုပ်ကြီးစွာ လှုပ်ခါသွားချိမ့်မည်။ နှစ်ကြိမ်တိုင်တိုင် စဉ်းစားခဲ့ဖူးပါကြောင်း ထပ်မံပြောပြလိုက်လျှင် ထိုထက်အဆပေါင်းများစွာ ထိတ်လန့်ကုန်မည် ကေန်ဧကေ။ ထိုစဉ်က ဆောက်တည်စိတ်သည် မည်သို့မျှ မရစကောင်းသော အရာဟု ယူဆခဲ့သည်။ အိပ်၍မပျော်ဟူသော စကားဖြင့် ဆေးခန်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး၊ အမျိုးသမီးဆေးရုံကြီးတို့မှ ရလာသော အိပ်ဆေးတွေကို စုခဲ့သည်။ ဆေးလုံး သုံးလေးဆယ်မကရခဲ့သည်။ မောင်က သစ်စိမ်းသဖွယ် ချိုးရက်ပြီဟု သိပြီးသည့်အခါ ဒုတိယအကြိမ်မြောက် စိတ်ရောက်ခဲ့သည်။ အိပ်ဆေး၏ အထောက်အပံ့ဖြင့် ထာဝရအိပ်ခြင်းကို တောင့်တသည်။ သို့သော် အမေနှင့်အဖေတို့ကို မြင်မိသည်။ ချစ်ခင်ကြင်နာသော အမိအဖ၏သမုဒ္ဒယက အိပ်ဆေးပုလင်းကိုင်မည့် လက်ကို ဟန့်တားလေသည်။ ထွေပြား မွှေနှောက်လျက်ရှိသည့် အာရုံတွင် ဆေးပြားတွေကို မမြင်တစ်လှည့် မြင်တစ်လှည့်။

အမှုအရာ ပျက်ပြားကောင်းပျက်ပြားမည့် သူ့ကို အဖေရိပ်မိဟန်တူသည်။
"ဘဝမှာ အလိုချင်ဆုံးအရာဆိုတာ အချိန်အခါ၊ အခြေအနေအလိုက် ပြောင်းလဲတာပဲ သမီး... သမီးငယ်ငယ်တုန်းက မရလိုက်တဲ့ ကစားစရာတွေကို ခုအချိန်မှာ အဲဒီတုန်းကလောက် လိုချင်သေးရဲ့လား။ အရုပ်တွေ၊ ခဲတံရောင်စုံတွေ၊ ကစားစရာ ကားလေးတွေကို အဖေ

အခုဝယ်ပေးမယ်... သမီးမယူချင်တော့ဘူး မဟုတ်လား... အဲဒီလိုပဲပေါ့... အခုအချိန်မှာ သိပ်တန်ဖိုးထားပြီး လိုချင်တဲ့အရာတွေကို နောင်ဆယ်နှစ် ဆယ့်ငါးနှစ်ကြာရင် လှည့်ကြည့်ချင်စိတ် ရှိချင်မှရှိမှာ..." နားဖြင့်သာ ကြားခဲ့သော ထိုစကားတို့သည် ဖြောင့်ဖြောင့်မဝင်။

"သမီးက အဖေ့သမီးမို့စိတ်ချပြီးသား... တချို့မိန်းကလေးဆို ရေထဲ ဆင်းသေတာတို့၊ ဘာတို့နဲ့နေမပေါ့... ဒီအလုပ်က အလကားအလုပ်မှန်း သမီးသိလို့ အထူးပြောစရာ မလိုတော့ဘူး... ဒီအတွက် ဝမ်းသာပြီးသားကွယ့်... ကိုယ်လူဖြစ်လာရတာ သူတစ်ဦးတစ်ယောက်အတွက် ထင်ပြီး အဲဒီသူ မရှိရင် လောကမှာ နေမထူး၊ သေမထူး တွက်တတ်တာကိုး... တရားကိုယ်အရ ပြောရရင်... တစ်ဦးတစ်ယောက်က ကိုယ့်ကို ချစ်ခင်စုံမက်ခြင်း မရှိတော့ဘူးဆိုတာနဲ့ ကိုယ့်မှာ ဘာမှမဖြစ်တာ အမှန်ပဲသမီး... လူရဲ့သေခြင်းဆိုတာကို ချစ်ခြင်းမုန်းခြင်းက ပြုလုပ်လို့ ဖြစ်ကောင်းတာမှ မဟုတ်တာ... စဉ်းစားကြည့်လေ..."

အမေ့စကားကိုကြားရသောညကမှ အဖေ့ ထိုစကားတွေနှင့် ဆက်၍တွေးမိသည်။ ယခင်ကမူ အမေနှင့်အဖေ၏ စိုးရိမ်ပူပင်မှု ပမာဏကို မဆမိခဲ့။ ကိုယ့်ထံမှ ကူးပြောင်း လောင်မြိုက်ခြင်း ခံကြရရှာပါတကားဟု ယခုမှ တွေးမိသည်။

"လူတစ်ယောက်ကို ဘယ်ရွေ့ဘယ်မျှ သံယောဇဉ် ရှိပါတယ် ဆိုတာကို သက်သေပြလိုက်တာ... တစ်ခုတည်းနဲ့မှ သက်သေပြလို့ရတာ မဟုတ်ပါဘူး သမီးရယ်... ရှင်နေလျက်ကနဲ့ဆို သာပြီးတောင် သက်သေပြနိုင်သေးတယ်... မဟုတ်ဘူးလား..."

ထိုစဉ်က အဖေပြောခဲ့သောစကားသည် ယခုမှ အနက်ကောင်းစွာ ထင်သည်။ ပြန်လည်စဉ်းစားမိရာ တချို့စကားတွေကို နားမလည်။ ထို့ပြင် သူနှင့်ပတ်သက်၍ ထိုမျှ ဦးနှောက်အလုပ်များသော အဖေတို့ကို ပို၍အားနာသည်။ ထို့ကြောင့် မည်သည့်အခါမှ အသုံးပြုရန် မလိုအပ်တော့သော အိပ်ဆေးပုလင်းကို အခန်းထောင့် ကြွက်လျှောက်တန်းပေါ်က ယူလိုက်သည်။ အိမ်ရှေ့က အပ်ချုပ်စက်သံကို ကြားရသည်။ အမေတို့ အိမ်ရှေ့မှာရှိကြသည်။ ပုလင်းကိုကိုင်ကာ အခန်းအပြင်သို့ ထွက်သည်။ ခုံဖိနပ်စွပ်လိုက်ချိန်တွင်...

"လက်ထဲကဘာလဲသမီး..."

အဖေက မျက်လုံးကို ပုလင်းမှခွာပြီး သူ့ကိုမေး၏။ ရုတ်တရက် အဖြေရှာမရ။ အဖေက ရေစည်ဘေးတွင်ရပ်လျက် ခပ်တွေတွေနှင့် ကြည့်နေသည်။ မတ်ရပ်တံမြက်စည်းကို ကိုင်ထားပြီး ရှေ့တိုးလာ၏။

"လွှင့်ပစ်မလို့ အဖေ... မှားမှတ်ပြီး စားမိမှာစိုးလို့..."

အဖေကခေါင်းညိတ်သည်။ ထို့နောက် တစ်ချက်ပြုံးသည်။ အဖေ့ရှေ့မှ ခြေရွှေ့လိုက်သည်။ အိမ်သာဘက်သို့ လျှောက်သွားသည်။ အိမ်သာတံခါးကို ဆွဲဖွင့်သည်။ ရေတံလျှောက်အတိုင်း ပစ်ပေါက်လိုက်သည်။ သံပြားနှင့်ပုလင်းထိသံ မြည်လှ၏။ တံခါးကိုပြန်စေ့ပြီး ကိုယ်ကိုလှည့်သည်။ အဖေကြည့်နေ၏။ ရေစည်နှုတ်ခမ်းကို လက်ဖဝါးထောက်ပြီး ရပ်နေ၏။ အနီးသို့ရောက်သော် သဘောပေါက်သကဲ့သို့ ပြုံးလေ၏။

*****

## အခန်း(၂၆)

ကားစက်သံရပ်သွားသည်။ နောက်ခန်းတံခါး ပွင့်လာသည်။ အမျိုးသမီးကြီးတစ်ဦးကို စည်ရိုးပင်တွေ၊ ချုံနွယ်ပင်တွေကြားက မြင်ရ၏။ မီးခိုးနရောင်ထဘီနှင့် အဖြူရောင်အင်္ကျီကိုသာ မြင်၏။ သဏ္ဍာန်မပီသ။ အမေ့ခြေနင်းသံက ရုတ်တရက်ရပ်သွား၏။ စက်ခေါင်းဘီးကို လက်ဖဝါးဖြင့် ဖိကပ်ပြီး ရပ်သည်။ အမေ့ဘယ်လက်မသည် မျက်မှန်ကိုင်းကို ပင့်တင်၏။ မည်သူမည်ဝါဟု အမေခွဲခြားနေစဉ် သူသိပြီးဖြစ်သည်။

ရင်တွေလှုပ်ခနဲခုန်သွား၏။ မောင့်မိခင်။ ကုလားထိုင်ပေါ်မှ ယောင်၍ ထမိလေသည်။ ခြံထဲသို့ လေးငါးလှမ်းဝင်လာသည်အထိ အမေမှတ်မိဟန် မတူ။ ငေးကြည့်နေဆဲပင် ဖြစ်သည်။ ထို့ကြောင့် အမေ့နားသို့ ခပ်မြန်မြန်လျှောက်သွားရသည်။ သူ့ကိုအမေ လှည့်ကြည့်မည်အပြုတွင် ကမန်းကတန်း ပြောသည်။

"ကိုဝင်းဇင့်အမေ ဒေါ်ရင်ရင်လေ..."

"ဟင်... ဟုတ်လား၊ ဘာကိစ္စပါလိမ့်..."

အမေ မျက်နှာပျက်သွား၏။ သားအမိနှစ်ယောက်စလုံးက အိမ်ရှေ့သို့ကြည့်လိုက်ကြသည်။ လက်ပွေ့အိတ်ရှိ ရွှေရောင် အဖွင့်အပိတ်ပြားက နေရောင်ဖြင့် တစ်ချက်လက်၏။ အဌဂံကိုင်း နေကာမျက်မှန်သည် သူတို့နှင့် တည့်တည့်ဆိုင်လာ၏။ မျက်လုံးတွေချင်း ဆုံမိကြသည်။ သို့သော် ဒေါ်ရင်ရင်ထံမှ ပြုံးယောင်ယောင် အပြုံးပင်မလာ...။ ခြေလှမ်းတွေသာ နီးလာ၏။ သရက်ပင်ကို လွန်လာသည်။ အကျော်ပင်ကို လွန်လာသည်။ သနပ်ခါးပင်ကို လွန်လာသည်။ တံစက်မြိတ်အောက်သို့ ရောက်မှ...

"မနင်းဖွေး.. သမီး နေကောင်းတယ်နော်..."

ငေးတိငေးကြောင် ဖြစ်နေရာမှ "ဟုတ်ကဲ့မာမီ... တက်ပါ... တက်ပါ..."ဟု ပြောလိုက်မိ၏။ ဒေါ်မြနွယ် ပြုံးမည်၊ မပြုံးမည် မကွဲပြားသော အကြည့်နှင့်ရှိသည်။ လှေကားထစ်သုံးထစ်ကို နင်းအပြီးတွင်... "ဒေါ်မြနွယ်ကော နေကောင်းတယ်နော်"

"ဪ... ဒေါ်ရင်ရင်.. ဘယ်သူလဲလို့ ကြည့်နေတာ... ကြွပါ... သမီး စက်ခုံနားက ကုလားထိုင်ကို ဒီဘက်ဆွဲလိုက်လေ...၊ အင်း... ကုလားထိုင်က ကြိမ်တွေပေါက်နေတဲ့ဟာ... ဖျာခင်းလိုက်... သမီး..."

အမေကစက်ခုံမှ ထသည်။ သူ့ကို လှမ်းပြောသံမှာ အတန်ငယ် တုန်နေသည်။ အပြုအမူတွေ ပျာနေသည်ဟု ထင်၏။ သင်ဖြူးဖျာလိပ်ကို သူသွား ယူသည်။ ဖျာလိပ်ကို ယူသောလက်တွေ အနည်းငယ် တုန်ယင်ချင်သည်။ ဖျာခင်းနေစဉ် ဦးခေါင်းထဲမှာ ထုံကျင်စွာ ခံစားလာရလေသည်။ အမေက ဆေးလိပ်ပြာခံခွက်ကို ယူ၏။ ဆေးလိပ်တိုတွေ ပွနေ၍ ပြတင်းဘက်သို့ သွား၏။ ပြာခံခွက်ကို အပြင်ထုတ်ကာသွန်ရင်း...

"ဆေးလိပ်ယူလိုက်ဦးသမီး..."

"ဟုတ်ကဲ့"

"နေပါစေ ဒေါ်မြနွယ်... ကျွန်မမှာ ပါပါတယ်..."

ဖျာပေါ်တွင် ခပ်ကျုံ့ကျုံ့ထိုင်ပြီး လှမ်းပြောသည်။ ပြာခံခွက်ကို အမေက ဖျာပေါ်သို့ချ၏။ ထို့နောက် အိမ်ရှေ့ဆင့်သို့သွား၏။ မီးပူတိုက်စားပွဲရှိ မီးခြစ်ကိုယူ၏။ ပြာခံခွက်ထဲသို့ မီးခြစ်ထည့်၏။ ထိုအချိန်တွင် သူ့အနီးသို့ မနှင်းဖွေး ရောက်လာ၏။ ဆေးပေါ့လိပ် လေးငါးလိပ်ကို အမေ့အား ပေးသည်။

"ခါတ်ဘူးထဲက ရေနွေးအိုးထဲ ငှဲ့လိုက်... အမေ... ရေနွေးအိုး သွားတည်လိုက်ဦးမယ်..."

"မလုပ်ပါနဲ့ဒေါ်မြွှယ်... ကျွန်မစားသောက်ပြီးပါပြီ ဘာမှမလုပ်ပါနဲ့... ထိုင်ပါ... သမီး... နေ... နေ... မာမီ့အတွက် ဒုက္ခမရှာပါနဲ့..."

"ရပါတယ် မာမီ... ကိစ္စမရှိပါဘူး... သမီးပဲရေနွေးအိုး တည်လိုက်ပါ့မယ်... အမေနေပါ... မာမီနဲ့ စကားပြောနေရစ်ပါ..."

ပြောပြောဆိုဆို ထသွားလိုက်သည်။ မီးဖိုရှေ့သို့ရောက်မှ သတိရ၏။ မီးမွှေးမည့်သူက မီးခြစ်ယူခဲ့ရန် မေ့သည်။ သွားယူရမှာခက်နေ၏။ မီးခြစ်က အမေ့ရှေ့မှာ။ မေ့မေ့မှားမှား ဖြစ်နေသည်ကို မသိစေချင်... အဘယ်ကြောင့် ထိုသို့ဖြစ်ပါလိမ့်ဟု အတွေးခံရမည်ကို စိုးသည်။ ထို့ကြောင့် မီးစာတင်ပြီး မီးညှိတံကို ရေနံဆီပုလင်းကလေးထဲမှ ထုတ်ယူသည်။ တစ်ခုသတိရ၏။ တစ်လောတုန်းက ယမ်းမီးခြစ်ဘူးတစ်ဘူးကို မီးဖိုအနီးတွင် တွေ့မိသည်။ ထမင်းအိုး၊ ဟင်းအိုးစင်ပေါ်တွင် ရှာသည်။ မတွေ့၊ အဖြေရှာမတွေ့။ ဘာကြောင့် လာပါလိမ့်။ ခုအချိန်ကျမှ ဘာလို့လာပါလိမ့်။ သားရေးသမီးရေး စကားကို ပြောဖို့ပဲဖြစ်လိမ့်မယ်။ တခြား ဘာအကြောင်းမှရှိတာမှ မဟုတ်ဘဲ။ ကျွန်မတို့သားက အခုမှသင်္ဘောနဲ့ပြန်ရောက်လို့ အခုမှလာရတာပါလို့ ပြောမယ်ထင်တယ်။ မောင်က ဘာတွေစကားပါးလိုက်သလဲမှ မသိပဲ။ ငါ့ကို တောင်းပန်စကားတွေ မအေကတစ်ဆင့် ပြောခိုင်းပြီ ထင်တယ်။ အမေတို့ကိုလည်း ကျေရာကျေကြောင်း စကားတွေပြောပြီး တစ်ခုခုပြောတော့မယ်နဲ့ တူပါရဲ့။ မောင်ကိုယ်တိုင် လိုက်လာရင်ကောင်းမယ်။ အေးလေ... သည်ဘက်မှာ သည်အခြေအနေ ရောက်ရတဲ့အထိ လွန်ကုန်တော့လည်း ဖြန်းခနဲ ဘယ်လာရဲပါ့မလဲ။ အဖေတို့က သူ့ကို ခုနေမတွေ့ရတာလည်း တစ်မျိုးကောင်းတာပဲ။ မတွေ့ကြသေးတာပဲ ကောင်းပါတယ်လေ။ မတွေ့။ ကြောင်အိမ်ပေါ်မှာလည်း မတွေ့။ ကြက်သွန်ဆန်ခါထဲတွင်လည်း မတွေ့။ အတွေးများစွာ ယောက်ယက် ခတ်၍ မတွေ့ခြင်းလောဟု ကိုယ့်ကိုယ်ကို အပြစ်တင်သည်။

ဝါးဆစ်ဘူးကို ထရံမှနှုတ်ခါနီးတွင် မီးညှိတံကို မီးဖိုပေါ်သို့တင်၏။ ဝါးဆစ်ထဲမှ အချိုမှုန့်ထုပ် ပလပ်စတစ်အိတ်နှင့် မီးစာအတိုအစတွေ ထွက်လာသည်။ သစ်သားမီးခြစ်သည် ရင်ခုန်လွန်းသောသူတို့ ရှာဖွေလျှင် ကိုယ်ပျောက်နိုင်စွမ်းရှိသည်လား မဆိုနိုင်။

"ဘာရှာနေတာလဲ..."

ထရံကြားတွင် ဝါးဆစ်ဘူးကို ထိုးထည့်နေစဉ် အမေဝင်လာ၏။

"မီးခြစ်ပါ..."

"ဆေးလိပ်ခွက်ထဲမှာလေ..."

"အိမ်ရှေ့မထွက်ချင်လို့... ယမ်းမီးခြစ်ကို ရှာနေတာ..."

"ကြာလှပြီ... မီးခြစ်ဆံကုန်နေတာ... လွှင့်တောင်ပစ်လိုက်ပြီ..."

သူဘာမှပြန်မပြော။ အိမ်ရှေ့ဘက်သို့ သွားရန် ခြေဦးတည်သည်။ အမေက သူ့လက်မောင်းကို လှမ်း၍ဆွဲ၏။ သူလှည့်ကြည့်သည်။

"သမီးအဖေကိုသွားခေါ်ရင် ကောင်းမယ်ထင်တယ်..."

"အဖေ ဘယ်သွားလို့လဲ...."

"ပေတစ်ရာထိပ်သွားတယ်... လက်ဖက်ခြောက်ကုန်လို့.... ညည်းအဖေက ရောက်လေရာ လျှာရှည်နေပြီ ထင်တယ်... ဒီမယ်... သမီးဘကြီးတို့ကိုလည်း သွားခေါ်လိုက်ရင် ကောင်းမယ်... သမီးတို့ကိစ္စ ပြောစရာရှိလို့ လာတာထင်တယ်..."

သူခေါင်းညိတ်သည်။ အမေက သူ့လက်မောင်းကို လွှတ်၏။ သွားမည်ပြုပြီးမှ တစ်စုံတစ်ရာ သတိရလေဟန်နှင့်....

"မီးခြစ်ကို အမေ့ဟာ အမေယူနော်..." ဟု ပြောသည်။ အမေ ခေါင်းညိတ်သည်။ အိမ်ရှေ့ခန်း ခန်းဆီးခပ်ဟဟကြားမှာ မြင်ရသောမြင်ကွင်းကြောင့် ခြေစုံတုံ့သွား၏။ ကားအနောက်ဘက်မှ ကွေ့ကာ ခြံထဲသို့ဝင်လာသူ အဖေ။ နောက်ပြန် လှည့်လိုက်သည်။ အမေက တစ်လံသာသာအကွာသို့ ရောက်နေ၏။ ဘာလဲဟူသော မျက်ခုံးအပင့်ကို သူတွေ့၏။

"ဟိုမှာ အဖေပြန်လာပြီ..."ဟု ခပ်တိုးတိုး ပြောလိုက်သည်။

"ဟင်... ဟုတ်လား... ဒါဖြင့် သမီး မီးဖိုထဲနေခဲ့... အမေ မီးခြစ်ယူလာခဲ့မယ်... အိမ်ရှေ့မှာ အမေရှိမှ ဖြစ်မယ်..."

ဟု ပြော၏။ အမေ့အသံတွေက လှုပ်လှုပ်ခါခါနိုင်လှ၏။ အမေ အပြင်သို့ရောက်သွားပြီးနောက် ထိုနေရာတွင် ရပ်၍နေမိ၏။ မကြာမီပင် အဖေ အိမ်ပေါ်တက်လာသည်ကို သိ၏။ ဦးစွာကြားရသည်မှာ အမေ့အသံ ...။

"မောင်ဝင်းဇင်တို့ အမေလေ..."

မျက်တောင် သုံးလေးခတ်မျှသာ ကြာမည်ထင်သည်။

"ဩော်... ဟုတ်ကဲ့... ဟုတ်ကဲ့... ရောက်နေတာကြာပြီလား..."

"မကြာသေးပါဘူး... ခုကလေးတင်ကမှပါ... မတွေ့လို့ ဒေါ်မြနွယ်ကို ကျွန်မ မေးရပါသေးတယ်..."

အဖေ့ပြောသံက မရှေးမနှောင်း။

"လက်ဖက်ခြောက် သွားဝယ်ရင်း လမ်းမှာ အသိတစ်ယောက်နဲ့တွေ့လို့ စကားကောင်းပြီး နည်းနည်း ကြာသွားတယ်။ သမီးနဲ့ကော တွေ့ပြီး ပြီလား... မမြနွယ်... သမီးကော..."

"ဟုတ်ကဲ့ရှင့်"

"ပေးလေ... ရှိပါတယ်... ရေနွေးအိုး တည်နေတယ်..."

လက်ဖက်ခြောက်ထုပ်ကို လှမ်းယူရင်း အမေဖြေဟန် တူလေသည်။ မီးခြစ်ယူသံ အဖေထိုင်သံတို့ကို ကြား၏။ ခန်းဆီးတစ်ဖက်စ လှုပ်သွား၏။ အမေ့လက်ထဲမှ လက်ဖက်ခြောက်ထုပ်နှင့် မီးခြစ်ကိုယူ၏။ အမေက မီးဖိုထဲအထိ လိုက်လာ၏။ ထို့နောက် ဘာမှမပြော။ ပြန်ထွက်သွား၏။ လက်ဖက်ခြောက်ကို ဖူးထဲထည့်ပြီး အဖုံးပိတ်၏။ မီးမွှေးလိုက်သည်။ မီးရှိန်ညှိပြီး ရေနွေးကရားကို မ,ကြည့်သည်။ ရေပြည့်လျက်။ မီးဖိုပေါ်တွင် တင်သည်။ ထမင်းစားခန်း တံခါးမပေါင်ကို ကျောမှီ၍ ရပ်လိုက်၏။ အလိုလို မောလာသည်။

သိလိုစိတ်က အသည်းကို ထွင်းလျက်ရှိသည်။ ဒေါ်ရင်ရင်၏ စကားထဲက သမီးဟူသော စကားလုံးကိုသာ မှတ်မိသည်။ ပြည့်ပြည့်စုံစုံ မကြားလိုက်ရ။

"သမီးလာ... စကားပြောမလို့တဲ့... မီးခြစ်ကော..."

ရာမည် ပြင်မိသေး၏။ မီးခြစ်က လက်ထဲမှာ ဆုပ်လျက်သား။ မျက်နှာချင်းဆိုင်ရမှာ ဝန်လေးလွန်းမက ဝန်လေးနေသည်။ မည်သို့မည်ပုံ အိမ်ရှေ့ရောက်သည်။ ဖျာစပ်တွင် ထိုင်လိုက်သည်ကို မသိလိုက်။ အပူငွေ့တွေ တစ်ကိုယ်လုံး ဟပ်နေသကဲ့သို့ ဖြစ်နေ၏။

"တခြားကိစ္စတော့ မဟုတ်ပါဘူး... သမီးနဲ့ပတ်သက်လို့ပါ..."

နားသုံးစုံသည် လျှာလှုပ်သံဟူသမျှကို ကြားရသည်အထိ အာရုံစွင့်နေမည်ဟု ထင်သည်။

"အရင် လာပြောကြပြီးနောက် ကျွန်မလာမယ်လို့ ပြောလိုက်တယ်လေ... အလုပ်ကလည်း သိပ်များ... ဒီအထဲ သွေးတိုးကလည်း ပြန်ဖြစ်လို့ အခုမှ လာရတာပါ... တမြန်နေ့လောက် ကတည်းက လာမလို့ မူးနောက်နောက်နဲ့ နေလို့..."

ဦးစိန်လှိုင်က ပြုံး၍ ခေါင်းညိတ်သည်။ ဒေါ်ရင်ရင်၏ စကားလမ်းကြောင်းမပျက်စေရန် အထောက်အခံ ပြုပေးသည့်သဘော ဖြစ်ပေမည်။ ဒေါ်မြနွယ်က တစ်ချက်တစ်ချက်တွင် ခင်ပွန်းဖြစ်သူကို လှမ်း၍ကြည့်၏။ လိုရင်းစကားကို ကြားလိုစိတ်စောနေဟန် ရှိသည်။

"ညမနက် ဆေးသုံးလေးလုံး ထိုးလိုက်တော့မှပဲ သွားနိုင်လာနိုင်တော့တယ်... လာရတဲ့ကိစ္စကတော့ တခြားမဟုတ်ပါဘူး... သားဆီက စာလာတယ်လေ... ကျန်ခဲ့တဲ့ တစ်ပတ်လောက်ကမှ စာရတော့တာ..."

ဒေါ်မြနွယ် ခေါင်းကို ဆတ်ခနဲမော့သည်။ ဦးစိန်လှိုင်က "ဪ..."ဟု အသံပြုသည်။

"အဲဒါ စာရတဲ့အကြောင်း... လောလောဆယ်မှာ မာမီသွားတွေ့လိုက်ပါတဲ့... လေးငါးလလောက်ဆိုရင် သူမြန်မာပြည် ပြန်ရောက်မယ်ဆိုတာလည်း ရေးလိုက်တယ်... အဲဒီတော့မှ သူကိုယ်တိုင် လာပြီးတွေ့မယ်တဲ့... သူဘယ်လိုစီစဉ်မလဲတော့ ကျွန်မလည်း မပြောတတ်ဘူး... ကျွန်မတို့က သူ့သဘောတစ်ခုပါ... အရင် ဒေါ်မြနွယ်တို့ ပြောပြတဲ့အစီအစဉ်ကို သူ့ဖအေကို ကျွန်မပြောပြပါတယ်... စကားတောင် ပြန်ချိန်မရလိုက်ပါဘူး... အထက် မြန်မာပြည်တစ်ခွင် ကိစ္စနဲ့တက်သွားတာ နှစ်လကျော်ကျော်ကြာတယ်... ကျွန်မခင်ပွန်း ပြန်ရောက်တော့ ကျွန်မက နေမကောင်း... သူ့လွှတ်မယ် စိတ်ကူးတယ်... တစ်ခါတလေ အိမ်ပြန်မအိပ်ရအောင် အလုပ်ကများ.. လာမယ်စိတ်ကူးတုန်း သားဆီကလည်း စာလည်းရောက်လာ... ပြီးတော့..."

စကားစကို ခဏဖြတ်သည်။ ထိုခဏတွင် သူ့ရင်တွေ မတန်တဆ နာကျင်လာ၏။ အမေနှင့် အဖေတို့က ခေါင်းတစ်ညိတ် လည်တစ်ညိတ်ဖြင့် ယုံကြည်နေကြဟန်တူသည်။ ဪ... ဪ... အင်း... အင်း... နှင့်။ မျက်နှာမပျက်စေရန် စိတ်တင်းထားရသည်။

"ကျွန်မကို မညာပါနဲ့တော့... ကျွန်မအကုန်လုံး သိတယ်... ကျွန်မသိနေတာကိုသာ အဒေါ်တို့ မသိကြတာပါ"ဟု အော်ဟစ်ပစ်လိုက်ချင်သည်။

"ငွေလည်း ပို့လိုက်တယ်... ငွေကိုလည်း ဆက်ဆက်သွားပို့ဖို့ ကျွန်မကိုမှာတယ်..."

လက်ပွေ့အိတ်ထဲမှ ငွေစက္ကူကို ထုတ်ယူသည်။ အစိတ်တန်သုံးအုပ်။ အသစ်၊ အထုပ်မဖြေရသေး။ လက်ပွေ့အိတ်ပိတ်သံမှာ ကျယ်လောင်စူးရှသည်ဟု ခံစားရ၏။ ထိုအချိန်တွင် အဖေ့အကြည့်မှာ အဓိပ္ပာယ်တစ်မျိုး။ တစ်ဦးကိုတစ်ဦး ကြည့်သည်။

"သမီး... ဒါကို ယူထားလိုက်ပါနော်... သမီးလက်မခံရင် သူပြန်လာတဲ့အခါကျရင် မာမီ လာမပေးလို့၊ သဘောပေါက်အောင် ရှင်းမပြလို့လို့ ကြားထဲကနေ အပြောခံရမှာစိုးတယ်..."

အလွန်တရာပါးနပ်သော အမျိုးသမီးတစ်ဦးဟု သူနားလည်သည်။ ဒေါ်ရင်ရင်၏ အသံမှာ ချိုချိုလွင်လွင်။ နားဝင်နှစ်သက်ဖွယ် ကောင်းအောင် ပြောသည်ဟု ထင်၏။ ပြုံးနေသော မျက်နှာနှင့်ရှိ၏။ သူ့အဖြေကို ဒေါ်ရင်ရင်စောင့်သည်။ သင့်သည်ထက်များစွာ ကြန့်ကြာလျှင် အဖေတို့က တစ်မျိုးထင်ပေလိမ့်မည်။ ထို့ကြောင့်...

"ကျွန်မ လက်မခံပါရစေနဲ့...."

နေကာမျက်မှန်အောက်ရှိ ဒေါ်ရင်ရင့် မျက်လုံးအစုံကို တစူးတစိုက် ကြည့်ကာ ဖြေလိုက်သည်။ အဖေအဖို့ ဘေးတိုက်မြင်၍ မသိသာ။ အမေက သူ့ကိုလှမ်းကြည့်၍ မတွေ့လိုက်။

"သမီးစဉ်းစားပါဦး.."

ပြုံးမြနှုတ်ခမ်း နူးညံ့မြဲအသံဖြင့်ပြောသည်။ သူချက်ချင်း ခေါင်းခါပြသည်။

"ကျေးဇူးတင်ပါတယ် မာမီ... ခုလိုလာတဲ့အတွက်နဲ့ပဲ လုံလောက်ပါပြီ... ဒီငွေကိုတော့ ကျွန်မဘယ်လိုမှ လက်မခံနိုင်ပါဘူး။ မာမီပြန်ယူသွားပါ.."

သူ့အသံက ညင်သာသည်။ တုန်နေသော်လည်း မပျော့ပျောင်း။

"လာတဲ့အတွက်နဲ့ပဲ လုံလောက်ပြီလို့ သမီးပြောတာ မာမီကြားရတော့ မာမီ တော်တော် စိတ်မကောင်းဘူး... မာမီတို့ကို စိတ်ဆိုးနေတယ်နဲ့ တူတယ်... ဒီကြားထဲ မလာနိုင်တဲ့အကြောင်း... ခုန မာမီ ပြောပြပြီးပြီလေ..."

သူပြုံး၏။ ခနဲ့ပြုံးဟု ဒေါ်ရင်ရင်သိမှာ သေချာသည်။

"မာမီတို့ကို စိတ်မဆိုးပါဘူး... ဒါပေမဲ့ ဒီငွေကိုတော့ ဘယ်နည်းနဲ့မှ လက်မခံပါရစေနဲ့ မာမီ..."

အဖေ့ကိုသူကြည့်၏။ အဖေ မျက်နှာလွှဲထားသည်။ ထို့နောက် ထိုင်ရာမှထသွားသည်။ တိတ်ဆိတ်နေသော ကာလက မှတ်မှတ်သားသား ရှည်ကြာလာ၏။ အမေသည် ကရားအိုးကို ယူကာထသွား၏။ စိတ်ပျက်သောအသွင်ဖြင့် အိမ်နောက်ဖေးဘက်သို့ ထသွား၏။ သူက ဒေါ်ရင်ရင့်ထံ မျက်လုံးမရောက်အောင် တစ်နေရာပြီးတစ်နေရာ အကြောင်းမဲ့ ကြည့်နေသည်။

"သမီး... မာမီပြောတာ သဘောမပေါက်ဘူး ထင်တယ်..." နေရောင်စွေစွေကျရာ ခေါင်းရင်းခန်း ဝရန်တာသို့ ငေးရင်း သူဖြေသည်။

"ပေါက်ပါတယ်... သူ့ဆီကို သမီးပြောတဲ့အတိုင်း မာမီစာရေးလိုက်ပါ... ပြီးတော့လည်း တစ်ခွန်းပြောပေးပါ.... မြန်မာပြည်ကို ပြန်ရောက်ရင် ကျွန်မဆီကိုမလာပါနဲ့တော့လို့..."

အိမ်ရှေ့သို့ လှမ်းကြည့်သယောင်နှင့် မျက်နှာကွယ်ကာ အံတစ်ချက်ကြိတ်လိုက်သော ဒေါ်ရင်ရင့်ကို လှစ်ခနဲ မြင်လိုက်သည်။ ထိုအခိုက်တွင် လက်ပွေ့အိတ်ဖွင့်သံ ထွက်လာ၏။ အမေ့ခြေသံကို ကြား၍လှည့်ကြည့်သည်။ ရေနွေးကရားကိုယူလာသည်။ ဗန်းထဲတွင်ချသည်။ ထို့နောက် ဒေါ်ရင်ရင်ကိုပြော၏။

"ရောက်မှပဲ ဖြည်းဖြည်းပေါ့..." သူ့ကိုပြောသည်။

"သမီး လက်ဖက်သုပ်ပါလား..." ခါတိုင်းလို အထမနေး။ ရင့်မာလာသော ကိုယ်ဝန်ကြောင့် အထိုင်အထ ခက်ခဲသည်။ ဒေါ်ရင်ရင်က တားသည်။

ထမင်းစားခန်းထဲသို့သူအရောက်တွင် အမေကနောက်မှ လိုက်လာသည်။ လက်ထဲတွင် ဓာတ်ဘူး။

"ညည်းအဖေတော့ တော်တော် ဒေါပွနေပုံပဲ... ခြံထောင့်က ဥသျှစ်ပင်အောက် သွားထိုင်နေလေရဲ့..."ဟု ပြောပြီး ဓာတ်ဘူးထဲသို့ ရေနွေးငှဲ့ထည့်၏။ သူမပြောနိုင်။

လက်ဖက်သုပ်နေစဉ် ကားစက်သံကြားရ၏။ ကားဘီးလိမ့်သံ ကြားရ၏၊ ခြံရှေ့ရှိ ကားလမ်းအတိုင်း မောင်းထွက်သံ ကြားရလေသည်။

*****

သားအမိနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြသည်။ အိမ်သည်တို့၏ ပြန်ထွက်အလာကို မစောင့်သော ဧည့်သည်။ အိမ်သည်တို့ကို နှုတ်ဆက်ခြင်း မပြုတော့သော ဧည့်သည် ဒေါ်ရင်ရင်။ ဧည့်သည်တို ပြုံရိုးပြုံစဉ် ပြုမသွားသော ဒေါ်ရင်ရင်။

"သူပေးတဲ့ငွေကို လက်မခံနိုင်ပါဘူးလို့ ခါးခါးသီးသီး ငြင်းလိုက်တာကို စိတ်ခုသွားတယ်နဲ့ တူပါရဲ့..." သူနှင့်အတူရော၍ ထိုင်ရင်း အမေပြော၏။

"အဲဒီငွေကို ဘာလုပ်ရမှာလဲအမေ... အရင်က ကျွန်မတို့အကျိုးသင့် အကြောင်းသင့် သွားပြောခဲ့တာတွေဟာ ငွေလိုချင်လို့ လာပြောတယ်လို့ အထင်မခံနိုင်ဘူး..."

သူ့အသံသည် ယခုတိုင် စူးစူးမြမြဖြစ်လျက် ရှိသေးသည်။ "မောင်ဝင်းဇင်ဆီကို သူဘယ်လို စာပြန်ရေးမလဲ... မပြောတတ်ဘူး..."

"သမီးပြောလိုက်ပါတယ်... မြန်မာပြည်ကို ပြန်ရောက်တဲ့ အခါကျရင်လည်း ကျွန်မဆီကို မလာပါနဲ့လို့..."

"ဟုတ်လား... သမီး အဲဒီလို ပြောလိုက်လား..." သူခေါင်းညိတ်စဉ် အဖေက အိမ်ရှေ့ဘက်မှ တက်လာ၏။

သားအမိနှစ်ယောက်ထံသို့ လှမ်းကြည့်သောမျက်လုံးတွင် မကျေနပ်မှုအရိပ်တွေနှင့် ရှိ၏။ သူတို့နှစ်ဦးကို မဟုတ်မှန်း သိကြ၏။ ဖိနပ်ချွတ်ပြီး စက်ခုံနောက်ရှိ ခွေးခြေတွင် လေးကန်စွာထိုင်၏။

"ခုန သမီးပြောတာ ကြားလိုက်ပါတယ်... ဘာလဲ... မြန်မာပြည်ဆိုတာ ကြားလိုက်ရတယ်... ဘာလဲ"

"သမီးက ငွေလည်း လက်မခံပါရစေနဲ့... သူမြန်မာပြည် ပြန်ရောက်ရင်လည်း သမီးဆီ လာစရာ မလိုဘူးလို့... အဲဒါကိုလည်း သူ့ဆီရေးတဲ့အခါ ထည့်ရေးလိုက်ပါလို့ ပြောလိုက်တယ်..."

အဖေ့ညာလက်မောင်းက စက်ခုံတွင် ဘေးချင်းထိထား၏။ နှုတ်ခမ်းစေ့ထား၏။ ထက်အောက် ဖိထားသည်။ နှုတ်ခမ်းမွှေးနေရာ တစ်လျှောက်တွင် ဖုဖုဖောင်းဖောင်း ဖြစ်နေ၏။ ပါးနှစ်ဖက်စုံ့တက်ကာ မေးစေ့မှာ တွန့်ကျစ်လျက်ရှိသည်။ ခဏကြာမှ ပြောမည့်နှုတ်ခမ်းကိုပြင်၏။

"ဒီမှာဖြင့် မွေးပဲမွေးခါနီးပြီ... ခုမှ ဘာစိတ်ကူးပေါက်ပြီး ရောက်လာသလဲ မသိဘူး... ပျက်ကွက်ခဲ့သမျှကို ငွေသုံးထောင်နဲ့ လာချေတာကိုး..."

အမေသည် လက်ချောင်းတွေကို တဖျစ်ဖျစ်ချိုးကာ အဖေ့ကိုကြည့်၏။ အဖေ့အသံ ထွက်လာ၏။

"ဒီကိုလာဖို့ နည်းနည်းကြာသွားလို့ ခွင့်လွှတ်ပါဆိုတဲ့ သဘောပေ့ါ... သူ့ယောက်ျား အလုပ်များတာတွေ... သူမလာနိုင်တာတွေနဲ့ နိဒါန်းခံလို့... သူတို့ဘက်က ကြည့်ရင်တော့ ခဏကလေးပေ့ါ... ဒီမှာက ကလေးပဲ ရှင်ပြုခါနီးပြီ.... စကားတွေက အချိတ်အဆက်မရှိဘူး... မောင်ဝင်းဇင်က သူ့ဆီကိုပဲ စာရေးသတဲ့... သမီးဆီကိုတော့ ဘာလို့မရေးသလဲ.. လိပ်စာအမှတ်ရ ခက်တယ်ထား... သူ့မအေဆီရေးတဲ့စာနဲ့ တဆင့်ရေးလည်းရတာပဲ... ဒီစကားလည်း ယုတ္တိမတန်ပါဘူး..."

သားအမိနှစ်ယောက်လုံးက ငြိမ်သက်စွာ နားစိုက်နေသည်။ ကြည့်နေကျ ပြက္ခဒိန်ကို လှမ်း၍ကြည့်သည်။ ထို့နောက်...

"ဒီနေ့သောကြာနေ့ပဲ... အယူရှိတာ မရှိတာအပထား... ကျွန်,မသား စကားမမှန်တဲ့... ကျွန် တနင်္လာ၊ မ ကြာသပတေး၊ သား သောကြာ ဒီသုံးရက်မှာ ပြောတဲ့စကားဆိုရင် ဆယ်ခွန်းတစ်ခွန်း မှန်ခဲဘိခြင်း... ငါနားမလည်တာ ဘာပြုလို့ ခုမှရောက်လာသလဲ ဆိုတာပဲ.... ငါမရောက်ခင် ဘာတွေပြောနေကြသေးလဲ..."

"ဘာမှမပြောဖြစ်ပါဘူး... နေကောင်းလား၊ ထိုင်ကောင်းလား စကားလောက်ပါပဲ... ရှေ့ဆင့်နောက်ဆင့်လိုလို ရောက်လာကြတာပဲ... သမီးနဲ့ အခေါ်တောင် လွှတ်နေပြီ... အစ်ကိုတို့ စိန်စိန်တို့ကိုပါ တစ်ခါတည်း ဝင်ခေါ်ဖို့ စိတ်ကူးသေးတယ်... သမီးကို မှာနေတုန်း ရှင်ရောက်လာတာ..."

"ဟိုလူ့ခေါ် ဒီလူ့ခေါ် ဘာခေါ်စရာလိုလဲကွာ... တို့သားအမိသားအဖ သုံးယောက်နဲ့ ပြောဖို့ သူလာတာပဲဟာ... တခြားအကြောင်းတွေ ဘာတွေများ ပြောမလားလို့ ငါထင်တာ... ပိုက်ဆံလာပေးတာ သက်သက်မှန်း သိသွားတော့ စကားပြောချင်စိတ် မရှိတော့ဘူး... ဒါနဲ့ ထသွားတာ... ရှေးတုန်းကတော့ အဲသလို လုပ်တာကို ကိုယ်ဖိုး အလျော်ပေးတယ်လို့ ခေါ်ကြတာပဲ.... သူတစ်ချက်သိဖို့ ကောင်းပါတယ်... အလျော်လိုချင်မှဖြင့် အစောကြီး ကတည်းက တို့က တရားတပေါင် စွဲလားဆိုလား လုပ်ခဲ့ကြမပေါ့... ဟင်း..."

နာခေါင်းရှုံ့၍ လေသံပြင်းပြင်း မှုတ်ထုတ်၏။ မနှစ်မြို့သော အမူအရာဟု သိကြ၏။

"လာတဲ့သူက မအေမို့လို့... ကောင်လေးဖအေကသာ အဲသလို လာကြည့်ပါလား... ပက်ခနဲ ပြောလွှတ်ပြီးပြီ... မမြန်ွယ်... မင်းကလည်း ဘာမှ မပြောတတ် မဆိုတတ်ဘူး... သူ့ဟာသူ ဘာကောင်ကြီးဖြစ်ဖြစ် လမ်းမဟုတ်ရင် ငါ့ပါးစပ်က မနေနိုင်ဘူး... ငါ့အိမ်မှာ ငါဘုရင်... ငါ့တိုင်းသူပြည်သားတွေကို လာစော်ကားရင် ငါကာကွယ်ရမယ်... ထိပါးရင် ငါခုခံမယ်... ဒါပေမဲ့ ခုဟာက မိန်းမချင်းပြောမှ ကောင်းမယ်... ယောကျ်ားကြီးတန်မဲ့ မိန်းမပြော ပြောလွှတ်တယ်လို့ ဖြစ်မှာစိုးလို့..."

"ကျွန်မကလည်း ရှင်ဘာပြောမလဲ... ဘာပြောမလဲဆိုပြီး ဝင်မပြောတာပါ... ပြောတော့ ပြောတတ်တာပေါ့... သမီးခေါင်းခါလိုက်တာနဲ့ ကျွန်မပြောရမယ့်ဟာက လုံလောက်သွားပြီလေ... ကျွန်မလည်း ရှင့်လိုပဲခံပြင်းတာပေါ့ ကိုစိန်လှိုင်ရယ်..."

အဖေက တွေ၍နေ၏။ တစ်စုံတစ်ရာ စဉ်းစားဟန်တူသည်။ ပြောပြလိုက်ချင်သည်။ ဝင်းဇင်ဟူသော လူတစ်ယောက်သည် မြန်မာပြည်တွင်သာ ရှိခဲ့သည့်အကြောင်း၊ ထိုအကြောင်းကို အမေတို့အား အသိပေးလိုက်ရလျှင် ကောင်းမည်လား တွေးမိသည်။ ထိန်ချန်ထားရခြင်းမှာ မရိုးသားရာကျပြီလားဟု အောက်မေ့၏။ ယခုမှပြောရလျှင် ကောင်းမည်မထင်။ သိသိချင်း ပြောပြခဲ့ရန် သင့်၏။

မျှော်ကိုးချက်တစ်ခုကြောင့် မပြောပြခဲ့သော ကိုယ့်ကိုယ်ကို ယခုမှ မနှစ်သက်ဖြစ်ရ၏။ တစ်ရက်ရက်တွင် သူ့ထံလာမည်ဟု တွက်ဆမိခဲ့သည်။ ယုံကြည်စိတ်နှင့် စောင့်နေခဲ့သည်မှာ နေ့စဉ်။ စိုးလင်းဇော်နှင့် အချင်းများရသည့် သတင်းစကားကြားပြီးနောက် ပို၍ မျှော်လင့်ခဲ့၏။ လာမည်ဆိုသောစကားကို တစ်ဆင့်ကြားပင် မကြားရခဲ့...။ သည်နေ့တွင် ဒေါ်ရင်ရင့်ထံမှ ကြားရ၏။ နားနှင့်ဆတ်ဆတ် ကြားရသောနေ့တွင် မယုံချင်တော့။ ထို့ပြင် မျှော်လင့်ချက် အကြွင်းအကျန် အားလုံး လွင့်စဉ်ကြေပျက်သွားချေပြီ။ လူအစား ငွေကိုသာ အရောက်ပို့ပေးခြင်းဖြင့် ဖြစ်ခဲ့သမျှကို ပြေပျောက်စေသည်ဟု ယူမှတ်သည်။ ငွေဖြင့်နှစ်သိမ့်သည်ဟု မခံသာအောင် ခံစားရ၏။

"နောက် လေးငါးလလောက်ဆိုရင် မောင်ဝင်းဇင် လာရင်လာမယ်လို့ စကားကို မတင်မကျ ပြောသွားသေးတယ်..."

အမေက နှုတ်ခမ်းတစ်ချက်မဲ့ကာ ဒေါ်ရင်ရင့်စကားကို အစပြန်ဖော်၏။ အဖေသည် ဝရန်တာဘက်သို့ ကိုယ်ကိုယ်ို့ကာ သောက်လက်စ ဆေးပေါ့လိပ်တိုကို ယူ၏။ သင်ဖြူးဖျာပေါ်ရှိ ဆေးလိပ်ခွက်ထဲမှ မီးခြစ်ကို ယူပြီးပြန်ထိုင်သည်။

"နေ့စေ့လစေ့ ဖြစ်နေတဲ့အချိန်ကျမှ ချွေးသိပ်စကားတွေ ဘာလာပြောဖို့ လိုသေးလဲ... အားလုံးလည်း မြင်နေပြီ... ရေအိုးမြေအိုးဆိုတာ ခွဲချင်ခွဲပစ်... ဘာအရေးလဲ... အိုးထားတဲ့နေရာမှာ ခြစ်ရာတောင် မထင်ဘူး... အစအနတွေကို တံမြက်စည်းနဲ့ လှည်းကျင်းပစ်ရင် အမှုန်တောင် မထင်ဘူး.... ဒီကအိုးကအရက်အိုး... တစ်သက်မှာတစ်အိုးနဲ့ လူဖြစ်လာကြတာ... ဒီအရက်အိုးကို လာခွဲခဲ့ကြပြီပဲ... လှည်းကျင်းပစ်လို့ မရတဲ့ရင်ထဲမှာ အစအနတွေ စူးဝင်နေတာ ငွေသုံးထောင်နဲ့ လာလှည်းလို့ကော စင်နိုင်မတဲ့လား... ရမတဲ့လား..."

အသံရှိန်က ပြင်းထန်လှ၏။ ကြိမ်းပသော လေသံမျိုးကို မကြားစဖူးဖြစ်၍ အံ့အားသင့်ရသည်။ ဆေးလိပ်မီးခိုး ထောင်းထောင်းထမျှ တစ်ဖွာပြီးတစ်ဖွာ ဖွာသည်။ ထိုစကားမျိုးကို အဖေမပြောခဲ့။ ဆေးလိပ်ဖွာရင်း တောက်တစ်ချက် ခေါက်၏။ ထို့နောက် ခေါင်းခါ၏။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသည်။ ကွမ်းတစ်ယာညက်မက အကြာတွင်....

"ပြန်ခါနီးတော့ ဘာပြောသွားသေးလဲ..." အမေချက်ချင်းဖြေ၏။

"သမီးက လက်ဖက်သုပ်နေတာ... ကျွန်မက ဓာတ်ဘူးထဲ ရေနွေးထည့်နေတုန်း ထပြန်သွားတာတောင် မသိလိုက်ဘူး... ကားသံကြားလို့ ထွက်ကြည့်တော့ သူ့အိမ်ပေါ်မှာ မရှိတော့ဘူး.."

"ဒီဘက်က ငွေလက်မခံလို စိတ်ဆိုးသွားတာနဲ့ တူပါတယ်... ဟင်း... ဟင်း..."

နှုတ်ခမ်းစေ့ထားပြီး ရယ်၏။ မခံချိမခံသာ ရယ်သံမျိုးမှန်း ကြားရုံနှင့် သိလွယ်၏။

"စိတ်ဆိုးသွားလို့ နောက်တစ်ခါ မလာလည်း ကောင်းတာပဲ... စော်ကားဖို့လာတဲ့ ညှော်သည်ကို နောက်တစ်ခါ မလာစေတာဘဲ ကောင်းပါတယ်... ကဲပါလေ... တော်ပါတော့... ဒီအကြောင်းတွေ စဉ်းစားမိရင်တောင် အလုပ်ပျက်တယ်..."

စကားဝိုင်း သိမ်းစေသည့် သဘောဖြင့် ပြော၏။ အမေကိုယ်ကို ရှေ့ရွှေ့ပြီး လက်ဖက်ရည်ကြမ်းဗန်းကို ဖျာပေါ်မှဆွဲယူ၏။ ထို့နောက် ဆေးလိပ်ခွက်ကို လှမ်းယူသည်။ ထိုအချိန်တွင် သူက ထိုင်ရာမှထ၏။ ညာလက်နှင့်နီးသော သင်ဖြူးဖျာခြေရင်းဘက်ကို လိပ်၏။ ဆွဲယူပြီး နံစပ်ကိုင်လိုက်သည်။ ကြမ်းနှင့်ဖျာကြားမှ ပစ္စည်းတစ်ခုခုထိသံ ကြားရ၏။ ငုံ့ကြည့်လိုက်သည်။

"ဟင်..."

အံ့အားသင့်စွာ အသံပြုရင်း အမေ့ကို လှည့်ကြည့်သည်။ နှုတ်က...

"အမေ... ခနပိုက်ဆံတွေ..."

အမေသည်ထိုင်ရာမှ ထလာ၏။ သူ့ဘေးတွင်ရပ်၏။ အဖေက အစိတ်တန်သုံးအုပ် ပြန့်ကျဲနေသည်ကို လှမ်းကြည့်၏။ အမေက ဖျာလိပ်ပေါ်သို့ လက်ရွှေ့ရင်း ငွေစက္ကူအုပ်တွေကို ငုံ့ကြည့်သည်။ မျက်လုံးတွေပူလာ၏။ ဒေါသလက်ဖြင့် ကောက်လိုက်၏။ သုံးအုပ်စလုံးကို ကျစ်နေအောင် ဖျစ်သည်။ မိဘမမြင်ကွယ်ရာ၌သာ ကျစေခဲ့သော မျက်ရည်ကို ယခုသော် မတားဆီးနိုင်တော့။ အိမ်ရှေ့ခါးပန်းတွင် စုံတိုးရပ်ကာ တအားပစ်ပေါက်လိုက်သည်။ သူ့မျက်နှာကို အဖေငေးကြည့်နေသည်။

ခေါင်ရန်းပင်ကိုင်းတွေကြားမှာ ငွေစက္ကူအုပ်တွေ လွင့်ထွက်သွားသည်။ အမေက သူ့လက်မောင်းကို လာကိုင်၏။ အဖေက သူ့ကိုကြည့်ရင်း ခေါင်းခါသည်။ ထိုင်ရာမှထသည်။ ဖိနပ်ကိုစီးပြီး အောက်သို့ ဆင်းခါနီးတွင်...

"ကိုယ်လွှင့်ပစ်တာကို သူတို့ မမြင်နိုင်ဘူးသမီး... သုံးစွဲလိုက်တယ်လို့ပဲ အောက်မေ့ကြမယ်... ဒါကို ပြန်ပေးလိုက်ပါ... နီနီက တစ်ဆင့်ဖြစ်ဖြစ်၊ မောင်စိုးလင်းဇော်ဆီက တစ်ဆင့်ဖြစ်ဖြစ်.... ဝင်းဇင်လက်ထဲ ရောက်အောင် ပြန်ပေးခိုင်းလိုက်ပေါ့... ဝင်းဇင် သူ့အိမ်မှာ သူရှိနေတာပဲဟာ..."

အဖြစ်မှန်အလုံးစုံကို အဖေ သိပြီးသားပါတကားဟု ရုတ်ခြည်း နားလည်လိုက်သည်။ အမေ့ဘက်သို့ မျက်နှာလှည့်သည်။ တုန်ယင်နေသည့် နှုတ်ခမ်းထောင့်ကို မျက်ရည်ပေါက်က ကျော်၍စီးကျလာ၏။ တစ်ခဏတော့ အမြင်တွေ ဝါးနေရှိမ့်မည်။

*****

## အခန်း(၂၅)

မျက်တောင် တဖျတ်ဖျတ်ခတ်ကာ နားထောင်နေ၏။ ကားသံကြား၍ သူ လှမ်းကြည့်လိုက်သည်မှအစ၊ ငွေစက္ကူအုပ်တွေကို အဖေဆင်းကောက်ပြီး ယူလာသည်အထိ ပြောပြသည်။ ဝင်းဇင် တမင်တကာ ရှောင်နေသည်ကို အဖေသိကြောင်း၊ မအုံ့သြသော အမေ့ကို တွေ့ရကြောင်း၊ ထို့ကြောင့် အမေပါသိပြီးဖြစ်ဟန် တူကြောင်း သူပြောသည်။ ထိုနေရာသို့ အရောက်တွင် နီနီ့မှာ မျက်နှာမထားတတ်သကဲ့သို့ ဖြစ်နေသည်ဟု သတိပြုမိ၏။ အိပ်ခန်းပြတင်းပေါက်သို့ မျက်လုံးတည်သည်။

"အဖေ ပြောတဲ့အတိုင်းပေါ့ နီနီ... ဒီငွေတွေကို ကိုဝင်းဇင်ဆီ ပြန်ပို့ပေးချင်တယ်..."

နီနီက ခေါင်းအုံးကို မျက်နှာမှုသည်။

"နီနီ ဘာလုပ်ပေးရမလဲ..."

ခုတင်စောင်းတွင် တင်ပါးလွှဲထိုင်နေသော နီနီ့အတွက် ကျယ်ကျယ်ဝန်းဝန်းဖြစ်အောင် သူ့ကိုယ်သူတစ်ဖက်သို့ ရွှေ့၏။ နီနီနံတောင်းနှင့်ထိသည့် ဒူးတစ်ဖက်ကို ချသည်။ ခေါင်းရင်းသို့ ကိုယ်ကိုတိုးလိုက်၏။ ထဘီအောက်စက သလုံးကို ဖုံးသွားသည်။ အနေအထားကျတော့မှ...

"ကိုစိုးလင်းဇော်ကို ကိုယ့်ဆီလာဖို့ ပြောပေးပါ..."

"ပြောပေးမယ်လေ... မနက်ဖြန်မနက် သူတို့ဌာနဘက်ကို နီနီသွားမယ်... ဒီနေ့တောင် သူ့ကို တောင်ငူစားသောက်ဆိုင်တန်းမှာ တွေ့သေးတယ်... မနေ့က ဒေါ်ရင်ရင် လာသွားတာတွေကို သူ့ကိုပြောဦးမလို့... သူ့ဘေးမှာ အမျိုးသမီးတစ်ယောက်လည်း ရှိတယ်... ဗာဒံပင်အောက်က စားပွဲမှာ ထိုင်နေကြတယ်... စကားကောင်းနေတော့ သွားမပြောချင်ဘူး... နီနီတို့က အသုပ်စုံဆိုင်က မြင်ရတာ..."

သူက လက်ဖဝါးနှစ်ဖက်ယှက်ကာ ခေါင်းအောက်သို့ သွင်းရင်းနှင့်...

"မာရီယွန်ထင်တယ်..."

"နီနီမှ မမြင်ဖူးတာ... သူတို့အတွဲကို ခဏခဏတွေ့ရတယ်... တခြားအမျိုးသမီးနဲ့ တွဲတာပြုတာတွေ မတွေ့ပါဘူး..."

"အမျိုးသမီးက ဒေါင်ကောင်းကောင်း... တော်တော်လှတယ်လေ... နှုတ်ခမ်းကပါးပါးလေးနဲ့ တော်တော်လှတာ... ဘယ်ဘက်မျက်ခုံးနဲ့ နားထင်စပ်မှာ မှဲ့နက်တစ်လုံးရှိတယ်... တော်တော် အကြီးသား ထင်းနေတာပဲ..."

ခေါင်းညိတ်ပြီး ဝင်ပြောသည်။

"အင်း... ဟုတ်တယ် ဟုတ်တယ်... အသားလတ်လတ်... ဆံပင်ဖြတ်မထားဘူးလေ... ကျစ်ဆံမြီး ကျစ်ချထားတယ်... ဆံလုံးက ဒဂါးပြားလောက် ရှိတယ်... ကောင်းလိုက်တာမှ အယ်နေတာပဲ..."

"ဟုတ်တယ်နီနီ.. အဲဒါ မာရီယွန်ပဲ... ကိုဝင်းဇင့်နှမလေ..."

"သူတစ်ယောက်တည်းလည်း တွေ့တယ်... သူ့ကားသူမောင်းပြီး ကျောင်းလာတာ တွေ့တွေ့နေတယ်...။ နာမည်နဲ့လူ မစပ်မိဘူး..."

ပင်မ အကြောင်းအရာသို့ သူစကားဦးပြန်ပြောင်းသည်။

"ကိုစိုးလင်းဇော်ကို မနက်ဖြန်ညနေ လာနိုင်ရင် ကောင်းမယ်လို့ ပြောပေးပါ... နောက်အကျဆုံး သန်ဘက်ခါမနက် ဆက်ဆက်လာပေးပါလို့ ပြောပေးပါ။ အကြောင်းကိစ္စတော့ မပြောပါနဲ့လေ... အရေးကြီးတယ်လို့သာ နီနီပြောပေးပေါ့..."

နီနီ သက်တောင့်သက်သာ ပြောင်း၍ထိုင်၏။ သူ့ကို ငုံ့ကြည့်ကာ ခေါင်းတစ်ချက်ညွှတ်၏။

"ဒီလိုဆိုရင်လည်း မနင်းဖွေး စာတစ်ကြောင်းတစ်လေ ရေးလိုက်ပါ့လား..."

အခိုက်အတန့်မျှ စဉ်းစားနေသည်။

"ကောင်းသားပဲ... စာရေးလိုက်တာ ကောင်းပါတယ်..."

"နို့မဟုတ်ရင် အရေးကြီးတယ်ဆိုတာသာ ပြောပြီး ဘာကိစ္စလဲလို့မေးရင် မဖြေမကောင်း ဖြေမကောင်းကြီး။ နီနီပြန်ခါနီးမှ ရေးလိုက်ပေါ့... ဟုတ်လား..."

ရေးမည့်စာတွင် အကြောင်းစုံ ထည့်မရေးလျှင် မကောင်းဟု အတွေးရသည်။ ရေးမိလျှင် ဒေါသစကားတွေ ရောနှောပါဝင်သွားမည် စိုးသည်။ ပါဝင်မည့် အချက်အလက်တွေက ဖတ်ရသူအဖို့ စိတ်ချမ်းသာစရာတွေချည်း ဆိုပါက ကိစ္စမရှိ။ ရင်ထဲရှိသမျှ သွန်ချမိလျှင် ဖတ်ရသူအတွက် နလုံးနောက်ကျိဖွယ်တွေသာ ဖြစ်လိမ့်မည်။ 'ပြောစရာရှိလို့ ကိုစိုးလင်းဇော် ခဏလောက် လာစေချင်ပါတယ်၊ အရေးကြီးတဲ့ အကြောင်းတစ်ခုရှိလို့ပါ... ကိုစိုးလင်းဇော်နဲ့တွေ့မှပဲ ကျွန်မပြောပြပါ့မယ်၊ ကျွန်မကို ကူညီတဲ့အနေနဲ့ လာဖြစ်အောင်လာပါ။ ထို့နောက် ကျွန်မ မျှော်နေမယ်လို့ ရေးရကောင်းနိုး၊ ကျွန်မစိတ်ချစွာ စောင့်နေမယ်ဟု ရေးရနိုး၊ ကျွန်မဘဝနဲ့ ပတ်သက်နေလို့ပါ ဟုဖြည့်စွက်ရနိုးနှင့် ရှိသည်။ တတိယစိတ်ကူးကို အတည်ပြုလိုက်သည်။

"ဦးလေးတို့ အဒေါ်တို့က ကိုဝင်းဇင် ရှောင်နေတယ်ဆိုတဲ့ အချက်ကို တမင် မသိချင်ယောင် ဆောင်နေခဲ့ကြတာပဲ..."

"အင်းလေ..."

"သိတာကြာပြီထင်တယ်..."

"ဟုတ်မှာပေါ့ နီနီရယ်... ကိုယ်မသိသေးဘူး ထင်ပြီး မြုံနေကြတာ ဖြစ်မှာပေါ့..."

"ခုနေ တစ်ယောက်ယောက်က မပြောလည်း တချိန်ကျရင် သိလာမှာတွေပါ... မဟုတ်ဘူးလား"

"ကြီးကြီးဒေါ် အေးခင်လည်း သိပုံမရပါဘူး... သိရင် နီနီ့ကို တစ်ခွန်းစ နှစ်ခွန်းစမေးမှာ သေချာပါတယ်... တစ်ခုတော့ ဖြစ်နိုင်တယ်... အမေ့ကို နီနီပြောပြမိတယ်... သိသိချင်းက နီနီသိပ်ဒေါပွမိလို့ အမေ့ကို ဖွင့်ပြောပြခဲ့တယ်လေ... အဖေ့ကိုတောင် မပြောပြပါနဲ့လို့ စကားပိတ်ထားခဲ့ပါတယ်... အမေက ဒေါ်လေးကို ပြောပြလို့ သိတာဖြစ်နိုင်တယ်..."

"ကိုယ့်ကို နီနီ အဲဒီအကြောင်းတွေ လာပြောပြလို့ သိတာဖြစ်နိုင်တယ်..."

နီနီခေါင်းခါသည်။ အားတုံ့အားနာဖြစ်နေ၏။ နှုတ်မလုံသူဟု အထင်ခံရမည် စိုးရိမ်လေဟန်တူသည်။ တိုးတိုးဖော်ချင်း ထိုမျှ စကားမလုံခြုံဟု အမြင်မခံနိုင်တူ၏။

"မနင်းဖွေးကို နီနီပြောပြတဲ့အကြောင်း အမေမသိပါဘူး... မေးတော့မေးတယ်... မနင်းဖွေးကို အသိပေးလို့ ဘယ်ဖြစ်မလဲလို့ ပြောလိုက်တယ်လေ.. အမေက ပြောသေးတယ်... ဒီအကြောင်းသာ ကိုစိန်လှိုင်သိရင် ဒေါသူပုန်ထမှာ သေချာပြီးသားတဲ့... မနင်းဖွေးကိုလည်း သွားမပြောနဲ့တဲ့... ဒါကပိုအရေးကြီးတယ်... မနင်းဖွေးသာသိရင် အိပ်ရာထဲ ဗုန်းဗုန်းလဲမှာပဲတဲ့... ဒေါ်လေးကို အမေပြောတယ်နဲ့ တူတာပဲ..."

"ခုတော့ ဘယ်သူ့ဘယ်သူကိုမှ လျှို့ဝှက်နေစရာ မလိုတော့ဘူးလေ... ကောင်းပါတယ်... အဖုံးအကွယ်နဲ့ နေရတဲ့ဘဝ ကျဉ်းကျပ်လှပါတယ်...၊ အသက်တောင် ဘယ်လိုရှူရမှန်း တစ်ခါတစ်ခါ မသိဘူး..."

နီနီက ခပ်တိုးတိုးရယ်၏။ အရယ်ရပ်သွားပြီးနောက် အပြင်သို့ ငေးနေ၏။

"ဒေါ်ရင်ရင်က မနင်းဖွေးကို အတော်အောင့်သွားမှာပဲနော်..."

"အောင့်လည်း အောင့်တာပေါ့ နီနီရယ်... ကိုယ်မြင်လိုက်သားပဲ... မျက်နှာတစ်ချက် မပျက်အောင် နေတတ်တာကိုတော့ ချီးကျူးမိတယ်... ရွှန်းရွှန်းကိုဝေလို့... တစ်ရက်နှစ်ရက်လောက် အရောက်နောက်ကျတာကို ပြောတဲ့အနေမျိုးနဲ့... ပြောပြောချင်း ငြင်းတာကို ဟန်လုပ်ငြင်းတယ် ထင်ဟန်တူပါတယ်... စိတ်ကိုချုပ်ပါသေးတယ်... အဖေက စွေခနဲ ထထွက်သွားတယ်လေ... အိမ်သာတက်သလားလို့ ထင်တာ... မလာမလာနဲ့ အမေပြောမှ ရှောင်သွားမှန်း သိတော့တယ်... ရှေ့တွင်ထသွားတာ ပြောင်ကြီး... ကောင်းပါတယ်လေ... ဘာပဲဖြစ်ဖြစ် မဟုတ်ဘူးလား..."

နီနီက သဘောကျပုံနှင့် ပြုံးနေသည်။

"နာခေါင်းထဲက အသားနကို တက်ကိုက်လိုက်တော့ ဆင်ကြီးလည်း ဘာခံနိုင်မလဲ... ထွန့်ထွန့်လူးသွားတာပေါ့... ခုလည်းဒီလိုပဲနေမယ်... ဒါကြောင့် ပိုက်ဆံကို ဖျာအောက်ထိုးထည့်ပြီး ထလစ်သွားတာ..."

နှိုင်းပုံကို သူသဘောကျကာ ရယ်နေလိုက်သည်။ ရယ်နေစဉ် ခေါင်းအောက်မှ လက်ကိုဖြုတ်၏။ ဝမ်းဗိုက်ဆီသို့ စမ်းသည်။ သူ့အပြုအမူကို နီနီကြည့်၏။ နားမလည်။ ဖွင့်မေးသည်။

"ဘာလဲဟင်...ဘာဖြစ်လို့လဲ..."

"ကလေးက အရမ်းတိုးတာပဲ..."

အံ့သြမျက်လုံးနှင့် သူ့ဝမ်းကိုကြည့်သည်။

"အပြင်ကကြည့်ရင် မြင်နိုင်လားဟင်..."

ခေါင်းညိတ်ပြီး ဗိုက်ဖုံးအင်္ကျီကို တစ်ဝက်သာသာလှန်လိုက်၏။ သူ လက်ညှိုးနှင့်ပြရာကို သေသေချာချာကြည့်၏။

"ဟုတ်တယ်နော်... ကြည့်စမ်း... တိုးနေလိုက်တာ... ဗိုက်ပေါ်က အဖြူစင်းလေးတွေ အရာလေးတွေက ဘာဖြစ်တာလဲ..."

ဗိုက်ဖုံးအင်္ကျီကို ပြန်၍ဆွဲချရင်း ဖြေသည်။

"ဗိုက်ကြောတွေ ပြတ်တာလေ..."

"မနာဘူးလားဟင်..."

"သိတောင်မသိလိုက်ဘူး... ကြည့်မိမှ သိတာ..."

ထိုအခိုက်တွင် အဖေ့အသံ ကြားရသည်။ နားစွင့်လိုက်ကြသည်။ အပြင်မှ ပြန်လာခြင်း ဖြစ်မည်။ အမေ့ကိုပြောသော စကားနှင့်အတူ ရယ်သံကို ရော၍ ကြား၏။ အသံက နီးလာ၏။

"အစစအရာရာ ဈေးကြီးနေတာပဲဟာ..."

"ဟိုတုန်းက ဈေးနဲ့တော့ ဘယ်ရမလဲ ကိုစိန်လှိုင်ရယ်..."

အဖေကဆက်၍ ရယ်ရင်း အမေ့ပြောသံကို ဝင်စွက်၏။ "ငါ့နယ်ကွာ ပရဆေးဆိုင်မှာ အူကြောင်ကြောင် ဖြစ်သွားတာပဲ.... မီးနေသည်ရှူတဲ့ စမုံနက်နဲ့ စမုံမျိုးငါးပါးနဲ့မှားပြီးပြောတာ... ဆိုင်ကကုလားအဘိုးကြီးကို ဒါလော်တာမဟုတ်ဘူးလားလို့ ငါမေးတော့ မဟုတ်ဘူးတဲ့... ဘာလုပ်ဖို့လည်း သူက မေးသကွ... ငါက မီးနေသည်ရှူဖို့ဆိုတော့ စမုံနက်ဖြစ်မယ်... စမုံမျိုးငါးပါး မဟုတ်ဘူးတဲ့... ငါကဟုတ်ပါတယ်လို့ငြင်း... ငါလို စမုံနက်ဝယ်လာတဲ့ မိန်းမကြီး ကဝင်ပြောမှပဲ ကိစ္စပြတ်တော့တယ်..."

အဖေ့ဖြစ်ပုံကို အမေက ရယ်သည်။ အမေ့အသံက လွင့်လာ၏။

"ဗိန္ဒောဆရာ လုပ်စားဖို့ ကောင်းတယ်... ရှင့်နှယ်နော်..."

"သမီးကို မွေးတုန်းက သုံးတဲ့ဟာကွာ... ကြာလှပြီပဲ... မေ့မှာပေါ့... သမီး တစ်သက်ကြာမင့်ဟာ... မြေးရတဲ့အချိန်မှာ စမုံဆိုတာလောက် သတိရသေးတာပဲ တော်လှပြီ... မဟုတ်ဘူးလား..."

*****

စက္ကူအိတ်ထဲသို့ ရုပ်လက်တိုကို ခေါက်လျက်သား ထည့်သည်။ ထိုလူရွယ်က ဆယ်တန်တစ်ချပ် ထုတ်ပေးသည်။ အံဆွဲထဲသို့ထည့်ရင်း ကျပ်တန်တစ်ရွက် နိုက်ယူသည်။ လူရွယ်က အင်္ကျီထည့်ထားသော စက္ကူအိတ်ကို ချိုင်းကြားညှပ်ပြီးလျှင် ကျပ်တန်ကိုလှမ်းယူ၏။ နှုတ်ဆက်ပြုံး ပြုံးသည်။

"ကျေးဇူးတင်ပါတယ်ရှင်..."

ဟု သူပြောလိုက်သည်။ အင်္ကျီအပ်သူတိုင်းကို ပြောနေကျစကား။ အမည်တွေကို မမှတ်မိလျှင်သာ ရှိမည်။ မျက်မှန်းတန်းနေသူချည်း။ ကျောင်းသား မဟုတ်မှန်း သိသည်။ စက်ရုံတွင် အလုပ်လုပ်နေသော အလုပ်သမားတစ်ဦးဟု ရေးရေးမှတ်မိသည်။ မည်သည့်စက်ရုံ ဟူ၍ကား မခွဲတတ်။ ဝင်လာကတည်းက သူ့ကို ကွက်ကြည့်ကွက်ကြည့်နှင့်။ ပြန်ထွက်သည်အထိ ကြည့်သည်။ အထူးအဆန်းအဖြစ်နှင့် ကြည့်သည်လည်း ဖြစ်နိုင်သည်။ 'သြော်... သည်မိန်းကလေး'ဟု ကြားပြီးသားသတင်းနှင့် စပ်လျဉ်းကာ ကြည့်သည်လည်း ဖြစ်နိုင်သည်။ ဖြစ်မှဖြစ်ရလေဟု ကရုဏာနှင့် ယှဉ်ကာ ကြည့်သည်လည်း ဖြစ်နိုင်သည်။ မည်သည့်အကြည့်မျိုးဖြင့် ဖြစ်စေ၊ စိတ်တင်းသည့်ကြားက မဝံ့ရဲ။ မျက်လွှာချ၍ နေခဲ့သည်။ လူတွေနှင့် မျက်လုံးချင်း မဆုံမိအောင် နေခဲ့သည်။ ဖြစ်နိုင်လျှင် ဝေးဝေးနေချင်၏။ သို့သော် အလုပ်က လူအများနှင့် တွေ့ဆုံရသောအလုပ်။ အင်္ကျီအဝတ်အစား အပ်သူ၊ ရွေးသူတွေနှင့် နေ့တိုင်း ရင်ဆိုင်နေရသည်။ မည်မျှပင် အင်အားကို ထားသည့်တိုင် လေတွေ့လျှင် လှုပ်ခတ်တတ်သော သစ်ရွက်တွေလို ရှိသည်။ မျက်လုံးတွေကို ကြောက်ရွံ့နေသည်။ အံတင်းလျက်နှင့် တိတ်တဆိတ်တုန်လှုပ်မိသည်။ သို့သော် တစ်ရက်၊ တစ်လ ကြာမြင့်လာသည့်အခါ ထူးခြားသည့်ထက် ထူးခြားမလာ၊ အနေအသွား အပြောအဆို အလေ့ရလာ၏။ အတန်အသင့်စိတ်ကို တည့်မတ်နိုင်သည်ဟု ထင်၏။

"မမြနွယ်... ခင်သန်းနွဲ့လာပဟေ့... အထည်တွေ လာပို့တာနဲ့တူတယ်..."

အမေက အိမ်ရှေ့သို့ ကြည့်၏။ အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ယောက်။ ပိန်လွန်းသော ခန္ဓာကိုယ်နှင့် မလိုက်အောင် ပျာယီးပျာယာ နိုင်၏။ အညိုရောင် စက္ကူအိတ်ကြီးကို ပိုက်၍ဝင်လာ၏။ ဝရန်တာနှင့် မလှမ်းမကမ်း အရောက်တွင် "ဒေါ်လေးမမြနွယ်"ဟု ခေါ်၏။ အမေက "ဟေ"ဟု ထူး၏။ အိမ်ပေါ်သို့ တက်ရင်းနဲ့...

"မနေ့က ရက်ချိန်းစေ့တာ လာမပို့လို့ စုပွစုပွဖြစ်နေတယ် မဟုတ်လား..."ဟု ပြုံးရယ်၍မေးသည်။ အမေက ချုပ်ရိုးကြောင်းပြောင်း၍ချုပ်နေသည့် အင်္ကျီကိုလှည့်၏။ ဘိတံကို မ,ပြီးနေရာရွှေ့၏။ ဘိကိုချသည်။ မနင်းသေး။

"ခင်သန်းနွဲ့ရေ... ဒေါ်လေးက ပွစိပွစိမလုပ်ပါဘူး... အင်္ကျီရှင်တွေက ဒေါ်လေးကိုလာပြီး လောနေကြပြီလေ... အကုန်ပြီးခဲ့ရဲ့လား..."ဟု ပြောမေး မေး၏။ ခွေးခြေလွတ်တွင် ဝင်ထိုင်ကာ အထည်တွေထုတ်သည်။ စားပွဲပေါ်သို့ တင်ကာ...

"တက်ထရက်တိုက်ပုံတစ်ထည်တော့ ကျန်ခဲ့တယ်... မနက်ဖြန်မနက်ကျ ရပါမယ်... ကင်းခြေလိုက်တာ တစ်ခုကျန်တော့တာ... ဘာကြာတာ မှတ်လို့..."ဟု ပြောသည်။

"ညည်းပြောလိုက်ရင် ဘာကြာတာမှတ်လို့... မှတ်လို့ ချည်းနဲ့ပဲ..."ဟု အမေက ပြောပြီးရယ်၏။ အမျိုးသမီးက "ကဲ... မြန်မြန်လုပ်... ပေးစရာရှိတာကော ညှပ်ပြီးပလား..."ဟု အလောတကြီး ပြော၏။ အမေက စက်အရှိန်ကို သတ်ပြီးနောက် စားပွဲရှိရာသို့ ထလာ၏။ အထည်တွေကို စစ်ကြည့်သည်။ ငွေတွက်ပြီးပေး၏။ ညှပ်ပြီးသား အထည်တွေရှိရာသို့ လှည့်၍ကြည့်သည်။ သူက အလိုက်သိစွာ သွား၍ယူပေးသည်။ အမျိုးသမီးရှေ့တွင် အထည်တွေချကာ...

"ဒီလိုင်းလေးတွေက ဘေးတွန့်မထည့်နဲ့... ဒီအထည်မှာထည့်... ဒေါ်လေး ဒီမှာ နည်းနည်း သိထားတာ တွေ့လား... ဒီအတိုင်းပဲ..."ဟု ပြောသည်။ အမေ့ကို ခေါင်းညိတ်ပြသည်။ မျက်လုံးက သူ့ထံသို့ ရောက်လာ၏။ ပြုံးပြ၏။ သူက ပြန်ပြုံးစဉ်...

"ကျန်နေရစ်ခဲ့တဲ့ တိုက်ပုံကို နေ့လည်လောက် လာပို့နော်... ရက်ချိန်းက ကနေ့ပဲ စေ့နေပြီ..."ဟု အမေပြော၏။

"စိတ်ချပါ... မနက်ဆယ်နာရီလောက်မှာ အိမ်ကအကြီးမနဲ့ ပို့ခိုင်းလိုက်ပါ့မယ်..."ဟု ပြောသည်။ ယူလာသော အိတ်ကြီးထဲသို့ လက်ထဲက ငွေစက္ကူကိုထည့်၏။ ထို့နောက် သူ့ကိုကြည့်၏။

"အကြာကြီး အကြာကြီးမထိုင်နဲ့... လမ်းလျှောက်ပေး ညီမ..."

သူ ခေါင်းညိတ်ပြသည်။ မိန်းမသားချင်း ရိုင်းရိုင်းပင်းပင်းပြောခြင်း ဖြစ်သော်လည်း ကိုယ်ကိုယ်၌က မလုံမလဲ...။ ချုပ်ရမည့်အထည်တွေကို ယူပြီး အိမ်ပေါ်မှ ဆင်းသွား၏။ ထိုတော့မှ ရင်ပေါ့၏။ သည်ကိုယ်ဝန်နှင့်ပတ်သက်ပြီး စကားပြောရမှာ ဝန်လေးနေသည်။ အထူးသဖြင့် အမိအဖရှေ့တွင် မပြောချင်။ အဖေ့ရှေ့တွင် သာ၍မပြောချင်။ မကြားချင်။

*****

မြရာပင်၏အရိပ်က ကျနေသည်။ သူတို့နှစ်ယောက်၏ ကိုယ်ပေါ်သို့ နေခြည်ရောက်မလာ။ သူကလက်ထဲတွင် ကိုင်ထားသော စာရွက်ကို တစ်ခေါက်ပြန်ဖတ်သည်။ 'သည်နေ့ညနေတော့ ကိစ္စတစ်ခုရှိလို့ မလာနိုင်တာကို ခွင့်လွှတ်ပါ။ မနက်ဖြန်မနက် ရှစ်နာရီလောက် ကျွန်တော် ဆက်ဆက် လာပါ့မယ်... မနင်းဖွေး'ဟု ရေးထားသည်။ ပြန်လည်ခေါက်လိုက်၏။

"ဘာကိစ္စပါလိမ့်လို့ စိုးလင်းဇော်က မေးသေးတယ်... သူသိနေတယ်ထင်တယ်... ဒေါ်ရင်ရင့်ကိစ္စ ထင်တယ်လို့ သူ့ဘာသာသူ ပြောတယ်... ပါးစပ်နဲ့လည်း မှာလိုက်သေးတယ်... သူ ကျိန်းသေလာပါ့မယ် တဲ့..."

"သူ သိမှာပေါ့လေ... ဒေါ်ရင်ရင် ဘာပြုလို့ ခုမှထူးထူးဆန်းဆန်း ရောက်လာတယ် ဆိုတာလည်း သူနဲ့တွေ့မှ သိရမှာပါ"

*****

အစိတ်တန်သုံးအုပ်ကို ထုတ်ယူကြည့်သည်။ သက်ပြင်းရှည်ချကာ အိတ်ထဲသို့ ပြန်ထည့်သည်။ အိတ်ကို အထပ်ထပ် ခေါက်သည်။

"ကျွန်မအလိမ်ခံခဲ့ရတာ ကိုစိုးလင်းဇော်... လိမ်တဲ့လူကို ကျွန်မ အပြစ်မတင်ပါဘူး... ကျွန်မထိုက်နဲ့ ကျွန်မကံ... ခုကိစ္စကတော့ ကျွန်မကို သိပ်လျှော့ပြီးတွက်လွန်းတယ် ထင်တယ်... ဒီငွေသုံးထောင်နဲ့ ထပ်ပြီးညှဉ်းဆဲတာကတော့ သိပ်လွန်လွန်းတယ်... ရွှေတွေငွေတွေမက်ပြီး သူ့ကို ကျွန်မမေတ္တာ ထားခဲ့တာမှမဟုတ်တာ... ကိုစိုးလင်းဇော်ရယ်... စဉ်းစားကြည့်လေ..."

ခေါင်းတညိတ်ညိတ်နှင့် တွေတွေထိုင်းထိုင်း ဖြစ်လျက်ရှိလေသည်။ အကြောင်းစုံ ပြောလိုက်ရသဖြင့် လှာတွေချွဲနေ၏။ စိတ်အမောက ပြည့်သိပ် လာသည်။ ပြောခါစက နှုတ်မလွတ်လပ်။ အမေနှင့် အဖေတို့က ညှော်ဝတ်ကျေ စကားပြောကြသည်။ ဒေါ်ရင်ရင် လာသည့်ကိစ္စနှင့် စပ်လျဉ်းကာ တစ်ခွန်းနှစ်ခွန်း ဝင်ပြောသည်။ ထို့နောက် ကိုယ့်စက်တွင်

ကိုယ်ဝင်ထိုင်ကြသည်။ စက်နှစ်လုံးလည်ပတ်သံမှာ စကားလုံးတွေကိုပင် လာလာဖုံးသည်။ အမေတို့က နားစွင့်ဟန်ပင်မပြ။

"သူ့ကိုပြောပေးပါ ကိုစိုးလင်းဇော်... ဒီငွေတွေကို ကျွန်မလက်မခံလို့ ဖွတ်ထားခဲ့တဲ့ကြားက သူ့ဆီပြန်ပို့လို့... သူကိုယ်တိုင် လာပေးဖို့လည်း စိတ်မကူးပါနဲ့လို့... ဖအေမဲ့တဲ့ ကလေး တစ်ယောက်ကို ကျွန်မ မကြာခင် မွေးတော့မှာပါ... ကျွန်မမွေးရဲလို့ မွေးပြီပဲရှင်... ချောက်ထဲကို အမြင့်ကြီးကနေ တွန်းချပြီး သူထွက်ပြေးခဲ့တယ်... ချောက်ထဲကနေ ကုပ်ကတ်ပြီး တွယ်တက်လို့ ချောက်ကမ်းပါးနှုတ်ခမ်းကို ကျွန်မ ရောက်တောင်ရောက်နေပြီ... ဒီတော့မှ လက်ကမ်းတာကို ကျွန်မလှမ်းဆွဲဖို့ မယုံတော့ဘူး ကိုစိုးလင်းဇော်... ဒါကိုလည်း ပြောပြလိုက်ပါ..."

စိုးလင်းဇော်က စိတ်မကောင်းခြင်းကြီးစွာသောအကြည့်ဖြင့် ကြည့်လေသည်။

"ဟုတ်ပါတယ်... ခုအချိန်ထိ မနင်းဖွေး ဘာမှအမှားအယွင်း မရှိခဲ့တာ ကျွန်တော်တို့ အသိပါ... ဒီဖြစ်ပုံမျိုးနဲ့ ဘယ်မိန်းကလေး ရင်ဆိုင်ရဲပါ့မလဲဗျာ.. ပတ်ဝန်းကျင်ရဲ့ဒဏ်ကို အလူးအလဲ ခံရမယ်ဆိုတာ... ကျွန်တော် နားလည်ပါတယ်... ဒီမြို့အကြောင်းကို ကျွန်တော့်ထက် ကိုဝင်းဇင်က ပိုသိပါတယ်... ကျွန်တော်ကမှ ဧည့်သွားဧည့်လာ ဆန်နေသေးတယ်... ဟုတ်တာပေါ့လေ... မနင်းဖွေး နာကြည်းထိုက်ပါတယ်..."

သူခါးကို အသာဆန့်သည်။ ကိုယ်ဝန်ကြောင့် ခါးတောင့်နေသည်ကို ထင်သလောက် ဖြေမရ။ စိုးလင်းဇော် တွက်ဆမိဟန် တူသည်။

"ခြေဆန့်ပြီး နေချင်နေပါ မနင်းဖွေး... ကိစ္စမရှိပါဘူး... ကျွန်တော့်ကို အားမနာပါနဲ့... နေသာသလိုနေပါ"

"ရပါတယ်... အထိုင်ကြာလို့ နည်းနည်းလေး ညောင်းသွားတယ်..."

စကားစက ခဏတာမျှ ပြတ်သွား၏။

"မနင်းဖွေးကို ဒီကောင့်ကိုယ်စား ကျွန်တော် သိပ်အားနာတာပဲဗျာ..."

"သူ့ကို ကျွန်မ သိပ်အံ့ဩတယ်... အဲသလို လုပ်သွားလိမ့်မယ်လို့ ဘယ်တုံးကမှ တွေးတောင် မတွေးမိခဲ့ပါဘူး... ကိုစိုးလင်းဇော်နဲ့ ကျောင်းမှာ စကားများတယ်ဆိုတာ ကြားရတော့ ပိုလို့အံ့ဩတယ်... သူ ကျွန်မကို ပစ်ပစ်ခါခါ ကျောခိုင်းသွားမှန်း ဒီတော့မှ မှတ်ယူမိတယ်... ဆိုပါတော့လေ... ခုတစ်ခါ ကျွန်မကို လာညာပြန်တယ်... ငြိမ်နေတဲ့ရေကို ဘာပြုလို့ လာလှုပ်ချင်သလဲ မတွေးတတ်ဘူး..."

"မနင်းဖွေး ပြောတာဟုတ်တယ်... ငြိမ်နေတဲ့ရေကို လာလှုပ်တယ်ဆိုတာ တစ်ခုတော့ ဖြစ်နိုင်တယ်... ကျွန်တော်နဲ့စကားများပြီး သူ့မာမီကို ပြောတယ်တဲ့..."

"ဘာကိုလဲ ကိုစိုးလင်းဇော်..."

"မနင်းဖွေးတို့ဆီကို မာမီသွားပေးပါလို့ ပြောတယ်တဲ့... သူသိပ်ဆိုးရာ ကျနေပြီလို့လည်း ပြောတယ်တဲ့... မာမီတို့ စိတ်ချမ်းသာအောင် မနင်းဖွေးကို ပစ်ပယ်ခဲ့ရတဲ့ အထဲမှာ ကျွန်တော့်အပြစ်ကလည်း တစ်ဝက်မက ပါပါတယ်တဲ့... တခြားမိန်းကလေးတွေလိုပဲ... သဘောထားခဲ့မိတာလည်း သူ့အမှားပါတဲ့... မာမီတို့ကိုပြောရင် ဘယ်လိုမှ သဘောတူနိုင်မယ် မဟုတ်မှန်းသိလျက်နဲ့ အစကတည်းက မနင်းဖွေးကို သွားပြီးစခဲ့မိတာလည်း သူ့အမှားပါပဲတဲ့... ဒါပေမဲ့ ငွေကြေးအကူအညီ သူပေးချင်တယ်.. ဒီတစ်ခုတော့ မာမီကူညီပါလို့ ပြောတယ်တဲ့ဗျ... ဒါနဲ့ အဖွားကြီး ဒီကိုရောက်လာတာ ထင်ပါတယ်... ကျွန်တော် သိရသလောက်ကတော့ အဲဒါပဲ ..."

နာကျည်းစွာသောအပြုံးနှင့် သူတစ်ချက်ပြုံးသည်။

"ဒီငွေတွေကို ကျွန်မ လက်မခံဘူးဆိုတာရော... ကိုစိုးလင်းဇော်ကြားလား"

"မာရီယွန်ပြောပြလို့ ဗျာအောက်ဂုက်ပြီး ထားခဲ့တယ်ဆိုတာ သိရတယ်..."

"မြန်မာပြည်ပြန်ရောက်လည်း ကျွန်မဆီမလာပါနဲ့လို့ ပြောလိုက်တာကို မာရီယွန်လည်း အောင့်သည်းအောင့်သက်တော့ နေမှာပဲ..."

"ဟင့်အင်း... ပြောသင့်တဲ့စကားပဲ မနင်းဖွေး... ဒီကိစ္စမှာ မာရီယွန်က ကြားနေရေးပဲ.. ဘာမှလည်းဝင်ပြီး မတိုက်တွန်းဘူး... မကန့်ကွက်ဘူး... ကျွန်တော့်ကို စိုးရိမ်တယ်... စွက်ဖက်သင့်တာထက် လွန်မှာကို... ဝင်းဇင်ကို အပန်းဖြေရိပ်သာမှာ ပြောတာ၊ ဝေဖန်တာကို သူနည်းနည်း လန့်တယ်... လူဆိုတာ ကိုယ့်အသိနဲ့ကိုယ် ပြုလုပ်တာပဲ ကောင်းတယ်... ဘေးကတိုက်တွန်းမှ ထလုပ်တာ အဓိပ္ပာယ်မရှိဘူးတဲ့... ဒါသူ့သဘောထား... ပြီးတော့ သူ့အဖေနဲ့ ကျွန်တော့်အဖေက ခုအချိန်မှာ ခပ်တန်းတန်း ဖြစ်နေကြတာ... လူတွေက ခက်ပါတယ်ဗျာ..."

ထူးဆန်းသော သတင်းတစ်ပုဒ်သဖွယ် ကြားလိုက်ရ၏။ မမေးသင့်ဟု နားလည်သည်။

"မာရီယွန်ပြောတာ ဟုတ်ပါတယ် ကိုစိုးလင်းဇော်... ကျွန်မကို သူချစ်တုန်းက ဘယ်သူကမှ ဖွတ်ရိုက်နက်ပြီး ချစ်ခိုင်းလို့ချစ်တာမှ မဟုတ်ပဲ... ခုလည်း ဘယ်သူကမှ ဘယ်လိုအမိန့်မျိုးပေးလို့လဲ အပိုပေ့ါရှင့်... ခုပို့လိုက်တဲ့ငွေကို ကျွန်မလက်ခံလိုက်ရင် သဘောက တစ်မျိုးဖြစ်သွားမယ်... ပြီးရင် နောက်လေးငါးလလောက်မှာ မြန်မာပြည်ကို ပြန်ရောက်လေဟန်နဲ့ ကျွန်မဆီလာမယ်... ဒီကြားထဲမှာ ကျွန်မကို သွေးတိုးစမ်းဦးမယ်... ကျွန်မမှာ ပျော့ညံ့ချက် ရှိမရှိကို ဒီငွေသုံးထောင်နဲ့ သွေးတိုးစ,စမ်းကြည့်တာ... သံယောဇဉ် မကုန်မှန်း သူသိရင် ထပ်ပြီးအခွင့်ကောင်း ယူဦးမယ်လေ... အဲဒီအခါ နောက်ထပ်သုံးထောင်ပေ့ါ... ဟင်း... ဟင်း..."

ရယ်သွမ်းသွေးရင်း ပြောသည်။ စိုးလင်းဇော်က အကြည့်မှာ အံ့အားတသင့်နှင့်ရှိ၏။ မျက်နှာနီမြန်းလျက် နေသည်။ ရောခဲ့ တစ်ချက်ရယ်လေ၏။

"မနင်းဖွေးပြောတာ ဟုတ်တယ်... ဒီအချက်ကို ကျွန်တော် မတွေးခဲ့မိဘူး..."

"မွေးဖွားပြီးရင်လည်း ကလေးတစ်ယောက်ကို ကျွန်မ ရှာဖွေကျွေးနိုင်ပါတယ်... ကျွန်မမှာ ခြေလက်တွေရှိတယ်... ဒီအတွက် ဘာစရိတ်ညာစရိတ် အကြောင်းပြပြီး မလာဖို့ရော... ငွေကြေး အပို့မလွှတ်ဖို့ရော... သူ့ကိုပြောပြလိုက်ပါ။ ပြန်ပြီး မျက်နှာချင်း မဆိုင်ချင်တော့ဘူး ကိုစိုးလင်းဇော်ရယ်... သူ့ကို သံယောဇဉ် မကုန်နိုင်ဘူးဆိုတာ ကျွန်မဝန်ခံပါတယ်.. ပျော့ညံ့ချက် ဆိုချင်ဆိုပေ့ါရှင်... ဒါပေမဲ့ ကျွန်မထင်တယ်... သံယောဇဉ် မကုန်တာနဲ့ မပတ်သက်ချင်တော့တာနဲ့ဟာ တခြားစီလို့..."

စိုးလင်းဇော် ခေါင်းညိတ်ပြ၏။ ထိုစဉ်...

"ကျွန်မမိဘကို ကျွန်မငဲ့ရမယ်လေ... အရင်က သူ့ကိုချစ်လို့ယုံလို့ မငဲ့ရာကျခဲ့ဖူးပြီ... ကျွန်မက ကျွန်မမိဘ စိတ်ချမ်းသာအောင် အခုမှ ငဲ့ညှာရမှာပါ... သူက ကျွန်မထက်စောပြီး မိဘအတွက် ငဲ့ညှာခဲ့သူပါ။ ကနေ့အထိ အမေတို့က ကျွန်မကိုအပြစ်တစ်ခွန်း မတင်ခဲ့ကြဘူး... ကျွန်မ ဒါကိုနားလည်ရမယ်.. တုံ့ပြန်ရမယ်လေ... မဟုတ်ဘူးလား..."

အဖေနှင့် အမေတို့ကို စိုးလင်းဇော်က လှည့်၍ကြည့်သည်။ အဖေတို့က ချုပ်ထည်တွင် စိတ်ဝင်တစား ရှိကြသည်။ သူတို့ဘက်သို့ တဒိုက် တစောင်းပင် မကြည့်ကြ။ သူ့ကို စိုးလင်းဇော် မျက်နှာမူကာ...

"အမှန်အတိုင်းပြောရရင် မနှင်းဖွေးဆီ မကြာခဏ ကျွန်တော် လာချင်ပါတယ်... လာရမှာ ကြောက်ရွံ့နေတယ်.. ဦးလေးကို မျက်နှာသိပ်ပူတယ်ဗျာ... မင်းသူငယ်ချင်း ဝင်းဇင်က ဘယ်လိုဘယ်ပုံပဲကွလို့... အငွေ့တောင် မသန်းခဲ့ဘူး... မပြောလို့ အလာခက်တာပေါ့... ပြောရင် ရှင်းတယ်လေ... ကျွန်တော်က ဟုတ်ပါတယ် ဝန်ခံလိုက်ရုံပဲ... တစ်နွယ်ငင် တစ်စင်ပါကိုး..."

သူခေါင်းညိတ်၏။

"ဟုတ်တော့ ဟုတ်ပါတယ်... တခြားတော့ တခြားစီပါ... အဖေတို့က နားလည်မှု ရှိပါတယ်..."

"အဲဒါပြောတာပေါ့... နားလည်မှုရှိလို့ ခက်တာပေါ့... မွေးခါနီးဖွားခါနီးလေ မကြာမကြာ လာသင့်မှန်း ကျွန်တော်သိပါတယ်... ဒါထက် ဘယ်မှာ မွေးမလဲ..."

"အက်ဖရင်မှာတော့ အပ်ထားတာပဲ... ခုတော့ ဆယ့်ငါးရက် တစ်ကြိမ်ကနေ တစ်ပတ်တစ်ကြိမ် သွားပြနေရတယ်လေ..."

"ဒပ်ဖရင်မှာ ကျွန်တော့်အဒေါ် ရယ်... အစ်မဝမ်းကွဲတစ်ယောက်ရယ် ရှိကြတယ်... လက်ထောက်ဆေးရုံအုပ်နဲ့ သူနာပြုဆရာမကြီးလေ... ကျွန်တော် သွားပြောပေးထားပါ့မယ်... လိုလေသေးမရှိအောင် ကူညီကြပါလိမ့်မယ်... ညရေးညတာဆို ဘယ့်နှယ့်လုပ်မလဲ... နည်းနည်းနောနော ဝေးတာ မဟုတ်ဘူး... ဒီနဲ့ ဆေးရုံနဲ့ဆို ဆယ့်လေးမိုင်လောက်ရှိမယ်..."

သူက အိမ်ရှေ့သို့ငေးနေ၏။ စိုးလင်းဇော်၏ ကားမှတဆင့် ရောင်ပြန်လာသောအလင်းမှာ ပြိုးပြိုးပြက်ပြက်။

"ရပ်ကွက်ထဲမှာ သုံးဘီး၊ လေးဘီး၊ အငှားသမားတွေ ရှိကြပါတယ်..."

"ဩ... ဒီလိုဆို တော်သေးတာပေါ့... အိမ်ချင်းနီးရင်ကောင်းသား... ကျွန်တော် အားနေတာ..."

ကျေးဇူးတင်စွာ သူပြုံးပြ၏။ အိမ်ရှေ့သို့ မျက်လုံး ရောက်သွားသည်။ သစ်သား ကုလားထိုင်ပေါ်တွင် ပုလင်းလွတ်နှစ်လုံး။ ဆန်လွတ်နန္ဒင်းထည့်ရန် ရေသေ့အောင် အဖေလှန်းထားသည်။ ဆောင်းနေခြည်အောက်တွင် ဖန်ရောင်မှန်ရောင် တလက်လက်။

*****

## အခန်း(၂၄)

လွယ်အိတ်ကို မတွေ့ရ။ လက်ထဲတွင် ကျောင်းစာအုပ်တွေပါမလာ။ ရုပ်လက်တိုအင်္ကျီနှင့် အိမ်နေပုဆိုးကိုဝတ်ထားပြီး ကျောင်းမှအပြန် အိမ်သို့ပြန်ပြီးမှ သူ့ထံလာခြင်းဟု သိသည်။ သူ့ကို မြင်သောအခါ အိမ်ပေါ်သို့မတက်။ ရေတွင်းရှိရာသို့ လျှောက်လာသည်။ ရေတွင်းနှင့် ဝါးတစ်ရိုက်အကွာ သပြေပင်အောက်သို့ ရောက်စဉ်...

"ထားလိုက်ပါ မနင်းဖွေး၊ ကျွန်တော် ရေကူခပ်ပေးပါ့မယ်"

ရေပုံးစင်ပေါ်ရှိ သောက်တော်ရေအိုးထဲသို့ ဖြည့်လိုက်သည်။ ပြီးမှ...

"ဒီသောက်တော်အိုး တစ်လုံးတည်းပါ ကိုအောင်ငြိမ်း... ရပါတယ်"

သူ့ကိုမနင်းဖွေး ပြုံးပြသည်။ ရေငင်ပုံးထဲရှိ ရေကျန်ကို ခြံစည်းရိုးတွင် ပေါက်နေသော နဂါးစက်ပင်တွေသို့ လှမ်း၍ ပက်လိုက်သည်။ အနီးသို့ ရောက်သည်တွင် မနင်းဖွေးကိုပြုံးပြ၏။

"စိုးလင်းဇော်က စာပေးလိုက်လို့..."

မနင်းဖွေး၏ မျက်လုံးအစုံမှာ ဝိုင်းသွားသည်။ ရေငင်ပုံးကို စင်၌တင်ပြီး နောက်မေး၏။

"ဘယ်သူ့စာလဲ" အောင်ငြိမ်း မျက်ခုံးတစ်ချက် တွန့်သွား၏။ ဆက်စပ်တွေး၍ ရဟန်တူလေသည်။

"စိုးလင်းဇော် ရေးလိုက်တဲ့ စာပါ..." ပြောပြောဆိုဆို အင်္ကျီအိတ်ထဲရှိ အဖြူရောင် စာအိတ်ကို ထုတ်ပေးမည်ပြုသည်။

"ယူထားဦးလေ... အိမ်ပေါ်ကျမှပေး... ကျွန်မလက်မှာ ရေတွေနဲ့..."

အောင်ငြိမ်း၏လက်က စာအိတ်သို့မရောက်... ရေတွင်းနှုတ်ခမ်းတွင် ကပ်ခါပေါက်နေသော တမာပင်ကို လှမ်းကာထောက်၏။ သူ့ကို မနင်းဖွေး မေးသည်။

"ဘာမှာလိုက်သေးလဲ..." ချက်ချင်းမဖြေ။ ခပ်ဆိုင်းဆိုင်းဖြစ်နေသည်။ နောက်မှ...

"သူ ကိုဝင်းဇင်ဆီကို ငွေသုံးထောင် ပြန်ပေးလိုက်ပါတယ်တဲ့... အိမ်ကိုသွားပြီး ပေးတာပါတဲ့... သူ့မာမီရှေ့မှာပဲ ပြန်ပေးခဲ့ပါတယ်တဲ့... ဒါပဲ ပြောပြီး ဒီစာပေးလိုက်တယ်..."

သောက်တော်ရေအိုး ပတ်လည်သို့ ကျနေသော ရေစက်တွေကို လက်ဖဝါးဖြင့် သပ်ရင်း ခေါင်းတစ်ချက်ဆတ်၏။ မနင်းဖွေးကို သူကြည့်သည်။ မျက်လုံးချင်းဆုံရသည်ပင် အားနာသည်။ လည်တိုင်အောက်သို့ မျက်လုံးယောင်မှား မရောက်စေရန် သတိထားပြီးကြည့်သည်။

"ငွေပေးပြီးရင်ပြီးတာပါပဲ... သူတို့လက်ကို ဒီငွေပြန်ရောက်ဖို့ပဲ ကျွန်မ စိတ်စောနေတယ်..."

"အေးဗျာ... ကျွန်တော် အဲဒီသတင်း ကြားကြားချင်း ဘယ်လိုလုပ်ပါလိမ့်လို့ အံ့အားသင့်မိတယ်..."

"ကိုအောင်ငြိမ်း ဘယ်တုန်းကသိလဲ"

"ဒီနေ့မှသိတာ... ကျွန်တော့်ဆီ ကိုစိုးလင်းဇော် လာတယ်လေ.... ဒီစာထုတ်ပေးရင်း အကျိုးအကြောင်း ပြောပြလို့ သိရတာ... ကျွန်တော်ခင်ဗျားဆီ မရောက်တာ နှစ်ပတ်လောက် ရှိဦးမယ်... အခြေအနေက တစ်မျိုးဖြစ်လာတယ်... ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်ကိုရော်ပြီး စိတ်များဆိုးနေပြီလားလို့ လာရင်းနဲ့ တွေးမိသေးတယ်..."

မနင်းဖွေးက အိမ်ဘက်သို့ လှမ်းကြည့်လေသည်။ အိမ်ခေါင်းရင်းပျဉ်တွေတွင် ရေနံချေးဖြင့် စွတ်စိုလျက်ရှိသည်။ မနေ့တစ်နေ့ကမှ ခြံပိုင်ရှင်က ရေနံသုတ်သမားကို သုတ်ခိုင်းခြင်း ဖြစ်လေသည်။ ခေါင်းရင်းပြတင်းပေါက်မှ တဆင့် အမေ့စကားပြောသံနှင့် ကြီးကြီးမေ၏ ရယ်သံသဲ့သဲ့ကို ကြားရသည်။

"ဘာကိုလဲ ကိုအောင်ငြိမ်း"

အောင်ငြိမ်းက ဟင်းခနဲ တစ်ချက်ရယ်၏။

"ကိုဝင်းဇင်နဲ့စိုးလင်းဇော်တို့ စကားများတဲ့ကိစ္စ ကျွန်တော်ပြောမပြခဲ့တာ... မနှင်းဖွေး ကျွန်တော့်ကို မေးတယ် မဟုတ်လား... ကိုဝင်းဇင်သဘောနဲ့ တကယ်လိုက်၊ မလိုက်လေ... ကျွန်တော် လိမ်ပြောခဲ့တယ် မနှင်းဖွေး... ဘာကြောင့် လိမ်ရတယ်ဆိုတာ ခင်ဗျား သဘောပေါက်မှာပါ... အမှန်က ဒို့အရင်တည်းက ကိုဝင်းဇင်ကို ဟိုနေရာတွေ ဒီနေရာတွေ တွေ့နေခဲ့တာပဲ..... ဒီမြို့ကိုတောင် သုံးလေးခါ လာနေသေးတာပဲ... ကျွန်တော့်ကို မေးသလို ကိုစိုးလင်းဇော်ကိုလည်း မနှင်းဖွေးမေးသေးတယ် မဟုတ်လား... စိုးလင်းဇော်လည်း ကျွန်တော့်လို လိမ်ခဲ့ရတာပဲ... သူလာတဲ့နေ့က အဲဒီအကြောင်းကို ခင်ဗျားမေ့ပြီး အစမဖော်ခဲ့လို့ စိတ်သက်သာရာရတဲ့စကား ဒီနေ့ပဲ သူပြောသေးတယ်... ကျွန်တော်ကတော့ ခင်ဗျားမမေးခင် ကြိုတင်ဝန်ခံလိုက်ပါပြီ..."

မနှင်းဖွေးက အသံလွင်လွင်နှင့် ရယ်၏။ လက်နှစ်ဖက်မှ ရေစက်တွေကိုခါရင်း...

"အဲဒီတုန်းက ကျွန်မကို ဖုံးဖုံးကွယ်ကွယ် ပြောကြတယ်လို့ ထင်တော့ထင်သား... တစ်ဖက်ကလည်း သူ့အပေါ် လုံးဝယုံကြည်တဲ့ စိတ်ကြောင့် သိပ်သံသယ မဖြစ်မိဘူး..."

"ကိုဝင်းဇင် ရှောင်နေတယ်ဆိုတာ ကျွန်တော့်အမေကိုတောင် ပြောမပြခဲ့ဘူး... နီနီတစ်ယောက်ပဲ ပြောပြမိပါတယ်... တစ်ခါတည်း မနှင်းဖွေး တန်းပြီးသိတာပဲ... မနှင်းဖွေးကို သနားလို့ ပြောတာပါလို့ ကျွန်တော့်ကိုပြောတယ်... ကျွန်တော် သူ့ကို တအားဆူပစ်တယ်... နောက်ကို သိပ်လျှို့ဝှက်ရမယ့် စကားမျိုးဆို ဘယ်တော့မှလည်း မပြောဘူးလို့ ငေါက်ပစ်လိုက်တယ်.... သူပြန်မပြောဘူးလား..."

မနှင်းဖွေး ရယ်သံအရှိန်မသတ်နိုင်။ အသံခပ်အုပ်အုပ်ဖြင့် ရယ်ကာ...

"သူ့ကို မပြောဘဲ ထားတဲ့စကား ဘယ်နှခွန်းရှိသလဲဟင်..."

အားပါးတရ သူရယ်ပစ်သည်။

"ဇာတ်က ဇာတ်ရည်လည်သွားပြီပဲဗျာ... ဘာမှလျှို့ဝှက်ထားစရာ မရှိတော့ပါဘူး... လိုလည်း မလိုတော့ပါဘူး... အဟုတ်ပြောတာ..."

"အင်း ကျွန်မပြဿနာ အကြောင်းပြုပြီး လူတွေလည်း အတော့်ကို ကရိကချောက် ဖြစ်ကုန်ကြတယ်နော်... အငေါက်ခံရတဲ့သူ အငေါက်ခံရ.... ဖန်ခွက်နဲ့ ရွယ်တဲ့သူကရွယ်... စိတ်ညစ်စရာ ကောင်းလိုက်တာ..."

*****

***မနှင်းဖွေး***

*ကျွန်တော် စိုးလင်းဇော် စာရေးလိုက်ပါတယ်။ မနှင်းဖွေးပေးလိုက်တဲ့ ငွေသုံးထောင်ကို မနေ့ကပဲ မနှင်းဖွေးဆီက အပြန် ပေးဖြစ်ခဲ့ပါပြီ။ ကျောင်းကိုပြန်ပြီး ဝင်းဇင်ကို ကျွန်တော်ရှာပါတယ်။ စားသောက်ဆိုင်တွေမှာ လိုက်ရှာပါတယ်။ စာသင်ခန်းဆီမှာ ရှာပါတယ်။ သူနဲ့အတန်းတက်ဖက်တွေကို လိုက်မေးတော့ မနက်စောစောပိုင်းက တွေ့တယ်လို့ ပြောကြတယ်။ သူသွားတတ်တဲ့ အဆောင်တွေကို သွားရှာတယ်။ တစ်နာရီခွဲအထိ ကျောင်းမှာ*

လိုက်ရှာတယ်။ အိမ်ကို ဖုန်း ဆက်ကြည့်တော့လည်း အိမ်ကို သူ ပြန်မရောက်သေးဘူးတဲ့။ ဒါနဲ့ ကျွန်တော် အိမ်ကို ခဏပြန်တယ်။ ခဏကြာတော့ သူ့အိမ်ကို ဖုန်းဆက်ပြန်တယ်။ မာရီယွန်နဲ့တွေ့တယ်။ ဝင်းဇင်တော့ မရှိဘူး။ ဒါနဲ့ ညနေခြောက်နာရီကျရင် ကျွန်တော်ရောက်မယ့် အကြောင်း၊ ဆက်ဆက် စောင့်နေဖို့ အကြောင်း မှာလိုက်တယ်။ ဘာကိစ္စနဲ့ဆိုတာ မာရီယွန်မေးတာကို ကျွန်တော် မပြောပြခဲ့ပါဘူး။ ဖုန်းဆက်ပြီး အမေခိုင်းတဲ့ ကိစ္စနဲ့ လေဟာပြင်ဈေးရယ်၊ ဗိုလ်ချုပ်ဈေးရယ် ကျွန်တော် သွားရတယ်။ လေးနာရီခွဲလောက်ရှိတော့ အိမ်ပြန်ရောက်တယ်။ ရေမိုးချိုး ထမင်းစား ပြီးတော့ ဖုန်းထပ်ဆက်တယ်။ သူမရောက်သေးဘူး။ မာရီယွန်နဲ့ပဲ တွေ့တယ်။ ပြန်လာရင် ဖုန်းဆက်ခိုင်းမယ်တဲ့။ ကျွန်တော်က ဝင်းဇင်ကို ဖုန်းမဆက်စေနဲ့။ မာရီယွန်ပဲ ဝင်းဇင် ရောက်ကြောင်း ဖုန်းဆက်ဖို့ မှာရတယ်။ ခြောက်နာရီခွဲတော့မှ ဖုန်းရောက်လာတယ်။ အဲဒီတော့မှ ကျွန်တော့်ရင်ထဲ ထိတ်သွားတယ်။ သူ့အဘိုးကြီးက ကျွန်တော် ဝင်ထွက်နေတာကို အရင်လို မကြည်တော့ဘူး။ အစည်းအဝေးတစ်ခုမှာ သူ့အဘိုးကြီးနဲ့ ကျွန်တော့်အဘိုးကြီး စကား အကြီးအကျယ် များခဲ့ကြတဲ့ ပြဿနာ။ လေးငါးလလောက်က စခဲ့တဲ့ အဲဒီပြဿနာကြောင့် သူ့အဘိုးကြီး ပြန်ရောက်မရောက် မေးမိတော့တယ်။ မာရီယွန်က တခြားကိစ္စထင်ပြီး မလာပဲနေလို့ရရင် နေဖို့၊ အပြင်မှာခေါ်တွေ့ရင် မဖြစ်ဖူးလားလို့ မေးတယ်။ ခုအချိန်ထိတော့ သူ့အဖေ ပြန်မရောက်သေးဘူးလို့ ပြောတယ်။ ကျွန်တော်က သိပ်အရေးကြီးတယ်။ လာမှဖြစ်မယ်။ လာရင် ဖုန်းသာဆက်။ အဲ... အဘိုးကြီးရောက်၊ မရောက်လည်း ထည့်ပြောဦးလို့ မှာရသေးတယ်။ ခုနကပြောတဲ့ အချိန်ကျမှ "ကိုကိုရောက်ပြီ၊ ဒယ်ဒီ မလာသေးဘူး"လို့ ဖုန်းလာတယ်။ ဖုန်းချချပြီးရင်၊ ကမန်းကတန်း ကားထုတ်တယ်။ အမေက ကျွန်တော့်ကို "ပျာနေတာပဲ... ဘာဖြစ်တာလဲ... ခုနက ဘယ်သူ့ဖုန်းလဲ.."လို့ မေးယူရတဲ့အထိပဲ။ ဒါနဲ့ သူ့အိမ်လည်း ရောက်ရော ဧည့်ခန်းမှာ သူ့အဖေနဲ့ အမေ။ လူကို ထူပူသွားတာပဲ။ အဘိုးကြီးက လာထိုင် ဘာညာတော့ ပြောပါသေးတယ်။ ပြောလည်းပြီးရော ဧည့်ခန်းထဲက ထွက်သွားတယ်။ ဝင်းဇင်က ထမင်းစားနေတယ်။ တစ်ခုတော့ ကောင်းပါတယ် မနှင်းဖွေး။ အဘွားကြီးကွယ်ရာမှာ ဒီငွေတွေကို ဝင်းဇင်လက်ထဲ ထည့်လိုက်ရင် သူ့အမေဆီ ပြန်ပေးချင်မှပေးမှာ။ ဘာပြုလို့လည်းဆိုတော့ မနှင်းဖွေးတို့ဆီ ဒီငွေလာပေးအောင် သူ့အမေကို တော်တော် အတိုက်အခံ ပြောရတာကိုး။ ဒီတော့ မနှင်းဖွေး ပြန်ပေးတာ အသိခံချင်မှခံမှာ။ ကြားထဲကနေ သူသိမ်းချင်သိမ်း၊ သုံးချင်သုံးပေ့ါ။ အဘွားကြီးရှေ့တွင် ပေးလိုက်ရင် ကောင်းမယ်လို့ ကျွန်တော် တွေးမိတယ်။ ပြန်ပေးတာကို သူတစ်ယောက်တည်းသိပြီး ကျန်တဲ့သူမသိရင် အဲဒီငွေကို မနှင်းဖွေးတို့ သုံးတယ်လို့ ကျန်တဲ့သူတွေက သဘောပိုက်မှာ မဟုတ်လား။ ဒါကြောင့် သူထွက်လာတော့ ငွေစက္ကူတွေကို သူ့လက်ထဲထည့်ရင်း အကျိုးအကြောင်း ပြောပြလိုက်တယ်။ မနှင်းဖွေး မှာသမျှစကားတွေ တစ်လုံးမချန် ကျွန်တော် ပြန်ပြောပြခဲ့တယ်။ သူ့အမေရဲ့ သဘောသဘာဝကိုတော့ မနှင်းဖွေး သိပြီးသားပဲ။ ကျွန်တော် ရေးမပြချင်ဘူးဗျာ။ သူကခေါင်းငိုက်စိုက်နဲ့

*နားထောင်နေခဲ့တယ်။ ကျွန်တော့်ကို ဘာမှမပြောပါဘူး။ သူ့အမေက သူ့ကိုဆူတာပူတာတွေလည်း သူတစ်ခွန်းမှ မပြောပါဘူး။ ကြာတော့ ကျွန်တော်လည်း နားငြီးလို့ နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။ ကျွန်တော် တာဝန်ကျေတယ်လို့ ထင်ပါတယ်။ ကျွန်တော့်စကားကို စောင့်နေမယ်ထင်လို့ အဲဒါတွေ ပြန်ပြောဖို့ လာမလို့ပါ။ ကျောင်းရောက်တော့ သူငယ်ချင်းတစ်ဦးရဲ့ ကိစ္စပေါ်လာတာနဲ့ ဒီစာကို ကောက်ရေးလိုက်တာပါ။ ဒီစာကို နီနီနဲ့ဖြစ်ဖြစ်၊ ကိုအောင်ငြိမ်းနဲ့ဖြစ်ဖြစ် လူကြုံပေးလိုက်မယ် စိတ်ကူးတယ်။ ကိုယ်တိုင် မလာနိုင်တာကို ခွင့်လွှတ်ပါ။*

**စိုးလင်းဇော်**

စာကို အသံထွက်အောင် ဖတ်ပြအပြီးတွင် အဖေက မဲ့ပြုံးတစ်ချက် ပြုံး၏။ သူ့ထံသို့ စာရွက်ကမ်း၏။ အမေက သူလှမ်းယူသော စာရွက်ကို စွေခနဲကြည့်သည်။ ကွမ်းညှပ်ကို တအားဖိလိုက်သည်။ ကွမ်းသီးတစ်ခြမ်းက ကြမ်းပေါ် သို့ လွင့်စဉ်သွားသည်။

*****

## အခန်း(၂၃)

မည်သည့်အရာမျှမရှိသော အပြောကျယ်သော ဟင်းလင်းပြင်ကဲ့သို့ ဖြစ်သွားခဲ့သည်။ ပြောချင်သောစကားကို ရင်ထဲမှ ဆွဲထုတ်ပစ်ခဲ့သည်။ ကိုယ်တိုင်ပြောရသကဲ့သို့ကား အားမရ။ သို့သော် သိစေချင်သည်က လိုရင်းဟု တွေးသည်။ မိမိကို မိမိများစွာ အံ့သြခြင်းဖြစ်သည်။ ကိုယ့်စကားတွေ သူကြားတော့ ကိုယ်မှာ မည်မျှ ခါးခါးသက်သက်ဖြစ်နေပြီဟု သူသိလိမ့်မည်။ သူ့ကိုထားရှိသော သဘောထားတွေကို သူသိမည်ဟုတွက်သည်။ ကြမ်းတမ်းသော အပြောတွေများ ဖြစ်သွားသလားဟု တွေးမိသေးသည်။ သည်မျှကား ပြောခွင့်ရှိသည် ပြောသင့်သည်ဟု နလုံးမူသည်။ ပြောမည်ဆိုလျှင် စကားတွေက ရင်ထဲမှာ တောင်နှယ်ထွန်း၍ ကျွန်းနှယ်ပေါ် ၏။ မပြီးဆုံးစတမ်း ပြောနိုင်သည်။ သူ့ကိုမျှော်လင့်ထားခြင်း မရှိတော့သည့်နောက် ပြောချင်စိတ်တွေ ပါးလာသည်။

ပြန်လည် ဆုံတွေ့မည်ဟု ယုံမှတ်ထားခဲ့မိသည့် ကာလက သိမ်းဆည်းထားသော စကားတွေအားလုံး ယခုသော် ပြယ်စပြုခဲ့ချေ၏။

ပန်းနှစ်ပွင့် ပျောက်ကွယ်ပြီးနောက် မောင့်ခြေသံကိုပင် မကြားရတော့။ တစ်ရက်မက၊ နှစ်ရက်မက။ အရက်နှစ်ဆယ်ပင် ကျော်လာသည်။ မောင့်သူငယ်ချင်းတွေကို မေးရသည်။ မတွေ့ဟုသာ သိရသည်။ စိုးလင်းဇော်ထံသို့ သွားတွေ့ပြီး အခြေအနေကို ဖွင့်ပြောကာ အကူအညီ တောင်းရသည်။ နီနီနှင့် အောင်ငြိမ်းကိုကား ဖွင့်မပြောခဲ့။ တွေ့အောင်သာ ရှာခိုင်းရသည်။ မောင့်အိမ်သို့ ဖုန်းဆက်သည်။ မြောက်ပိုင်းရှမ်းပြည်သို့ ခရီးထွက်သွားသည်ဟု မောင့်မိခင်က ဖြေသည်။ ဘယ်မြို့သို့သွားသည်ကို ရေရေရာရာ အဖြေမပေး။ ဘယ်နေ့ပြန်ရောက်မည်ကိုလည်း တိတိကျကျမပြော။ စိုးလင်းဇော်က ရှမ်းပြည်သွားသည်ဟု မသိကြောင်းဖြေသည်။ အိမ်မှာမရှိသည်မှာ အမှန်ဟု ပြော၏။ ဝင်းဇင် ဘယ်အရပ်သို့ ရောက်နေသည်မှာ

မာရီယွန်တစ်ယောက်ပင် မသိဟု ပြော၏။ နီနီနှင့်အတူ ကျောင်းသို့သွားကာ ရှာ၏။ ရေတမာရွက်ခြောက်၊ ကံ့ကော်ရွက်ခြောက်နှင့် မြက်ပင်တွေအောင် ပုန်းနေဦးတော့ တွေ့နိုင်မည် ထင်ရအောင် ရှာခဲ့သည်။ စားသောက်ဆိုင်များ၏ ဖွန်းတွေ၊ ပန်းကန်တွေကြားတွင် ခိုအောင်းနေဦးတော့ တွေ့ရမည် ထင်ခဲ့သည်။ သူ့အိမ်သို့ အရဲစွန့်ကာ သွားမေးခဲ့သည်။ မောင့်မိခင်၏ အကြည့်က ယခင်ကလို မဟုတ်။

စကားက ယခင်လိုမဟုတ်။ သူ့ဒယ်ဒီနဲ့ လိုက်သွားတာ။ ဘယ်လောက်ကြာမယ် မသိဘူးဟု ရေပိတ်စကား ပြောလေ၏။ ဘာကိစ္စလဲဟု ရေလာ မြောင်းပေးစကားပင် မဟ။ တာရှည်စွာ ဧည့်ခံစကားပြောလိုဟန် မရှိ။ အိမ်ဖော်တစ်ယောက်ကို ခေါ်ကာ ကားဆရာကို သွားပြောရန်၊ အပြင်ထွက်ရန် ကိစ္စအတွက် ကားရုံထဲမှ ကားထုတ်ရန် ပြော၏။ ချက်ချင်းဆိုသလို သူတို့ ထပြန်ခဲ့ရ၏။ ဦးခေါင်းထဲ၌ တောက်သောမီးသည် ချက်ချင်းဆိုသလို သူတို့အိမ်မှ အပြန်တွင် အလျှံအစွယ်ကြီးလာခဲ့သည်။ ထိုအချိန်က နီနီ၏ ယိုယွင်းနေသော အမူအရာတွေကို ယခုတိုင် မျက်လုံးထဲမှ ဖျောက်မရ။ နီနီအနေနှင့်လည်း သူ့ကို ထိုသို့ပင် ဖြစ်ပေလိမ့်မည်။ ခြေမည်သို့ လှမ်းမည်မသိခဲ့။ မျက်လုံးမည်သို့ ကြည့်သည်မသိခဲ့။ စကားမည်သို့ ပြောသည်မသိခဲ့။ အပြန်လမ်း တစ်လျှောက်လုံးတွင် လွင့်မျောစွာ ပြန်လာခဲ့ရသည်။ မျက်ရည်ပူတွေ ဝိုင်းနေသော မျက်လုံးအစုံက မောင့်ကို ရှာနေသည်။ ဆူနေသောနားက မောင့်အသံကို မှန်းဆနေသည်။ ကိုယ့်ကိုကိုယ် အမှတ်အသားရှိခြင်း ပျက်ခဲ့သည်။ ခုနေတွေ့ရင် မောင့်ကို တအားဖက်ပြီး ငိုပစ်လိုက်မိမယ်ဟု အခါခါ တိုးတိုးပြောမိသည်။

ဖွင့်ပြောပြမည်ဟု ပြင်သောနှုတ်ခမ်းက အမေ့ရှေ့သို့ ရောက်လျှင် ပျပ်ဝပ်ငြိမ်သက် လွန်းသည်။ အစားပျက်သည်ကို ဖုံးကွယ်ရလွန်း၍ သူဝှက်နှင့် တူလာသည်ဟု ထင်လာ၏။ ထမင်းတစ်ဝိုင်းတည်း မစားရအောင် စောပြီးစားလျှင်စား၊ နောက်ချန်ပြီး စားလျှင်စား၊ စားသောက်ကောင်းလွန်း၍ ထမင်းစားချိန်တိုင်အောင် မစောင့်နိုင်သလိုမျိုး။ နှစ်ထပ်သာမက သုံးထပ်၊ လေးထပ် စားလေဟန်ပြုရသည်။ စားတော့ တစ်လုတ်၊ နှစ်လုတ်။ ကျန်သမျှကို ခွေးစာခွက်တွင် သွန်။ သွန်သွန်ချင်း လာစားဖော်မရသော ခွေးတွေကို အသံနိမ့်ကာ တအိုအို ခေါ်ရသည်။ ခွေးစာခွက်တွင် ထမင်းဟင်းတွေ ပြည့်နေလျှင် အမေက တစ်မျိုးတစ်မည်ထင်မည်။ ချက်နေကျအိုးတွင် ထမင်းမလျော့မည်ကို စိုးသည်။ အချဉ်ကို ဝှက်၍စားရသည်မှာ အားမရ။ မြင်သာအောင် တစ်ထုပ်၊ မမြင်သာအောင်က သုံးလေးထုပ်။ အချဉ်စားရင်းနှင့် တစ်ခါတစ်လေ ပျို့သည်။ ဆီးစေ့နင်၍ ချောင်းဆိုးလေဟန်၊ ပျို့လေဟန် နေရသည်။ ပြုမူပုံတွေ ထပ်မည်စိုး၍ တစ်ခါတစ်ရံကျတော့ မျိုသိပ်ရ၏။ ဝမ်းကို ရှပ်ထားရသည်။ မူးနောက်ရီဝေခြင်းကို မပြောပြဝံ့။ ဆံစမခြောက်အောင် အုန်းဆီမကြာမကြာ လိမ်းသည်။ အပြစ်ရှိသူအတွက် နကျယ်အိမ်နှင့် ပုရွက်ဆိတ်တွင်းတို့ပင်လျှင် မလုံခြုံဟူသောစကားကို သတိရသည်။ ကိုယ့်စိတ်ကိုလည်းကောင်း၊ ကိုယ့်ကိုယ်ကိုလည်းကောင်း အဘယ်အရပ်၌ အပ်နှံထားရပါအံ့။

အာရုံတွေကို စည်းနှောင်ခြင်းငှာ မတတ်စွမ်းတော့ပြီလားဟု ကိုယ့်ကိုကိုယ် မာန်မဲမိ၏။

အမေမသိအောင် ကြားဖူးနားဝတွေဖြင့် ဖြေရှင်းကြည့်သည်။ ဝမ်းနှုတ်ဆေးပြင်းပြင်းတွေ စားသည်။ မီးမကင်ဆေးတွေ ပရဆေးဆိုင်မှ ဝယ်စားသည်။ ဂုံညင်းယို စားကြည့်သည်။

ဇာတိပ္ပိုလ်သီးကို ညက်အောင်ဝါးကာ မျိုချခဲ့သည်။ မစားဖူးသည့် ရဲယိုသီးမှည့်တွေကို အိမ်ထောင့် အပင်အောက်မှ ကောက်ယူရန် လက်တွန့်မိသည်။ အဆုံး၌ ဖွင့်၍ ပြောရတော့သည်။ အမေ၏ တောင်ပြိုသောမျက်နှာတွင် အသံမထင်။ သို့သော် လွင့်ကြွေ ပေါက်ကွဲသွားသမျှကို အဆင့်ဆင့် မြင်လိုက်ရချေသည်။ ချောက်ချားမှု၏ အမြင့်ဆုံးဖြင့် ကြောက်လန့်ပုံမျိုးကို မမြင်စဖူး မြင်လေသည်။ အသက်မဲ့သူပမာ အရုပ်ရုပ် ရပ်လျက်သာရှိ၏။ သတိဝင်လာသောအခါ ဘုရားတ,ချေသည်။ တုန်လှုပ်သံကြားသည့်ခဏခြင်း အမိအဖတို့၏ သိက္ခာကိုယ်ဝတ်ကို မိမိပယောဂဖြင့် ညစ်နွမ်းစေခဲ့ပြီဟု နောင်တတစ်ဖန် ရပြန်သည်။

ထိုအကြောင်းတွေကို ပင်လယ်ရပ်ခြားမှ ပြန်လာပြီးနောက် ပြောပြမည်ဟု အောက်မေ့ခဲ့သည်။ သူသာအကယ်၍ ပြန်လာမည်ဆိုပါက အမေတို့ ပိတ်ပင်မည်မဟုတ်။ သားသည်အမေဟု မထင်ပေါ်မီက လာများလာခဲ့လျှင် ကျေးဇူးပင်တင်ကြမည် ထင်သည်။ ထင်ပေါ်ပြီးနောက် လာခဲ့လျှင်လည်း ခြံဝမှ ကြိုကြလိမ့်မည်။ သည်သားအမိသားအဖ သုံးဦး၏ တင့်တယ်မှုကို ပေးရှာသေးသည်ဟုပင် ဆိုကြပေဦးမည်။ သူ့ခင်ပွန်း အခုမှရောက်လာရတာဟာ ဒီလိုကြောင့်ပျ၊ သူ့ယောကျ်ားက ခုမှလာရတာ ဒီလိုကြောင့်ရှင့်ဟု စကားချင်း စည်းဝါးကိုက်ပြီး ပြောပြကြပေလိမ့်မည်။

ပူပန်သောက ဖြစ်သမျှကို လည်းကောင်း၊ တမ်းတမျှော်မောခဲ့ရသမျှကို လည်းကောင်း၊ လွမ်းဆွတ် ကြေကွဲရသမျှကို လည်းကောင်း သူ့ရင်ခွင်၌ မှေးမှိန်ရင်း ပြောခွင့်ရမည် တွက်ခဲ့သည်။ သတင်းလှည့်စား၊ လူလှည့်စား၊ မင်းပြုရက်အားသည်ဟု အတိအလင်းသိရသည့်အချိန်တွင် အတွေးလောက ပျက်ပြားလေသည်။

*****

တစ်ကေသာသာ ကျယ်သော ခြံဝင်းထဲတွင် နှင်းထုသိပ်သည်းနေသည်။

လမ်းလျှောက်ရင်းနှင့် မော့ကြည့်သည်။ သစ်ကိုင်းသစ်ရွက်များ အကြားမှ အရှေ့ကောင်းကင်သည် မြူရောင်အဆင်းနှင့် ရှိ၏။ လင်းမည်ထင်ခိုက် မှိုင်း၍လာသည်။ မှိုင်းနေဆဲမှ ဖြူဝင်းပြန်သည်။ နှင်းအထုသည် မြေပြင်နှင့်နေတို့၏အကြား၌ အဆီးအတားပြုသည်။ နေရှိန်ဖိစီးဖန် များလာသည်တွင် နှင်းမှုန်တွေ နိမ့်လာ၏။ သစ်ပင်ဖျားတွေကို ပွတ်တိုက်သွားသည်။ ကိုင်းခက်တွေကို တိုးဝင်စီးဆင်းသည်။ ထိုအခါ ဆီးနှင်းရည်တွေ လိမ်းကျံပေးသကဲ့သို့ ဖြစ်လေသည်။ အောက်လက်သစ်ရွက်တွေပေါ် သို့ နှင်းပေါက်တချို့ ဖြောက်ဖြောက်ကျလာတတ်၏။ သဲမြေပြင်မှာ နှင်းဆွတ်ထားသည်။ ရွက်ခြောက်ရွက်ဆွေးကင်းသော မြေသဲမျက်နှာပြင်တွင် နှင်းရည်ပေါက်ကျရာ လက္ခဏာတွေ ထင်နေ၏။ တစ်ခါတလေ လမ်းမကြီးတွင် ဖြတ်သွားတတ်သော ကားကြီး၊ ကားငယ်အသံတွေ ကြားရချိန်မှအပ ဆီးနှင်းရွက်ကျသံကို ပီပီကြားနိုင်သည်။

အေးမြလတ်ဆတ်သော လေကို အားပါးတရ ရှူရှိုက်လိုက်သည်။ ဆောင်းငွေ့သည် ရင်ထဲသို့ စိမ့်ဝင်သွား၏။ အအေးကဲလွန်းသဖြင့် နှာဝမှာ ကျဉ်သယောင်ယောင် ဖြစ်နေသည်။ လက်ဖျားလေးတွေကို အပြန်အလှန်ဆုပ်နယ်ရင်း အိမ်ရှေ့ဘက်သို့လျှောက်သည်။ မနစ်ကထက်

သည်နှစ်ဆောင်းကိုကား ပို၍လှသည်ထင်သည်။ သို့သော် ကြည်နူးဖွယ် အဝဝတို့သည် ရင်၌ တစ်ရံတစ်ဆစ်မျှ မကျန်ရစ်ခဲ့တော့။

ကိုယ့်ဘဝ၏ အလှဲ့အပြောင်း တစ်ခုကို ကိုယ်တိုင် မယုံနိုင်စွာ ကြုံနေရသည်။ သားသည်အမေဘဝကို စိတ်မကူးခဲ့သည် မဟုတ်။ လှပစွာ စိတ်ကူးခဲ့မိသည်။ အထီးကျန် သားသည်အမေဘဝ မဟုတ်။ သိုက်သိုက်မြိုက်မြိုက်နှင့် ချမ်းမြေ့ဖွယ်အတိ သားသည်အမေဘဝမျိုး။ ထိုဘဝမျိုးကို ဖန်တီးမည်ဟု မောင်ပြောခဲ့သည်။

"အစက လက်ထပ်ပြီးရင် မောင်တို့ဘာသာ မောင်တို့နေမလား တွေးမိတယ်... အမေတို့ ဝယ်ထားတဲ့ခြံက ဇေကနည်းမှ မနည်းတာ... ဆယ့်ငါးဧကလောက် ရှိတယ်လေ... ရွှေ့ပိုင်းကားလမ်းဘက်က နေရာကို မောင်တောင်းမယ်... အဘွားကမောင့်ကို အိမ်ထောင်ကျရင် အမွေခွဲပေးမယ်... ပစ္စည်းတော့ ရမှာမဟုတ်ဘူး... ငွေသားပဲ ပေးလိမ့်မယ်... နှစ်သိန်းခွဲ ကျော်ကျော်လောက်ပဲ ရမယ်ထင်တယ်... တစ်ထပ်တိုက်တစ်လုံးတော့ ဆောက်နိုင်ပါတယ်.. အကုန်လိုလို အစိုးရဈေးနဲ့ရမှာပဲ... ကားကတော့ မာမီ့ဆီကပဲ ခဏယူစီးရမှာပေ့ါ... အမေ့ဘက်က အဘိုးတို့အဘွားတို့ဆီ သွားပြီး ပူဆာလည်းဖြစ်မှာပါ... ကားခြောက်စီး ရှိတယ်... တစ်စီးပဲ ချန်ထားတာ... ကျန်တာအားလုံးက အင်းလျားလိတ်မှာရယ်... သမ္မတမှာရယ်.. ဗိုလ်ချုပ်ဈေးမှာရယ် အငှားကားချထားတယ်..."

မောင့်စကားကို ကြားရချိန်တွင် အဖေနှင့်အမေအတွက် တွေးပူသည်။ ထို့ကြောင့်... "နှင်းမှာက တစ်ဦးတည်းသောသမီး မောင်ရဲ့... လင်လည်းရရော လင့်နောက် ကောက်ကောက်ပါအောင် လိုက်သွားတယ်... မိဘကိုပစ်ထားတယ်လည်း မဖြစ်စေချင်ဘူး... နှင်းပြောတာကို မောင် သဘောပေါက်မှာပါ..."

ထိုအခါ ပျာပျာသလဲဖြေရှင်းသည်။

"မောင်တို့ဘာသာ မောင်တို့နေမယ်ဆိုတဲ့ စကားထဲမှာ နှင်းမိဘတွေ အတွက်ပါ ပါပြီးသားပါ... မောင်တို့ အဲဒီမှာနေမယ်... နှင်းမိဘတွေကို ခေါ်ထားမယ်လေ... မောင်ပြောတာက နှင်းကို မောင်တို့အိမ်မှာ လိုက်နေလို့ မပြောချင်ဘူး... မောင် ဒါကိုသိတာပေ့ါ... နှင်းက မောင့်မိဘအိမ် လိုက်နေရင်နေမှာ... အဒေါ်တို့ဦးလေးတို့က ဘယ်လာလိုက်နေကြမလဲ..."

မောင် အတွက် မဆိုးချေ။ အမေက စကားစပ်မိ၍ ပြောဖူးသည်။ မည်သည့် အချိန်လောက်တွင် သူတို့လက်ထပ်ရန် ရည်စူးထားသနည်းဟု မေးရာမှ စသည်။ သူဘွဲ့ရပြီးသည်အထိ ဝင်းဇင် စောင့်မည်ဖြစ်ကြောင်း၊ ထိုကာလအတွင်း ဝင်းဇင်က အလုပ်တစ်ခုခု ဝင်လုပ်ကာ ငွေစုမည့်အကြောင်း၊ လက်ထပ်ပြီးနောက် ဝင်းဇင်၏ အစီအမံမှာ ဤသို့ ဤသို့ ဖြစ်ကြောင်းပြောပြသည်။ ဤတွင်...

"သမီးတို့ဘာသာ သမီးတို့နေနိုင်စားနိုင်ကြရင် တော်ပါပြီကွယ်... တင့်တောင့်တင့်တယ် နေနိုင်ရင်ပဲ အမေတို့ ဝမ်းသာလှပါပြီ... အမေတို့အတွက် ထည့်မတွက်ပါနဲ့... မိဘကြောင့် ယောက္ခမများရှေ့မှာ မျက်နှာမလှရတာလည်း မကောင်းဘူး... ခမည်းခမက်ချင်းလည်း ပြောစမှတ်

မဖြစ်ချင်ဘူး... အမေတို့စက်ချုပ်စားလည်း ရတာပဲ... နာမကျန်းမဖြစ်သရွေ့တော့ မပူရပါဘူး... အဲဒီအခါတော့ အဲဒီအခါ လျောက်လျှားပေါ့..."
ဟု အမေပြောသည်။ အဖေက အရွှန်းအပြက်တွေဖြင့် ခပ်သော့သော့ပြော၏။

"ညည်းတို့နဲ့ လိုက်နေရင် အဖေတို့ ဖောက်သည်တွေက နှုတ်ခမ်းစူကြမှာဗျ... တစ်သက်လုံးက ကိုင်လာတဲ့ ကတ်ကြေးနဲ့ပေကြိုးကို တစ်နေ့မကိုင်ရ မထိရနေတတ်မှာ မဟုတ်ဘူးဗျ... စက်ချုပ်သံ မကြားရရင် အိမ်တောင်ပျော်မယ် မထင်ဘူး... ဒီခြံမှာ ခြံရှင်က တိုက်ဆောက်ရင် အဖေတို့ တခြားရွှေ့... အဲဒီမှာပဲ မြေးထိန်းရင်းနေမယ်..."ဟု ရယ်မောကာ ပြော၏။ ထိုစကားတွေကို မောင့်အား အသိပေးခဲ့သည်။

"ဘယ်ဟုတ်ဦးမလဲ နှင်းရယ်... မောင်တို့ကကျွေးမွေးရမယ့် အချိန်မှာ အလုပ်နဲ့လက်နဲ့ မပြတ် လုပ်စားနေရသေးတယ်ဆိုရင် မောင်တို့က ဘယ်လာကောင်းနိုင်ပါတော့မလဲ... မြေးအတွက် အကျီဘောင်းဘီတွေ၊ ဂါဝန်တွေချုပ်ပေးဖို့အတွက် လာနေပါလို့ ပြောလိုက်ရုံပေါ့... တစ်ချက်ခုတ် နှစ်ချက်ပြတ်လေ..."

အဘိုးကြီး အဘွားကြီးတွေရဲ့မြေး... တို့ရဲ့ ကလေးတွေကျလျှင် ဟူသော အသုံးအနှုန်းတွေကို ရင်ခုန်ရှက်ပြုံးဖြင့် နားထောင်ခဲ့သည်။ မငံ့မရဲ တုန့်ပြန်သုံးရဲခဲ့သည်။ တစ်ယောက်ကိုတစ်ယောက် နားလည်ပြီ။ ထိမ်ချန်ရန်စိုးစဉ်းမျှ မလိုအပ်တော့ပြီဟု ယူဆခဲ့၏။ ချစ်ကျွမ်းဝင်ခြင်း၏ အစအဦး မဟုတ်တော့ပြီ။ တစ်ဦးနှင့်တစ်ဦး အကြားတွင် ခြားနားကွယ်ကာစရာ မရှိဟု သူအသိပိုက်ခဲ့သည်။ ထို့ကြောင့်...

"တို့တစ်ခု ကံကောင်းတယ်မောင်..."

"ဘာကိုပြောတာလဲနှင်းရယ်..."

"နှင်းချစ်သူအရွေးမှန်လို့..."

"ဘာဖြစ်လို့လဲဟင်..."

"မောင့်ကို ချစ်တဲ့အချစ်ထဲမှာ မောင့်မိဘရဲ့ အရှိန်အဝါကိုလည်း နှင်းထည့်ပြီး မစဉ်းစားခဲ့ပါဘူး... ငွေကြေး ပြည့်စုံတာတို့၊ ပညာတို့၊ ဂုဏ်တို့ကိုလည်း နှင်းဖယ်ထားတယ်။ ကိုယ်ချစ်သလို ကိုယ့်ကိုပြန်ချစ်နိုင်မဲ့ ချစ်သူကိုပဲ နှင်းလိုချင်တယ်... မောင့်ကိုနှင်း အဲသလို တွေးခဲ့တာ... ခုထိ မှန်နေတယ်လို့... ဒါကြောင့် နှင်းကံကောင်းတယ်လို့ ပြောတာပေါ့..."

ပါးချင်းလာ၍ထိပြီး မောင်ပြောသည်။

"မောင်အကြွင်းမဲ့ ယုံပါတယ်နှင်းရယ်... မောင် ဝမ်းသာပါတယ်... အရင်ကလို အဆင့်အတန်းချင်း ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုတဲ့ အားငယ် စရာစကားတွေ မပြောပါနဲ့... အဲဒီစကားကြားရင် မောင့်ရင်ထဲ အပ်နဲ့ဆွသလို အခံရခက်တယ်..."

"ခက်မှာပေါ့... မောင်လာချစ်တာ အချုပ်သည်ကိုး... အပ်နဲ့ဆွတာတော့ ခံရမှာပေါ့... ပန်းနဲ့ပေါက်တာကို လိုချင်ရင်တော့ ပန်းသည်ကို သွားကြိုက်လေ... ဟုတ်ဖူးလား..."

ပွဲပိုက်ယုယရင်းနှင့် ရယ်မောခဲ့ကြသည်။ အချစ်ဆိုတာ ဒါပါပဲလားဟု ကြည်နူးနွမ်းလျခဲ့သည်။ ချမ်းမြေ့သည်ဟု ခံစားရပြား သည်းအူချောက်ချားသည်။ ပျော်မောသော်လည်း လိပ်ပြာလန့်သည်။ ရွှင်ပျသော်လည်း ရင်ခုန်သည်။ မြတ်နိုးစွာဟုဆိုကာ နဖူးဆံစကို ရှူရှုနမ်းသည်။

"ဘယ်လို မြတ်နိုးတာလဲမောင်ရဲ့... နင်းတို့ငယ်ငယ်တုန်းက ဖိနပ်အသစ်ကလေး ဝယ်လာတဲ့အခါ... သည်းကြိုးကို နမ်းရတယ်လေ.. ပါးစပ်က လည်းပြောရသေးတယ်... နင့်ကို ငါနမ်းတယ်နော်... နင် ငါ့ခြေထောက်ကို ပေါက်အောင်မလုပ်ပါနဲ့လို့ ပြောရတယ်မဟုတ်လား... အဲသလို မြတ်နိုးတာမျိုးနဲ့ မြတ်နိုးတာလားလို့ပါ..."

"ကြံကြံဖန်ဖန်..."ဟု ဆိုကာ ပါးကိုထိုးပေး၏။ သူ့ကိုယ်ကို ရှေ့ညွှန်ပြီးအစွာတွင်...
"မောင်က သည်းကြိုးလေး ဖြစ်သွားပြီနော်..."

သည်းကြိုးကို ငုံ့ကြည့်သည်။ နိုင်လွန်ကြိုးအပြာနကို ပလတ်စတစ်ပိုက်ကြည်ကြည်က အုပ်ထား၏။ မောင်ဝယ်ပေးခဲ့သော နောက်ဆုံး လက်ဆောင်။ မစီးရက်၍ အမှတ်တရ သိမ်းထားခဲ့သည်။ ယနေ့မှ ထုတ်ပြီး စီးချင်၍ စီးသည်။ မနက်ဖြန်မှစ၍ သိမ်းဆည်းထားလိုက်မည်။ ရင်သွေးကို မွေးဖွားရန် ဆေးရုံသို့သွားမှ ထုတ်စီးမည်။ မောင်ကိုယ်တိုင်ဆေးရုံသို့ လိုက်မပို့မှုဖြင့် မောင့်လက်ဆောင်ဖိနပ်ကလေးကိုသာ အဖေါ်အဖြစ် ခေါ်ရပေတော့မည်။

နင်းပြုံသည်ကိုပင် သူမမြင်လိုက်။

*****

## အခန်း (၂၂)

အဝတ်သေတ္တာကို ဖွင့်သည်။ အဖုံးအကြားတွင် ညှပ်ထားသော စက္ကူထုပ်တွေကို ဆွဲယူလိုက်သည်။ တစ်ခုချင်းဖြန့်ကာ လှန်ကာ အဖေကြည့်သည်။ အဖေ့လက်ထဲသို့ သူလှမ်းကြည့်သည်။ ဝါကြန့်နေသော ရင်ပြုဖိတ်စာတစ်စောင်။ ခေါက်ရိုးကျိုးနေသော ထီလက်မှတ်နှစ်စောင်။ အဖေက ဖြန့်၍ကြည့်သည်။

"သမီးကို မူလတန်းကျောင်း ပို့ခါနီးတုန်းက အဖေထိုးထားတဲ့ထီ၊ ဒီမယ်ကြည့်ပါ့လား... အတိတ်ကို... သမီးကို ကောလိပ်ကျောင်းထားရန်တဲ့..."

ယူကြည့်သည်။ နက်ပြာရောင်မင်မှာ ဖျော့ကာမှိန်နေ၏။ အဖေ့လက်ရေး၊ ပြုံးလိုက်မိသည်။ အဖေ့ထံ ပြန်ပေးလိုက်သည်။ ပြန်ယူပြီး ခေါက်ရိုးအတိုင်းခေါက်သည်။ လက်ထဲမှစာရွက်တွေကို ဆက်ပြီးလှန်သည်။ အမျိုးသားမှတ်ပုံတင် ကတ်ပြားသုံးခု။ စိမ်းညိုတစ်ခု၊ ပန်းရောင်နှစ်ခု။ ပန်းရောင်တစ်ခုကို လှန်၏။ အမေ့ပုံ။ နောက်တစ်ခုကိုလှန်၏။ သူ့ပုံ။ သူ့ပုံကိုပြကာ...
"အုပ်လုံးသွင်းပြီးခါစ ရိုက်ထားတာ... ဘယ်လောက်လှသလဲ... ဓာတ်ပုံဆရာက ကိုးနာရီနေလောက်ကြီး နေနဲ့မျက်နှာ တည့်တည့်ထားခိုင်းတော့ မျက်စိကျိန်းပြီး မှုန်ကုပ်နေတာလေ..."

ခေါင်းက ညာဘက်သို့ ခပ်စောင်းစောင်း။ ဦးစွန်းထက်ရှိ ဆင်စွယ်ဘီးကုပ်က ထင်းလျက်ရှိသည်။ မျက်နှာမှာ အဖေပြောသကဲ့သို့ မှုန်ကုပ်ကုပ်၊ အဖေက ပြောပြီးတော့ ရယ်နေပေသည်။ အဖေ့လက်ထဲက တစ်ရွက်ပြီးတစ်ရွက် ရှာနေ၏။

သန်းခေါင်စာရင်း အဟောင်းတွေ၊ ရပ်ကွက်စာကြည့်တိုက် အသင်းဝင်ကတ်ပြား အဟောင်းတွေ ထွက်လာ၏။ အဖေ့လက်ရေးနှင့် ရေးမှတ်ထားသော စာရွက်အတိုအစတွေ ကြည့်၍ ကုန်သွားသည်။ စာရွက်တွေကို သပ်သပ်ရပ်ရပ်ပြန်စီပြီး အံထဲသို့ ညှပ်ထည့်သည်။

အကျီတွေ တစ်ထည်ချင်းမကာ တစ်ဖက်တွင် ထပ်၏။ ညာဘက်ခြမ်း ကုန်သွားသည်။ သံသေတ္တာအတွင်း၌ ခံထားသော သတင်းစာစက္ကူမှာ သံချေးစွန်းနေ၏။ သူ ငုံ့၍ကြည့်သည်။ သတင်းစာစက္ကူကို အဖေက အသာဆွဲခွာသည်။ စူးအက်ယမ်းအိုးကြီး ပေါက်ကွဲတော့မည်ဟူသော ခေါင်းစီးကို လှစ်ခနဲ ဖတ်လိုက်ရ၏။ ဘွတ်ဖိနပ်စွပ်ထားသော ခွေးတစ်ကောင်က ကလောင်ကို လုံသဖွယ် ထမ်းကာ မင်ပုလင်းလည်ပင်းမှာဆွဲ၍ ဇော်က,ကရင်း လှမ်းထိုးနေဟန် ရုပ်ပုံကို တွေ့သည်။ ရန်ကုန်သတင်းစာ ထိပ်စီးကိုတွေ့လိုက်ရစဉ်...

"ဒီသတင်းစာက ကြာလှပြီသမီးရဲ့... အဲဒီတုန်းက စူးအက်တူးမြောင်းကိစ္စသတင်းတွေ အဖေသိမ်းထားတာ... ကြာတော့လည်း ကြွက်ကိုက်ပိုးကိုက် ဖြစ်လို့လွှင့်ပစ်လိုက်ရတယ်... ဒါ ငါးဆယ့်ငါး၊ ငါးဆယ့်ခြောက်ခုနှစ်လောက်တုန်းက သမီးမွေးစပဲရှိဦးမယ်... အဲဒီတုန်းက အဖေတို့ ကျောက်ဆည်မှာ ရှိသေးတယ်... ဟော... ထူးကွင်းကို ရှိပါတယ်၊ ရှိပါတယ်... ရှာလိုက်တာ... တွေ့မယ့်တွေ့တော့ သေတ္တာထောင့်မှာ..."

ပြားစေ့သာသာ သံမဏိကွင်းလေးတွေ၊ အင်္ဂလိပ်အက္ခရာအေ၊ ဘီ၊ စီ၊ ဒီတွေ ဖော်ပြထားသည်။ တစ်ရံစာ၊ ကြိုးထုံးလေးတွေဖြင့် ဆက်ထားသည်။ အဖေ့လက်ထဲတွင် တွဲလဲခို၍ပါလာသည်။ သံမဏိကွင်းချင်း ထိသံကြားရသည်။

"သမီးငယ်ငယ်က ဝတ်ပေးတဲ့ဟာ မဟုတ်လား အဖေ..."

လှမ်းယူရင်း မေးလိုက်သည်။

"အင်းလေ အတော်ပဲ... ဒါကိုအပြင်ထုတ်ထားမှ... ငါ့မြေးကျရင်လည်း ဝတ်ပေးရမှာနဲ့ အတော်ပဲ..."

"ဘာကို အပြင်ထုတ်ထားရမှာလဲ... ရင်တို့သားအဖ ဘာတွေဖွနေကြတာလဲ..."

အခန်းဝဆီက အမေ့လေသံက ဖျတ်ခနဲ ထွက်လာသည်။ သူတို့နှစ်ယောက်စလုံးက လှည့်ကြည့်သည်။ အမေသည် သူ့လက်ထဲရှိ ထူးကွင်း ခြေကျင်းကို ကြည့်လေသည်။

"ဒါကိုပြောတာ အမေရဲ့..."

အမေက...

"ညည်းငယ်ငယ်က ဝတ်တာလေ... အဲဒါ မြစ်ငယ် မီးရထားစက်ရုံက ကိုဘယ်သူ... ကိုစိန်လှိုင်... ဒီထူးကွင်း လုပ်ပေးတဲ့သူလေ... သူ့မိန်းမ နာမည်တော့ မှတ်မိပါတယ်... မတင်အေးယောက်ျားလေ... ပါးစပ်ဖျားကလေးတွင်ပါ..."ဟု ပြော၏။

"ကိုချစ်ညွန့်လေကွာ... တစ်လောတုန်းက မတင်အေးလာလည်တော့ ပြောသွားတယ်... ကိုချစ်ညွန့်... မိုးညှင်းတောရကျောင်းမှာ တရားသွား အားထုတ်နေတယ်လို့..."ဟု ချက်ချင်း ပြောလေသည်။ အမေက...

"အင်း... အင်း... ဟုတ်တယ်... ဟုတ်တယ်... ကိုချစ်ညွန့်လုပ်ပေးတဲ့ ထူးကွင်းပေါ့..."ဟု သတိရဟန်ဖြင့် ပြောသည်။ ထို့နောက်...

"နေစမ်းပါဦး... ရှင်ဘာရှာနေတာလဲ..."

အဖေက ဖယ်ထားသည့်နေရာသို့ အဝတ်အစားတွေ နေရာတကျ ပြန်ထားသည်။ တစ်ဖက်တွင် ရှာမည်ပြုသည့်လက်က အမေ့မေးခွန်းကြောင့် တုံ့သွားသည်။ အမေ့ကို လှမ်းမော့ကြည့်သည်။

"မင်းကိုခုနမေးတဲ့ မီးမကင်ဆေး ဖေါ်နည်းကားလေကွာ" စိတ်ပျက်မျက်နှာနှင့် အမေ ရှေ့တိုးလာသည်။

"ရှင့် အဝတ်အစားသေတ္တာထဲမှာ မဟုတ်ပါဘူး... ကျွန်မ အဝတ်သေတ္တာထဲမှာလို့ ခုန ပြောလိုက်သားပဲ..."

အဖေက ခေါင်းခါလိုက်သည်။

"ငါ့လခွီး... မင်းကပဲ ကြွက်သံလောက်နဲ့ ပြောလိုက်လို့လား... ငါ့နားကပဲ ထိုင်းနေလို့ မကြားလိုက်ရသလား မသိဘူး... ကဲ ငါမရှာနိုင်တော့ဘူး... မင်းပဲရှာတော့..."

သေတ္တာကို ပြန်ပိတ်ပြီး ကိုင်းနစ်ဖက်မ,ကာ အခန်းထောင့်တွင်ပြန်ထား၏။ အမေက အဖေပြောပုံကြောင့် ပြုံးနေ၏။

*****

မာဇဒါဆီဒင်အပြာန ခြံထဲအထိ မောင်းဝင်လာပြီး ခေါင်းရင်ဘက်တွင် ရပ်လိုက်သည်။ အမေက ဖတ်လက်စသတင်းစာကို စက်ခုံတွင်ချထားကာ ကြည့်သည်။ အဖေက ရုပ်အကျီစ ကိုက်နေသောလက်ကို ခဏရပ်သည်။

"ဒေါ်ခင်သန့်လာတယ် မမြနွယ်..."ဟု အမေ့ကို လှည့်ကာပြော၏။ အမေက...

"ရန်ကုန်က အပြန် ဝင်လာတာနဲ့ တူပါရဲ့..."ဟု ပြန်ပြောသည်။ ထို့နောက်အဖေက အကျီစကိုပြီးအောင် ညှပ်လိုက်သည်။ သူက မီးမကင်ဆေးထည့်ထားသော ကတော့ဝကိုဖြေသည်။ စက္ကူတစ်ရွက် ခံထားသည့် ဟောလစ်ပုလင်းဝတွင် ကတော့တေ့ပြီး ထည့်သည်။ ပုလင်း နှုတ်ခမ်းတွင် တင်နေသည်တို့ကို အောက်ခံစက္ကူပေါ်သို့ သပ်ချသည်။ ကတော့စက္ကူခေါက်ကို ဖြန့်ကာ အကြွင်းအကျန်တွေ ခါချသည်။ စက္ကူကို ထက်ပိုင်း ခေါက်ပြီး ဟောလစ်ပုလင်းတင်သည်။ အောက်ခံစက္ကူပေါ်ရှိ ဆေးတွေကို ပုလင်းထဲသို့ လက်ညှိုးဖြင့် တောက်ကာကျစေ၏။

"ဒေါ်ခင်သန့်ကို တစ်ခါတွေ့ တစ်ခါဝလို့ပါလား... ကုသိုလ်ကောင်းလိုက်တာရှင်..."

အမေက အိမ်ပေါ်သို့ တက်လာသူကို ခရီးဦးကြိုပြုကာ နှုတ်ဆက်၏။ ဒေါ်ခင်သန့်မှာ အမေပြောသည့်အတိုင်း ကြာလေဝလေ ဖြစ်လာ၏။ အမေ့ကိုပြုံးကာ...

"ကုသိုလ် ကောင်းတယ် မထင်နဲ့ ဒေါ်မြနွယ်ရေ... ဟိုနားဒီနား သွားချင်ရင် ဆိုက်ကားဆရာက မတင်ဘူးရှင့်... ဆိုက်ကားပေါ်ထိုင်လို့ ရမှမရတော့တာ... အိမ်ကကားအားမှ... နို့မဟုတ်ရင် ကုန်းကြောင်းလျှောက်... အိမ်နဲ့ဈေးတောင် မလျှောက်နိုင်ဘူး... ကြာကြာလျှောက်ရင် ပေါင်ချင်းပွန်းတဲ့ဒဏ် မခံနိုင်ဘူး... ဩော်... ဦးစိန်လှိုင် ရှိနေတာကိုး... မမြင်လို့ ကန်တော့... ကန်တော့..."ဟု ပြောသည်။ ဝရန်တာကို ဆွဲကာ မနည်းတက်လာရသည်။ အဖေက... "ကိစ္စမရှိပါဘူး... ကျွန်တော် ဆွဲတင်ပေးရမလား..."ဟု ရယ်ပြီး မေး၏။ အပေါ်ဆင့်သို့ တက်လာသည်။ အမေက ကုလားထိုင်ကို ရွှေ့ယူ၏။ အမေ့ကို...

"ဒေါ်မြနွယ်... နေ နေ... ကျွန်မကိုယ်နဲ့ အလောတော် ကုလားထိုင်က ကျွန်မအိမ်မှာမှ ရှိတာ... နေပစေ... ဖျာပေါ်မှာပဲ ထိုင်တော့မယ်..."ဟု သူ့ကိုယ်သူ အနိုင်နိုင်ထိန်း၍ ပြော၏။ အမေက ဖျာကိုသွားယူပြီး ခင်းပေးသည်။ တင်ပျဉ်ခွေထိုင်ပြီး အဖေ့ကိုမေး၏။

"ဦးစိန်လှိုင်တို့ ကျန်းကျန်းမာမာပဲနော်..."

အဖေက ဟုတ်ကဲ့လိုက်သည်။ အမေ့ကို လှမ်းကြည့်သည်။ မှန်ဘီလူးတမျှ အခုံးအထူရှိသော မျက်မှန်အောက်မှ အားစိုက်ပြီးကြည့်ရဟန် တူလေသည်။

"ဒေါ်မြနွယ်က နည်းနည်းပိန်သွားတယ်... နေမကောင်းလို့လား..."

ဆေးလိပ်ခွက်နှင့် လက်ဖက်ရည်ကြမ်းဗန်းကို ဖျာပေါ်သို့ချပြီး...

"ကောင်းပါတယ်... အလုပ်နည်းနည်းများလို့ အညောင်းထိသွားတာနဲ့ တူပါတယ်..."

"အင်း... ဟုတ်ပါတယ်... ရှင်တို့အလုပ်က အညောင်းမှ တကယ့်အညောင်း... လမ်းလေး ဘာလေး လျှောက်လျှောက်ပေးဦး... ကျွန်မယောက်ျားတော့ လမ်းလျှောက်တဲ့အကျိုး ကောင်းကောင်း သိသွားပြီ။ သူလည်း ဆောင်းဝင်ခါစက တုပ်ကွေးထိလိုက်လို့ ဆေးထိုးလိုက်ရတာက နည်းမှ မနည်းပဲ... အပ်ရာချင်းကို ထပ်ရော... ဒီကတည်းက ကျန်းမာရေးဘက် လှည့်လိုက်တာ... တစ်ပတ်တစ်ခါ ရန်ကုန်ရေကူးကန်မှာ ရေလာကူးတယ်... မနက်လမ်းလျှောက်တယ်... အခု ဂေါက်သီးရိုက် သင်နေတယ်... ခုတော့ ဟန်ကျသွားပါပြီ... ကျွန်မကတော့ ဖျားတော့မဖျားဘူး... ဝဝလာတယ်... သွေးတိုးရောဂါ၊ ဘာရောဂါမှလည်း မရှိဘူး... ဝတော့ အနေရအထိုင်ရ ခက်တာပေါ့လေ..."

"တော်တော်စားနိုင်မယ် ထင်တယ်..."

ဒေါ်ခင်သန့်က လက်ပွေးအိတ်ထဲမှ ဒူးယားအစီခံစီးကရက်ဘူးကို ယူရင်းနှင့် ခေါင်းခါသည်။

"မထင်နဲ့ ဒေါ်မြနွယ်... စားတော့ ကြောင်စာလောက်... ဘယ့်နယ့်ဘယ့်နယ့် ဝလာတာမှန်း မသိဘူး..."

စီးကရက်တစ်လိပ် ထုတ်ယူပြီး စီကရက်ဘူး ပြန်ထည့်သည်။ ဓာတ်ငွေ့မီးခြစ်ကို မီးညှိပြီး ပြန်ထည့်လေသည်။ တစ်ဖွာ ဖွာသည်။

"ရန်ကုန်သွားမလို့... ဒီမြို့ဝင်တော့ သတိရတာနဲ့... မရောက်တာလည်း အတော် ကြာနေပြီ... ကိစ္စထူးထူးထွေထွေတော့ မရှိပါဘူး... အပြန်မှဆိုရင် ဝင်နိုင်မယ် မထင်ဘူး... သားကြီးကမွေးတဲ့ မြေးအလတ်မက လာခေါ်ပါဆိုလို့ သွားခေါ်မလို့လေ..."

အမေက ဖျာစပ်တွင်ထိုင်သည်။

"သားကြီးက မောင်ကျော်ကျော် ထင်တယ်... သူက ကလေးဘယ်နယောက် ရပြီလဲ... မတွေ့တာ အတော့်ကို ရှိပြီပဲ... မှတ်တောင် မှတ်မိမယ် မထင်ဘူး... သူတို့ ရတနာပုံ ရိပ်သာမှာပဲလား..."

"သားကြီးက ကျော်ကျော်လေ၊ ဟုတ်တာပေါ့... သူ ဒီဘက် မရောက်တာ ရှစ်နှစ်ကိုးနှစ် ရှိရော့မယ်... ကလေးကသုံးယောက်... အကြီးမက ရှစ်တန်းရောက်ပြီ... ခု အလတ်မက ခြောက်တန်း၊ အငယ်ဆုံးက နှစ်တန်း... အလတ်မက ရတနာပုံရိပ်သာမှာ မွေးတာ... အငယ်မက ပါရမီရိပ်သာကို ပြောင်းပြီးမှ မွေးတာလေ... မောင်ကျော်ကျော်အောက်က ခင်ငြိမ်းငြိမ်းလေ... သူက သူ့ယောက်ျားနဲ့ အင်္ဂလန် ပါသွားတယ်... မိသားစုလိုက် သွားကြတာ... မြန်မာသံရုံးမှာ ယဉ်ကျေးမှု သံမှူးဆိုလားပဲ... သူကလည်း ကလေးလေးယောက်... သူ့အောက်က မောင်သော်သော်... သူက အိမ်ထောင်မကျသေးဘူး... အခု အမေရိကားမှာ ဆေးပါရဂူဘွဲ့အတွက် သွားနေတယ်... နောက်နှစ်နှစ်လောက်မှ ပြန်ရောက်မယ်... ဒီအကျီစက သူပို့လိုက်တဲ့ အစလေ... ဒီလက်ကိုင်အိတ်က သမီးကြီး ပို့လိုက်တာ... ကျွန်မတစ်ကိုယ်လုံး ကျွန်မပိုက်ဆံနဲ့ကျွန်မ ဝယ်ဝတ်တာရယ် မရှိပါဘူး... ဟင်း ဟင်း... သားသမီးတွေ ဆင်ထားတာချည်းပဲ ဆိုပါတော့..."

ပြောအပြီးတွင် ရယ်နေ၏။ အမေက ရော၍ရယ်သည်။

"ကောင်းတာပေါ့... သူတို့ဆင်တာပဲ ဝတ်တော့ နုနုရင့်ရင့် ဝတ်လို့ကောင်းတာပဲ... ဒေါ်ခင်သန့်တို့ သားသမီးကံလည်း ကောင်းတာပဲ... လိမ်လိမ်မာမာ ထွန်းထွန်းကားကားချည်းပဲ..."

စီးကရက်ဖွာရင်း ပြုံး၏။

"ကောင်းတယ်လို့ ပြောသာပြောရတာ... သူတို့ခုလိုမဖြစ်ခင် ထမ်းရတဲ့ဝန်က မနည်းဘူး... လက်မလွတ်သေးတာ အိမ်မှာနှစ်ယောက်... သွယ်သွယ်နဲ့ အငယ်ကောင် ထွန်းထွန်း... အေးအေးက သူ့အစ်ကိုကြီးဆီမှာ... သူက မဟာသိပ္ပံဘွဲ့ ရပြီးပြီ... ကျောင်းမှာ ဆရာမ ဝင်လုပ်နေတယ်... ရှေ့နှစ်ထဲတော့ အိမ်ထောင်ပြုမယ် ထင်တယ်..."

အမေက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ အဖေက ဒေါ်ခင်သန့်ရှိရာသို့ လာ၏။

"ဆရာက အခုတော့ နေထိုင်ကောင်းနေပြီ မဟုတ်လား..."

"ဟုတ်ကဲ့ရှင့်... သူက ကျွန်မလိုမဟုတ်ဘူး... ပိန်တော့ပိန်တယ်... ဖျတ်ဖျတ်လတ်လတ်... ဌာနကလူငယ်တွေနဲ့ ယှဉ်ပြီး... အပင်ပန်းခံနိုင်တယ်... သူလည်း နောက်လကုန်လောက် ဂျပန်နိုင်ငံသွားဖို့ ရှိတယ်... သစ်တောကိစ္စဆိုလားပဲ..."

အဖေက ခေါင်းညိတ်ကာ...

"ဆရာနဲ့ မတွေ့ရတာ နှစ်နှစ်လောက် ရှိရော့မယ်... လာမယ်... လာမယ်... ကျွန်တော်တို့ စိတ်ကူးတယ်... မြင်တဲ့အတိုင်းပဲ ဒေါ်ခင်သန့်ရေ... အလုပ်နဲ့လက်နဲ့က ကော်ကပ်ထားသလား ထင်ရတယ်..."

"ဟုတ်တာပေါ့ဦးစိန်လှိုင်… ကျွန်မဒီကိုမရောက်တာ တစ်နှစ်လျော့လျော့ ရှိတော့မယ်… ကျွန်မတို့ လူသာမရောက်တာပါ… စိတ်ကတော့ ရောက်ပါတယ်… တမြန်နေ့ကတောင် ရှင်တို့ဆရာက ပြောနေသေးတယ်… တစ်ခါသူလာတုန်းက ဦးစိန်လှိုင်တို့ ချက်ကျွေးလိုက်တဲ့ ကြက်သားနဲ့ ဘူးသီးရယ်၊ တညင်းသီးတို့စရာရယ်၊ ဂေါ်ရခါးသီးကြော်ရယ်ကို သွားရည်ကျလို့တဲ့… ငါးပိရည်ကို ပြောမဆုံးနိုင်တော့ဘူးလေ…"

"အားတဲ့နေ့ကျရင် တစ်အိမ်သားလုံး လာလည်ပါဦး… အဲဒီတုန်းက ကမန်းကတမ်း စီစဉ်ရတာ ဒေါ်ခင်သန့်… အေးအေးဆေးဆေး ချက်ပြုတ် ကျွေးချင်လို့ လာကြပါဦး… ဆရာလည်း အဲဒီတုန်းက အားရပါးရစားလို့… ကြည့်ရင်း ကျွန်မ ဝမ်းသာလိုက်တာ… ခုကော ထမင်းစားခဲ့ရဲ့လား…"

အမေကဝင်၍ပြောသည်။ ဒေါ်ခင်သန့်က လက်ကာပြီး တား၏။

"ပြီးပြီ ဒေါ်မြနွယ်… ဒုက္ခမရှာနဲ့… ဘာမှလည်း ထမလုပ်နဲ့… ဟောဒီ ရေနွေးကြမ်းနဲ့ လုံလောက်ပြီ…"

လက်ဖက်ရည်ကြမ်း ပန်းကန်လုံးထဲသို့ ငှဲ့ထည့်ပေးရင်း အမေပြောသည်။

"တစ်ခုခုတော့…"

"မလုပ်နဲ့ ဒေါ်မြနွယ်… တကယ်ပြောတာ… ကိုယ့်သွေးသားတွေလိုပဲဟာ… ဆာရင် ဘယ်နေလိမ့်မလဲ… ပြောပြီမှတ်… မဟုတ်ဘူးလား…"

သုံးယောက်စလုံး ရယ်ကြသည်။ သူက ဒေါ်ခင်သန့်၏ ပြောပုံပြောလက်ကို သဘောကျသောကြောင့် ပြုံး၍ ကြည့်လိုက်သည်။ ရယ်မောပြီးမှ…

"ပြောစရာလေး တစ်ခုရှိလို့ ဝင်လာတာ ဒေါ်မြနွယ်…"

အမေက မျက်မှန်ကိုင်းကို နားထင်တွင် ဖိကပ်လိုက်ပြီး… မျက်လုံးချင်းဆုံ၏။

"ဟုတ်ကဲ့ ဘာပါလိမ့် ဒေါ်ခင်သန့်"

"သြော်… တခြားကိစ္စတော့ မဟုတ်ပါဘူး… ရှေ့တစ်ပတ် နှစ်ပတ်လောက်နေရင် ဒီခြံထဲကို အုတ်တို့၊ သစ်တို့ လာပုံထားမယ်ဆိုတာ ပြောမလို့… သမီးကြီး ငြိမ်းငြိမ်းအတွက် ဆောက်ပေးရမှာ… တိုက်က တစ်နှစ်လောက်မှ ဆောက်ဖြစ်မယ်… ပုံစံတောင် ကောင်းကောင်း မပြီးသေးပါဘူး… အဲဒါပြောမလို့ပါ… တော်ကြာ သစ်ကား၊ အုတ်ကား ဖြုန်းခနဲဝင်လာရင် ဘုမသိဘမသိ ဖြစ်နေမှာစိုးလို့… အဲဒါပြောမလို့ ဝင်လာတာပါ… ဒီကိစ္စကြောင့် ဦးစိန်လှိုင်တို့ နေရေးထိုင်ရေး ဘာမှ မထိခိုက်စေရပါဘူး… အိမ်တစ်ကွက်စာ… မြေပိုပါတယ်… ကြည့်စီစဉ်ကြတာပေါ့…"

အဖေနှင့် အမေက မရှေးမနှောင်း ခေါင်းညိတ်သည်။

"ကျွန်တော်တို့အတွက် ကိစ္စမရှိပါဘူး… သစ်တွေ ဘာတွေထားဖို့ အမိုးနဲ့ တစ်ခုခုတော့ လုပ်ထားဦးမှ…"

"ကိစ္စမရှိပါဘူး… ဦးစိန်လှိုင်… စီစဉ်ထားပါတယ်…" ထိုအချိန်တွင် မီးမကင်ဆေးပုလင်းကိုင်ကာ သူထ၏။ သူ့ဘက်သို့ ဒေါ်ခင်သန့်၏မျက်နှာ ဖျတ်ခနဲ လှည့်လာသည်။ စူးစူးစိုက်စိုက်ကြည့်လျက် ရှိလေသည်။

"ကျွန်မသမီး မနှင်းဖွေးလေ…"

အတန်ကြာမှ ခေါင်းညိတ်သည်။ အံ့သြသောမျက်နှာနှင့် ရှိသည်။

"ကျွန်မက ကျောင်းသွားနေတယ် အောက်မေ့နေလို့... တက်လာကတည်းက မြင်တော့မြင်သား... တစ်ယောက်ယောက် ထင်လို့... ဩော်... အိမ်ထောင်တောင် ကျနေပြီကိုး..."

နှုတ်မဆက်မိ... ရိုင်းရာကျနိုင်သည်ကို တွေး၏။ ဒေါ်ခင်သန့်တို့ သားသမီးကံလည်း ကောင်းတာပဲဟူသော အမေ့စကား။ ဂျပန်နိုင်ငံဟူသော ဒေါ်ခင်သန့်၏ စကားတို့သည် ညှော်သည်ရှိရာသို့ မျက်နှာမမူစေနိုင်ခဲ့။ အိမ်ခန်းဘက်သို့ လှည့်၍ထွက်သွားသောအချိန်တွင် အမေ့အသံကို စ၍ကြားရသည်။ ထို့နောက် အဖေ့ရှင်းပြချက်တွေ။ အမေက ကြားဖြတ်ဝင်၍ ရှင်းသံတွေ။

နာရီဝက်ကျော်ကျော်ကြာတော့မှ... ကားစက်သံကို အခန်းထဲက ကြားလိုက်သည်။

*****

ခြေတုံ့လိုက်၏။ အမေ့စကားလုံးတွေ မပီသ။ အဖေက ခပ်တိုးတိုးပြန်ပြောသည်။

"မဟုတ်ဘူးလေ၊ မမြနွယ်... မင်းက ဒေါ်ခင်သန့်ရဲ့ သားသမီးတွေ အကြောင်းပြောရင်းနဲ့ ဒေါ်ခင်သန့်တို့များ သားသမီးကံလည်း ကောင်းတာပါပဲလို့ ပြောလိုက်တာကို ငါပြောတာ... မင်းနားရှုပ်သွားလို့ပါ..."

"မရှုပ်ပါဘူး... ကျွန်မ ပြောလိုက်တာက ဒေါ်ခင်သန့်တို့ သားသမီးကံလည်း ကောင်းတာပဲလို့ ပြောတာပါ... ဒေါ်ခင်သန့်တို့များလို့ များထဲ့ပြီး မပြောပါဘူး... ပြီးတော့ အမှန်လည်း ကံကောင်းလို့ ကံကောင်းတယ်လို့ ပြောတာပါ ကိုစိန်လှိုင်ရယ်..."

ပုဆိုးပိုင်းဖြင့် ခြင်လှန့်သံကြားရ၏။ အိမ်ရှေ့ခန်းသို့ အထွက်ရခက်နေ၏။

"မဟုတ်ဘူးလေကွာ... ဒေါ်ခင်သန့်တို့ပဲ ပြောပြော.. ဒေါ်ခင်သန့်တို့များ ပြောပြော... အဓိပ္ပါယ်က တစ်မျိုး ဖြစ်နေတယ်... ဩော်.. ဒေါ်ခင်သန့် တို့ကျ သားသမီး ကံကောင်းလိုက်ကြတာ... ကျွန်မတို့ဖြင့် သားသမီး ကံမကောင်းဘူးလို့ ညည်းရာမကျဘူးလား... မင်းစဉ်းစားကြည့်... အနားမှာ သမီးမရှိရင် အကြောင်းလားကွ... သူကြားရတာ ဘယ်လိုနေမလဲ..."

"အင်းပေါ့လေ... ရှင်တွေးသလို သမီးကတွေးဦးမှပါ... ကျွန်မက ရိုးရိုးပြောလိုက်တာပါ..."

"မင်းကို အပြစ်တင်နေတာ မဟုတ်ပါဘူး မမြနွယ်ရာ.... အင်္ကျီအပြာ ဝတ်ထားတဲ့ လူတစ်ယောက်နဲ့ အဝါဝတ်ထားတဲ့ လူတစ်ယောက် လျှောက်သွားကြတာ ကြည့်ပြီး အင်္ကျီအပြာနဲ့လူက လှတယ်လို့ပြော... ဟော... အဝါဝတ်ထားတဲ့သူက မလှဘူးလို့ ပြောရာ မကျပေဘူးလား... ဒီသဘောမျိုး ဖြစ်သွားလို့ပါ"

"သမီးတွေးမိမယ် မထင်ပါဘူး..."

"ဘယ်ပြောနိုင်မလဲကွာ... သူ့မှာက အပြစ်ရှိနေသလို ဖြစ်နေတယ်မဟုတ်လား... ခုနေမှာ တို့စကားတစ်ခွန်းတလေ မှားလို့မဖြစ်ဘူး... ဘာပဲပြောပြော သူ့ကိုယ်သူ ယူကျုံးမရ ဖြစ်နေတာအမှန်ပဲ... စိတ်ဓါတ်ကျကျက်သွားရင် မကောင်းဘူးလေ... မွေးခါနီး ဖွားခါနီး..."

အမေက ပြန်မပြော။ အဖေ့စကားပါ အဓိပ္ပါယ်တွေကို တွေးနေဟန်တူ၏။ အဖေ့အသံသည် နားထဲသို့သာ စိမ့်ဝင်သွားသည် မဟုတ်။ နှလုံးသည်းပွတ်ထဲတွင် ကိန်းအောင်းလျက်

နေပေလိမ့်မည်။ အမေသည် အမှတ်မဲ့ စကားတစ်ခွန်းအတွက် ကြောင့်ကြနေသလားမသိ။ မည်သည့် စကားကိုမျှ ပြောဆိုခြင်းမရှိတော့။

လေးငါးခြောက်လှမ်းစာ နောက်ဆုတ်လိုက်မည်။ ချောင်းဟန့်သံပြုမည်။ ခြေသံထင်ထင်ဖြင့် လျှောက်ပြီး အိမ်ရှေ့သို့သွားမည်။ အခြားစကားတွေ ပြောကာ အာရုံပြောင်းမည် စိတ်ကူးသည်။

*****

ရက်ချိန်းအတိုင်း မသွားလျှင် မဖြစ်။ သွားရသောအခါ မနက်အစောကြီး အိပ်ရာမှထ။ ကားမှတ်တိုင်သို့ ခြောက်နာရီမထိုးမီ အရောက်သွားပြီး စောင့်ရသည်။ ဟံသာဝတီအဝိုင်းမှတဆင့် အမှတ်ဆယ့်နှစ် ကားကိုစီး။ စီးသမျှကားတို့မှာ ဂိတ်ဆုံးက။ ထိုင်စရာ ရသေးသည်။ သို့သော် ဆေးရုံရောက်သောအခါ ရှစ်နာရီခွဲနှင့် ကိုးနာရီကြား။ ထိုအချိန်တွင် ကိုယ့်ရှေ့မှာ ထပ်ထားသော လက်မှတ်တွေက အများကြီး။ တစ်ခါတစ်ရံ ဆယ်နာရီခွဲလောက်မှ ကိုယ့်ခေါ်သံကြားရသည်။ ကိုယ်အလေးချိန်၊ ဆီးစစ်၊ သွေးပေါင်ချိန်၊ ဗိုက်စမ်း၊ လေးငါးမျိုးသာသာ။ နောက်တစ်ပတ် ရက်ချိန်းချိန်း။ ဆေးထိုးပေးသည်။ စားဆေးပေးသည်။ သို့သော် ၁၁နာရီခွဲပြီး ၁၂နာရီ နီးနီးကျမှပြီးသည်။ နေရှိန်ပြင်းလှသည်။ အပြန်ခရီးတွင် ကားစောင့်ရသောဒုက္ခ ကြီးလှသည်။ ဆယ့်နှစ်ကားနှင့် ကိုးကားနှစ်ခုစလုံးကို လမ်းခုလပ်မှစီးရ၍ ထိုင်စရာ နေနေသာသာ ခြေချစရာပင်မရှိ။ ရှိဦးတော့ ကားထဲတွင် အသက်ရှူပင်မဝ။ နားလည်မှုရှိသူတို့နှင့် ကြုံရလျှင် ထိုင်စရာနေရာရ၏။ တစ်ခါတလေ မရမ်းကုန်းလမ်းဆုံ မင်္ဂလာဒုံလောက်ရောက်မှ ထိုင်စရာနေရာ ရ၏။ တစ်ခါနှစ်ခါမက ကြုံဖူးသည့်ခရီးက ခရီးအဆုံးအထိ မတ်တပ်။

သွားလာရေး ထိုအခက်အခဲကြောင့် အမေ့ကို အဖော်အဖြစ် မခေါ်တော့။ အမေက စိတ်မချ၍ လိုက်တတ်သေးသည်။ သည်နေ့လည်း အမေ လိုက်မည်ဟုဆို၏။ မလိုက်ပါနှင့်ဟု မနည်းပြောခဲ့ရ၏။ တာဝန်မကြီးစေချင်။ အမေကလိုက်ရန် အကြောင်းရှာသေးသည်။ စမ်းချောင်းရှိ သူ့အမဝမ်းကွဲ၏ ကလေးတွေအတွက် အင်္ကျီစတွေ ပေးရန်ရှိသည်ဟု။ သူဝင်ပေးပေးမည်ဟု ပြောသည်။ ဗိုက်အပ်ခါစကသာ စမ်းချောင်းလိပ်စာပေးရန် သမီးနှင့်အတူ တစ်ခေါက်ရောက်သည်။ နောက်ပိုင်းတွင် မရောက်။ ထို့ကြောင့် သည်နေ့သွားလိုကြောင်း ပြောသည်။ အဖေက... "သူ့ဟာသူ လွတ်လွတ်လပ်လပ် သွားပါစေကွာ.."ဟု ဝင်ပြော၍သာ နေခဲ့သည်။

အမေ့ညီမတွေက စမ်းချောင်းစာတိုက် နောက်ဘက်လမ်းတွင် ရှိသည်။ ထိုအိမ်သို့ ရောက်သောအခါ တစ်နာရီ ထိုးခါနီးပြီ။ ထမင်းမစားခဲ့မှန်း သိ၍ ထမင်း အတင်းကျွေးသည်။ ဆာဆာနှင့် စား၍ကောင်းလှသည်။ ထမင်းစားပြီး စကားစမြည် ပြောကြသည်။ နေပြင်းလွန်း၍ သုံးနာရီထိုးမှ ထိုအိမ်ကနေ ထဖြစ်သည်။ ကားမှတ်တိုင်တွင် ဆယ့်ငါးမိနစ်ခန့် စောင့်ရသည်။ ကားပေါ် ရောက်ရောက်ချင်း ထိုင်စရာနေရာရသည်။ လက်ယာဘက်ထိုင်ခုံ။ အမေနှင့် ရွယ်တူလောက်ဟု ခန့်မှန်းရသော အမျိုးသမီးကြီးက ကိုယ်ကိုစောင်းကာ နေရာပေး၏။ ပြတင်းပေါက်နှင့် ကပ်လျက်သား နေရာရသည်။ နေရာအဆင်ပြေ၍ စိတ်သက်သာရသည်။ ညနေဘက် အနောက်ဘက်တွင် နေရာရပါက ကျနေဒဏ်မှာ အခံရဆိုးသည်။

ပြတင်းပေါက်ဘက်တွင် ထိုင်သည်ချင်းအတူတူ အရှေ့ဘက်ပြတင်းမှ ဝင်လာသောလေက လေအေး။

အသံလွှင့်ရုံရှေ့ရောက်သောအခါ စိတ်ဓာတ်လန်းဆန်းလာသည်။ ချွေးတွေသိပ်သွား၏။ စိုက်ပျိုးရေးနှင့် လိုင်းပေါက်မှတ်တိုင်ဆင်းမည့် ခရီးသည်မပါ၍ ကားက အရှိန်ပြင်းစွာ မောင်းနေ၏။ လမ်းလယ်မျဉ်းနားမှ ကပ်၍မောင်းသည်။ ပညာရေးတက္ကသိုလ်ရှေ့သို့အရောက်တွင် ကိုယ်ပိုင်ကား သုံးလေးစီးက အရှိန်ပြင်းစွာကျော်တက်သွားကြသည်။ လိပ်ခုံးအဆောက်အဦကို ဖြတ်လာသည်။ ယှဉ်လျက်နီးနီးပါလာသော ကားတစ်စီးက ကျော်တက်မည့် လက္ခဏာဖြင့် ဟွန်းသံ အချက်ပေးသည်။ ကားဆရာက လက်ထုတ်ကာ ကျော်တက်ပါဟူသော သဘောနှင့် လက်ဝါးကို ရှေ့ခတ်ပြ၏။ သူကြည့်လိုက်၏။ သံရုံးကားနှစ်စီးက ရှေ့ဆင့်နောက်ဆင့်။ ကားဆရာ လက်ပြအပြီးတွင် ထိုကားနှစ်စီးက ကျော်တက်သွား၏။ ထိုစဉ် အနက်ရောင်ကားတစ်စီးကို ထိုကားနှစ်စီး၏ နောက်တွင် တွေ့ရသည်။ သူကြည့်နေစဉ် မလှမ်းမကမ်းသို့ ရောက်လာသည်။ သူ သမင်လည်ပြန်ကြည့်သည်။ မှန်ရောင်ပြန်ကြောင့် ကားမောင်းသူကို ကွဲကွဲပြားပြားမမြင်ရ။ ကြည့်နေရင်း ကားနောက်မြီးနှင့် သုံးလေးလံအကွာသို့ ရောက်လာ၏။ ကားမောင်းသူက ကိုးကားဘက်သို့ လှည့်ကြည့်သည်။ ကြည်ကြည်လင်လင် မြင်ရ၏။ အံ့သြရင်ခုံစွာ သူငေးကြည့်နေမိသည်။ ဝင်းဇင်။ သူ့ကိုမြင်သောအခါ ခဏမျှ စူးစိုက်ကြည့်နေ၏။ သူမျက်နှာလွှဲရန် စိတ်ကူးစဉ် ဝင်းဇင်သည် အရှိန်မြှင့်ထည့်လိုက်၏။ စက္ကန့်ပိုင်းအတွင်း ရှေ့သို့ရောက်သွားသည်။ ပျောက်ဆုံးခဲ့သော မျက်နှာကို ပြန်လည်တွေ့သည်။ တွေ့ချင်စိတ်ကြောင့် စိုးလင်းဇော်ကို အကြိမ်ကြိမ် ပြောခဲ့ဖူးသည်။

"ကျွန်မကိုကူညီပါ ကိုစိုးလင်းဇော်... သူ့ကို ကျွန်မတွေ့ရရင် တော်ပါပြီ... သူ့မျက်နှာကို မြင်ရရုံလေးတင်ပါ... ကျွန်မ ဘာစကားမှ မပြောပါဘူး... သူ့ကိုလည်း ဘာတစ်ခွန်းမှ မပြောစေရပါဘူး... သူ့အဖေနဲ့ ခရီးထွက်တယ်ဆိုတဲ့ နေရာကို ရအောင်စုံစမ်းပေးပါ... ကျွန်မ အဲဒီကိုမီအောင် လိုက်တွေ့ပါ့မယ်... သူ့ကိုရှာပေးပါ... မြင်ရရင် ကျေနပ်ပါပြီ..."

မြင်ရပြီမဟုတ်လား။ မြင်လိုက်တော့လည်း ကျေနပ်သလား။ မသိတဲ့သူစိမ်းတစ်ယောက်ကို လှမ်းကြည့်တဲ့ အကြည့်ထက် ဘာများပိုလို့လဲ။ မြင်ရတဲ့သူ့ရဲ့ရင်မှာ လှုပ်လှုပ်ပျာပျာဖြစ်ရတယ်။ သူကတော့ အရှိန်ပြင်းပြင်းမောင်းလို့ အဝေးဆုံးဝေးအောင် ပြေးသွားပြီပဲ။ မြင်လျက်နှင့် မမြင်ယောင် ပြုသွားသည်ထင်၏။ လက်လှမ်းပြပြီး တားမိခဲ့လျှင် ကောင်းမည်ဟုတွေး၏။ ထိုအခါတွင်လည်း မမြင်ဟန်ပြုမြဲ ပြုပေဦးမည်။ သူ့ကားမှာရပ်သည့် ခြေနင်းတွေ မရှိသည်မဟုတ်။ သူ့ဆန္ဒအလျောက် နေးနိုင်၊ မြန်နိုင်၊ ရပ်နိုင်သည့်ခလုတ်တွေ မရှိသည်မှမဟုတ်။ အမှတ်မထင် တွေ့ရ၍ အံ့သြကြည့် ခဏကြည့်သည်ကိုကား မျက်လုံးထဲမှမထွက်။ ချစ်လှချည်ရဲ့ ဆိုခဲ့ဖူးသူ၏ မျက်လုံး။ ရင်သွေးရှိလာတော့ မြန်မြန်အတူနေရတာပေါ့ဟု ဆိုခဲ့ဖူးသူ၏ အကြည့်။ ငွေသုံးထောင် ပို့စေခဲ့ဖူးသူ၏ အပြုအမူ။ အလုံးစုံသော ပြောင်းလဲမှုတို့သည် ကားလမ်းဘေးရှိ သစ်ပင်တွေနယ် တရိပ်ရိပ် ကျန်ရစ်ခဲ့သည်။

ကျောင်းမှတ်တိုင်သို့ အရောက်တွင် ကျောင်းသူကျောင်းသားတွေ တိုးဝှေ့ တက်လာကြသည်။ ကြီးမားသော အဆောက်အဦတွေ၊ အဟန့်ကောင်းသော အနေအထားတွေ၊

သစ်ရိပ်ဝါးရိပ် ထူပြောသော မဟာကျောင်းတော်၊ သွားလာလှုပ်ရှားနေသူတွေ၊ ဖိတ်ဖိတ်လက်သော ကားတွေ၊ ရယ်မောစကား ပြေဆိုသံတွေ တွေ့မြင်နေသည်။ ထို့နောက် ဘေးမှ တရိပ်ရိပ် ကျန်ရစ်ခဲ့ပြန်သည်။ ပရဝဏ် သံစည်းရိုးတန်းတွေ ဆက်တိုက် ကျန်ခဲ့သည်။ စိန်ပန်းပင်တွေ၊ သရက်ပင်တွေ၊ ကုက္ကိုပင်တွေ၊ ထီးရိုးဝါးပင်တွေကို လွန်လာသည်။ ကွန်ကရစ်စကြံ့ လူသွားလမ်းက ယုဉ်လျက် အနောက်ဘက်သို့ ပြေးနေသည်။ ဘုရားရှိခိုးကျောင်း မျှော်စင်က အမြင်တွင် ထင်ထင်ရှားရှား။

ဆင်ဝင်အောက်သို့ မျက်လုံးရောက်သွားသည်။ တစ်ယောက်စ နှစ်ယောက်စကိုလှစ်ခနဲ တွေ့ရသည်။ ထိုင်၍ စကားပြောနေကြခြင်း ဖြစ်ပေမည်။ တို့တုန်းကလည်း ဒီနေရာမှာ ထိုင်ခဲ့ကြတာပဲဟု သတိရသည်။ အသိမိတ်ဆွေ သူငယ်ချင်း တစ်ယောက်မျှမရှိပဲ မောင့်တစ်ယောက် အားကိုးနဲ့ မောင်ခေါ်လို့ ရောက်ခဲ့တဲ့နေရာ။ ထိုဆင်ဝင်အောက်တွင် ချစ်သူ့လိုက်နန်းတွေ ရှိသည်။ ပထမဆုံးထိုင်ဖူးသည့်နေ့က ဦးခေါင်းမှာ ခေါင်ရည်ဖြင့်ရီဝေစွာ။ တိုင်းရင်းသားရိုးရာ အစားအသောက် ရောင်းသည့်ပွဲနေ့။ ရခိုင်မုန့်တီစပ်ရှိန်းရှိန်းကို စားခဲ့ပြီး ချင်းရိုးရာဆိုင်ဘက်သို့ ရောက်သည်။ မောင်က ဝယ်ထားသော လက်မှတ် နှစ်စောင်ကို ထုတ်ပေးသည်။ ပုလင်းနှစ်လုံးကို စားပွဲပေါ်သို့ လာချပေးသည်။ နို့အေးရောင်။ ဖယောင်းစက္ကူပိုက် တပ်လျက်။ "ဘာလဲ..."ဟု မောင့်ကို မေးရာ... "ခေါင်ရည်..."ဟု ဖြေသည်။ ဆိုင်းဘုတ်ကို မေးဖြင့်ပြသည်။ အင်းလျားရယ်၊ ကံ့ကော်တော်ရယ်၊ ပြီးတော့ ဆလိုင်းနဲ့ မိုင်တို့ရဲ့ တောင်ဇလပ်မြေက ဈော်ဖိုင်းခေါင်ရည်ဟု ကဗျာလို ရေးထားသည်။ "မူးမှာပေါ့..."ဟု ကြားဖူးနားဝအသိဖြင့် ပြောလိုက်သည်။ "ရီတီတီပါ..."ဟု မောင်က ပြောပြကာ ပုလင်းကမ်း၏။ ရေခဲစိမ် ခေါင်ရည်။ ချိုသည်၊ ဆိမ့်သည်၊ ချဉ်ရှရှ။ တစ်ပုလင်းကုန်သောအခါ အပန်းဖြေရိပ်သာ အပေါ်ထပ်မှ ဆင်းခဲ့သည်။ ကားရပ်ထားရာ ယုဒသန်ဘုရားရှိခိုးကျောင်းဘေးသို့ သွားသည်။ ကားတံခါးဖွင့်ကာ ခဏဝင်ထိုင်နေစဉ် ရင်ထဲမှာ နွေးနေသည်။ ရီဝေသော မျက်လုံးအစုံကို ရလာသည်။ လျှာဖျားတွင် ချဉ်ရှရှအရသာ စွဲကျန်နေသည်။ "ဆင်ဝင်အောက်မှာ သွားပြီး စကားပြောရအောင်..."ဟု မောင်ခေါ်သည်။ မောင်ခေါ်ရာ လိုက်ခဲ့သည်။ ခြေဖဝါးနှင့် ဖိနပ်အထိတို့မှာ ဆိမ့်နေသည်ဟု ခံစားရ၏။ ချစ်သူ့လိုက်နန်းတွင် မောင့်ပခုံးကို မှီကာယိမ်းကာ စကားပြောခဲ့သည်။ ထို့နောက် မောင့်အိမ်သို့ လိုက်ခဲ့သည်။ မမှတ်မိနိုင်တော့သည် အချစ်ခေါင်ရည်။

ယခုသော် မည်သည်ကိုမျှ အမှတ်အသားမရှိသူ အသွင်ဖြင့် တစ်ကြည့်သာ ကြည့်၍ သွားသည်။ အာရုံဟူသမျှကို ကဲ့ယူသွားသကဲ့သို့ ယူသွားသည်ဟု ရင်ထဲကသိ၏။ အကြင်နာ မရှိတော့သူ၏ ရုပ်သွင်ကို မှန်းလျက်မြင်လျက် ရှိတော့သည်။ ပြုံးဖော်မရ၊ ခေါ်ဖော်မရသော အချစ်ဟောင်း၏ မျက်နှာက ကုန်းမြင့်တွေ၊ လွင်ပြင်တွေတွင် ဝိုးတဝါးထင်နေသည်။ ကွေ့ကောက်လျှောပြေသော ကားလမ်းတစ်လျှောက် လိုက်ပါလာသည်ဟု ထင်၏။ ဆူးရစ်ချုံနွယ် ချိုင့်ဝှမ်းတွေ၊ ရာဘာတောတွေကို ကျော်လာသည်အထိ အတွေးအာရုံ ပြန့်ပြန့်ကျဲ။

မောင်ကား အံ့သြဖွယ်ကောင်းသောသူ။ သူပြောခဲ့သည်တို့ကို သူကိုယ်တိုင်ပင် မမှတ်မိတော့ပြီလားမသိ။ မြတ်နိုးစကားတွေကို ပြန်လည်မကြား ယောင်တော့ပြီလား မဆိုနိုင်။ တွယ်တာစကား၊ ကတိစကားတွေကို ကိုယ့်နှုတ်မြွက်စကားပမာ တစ်ဖန် မကြားတော့ပြီလား၊

မြုံမြုံခြင်းမရှိသော စကားတွေပါတကား။ ရွှေ့လျော ပျောက်ကွယ်တတ်သော အသံတို့၏ သဘာဝအတိုင်း စကားတို့မည်သည် ထိုသို့ဖြစ်အပ်စကောင်းလော။ မဖြစ်အပ်ဟု စွန့်ပယ်ခြင်း ခံရသူဘက်က အယူရှိသော်လည်း မောင့်၌ အယူမရှိတော့။ ဤသို့ဖြစ်လျှင် အချစ်ဟူသည် ပျက်စီးပြုန်းတီးလွယ်သော စကားအပေါ်တွင် တည်ဆောက်ထားသောအရာ ထိုသို့ဖြစ်လျှင် ချစ်မြတ်နိုးကြောင်း၊ ကြင်နာတွယ်တာကြောင်းကို လေသံစကား ပြောစကားမျှဖြင့် အတည်အတံ့ မမှတ်ယူထိုက်။ ဤသို့ ထိုသို့ဖြစ်လျှင် ယုံကြည်ကိုးစားသောအမှုသည် လောက၌ပျောက်ဖွယ်ဟု ထင်သည်။ ယုံကြည်မှုဆိုသည်မှာ မစားကောင်းသော အသီး၊ မဆောင်ကောင်းသောပစ္စည်း ဖြစ်ချေပြီလားဟု စဉ်းစားမိသည်။ ယုံကြည်နိုင်စရာတွေ မြင်တွေ့ကြားသိ နိုင်ကာမျှနှင့် နှစ်၍ ယုံသူအဖို့ရာ ယုံမှားခြင်းပါတကားဟု ကိုယ့်ကိုယ်ကို အပြစ်ဆိုသည်။ မောင့်ကိုမူ အပြစ်မတင်ရက်။ သို့သော် အချစ်တရားကို နာမည်ဖျက်သွားသူအဖြစ် မြင်လေသည်။ မေတ္တာတရားကို ကံသုံးပါးဖြင့် ပြစ်မှားခဲ့သူဟု မြင်သည်။

"ညီမလေး... ဘယ်ဆင်းမှာလဲ... ဂိတ်ဆုံးနေပြီလေ..."

ဆတ်ခနဲ လန့်သွားကာ မော့ကြည့်လိုက်၏။ ကားလက်မှတ်ရောင်းသူက မေးပြီးတော့ ကြည့်နေသည်။ သတိဝင်လာကာ ပတ်ဝန်းကျင်ကို ကြည့်၏။ ကားပေါ်တွင် ခရီးသည်တွေ တစ်ယောက်မျှမရှိကြတော့။

*****

ဖယောင်းတိုင် မီးညွန့်တွေ လှုပ်နေ၏။ ခြောက်တိုင်၊ ခုနစ်တိုင်အလင်းဖြင့် ကျောင်းဆောင်ထက်ရှိ အခင်းအကျင်းတွေကို မြင်နိုင်၏။ မုန့်ဆမ်း ပန်းကန်ထဲတွင် ထည့်ထားသော ကွမ်းယာ၊ အုန်းရည်ဖန်ခွက်တွင် ဖယောင်းတိုင် ရောင်ပြန်အလင်းတွေ လှုပ်လှုပ်ပြေးနေ၏။ ပန်းတိုင်လေးစင်တွင် သပြေညွန့်နှင့် ဆယ့်နှစ်ရာသီရွက်နုတွေ စိမ်းနေ၏။ ရေစက်တွေ ကပ်လျက်သားရှိ၏။

အောက်ပွဲ၌ကား ဖယောင်းတိုင်မီး မထွန်း၊ အဖေ့လက်က အောက်ပွဲပန်းကန်ပြားကို မ,၍ယူသည်။ တစ်စုံတစ်ရာ ခပ်တိုးတိုး ပြောဟန်တူ၏။ စကားလုံးမကွဲ။ ထို့နောက် မုန့်ဆမ်းကို တစ်ဆုပ်ဆုပ်ကာ အရှေ့ဘက်သို့ ပစ်၏။ ထို့နောက် တောင်ဘက်သို့ အိမ်ခေါင်ကိုကျော်ကာ ပစ်၏။ အနောက်နှင့် မြောက်ဘက်သို့ စွန့်ပစ်အပြီးတွင် အပေါ်ပွဲရှိ အုန်းရည်ဖန်ခွက်ကိုလှမ်းယူ၏။ ထို့နောက်အိမ်ပေါ်သို့တက်လာ၏။ ဘုရားစင်ရှေ့ အိမ်ဦးခန်း၌ ခင်းထားသောထမင်းစားခုံပေါ်သို့ အုန်းရည်ဖန်ခွက်နှင့် အောက်ပွဲပန်းကန်ပြားကို တင်၏။ ကြမ်းနှင့်ဖဝါးထိသည့်အခါ သဲမှုန်သံ ကိုကျိမြည်၏။ ဖိနပ်စီး မထားရ၍ ခြေဖျားဖြင့် လျှောက်သည်။ အောက်သို့ပြန်၍ ဆင်းခါနီးတွင်...

"အုန်းရည်ကို သမီးသောက်လေ..."

တစ်ကျိုက်နှစ်ကျိုက် ကျိုက်လိုက်၏။ အဖေကအထက်ပွဲကို ဘယ်ညာလက်ဖြင့် ယူကာ ဖိနပ်ချွတ်အဆင့်သို့ တက်၏။ ခြေသုတ်ခုံတွင် သုံးလေးခါ ဖဝါးပွတ်၏။ အိမ်ပေါ်သို့ တက်တက်ချင်း... "နီနီကော... လာလေ... ရှေ့တိုး..."

နီနီက... "ရပါတယ်ဦးလေးရဲ့... ဖြည်းဖြည်းပေါ့..."ဟု ပြောသည်။ ဒေါ်စိန်စိန်က ဒေါ်မြနွယ်အပါးသို့ တိုးသွား၏။ ဒေါ်မြနွယ်က ထမင်းစား ပန်းကန်ကိုရေစစ်ပြီး ကြွေဇလုံကြီးထဲရှိ မုန့်ဆမ်းတွေကို ယူထည့်၏။

"ဒါ... သူတို့ ညီအစ်မအတွက်..." ဒေါ်စိန်စိန်က လှမ်းယူကာ နီနီနှင့်မနင်းဖွေးတို့ ရှေ့သို့ ချပေး၏။ ဒေါ်မြနွယ်က ဦးစိန်လှိုင်လက်ထဲမှ ပန်းကန်ပြားနှစ်ချပ်ကို လှမ်းယူသည်။ နှစ်ပွဲစလုံးရှိ မုန့်ဆမ်းပေါ်က ငှက်ပျောသီး၊ လက်ဖက်နှင့် ကွမ်းယာကို ယူသည်။ စားပွဲပေါ်ရှိ အချိုပန်းကန်ပြားထဲသို့ ထည့်၏။ အထက်ပွဲတစ်ပွဲကို ဒေါ်စိန်စိန်အားပေး၏။

"မုန့်ဆမ်းက အုန်းဆီဝလို့အိနေတာပဲ..." ဒေါ်စိန်စိန်က ဝါးရင်းနှင့်ပြောသည်။ အဖေက သူ့ကို လှမ်းပြောသည်။

"သမီးက မုန့်ဆမ်းတော့ သိပ်အဝမစားနဲ့... အန္တရာယ်ကင်း ဘေးကင်းလောက် တစ်လုတ်တစ်ဆုပ် စားပေါ့..."

တင်ပျဉ်ခွေထိုင်ကာ အဖေက မုန့်ဆမ်းပန်းကန်ထဲသို့ နှိုက်၏။ တစ်လုတ်ဝါးနေစဉ် တစ်လုတ်ထည့်သည်။ ဝါးရင်းစားရင်း အမေ့ကိုပြော၏။

"ကိုကံထွန်းအတွက် သပ်သပ် ဖယ်ထားပြီးပလား..." မျိုချခိုက်ဖြစ်၍ အမေကမဖြေ။ လက်ညှိုးဖြင့်သာ ချန်ထားသည့် ပန်းကန်ပြားကို ပြ၏။ ဒေါ်စိန်စိန်က တစ်စုံတစ်ခုသတိရဟန်နှင့်... ကျွန်မ ဒီအလာကတည်းက ဟိုမိန်းမဝင်ခေါ်ခဲ့တာ... ခုထိမလာသေးဘူး..."

အဖေက ပလုတ်ပလောင်းအသံနှင့်

"ဘယ်သူလဲ..."

"မအေးခင်လေ..."

"အင်း... ဟုတ်သားပဲ... မောင်အောင်ငြိမ်းလည်း မလာဘူး... ငါ့လူတွေကတော့ ကိုးနာရီလောက်မှ လာကြမယ်တဲ့..."

ငါ့လူဆိုသည်မှာ အဖေနှင့် စာအကြောင်း၊ ပေအကြောင်း၊ တရားအကြောင်း ပြောဖော်ပြောဖက်တွေ။ စာကြည့်တိုက်နှင့် သာရေးနာရေး ဝိုင်းဝန်းဖော် ဝိုင်းဝန်းဖက်တွေ၊ လူငယ်တစ်ချို့ လူကြီးပိုင်းတချို့။ အားလုံးဆယ့်လေးငါးယောက်လောက် ရှိမည်။

"ဘယ်နယောက်လောက် ရှိမှာလဲ... လူကုန်လား...."

အဖေက ခေါင်းခါပြသည်။

"လူကုန်ဆို တစ်ရပ်လုံး ဖြစ်နေမှာပေါ့ကွ... နောက်ဖေးခြံနဲ့ ဟိုထိပ်ကခြံရယ်... စာကြည့်တိုက်က နှစ်ယောက်ရယ်... အင်း... အလွန်ဆုံးမှ ခြောက်ယောက်ပါ... ဘာလဲ မလောက်ဘူး ထင်လို့လား... လောက်ပါတယ်ကွ... မုန့်ဆမ်းတစ်ပြည် နည်းမှတ်လို့ အုန်းသီးနှစ်လုံး ခြစ်ထည့်ထားတာ... အီစိမ့်နေတာ... ဘယ်စားနိုင်ပါ့မလဲ..."

ဒေါ်စိန်စိန်က ပြုံး၍ကြည့်သည်။ လောက်ရင်လည်း ပြီးတာပါပဲဟူသော သဘောဖြင့် ဒေါ်မြနွယ်ခေါင်းကို တဆတ်ဆတ်ညိတ်၏။

"ဟိုတုန်းကတော့ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် စေ့အောင်ဝေကြတာပဲ... ခုတော့လည်း လူတွေက စိမ်းလာကြတယ်... သူ့ ငါမဝေ၊ ငါ့သူမဝေ ဖြစ်ကုန်ရော... တစ်နည်းတော့လည်း စည်းစည်းရုံးရုံး မရှိကြတဲ့သဘောပေါ့... တို့ငယ်ငယ်တုန်းက နေရတာက ဘိုးအေဘွားအေ လက်ထဲကိုး... မြစ်ဝကျွန်းပေါ်တစ်လျှောက် တစ်မြို့ဝင် တစ်မြို့ထွက်... ဦးရှင်ကြီးတင်ရင် ကာလသားတစ်သိုက်နဲ့ ဝင်ဝင်လုရတာကို တယ်ပျော်တာပဲ... အဘိုးက လှေသူကြီးဆိုတော့ ဦးရှင်ကြီးအကြောင်း စီကာပတ်ကုံးပြောတာ နားထောင်လို့ သိပ်ကောင်းတာပေါ့..."

ဒေါ်စိန်စိန်က ခေါင်းညိတ်၍ နားထောင်နေရာမှ...

"ကျွန်မငယ်ငယ်က ဦးရှင်ကြီးဇာတ် ကြည့်ဖူးတာ ကောင်းကောင်းမှတ်မိတယ်... ဦးအောင်မောင်းကြီးပေါ့... ခုထက်ချမ်းတာပေါ့... ပြာသိုလကြီး... မနက်သုံးနာရီလောက်မှာ မောင်ရှင် ရေချတဲ့အခန်း.. ညီလုပ်တဲ့သူကိုတော့ ကျွန်မမေ့နေပြီ... ညီရေထဲအချခံရလို့ သူပါရေထဲဆင်းသေမယ် လုပ်တဲ့အခန်း လေ... ဇာတ်စင်ပေါ် စည်ပိုင်းကို တကယ်တင်ထားတာ... လှေရဲ့နောက်မှာ ဝှက်ထားတာကိုး... အဲဒါ အစ်ကိုက ရေထဲ ဝုန်းခနဲခုန်ချ... လှေထိုးသားနဲ့ လှေသူကြီးတွေက အတင်းဆင်းဆယ်ကြနဲ့... ညီလုပ်တဲ့သူအတွက် ပြောလည်းပြောရဲ့... ငိုလည်းငိုပေါ့... ရေတွေလည်း တစ်ကိုယ်လုံးစိုနေတာ... မေးခိုက်ခိုက်တုန်နေရင်း... ငိုလိုက်ပြောလိုက်နဲ့... အို ဘာပြောကောင်းမလဲ... ကျွန်မဖြင့် မျက်ရည်ကို ကျတော့တာပဲ... ဟိုလူ့ကြည့်တရှုံ့ရှုံ့... ဒီလူ့ကြည့် တရှုံ့ရှုံ့နဲ့... တကယ်ကောင်းတဲ့ဇာတ်ပဲ..."

အဖေက ခေါင်းတစ်ချက်ညိတ်ပြီး....

"ကျွန်တော်လည်း ကြည့်ဖူးတယ် စိန်စိန်... ဟုတ်တယ်... ခင်ဗျားပြောသလိုပဲ... ဇာတ်က ဟုတ်မဟုတ်တော့ မသိဘူး.. နည်းနည်း ဒဏ္ဍာရီ ဆန်ပေမယ့် ကြည့်လို့အတော့်ကို ကောင်းတာ... တကယ့်အဖြစ်မှာ အဲဒီညီအစ်ကို ဘယ်လောက်ချစ်ကြသလဲတော့ မပြောတတ်ဘူးပေါ့ဗျာ... ဦးရှင်ကြီးနတ်ဖြစ်တဲ့ ဒီအခန်းက ကြည့်ရင်း ရင်ထဲထိခိုက်တယ်"

အမေက အဖေ့ကို ထိတ်လန့်တကြားကြည့်ကာ...

"ကိုစိန်လှိုင် ပါးစပ်ကလည်း ဘာတွေ လျှောက်ပြောနေတာလဲ... ဘယ်နှယ့် ဟုတ်မဟုတ် ဆိုတာတွေရော... ဒဏ္ဍာရီဆိုတာတွေရော... ခုပဲ ဆွမ်းတင်ပြီးတယ်... ပါးစပ်အငြိမ် မနေနိုင်လိုက်တာ..."

အမေ့ဝမ်းတွင်းသဘောကို အဖေက ရိပ်မိဟန်တူ၏။ မုန့်ဆမ်းတစ်လုတ် ယူစားပြီး ကုန်သွားသည့်ပန်းကန်ကို လက်ဆေးဖလုံထဲသို့ ထည့်၏။

"ငါက ဦးအောင်မောင်းကြီး နောက်ပိုင်းကတာကို ပြောတာပါကွ..."

အဖေ့ကို အမေကမျက်စောင်းထိုး၏။ အဖေက ဆက်၍ရယ်ရင်း မျက်နှာလှည့်၏။ နီနီက လက်ထဲကမုန့်ဆန်းကို ပါးစပ်ထဲမထည့်မီ ဒေါ်စိန်စိန့်ကိုမေး၏။

"အမေ... အဖေ့နောက်ကို ခိုးရာလိုက်တာ အဲဒီပွဲညကလား..."

မနင်းဖွေးက ကျိတ်၍ရယ်သည်။ ဒေါ်စိန်စိန်က...

"မဟုတ်ပါဘူးအေ... ညည်းအဖေကလည်း ခုမှ ဒါတွေညည်းကို ဘာလို့ပြန်ပြောနေသလဲ မသိပါဘူး... တရားရိပ်သာ သွားသွားပြီး ငယ်ငယ်က အကြောင်းတွေချည်း ပုတီးနဲ့ နူးနေတယ် ထင်တာပဲ..."

အားလုံး၏ရယ်သံ ဂယက်ထသွား၏။ အရယ်စဲသွားသည်တွင် အဖေက ဆေးလိပ်လှမ်းယူရင်း...

"စိတ်ထဲ ရှင်းသွားတယ်ဗျာ... သမီးမွေးခါနီး ဖွားခါနီး ဦးရှင်ကြီး ဆွမ်းတင်ပါ... ဆွမ်းတင်ပါလို့... မမြနွယ် ပြောနေတာကြာပြီ... ဒီနေ့မှ ကောက်ကာ ငင်ကာထတင်လိုက်ရတယ်... လုပ်မယ့်အလုပ် ပြီးသွားတော့ ကောင်းတာပေါ့...."

စကားခဏပြတ်ကာ နီနီနှင့် မနင်းဖွေးထံသို့ ကြည့်ပြီးမှ ဆက်၍ပြောသည်။ "ညည်းတို့က ခေတ်လူငယ်တွေ... အဖေလည်း ခေတ်မီပါတယ်... ဦးရှင်ကြီးတို့ ဘာတို့ ယုံတာမယုံတာ အပထား... ရာသီစာဆိုတာ တသီး တသန့်ကြီးဆိုရင် စားဖြစ်ခဲတယ်... ကောက်ညှင်းပေါ်ချိန် ကောက်ညှင်း... ဖရဲသီးပေါ်ချိန် ဖရဲသီး.. ရာသီစာကို စားကိုစားရတယ်... ခုလည်းဒီလိုပဲ... မုန့်ဆမ်းစားချင် မုန့်ဆမ်းလုပ်... ကောက်ညှင်း၊ အုန်းသီးစိတ်၊ ထန်းလျက်စားချင် ကောက်ညှင်းပေါင်းတင် စားရတာပေါ့.."

အမေ၏ ဒုတိယမျက်စောင်းကို အဖေမြင်၏။ ထို့ကြောင့်စကား ချက်ချင်းဖြတ်သည်။ သူနှင့်နီနီတို့က ရယ်လိုက်ကြ၏။ ဒေါ်စိန်စိန်က မသိလိုက်။ အိမ်ရှေ့မှ ဝင်လာသူကို သဲကွဲအောင် စိုက်၍ကြည့်နေသောကြောင့် ဖြစ်သည်။

"လာပါပြီ... ဟိုမှာ မအေးခင်..."

ဟုပြော၏။ အဖေနှင့် အမေ ပြိုင်တူလိုလို လှမ်းကြည့်ကြ၏။ အဖေက ရယ်သံစွက်၍ ခပ်တိုးတိုး ပြောသည်။

"အတော်ပဲ... ဒီည မအေးခင် တစ်ယောက်တည်း မပြန်ရဲအောင် ဆရာကြီးနဲ့ မိနက်ကြီး ပညာပြိုင်တဲ့ ကဝေစက်ဝတ္ထုကို ပြောပြပြီး လှန့်ရဦးမယ်... သူက ဖတ်ဖူးထားတော့ အသည်းငယ်ငယ်နဲ့ ဟန်ကျပြီ..."

*****

## အခန်း(၂၁)

အမေ့ထက် စိတ်လှုပ်ရှားစွာ ပူပန်နေသူမှာ အဖေ။ အဖေ့မျက်နှာ ဝိုင်းဝိုင်းကို မြင်ရသည်။ ထို့ကြောင့် ဝေဒနာကို အံကြိတ်ကာ မြိုသိပ်ထားလိုက်သည်။ မကြာမီ ကြီးကြီးဒေါ်စိန်စိန်နှင့် နီနီတို့သားအမိ ရောက်လာ၏။ အားတင်းကာ လမ်းလျှောက်နေရသော သူ့ကို နီနီကမေး၏။

"သိပ်နာနေပြီလားဟင်..."

နှုတ်ဖြင့် မဖြေနိုင်။ ခေါင်းကိုသာ ညိတ်ပြလိုက်ရသည်။ အိမ်ရှေ့ဘက်မှ စကားပြော ဝင်လာသံကို ကြားရ၏။ ကြီးကြီးဒေါ်အေးခင်နှင့် အောင်ငြိမ်းတို့ သားအမိ။ အောင်ငြိမ်းက အိမ်ပေါ်သို့ အပြေးတက်လာ၏။ အဖေ့ရှေ့သို့သွားကာ...

"ကိုအုန်းကျော်သုံးဘီးက အင်ဂျင်ချထားတယ်ဦးလေး... တံတားထိပ်က ကိုမြင့်သိန်းရဲ့ လေးဘီးက ခုညနေကမှ လေးကျိုးလို့တဲ့... ဈေးနားက ကိုကျော်မြင့်တို့အိမ်လည်း ရောက်တယ်... သူ့ဟမ်းဘီး ဝပ်ရှော့ရောက်နေလို့ သူ့အစ်ကို အောင်စိန်ကြီးဆီ သွားပြီး အကူအညီ တောင်းပေးသေးတယ်... သူ့စကိုဒါက မီးနဲ့ဆီနဲ့ ဘာဖြစ်နေတယ်ဆိုလားပဲ... တွန်းနှိုးလို့ ရလိုရငြား ကျွန်တော်တို့ တွန်းကြည့်ပါသေးတယ်..."

ပြောပြောဆိုဆို သူ့လက်ပတ်နာရီကို ကြည့်၏။

"ကိုးနာရီတောင်ခွဲပြီးပြီ၊ ဘယ်လိုလုပ်မလဲဦးလေး..."

အဖေက ခေါင်းကုတ်၏။ သူ့ထံသို့ တစ်ချက်ဝေ့ကြည့်၏။

"တို့မြို့ကလည်း ကားရှားလိုက်တာကွာ...၊ အင်း... ခုပဲ ကိုးနာရီခွဲဆိုတော့ ညဉ့်နက်လေ ကားပြဿနာ ခက်လေပဲ..."

ဒေါ်အေးခင်က ဝင်ပြောသည်။ "မီးသတ်ကကားကို အကူအညီတောင်းရင်ရော..."

ဦးစိန်လှိုင်ခေါင်းခါသည်။ "မီးသတ်ကကားက ဘီးတစ်ဘီးပေါက်နေလို့... ဝင်ရိုးအောက်မှာ သစ်တုံးခုထားရတာ ကြာပြီပဲ... ညနေက ပြည်သူ့ဆိုင်မှာအနီး သွားထုတ်ရင်း လိုရမည်ရ ကျွန်တော် ကြည့်ခဲ့သေးတယ်... ဒီအတိုင်းပဲ"

ဒေါ်စိန်စိန်က ဦးစိန်လှိုင်အနီးသို့ တိုးကာ...

"ရုံးက အတွင်းရေးမှူးလား... ဥက္ကဋ္ဌလား... စစ်ဗိုလ်လေ... သူတို့ဆီမှာ ရုံးကားတစ်စီး ရှိတယ်.."

အောင်ငြိမ်းက ခေါင်းညိတ်ကာ ချက်ချင်း ဝင်ပြောသည်။

"ဟုတ်တယ်... သူတို့ကားက ရဲစခန်းက ကား... အဲဒီသွားပြီး အကူအညီတောင်းရင် ရမယ်... ဒါဖြင့်..."

"မောင်အောင်ငြိမ်း ခဏနေဦး... မအေးခင်... ဟို... မတင်ခတို့ မွေးမွေးနေတဲ့ သားဖွားဆရာမ ဘယ်သူ..."

ဒေါ်မြနွယ်က ဒေါ်အေးခင်ကို လှမ်းမေး၏။ ဒေါ်အေးခင်က ...

"ဒေါ်ကျင်စိန်... ဒေါ်ကျင်စိန်... မိခင်နဲ့ကလေးများ စောင့်ရှောက်ရေးက သားဖွားဆရာမလေ..."

ဒေါ်မြနွယ်က မနင်းဖွေး လက်မောင်းကို ဖေးမစွာ ဆုပ်ထားရင်း...

"အင်း... အင်း... သူ့ကိုသွားခေါ် ထားရင် ကောင်းမယ်ထင်တယ်..."

ဒေါ်စိန်စိန်က ခေါင်းညိတ်ကာ...

"ဟုတ်တယ်... လိုလိုမည်မည် နားလည်တဲ့လူရှိမှ ဖြစ်မယ်... ကျွန်မအထင်တော့ ကလေးက အောက်ကို အတော်ဆင်းနေပြီ... ခုနကားကို သွားခေါ် တုန်း မွေးမွက်နေရင် ခက်မယ်... ကားက အသင့်မရှိရင် ဟိုမရောက် ဒီမရောက်နဲ့..."

ဒေါ်မြနွယ်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြီး ဒေါ်အေးခင်ကို မေးသည်။

"ဆရာမ ဒေါ်ကျင်စိန်က ဘယ်နားမှာလဲ..."

"စပါးဒိုင်ဘေးက ဝင်ရတဲ့ လမ်းထဲမှာ သိပ်မဝင်ရပါဘူး... ဓာတ်တိုင်နှစ်တိုင်၊ သုံးတိုင်လောက် ဝင်ရင် သူ့အိမ်ရှေ့ရောက်ရော... အဲဒီနားဘယ်သူ့ မေးမေး သိပါတယ်..."

အောင်ငြိမ်းက တွေ၍ စဉ်းစားနေသည်။ ပြီးမှ...

"ဒါဖြင့် ကျွန်တော် ရုံးနဲ့ရဲစခန်းသွားပြီး ကားကိစ္စ အကူအညီ သွားတောင်းမယ်... အဆင်ပြေရင် ကားတစ်ခါတည်း ခေါ်ခဲ့မယ်... မပြေရင် ဆရာမဒေါ်ကျင်စိန်ဆီ ဝင်ပြီးခေါ်ခဲ့မယ်... မကောင်းဘူးလား..."

အားလုံးကခေါင်းညိတ်သည်။ အိမ်ရှေ့သို့ ခြေလှမ်းမည်အပြု...

"နေဦး မောင်အောင်ငြိမ်း... မင်းသွားရမှာက ရုံးအရှေ့၊ ဆရာမက အနောက်၊ ခရီးက ထောင့်လှတယ်... ဒီလိုလုပ်ကွာ... ဦးလေးက ရုံးသွားမယ်... မင်းက ဆရာမဆီသွား ဟုတ်လား..."

ဒေါ်မြနွယ်က...

"ကောင်းတယ်... အဲဒီအကြံကောင်းတယ်... ကားက အရင်ရောက်လည်း ဆရာမကို တောင်းပန်လိုက်ရင် ရပါတယ်..."ဟု ပြော၏။

"ရတယ်... ရတယ်... အဲဒီဆရာမက ပြုံးပြုံး ပြုံးပြုံးနဲ့ သိပ်သဘောကောင်းတာ..."ဟု ဒေါ်အေးခင်က ဝင်ပြော၏။

"နီနီလိုက်ဖို့ လိုသေးလား..."ဟု နီနီက မေး၏။

"တစ်ယောက်တည်းဆိုတော့ ခြေကုန်သုတ်ရတာ ပိုမြန်တယ်..."ဟု အောင်ငြိမ်းဖြေ၏။

"ရေနွေးအိုးလေးဘာလေး သမီးသွားတည်ချေ..."ဟူ၍ ဒေါ်စိန်စိန်က နီနီ့ကိုခိုင်း၏။ နီနီက သူ့အပါးမှ ခွာလိုက်သည်။ အဖေသည် အနွေးထည်ထပ်ဝတ်ပြီး ဆင်းခါနီးတွင် ပြတင်းပေါက်တွေကို ကမန်းကတမ်း လျှောက်ဖွင့်နေ၏။ အောင်ငြိမ်းက ခြံအပြင်သို့ပင် ရောက်သွားပေပြီ။

"ဘူးဆို့တွေဘာတွေ ဆို့ထားတာရှိရင် ရှာရက်ပြီး ဖွင့်ထားကြဦး..."ဟု ပြောပြီး သွားရန် ဖိနပ်စီးသည်။

အိမ်ပေါ်မှာပင် အဖေရှိသေးသည်ကို သိသော်လည်း မရက်နိုင်တော့။ နာကျင်လွန်းမက နာကျင်လာ၍ အသံထွက်သွားသည်အထိ ညည်းလိုက်သည်။

*****

ခေါင်းရင်းတွင်ထိုင်ကာ ယပ်ခတ်ပေးနေသော နီနီ့လက်တစ်ဖက်ကို သူဆုပ်ထား၏။ ဘယ်လက်က အမေ့လက်မောင်းကို ဆုပ်ကိုင်လိုက်၏။ အမေက...

"အသက်ကို ဖြည်းဖြည်းရှူ... မှန်မှန်ရှူ... အမောနည်းနည်း ပြေအောင် နည်းနည်းအောင့်ထား... ဒီတစ်ခါ အားနည်းနည်း စိုက်လိုက်ရင် မွေးပြီ သမီး..."ဟု အားပေး၏။

"ဒီတစ်ခါဆို မွေးပါပြီ..."ဟု ဝမ်းကို အသာပွတ်သပ်ပေးနေသော ဆရာမက ပြုံး၍ပြော၏။ ထို့နောက် မီးဖွားကိရိယာတွေထဲ၌ ချထားသော လက်ပတ်နာရီကို ငုံ့ကြည့်၏။

"နာရီပြန်တစ်ချက်ခွဲပြီ…"ဟု ပြော၏။ နာကျင်လွန်း၍ ထုံသလိုဖြစ်နေသည်။ ရင်ဝတွင် ဆို့နေသည့်တို့ ပြေခါစပင် ရှိသေးသည်။ ပြင်းထန်ပင်ပန်း လွန်းသောကြောင့်ထင်၏။ ကလေးကို ဝမ်းမှ မြန်မြန်ကျွတ်စေချင်သည်။ ဝေဒနာ ခံစားရသည့်ကြားက ရက်စိတ်က အနှံ့အပြား ဖြစ်ပေါ်လျက်ရှိသည်။ သက်သာခိုက်တွင်…

"မမွေးသေးဘူးလား အမေ… မွေးရတာ ခက်လို့လား…"

ဆရာမက ဝင်၍ဖြေ၏။

"သားဦးဆို ဒီလိုနာတတ်တာပဲသမီး… ကလေးက ညှပ်ရိုးထဲ ရောက်နေပြီပဲ… ခုမွေးတော့မှာ… အခုတစ်ချက် နည်းနည်းလေး ပြန်နာလာရင် အားသွင်းပြီး ညှစ်လိုက်…"

ကိုယ့်အသံတွင် မောဟိုက်သံ ဖုံးနေကြောင်း ကိုယ်ပြန်ကြား၏။ အမေက နဖူး၊ နားသီး၊ နှုတ်ခမ်းထက်ရှိ ချွေးစတွေကို မျက်နှာသုတ်ပဝါဖြင့် အသာတို့ကာ သုတ်၏။ သူ့ရင်သည် နိမ့်မြင့်မှန်လာ၏။ ခန္ဓာကိုယ်၏ ဝေဒနာအလုံးစုံကြောင့် မှိတ်ထားရသော မျက်လုံးအစုံတွင် မောင့်သဏ္ဌာန်ကို မြင်သည်။ တမ်းတစိတ်ဖြင့် မြင်ယောင်သောအခါ ဆင်းရဲခြင်းကြီးစွာ ကြေကွဲရသည်။ အသက်ဖြင့်ရင်း၍ မီးဖွားရသော ဝေဒနာက အလေးအမော်သာသာမျှ ဖြစ်သွား၏။ မောင်ရယ်ဟု အားပါးတရ ခေါ်လိုက်ချင်သည်။ သံကုန်ဟစ်ကာ အော်၍ခေါ်ချင်သည်။ အပါးတွင် မရှိမှန်းသိသော်လည်း ရှိစမှတ်ထင်၏။ အို… မရှိတဲ့သူကို ဘာလို့တ,ချင်ရတာလဲ… တ,စရာမလိုပါဘူး..။ မလိုလို့ပဲ ငါရင်သွေးကိုမွေးတော့မှာပဲ။ သားလား၊ သမီးလား။ ဘုရားဘုရား ခြေလက်အင်္ဂါ စုံပါစေ..။ ကျန်းကျန်းမာမာရှိပါစေ။ မွေးရ သည်လောက်ခက်နေတာ၊ ကြာနေတာထောက်ရင် တော်တော်ထွားမယ်ထင်ရဲ့။ ဆရာမပြောတာ တကယ်နဲ့ တူပါတယ်။ အခက်အခဲများတွေ့နေသလား။ ဒါကို သက်သက် နှစ်သိမ့်နေတာလား။ ငါဘာများဖြစ်သွားမလဲ။ အိုလေ… ခက်ရိုးမှန်ရင် ဆေးရုံပို့ကြမှာပေါ့… မတော်တဆများ… ဟု အတွေးတွေ ဝိုင်းလာ၏။

အတွေးတွေကို အရှိန်မြင့်မားသော ဝမ်းနာခြင်းက လွင့်စဉ်သွားစေ၏။ နှုတ်ခမ်းကို စေ့ကာ အံကြိတ်လိုက်သည်။ ဆရာမနှင့် ဒေါ်စိန်စိန်တို့က လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

"မွေးတော့မယ်… ဟုတ်ပြီ… ညှစ်ပေး သမီး… ညှစ် ညှစ်…"

ဟု ဒေါ်အေးခင်က အားပေး၏။ ရင်ခေါင်းတွင် စည်းပေးထားသော အဝတ်စကို ဒေါ်စိန်စိန်က လျော့မသွားအောင် တင်းပေး၏။ အမေ့လက်ကို တအားဖျစ်လိုက်သည်။ နီနီက သူ့လက်ကိုပြန်၍ ဆုပ်ပေးထား၏။ စေ့ထားသော သွားချင်း ပို၍ဖိကပ်နေ၏။ နှုတ်ခမ်းကိုဖွင့်၍ အားပါးတရ အသက်ရှူလိုက်သည်။ စင်စစ် နာသောဒဏ်ကြောင့် ညည်းသံနှင့် အားယူသောအသံတို့ ရောလျက်၊ ဝေးသီခေါင်ဖျားသော တောင်ထိပ်ကို ကုတ်ခြစ်တွယ်ကပ် တက်ရသကဲ့သို့ ဖြစ်လာသည်။ အားပေးသံတွေ နားမှာကြားသည်။ မျက်လုံးအစုံကို အင်အားစုသည့်သဘောဖြင့် မှိတ်လိုက်၏။ တစ်လှမ်းသာလိုတော့ သည့်တောင်ထိပ်ကို မာန်သွင်းကာ တအား လှမ်းပစ်လိုက်သည်။

"မွေးပြီဟေ့… မွေးပြီ…"

ဒေါ်အေးခင်က ဝမ်းသာအားရ အော်ပြောသည်။ အမေနှင့် နီနီတို့ကို ဖျစ်ထားသော လက်နှစ်ဖက်မှာ မလျော့သေး။

"သမီးကလေးတော့..."

ဆရာမက ကြေညာလိုက်စဉ် သမီးငိုသံလွင်လွင် ပထမဦးဆုံး ကြားရ၏။ ထိုအခိုက် အခန်းအပြင်က အဖေ့အသံကြားရ၏။

"ဘာလေးလဲ မမြနွယ်..."

"မိန်းကလေး... မိန်းကလေး..."

*****

ပေါက်တူးကို အောက်ဆင့်တွင်ထိုးထားပြီး အိမ်ပေါ်သို့တက်၏။ အိမ်ရှေ့ခန်းတွင် ထိုင်နေကြသူတွေက ဦးစိန်လှိုင်ကို ပြုံး၍ကြည့်၏။ လက်ဖဝါး နှစ်ဖက်ပွတ်၍ ခါရင်း...

"ကျုပ်မြေးက အဓိပတိဖွားဗျ..."

ဒေါ်စိန်စိန်က လက်ဖက်ရည်ချိုင့်ထဲသို့ အချိုပန်းကန်လုံး နှစ်ကာခပ်ယူ၏။

"ကဲ... ဒီမှာ လက်ဖက်ရည်သောက်ဦး... အချင်း ဘယ်မှာမြှုပ်မလဲ..."

ဒူးတစ်ဖက်ထောင်ထိုင်ပြီး လက်ဖက်ရည်ပန်းကန်လုံးကို လှမ်းယူသည်။

"ခြံထောင့်က ကေရာဇ်ပင်အောက်မှာ... မရဏထောင့်မှာ မြှုပ်ရတယ်... ဒါထုံးစံလေ... စိန်စိန်... ကျွန်တော် ပဲမြစ်တွေဝယ်ထားတာ... ဘာလို့ မပြုတ်တာလဲ..."

ဒေါ်အေးခင်က ဝင်ပြောသည်။ "တော်ပြီပေါ့... လက်ဖက်ရည်အချိုရယ်... ပလာတာရယ်... လက်ဖက်သုပ်ရယ်.. မနက်ဖြန်ညမှ ပြုတ်မယ်... မီးနေစောင့်ရင်း ကျွန်မတို့စားမယ်..."

"မနက်ဖြန်ကျရင် မြေပဲသုံးလေးပြည်နဲ့ ကြံသကာ ဝယ်ထားဦးမယ်..."

ဦးစိန်လှိုင်ကပြောပြီး လက်ဖက်ရည်မော့သည်။ ပန်းကန်လုံးကို စားပွဲပေါ်သို့ တင်၏။

"မီးနေစောင့်တဲ့ လူအတွက်ချည်း ဝယ်မနေနဲ့... မီးနေသည်အတွက်က အရေးကြီးတယ်..."

ဒေါ်အေးခင်၏ စကားဆုံးသည့်အခါ ဦးစိန်လှိုင် ခေါင်းညိတ်ပြီး ပြော၏။

"ဝယ်ထားပြီးသားပါ... ငါးကျည်းကျပ်တင်ရော... ငါးပုတ်ခြောက်ရော... ပုစွန်ခြောက်ရော... ငါးရံ့ခြောက်ရော... ပိုက်ဆံမရှိပေမယ့် ကျုပ်သမီးနဲ့ ကျုပ်မြေးအတွက် ဒီလောက်တော့ တတ်နိုင်ပါတယ်..."

ဦးစိန်လှိုင်ပြောပုံကြောင့် ရယ်လိုက်ကြသည်။ ဒေါ်မြနွယ်က သမီး၏ အခန်းမှ အိမ်ရှေ့သို့ ထွက်လာသည်။ ဦးစိန်လှိုင်ကမေး၏။

"ကလေးက ဘယ်နပေါင်လဲ..."

ဒေါ်မြနွယ်က...

"လေးပေါင်ခွဲ..."

"နည်းနည်းလိုမယ် ထင်တယ်..."

"ဒါလောက် မဟုတ်ပါဘူး..."

"မွေးတဲ့အချိန် ရှင်မှတ်ထားသေးလား..."

ဦးစိန်လှိုင်က ပြက္ခဒိန်ကို လက်ညှိုးထိုး၏။

"ဟိုမှာမှတ်ထားတယ်... စနေနေ့... ညသန်းခေါင်ကျော် နှစ်နာရီ၊ တစ်မိနစ်နဲ့ သုံးဆယ့်လေးစက္ကန့်... ငါကတော့ စနေကို သဘောကျတယ်... သားဦးစနေမီးလို့မွေ့ဆိုတဲ့ အရှူးစကားတွေ အယုံအကြည် မရှိပါဘူး... စနေဆို သာကောင်းသေးတယ်... ထက်တာပေါ့..."

ဒေါ်မြနွယ်က ကွမ်းရွက်အရိုးကို ချိုးကာ ထွေးခံထဲသို့ ပစ်လိုက်ပြီးနောက်...

"သန်းခေါင်ဒီဘက် မကူးပဲ ဟိုနေ့ဘက်မှာ မွေးရင်ကော..."

"သောကြာလည်း ကောင်းတာပဲ..."

"ကြာသပတေးနေ့က မွေးရင်ကော.."

သူ့ကို ခပ်တည်တည်နှင့် နောက်နေသည်ဟု သဘောပေါက်သွားဟန် တူသည်။

"ရှစ်နေ့စလုံး ငါ့မြေးအတွက် အကောင်းချည်းဘဲ..."

ရယ်လိုက်ကြသည်။

"ဆရာမဒေါ် ကျင်စိန်ကို လက်ဖက်ရည်တို့ မုန့်တို့ ခေါ်ကျွေးပါဦး.. သမီးအတွက် ကော်ဖီကော... ဩော်... ပြီးတော့ ဆရာမကို သမီးက ကန်တော့ဖို့ ကိစ္စကော..."

"ဆရာမ ဒီကိုလာမှာပေါ့... အိပ်ခန်းထဲက မကောင်းပါဘူး... သမီးကိုတော်ကြာမှ ပေါင်မုန့်နဲ့ ကော်ဖီတိုက်မယ်... ကန်တော့ဖို့က မီးထွက်မှပါ..."

*****

## အခန်း(၂၀)

နနွင်းရနံ့ကို မွှေးပျံ့သည်ဟု ခံစားတတ်လာသည်။ သမီးဦးခေါင်းရှိ ဆံနုနုတွေကို ဖွဖွသပ်ပေးရင်း ငုံ့၍ကြည့်သည်။ နီထွေးထွေး အသားအရည်မှာ ပွင့်စပန်းနှင့်တူသည် ထင်၏။ နာတံက ကိုယ်နှင့်မတူ။ သူ့ဖအေဘက်သို့ နွယ်သည်။ မျက်လုံးက ကိုယ့်မျက်လုံး။ နှုတ်ခမ်းနှင့်မျက်ခုံးက ဖအေဘက်သို့ ပါသည်။ မျက်နှာကျက ကိုယ်နှင့်တူသည်။ နားရွက်က ဖအေ့နားရွက်အတိုင်း။ နှုတ်ခမ်းရွရွ လှုပ်ကာ လက်ဖဝါးတွေကို ဖြန့်ချေဆုပ်ချေ ပြုနေ၏။ လက်သည်းလေးတွေ ရှည်လျက် ရှိနေသည်။ မျက်လုံး ဖွင့်လိုက်မှိတ်လိုက်နှင့် ရှိ၏။ အလင်းဘက်သို့ အကြည့်ဆုံလျှင် မေးထားလေ့ ရှိသည်။ မျက်တောင်လေးတွေက မျက်ရစ်အတွင်း၌ ခိုဝင်နေသည်။

"မနှင်းဖွေးနဲ့တူလို့ ကလေးက ချောတယ်ဗျ..."

စိုးလင်းဇော်က နေရာထိုင်ဖျာပေါ်တွင် ပြန်ထိုင်ရင်း ပြော၏။ နနွင်းမျက်နှာ၊ အပြုံးမျက်နှာနှင့် သူပြော၏။

"ကျေးဇူးတင်ပါတယ်..."

သူ့ရှေ့သို့ လက်ဆွဲအိတ်ကို ဆွဲယူသည်။ အိတ်ထဲမှထုတ်ကာ ဖျာစပ်တွင်ချ၏။ ဂိုးဒင်းပပ် သံဘူးကြီး တစ်ဘူး။ ကိတ်ခြောက်တစ်ဘူး။ နို့ဆီ ခြောက်လုံး၊ နိုင်ငံခြားကော်ဖီ ပုလင်းကြီး တစ်ပုလင်း၊ ထို့နောက် လေးထောင့် သံဖြူမှုန့်သေတ္တာအဟောင်းကို ဖွင့်ကာ...

"ဒါက ငါးပုပ်ခြောက်..."

ငါးဆယ်သား ခြောက်ဆယ်သားခန့်ရှိမည်ဟု ခန့်မှန်းရသည်။ သူ့ကိုလှမ်းကြည့်ပြီး...

"များလိုက်တာ ကိုစိုးလင်းဇော်ရယ်... ကျွန်မသိပ်အားနာတာပဲ... ငါးပုပ်ခြောက်က နည်းတဲ့ဈေးမှ မဟုတ်တာ.. အားနာတယ်..."

စိုးလင်းဇော်က ပြုံး၍ ခေါင်းခါပြသည်။

"တစ်ပိဿာမှ ငါးမတ်၊ တစ်ကျပ်ပါ..."

"မဟုတ်တာ ကိုစိုးလင်းဇော်ကလည်း ပြောရှေ့မယ်..."

လက်ဆွဲအိတ်ကို ဇစ်ပြန်တပ်ပြီး...

"ဟုတ်တယ်... သီပေါမင်း ပါတော်မမူခင်က..."

သူ ရယ်လိုက်သည်။ ခေါင်းစည်းထားသော မျက်နှာသုတ်ပုဝါကို ပြင်၍စည်းသည်။ စိုးလင်းဇော်က ဆက်၍ ပြောသည်။

"ဒီနေ့မနက် ကျောင်းရောက်တော့ နီနီက ကျွန်တော့အတန်းရှေ့မှာ လာရပ်ပြီး စောင့်နေတာ... ချက်ချင်းထလာရလို့ နို့မှုန့် နစ်ပေါင်ခွဲဘူးကြီးနဲ့ အနီးပိတ်တွေ မရခဲ့ဘူး... ကျွန်တော် ဒီထွက်လာတော့ အမေက အဲဒီကိစ္စအတွက် ကော်ပိုရေးရှင်းက သူ့ညီမဆီသွားနေပြီ... မနက်ဖြန် ကျွန်တော်လာဦးမယ်..."

အားနာလွန်းသောကြောင့် မျက်နှာထားခက်နေ၏။

"အနီးလည်း လုံလုံလောက်လောက် ရှိပါတယ်... နို့မှုန့်လည်း မလိုပါဘူး... မအေနို့ တိုက်တယ်လေ..."

"ရပါတယ်ဗျာ... မအေနို့ကော တိုက်၊ နို့မှုန့်ကော တိုက်၊ ကောင်းတာပေါ့... အနီးက အလွန်ဆုံးရ သုံးလေးကိုက်ရယ်... ဘယ်လောက်မလဲ..."

စိုးလင်းဇော်၏ စကားကို သဘောကျစွာ ရယ်လိုက်သည်။

"လူပျိုကြီးက ဒါတွေလည်း နားလည်တယ်နော်..."

စိုးလင်းဇော်ကရယ်ရင်း...

"မိုးတွင်းဆို တစ်ည အထည်နှစ်ဆယ် ဘယ်လောက်မလဲ... ချက်ချင်းလျှော်... ချက်ချင်းမီးကင် မီးပူတိုက်... ဒါတောင် အပတ်မလည်ချင်ဘူး... ဒါလောက်တော့ သိထားရတယ်... ကလေးအတွက် အားဆေးတို့ ဘာတို့ကောရှိရဲ့လား..."

"ရှိပါတယ်..."

မေ့နေသည်။ ဂရိုက်မစ်ဂျာ နှင့် ဗီတာဖုံပင် မဝယ်ရသေး။ သို့သော် လိမ်လိုက်၏။ စိုးလင်းဇော်က မီးနေခန်းဝန်းကျင်ကို ကြည့်၏။ တန်းတွေ၊ စင်တွေ၊ ခုံတွေပေါ် သို့ လှမ်းကြည့်၏။

"ရှိတယ်သာ ဆိုတယ်... ဘာပုလင်းမှ မတွေ့ဘူး၊ မဖြစ်ပါဘူး... မနက်ဖြန် အဲဒါတွေပါ ယူလာမှပါ... အားမနာပါနဲ့ မနင်းဖွေးရာ..."

မီးနေသည်အတွက် လက်ဆောင်တွေကို သူငေးကြည့်နေသည်။ စိုးလင်းဇော်ကို စကားပြန်ပြောရန် မေ့သွားသည်။ ပစ္စည်းတွေကို ကြာရှည်စွာ ကြည့်နေသဖြင့် စိုးလင်းဇော် အခိပ္ပါယ်တစ်မျိုး ပေါက်လိုက်သည်။ ချောင်းတစ်ချက် ဟန့်လိုက်၏။ ထို့နောက်...

"ကျွန်တော့်အမေက မနင်းဖွေးအတွက် ဝယ်ပေးတာ တစ်ချို့ရယ်... ကျွန်တော် ဝယ်လာတာရယ်ပဲ ရှိပါတယ်... ဘယ်သူပေးလိုက်တဲ့ ပစ္စည်းမှ ပါမလာပါဘူး... ပေးလည်း ကျွန်တော် ယူမလာပါဘူး..."

သူ့သံသယကို စိုးလင်းဇော်မြင်၍ ဖြေရှင်းသဖြင့် အံ့အားသင့်သွားသည်။ သူ ယဲ့ယဲ့ပြုံး၏။ စိုးလင်းဇော်၏မျက်လုံးက ကလေးထံသို့ ရောက်နေသည်။ ကလေး၏မျက်နှာတွင် အမိအဖရုပ်သွင် ခွဲခြားနေဟန် တူလေသည်။ အများထုံးစံ ပြောနေကျစကားကို မပြောမိရန် ချုပ်တည်းထားရဟန် ရှိ၏။ ထိုအခိုက် အခန်းဝသို့ လာရပ်ပြီးပြောသော အဖေ့အသံကို ကြား၏။

"မောင်စိုးလင်းဇော် မီးနေခန်းထဲ ထိုင်နေရတာ အားနာစရာကြီး..."

စိုးလင်းဇော်က မျက်နှာလှည့်ပြီး မော့ကြည့်သည်။ ပြုံး၍ပြောသည်။

"မီးနေသည်ဆီလာတဲ့သူပဲ ဦးလေးရယ်... မီးနေခန်းထဲဝင်ရမှာပေါ့... ဘာဘာညာညာ ဘာအယူမှ ကျွန်တော်မရှိပါဘူး... ဒီနေရာဟာ မင်္ဂလာရှိတဲ့ နေရာပဲ... လူ့လောကထဲကို လူသစ်တစ်ယောက် ရောက်လာတာ မင်္ဂလာယူရမှာပေါ့..."

အဖေက ခေါင်းတညိတ်ညိတ်နှင့်...

"ဟုတ်တယ်... မင်းပြောတာ ဦးလေး သဘောကျတယ်..."

ဟု ပြော၏။ ထို့နောက်...

"ဒါဖြင့် မီးနေခန်းထဲက ဧည့်သည်ကို မီးနေခန်းထဲမှာ ကော်ဖီတိုက်ရင် ဖြစ်တယ်ပေါ့..."

စိုးလင်းဇောက လက်ကာရင်း ထမည် ပြု၏။

"ဖြစ်ပါတယ်... ဒါပေမဲ့ ကျွန်တော့်ဘာသာ ကျွန်တော် ကော်ဖီပန်းကန်သွားယူပါရစေ..."

အဖေက စိုးလင်းဇော်ကို ပြန်ပြီးလက်ကာပြ၏။ ထမည့်သူကို ပြုံးကြည့်၍ သုံးလေးခါမက လက်ကို ထပ်မံကာပြလေသည်။

"ထိုင်နေပါ မောင်စိုးလင်းဇော်... ဦးလေးလာယူပါ့မယ်... မင်းတို့သူငယ်ချင်း ပြောနေကျ စကားစပြတ်သွားဦးမယ်... စကားပုံရှိတယ်လေကွာ... ကော်ဖီပန်းကန်ရှိရာသို့ ဧည့်သည်မလာရင်... ဧည့်သည်ရှိရာကို ကော်ဖီပန်းကန် သွားရမယ်တဲ့... ဟုတ်လား... ဟား... ဟား"

ရယ်သံအစတွင် မီးဖိုဆောင်မှ ထွက်လာသောအမေက အဖေ့လက်မောင်းကို လှမ်းပုတ်သည်။

"တိုးတိုး ရယ်စမ်းပါ... တော်ကြာ ကလေး လန့်သွားဦးမယ်... ရှင့်နယ်... ကလေးမဟုတ် သူငယ်မဟုတ်... ပြောဆိုနေရတယ်..."

သတိရဟန်နှင့် အဟဲဟု တစ်ချက် အသံပြုသည်။ ကလေးထံသို့ လှမ်းကြည့်ပြီး အိမ်ရှေ့သို့ ထွက်သွားသည်။ အမေက အဖေ့နောက်မှ လိုက်သွား၏။ ပြုံးရယ်မိသော နှုတ်ခမ်းတွေက ခဏအကြာမှာ ပကတိအတိုင်း ရှိကြ၏။

"ဦးလေးကိုကြည့်ရတာ ရွှင်နေ... ပျော်နေတာပဲနော်..."

သူခေါင်းညိတ်၍...

"မြေးရလို့ သိပ်ပီတိဖြစ်နေတာ... မြေးကို ခဏခဏ ဝင်ကြည့်ရတာလည်း အမော... တစ်ခါယူပြီး ချီသေးတယ်... မချီတတ်လို့ အမေကမာန်တာနဲ့ ယူမချီရဲဘူး ဖြစ်နေတယ်... မွေးတဲ့ညက ကျွန်မကတော့ ဗိုက်နာနေတော့ ဘယ်သတိထားမလဲ... အမေပြောပြလို့ သိရတာ... ခဏခဏ ဘုရားထထ ရှိခိုးတယ်... အင်္ဂုလိမာလသုတ် ရွတ်ဖတ်ပြီး ရေမန်းလည်း ခဏခဏ

တိုက်တယ်... မွေးရတာ နည်းနည်းကြာတော့ အဖေ့မျက်နှာ ဆီးရွက်လောက် ရှိတော့တယ်တဲ့... ကလေးအချင်းလည်း ကိုယ်တိုင်မြှုပ်တာ..."

စိုးလင်းဇော်က နားထောင်ရင်း သက်ပြင်းချသည်။

"မြေးရတော့ ပိုပြီးဖျတ်ဖျတ်လတ်လတ် ရှိလာတယ်လို့ ကျွန်မထင်တယ်..."

"မနှင်းဖွေးရော..."

သမီးကိုကြည့်ရင်း ဖြေလိုက်သည်။

"မနေ့က ကျွန်မသွေးသစ်လောင်းတဲ့နေ့လေ..."

*****

ထိုမေးခွန်းကို အဘယ်ကြောင့် မေးလိုက်မိပါလိမ့်။ မေးရန်အကြောင်းမရှိ။ မေးစရာမလိုဟု သိခဲ့ပြီးသား။ မတော်တဆ နှုတ်လွှတ်ခနဲဆိုလျှင်ပင် ဖြေရမည့်သူ၌ အခက်တွေ့ဖွယ်ရာဟု တွေးမိပြီးသား ဖြစ်လေသည်။ ကိုယ့်နှုတ်ခမ်းကို ကိုယ်ပြန်၍ ဒဏ်တပ်လိုက်ချင်သည်။ မေးလိုက်မိသောကြောင့် စိုးလင်းဇော် များစွာအံ့သြသွားဟန်နှင့် ရှိခဲ့သည်။

"ဟင့်အင်း... မနှင်းဖွေး မီးဖွားတဲ့အကြောင်း သူ့ကိုမပြောခဲ့ဘူး... ဒါပေမဲ့ မာရီယွန်ကိုတော့ ကျွန်တော် ပြောပြခဲ့တယ်... ဝင်းဇင် ခုလောက်ဆို သိချင်သိမှာပေါ့..."

"ကျွန်မ မီးဖွားတာ သူသိသလားဟင်..."ဟူသော မေးခွန်းကို အမှတ်မဲ့ နှုတ်ခမ်းလျှာဖျားဖြင့် မေးခဲ့မိလေသည်။

"ဘာဖြစ်လို့လဲ မနှင်းဖွေး..."

စိုးလင်းဇော်၏ မေးခွန်းကို မဖြေတတ်။ ဘာပြုလို့မေးတာလဲ ဟူသော မေးခွန်းကို ကိုယ်တိုင်ပင် အဖြေမပေးနိုင်။ မဖြေနိုင်သူ၏ သဘာဝကို စိုးလင်းဇော် နားလည်ဟန်တူသည်။ နောက်တစ်ကြိမ် မမေး။

"ဟိုတွေးဒီတွေး မတွေးပါနဲ့ဗျာ... တော်ကြာ မီးယပ်ခေါင်းကိုက်တို့ ဘာတို့ဖြစ်နေဦးမယ်... ကိုယ့်ကျန်းမာရေး ပျက်တဲ့အထိ စိတ်ညစ်မခံစေချင်ဘူးဗျာ... မနှင်းဖွေး ကျွန်တော့်ထက် ပိုလို့သိပါတယ်..."

*****

သမီးလေး မျက်နှာတော့ ငယ်ရှာမှာပဲ။ စကားပြောတတ်တဲ့အရွယ်မှာ တစ်ခွန်းကိုတော့ ခေါ်လေ့မရှိလို့ ခေါ်တတ်မယ် မထင်ဘူး။ မေမေဆိုတာတော့ ခေါ်တတ်မယ်။ အဘိုးအဘွားလည်း ခေါ်တတ်မယ်။ ဖေဖေဆိုတဲ့စကားကို သင်ပေးရင်တောင် ဘယ်သူ့ကို သူ့အာရုံမြင်ကြည့်လို့ရမလဲ။ တခြားကလေးတွေက ဖေဖေမေမေခေါ်တဲ့ အချိန်မှာ သမီးလေးစိတ်ထဲ ဘယ်လိုနေမလဲ။ မေးတတ်တဲ့အရွယ်ကျရင် ငါ့ကိုမေးရင် ငါဘယ်လိုပြောရပါ့မလဲ။ ဖေဖေက ဟိုး... အဝေးကြီးမှာ အလုပ်သွားလုပ်နေတယ်လို့ နှစ်သိမ့်ရမှာပဲ။ ဘယ်တော့ပြန်လာမလဲ မေးရင် ငါဘယ်လိုဖြေရမလဲ။ သူနားလည်တဲ့ ရက်လတွေပြောပြီး ချော့ရမှာပဲ။ သူ့လက်ချောင်းလေးတွေကို ရေတွက်ပြီး နောက်တစ်ခါ ထပ်မေးရင်ကော။ လိမ်လို့မဆုံးအောင် လိမ်ဦးပေါ့။ သိတတ်တဲ့ အရွယ်ရောက်လာရင် ငါဘာပြောရမလဲ။ ရှစ်တန်း၊ ကိုးတန်း အရွယ်ကျရင် ဘယ်နယ့်လုပ်မလဲ။

အေးလေ၊ အဲဒီအခါကျတော့လည်း အဲဒီအခါပေပဲပေါ့။ အဖြစ်မှန်ကို သိတဲ့အခါ သမီးလေး ဝမ်းနည်းမှာပဲ။ သူ့စိတ်ဓါတ်ကို ငါကပြန်ပြီးဖေးမ ရမှာပဲ။ စိတ်မငယ်အောင် ငါအားပေးရမယ်။ လူတစ်လုံးသူတစ်လုံး ဖြစ်လာအောင် ငါကျွေးမွေးပြုစုရမယ်။ ပျိုးထောင်ပေးရမယ်။ ပြီးတော့ ငါကြုံခဲ့တာမျိုး မကြုံရအောင် ပြောပြဆုံးမရမယ်။ သမီးက အလိမ္မာလေးပါ။ ငါ့သမီးရှိတာပဲ။ ငါ့အသက်က ငါ့သမီး။ ငါ့ဘဝက ငါ့သမီး။ အဲဒီအချိန်အခါ သူ့ဖအေကို တွေ့ချင်တယ်ပြောရင် ငါခေါင်းညိတ်ရမလား။ ခေါင်းခါလိုက်ရမလား။ ခေါင်းခါလိုက်ရင် သမီး စိတ်ဆင်းရဲရှာပေမယ်။ ခေါင်းညိတ်တော့လည်း သူ့ဖအေက သမီးအပြစ်တင်လွှတ်အောင် ချော့မော့နှစ်သိမ့်ဦးမယ်။ သည်အခါ သူ့ဖအေက သွားချည်လာချည်နဲ့။ သူ့အိမ်ထောင်က ဟိုစကားသည်စကားပြောလျှင် ငါမကောင်းဖြစ်ဦးမယ်။ သူ့ဖအေနဲ့ မတွေ့စေတာပဲ ကောင်းပါတယ်။

တွေ့ခွင့်ပေးရင် သူ့ဆီကအထောက်အပံ့ကို မျှော်ကိုးလို့လို့ ထင်ချင်ထင်နေမယ်။ ငါ့သမီးကို ငါပဲကျွေးမယ်။ ငါပဲဆင်မယ်။ ငါပဲ ပညာပေးမယ်။ ငါက ဒုက္ခိတမှ မဟုတ်တာ။ ငါအကြံတုံး ဉာဏ်တုံးမှမဟုတ်တာ။ လက်နှစ်ဖက် ခြေနှစ်ဖက်ရှိတယ်။ စက်ချုပ်ကျွေးမယ်။ ဝမ်းဝခါးလှပြီး ပညာရအောင် ငါတာဝန်ယူမယ်။ ပင်ပန်းပစေပေ့ါ။ လျှာအလျားထွက်ထွက်၊ လက်ကြော အပြိုင်းပြိုင်းထထ၊ ငါလျှော့ဝတ်မယ်။ လျှော့စားမယ် လူမြင်ကောင်းရုံပဲ ဝတ်မယ်။ မသေရုံစားမယ်။ သည်သမီးကို ဆရာဝန်မကြီးဖြစ်အောင်၊ အင်ဂျင်နီယာမကြီးဖြစ်အောင်၊ ပါရဂူကြီးဖြစ်အောင် ငါကျုံးရုန်းလုပ်မယ်။ ငါလို လူပါးဝတာမျိုး မခံစေရဘူးမှတ်။ သူတင့်တောင့်တင့်တယ် နေရတဲ့အချိန်မှာ ငါသေချင်သေ။ သေပျော်ပြီ။ သူ့အပေါ် မြတ်မြတ်နိုးနိုးနဲ့ ငါအသက်ရှည်ရှည် နေရရင် အမေတို့ ခုလိုနေသလို ငါလည်း မြေးကမွေးတဲ့မြစ်တွေနဲ့ နေရတဲ့အချိန် ရောက်အောင် ရှိစေချင်တယ်။

ဒီအခါ ငါပတ်ဝန်းကျင်မှာ ခေါင်းမော့နိုင်ပါပြီ။ ခုကော ဘာလို့ ခေါင်းမမော့ရမှာလဲ။ ငါတစ်ယောက်ထီးထီး မဟုတ်တော့ဘူး။ သမီးနဲ့။ အားကိုးရမယ့် သမီးနဲ့။ ဘယ်သူ့ကို ငါမျှော်လင့်ရဦးမှာလဲ။ ငါ့ကိုအမောပြေစေတဲ့ သမီးနဲ့ ငါနေပြီပဲ။ နောက်နှစ်လ၊ သုံးလနေရင် သမီးကိုချီပြီး ခြံထဲလျှောက်မယ်။ စိတ်လေစိတ်လွင့်တွေ ငါဘာလို့မွေးမှာလဲ။ ခါတိုင်းလို အားအားရှိ ထိုင်တွေးတာမျိုး မလုပ်တော့ဘူး။ သမီးအတွက် အကျီ၊ ဘောင်းဘီ၊ ဂါဝန်၊ ကစားစရာတွေ ချုပ်မယ်။ လမ်းလျှောက်တတ်တဲ့ အရွယ်ကျရင် ငါသွားလေရာ ခေါ်မယ်။ ဘာဖြစ်လဲ။ ဘယ်သူဘာပြောပြော ဘာအရေးလဲ။ ဒါ ငါ့သမီးဟု စိတ်ထဲမှာ တွေးပြောပြောနေသောကြောင့် မကြားမိ။

"သမီး... ညည်းအဖေနဲ့ ဆရာဝန်ရောက်လာရင် ကလေးကို အိမ်ရှေ့ချီလာပြီးပြ... အိပ်ခန်းထဲက ဆေးနံ့၊ နနွင်းနံ့နဲ့ဆိုတော့ အားနာဖို့ ကောင်းတယ်.."

တစ်ဝက်တစ်ပျက်အကြားနှင့် ခေါင်းညိတ်လိုက်သည်။ သမီးကိုငုံ၍ မွှေးလိုက်သည်။ ဆေးတို့ပတ်နှင့် အုပ်ဆေးနံ့က နှာခေါင်းထဲသို့ ရော၍ ဝင်လာ၏။ ဝါထိန်နေသောပါးပြင်ကို အထပ်ထပ်အခါခါ ဖွဖွနမ်းလေသည်။

မနေ့ကလောက်တော့ မစိုးရိမ်။

*****

## အခန်း(၁၉)

မဟာသံသရာတွင် သမီးနှင့် ဘဝတိုင်း ဆုံတွေ့လိုပါကြောင်း ဆုတောင်းပြီး ဦးသုံးကြိမ် ဝတ်ပြုလိုက်သည်။ ပုဆစ်တုပ် ထိုင်နေရာမှ မထဖြစ်သေး။ ဘုရားစင်မှ မျက်လုံးမခွာ။ ပန်း၊ ရေချမ်းနှင့် ဆီမီးပူဇော်ထားသည်။ သစ်သီးစုံ၊ အာရုဏ်ဆွမ်းကို သမီးအတွက်ရည်စူးကာ ကပ်ထားသည်။ အဝါနုနု သစ္စာပန်းတွေ၊ ပန်းအိုးသုံးလုံးတွင် ဝေလျက်ရှိသည်။ လျှပ်စစ်မီးရောင်၊ ဖယောင်းတိုင်မီးရောင်ဖြင့် ဘုရားကျောင်းဆောင်မှာ မှန်ရောင်လက်နေ၏။ ရွှေပလ္လင်နှင့် တံကဲတို့၏ အဆင်အယင်ဖြင့် ဖူးရသော ဒက္ခိဏသာခါကိုယ်တော်မှာ ကြည်ညိုဖွယ်။ အခိုက်အတန့်အားဖြင့် မြိုက်မြိုက်ညီးသည့်ရင်မှာ သက်သာရာရသည်။ ထိုင်းမှိုင်းညစ်ထေးသော အာရုံတွင် အတန်အသင့် ကင်းစင်သွားသည် ထင်၏။

သမီးနှင့်ခွဲခွါရသည်မှာ ဆယ်ရက်တင်းတင်းပြည့်ခဲ့ပြီ။

မျှော်လင့်ချက်တွေကို သမီးက ချိုးဖဲ့ယူငင်သွားသည်ဟု ခံစားရသည်။ သမီးကို အကြောင်းပြု၍ အလိုလို ရရှိခဲ့သော အင်အားသတ္တိတွေ ယိမ်းယိုင် ကျဆင်းလာသည်။ လိပ်ပြာနတ်သွားသကဲ့သို့ သမီးပြုလေအားသည်ဟု ရင်ကွဲသံဖြင့် ညည်းခဲ့ ငိုခဲ့သည်။ အမေက အငိုတိတ်ရန် တရားဖြင့် ချော့ခဲ့သည်။ အဖေက မေးကြောတွေတင်းတင်းနှင့် အံကြိတ်နေသည်။ ဖျောင်းဖျစကားတွေ ပြောသည်။ အဖေနှင့်အမေတို့ ကွယ်ရာတွင်မှ ငိုရရှိုက်ရသည်။ သို့သော် အစ်၍လာသောမျက်နှာနှင့် မို့လာသောမျက်ခွံတွေကို ဖုံးကွယ်မရ။

ကိုယ့်ဘဝကိုယ် စိတ်နာချင်သည်။ ကြေကွဲလွန်းမက ကြေကွဲရသဖြင့် အသက် ကင်းမဲ့နေသော သမီးကို ပွေ့ကာ ခပ်တိုးတိုး မေးလိုက်မိသည်။

"သမီးတို့သားအဖက အမေ့ကို ဘယ်လိုလုပ်ကြတာလဲအေ... ညည်းအဖေက အမေ့ကို ရင်ကွဲခွဲပြီး နှိပ်စက်တယ်.. ညည်းကျတော့ သေကွဲနဲ့ အမေ့ကို နှိပ်စက်တယ်... ကောင်းပါတယ်ကွယ်... ကောင်းပါတယ်"

ဘုရားစင်ရှေ့မှ ထလိုက်သည်။ စိတ်သူမဲ့လျက်ရှိသောနို့ရည်တွေကို သွန်ပစ်ရဦးမယ်။ ရင်မှာ တင်း၍လာသည်။ မည်မျှပင် မေ့ထားထား။ ထိုအချိန်တွင်ကား သမီးငိုသံကိုကြားမိစမြဲ။

*****

## အခန်း(၁၈)

သန်ကြွင်းမိုး ရွာအပြီးတွင် မြေပြင်သိပ်လျက် ရှိပေသည်။

မကြာမီ မြေငွေ့ရနံ့ကို ရလေသည်။ မြေမှုန့်ဖုန်စ တင်နေသော သစ်ရွက်အကိုင်းအခက်တွေ အားလုံး သန့်စင်သွားသည်။ စိမ်းစိုသစ်လွင် လာသည်ကိုမြင်ရ၏။ ရှူရှိုက်ရသောလေထဲတွင် ဆောင်းလက်ကျန်နှင့် နွေဦးရွက်သစ်ရနံ့တွေကို ရသည်။ နီမြန်းသော ကံ့ကော်ညွှန့်တို့သည် စိမ်းဖန့်ဖန့် အဆင်းဖြင့် ရင့်ကြကုန်ပြီ။ ခြံဝန်းကျင် တစ်ခုလုံးသည် ကြည်ကြည်လင်လင်။

နွေဦးလောကအလှကို စေ့စေ့ကြည့်မိလေသည်။ ကြည့်သော်မမြင်၊ မြင်သော် မမှတ်နိုင်သည့် ကာလတုန်းက မေ့မေ့လျော့လျော့ ရှိခဲ့သည်။

ကလေးဘဝက ဆော့ကစားခဲ့သော နေရာတွေကို မျက်လုံးရောက်သည်။ သံအိမ်ဆောက်ရာ သပြေပင်အောင်သို့ လှမ်းကြည့်သည်။ ယခုပင် မြင်သည်ထင်၏။ သဲအိမ်ပတ်လည်တွင် သဲစည်းထရံ ကာသည်။ လမ်းဖောက်သည်။ လမ်းတစ်လျှောက်တွင် ဇလပ်ပွင့်တွေ စိုက်သည်။ သံအိမ်ဝင်းအတွင်းမှာ ဆောင်တော်ကူးပွင့်တွေ ကြဲသည်။ သဲအိမ်ထက်တွင် ပုဏ္ဏရိက်ဝါနီပွင့်တွေ၊ ဆန်ကွဲပန်းပွင့်တွေစိုက်သည်။ နောက်နေ့မနက် အိပ်ရာမှ နိုးနိုးချင်း သံအိမ်ဆောင်ထားရာသို့ အရောက်ပြေးကြည့်သည်။ သူ့အလိုလိုပြိုနေသည်ကို တစ်ခါတစ်ရံတွေ့ရ၏။ ခွေးခြေရာတွေ တင်းကြမ်းဖြင့် ပျက်စီးနေသည်ကို တစ်ခါတစ်ရံ တွေ့၏။ အများအားဖြင့် ပကတိအတိုင်းတွေ့ရသည်။ ယခုသော် ထိုနေရာတွင် ကစားရာမထင်ခဲ့။

"သမီးဘာတွေစဉ်းစားနေတာလဲ"

အမေ့အသံ။ အသံနှင့်မရှေးမနှောင်း အမေကသူရပ်နေရာ ဝရန်တာသို့ဆင်းလာ၏။ မျက်နှာလှည့်ကာ ပြုံးပြသည်။ အမေ့ကို ပြုံး၍ ပြောလိုက်သည်။

"သမီးငယ်ငယ်တုန်းက ကစားခဲ့တာတွေကို ပြန်တွေးနေတာပါ"

"ဪ..."

"မနက်ဖြန်မနက် သမီးဈေးသွားချင်တယ်..."

အမေ့မှာ မချို့တချိုမျက်ခုံးနှင့် တွေ၍နေ၏။

"တစ်လတောင် မပြည့်သေးတော့ လှုပ်လှုပ်ရှားရှား သိပ်မလုပ်စေချင်ဘူး..."

တံစက်မြိတ်နှင့်သီးနေသည့် မိုးစက်ကို သူမော့ကြည့်ကာ...

"နေရတာ ပေါ့ရှုပ်ရှုပ်နဲ့ ရေလည်းမချိုးရ... အဝတ်လည်း မလျှော်ရ... စက်ခုံလည်း မထိုင်ရနဲ့... လူပိုကြီးဖြစ်နေတယ်... ထမင်းဟင်းချက်တာတောင် သဘောလောက်ပဲ ခိုင်းတယ်... ငရုတ်သီးထောင်းရင် လက်တွေ ထုံနာကျင်နာစွဲမယ်လို့ ပြောပြီး အမေပဲ ချက်ပြုတ်နေရတာ"

အမေရယ်သည်။

"လအတော်ရလာတဲ့အခါကျတော့ သမီးသဘော... ခုနေ အမေကခေါင်းညိတ်ရင် ညည်းအဖေက အမေ့ကို ကြိမ်းလိုက်မောင်းလိုက်မယ့် ဖြစ်ခြင်း..."

သူပင့်သက်ကို မှုဉ်း၍ရှိုက်၏။

"သမီး နေကောင်းပါပြီ..."

"ဟုတ်ပါတယ်..."

"ခုလို ဖိမ်နဲ့နေရတာမျိုး မနေချင်ဘူး... အမေတို့ကိုလည်း အားနာတယ်..."

အမေက သူ့လက်မောင်းကို ကိုင်သည်။ ထို့နောက်...

"နောက်မှ အားနာ... ခုတော့ ထမင်းစားဦး... ညည်းအဖေက ညည်းမလာသေးလို့ မစားသေးပဲ စောင့်နေတယ်တော့်..."

ဝရန်တာပေါ်မှ လက်ကိုရုပ်သည်။ ငယ်ငယ်က ဆောက်ခဲ့သည့် သဲအိမ်ကို အမြင်မပျောက်...။

*****

ပတ်ဝန်းကျင်သစ်တွင် တိုးဝင်ရသကဲ့သို့ ခံစားမိသည်။

မြင်မြင်သမျှ မျက်နှာတွေကို စိမ်းနေသည် အောက်မေ့သည်။ ဝေးလံသောအရပ်က လူတွေဟု ထင်သည်။ မိမိ၏ မျက်လုံးအိမ်တွင် တစ်စုံတစ်ရာသော တန်ခိုးတွေ ကိန်းအောင်းလာသည်ဟုလည်း တွေးမိသည်။ လူတွေနှင့် မိမိ၏အကြားတွင် အမည်မသိသော အရာတစ်ခု ခြားနေသည်ဟု မခံစားရတော့။ မိမိ၏အသိကို မိမိပင် တစ်ဖန်ပြန်သိသည်။ ဘဝအသစ်တစ်ခုကို ရရှိသကဲ့သို့ ခံစားသိရှိလေသည်။ ချုပ်နှောင်ထားခြင်းနှင့် မခြားနားသည့် အာရုံဖိစီးမှုကို ဆွဲဖယ်ပစ်လိုက်ပုံမျိုး။ လွတ်လပ်စွာ အသက်ရှူလာနိုင်သည်။ အပိတ်အကွယ် ကင်းမဲ့စွာ ကြည့်လာနိုင်သည်။ လေမလုံလောက်သော အခန်းကျဉ်းထဲမှ ခုန်ထွက်လာနိုင်သူပမာ ဖြစ်နေသည်။ နားနားတွင်ကပ်၍ ကြားနေသော အသံဆိုးတွေနှင့် ယုဇနာများစွာ အလှမ်းကွာလာသည်လိုရှိ၏။

ထိုအကြောင်းတွေကို နီနီနှင့် စကားစပ်မိ၍ ပြောပြခဲ့သည်။

"မနေ့ကမှ မွေးလာတဲ့ လူတစ်ယောက်လိုပဲ နီနီ... ကိုယ်ပြောမပြတတ်ဘူး... နာတာရှည်နဲ့ အိပ်ယာထဲလဲနေရာက နေကောင်းလာတဲ့အခါ ပထမဆုံး အိမ်ပြင် လမ်းထွက်လျှောက်သလိုပဲ... မြင်နေကြားနေတာတွေ အားလုံးသစ်နေတယ်... ရင်ထဲမှာလည်း အရင်လို တင်းတင်းကျပ်ကျပ်ကြီး မနေတော့ဘူး... ပြီးတော့ ကိုယ်ပြောရင် နီနီရယ်မယ်... မျက်လုံးထဲမှာ သေးသေးမွှားမွှားလေးတွေလို့ပဲ မြင်တယ်... ဘာကိုမှ စိတ်ဝင်တစား ထူးထူးဆန်းဆန်းရယ်လို့ မထင်ဘူး... ကမ္ဘာမြေကြီးက ကျဉ်းလွန်းလို့ နေစရာမရှိအောင် အရင်ကဖြစ်နေတယ်... ခုတော့လည်း ကျယ်ဝန်းလိုက်တာမှ လူတစ်ယောက်ရဲ့ နားရွက်ထဲကို ကိုယ်တက်ပြီး ပုန်းနေရင်တောင် အဲဒီလူ သိမယ်မထင်ဘူးလို့ တွက်မိတယ်... ကျယ်ဝန်းလွန်းတဲ့ နေရာသစ်ကို ကိုယ်ရောက်နေသလိုပဲနီနီ..."

"မနှင်းဖွေး ပြောတာကို မနည်း တွေးကြည့်ရတယ်... ကောင်းကောင်းတော့ သဘောမပေါက်ဘူး.. ဒါပေမဲ့ မနှင်းဖွေး ရွှင်ရွှင်လန်းလန်းနဲ့ ဖြစ်လာတာကို နီနီဝမ်းသာတယ်... အရင်ကအတိုင်း ရယ်ဟယ် မောဟယ် နေတာမျိုး နီနီမြင်ချင်တယ်လေ..."

ခေါင်းညိတ်ပြပြီး ပြုံး၏။

"ကိုယ်လဲ အဲသလို မျှော်လင့်ပါတယ်... ဒါပေမဲ့ သမီးကိုသတိရရင် စိတ်မကောင်း ဖြစ်ရတယ်... အောက်မေ့တယ်... ကိုယ်အောက်မေ့တာ သမီးတစ်ယောက်တည်းကိုပါ..."

*****

ဒေါ်အေးခင်က ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။ ထို့နောက် ပြုံး၍...

"ဘယ်သူလဲလို့... မနှင်းဖွေးကိုး..."

သူ့ကို...

"အိမ်ပေါ်တက်... ညည်းသူငယ်ချင်းရှိတယ်..." ဟုပြောကာ အိမ်ဘက်သို့ မျက်နှာလှည့်၏။ အိမ်ခေါင်သို့မော့ကာ...

"မောင်အောင်ငြိမ်း... မင်းသူငယ်ချင်းလာတယ်..."ဟု ခပ်ကျယ်ကျယ် အော်၏။ သွပ်မိုးပေါ်မှ တံမြက်လှည်းသံ ရပ်သွားသည်။

"ဘာလဲ အမေ..."ဟု အော်မေးသံ ထွက်လာသည်။

"ဒီမှာ မနှင်းဖွေးလာလည်တယ်..."ဟု အသံမြှင့်၍ လှမ်းပြောသည်။

"ဟုတ်ကဲ့... ဟုတ်ကဲ့... ကျွန်တော် ဆင်းလာမယ်... တစ်ချက်နှစ်ချက် လှည်းပြီးရင် ပြီးပါပြီ..."ဟု ကြားလောက်အောင် ပြော၏။ လှေကားထစ်ပေါ်သို့ သူလှမ်းတက်လိုက်သည်။ ခြေရင်းအိမ်က အဝတ်လျှော်နေသံ ရပ်သွားသည်။ သူအမှတ်တမဲ့ လှည့်ကြည့်သည်။ အသက်ငါးဆယ်ခန့် အမျိုးသမီးကြီးက အဝတ်လျှော်နေရာမှ သူ့ဘေးတွင် ရပ်နေသည့် အမျိုးသမီးကို တစ်စုံတစ်ရာပြောသည်။ အဝတ်လျှော်နေသူကို သူသိသည်။ အမေတို့ ခဏခဏပြောနေသည့် ဒေါ်တင်ခ။ နှစ်ယောက်စလုံးက သူ့ကို ဖျတ်ခနဲ တစ်ချက်ကြည့်သည်။ နှုတ်ခမ်းတွေ လှုပ်နေသည်။ အသံကိုမကြားရ။ စိတ်ထဲက သိလိုက်၏။ ကိုယ့်ကိုမြင်တော့ ပြောကြသည့်စကား။ အတင်းစကားမဟုတ်လျှင် သတင်းစကား။ သူ အပေါ်ဆုံးလှေကားထစ်ကို နင်းလိုက်ချိန်တွင် ခြေရင်းအိမ်ဘက်က ခိုးခိုးခစ်ခစ်ရယ်သံ သဲ့သဲ့ကြား၏။ သစ်ပင်ပန်းပင် ကြည့်သကဲ့သို့ တစ်ချက်ကြည့်ပြီး အိမ်ပေါ်သို့တက်သည်။

ဒေါ်အေးခင်အနီးရှိ အစတွေထွက်နေသော ဖျာပေါ်တွင် ထိုင်သည်။ ဒေါ်အေးခင်က သူ့ကို စကားစမြည်မပြောနိုင်သေး။ ဈေးဝယ်သူ အမျိုးသားတစ်ယောက်ကို ကြက်သွန်နီချိန်ပေးနေသည်။

"ဘဲဥက ဘယ်နလုံးလဲ ကိုတင်သောင်း"

"သုံးလုံး... ဒေါ်အေးခင်"

ဖြေပြီးတော့ လက်ထဲက ငွေကိုတွက်ကြည့်သည်။ ချက်ချင်းပင်...

"လေးလုံးပေးလိုက်ဗျာ... ပြားနှစ်ဆယ်လိုနေတာ တော်ကြာမှ တစ်ခေါက်ထွက်လာရင်း ပေးတော့မယ်... သုံးလုံးတည်းဆို တစ်ယောက် တစ်ခြမ်းတောင် မရှိဘူး..."

"ယူသွားပါ မနက်ကျတော့ ဝင်ပေးလည်းရတာပဲ..."

ကြက်သွန်နီထုပ်နှင့် ဘဲဥလေးလုံးကို ဝယ်သူ၏ ချိုင့်ထဲသို့ ထည့်ပေးသည်။ ပိုက်ဆံယူနေစဉ် ဆယ်နှစ်အရွယ် ကလေးတစ်ယောက်က ဆိုင်ခါးပန်းတွင် ဆံခါခွံကိုင်လျက် ရပ်နေသည်။ လူကြီးထွက်သွားမှ ဒေါ်အေးခင် မေးသည်။

"ဟဲ့ စိန်ကုလား... ဘာယူမလဲ ပြောလေ..."

ဆန်ခါခွံထဲမှ ခေါင်းလိမ်းဆီ ပုလင်းလွတ်ကို ထုတ်ကာပေး၏။

"ဆီက ပြားလေးဆယ်ဖိုး..."

ဒေါ်အေးခင် ဦးခေါင်းက ဆတ်ခနဲ မော့သွားသည်။ ထိုစဉ် ကလေးက ဆန်ခါကို လှမ်းပေးသည်။ ဒေါ်အေးခင်က လှမ်းယူရင်းနှင့်...

"ငါးမူးဖိုးဖြင့် ငါးမူးဖိုးပေ့ါ... ပြားလေးဆယ်ဖိုး... ငါဘယ်လိုလုပ် ရောင်းရမလဲ... ကဲပြော... နောက်ကော..."

ဆော့ကစားနေရာမှ မအေးခိုင်း၍ လာရဟန်တူ၏။ ဖုန်တွေ၊ သဲတွေခါရင်း...

"ကြက်သွန်နီ တစ်မတ်ဖိုး... အချိုမှုန့် ဆယ်ပြားတန်တစ်ထုပ်။ ဆေးပေါ့လိပ်တစ်မတ်ဖိုး... ပြီးတော့ အမေက ပြောလိုက်တယ်... ပဲနီလေးနဲ့ ကြာဆံ နှစ်ခုပေါင်း နှစ်ကျပ်ဖိုး မျှပေးလိုက်ပါတဲ့..."

ဒေါ်အေးခင်က နားကို လက်ဝါးဖြင့်ကာ၍ စွင့်ရင်းထပ်မေးသည်။ ကလေးက တစ်ခါ ထပ်ပြောပြသည်။

"မယ်ကျော့ကတော့ လုပ်ပြီ... မုန်း... မင်းကို ပိုက်ဆံဘယ်လောက် ပေးလိုက်သလဲ..."

ချွေးနှင့် သဲနှင့် စွန်းနေသော ကျပ်တန်သုံးရွက်ကို ပေးသည်။ ဒေါ်အေးခင်က တွက်ကြည့်သည်။

"ကဲ ဒီလိုလုပ်... ဆီကို ငါးမူးဖိုးယူ... လိုတဲ့ဆယ်ပြားကို နောက်တစ်ခါဝယ်မှ ပေး... ငါပြောလိုက်တာ မင်းအမေကို ပြန်ပြော... ကြားလား..."

ကလေးက ခေါင်းညိတ်သည်။ ဒေါ်အေးခင်က ကျပ်တန်သုံးရွက်ကို ပိုက်ဆံသေတ္တာထဲ ထည့်ပြီး ချိန်ခွင်ကို လှမ်းကိုင်သည်။

"မနင်းဖွေး ခဏနော်... ကျွန်တော့်တစ်ကိုယ်လုံး မည်းသည်းနေတယ်... အမြန်ဆုံး ရေချိုးလိုက်မယ်..."

မတ်ရပ်တံမြက်စည်းကို အိမ်ထောင့်တွင်ထောင်ရင်း လှမ်းပြောလေသည်။ ရေလဲလုံချည်မှာ ပင့်ကူမျှင်တွေ မှိုင်းစတွေ ကပ်နေ၏။ ကိုယ်အထက် ပိုင်းမှာ ချွေးတွေသံတွေနှင့်။ ဆိုင်ရှေ့သို့သွားကာ မျက်မှန်ကို ဒေါ်အေးခင်ထံသို့ ကမ်း၏။ ပြီးမှ သူ့ရှေ့တွင် လာ၍ရပ်၏။ သူပြောလိုက်သည်။

"ချက်ချင်း ရေမချိုးနဲ့ဦးလေ... ချွေးငုပ်သွားရင် မကောင်းဘူး..."

ခေါင်းပေါင်းပုဆိုးကို ဖြုတ်ပြီး တစ်ချက်နှစ်ချက်ခါသည်။ မျက်နှာကိုသုတ်ကာ

"မိုးကျခါနီးပြီ မဟုတ်လား... အိမ်ခေါင်မိုးနဲ့ ရေတံလျှောက်ထဲက သစ်ရွက်ဆွေးတွေ လှဲချပစ်တာ... နို့မဟုတ်ရင် သံချေးပေါက်ကုန်မယ်..."

သူ ခေါင်းညိတ်ပြသည်။ ကုပ်ပိုးနှင့်ရင်ဘတ်ကို ချွေးသုတ်ပြီး ကြည့်သည်။ ကြည့်သင့်သည်ထက် ကြာသည်ထင်၏။ ထို့နောက်...

"မနင်းဖွေး တော်တော်ဝလာတယ်..."

သူပြုံးသည်။ ထိုစဉ် ဒေါ်အေးခင်က ဆီခပ်ထည့်ရင်း...

"အပျိုတုန်းကထက်တောင် စိုစိုပြည့်ပြည့်နဲ့ ဝလာလိုက်တာ..."

ဒေါ်အေးခင်စကားကြောင့် အောင်ငြိမ်းမျက်နှာ တစ်ချက်ပျက်သွား၏။ ရေတွင်းရှိရာသို့ မျက်နှာလှည့်လိုက်သည်။ အားနာသွားဟန် တူသည်။ အတိတ်ကာလနှင့် ပတ်သက်ရာ စကားကိုပြောသည့်အတွက် မအေ့ကိုယ်စား အားနာလေဟန် တူပေသည်။

"မနင်းဖွေး... အေးအေးဆေးဆေးပဲ မဟုတ်လား... ကိစ္စအထူး..."

"ဟင့်အင်း... ဘာကိစ္စမှမရှိပါဘူး... မရောက်တာကြာလို့ အလည်လာတာသက်သက်ပါ... မရောက်တာ တစ်နှစ်တောင် ကျော်ရော့မယ်..."

သူ့မျက်နှာမှာ ပင်ကိုယ်အတိုင်း။ ဒေါ် အေးခင်၏စကားကြောင့် စိတ်အနှောင့်အယှက်မဖြစ်။ အပျိုတုန်းကဟူသော အသုံးအနှုန်းကို နားဝယ် မစိမ်းတော့ပြီ။ မှန်တွင်မြင်ရသော မိမိ၏သဏ္ဍာန်ကို မိမိမြင်ရသလိုသာ ရှိလေသည်။

"နီနီတို့အိမ် ဝင်ခဲ့သေးလား..."

"ဝင်ခဲ့တယ်... စာအုပ်ဆိုင်သွားနေလို့ မတွေ့ခဲ့ဘူး..."

ပုဆိုးပိုင်းကို ကိုယ်တွင်တင်ကာ...

"ကိုစိုးလင်းဇော်ဖိတ်တဲ့ကိစ္စ နီနီပြောလား..."

သူခေါင်းညိတ်သည်။

"အမေတို့ကို ကျွန်မ သွားရ မသွားရ မေးထားတယ်... ချက်ချင်း အဖြေမပေးကြသေးဘူး.. ဆယ်ရက်လောက် လိုသေးတာပဲတဲ့... အဲဒီကျမှ ပြောမယ်တဲ့..."

အောင်ငြိမ်းက ခေါင်းတညိတ်ညိတ်နှင့်။

"မွေးနေ့ဖိတ်တာက မနင်းဖွေးတစ်ယောက်တည်းကို ကွက်ပြီးဖိတ်တာမှ မဟုတ်တဲ... ကျွန်တော်နဲ့ နီနီလည်း လိုက်မှာပဲ... သူလာခေါ်မှာပဲ... သွားလည်းသုံးယောက်... ပြန်လည်းသုံးယောက်... မနင်းဖွေး မသွားရင် မကောင်းဘူး ထင်တယ်..."

သူက အမေပြောသော စကားတစ်ခွန်းကို ပြန်ပြောသည်။

"အိမ်ရှေ့မှာ အဖိုးတန်ကားတစ်စီးရယ်... အဲဒီကားနဲ့ ညည်းလိုက်သွား... အဲဒီကားနဲ့ ပြန်လာတာဆိုတာကို လန့်တယ်တဲ့..."

"အင်းလေ... ဟုတ်တာပေါ့... ဒါပေမဲ့ စိုးလင်းဇော်နဲ့ မာရီယွန်တို့အကြောင်း အဒေါ်တို့ကို ပြောပြထားဖို့ ကောင်းတယ်"

"သိသားပဲ... အနားနီးရင် သွားခွင့်ပေးမှာပါ... နီနီလည်း လိုက်မယ့်ဥစ္စာ၊ ခုမှ အရင်ကထက် ပိုလို့ကျဉ်းကျပ်တယ်... ဆင်ခြင်လည်း ဆင်ခြင်ရမှာပေါ့..."

"ကိုစိုးလင်းဇော်က ရက်နီးရင် သူကိုယ်တိုင် လာဖိတ်ဦးမှာပဲလေ..."

*****

ငြိမ့်ညောင်းသော စတူရီယိုတေးသွားက ခန်းမဆောင်ထဲတွင် ညင်သာစွာ ဝေ့လျက်ရှိသည်။ စားပွဲဝိုင်းအသီးသီးမှ ဖွန်းသံ၊ ပန်းကန်သံက ခပ်အုပ်အုပ်ထွက်နေသည်။ စကားပြောသံတွေက သံမှန်ပြောနေသလောက်သာ ရှိကြသည်။ ငြိမ်ဝပ်အေးဆေးသော ညှော်ခံပွဲ။ ရယ်မောပြောဆိုသံ ခပ်ကျယ်ကျယ်ကို တစ်ခါတလေမှ ကြားရ၏။ လူကြီးဝိုင်းဆီမှ ထွက်လာခြင်းဖြစ်သည်။ ညှော်ပရိသတ်က လာသူ၊ ပြန်သူတွေ ပထမပိုင်းလောက် မများတော့။ ကြိုကြားကြိုကြား ဖြစ်လာ၏။ နောက်တော့ တစ်ယောက်စ၊ နှစ်ယောက်စ။ ခြံဝင်းအပြင်တွင် ပြည့်သိပ်နေသည့်ကားတွေ နည်းသွား၏။ ဆယ့်လေးငါးစီးသာ ရှိပေလိမ့်မည်။ ခန်းမဆောင်ထဲတွင် ညှော်အတန်စဲသွားသည်။ စိုးလင်းဇော်၏ သူငယ်ချင်းတစ်သိုက်နှင့် သူ့မိဘ၏ မိတ်ဆွေလူကြီး တချို့သာရှိတော့သည်။

သူတို့စားပွဲသို့ စိုးလင်းဇော်လာ၏။

"တစ်ကျော့လောက် ထပ်စားလိုက်ကြပါဦးလား..."

နီနီက ပြုံး၍ခေါင်းခါသည်။ အောင်ငြိမ်းက...

"မရတော့ဘူး ကိုစိုးလင်းဇော်... စောစောက စားထားတာတွေ ဝမ်းထဲတောင် ကောင်းကောင်း မရောက်ဘူးလေ..."

သူ့ကိုကြည့်၍ သူပြောသည်။

"မစားနိုင်တော့ဘူး ကိုစိုးလင်းဇော်... ရွှေတောင်ခေါက်ဆွဲက သိပ်ကောင်းတယ်... ကျွန်မ နစ်ပွဲတောင်စားတာ... အိမ်ရောက်ရင် ညစာဘယ်လိုမှ မစားနိုင်တော့ဘူး... ဒီမလာခင် ထမင်းတစ်ပန်းကန်သာသာ စားခဲ့သေးတယ်.... စားပြီး ဘာမှမကြာဘူး... ကိုစိုးလင်းဇော် ရောက်လာတာ... ဒီလည်းရောက်... ချက်ချင်းစား... ခုထိ တင်းနေသေးတယ်..."

စိုးလင်းဇော်က အောင်ငြိမ်းထံသို့ ငါးသုံးလုံး စီးကရက်ဘူး ထုတ်ပေး၏။ အောင်ငြိမ်း စီးကရက်ဘူး ဖောက်နေစဉ်...

"ရေခဲမုန့်လောက်တော့ ရကြမယ်ထင်တယ်..."

နီနီက...

"ကျွန်မတော့ မနိုင်တော့ဘူး..."ဟု ပြောသော မနင်းဖွေးကို ကြည့်ပြီးခေါင်းညိတ်ပြသည်။

"ကိုအောင်ငြိမ်းကတော့ ရေခဲမုန့်တစ်ပွဲ အားပေးနိုင်မယ် ထင်တယ်..."ဟု စိုးလင်းဇော် ပြုံး၍မေးသည်။ စီးကရက်မီးညှိရင်း ခေါင်းခါသည်။ ထို့နောက် စီးကရက်ခဲထားရင်း...

"ရှေ့နှစ်ကျမှပဲ ထပ်ပြီး အားပေးပါရစေဗျာ... ခင်ဗျားကျတော့ အားပေးခိုင်းပြီး ကျုပ်တို့လူရင်းတွေက ပေးပါရစေဆိုတဲ့ လက်ဆောင်ကျတော့ ခင်ဗျားငြင်းတယ်"ဟု ပြော၏။ စိုးလင်းဇော်က အားပါးတရရယ်သည်။ ရယ်သံနှင့်...

"ဖိတ်စာမှာ တစ်ခါတည်း ထည့်ရိုက်ထားတာမို့ပါ... မွေးနေ့ မွေးနေ့ဆိုပြီး အကြံအဖန် လုပ်တာ ကျွန်တော် သိပ်အမြင်ကတ်လို့... ကျွန်တော့် အဖေက အိမ်ရှေ့မှာ သူကိုယ်တိုင် စာတန်းရေးပြီး ချိတ်ထားတာ... မကောင်းဘူးလေ... ကျွန်တော့်ကိုလည်း သေသေချာချာပြောပြီးမှ လုပ်ခွင့်ပေးတယ်... မင်းဟာမင်း မွေးနေ့လုပ်လုပ် ဘာလုပ်လုပ် ငါ့ကို ငါ့လူကြီးတွေ အထင်မှားမှာ မခံနိုင်ဘူးတဲ့... တရားဝင် လာဘ်ပေးတဲ့ အခမ်းအနားလို့ အထင်မခံနိုင်ဘူးတဲ့ဗျ... ဒါကြောင့်ပါ..."

ခြံဝင်းထဲသို့အဝင်တွင် ဆုတောင်းမေတ္တာမှတစ်ပါး ပစ္စည်းလက်ဆောင် သည်းခံပါရန်ဟု ရေးထားသည်။ စက္ကူအဖြူပေါ်တွင် လက်ရေးက မလှမပ။ သို့သော် အံ့ဩစရာဟု ခံစားရသည်။

"ကောင်းတော့ ကောင်းပါတယ်... ခင်ဗျားအဘိုးကြီး ပြောတာ မှန်တယ်..."

အောင်ငြိမ်းက ခေါင်းညိတ်ပြီး ပြောသည်။ စကားဝိုင်းက ခေတ္တရပ်သွားသည်။ တေးသံလည်း ရပ်သည်။ မကြာမီပင် စိုင်းထီးဆိုင်၏ သီချင်းသံသဲ့သဲ့ ထွက်လာ၏။ စိုးလင်းဇော်က မနင်းဖွေးဘက်သို့ ခါးကိုင်းပြီး...

"ကျွန်တော့်ဘော်ဒါတွေက မနင်းဖွေးကို ရုပ်ရှင်မင်းသမီးသစ် တစ်ယောက်လားလို့ မေးတယ်ဗျ"

မနင်းဖွေးက ပြုံးလိုက်သည်။ နီနီက ပြုံးကာ "ဟုတ်တယ်လို့ ပြောလိုက်ရောပေါ့..." "နီနီကလည်း မဟုတ်တာ..." နီနီပခုံးကို အသာလှမ်းထုရင်း ရှက်သွေးမျက်နှာနှင့် ပြောသည်။

"မနှင်းဖွေးနဲ့ မိတ်ဆက်ခိုင်းတာ... ကျွန်တော်ခေါက်ထားလို့ ဝုနေကြတယ်... မနှင်းဖွေးတို့၊ နီနီတို့၊ ကိုအောင်ငြိမ်းတို့က ကျွန်တော့် သီးသန့် မိတ်ဆွေတွေပဲ... ဒါကြောင့် မိတ်မဆက်ပေးတာ..."

ထိုအခိုက် အခန်းထောင့်ရှိ သူ့သူငယ်ချင်းတစ်ယောက်က...

"ကိုစိုးလင်းဇော် ခဏ..."ဟု လှမ်းခေါ်သည်။ စားပွဲမှ မထမီ...

"ဖြည်းဖြည်းပေါ့..၊ တော်ကြာမှ ကျွန်တော်လိုက်ပို့မယ်... ခုမှ ခုနစ်နာရီပဲ ရှိသေးတာ..."ဟု ပြောသည်။ အောင်ငြိမ်းက ခေါင်းညိတ်ပြသည်။ သီချင်းကို အာရုံစိုက်ရင်း ခေါင်းငုံ့ထားသည်။ စိုးလင်းဇော်ကို နီနီက လှမ်းကြည့်နေ၏။ သူငယ်ချင်းက ဘာပြောလိုက်မှန်းမသိ။ သူ့အဖေနှင့် အမေတို့ရှိရာ စားပွဲသို့ သွားသည်။ သူရောက်သွားသောကြောင့် လူကြီးဝိုင်းစကားက တန့်သွားသည်။ သူ့မိခင်က သူ့ကိုခေါ်သော သူ့သူငယ်ချင်းထံသို့ လှမ်းကြည့်ပြီး ပြုံး၏။ သူ့ဖခင်က ခေါင်းညိတ်သည်။ သူက သူ့သူငယ်ချင်းကို ခေါင်းလှမ်းညိတ်ပြသည်။ ချက်ချင်းပင် စိုင်းထီးဆိုင်၏ သီချင်းသံက ထက်ဝက်မက မြင့်တက်လာသည်။

အောင်ငြိမ်းကခေါင်းမော့သည်။ သီချင်းသံကိုနားစွင့်သည်။ ထို့နောက် စီးကရက်ဖွာရင်း ကြမ်းပြင်ကိုကြည့်သည်။ စားပွဲအောက်သို့ အကြည့်ရွေ့သွားသည်။ စည်းချက်လိုက်နေသည့်ခြေ။ သည်းကြိုးဖြူဖြူအောက်မှ နုနုညက်ညက်ခြေဖျား။ မနှင်းဖွေး၏ ခြေခုံဖွေးဖွေးကို သူကြည့်နေသည်။

*****

ပြင်ပလေမဝင်နိုင်။ ကားထဲတွင် ထိုင်ခါစက အိုက်စပ်စပ် ဖြစ်နေသေးသည်။ လေအေးစက်မှ အအေးဓာတ်က တဖြည်းဖြည်း ပြန့်လာသည်။ ရိပ်သာကို လွန်လာသည့်အချိန်တွင် ကားထဲ၌ အအေးနံ့လာသည်။ ကားထဲရှိ ရေဒီယိုက ရှစ်နာရီသတင်း ကြေညာနေသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာ လိုက်ပါလာကြသည်။ လမ်းနှစ်ဖက်ရှိ လျှပ်စစ်မီးတိုင်များ၊ အဆောက်အဦများကို လျင်မြန်စွာ လွန်လာသည်။ ရှေ့မှ ကားမီးရောင်တွေ ဝင်းကနဲ ဖြတ်၍သွားသည်။ ကားမှန်တွင် လျှပ်စစ်မီးရောက်တွေ လာထင်လိုက် ပျောက်သွားလိုက်နှင့်။ ညက်နေသော စက်သံသဲ့သဲ့ကြောင့် အရှိန်ပြေးသည် မထင်ရ။ လမ်းဘေးသို့ ကြည့်သောအခါမှ အမြန်နှုန်းကို ရင်ထိတ်ချင်သည်။ ချွေးသိပ်သဖြင့် နေသာထိုင်သာရှိနေပြီဟု သတိပြုမိချိန်တွင် ခရီးတစ်ဝက်နီးနီး ရောက်လျက်ရှိ၏။

"ကျွန်တော့်နမ အလတ်မက မနှင်းဖွေးကို တော်တော်သဘောကျနေတာ... အဲဒီ မမအိမ်ကို ခဏခဏ လိုက်ပို့ပေးပါတဲ့..."

မင်္ဂလာဒုံလေဆိပ် ပရဝုဏ်ကို လွန်လာသည်။ သူပြောလိုက်သည်။

"သူ့နာမည်က နှင်းနှင်းလတ်ဆိုတော့ မနှင်းဖွေးနာမည်နဲ့ ခပ်ဆင်ဆင်တူတယ်လေ..."

"ဟုတ်တယ်ဗျ... အဲဒါကြောင့်လည်း သူက ခင်ဗျားကို ခင်သွားတာနဲ့ တူပါတယ်..."

"သူ့ကို မမေးလိုက်မိဘူး... ဘယ်နတန်းရောက်ပလဲ..."

"ရှစ်တန်း... သိပ်ပွဲယူတယ်လေ..."

"သူက ဖအေတူသမီး..."

စကားပြတ်သွား၏။ အားကောင်းလှသော ရှေ့မီးရောင်အောက်တွင် ကားလမ်းကို ထင်ရှားစွာ မြင်ရလေသည်။ စိုးလင်းဇော်၏ စကားထဲက ကလေးမလေးကိုသာမက မိတ်ဆက်ပေးသူတွေကိုပါ ပြန်လည် မြင်ယောင်သည်။ သူ့ညီအစ်ကိုမောင်နှမတွေနှင့်သာ မိတ်ဆက်ပေးခဲ့သည်။ သူနှင့်သာမဟုတ်။ အောင်ငြိမ်းနှင့် နီနီတို့နှင့်ပါ မိတ်ဆက်ပေးသည်။ ပြုံးရယ်ဖော်ရွေစွာ စကားပြောခဲ့ကြသည်။ သူ့ရင်ထဲသို့ အမှတ်သညာ ရောက်လာသော မေးခွန်းနှစ်ခွန်းကို မမေ့။ တစ်ယောက်က စိုးလင်းဇော်၏ အစ်မဝမ်းကွဲ။ တစ်ယောက်က စိုးလင်းဇော်၏ နမဝမ်းကွဲ။ ဘယ်ဌာနမှာ ကျောင်းတက်နေသလဲနှင့် ဝိဇ္ဇာသိပ္ပံကပဲလား။ ဆယ်တန်း မအောင်သေးပါဘူးဟု ပြုံး၍ ပြန်ဖြေခဲ့ရသည်။ ထိုမေးခွန်းကို ဖြေရသည့်အချိန်တွင် အဖေပြောသော တစ်လခန့်က စကားကို သတိရ၏။ သမီးကျောင်းပြန်တက်ရင် ကောင်းမယ်ဟု ပြောခဲ့သည်။ သူ မဖြေခဲ့။ ကျောင်းပြန်တက်မယ်ဟု ဆုံးဖြတ်လိုက်သည်။ ကားထဲသို့ စိတ်တွေ ပြန်ရောက်လာသည်။ ကက်ဆက်မှ အော်ဂင်တီးလုံးသံက ခပ်တိုးတိုး။ ကားဦးသည် လမ်းတစ်လျှောက် ပြေပြေကွေ့သွားသည်။ မာကျူရီလမ်းမီး ရောင်သည် စက်ဖုံးတွင် မှတ်အရိပ်ထင်သကဲ့သို့ ထင်၏။ တစ်ပွင့်ပျောက်လျှင် တစ်ပွင့်ပေါ်လာသည်။

"မာရီယွန်ကို ကျွန်မ မတွေ့မိဘူး ထင်တယ်..."

အရှိန်လျှော့ကာ လက်ယာဘက်သို့ကွေ့၏။ လမ်းဖြောင့်အတိုင်း တည်မိမှ ငဲ့ကြည့်ကာ ပြုံး၏။ ကက်ဆက်ကို တိုးလိုက်၏။ ကြားရရုံမျှသာ အသံကျန်သည်။

"ကျွန်တော် ဖိတ်ပါတယ်... သူလာလို့ မဖြစ်မှန်းလည်း ကျွန်တော် သိပါတယ်... ဝင်းဇင်ကိုလည်း ဖိတ်ပါတယ်... သူလည်း မာရီယွန်လိုပါပဲ... သူ့အဘိုးကြီးနဲ့ ကျွန်တော့်အဘိုးကြီးက သိပ်ကို တင်းမာနေကြတဲ့ အခြေအနေမှာ ရှိတယ်လေ..."

"သြော်..."

သူ အာမေဋိတ် ပြုလိုက်သည်။

"ကျွန်တော် မနှင်းဖွေး လာဖြစ်မယ်လို့ မထင်တာ အမှန်ပဲ... ဘာဖြစ်လို့လဲဆိုတော့ မျက်နှာချင်း မဆိုင်ချင်တဲ့သူချင်း မလွဲမရှောင်သာ ဆိုင်များ ဆိုင်ရမလားလို့ မနှင်းဖွေး တွေးမှာမို့လို့..."

နောက်မှီထားရာမှ ကိုယ်ကို မတ်လိုက်သည်။

"ကိုစိုးလင်းဇော် အဲသလို ထင်မှာစိုးလို့ လာဖိတ်တဲ့နေ့က ကျွန်မ ဘာမှမမေးခဲ့တာပါ... သူတို့ကော လာကြမှာလား... ဘာလားလို့... ကျွန်မမေးမိရင် မကောင်းဘူးလေ... မလာစေချင်တဲ့ သဘောနဲ့ မေးတာမျိုးဖြစ်မှာလည်း စိုးတယ်... တကယ်တော့ ကိုဝင်းဇင်လာလည်း... ဘာဖြစ်လဲ ကိုစိုးလင်းဇော်..."

စိုးလင်းဇော် ခေါင်းအညိတ်နှင့် နှစ်ချိုက်စွာရယ်သံမှာ တစ်ပြိုင်နက်တည်း။

"ဟာ မနှင်းဖွေး အများကြီး ပြောင်းလဲလို့ပါလားဗျ..."

အောင်ငြိမ်း၏ ခေါင်းတစ်ချက်အညိတ်ကို မြင်သည်။ နီနီက သူ့ကို ပြုံးပြသည်။

"ဒီလိုပေါ့ ကိုစိုးလင်းဇော်ရယ်... လူတွေအကြောင်းကို ကျွန်မ တော်တော် နားလည်လာနိုင်ပြီပဲ... ကျွန်မ နည်းနည်း သတ္တိရှိလာပါပြီ... သူ့ကိုလည်း ကျွန်မ ရင်ဆိုင်ရဲတယ်...

သူ့မာမီကိုလည်း ရင်ဆိုင်ရဲတယ်... မာရီယွန်နာမည်ကို ထည့်ထည့်ပြောရတာတော့ အားနာလှပါတယ်..."

စိုးလင်းဇော်က နောက်ကြည့်မှန်မှတစ်ဆင့် သူ့ကိုကြည့်သည်။ ရှေ့မှလာနေသော ကုန်တင်ကားမီးရောင်ဖြင့် မြင်သည်။ စိုးလင်းဇော်က ခေါင်းခါသည်။

"မလိုပါဘူးဗျာ... ဒါပေမဲ့ ခင်ဗျားတို့ကိစ္စမှာ မာရီယွန်က ကြားနေသမားပဲ..."

"ကျွန်မသိပါတယ်... ဘေးလူတွေကို ခဏဖယ်ထား... ကိုဝင်းဇင်ကိုပဲ ကျွန်မအဓိကထားပြီး ပြောတာပါ... ကျွန်မက သူ့မျက်နှာကို ကြည့်ရဲပါ တယ်... ကျွန်မမျက်နှာကို မကြည့်ရဲတာက သူ။ သူရှိရာအရပ်ကို လိပ်ပြာသန့်သန့်နဲ့ သွားရဲပါတယ်... မလာရဲမှာက သူပါ... အပြစ်ရှိတဲ့သူ အဖို့တော့ ကိုယ့်အပြစ်က ကိုယ့်ကိုလှန့်နေမှာပဲ... အဲသလိုပဲ ကျွန်မသိတယ်..."

"ကျွန်တော် မနှင်းဖွေးကို အံ့သြသထက် အံ့သြလာတယ်ဗျာ... မှန်တယ်... မနှင်းဖွေး ပြောတာ မှန်တယ်... ဟိုးအရင်ကတည်းက အဲသလို စိတ်ဓာတ်မျိုးနဲ့ ရှိစေခဲ့ချင်တာဗျ..."

သူဘာမှပြန်မပြော။ စကားဖြတ်ပြီး ကျောမှီသည်။ နီနီက သူ့လက်ဖဝါးကို လှမ်းဆုပ်သည်။ နီနီနှင့် ပခုံးချင်းထိအောင် ရွှေ့ထိုင်သည်။ သူ့ကို နီနီက ကြည့်သည်။ အားရသောအကြည့်။ မွေးနေ့ အခမ်းအနားသွားရန် ပြင်ဆင်နေစဉ်ကပင် မနှင်းဖွေးစိတ်ဓာတ်ကို မြင်သည်။

"ရေမွှေးရှိလား..."ဟု မနှင်းဖွေး မေးသည်။

"မနှင်းဖွေး အဝတ်သေတ္တာထဲက ရေမွှေးနဲ့ စပရေးကော ကုန်ပြီလား"ဟု နီနီ မေးပြောပြောခဲ့သည်။

"သူပေးထားတဲ့ လက်ဆောင်တွေ မသုံးချင်ဘူး..."ဟု မနှင်းဖွေးက သံပြတ်ဖြင့်ဖြေသည်။ နီနီအိမ်ပြန်ပြီး ရေမွှေးပုလင်း ယူပေးခဲ့သည်။

"ဦးလေးတို့... အဒေါ်တို့တော့ စိတ်ပူကြမှာပဲ..."

ရောက်ရန် သုံးလေးမိုင်အလိုတွင် စိုးလင်းဇော်ပြောသည်။

"ခုနစ်နာရီ၊ ရှစ်နာရီခွဲတော့ ပြန်ရောက်မယ်လို့ ကျွန်မတို့ပြောခဲ့တာပဲ..." နီနီက ပြောသည်။

"လာခေါ်တုန်းက လမ်းတစ်လျှောက်မှာ ကျွန်တော်တို့ကို လှမ်းလှမ်းကြည့်တဲ့ မျက်လုံးတွေကို မေ့မယ် မထင်ပါဘူးဗျာ..." စိုးလင်းဇော်က ပခုံးတွန့်ကာ ပြန်ပြောသည်။ မနှင်းဖွေး ရယ်လိုက်သည်။

"အမေက ဒါတွေကြိုတွေးပြီး ပြောတာနဲ့တူပါတယ်... အိမ်ရှေ့မှာ အဖိုးတန်ကား ထိုးရပ်ထားရင် ကြက်သီးထတယ်တဲ့..."ဟု ရယ်သံရောၡ ပြောသည်။ အောင်ငြိမ်း၏ရယ်သံက ခပ်ဝှက်ဝှက်။

"ပြောမယ်ဆိုလည်း ဒေါ်လေး ပြောလောက်ပါတယ်..."ဟု နီနီက ဝင်ပြောသည်။

"ကိုစိုးလင်းဇော်ရဲ့မွေးနေ့ကို မနှင်းဖွေးလိုက်လိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ဘူး... မနှင်းဖွေးတို့ အိမ်ရောက်မှ ဖြိုးလိမ်းနေတာတွေလို့ ဩော်... ဒီတော့မှ လိုက်ဖြစ်ပါလားလို့ သိတော့တယ်..."ဟု အောင်ငြိမ်းပြော၏။

မနင်းဖွေးရယ်သံက တိုးတိုးညင်ညင်။ အောင်ဖြိမ်းက မနင်းဖွေးထံမှ မျက်လုံးရုပ်သည်။ ကားမှန်ကို ထွင်းလာသော အလင်းတန်းကြောင့် အမြင်တွေ မှုန်မှုန်ပြာပြာ။ အလင်းစူးစူးတွေကြောင့် လျှို့တွေကို မမြင်။ မနင်းဖွေး၏ မျက်နှာကို မြင်လျက်ရှိသည်။ ကတ္တရာလမ်းကို မမြင်။ အဖြူထည် ဝတ်စုံနှင့်လှနေသော မနင်းဖွေးကို မြင်နေသည်။

"ပြောမလို့ဟာ မေ့နေတယ်..."

မြို့သို့အဝင်တွင် စိုးလင်းဇော်က သူ့ကိုယ်သူ ပြောသကဲ့သို့ ပြော၏။ "ဘာကိုလဲ ကိုစိုးလင်းဇော်..." နီနီက မေး၏။ "ခင်ဗျားတို့ ကျွန်တော့်အတွက် ဘာမှ ဆုတောင်းစကား မပြောကြသေးဘူးလေ..."

မနင်းဖွေးက "အင်း ဟုတ်ပါရဲ့... ကဲ... ကျွန်မက အရင်စပြီး ဆုတောင်းပေးမယ်... ဝါမဝင်ခင် စွံပါစေလို့..."

စိုးလင်းဇော်က ရယ်သည်။ ကက်ဆက် ပိတ်လိုက်သည်။ နီနီက ...

"နီနီကလည်း မနင်းဖွေးလို ဆုတောင်းပါတယ်..."

"ကျွန်တော်က ကိုစိုးလင်းဇော်မွေးနေ့ပွဲကို လာပါရစေလို့ပဲ ပြောချင်ပါတယ်..."

မြို့လယ်သို့ ရောက်၏။ စိုးလင်းဇော်က ခလုတ်တစ်ခုကို လှမ်းနှိပ်၏။ ကားအတွင်း၌ လင်းသွားသည်။ လမ်းဘေးတွင် သွားလာနေသူတွေ၊ ဈေးဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ ရှေ့မှ ဖြတ်လာသည်။ ကားအရှိန်ကို လျှော့ချလိုက်သည်။ မျက်လုံးတော်တော်များများကို လှစ်ခနဲ တွေ့ခဲ့ရသည်။ ရပ်ကွက်သို့ဝင်လာရာ လမ်းထိပ်သို့ရောက်သော် အရှိန်ပိုလျှော့သည်။ ရပ်ကွက်ထဲက လူကြီးလူငယ်တွေ အသွားအလာ များနေချိန်ဖြစ်၍ ကားကို လှမ်းကြည့်သည်။ ကားထဲသို့ မျက်လုံးကစားသည်။

ခြံရှေ့သို့ရောက်လာ၏။ ကားမီးအစုံက ဖြူဖွေးစွာထိုးလျက်ရှိ၏။ ခြံဝတွင် ခေါင်းတည်ကာ ရပ်သည်။ လမ်းလျှောက်နေရာမှ ခြေစုံရပ်လိုက်သော အဖေ့ကို တွေ့ရလေသည်။

*****

## အခန်း(၁၆)

"သမီးကျောင်းပြန်တက်မယ် အဖေ"

ထန်းပင်ပက်လက်ကုလားထိုင်တွင် ထိုင်မည်ပြုပြီး အဖေရပ်လျက်နေသည်။ လက်ထဲရှိ စာအုပ်ကို ကိုင်ထားပြီး သူ့ကိုကြည့်လေသည်။

"ကောင်းတာပေါ့ သမီးရယ်... တလောတုန်းက အဖေ တိုက်တွန်းခဲ့သေးတာပဲ"

သူက သစ်ပုံ အမိုးအောက်သို့ ဝင်သည်။ အောက်ဆုံးသစ်က အပြင်သို့ တစ်တောင်ကျော်ကျော် ရှည်ထွက်နေသည်။ ထိုင်လိုက်ရင်း...

"နေ့ကျောင်းတော့ မတက်တော့ဘူး... ညကျောင်းတက်မယ် စိတ်ကူးတယ်..."

"ညကျောင်းလည်းကောင်းတာပဲ... မိုးတွင်းတော့ သွားရေးလာရေး နည်းနည်း ကသီမှာပေါ့... အဖေ ကျောင်းအလွှတ် လာကြိုလည်းရတာပဲ..."

စကားတစ်ဝက်တွင် ကုလားထိုင်တွင် ထိုင်သည်။ စာအုပ်ကို ပေါင်ပေါ် တင်သည်။
"ညည်းအမေကို ပြောပြပြီးပြီလား..."
"ပြောမပြရသေးဘူး..."
"ညည်းအမေ ဝမ်းသာမှာပါ..."
"ကျကျနန စာကြည့်ရင် အောင်မှာပါ"
ခေါင်းညိတ်ပြသည်။

"သမီးက ဉာဏ်လည်း ကောင်းတယ်... ဝီရိယလည်း ရှိပါတယ်... မနစ်တုန်းကတော့... အင်းလေ... ထားလိုက်ပါ... သမီး ပညာရေးဘက်မှာ စိတ်မဝင်စားတော့ဘူးလို့ အဖေ မှားတွက်မိတယ်... အခုမှပြောတော့ စကားသက်သက်အဖြစ် သမီးထင်မယ်... သမီးမျက်နှာ မမြင်ခင်က အဖေ ပြောခဲ့ဖူးတယ်... ညည်းအမေကို ခုသွားမေးကြည့်... မွေးပြီးရင် အဖေတို့ ကလေးထိန်းမယ်... သမီးကို ညကျောင်းဖြစ်ဖြစ်၊ ကျူရှင်ဖြစ်ဖြစ် ပြန်တက်ခိုင်းမယ်လို့..."

ကျောင်းပြန်တက်ရန် မည်သည့်အကြောင်းကြောင့် သိန္နိဋ္ဌာန်ချခဲ့သည်ကို ပြောမပြခဲ့။ အဖေ့အသံက အားတက်သရော ရှိလှ၏။ မနစ်ကအကြောင်းကို မေ့မှား စကားစခဲ့သည်။ ချက်ချင်း ဖယ်ပစ်သည်။

"အရင် အဖေပြောတုန်းက သမီးမဖြေတာ ကျောင်းတက်ချင်စိတ် မရှိတော့လို့ မဖြေခဲ့တာ မဟုတ်ပါဘူး... လူတွေအများကြီးရှိတဲ့ နေရာကို သွားချင်စိတ် ရှိကိုမရှိခဲ့လို့ပါ... အဖေသိမှာပါ..."

ပခုံးပေါ်ရှိ စွပ်ကျယ်ကို ကုလားထိုင်နောက်မှီစွန်းတွင် ချိတ်ရင်း...
"အဖေက အမေနစ်ပဲဥစ္စာ... သိတာပေါ့သမီးရယ်... ဒါဖြင့် ခုတော့ သမီးဒါတွေကို ရင်ဆိုင်နိုင်ပြီဆိုပါတော့..." ပြုံး၍ ဦးညွှတ်ပြလေသည်။

"အဖေ တော်တော် အားရှိလာတယ်... ဒီလိုပဲဖြစ်ရမှာပေါ့... သမီးမှာ အတွေ့အကြုံတွေ အများကြီးရှိလာပြီပဲ... အဆန်းတကြယ် အံ့ဩစရာ ဘာရှိသလဲသမီး... သေကွဲတို့၊ ရှင်ကွဲတို့ ဆိုတာကကော ဘယ်လောက်ကြီးကျယ်လို့လဲ... သမီး ပြန်စဉ်းစားကြည့်... လူတကာကြုံဖူးကြတဲ့ အရာတွေ၊ ဖြစ်နေကျ ကိစ္စတွေ..."
"ကြုံခါစတော့ တုန်လှုပ်တတ်တာပေါ့လေ... ခံစားရမှာပဲ... သဘာဝကိုး... ဒါပေမယ့် တုန်လှုပ်နေရင်းနဲ့ ဘဝတစ်ခုလုံး အချိန်ကုန်သွားမှာ အဖေ စိုးရိမ်ခဲ့တယ်... ခံစားရတဲ့ဝေဒနာနဲ့ပဲ ဘဝကို လျစ်လျူရှုပစ်မှာ အဖေစိုးရိမ်ခဲ့တာ အမှန်ပဲ..."

သူပြုံးသည်။
"အခုတော့ အဖေစိုးရိမ်သလို မဖြစ်တော့ဘူးလို့..."
"ဟာ... ဘယ်စိုးရိမ်တော့မလဲ သမီးရဲ့... အမေနစ်ရဲ့ သမီးပဲဟာ... မဟုတ်ဘူးလား..."

သူ့စကားကိုဖြတ်ကာ ခြေဟန်လက်ဟန်နှင့် ပြောသည်။

"နောက်ပြီးတော့..."

"ပြောလေ သမီး"

ဆုတ်ဆိုင်းဆိုင်း ဖြစ်နေ၍ အဖေက စကား ဝင်ထောက်ပေးသည်။ တကယ်တမ်း ပြောမည့်အခါ ခဲယဉ်းချင်သည်။ ပြောသင့်သည်မှာ မှန်ငြား၊ ကြားလျှင် ဝမ်းသာမည် အတပ်သိငြား မရွံ့မရဲ ဖြစ်နေသည်။

"ပြောမယ်စိတ်ကူးတာ ကြာပါပြီ.... တခြားတော့မဟုတ်ပါဘူး... သမီးဘဝမှာ နောက်နောင် အဖေတို့ စိတ်ဆင်းရဲစရာ၊ မျက်နှာပျက်စရာ အဖြစ်မျိုး ဘယ်တော့မှ မဖြစ်စေရပါဘူးလို့ ပြောမလို့ပါ..."

စကားလုံးတွေက အဖေ့ရင်ကို မည်သို့ဖြစ်စေသည်ကား မှန်းမရ။ စိတ်အနှောင့်အတား ကင်းသော မျက်လုံးကိုကား သူမြင်၏။ တစ်ခွန်းပြောသည်။

"သမီး ဖွင့်မပြောခင် ဒီသဘောမျိုး သမီးမှာ ရှိနေပြီဆိုတာတော့ အဖေ သဘောပေါက်ခဲ့တယ်..."

*****

## အခန်း(၁၅)

ကျောင်းစာအုပ်တွေ စုံသလောက်ဖြစ်နေပေပြီ။ ပြဋ္ဌာန်းစာအုပ် အပြောင်းအလဲ သိပ်မရှိ။ စာရင်းကိုင်တစ်ခု လျော့သွားမည်ဟု ကြားသည်။ ကော်ပီစာအုပ် တစ်ဒါဇင်လောက်တော့ ထပ်ဝယ်ရဦးမည်။ ကျောင်းပြန်တက်မယ်ဟူသော စကားကြောင့် အောင်ငြိမ်းနှင့် နီနီတို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ကျောင်းထွက်လက်မှတ်ကိစ္စ၊ လူငယ်ရေးရာ ညကျောင်း ဝင်ခွင့်ကိစ္စအားလုံးကို အောင်ငြိမ်းက အပြီးအစီး စီစဉ်ပေးသည်။ နီနီက မြန်မာစာအတွက် စကားပြေမှတ်စုနှင့် ကဗျာမှတ်စုတွေ ပြန်ရှာပြီး လာပေးသည်။ ကိုယ့်မှတ်စုစာအုပ်တွေ ပြန်ရှာသောအခါ သမိုင်းမှတ်စုစာအုပ်က နောက်ပိုင်းတစ်အုပ် လိုနေသည်။ ပထဝီစာအုပ်ကတော့ အပြည့်အစုံရှိသည်။ အောင်ငြိမ်းက သူ့မှတ်စုစာအုပ်တွေ အကုန်လာပေးသည်။ ကိုယ့်မှာမရှိသည်နှင့် ဖြည့်သောအခါ စုံစုံလင်လင်ဖြစ်သွား၏။ စာအုပ်တွေကို မြင်သော် ရင်ထဲမှာ ကျေနပ်သည်။ ကျောင်းသူဘဝ၏ ပျော်ရွှင်မှုကို စိတ်ကူးဖြင့် ပြန်လည်ရသည်။ စာသင်ခန်းကို မှန်းဆကြည့်သည်။

ဗီရိုရှေ့မှ ထလိုက်သည်။ အပ်ချုပ်စက်တစ်လုံး၏ လည်ပတ်သံကိုသာကြားရ၏။ မှန်ထဲမှာတစ်ဆင့် အရိပ်ကိုကြည့်သည်။ အဖေ စက်ခုံမှထ၏။ လက်ဖက်ရည်ကြမ်းဗန်းရှေ့တွင် ထိုင်သည်။

"ကျောင်းစာအုပ်တွေ စုံပြီလား သမီး... မနက်ဖြန် ကော်ပီစာအုပ်တွေ အဖေ သွားဝယ်ပေးမယ်"

"လောလောဆယ် တစ်ဒါဇင် ရှိတာပဲ...အဖေ... နှစ်ဝက်လောက်ကျမှ လိုမှာပါ... ဖတ်စာအုပ်ကတော့ စုံနေပြီ..."

"နောင်ဝယ်ရမယ့် အတူတူ ခုဝယ်ထားလည်း အေးတာပဲ... ဘယ်နေ့ ကျောင်းစတက်ရမယ်..."

"ဆယ့်တစ်ရက်နေ့..."

"တစ်ပတ်... အင်း... ခြောက်ရက်လိုသေးတာပေါ့..."

ဖန်ခွက်ထဲသို့ အကြမ်းငှဲ့သည်။ ပလုံသံ မြည်နေသည်။

"ကျောင်းစာလည်းဖတ်၊ အပြင်စာလည်း ဗဟုသုတအဖြစ် ဖတ်... သမီးက အပြင်စာ အဖတ်နည်းလွန်းတယ်..."

စားပွဲပေါ်ရှိ ချုပ်ပြီးစအထည်ကို မီးပူတိုက်ရန် ဆွဲဖြန့်ကာ အဖေ့ကို ပြန်ပြောသည်။

"ဖတ်ပါတယ် အဖေရဲ့..."

အကြမ်းကရားကို ဗန်းထဲသို့ ပြန်ချပြီးနောက်....

"ဖတ်ပေမယ့် နည်းလွန်းတယ်... အဖေက အလုပ်တစ်ဖက်နဲ့မို့လို့... ဒါတောင် နှစ်ရက်တစ်အုပ်၊ သုံးရက်တစ်အုပ်တော့ ဖတ်နိုင်တယ်... အငှားဆိုင် နှစ်ဆိုင်စလုံးက အဖေ့ကို အားနာလို့နဲ့တူတယ်... သူများ တစ်ရက်ဆယ်ပြားကို အဖေ့ဆို ငါးပြားနှုန်းနဲ့... တချို့စာအုပ်ကို တစ်ဝက်မက လျှော့တယ်... အင်မတန် အဖတ်နည်းတဲ့ကျမ်းတွေ၊ ဘာသာပြန်တွေဆိုရင် တစ်ခါတလေ ယူတောင်မယူဘူး..."

စက်ချုပ်သံ ခေတ္တရပ်သွားသည်။ အမေက မျက်မှန်ကို ကျော်ကြည့်ကာ "ရှင်က သမီးကို စာဖတ်... စာဖတ်နဲ့... အိမ်ရှိတဲ့ စာအုပ်တွေကျတော့ စာကြည့်တိုက်အတွက် သွားလှူပြီးတော့ အငှားဆိုင်ဖတ်ခကလည်း တစ်နေ့တစ်နေ့ နည်းလား..."

ရေနွေးကြမ်းကို မှုတ်ကာ တစ်ကျိုက်သောက်၏။ ပြီးမှ...

"မင်းဆီက ငါမတောင်းပါဘူး... ငါ့အတွက် မင်းပေးတဲ့ဆေးလိပ်ဖိုး မုန့်ဖိုး နှစ်ကျပ်ထဲက ငါသုံးတာပါ... စာကြည့်တိုက်အတွက် အကုန်လှူတာမှ မဟုတ်ပဲ... ပါရဂူတို့၊ ဆန်းထွန်းတို့၊ ကျော်အောင်တို့ စာအုပ်တွေ လှူမှမလှူခဲ့တာ... ဗန်းမော်တင်အောင်ရဲ့ ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်းတို့၊ လူ၏မူလအစတို့၊ ရာဇဝင်ရေးရုပ်ဝါဒတို့က ဘယ်သူရေးတာပါလိမ့်... အဲဒါတွေရှိသားပဲ... ကျော်လင်းစာအုပ်တိုက်နဲ့ ပြည်သူ့စာပေစာအုပ်တိုက်က ဘာသာပြန်တွေ တစ်အုပ်မှ မလှူခဲ့ဘူး... ဪ ဒါထက်... ညည်းဘကြီးဗှားသွားတဲ့ ဇော်ဂျီရဲ့ ပလေတိုးနိဒါန်းကော ပြန်ရပလား.."

သူ ခေါင်းညိတ်သည်။ အမေက စက်နင်းရင်း...

"ဒါတွေ သမီးမပြောနဲ့... ကျုပ်တောင် နားမလည်ဘူး... ဝတ္ထုတွေ ရှင်လှူပစ်တာ အများကြီး..."

"ရှိပါသေးတယ်ကွာ... အခန်းထဲက ထင်းရှူးသေတ္တာထဲက အများကြီးကျန်သေးတယ်... မောင်ထင်ရဲ့ ကမ္ဘာ့ဝတ္ထုဘာသာပြန်ရော၊ သိန်းဖေမြင့်ရဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ရော ရှိပါတယ်... လင်းယုန်နီဥစ္စာတွေလည်း ရှိသေးတာပဲ... အောင်လင်း၊ ခင်နှင်းယု၊ အင်း... ခင်ဆွေဦးရဲ့

ဒို့တိုင်းဌာနီ၊ သာဓုရဲ့ အတာ၊ သခင်မြသန်းလည်း ရှိတယ်... အုပ်ကို လေးငါးရှစ်ဆယ်... ဝတ္ထုရော၊ တခြားစာရော ဖတ်ရတယ်ကွ... ခုနဟာတွေကို နားမလည်ရင် ထပ်ဖတ်... ထပ်ဖတ်တော့ နည်းနည်းနားလည်... တစ်ခါထပ်ဖတ်... ဒါမှပေါ့...၊ နားမလည်လို့ မဖတ်၊ မဖတ်တော့ ဘယ်တော့နားလည်မလဲ... စာဖတ်တာ အလေးမ,လေ့ကျင့်သလိုပဲ... စ,ခါစတော့ နည်းနည်းနဲ့၊ နောက် ငါးပေါင်တိုး၊ ဆယ်ပေါင်တိုး တိုးရင်ရတာပဲ... အဲသလိုပေါ့..."

အမေက စက်ချုပ်မြဲ စက်ချုပ်နေသည်။ သူက လျှပ်စစ်မီးပူကို အခင်းတွင် တိုက်ပြီး အပူချိန် စမ်းသည်။ ကောင်းစွာမပူသေး၍ အနောင့်ဖြင့် ထောင်ထားလိုက်၏။

"ထင်းရှူးသေတ္တာထဲက စာအုပ်တွေတော်တော်များများ သမီးမဖတ်ရသေးတာရှိတယ်... ဖတ်တော့ဖတ်မှာပါ..."

"အချိန်အား ရအောင်ယူပြီး ဖတ်နိုင်သလောက်သာ ဖတ်... ဖတ်ချင်တာဖတ်၊ မုဆိုးစိုင်သင် ဆိုသလိုပဲ... စာအုပ်တွေက သင်လာလိမ့်မယ်... အဖေတို့လူမျိုးမှာ စာဖတ်တဲ့အလုပ်ဟာ ကျောင်းသားရယ်၊ ဘုန်းကြီးရယ်၊ ပညာရှိကြီးတွေရယ်သာ လုပ်တဲ့အလုပ်လို့ အထင် မပျောက်သေးဘူး... သူများလူမျိုးနဲ့ ယှဉ်ရင် နည်းနည်း အောက်ကျနေသေးတာပေါ့... ကျန်ခဲ့တဲ့ လဆန်းတုန်းက မြစ်မခဘက်က အဖေ့မိတ်ဆွေတွေ ခေါ်လာလို့ အင်္ကျီလာအပ်တဲ့ မိသားစုကို ကြည့်ပါလား... စာအုပ်နှစ်ဆယ်အစိတ်လောက်ကို ဗီရိုထဲမှာ မြင်တာနဲ့... ဟာ ဘုတ်အုပ်တွေ များလှချည်လား... ဘာစာမေးပွဲဖြေမယ့်လူ ရှိသလဲတဲ့... စာပြန်ပွဲဝင်တဲ့ သံဃာတွေကို ရွာမှာတွေ့တဲ့အခါ စာအုပ်တွေအများကြီးနဲ့ တွေ့ရတာကိုး..."

အင်္ကျီမီးပူထိုးရင်း သူလှည့်၍ပြောသည်။

"သမီးမှတ်မိတယ်... တစ်ယောက်မှ ဖိနပ်မစီးပဲ လာကြတာကိုလည်း မှတ်မိတယ်..."

အမေက တစ်ချက်ရယ်ရင်း....

"ကိုယ်မှာ ဝတ်ထားတာ လှိုင်းကြီးကော၊ လှိုင်းလေးကော၊ ဖော့နဲ့ လက်ပတ်နာရီနဲ့... ဖိနပ်မဝယ်နိုင်တာမှ မဟုတ်ပဲ... စီးကျင့်မရှိလို့ နေမှာပေါ့..."

ရေနွေးတစ်ဖန်ခွက် ထပ်ငှဲ့ပြီး အဖေပြောသည်။

"အဲဒါကြည့်... ဖိနပ်ကို ကျန်းမာရေးအတွက် စီးတာလို့ သဘောမပေါက်သေးဘူး... တချို့ကျတော့လည်း မဝယ်နိုင်လို့ဖြစ်မပေါ့... ဘာတွေပြောပြော သမီး... ဒီတစ်ချက်ကပဲ အဖေတို့လူမျိုးအတွက် လုပ်သင့်လုပ်ထိုက်တာတွေ အများကြီးကျန်နေသေးတယ်ဆိုတာ... ဝမ်းကိစ္စကော၊ စာပေပရိယတ္တိကိစ္စကော..."

အမေကလှည့်မကြည့်။ အသံမြှင့်၍ပြောသည်။

"ရှင့်ကိုပြောရဦးမယ်... စာကြည့်တိုက်အတွက် လူရွေးတုန်းက ဆိုလား... ရှင်က ကိုဘဒွန်းကို ဥက္ကဋ္ဌအဖြစ် တင်တယ်ဆို..."

"အေးလေ... ဘာဖြစ်လို့လဲ..."

"မနစ်ကလား... တစ်နှစ်ကလား.. ရှင်တို့စာကြည့်တိုက် လုပ်ခါစက ဘာလို့ လုပ်စရာလိုလဲ... လူတွေ စာကြည့်တော့ကော ဘာဖြစ်လဲ... အလကား မျက်စိညောင်း၊ ငွေကုန်တဲ့အလုပ်လို့ အဲဒီ ကိုဘဒွန်းက ပြောဖူးတယ်ဆို..."

"သဘောမပေါက်ခင် ပြောတဲ့ဟာပဲ... ခု သူစိတ်ဝင်စားလို့ စာကြည့်တိုက်မှာ ဝင်လုပ်ချင်တယ် ဘာတယ် ပြောလာပြီပဲ... ပြီးတော့ အသက်အကြီးဆုံး... လုပ်ချင်တယ် ပြောတာပဲ... ငါက ကျေးဇူးတင်လို့ပြီ..."

"ဒီတော့ ကျန်တဲ့သူတွေနဲ့ ရှင်နဲ့ အတိုက်အခံဖြစ်ရတာပေါ့..."

"ကိုဘဒွန်းက အဲဒီတုန်းက ဂွစကားပြောတာမဟုတ်ဘူး... စိတ်ထဲရှိတဲ့အတိုင်း ပြောတာ... ငါ သူ့ကိုပြောပြတယ်လေ... စာဖတ်တာ ပိုက်ဆံ ကုန်တာလဲမှန်တယ်... ငွေကုန်တာလဲမှန်တယ်... ဒါပေမဲ့ အနည်းဆုံးအမြတ်တစ်ခု ရမယ်လို့...၊ ဘာလဲတဲ့... သူမေးတယ်လေ... ကိုယ့်ဘဝကို ပီပီသသ နေထိုင်ချင်စိတ် ပေါ်တာပေါ့ဗျာလို့... ငါဖြေတော့ ငါ့ကို ငေါက်တောင် ငေါက်လိုက်သေးတယ်... ကြီးကြီးကျယ်ကျယ်တွေ ပြောမနေစမ်းပါနဲ့တဲ့... ရိုးရိုး ပြောစမ်းပါတဲ့... ဒီတော့ငါက မိလ္လာသိမ်းတဲ့သူက မိလ္လာအကုန်မသိမ်းဘူး... လမ်းတလျှောက်ညစ်ပတ်အောင် အဖိတ်အကျန်နဲ့ မသေမသပ်လုပ်ရင် ခင်ဗျား သဘောကျမလားလို့ ငါမေးတယ်... သူကခေါင်းခါတယ်... နေမကောင်းလို့ ဆေးရုံသွားပြတဲ့အခါ ဆေးရုံကအမှုထမ်းတွေက ခင်ဗျားကို အော်ဟယ်ဆူဟယ် ဆက်ဆံရင် ခင်ဗျားကြိုက်မလားလို့ ငါမေးတယ်... သူခေါင်းခါတာပဲ... ဒါဖြင့် လူအများအတွက် စိတ်ကောင်းရှိရှိ တာဝန်ကျေကျေ လုပ်ကြရင်ကောလို့ ငါမေးတယ်... ကောင်းတာပေါ့... ကြိုက်တာပေါ့တဲ့... ငါက စာတွေဖတ်ရင် အဲသလို သိလာကြမယ်လို့ ပြောပြတယ်... ဒါတောင် ဘဝင် တယ်ကျတဲ့ပုံမပေါ်ဘူး... မောင်ထင်ရေးတဲ့ အလံနီရယ်၊ ဇော်ဂျီရဲ့ စစ္စကိုမြို့ကသူဌေးကြီးရယ်၊ ပါရဂူရဲ့ စိတ္တရလေခါရယ်... နောက်နေ့ကျတော့ သွားပေးလိုက်တယ်... အဲဒီကစ စာဖတ်စိတ်ဝင်တော့တာ..."

အမေက အပ်ချည်နှစ်မျှင်ကို ကပ်ကြေးဖြင့် ဖြတ်ချသည်။ အင်္ကျီကို သူ့ထံလှမ်းပေးသည်။ အဖေ့ဘက်သို့ မျက်နှာမူကာ...

"ရှင့်နယ် ပင်ပန်းလိုက်တာ..."

"ငါတော့ဘယ်လိုမှ မနေပေါင်ဗျာ... တစ်ယောက်နဲ့တစ်ယောက် နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း ရှိရမပေါ့... ဒါကနှုတ်နဲ့... ငါပေးဖတ် တာတွေ ဆယ်ရက်လောက်ကြာတော့ ဖတ်ပြီး ပြေးလာတာပဲ... ခင်ဗျားပေးတာတွေ မဆိုးဘူးဗျ... ကျုပ်တို့ တစ်ခါတစ်လေ စဉ်းစားတွေးမိတာ ရေးထားတာပဲ... ကျုပ်တို့ စဉ်းစားတာက မှုန်မှုန်မွှားမွှား... စာထဲကျတော့ ရှင်းနေတာပဲတဲ့... ဒီတင် ငါ့ထက်စာဖတ်တဲ့ ဦးညိုကြီးနဲ့ ဆုံပေးလိုက်တော့တယ်... သူလိုလူကို စာကြည့်တိုက်မှာ ဥက္ကဋ္ဌခန့်အောင် ငါ မနည်း နောက်ပိုင်းက လိုက်ပြောယူရတယ်... လူငယ်တွေက သဘောပေါက်ပါတယ်... လူကြီးတွေကတော့ သူ့အရင် ပြောထည့်လိုက်တဲ့ စကားကို အမှတ်ထားကြတာကိုး..."

ရှပ်အင်္ကျီလက်ကို မီးပူတိုက်ရင်း သူဝင်ပြောသည်။

"ဟိုအဖိုးကြီးကော အဖေတို့ စာကြည့်တိုက်မှာ ပါသေးလား..."

"ဘယ်သူလဲ..."

"ဘကြီးကံထွန်းနဲ့ စကားပြောရင်း တစ်ခါ စကားများကြတဲ့ အဖိုးကြီးလေ..."

ကျောကို လက်ပြန်ကုတ်ရင်း စဉ်းစားလိုက်ပြီးမှ...

"သြော်... ဦးပါကြီး... ဦးပါ... ဦးပါ..."

"ဟုတ်တယ်... ဟုတ်တယ်... ဦးပါ.."

"အဲ... သူကလည်း တစ်ပြသနာ... အတွင်းရေးမှူးနေရာနဲ့ စာကြည့်တိုက်မှူးနေရာကို သူတို့ နှစ်ယောက်စလုံးကို ခန့်စေချင်တယ်... အဖေတို့က ရန်ကုန်တက္ကသိုလ်က စာကြည့်တိုက်သင်တန်းလား၊ ဘာလား... အဲဒီက အောင်လာတဲ့ မောင်ချစ်ကို အဖေတို့က အတွင်းရေးမှူး ခန့်စေချင်တယ်... အဲဒါလည်း အတိုက်အခံပြောရတယ်... သူတို့ကို စာကြည့်တိုက်မှူး မခန့်တာ သိပ်သဘောမကျဘူး... လူတွေကလည်း ခက်ပါတယ်... မတတ်ပဲနဲ့ လုပ်ချင်ကြတယ်... အဖေတို့ကတော့ ဝေးသေးတယ်... ကိုယ်တတ်တာက နွားခွာနာလျှာနာ နိုက်တတ်တာ.. ကားပျက်နေတာဝင်ပြီး နားမလည်ဘဲ ကလိရင် ပိုတောင်ပျက်ဦးမယ်... ခက်ပါတယ်..."

အမေက ခါးအညောင်းဆန့်ကာ တစ်ချက်မဲ့သည်။

"အဲဒီဦးပါကြီးမဟုတ်လား... ငါးဦးကော်မတီ ခေတ်ကတည်းက ရှုပ်နေတာ... နေရာတကာပဲ..."

"အိုကွာ... ဒါတွေပြောမနေပါနဲ့... ရွာတစ်ရွာမှာ စုန်းပြူးတော့ တစ်ယောက်တစ်လေပါမှာပေါ့... ဆူဆူညံညံနဲ့မှ ပိုပြီးစည်တာပေါ့... နို့မဟုတ်ရင် ပျင်းစရာကြီး..."

"ကျွန်မတော့ မပျင်းပေါင်.. နားအေးပါးအေးပဲ နေချင်တယ်... ကိုယ့်အလုပ်လည်း ပျက်တယ်..."

အဖေက နဖူးကြောတွန့်လိုက်သည်။

"ငါက ငါ့အိမ်အလုပ်ပစ်ပြီး မလုပ်ပါဘူးကွာ... ခုအတိုင်းလည်း နားအေးပါးအေးပါပဲ... လူတွေထဲနေတော့ လူ့အသံဗလံတော့ မကြားချင်လည်း ကြားရမှာပေါ့... မဟုတ်လား..."

"ကျွန်မတော့ နားညည်းတယ်..."

"ငါ့နားမှာ ပစ္စည်းတစ်ခု အပိုပါတယ်... ဖွင့်ချင်ဖွင့်ထားလို့ရတယ်... မကြားချင်ရင် ပိတ်ထားလိုက်တယ်... ဘာပြောပြော မကြားပဲနေလို့ရတယ်..."

အမေ့နှုတ်ခမ်းက ခပ်မဲ့မဲ့၊ ခပ်စူစူ၊ မေးတစ်ချက်ငေါ့သည်။

"ဒါဖြင့်လည်း စက်မချုပ်နဲ့၊ အဲဒီပစ္စည်းလုပ်ရောင်း..."

"လုပ်လို့ မရဘူးကွ၊ ကိုယ့်အသိနဲ့... ကိုယ့်စိတ်ဓာတ်နဲ့ လုပ်မှရတယ်... ငါဒီလိုပဲ နေနေခဲ့တာ မင်းအမြင်ပဲ..."

အမေက တိုးတိုးရယ်သည်။ သူကရော၍ ရယ်လိုက်သည်။ ရယ်ပြီးမှ စိတ်ထင့်မိသည်။ မည်သည့်အချိန်တွေက အဖေထိုသို့ စတင်လေ့ကျင့်ခဲ့ပါလိမ့်။ မည်သည့်အကြောင်းနှင့် ပတ်သက်၍ပါလိမ့်။ သူနှင့်ပတ်သက်မည်ဟုသော အတွေးရသည်။ သူနှင့်ပတ်သက်၍ ပြောဆိုဝေဖန်သံတွေကို ထိုသို့ရင်ဆိုင်ခဲ့သည်ဟု သဘောပေါက်သည်။

*****

## အခန်း(၁၄)

ခြေဖဝါး နစ်ဖက်လုံး စေးထန်းထန်း ဖြစ်နေသည်။ ထဘီအဟောင်းဖြင့် ပတ်ထားသောကြောင့် တေဇောဘမ်းနှင့် ပရုပ်ဆီအငွေ့ အရှိန်ပြန်သည်ကို သိရသည်။ အမေက ဆွယ်တာလက်ရှည် ဝတ်ပေးသည်။ သိသာစွာ နွေးလာသော်လည်း လက်ဖျားတွေမှာ ပဲကြီးခွံတွန့်လျက် ရှိသေးသည်။ ရေနွေးကြမ်းပူပူကို မှုတ်သောက်လိုက်သည့်အချိန်တွင် မီးမကင်ဆေးနံ့က လျှာတွင်တင်၍ ကျန်ခဲ့သေးသည်။ လည်ချောင်းထဲမှာ ပူပြီးဆင်းသွား၏။

"အချမ်းသက်သာလား..."

"ပြန်ရောက်ခါစထက်တော့ တော်တော် ပေါ့သွားပါတယ်..."

ကျောင်းအလွှတ်တွင် မိုးသည်းထန်စွာ ရွာချသည်။ အရှေ့လေတိုက်သဖြင့် ကျောကိုပါ ရွဲသွားသည်။ ထဘီတစ်ထည်လုံး ညှစ်ချ၍ပင်ရသည်။ ကျောင်းလွယ်အိတ်ကို ရင်တွင်ကပ်ကာ ထားသည်။ ခြေလှမ်းမြန်အောင် လှမ်းမရ။ ထဘီရေစိုကြောင့် တုံ့သည်။ ခပ်တိုတိုပြင်ဝတ်ပြီး ခြေကုန်သုတ်သည်။ ကတ္တရာလမ်းတွင် ကားသွားကျဲနေ၏။ လူသွားပါး၏။ ကျောင်းပြန်တွေကို အစုလိုက်တွေ့ရ၏။

မျက်နှာချင်းဆိုင် ရပ်ကွက်မှာနေသော ကျောင်းသူတွေနှင့်အတူ ပြန်လာခဲ့သည်။ မိုး တကယ်သည်းပြီ ဆိုသောအခါ ခေါက်ထီးကမလုံ။ လွယ်အိတ်နှင့် ဦးခေါင်းကိုပင် မနည်းလုံအောင် ဆောင်းရသည်။ ဈေးရှေ့သို့ရောက်သည်တွင် အဖေအကြုံနှင့် ဆုံသည်။ အဖေက ထီးချင်းလဲသည်။ အဖေ့ထီးက ယောကျ်ားဆောင်း။ သူ့ထီးကို အဖေဆောင်းကာ ကျောင်းလွယ်အိတ်ကို အဖေယူသည်။ အိမ်သို့သွားရာ လမ်းအရောက်တွင် ဖိနပ်စီးမရတော့။ မိုးလယ်က ပြင်ထားသောလမ်းက ဗွက်ထနေသည်။ ဖိနပ်ကိုကိုင်ပြီး လျှောက်ရသည်။ ဗွက်ကျွံသောကြောင့် အဖေ့မှာ နံ့ဖိနပ်ကို မကြာခဏ ကောက်နေရသည်။ အိမ်ရောက်သောအခါ အမေက တေဇောဘမ်းနှင့် ပရုပ်ဆီအနီကို ယူပေးမြဲပေး၏။ ကျောင်းတက်စ မိုးမိသော ပထမဦးဆုံးနေ့က နားမလည်။

"မွေးပြီး လေးငါးလဆိုတာ သွေးနသားနသမီးရဲ့... ခြေဖျားလက်ဖျား သိပ်အအေးမိရင် မကောင်းဘူး... ပရုပ်ဆီတို့ ဘာတို့လိမ်းရတယ်... အမေတို့တုန်းက ကျားဘမ်းလိမ်းခဲ့တာပဲ..." ဟုပြော၏။

မိုးမိသော ကျောင်းအပြန်တွင် လိမ်းနေကျ ဖြစ်လာခဲ့၏။

"မိုးကလည်း ကောင်းလိုက်တာ... ရေတော်တော်ပါမယ်..."

ယခုအချိန်ထိ မိုးသီးမိုးပေါက်ပြင်းစွာ ရွာချနေ၏။ လေကြမ်းက ရံခါတိုက်ပြန်သေးသည်။

"ရေပါမပါတော့ မသိဘူး... ငါ့ခုံဖိနပ်တော့ ပြတ်သွားပြီ..."

သူလှမ်းပြော၏။

"ပြတ်မှာပေါ့... သမီး ကိုင်လာမယ်ဆိုတော့လည်း မဟုတ်ဘူး... အဖေက ဗွက်ထဲစီးတာကိုး..."

"ကမ်းက သူ့ဟာသူနေဟုတ်လို့... မိုးရွာတုန်း ရေဒလဟောစီးပေမယ့် မိုးလည်းစဲရော.. သဲပဲကျန်ခဲ့တာ... ရှင်တို့ လမ်းပြင်တာနဲ့၊ မြေဖို့တာတော့ ဟုတ်ပါရဲ့... လမ်းပေါ်ရေမတင်အောင် မြောင်း တစ်ဘက်တစ်ချက် ဖောက်တာကိုး... တူးချလိုက်တော့ အောက်ကမြေစေး ပေါ်လာရော... မြေစေးတွေကို လမ်းပေါ်ဖို့တော့ မိုးနည်းနည်းရွာပြီဆိုတာနဲ့ ဗွက်ထလာရော... အသွားရခအလာရ ခက်လိုက်တာ..."

အဖေက ရယ်နေသည်။ သူကဝင်ပြောသည်။

"ဒါပေမယ့် လမ်းဖောက်တဲ့နေ့ကတော့ ကုလားဟင်းချက်စားတာ ပျော်တယ်..."

"လမ်းပြင်တာ သူတို့တွင်မကဘူး... အိမ်ကလူတွေပါ ပါရတယ်.. တစ်ရွာလုံး မနေရဘူး... အဲဒီနေ့က နေခြစ်ခြစ်တောက်ပူနေတာကိုး... မိုးလည်းရွာရော လမ်းဖောက်ဖို့ပြင်ဖို့ ဆော်သြတဲ့ ရှင်တို့မျက်နှာတွေ အရင်ဆုံး စရှုံ့တော့တာပဲမဟုတ်လား..."

အဖေက ရယ်ကျဲကျဲမျက်နှာနှင့်...

"အိုကွာ... ပြောမနေစမ်းပါနဲ့... မင်းတို့ဟာကလည်း... ကောင်းမယ်ထင်လို့ လုပ်တာပေါ့... မိုးကုန်ရင် ကောင်းသွားမယ့်ဥစ္စာ..."

အဖေက အနွေးထည်ထပ်ဝတ်ကာ ရေ့တွင် လာထိုင်သည်။ မျက်နှာကို လက်ဖဝါးဖြင့် ပွတ်၏။ ရေစိုဆံပင်တွေကို ပခုံးပေါ်ရှိ မျက်နှာသုတ်ပဝါဖြင့် ပွတ်သပ်လိုက်သည်။

"ကျောင်းက ဘယ်နေ့ပိတ်မလဲ..."

ပလုတ်ကျင်းပြီး မထွေးရသေးသဖြင့် မဖြေနိုင်သေး။ ထွေးခံကို လှမ်းယူပြီး ထွေးလိုက်သည်။ လက်ကိုင်ပဝါဟောင်းဖြင့် နှုတ်ခမ်းပါးနားသုတ်ရင်း...

"အဖိတ်နေ့အထိ တက်ရမယ်တဲ့..."

အမေက အပ်ချည်လုံးအသစ်ကို ပတ်ထားသည့် လချေးစက္ကူကိုခွာရင်း... "

ဒီမိုးက မီးထွန်းပွဲ ဖျက်တော့မယ် ထင်တယ်..."

အဖေက သတင်းစာကို မျက်လုံးရောက်ရာ ကြည့်သည်။ ထို့နောက် သူ့ကိုမေး၏။ "သမီးစာတွေ လိုက်နိုင်တယ်မဟုတ်လား..." သူ ဦးခေါင်းညိတ်ကာပြ၏။

"ရပါတယ်... ခုလည်းကြည့်တာပဲ... ဒီဇင်ဘာလ ရောက်ရင်တော့ မနက်အစောကြီး ထစာကျက်တော့မယ်..."

"ကောင်းတယ်... မနက်စောစော စာကြည့်တာ မှတ်မိတယ်... ခုဆိုရင် သမီးမှာ ဦးနှောက်ရှုပ်စရာလည်း မရှိတော့ဘူး... စာကို ဝီရိယစိုက်... အဲ... လုံးဝမရှိဘူးတော့... ဘယ်ဟုတ်မလဲ... ရှိတောင် အရင်ကလောက် မဟုတ်တော့ဘူးလို့ ထင်ပါတယ်... လူပဲကွယ်... ပြန်မတွေးမိတော့လည်း ဘယ်နေပါ့မလဲ... ကိုယ့်အာရုံ ပျက်လောက်အောင်တော့ မဖြစ်လောက်ပါဘူး... အဖေ အဲသလိုထင်တယ်လေ..."

မှန်ဗီရိုသို့ငေးကြည့်ကာ နားထောင်လျက်ရှိသည်။ မျက်လုံးက ခေါင်းရင်းတန်းတွေသို့ ရောက်သွား၏။ သံချောင်းတွေ စွပ်ထားသော အပ်ချည်လုံးတွေ။ အစိမ်းရင့်၊ အညို၊ အပြာနု၊ မရမ်း၊ ရှားနစ်၊ ကြက်သွေး၊ မီးခိုး၊ မိတ်ကပ်ရောင်တွေ။ မီးချောင်းအလင်းဖြင့် တောက်ပနေ၏။ အဖေသည် သူ့သဘောကို မကြာခဏ ခန့်မှန်းနေသည်ဟု ယူဆ၏။

"ကလေးအတွက် တွေးမိတဲ့အခါ ဝမ်းနည်းမိတာကလွဲလို့ သမီးရင်ထဲမှာ ဘာမှ မကျန်ရစ်ခဲ့တာ အမှန်ပါ အဖေ..."

အမေ့မျက်နှာ မော့လာ၏။ အဖေက သတင်းစာမှ မျက်နှာ မခွာသေး။
"အဖေက မေးခွန်းတစ်ခွန်းလောက် မေးမလို့ စိတ်ကူးတာ ကြာပါပြီ..."

အမေ့မျက်လုံးသည် အဖေ့ထံသို့ ဖျတ်ခနဲရွေ့သည်။ သူတွက်မိ၏။ စကားဦး သမ်းကြည့်သည်။
"ကိုဝင်းဇင်အပေါ်မှာ သမီးထားတဲ့ သဘောထားလား..."
အံ့သြမျက်လုံးကို သူတွေ့သည်။။ အဖေ့အပြုံးက မပီသ။ ခေါင်းညိတ်ပြလေသည်။

"မနစ်က စာမေးပွဲဖြေခဲ့တဲ့ ခုံနံပါတ်လို သဘောထားတာမျိုးလောက်ပဲ ရှိပါတယ်..."
အဖေပြုံးသည်။
"ဒီနှစ် စာမေးပွဲဖြေဖို့ လျှောက်လွှာတင်တဲ့အခါကျတော့ အဲဒီခုံနံပါတ်က..."
"ဖြေဖူးတဲ့ ခုံနံပါတ် စာရင်းထဲမှာ ထည့်တော့ ရေးရမှာပေါ့အဖေ... ဖြေပြီးကျခဲ့တဲ့ ခုံနံပါတ်ကိုတော့ ထိမ်ချန်ထားလို့ ဘယ်ရမလဲ... မဟုတ်ဘူးလား... ဒီသဘောပါပဲအဖေ... သမီးမညာပါဘူး... သမီးဘဝမှာ အကြီးကျယ်ဆုံး အဖြစ်တစ်ခုကို ဖန်တီးပေးတဲ့သူကို ဘယ်မေ့လို့ရမလဲ... မမေ့လို့ သတိရတယ် ဆိုပေမယ့် သတိရပုံ၊ သတိရနည်းတော့ မတူပါဘူး... ခဲမှန်ဖူးတဲ့ စာသူငယ်နဲ့ ခဲမမှန်ဖူးတဲ့စာသူငယ်... ခဲလုံးမြင်တာ ကွာခြားမှာပေါ့... အဲသလိုပါပဲ အဖေ..."

အဖေသည် ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။ အမေက တွေ၍ စဉ်းစား နားထောင်နေဟန် ရှိသည်။
"ဟုတ်တယ်... သမီးအဖို့ ဒီလိုဖြစ်ရမှာပါပဲ..."
"သမီးစိတ်ထဲ ရှိတဲ့အတိုင်း ပြောတာပါ..."
"အဖေ ယုံကြည်ပါတယ်... တကယ်လို့..."
ဒုတိယအကြိမ်မြောက် စကားဦး ဝင်ဖြတ်သည်။
"ကိုဝင်းဇင် သမီးဆီ ပြန်လာတာတို့... ဘာတို့နဲ့ ပတ်သက်လို့လားအဖေ..."
အံ့အားတသင့် အကြည့်ဖြင့် သူ့ကိုကြည့်ပြန်သည်။ သူဆက်၍ ပြောလိုက်၏။
"ထန်းလည်ဆစ် ကျိုးသလိုပါပဲ အဖေ..."
အဖေ သက်ပြင်းချသည်။ အမေက သူ့ကို မျက်တောက်မခတ် ကြည့်နေသည်။
"စကားကို အကုန်မပြောပါနဲ့ သမီး..."

ရင်ထဲမှာ လှုပ်သွားသည်။ စိုးလင်းဇော်၏ မွေးနေ့မှ ပြန်လာပြီးနောက် ပြောရန်စကား ကျန်ခဲ့သည်။ ဝင်းဇင်နှင့်လည်းကောင်း၊ ဝင်းဇင့်မိဘ ညီအစ်ကို မောင်နှမများနှင့်လည်းကောင်း တွေ့ဆုံခဲ့ခြင်းမရှိ ဟူသောစကား။ စင်စစ် ကမာရွတ်လမ်းဆုံ မရောက်မီ တစ်ခါတွေ့ခဲ့ဖူးသည်ကိုပင် ပြောမပြခဲ့။ သံသယ ဝင်မည်စိုးသည်။

"အကုန်ပြောသင့်ပြီ အဖေ..."

"အဖေတို့ကလည်း ဒီလိုဆို စကားကုန်ပြောထားမယ်..."

"ပြောပါအဖေ"

"သမီးတို့ချင်း ရေစက်မကုန်လို့ အကြောင်းပြန်ဆုံကောင်း ဆုံတယ်ထား... စိတ်ချမ်းသာမှု ဖြစ်စေတဲ့ အနေအထားမျိုးနဲ့ဆိုရင် သမီးပြန်ပြီး လက်ဆက်... အဖေတို့ တစ်ခွန်းမဟဘူး... အဖေတို့ကို ထည့်မတွက်နဲ့... ကုန်ကုန်ပြောမယ်... သမီးစိတ်ချမ်းသာမယ်ဆိုရင် အဖေတို့လည်း စိတ်ချမ်းသာပြီးသား... ဒါပဲသမီး... ဒါပဲ..."

ရင်ထဲတွင် ဟာသွားသည်။ လေတွင်လွင့်ကျဆဲ လှိုက်လှိုက်မောသကဲ့သို့ အိပ်မက်အမော မောလေ၏။ ပြန်မပြောနိုင်အောင် ဆို့ဆို့နစ်နစ်ဖြစ်ရသည်။ အမေသည် ဘယ်အခိပ်ပွါယ်ဖြင့်မသိ။ ခေါင်းတညိတ်ညိတ်နှင့်နေ၏။ တိတ်ဆိတ်ခြင်းကာလသည် မိုးသံကြားတွင် ရှည်လျားလာ၏။ အတန်ကြာသောအခါ အဖေက ညည်းသံယောင်ယောင်နှင့် ပြော၏။

"အင်း... ငါ့သမီးက ခုလာမယ့် နတ်တော်ကျမှ ဆယ့်ကိုးနှစ်ပြည့်မှာ... လူ့ဘဝရဲ့ အစတောင် မရှိသေးဘူး... တွေ့ကြုံဆုံကွဲ လောကဓံတရားကို စောစောစီးစီး တွေ့ခဲ့ရပြီပဲ... အေးလေ... ဘဝဆိုတာ ဒီလိုပဲရှိမပေါ့... အတွေ့အကြုံတွေကို သင်ခန်းစာယူပေါ့ သမီးရယ်... တစ်စတစ်စနဲ့ ရင့်ကျက်နားလည်လာမပေါ့... မဟုတ်ဘူးလား..."

မိုးသံဖော့လာလေသည်။

*****

## အခန်း(၁၃)

ပြည့်ဝန်းသော လ၏ အရောင်အဆင်းသည် မြေပြင်တွင် ထိန်လင်းလျက်ရှိ၏။ ယိမ်းညွတ်တတ်သော ဝါးရုံများနှင့် လှုပ်ခါတတ်သော သစ်ရွက်များပေါ်တွင် စိမ်းဝါဝါလရောင် လိမ်းထား၏။ လေပြည်၌ပင် လရောင်က စွန်း၍နေမည်ထင်ရ၏။ ကြည်နူးဖွယ် ခံစားရလေသည်။ ပူအိုက်သည့်ညများ၏ နောက်ဆုံးနေ့ဟု ဆိုရမည့် တန်ဆောင်မုန်း လပြည့်နေ့။ တစ်သက်တာအတွက် အမှတ်တရ ရှိနေဦးမည့်နေ့။ ရှေးနှင့်ကား မတူပေပြီ။ တတိယမြောက် နှစ်ပတ်လည်နေ့၊ ထိုလပြည့်။

အပဋ္ဌတည်သော အကြင်တစ်ဦးတစ်ယောက်ကိုမျှ သတိရနိုင်ခြင်း မရှိလျက်နှင့် သတိရမိချေသည်။ ကိုယ့်ဘဝ၏ အလုံးစုံကို ကြမ္မာစသည့်နေ့ဟု ထင်မြင်လေသည်။ အကယ်၍သာ ကိုယ့်ဘဝမှာ သည်အဖြစ်တွေ ကြုံရမည်ဟု ကေန်တင်ကြိုသိခဲ့ပါလျှင် မောင့်ကိုချစ်ကြောင်း အဖြေပေးခဲ့မည်လား။ မောင်၏စွန့်ပယ်ခြင်းကြောင့် ဖြစ်လာသော ရှက်ရခြင်းအမှု၊ သောကအမှု၊

သိက္ခာနိမ့်ပါးခြင်းအမှုတွေကို ထိုညက တွေးပင်မတွေးမိ။ ချစ်သူ့ဝမ်းတွင် အလွမ်းဗျာပါဒကို ထားရစ်ကာ ထိုသို့ကျောခိုင်းသွားလိမ့်မည်ဟု တစိုးတစိမျှမထင်ခဲ့။ ထင်ကောင်း၏ဟု မသိခဲ့။ သိကောင်း၏ဟု မမှတ်ခဲ့။

လူတို့၏သဘောသကန်ကို အကြားအမြင် ခေါင်းပါးခဲ့သည်တော့ မဟုတ်။ သို့ရာတွင် စကားဖျက်သောသူ၊ အကြင်နာမဲ့သောသူ၊ လှည့်ဖြားသော သူတို့၏အမူအရာမျိုး မောင့်တွင်မရှိဟု မှတ်ယူခဲ့သည်။ လွန်ပြီးသောအရေးအရာကို ပြန်တွေးလျှင် မြင်သည်ဟု ဆိုကြသည်။ မောင်နှင့်ပက်သက်၍ အခါခါ ပြန်လည်တွေးကြည့်၏။ သံသယရှိဖွယ် ချည်မြှုမျှမထင်။ အခြေမခိုင်သော မြေကမ်းပါးမှန်လျှင် ပြိုမည့်နိမိတ် ထင်ရရိုး။ ယခုသော် ပြိုမည့်သာ ပြိုကျခဲ့သည်။ ပြိုမည့်အရိပ်လက္ခဏာ မမြင်။ မြေလှန်ပစ်လိုက်သကဲ့သို့သာ ရှိချေ၏။

မည်သည့်အကြောင်းကြောင့် စွန့်ပြေးသည်ကို စဉ်းစားမရ။

စွန့်ပြေးအပ်စေသော အကြောင်းတွေကို ရှာဖွေကြည့်သည်။ ဥစ္စာစကား ပစ္စည်းစကား ဒါတွေ မောင်သိပါတယ်။ ပြောစရာ မလိုပါဘူးဟု ဆိုခဲ့သည်။ မောင်တော်ရမယ့် ယောက္ခမတွေက မောင်တို့ အသိုက်အဝန်းက လူတွေလို မဟုတ်ဘူး။ ဟန်မလုပ်ဘူး။ ရိုးသားတယ်။ ပွင့်လင်းတယ်။ ဒါ ဂုဏ်ပဲ။ ဒီဂုဏ်ကို မောင်ယူတယ် ပြောခဲ့သည်။ နှင်းပြောတဲ့သဘောဆို မောင်ကျောင်းမှာပဲ ချစ်သူထားခဲ့မှာပေါ့။ ဘွဲ့တွေ ဘာတွေမပြောပါနဲ့။ နှင်း ဒီနှစ်ဆယ်တန်းအောင်ပြီးရင် ကျောင်းသာ ဆက်တက်။ အလိုလိုနေရင်း ဘွဲ့တစ်ခုတော့ရမှာပဲဟု ပြောခဲ့သည်။ ကိုယ့်ကိုယ်ကို အပြစ်ရှာသည်။ လေသံဆတ်ဆတ်နှင့်ပင် မပြောခဲ့ဖူး။ စိတ်ပြိုငြင်စရာ၊ အနေမကျစရာ မပြုခဲ့။ နှစ်သက်စဖွယ်ရှိ၍သာ မောင် နှစ်သက်ခဲ့ခြင်းဟု တွေးမိ၍ ကိုယ့်အလှကို ကိုယ်နားလည်သည်။ ထိုအခါ သဲလွန်စ ပျောက်ပြန်လေသည်။

တစ်ခုသာ တွေး၍ရ၏။

ချစ်သော် ချစ်ကျိုးထင်ရမည်ပေါ့။ ထိုအတွေးကြောင့် နှလုံးသည်းပွတ်တွင် နာကျင်လာ၏။ အကြောင်းအလမ်းကို မသိစွမ်းတော့။ စွန့်ပြေးသူ၏ ခြေရာကို အသက်သွင်းပြီးသကာလ မေးကြည့်မှပင် သိမည်ထင်သည်။ လျှောက်နေသော ခြေကို ရပ်လိုက်၏။ အပေါ်တက်ရန် စိတ်ကူးသည်။ ခြေမရွေ့မီ မော့ကြည့်၏။

ယုန်အိမ်ဝတွင် တိမ်စတစ်မျှင် နှစ်မျှင် ကာဆီးနေ၏။

*****

*မနှင်းဖွေး*

*ဒီနေ့ ကျောင်းမတက်လို့ ကျွန်တော် စိတ်ပူတယ်။ နီနီကပြောတော့ နေကောင်းပါတယ်တဲ့။ မနှင်းဖွေး မနက်ဖြန် ကျောင်းတက်မယ် မဟုတ်လား။ ကျွန်တော်ကတော့ မုန့်စားဆင်းချိန် အရောက်လာမှာပဲ။ မတွေ့ရင် မောပြီး ပြန်ရုံပေါ့။*

*ဝင်းဇင်*

ဟု ကော်ပီစာရွက် အောက်နားတွင် လက်မှတ်ထိုးထားသည်။ တစ်စောင်တည်းသော စာ။ စာရွက်ကို ခေါက်ရိုးအတိုင်း ပြန်၍ ခေါက်လိုက်သည်။ ချစ်စကားမပြောမီက စာ၊ စာခေါက်ကို အိပ်ရာပေါ်တွင် ချလိုက်သည်။ ကတ္တီပါအနီရောင်ဘူးကို ဖွင့်သည်။ ငွေရောင်လက်သော ကတ်ကြေးလေး။ အပ်ဘူး၊ အပ်ထောက်၊ စူးနှင့် အပ်ပြားတစ်ခု။ ပြန်ပိတ်လိုက်သည်။ မောင် ပေးသောလက်ဆောင်။

"ယူပါနှင်းရဲ့... နှင်းအတွက် ဒယ်ဒီ့ကို ကျွန်တော်ပူဆာလို့ ဝယ်လာတာ..."

လက်ဆောင်၌ စိတ်မရောက်။ မောင့်သတိတရရှိမှုကို စိတ်ရောက်သည်။ နှစ်သိမ့်ပီတိနှင့် ကျေးဇူးစကားဆိုခဲ့သည်။

"ဒီအပ်ထောက်က ဆယ့်လေးကာရက်ရှိတယ်... ကျွန်တော့်ဦးလေး ကနေဒါက အပြန် မှာလိုက်လို့ ဝယ်လာတာ... သူ့နာမည်က ထရှိုင်းမြို့ရဲ့ တံတိုင်းတဲ့... ထရှိုင်းမြို့ဆိုတာ အလှမင်းသမီး ဟယ်လင်နေတဲ့ မြို့လေ။ အဲဒီမြို့ရိုးတံတိုင်းကို ထိုးဖောက်ဖို့ သိပ်ခက်တယ်တဲ့... ကြည့်စမ်းပါဦး လှရဲ့လား..."

ခေါင်းညိတ်ခဲ့သည်။ အမြတ်တနိုးသိမ်းထားပါမည်ဟု မောင့်ကိုပြောခဲ့သည်။ ယခုအခါ ကိုင်တွယ်ကြည့်ရှုရင်း ရက်လာသည်။ စက္ကူဘူးကို မှောက်၍ အိပ်ရာပေါ်သို့ ခါချလိုက်သည်။ ဖောင်တိန်၊ မှတ်စုစာအုပ်၊ ငွေလက်စွပ်၊ ဆီကိုနာရီဘူး၊ နှုတ်ခမ်းနီဆိုးဆေး၊ မိတ်ကပ်ဘူး၊ လက်သည်းဆိုးဆေးပုလင်း၊ ရေမွှေးပုလင်း၊ ရနံ့ဖျန်းပုလင်း၊ ရုပ်ရှင်လက်မှတ်။ ကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။ သတိရခြင်း၏ အမှတ်အသားများ။ မြတ်နိုးခြင်း၏ ကိုယ်စားများ။ စေတနာ၏ အရာဝတ္ထုများဟု ယူဆခံမင်ခဲ့သည်။ ယခုတွင် ချောက်ချားစွာ သတိမူမိသည်။ ချက်ချင်းပင် မီးရှို့ ဖျက်ဆီးပစ်လိုက်ချင်သည်။ သို့သော် အဖေ့စကားကို ဆက်စပ်ပြီးကြားသည်။ ပေးသူ၏ လက်ဝယ်ကို ပြန်မရောက်သေးသမျှ လက်ခံခဲ့သူတွင် သိမ်းဆည်းထားမြဲဟု ထင်နေပေလိမ့်မည်။

ပစ္စည်းတွေအားလုံးကို ပြန်ထည့်သည်။ စက္ကူဘူးပိတ်ပြီး ကြိုးခိုင်ခိုင် အသေချည်ပစ်လိုက်၏။ ခုတင်အောက်သို့ မသွင်းမီ စက္ကူဘူးကို စိမ်းစိမ်း ကြည့်၏။

တင်ကြိုပေးခဲ့သော အနမ်းလျော်ကြေး၊ ပန်းလျော်ကြေးတွေဟု မနစ်မြုံ့စွာ အတွေးရ၏။

*****

## အခန်း(၁၂)

ဆပ်ပြာတိုက်နေသော လက်သည် ရုပ်ချည်းရပ်လေ၏။

"ဟုတ်လား... ထူးဆန်းလိုက်တာ..."

နီနီက ပုခုံးပေါ်မှလွယ်အိတ်ကို မာလကာပင်အထစ်တွင် ချိတ်ပြီးမှ...

"နီနီလည်း ကြက်သေသေသွားတယ်... ဖြုန်းခနဲ ဘာမှပြန်မပြောနိုင်ဘူး... ဒီတုန်း သူထပ်မေးတယ်.... မနှင်းဖွေး ကျွန်တော့်ကို တော်တော် စိတ်နာနေမှာပဲနော် နီနီတဲ့... နီနီက သတိလည်းရရော မသိဘူး.. ကျွန်မ မသိဘူး... ကျွန်မကို ဒါတွေ လာမမေးနဲ့လို့ လွှတ်ခနဲ

ပြောလိုက်မိတယ်.. အော်လိုက်သလိုတော့ ဖြစ်သွားတယ်... သူလည်း ချာခနဲ လှည့်ထွက်သွားတယ်..."

ဆပ်ပြာနှုးနေသော အဖေ့ ရှပ်အင်္ကျီလက်ရှည်ကို ခေါက်တုံ့ပွတ်ကာ လျှော်သည်။ ချာခနဲ လှည့်ထွက်သွားသူကို မြင်ယောင်ယောင်ရှိသည်။ မောင့်အမည်နှင့် မောင့်အကြောင်းတို့သည် ယခုတိုင် လွှမ်းမိုးနိုင်စွမ်း ရှိသေး၏။ ငါ့ကို ဘာလို့မေးတာပါလိမ့်။ မောင်ရယ်... မင်းဘာလို့များ ခုကျမှ ဒါတွေ မေးနေရတာလဲ။ မင်းကို စိတ်နာနေတယ်လို့ သိချင်တာလား။ စိတ်မနာပဲ ရှိသေးတယ်လို့ သိချင်တာလား။ နာတော့ကော။ မေးစရာလိုလား။ ချင့်ကြည့်ပါတော့လား။ စိတ်နာထိုက်၊ မနာထိုက်၊ မေ့မေ့ပျောက်ပျောက်နေကာမှ မင်း ကိုယ့်သတင်းကို လာမေးတယ်။ လမ်းပြတ်ခဲ့ကြပြီပဲဟု ရင်ထဲကတစ်ဆင့် ပြောသည်။

"သူတော်တော်ပိန်ကျသွားတယ်..."
"ဟုတ်လား..."
"နီနီရှေ့မှာလာရပ်တာ ရုတ်တရက် မမှတ်မိဘူး..."
"ဩော်..."
"နှုတ်ဆက်တော့မှ ကိုဝင်းဇင်မှန်းသိတာ..."
"ဟုတ်လား..."

"သူလည်းထွက်သွားရော ကိုအောင်ငြိမ်း ရောက်လာတယ်... စောစောကတည်းက သူ လှမ်းကြည့်နေတာတဲ့... ကိုအောင်ငြိမ်းက ပြောတယ်.. နီနီ့ကို သူမေးတယ်... ကိုဝင်းဇင် ဘာလာပြောတာလဲတဲ့... သူ့ပြန်ပြောတော့ သူလည်း စိတ်ရှုပ်သွားတယ်... နီနီ့ကို ဘာလို့ အဲသလိုအော်သလို ငေါက်သလို ပြန်ပြောရတာလဲလို့ ပြောတယ်... တကယ်တော့ နီနီအမှတ်မဲ့ ပြောလိုက်မိတာပါ..."

ခေါင်းမညိတ်၊ ခေါင်းမခါ နေခဲ့သည်။ လျှော်ပြီးသမျှ အဝတ်တွေအားလုံးကို ဆပ်ပြာစင်အောင် ရေဖြင့်ဖွပ်သည်။ တစ်ချက်နစ်ချက်စီ ဆောင့်၍လျှော်ရင်း ရေပုံးထဲသို့ စည်ပိုင်းထဲမှရေတွေ ခပ်ထည့်သည်။ နီနီက ရေမစဉ်အောင် နောက်သို့ တစ်လှမ်းဆုတ်သည်။

"ကိုစိုးလင်းဇော်နဲ့ တွေ့သေးလား... သူ ဒီဘက် ရောက်မလာတာ သီတင်းကျွတ် လောက်က... နစ်လလောက် ရှိတော့မယ်.."

"တလောတုန်းက ကျောင်းရှေ့မှာ ခဏတွေ့တယ်... ကျောင်းဆက်တက်မလိုလိုတော့ ပြောတာပဲ... သူ မဟာဝိဇ္ဇာ ဆက်တက်ခွင့်ရတယ်.. ကျွန်တော်လည်း ခင်ဗျားတို့ဆီ မရောက်တာ ကြာပြီတဲ့... ပြဿနာတွေက မျိုးစုံဖြစ်နေလို့တဲ့... ဘာကူညီရမလဲလို့ နီနီမေးတော့ ခေါင်းခါပြီး မလွယ်ပါဘူးဗျာတဲ့... ခဏကလေး တွေ့လိုက်ရတော့ ဘာမှန်းမသိလိုက်ဘူး..."

သူကော မဟာသိပ္ပံ ဆက်တက်ခွင့်ရလားဟု မေးတော့ မေးချင်သည်။ မမေးဖြစ်ခဲ့။ ဘာကြောင့်မေးချင်ခဲ့သည်ကို ပြန်လည်စဉ်းစားသည်။ ဖြေလည်းမဖြေနိုင်။ ကိုယ့်ကိုယ်ကို ထပ်၍ မေးချင်စိတ်မရှိခဲ့။ ရှည်လျားသောခရီးကြမ်းကို ပြန်၍ တစ်ဖန်မစဉ်းစားချင်သကဲ့သို့ ဖြစ်လေသည်။

"နောင်ဆိုရင် ကိုဝင်းဇင် နီနီ့ကို ဘာမှမေးရဲတော့မယ် မထင်ဘူး..."

ဖလားကိုကိုင်ကာ ရေစည်ဘေးတွင် သူရပ်သည်။

"ခုမှအားလို့ လျှော်ရတာ... နေတောင်မရှိတော့ဘူး... ခုည အိမ်ထဲပဲလှန်းထားရမှာ... နည်းနည်းပဲသွေ့မယ်..."

*****

"ကျွန်မ နားမရှင်းလိုက်ဘူး ကိုအောင်ငြိမ်း... ပြန်ပြောပါဦး.."

ဈေးကိုလွန်လာသည်။ ခါတိုင်းကဲ့သို့ လှမ်းကြည့်ကြသော မျက်လုံးတွေမှာ ယနေ့မှ ပိုလာသည်ထင်၏။ ကျောင်းသို့ တစ်ယောက်တည်း သွားနေကျ။ ယခုသူ့ဘေးတွင် အောင်ငြိမ်းက ယှဉ်၍ လျှောက်လာသောကြောင့် ဖြစ်မည်။ ထူးခြားစွာ စိတ်မခံစားမိ။ ထင်သည်။ အောင်ငြိမ်းအနေနှင့်မူ ခြေအလှမ်းခက်အောင် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ပတ်ဝန်းကျင်၏ မျက်လုံးတွေရှေ့တွင် မျက်နှာကောင်းစွာ မထားတတ်မှန်း သိသာ၏။ စကားပြောနေပုံက စည်းစည်းရုံးရုံး မရှိ။ အဆက်အစပ် ပြတ်သည့်အခါ ပြတ်သည်။ ထစ်သည့်အခါ ထစ်သည်။ လမ်းဆုံကို လှမ်းမြင်ရချိန်တွင်...

"ကျွန်တော် တောင်းပန်ချင်တယ်..."

"ဘာအတွက်လဲ ကိုအောင်ငြိမ်း..."

"မေးမယ့်မေးခွန်းရယ်... ပြောမယ့်စကားရယ်အတွက်..."

"ဩော် ကိုအောင်ငြိမ်းရယ်... အဲဒီအတွက် ကြိုတင်တောင်းပန်စကား ပြောစရာများ လိုသေးလား..."

အောင်ငြိမ်းက ရှည်လျားနေသော သူ့အရိပ်ကိုကြည့်ကာ...

"လိုမယ်ထင်တယ် မနင်းဖွေး..."

သူလှည့်ကြည့်သည်။ ရှေ့တူရူသို့သာ အောင်ငြိမ်းကြည့်နေ၏။

"ဘာနဲ့ပက်သက်နေလို့လဲ..."

"ကျွန်တော် ပြောမှာပါ... ပြောမလို့ ကျွန်တော် ဒီနေ့ အိမ်မှာ လာစောင့်နေတာပါ..."

အိမ်မှာ အောင်ငြိမ်း စောင့်နေ၏။ ညကျောင်းက မိတ်ဆွေ ကျောင်းဆရာတစ်ဦးက ခေါ်ထားသောကြောင့်ဟု အမေတို့ရှေ့တွင် သူ့ကိုပြော၏။

လမ်းဆုံသို့ ရောက်လာ၏။

"ပြောလေ ကိုအောင်ငြိမ်း..."

လမ်းဆုံတွင် ကွေ့လိုက်သည်။ နေရောင်သည် ဘယ်ဘက် ကိုယ်ပေါ်သို့ ကျရောက်လာလေသည်။

"ကိုဝင်းဇင်နဲ့ ပတ်သက်တဲ့ မနင်းဖွေးရဲ့ သဘောထား..."

လေးကြိမ်မြောက် ကြားရသောမေးခွန်း။ ပထမဆုံး အဖေ။ ထို့နောက် အမေ။ တတိယမြောက် မေးသူမှာ နီနီ။ ဘာကြောင့် မေးကြတာပါလိမ့်။ ထိုသို့မေးသော မေးခွန်းတို့သည် မေးရိုးမေးစဉ်ပေလော...။ ကိုယ့်နယ် တွေ့ကြုံခဲ့ပြီးသူ မိန်းကလေးတို့ မည်သည့်အခြေအနေများကို မည်သို့ ထပ်မံပြုလုပ်ခဲ့ကြ၍နည်း။ တစ်ဖန် အကြောင်း ဆက်လေ့ဆက်ထ ရှိသောကြောင့် အမေးများသည်ဟု တွက်၍ရ၏။

"အပ်ချည်ကို ကပ်ကြေးနဲ့ တိခနဲ ဖြတ်လိုက်သလိုပဲ ကိုအောင်ငြိမ်း... ထုံးပြီးဆက်ရင် ရမပေါ့... နဂိုအတိုင်း ပြန်မဖြစ်သလိုပါပဲလေ..."

အောင်ငြိမ်းက ခေါင်းတစ်ချက်ဆတ်၏။

"နေပါဦး... ကျွန်မကို ဒီမေးခွန်းဘာလို့ မေးတာလဲဟင်..."

"မေးစရာရှိတာ မေးပြီးပြီလေ... ကျွန်တော်ပြောရမယ့်စကားပဲ ကျန်တော့တယ်..."

ကျောင်းသားတစ်သိုက်က ဖြတ်သွားသောကြောင့် အောင်ငြိမ်း ခဏနားနေ၏။ ကျောင်းသားတွေ လွန်သွားမှ....

"ကျွန်တော် မရေရာတဲ့ အလုပ်တစ်ခုကို လုပ်မိဦးမလား မသိဘူး... မနင်းဖွေးဘက်က ကြည့်ရင် အဓိပ္ပာယ်မဲ့တဲ့ စကားကို ကျွန်တော် ပြောပြန်ပြီလို့ ထင်ကောင်း ထင်မယ်... ကျွန်တော့်ဘက်က ကျွန်တော် စဉ်းစားကြည့်တော့ တတိယအကြိမ်မြောက် ကံဆိုးမယ့်စကားကို ပြောဖို့ ကြိုးစားတာမျိုးနဲ့ တူနေတယ်..."

ထိတ်လန့် အံ့အားသင့်ရလေသည်။ အံ့ဩသံကိုသာ ပြုမိသည်။

"ရှင်..."

"ဒီတစ်ခါတော့ မဲဇာတွေ ဘာတွေ ပို့မနေပါနဲ့ဗျာ... တစ်ခါတည်းသာ စီရင်လိုက်ပါတော့..."

ဖြည်းညင်းစွာ သက်ပြင်းချမိ၏။

"ဖြစ်မှဖြစ်ရလေ ကိုအောင်ငြိမ်းရယ်..."

"ခင်ဗျာ..."

"သြော်... ကျွန်မအံ့ဩလို့ပါ..."

"မအံ့ဩပါနဲ့ မနင်းဖွေး... ကျွန်တော် မနင်းဖွေးကိုချစ်တာ အခုကျမှ မဟုတ်တာ..."

"ကျွန်မသိပါတယ်..."

"ခုတစ်ကြိမ် ကျွန်တော်ပြောရတာ နောက်ဆုံးပါပဲ... ဒါကြောင့် ကိုဝင်းဇင်အပေါ် မနင်းဖွေး ဘယ်လိုရှိမလဲလို့ အဦးဆုံး မေးခဲ့ရတာပါ..."

သူမျက်လွှာချ၍ ကတ္တရာလမ်းကိုသာ ကြည့်၍ လျှောက်လာသည်။

"ပထမဦးဆုံး ပြောတုန်းကလို ကိုဝင်းဇင်ကိုပဲ ပြန်ပြီး ခေါင်းညိတ်မယ်လို့ ကိုအောင်ငြိမ်း တွေးလို့ပေါ့..."

အောင်ငြိမ်း ခေါင်းညိတ်သည်။ သူ့ကိုမကြည့်။

"မနင်းဖွေးကို ကျွန်တော်ချစ်တဲ့အချစ်က လျော့လည်းမသွားခဲ့ဘူး... မြတ်နိုးခဲ့တာလည်း အရင်အတိုင်းပဲ... တစ်ခုတောင်ပိုလာတယ်... လေးစားတာ..." သူပြုံး၍ ခပ်တိုးတိုးရယ်သည်။

"ကျွန်မမှာ လေးစားစရာ ဘာများရှိလို့လဲ ကိုအောင်ငြိမ်းရယ်..."

ချက်ချင်း အဖြေမပေးသေး...

"ရှိတာပေါ့... ပြီးခဲ့တဲ့ ပြဿနာမှာ မနင်းဖွေး သတ္တိရှိခဲ့တာတွေ... ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့တာတွေဟာ ကျွန်တော့်အဖို့တော့ လေးစားစရာပဲ..."

သူ ဆက်၍ရယ်သည်။ ပြီးမှ...

"မရဲသော်လည်း ပြေးခဲ့စေပါ ကိုအောင်ငြိမ်း..."

အောင်ငြိမ်း ခေါင်းခါသည်။ ငြင်းပြုံး ပြုံး၏။

"ကျွန်တော် နားလည်ပါတယ် မနှင်းဖွေးရယ်... ကျွန်တော် အခုလိုပြောမိတာကို မနှင်းဖွေး အထင်မမှားစေချင်ဘူးဗျာ..."

ကျောင်းလွယ်အိတ်ကို နောက်သို့ ခပ်ဖယ်ဖယ်ထား၍ လွယ်ရင်း...

"အထင်မှားစရာ မရှိပါဘူး..."

"ဒါဖြင့် တစ်ခုခုတော့ ရှိမှာပေါ့..."

"ကျွန်မ အဲဒီအသံတွေ မကြားချင်တဲ့အချိန်မို့ပါ..."

"ကျွန်တော် ဒါလည်းသိပါတယ်.. ဒါပေမယ့် မပြောရင်..." သူစကားဖြတ်ပြီးမေးသည်။

"နေရာဦးထားတယ် ဆိုပါတော့... ဟုတ်လား..."

"မနှင်းဖွေးရယ်..." ဟု အောင်ငြိမ်းရယ်ရင်းဆို၏။

"မနှင်းဖွေး ပြောပုံကလည်းဗျာ..."ဟု ရယ်ကျဲကျဲနှင့် ပြောသည်။ သူကိုယ်တိုင်လည်း ပြောပြီးတော့ ခပ်တိုးတိုး ရယ်မိ၏။ တင်းကျပ်စွာနေရသော အောင်ငြိမ်းအဖို့ စိတ်ပေါ့ပါးစေ၏။

"အင်းလေ... အဲသလိုဆိုပါတော့... ကျွန်တော် ချစ်တယ်ဗျာ... သိပ်ချစ်တယ်... ကျွန်တော့်စိတ်ထဲမှာ မနှင်းဖွေးဟာ မနှင်းဖွေးပဲ... ဘာမှ ထူးထူးခြားခြားမဖြစ်ဘူး... မနှင်းဖွေးယုံ..."

"ကိုအောင်ငြိမ်းစိတ်ထဲမှာ အဲသလိုရှိတာ ကျွန်မယုံပါတယ်... ဒါပေမဲ့လည်း အပြင်ဘဝမှာက ကျွန်မဘဝ ပြောင်းခဲ့ပြီပဲ... ခု ကျွန်မနဲ့ ကျောင်းအလာကို သတိထားမိမှာပေါ့... မျက်လုံးတွေ၊ အကြည့်တွေ၊ သိသိသာသာလပ်ခဲ့တဲ့ တစ်ခုလပ်မဟုတ်လို့ အနေရပိုခက်ပါတယ်... အတွင်းရေးကို လူတကာ မသိကြပါဘူး... ဒီတော့ လင်ကောင်မပေါ်ပဲ ကလေးတစ်ယောက် မွေးတဲ့မိန်းကလေးဟာ သူပေါ့လို့ လက်တို့ပြီးပြောတဲ့ အပြော၊ ကြည့်တဲ့အကြည့်... ဒါတွေ ကျွန်မသိပြီးသားပါ..."

"ကျွန်တော်အနေနဲ့ကတော့ အတွင်းသိပါ"

"ဟုတ်ပါတယ်... ကိုအောင်ငြိမ်းကိုလည်း ကျွန်မနားလည်ပါတယ်... ဒါပေမဲ့ ကိုအောင်ငြိမ်းကို သူငယ်ချင်းတစ်ယောက်လိုတော့ အမြဲ ယုံကြည်မှာပါ..."

အောင်ငြိမ်း မျက်ခုံးပင့်သွားသည်ကို သူမြင်၏။

"ဆိုပါတော့ဗျာ... ချစ်သူတစ်ယောက်လိုတော့ မယုံကြည်ဘူးဆိုပါတော့..."

ခေါင်းညိတ်ပြသည်။ နှစ်လှမ်းသုံးလှမ်း လှမ်းပြီးနောက်...

"ဒီစကားပြောရတာ ကျွန်မ သိပ်အားနာပါတယ်... ချစ်တာနဲ့ ယုံကြည်ရတာ တခြားစီပဲ..."

"ဗျာ... ကျွန်တော် ကောင်းကောင်း နားမလည်ဘူး.. မနှင်းဖွေး..."

"ယုံကြည်ကောင်း ယုံကြည်မယ်... ချစ်သူအဖြစ် မလွယ်ပါဘူး... ချစ်မိရင် ချစ်မိမယ်... ယုံဖို့တော့ ခဲယဉ်းမယ်... ဒါပြောတာပါ"

"ကျွန်တော့်ကိုကျတော့..."

သူ ချက်ချင်းပြန်မပြော။ ရှေ့တူရူသို့ ကြည့်သည်။ စိန်ပန်းပင်တွေ လမ်းဘေးနှစ်ဖက်တွင် ကိုင်းကိုင်းညွတ်ညွတ်နှင့် ရှိကြသည်။

"အချစ်ဆိုတာ ပိုးမွေးသလို မွေးယူရအောင် နူးညံ့သိမ်မွေ့တဲ့အရာပါ..."

အောင်ငြိမ်းမေးသည်။

"ကျွန်တော် မျှော်လင့်နိုင်သေးတယ် ဆိုပါတော့..."

"အဖြေရ အတော်ခက်တဲ့ မေးခွန်းပဲ..."

"ဘာဖြစ်လို့လဲဗျာ..."

"ကျွန်မကို အရင်ကလို တန်ဖိုးထားတယ်လို့ ကျွန်မသိတယ်..."

"ဟုတ်ပါတယ် မနင်းဖွေး..."

"တခြားယောကျ်ားလေးတစ်ယောက်သာဆိုရင် ဒီလိုသဘောထားနိုင်ဖို့ မလွယ်ပါဘူး... ကိုအောင်ငြိမ်း ကျွန်မကို တကယ်နှစ်နှစ်ကာကာ ချစ်တယ်လို့ ကျွန်မယုံနိုင်ပါတယ်... ဒါပေမဲ့ ကိုအောင်ငြိမ်းကို ကျွန်မက ချစ်သူလို သဘောထားလို့ မရသေးတာတော့ အမှန်ပါ... မျှော်လင့်ပါ၊ မမျှော်လင့်နဲ့လို့ ပြောဖို့ခက်ပါတယ်။ စိတ်ထဲရှိတဲ့အတိုင်း ပြောရရင် ကျွန်မ အိမ်ထောင်ပြုဖို့ စိတ်မဝင်စားတော့ဘူး..."

အောင်ငြိမ်း "အင်း..."ဟု ရှည်လျားစွာ ညည်းသံပြုနေသည်။ သူက ရှေ့တွင်ရှိသော ကျောင်းလမ်းအကွေ့ကို လှမ်းကြည့်နေသည်။

"မနင်းဖွေး ငြီးငွေ့သွားပြီ ထင်ပါတယ်..."

"ဟုတ်မယ်... ချစ်တယ်ဆိုတာ မကြားချင်လောက်အောင် ငြီးစော်နံနေခဲ့ပါပြီ ကိုအောင်ငြိမ်း..."

ပြန်မပြော... တစ်စုံတရာ စဉ်းစားနေဟန်တူ၏။

"ဥပဒေတွေ ကျွန်တော် အသစ်ပြန်ရေးချင်တယ်... လူတစ်ယောက်က လူတစ်ယောက်ကို သတ်တယ်... သေတယ်... လူကိုသတ်လို့ လူသတ်မှု၊ သေတဲ့လူက သတ်ခိုင်းလို့ သတ်ပေးရတယ်ပဲ ထားဦး... မရဘူး... အပြစ်ကျူးလွန်တယ် ခံ၊ အပြစ်ဒဏ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ သေဒဏ် ဒါက လူကို သတ်တာကိုး... စိတ်ကို သတ်တာကျတော့ ဥပဒေမှာ မရှိတော့ဘူး... တချို့လူတွေကြည့်... သွားသွားလာလာ စားစားသောက်သောက်၊ စိတ်တွေက သေလို့... ဆွေးမြည့်နေတဲ့ဟာတောင် နေနေပြီ... စိတ်ကိုသတ်တဲ့အပြစ်ကို ကျူးလွန်ရင်... ကြိုးလေးဆယ်နဲ့ ဆယ်သက်ဆယ်ကျွန်း၊ အပြစ်ဒဏ်ပေးဖို့ ဥပဒေ ကျွန်တော်အသစ်ရေးချင်တယ်... မနင်းဖွေး..."

သူ့နားထဲသို့ အောင်ငြိမ်း၏ စကားလုံးတွေ စူးရှစွာဝင်လာသည်။ ထို့နောက် အံတစ်ချက်ကြိတ်ကာ ပြောလေသည်။

"အဲဒီဥပဒေအသစ်နှင့် ဘယ်သူ့ကို ပထမဦးဆုံး ကျွန်တော်အပြစ်ပေးမယ် ထင်သလဲ မနင်းဖွေး..."

သူ အောင်ငြိမ်းကို ကြည့်သည်။ အောင်ငြိမ်းက မိမိမေးခွန်းကို မိမိပင်ဖြေ၏။

"ဝင်းဇင်ကို မနင်းဖွေး... ဝင်းဇင်ကို... ဝင်းဇင်ကို..."

သူ့နှုတ်ခမ်းစေ့၍ ပြုံးနေရာမှ ပြန်ပြောလိုက်သည်။

"ကျွန်မစိတ်တွေ မသေခဲ့ပါဘူး ကိုအောင်ပြိမ်း... စိတ်ဓာတ်သေခဲ့လို့ အချစ်ဆိုတာကို ငြီးငေ့ာ်နံခဲ့တာ မဟုတ်ပါဘူးရှင်..."

*****

## အခန်း(၁၁)

အကျီအပ်သူက မတ်တပ်ရပ်သည်။ ပေကြိုးကို တိုင်မှ လှမ်းဖြုတ်သည်။ နားရွက်ကြားရှိ ခဲတံကို ပြေစာ စာအုပ်ကြားတွင် ညှပ်သည်။ အတိုင်းယူပြီးမှ ပြေစာတွင် မှတ်သည်။ ခေါင်းတုံးဆံတောက်နှင့် မျက်နှာရှည်ရှည် ထိုသူက အဖေ့ကိုပြော၏။

"ချုပ်ခကို တစ်ခါတည်း အပြေယူထားလိုက်ပါ..."

"ဟုတ်ကဲ့၊ ကျေးဇူးပဲ... လက်တို့ ဘာတို့က အရင်အကျီတွေလိုပဲပေါ့..."

"ကျွန်တော်က ခေါက်လက်နဲ့မှ ဝတ်တတ်တာ... လျှာဖြောင်လည်း မဝတ်တတ်ဘူး... ခုခေတ်ပုံစံကို မျက်စိထဲမှာ ဟန်မကျဘူး..."

"ကျွန်တော်မှတ်မိပါတယ်... လျှာရိုးရိုး၊ အိတ်တွန့် အိတ်ဖောင်းနဲ့"

ပြေစာဖြတ်ပိုင်းယူပြီး ဆင်းသွားတော့မှ ဒေါ်စိန်စိန်က စကားကို ပြန်ဆက်လေသည်။

"ကျုပ်ကသွားမေးတာပေါ့... ညည်း ငါ့တူမကို ဒီလိုဒီလို ပြောတယ်ဆိုတာ ဟုတ်သလားလို့ ဖြောင့်ဖြောင့်မေးတော့ မျက်စိမျက်နှာပျက်လို့... သူ မပြောရပါဘူး၊ ဘာဘူးပေါ့... မပြောဘူး၊ ပြောတယ် ညည်းကိုညည်းပိုသိမှာပေါ့လို့... ဒါပေမဲ့ ငါ တစ်ခွန်းပြောမယ်.. ငါ့တူမက သူ့ဘာသာ အပျိုလုပ်လုပ်၊ ဘာလုပ်လုပ် ညည်းအတင်းပြောစရာ မလိုဘူးလို့... ဒီတော့လည်း တုပ်တုပ်မလှုပ်ဘူး... ခုကြည့်... သင်း ထိပြီ..."

အဖေက ဒေါ်စိန်စိန်ကိုမေး၏။

"နေစမ်းပါဦး... မတင်ခက ဘာပြောလို့လဲ..."

"အလကားပါ ကိုစိန်လှိုင်ရယ်... ကလေးဆုံးသွားခါစက ကိစ္စပါ... ကလေးမရှိတော့ အပျိုလုပ်လို့ သာပြီးကောင်းတာပေါ့တဲ့... မတင်ခပြောတဲ့ စကားအဓိပ္ပာယ်က ဘယ်ရောက်သွားသလဲ..."

အဖေက သူ့ကိုကြည့်၍ ပြုံးသည်။ သူက ဟင်းခနဲရယ်လိုက်သည်။ ဒေါ်စိန်စိန်က ဒေါသသံနှင့်...

"ကာလဝိပါက် နောက်ပိုးတက်ဆိုတာ သိပ်မှန်တာပဲ... မနေ့က သူ့သမီးအငယ်မ မင်္ဂလာဆောင်တယ်လေ... နေ့မဝင်၊ ညဦးမကူးသေးဘူး.. ကွဲကြ ကွာကြနဲ့..."

အဖေက ပါးစပ်အဟောင်းသားနှင့် ပြော၏။

"ကျွန်တော်မနေ့ကပဲ အဲဒီမင်္ဂလာဆောင် သွားသေးတယ်... ဒီသတင်း ခုမှကြားရတာ ဘယ်လိုဖြစ်တာလဲ..."

"နယ်လုကြတာလေ... ကောင်လေးက ကောင်လေး အိမ်မှာနေမယ်... မတင်ခသမီးက မအေ့အိမ်မှာပဲနေမယ်နဲ့ ထ စကားများကြတာ မီးတောင်မထွန်းသေးဘူး... လူကြီးစုံရာနဲ့ ကွာကြ၊

ရှင်းကြရောတဲ့… ကောင်းတယ်… ကျုပ်တူမကိုလေ ပြောလိုက်တဲ့အတင်း… ရွာလုံးကျွတ်… နီနီတို့နဲ့ ဟိုကောင်လေးမွေးနေ့ သွားတုန်းကလည်း ပြောတာပဲ… မအေးခင်ကြီးတောင် စိတ်မဆိုးစဖူး စိတ်ဆိုးပြီး ကျွန်မကို လာပြောလို့ ကြားရတာ… တကယ်တော်… ပြန်ပြောမပြချင်ဘူး… ခု သင်းသမီး တစ်ခုလပ် ဖြစ်တာကျတော့… သူ့သမီးမှာ အပြစ်မရှိကြောင်း အိမ်ပေါက်စေ့လျှောက်ပြီး ရှင်းလင်းချက်တွေ ထုတ်တော်မူတယ်…"

အဖေက အားပါးတရရယ်ကာ…

"စိန်စိန်တို့ အပြောကောင်းတာ ဇာတ်မင်းသမီးကြီးလုပ်ဖို့ ကောင်းတယ်…"ဟု ပြေရာပြေကြောင်း ပြော၏။

ထို့နောက်…

"ဒါပေါ့ဗျာ… လူဆိုတာ အချိုးကျူးတာ ခံချင်ကြတာ… ကဲ့ရဲ့တာတော့ ဘယ်လာ လိုချင်ပါ့မလဲ… မလိုချင်ပေမယ့် မကြုံရတဲ့သူရယ်လို့ ရှိမယ် မထင်ဘူး… ဟိုခေတ်ကတော့ ကိုယ်နဲ့မသင့်တဲ့လူကို အပုပ်ချလေလေ တစ်ဖက်သားမှာ ခံရလေလေပဲ… ဒီဘက်ခေတ် ရောက်လာတော့ အပုပ်ချလေလေ အပုပ်ချသူမျက်နှာကို ပြန်စင်လေလေပဲ… ကျုပ်တော့ဗျာ… မနေ့က မင်္ဂလာဆောင်တဲ့ သတို့သမီးနဲ့ သတို့သားမျက်နှာတွေပဲ လှမ်းမြင်နေတယ်…"

ဒေါ်စိန်စိန်က ရှောက်သီးသုပ်ကို တစ်ဖွန်းစားကာ…

"မတင်ခကိုယ်၌က အသုံးမကျလို့ ကလေးတွေ ဒီလိုဖြစ်ရတာ… အချိန်တန်အရွယ်ရောက် ပေးစားပေ့ါ… ပြီးပြီပဲ… ဘယ်မှာနေ၊ ညာမှာနေ ပြောစရာမလိုပါဘူး… ကလေးတွေကို သင့်သင့်မြတ်မြတ်နေကြဖို့ ကြီးပွားရာကြီးပွားကြောင်း ကြိုးစားဖို့ ဒါတွေတော့ မသင်ဘူး၊ မဆုံးမဘူး၊ အလကား အသေးအဖွဲတွေနဲ့…"

ကြယ်သီးပေါက် ဖောက်ရမည့်နေရာကို ခဲမှတ်နေရင်းနှင့်…

"ကျွန်တော်တို့ ဗမာစကားပုံ အဆိုတစ်ခုရှိတယ်… သျှောင်နောက်ဆံထုံးပါဆိုတာ… သျှောင်နဲ့ ဆံထုံးနှစ်ခုတည်းရဲ့ အကျိုးအတွက်ဆို သျှောင်နောက်ပါပါ၊ ဆံထုံးနောက်ပါပါ ပါပေ့ါဗျာ… သျှောင်ရဲ့အစွယ်အပွား.. ဆံထုံးရဲ့ အစွယ်အပွားတွေပါ ရောပြီး လိုရာဆွဲပြောရင် ဘယ်ကောင်းမလဲ… မဟုတ်ဘူးလား…၊ အင်းပေ့ါလေ… အိမ်ထောင်ပြုပြီးရင် အဲဒီအိမ်ထောင်အတွက် ကြီးကျယ်တဲ့ဟာတွေ စဉ်းစားမထားတဲ့ ဦးနှောက်တွေမှာတော့ ဒီဘာမဟုတ်တဲ့ အသေးအဖွဲတွေနဲ့ ဒီလိုပဲ ဖြစ်ကုန်မှာပေ့ါလေ…"

အမေက ခတ်ဘူးထဲရှိရေနွေးကို ကရားထဲငှဲ့ရင်း…

"ကျွန်မတို့က သားသမီးအိမ်ထောင်ရေးမှာ အဲဒါမျိုးဘယ်တော့မှ တို့မီးရှို့မီး မလုပ်ဘူး… နောင်တစ်နေ့ သူ့အိမ်ထောင်ပြုတဲ့အခါ နေရေး ထိုင်ရေးဟာ သူတို့ဘာသာသူတို့ ဆုံးဖြတ်… ခုကတည်းက ပြောထားပြီးသား… စိန်စိန့်တူမကို မေးကြည့်…"

ဒေါ်စိန်စိန် သူ့ကိုကြည့်သည်။ အမေ့ထံမှ ထိုစကားထိုအသံ ပြန်လည်ကြားရ၍ စိတ်အနေကျုံ့သည်။ ခပ်ကြုံ့ကြုံ့ ထောင်ထားသော ဒူးပေါ်တွင် မေးတင်ကာ မျက်လွှာချနေလိုက်သည်။

အိမ်ထောင်ရေးစကားတွေက နားတွင် ခါးသက်သက်။

*****

စက္ကူသားပေါ်တွင် ဖောင်းကြွပန်းကွက်တွေ ဖော်ထား၏။ ဖိတ်စာပေါ်တွင် ဦးလေး၊ အဒေါ်နှင့် မနှင်းဖွေးဟု ရေးထားသည်။ အိတ်ကို စက်ခုံပေါ်တွင် တင်သည်။ ဖိတ်စာစာရွက်မှာ သုံးခေါက်ချိုး။ အပေါ်ဆုံးအခေါက်ကို ခပ်စောင်းစောင်းဖြတ်ထား၏။ ဖဲကြိုးအဖြူကို ထောင့်တွင် ဖောက်ကပ်လျက် တွေ့ရသည်။

"သမီးကို မောင်စိုးလင်းဇော် စောင့်ဦးမလို့တဲ့... အမေတို့က ကိုးနာရီမှ ကျောင်းလွှတ်မှာ... မင်း အပြန်သိပ်ညဥ့်နက်မယ်... မှာစရာရှိတာမှာခဲ့... ဒါမှမဟုတ် စာရေးထားချင် ထားခဲ့လို့ ပြောတော့မှ... ဒါဖြင့်လည်း မစောင့်တော့ဘူး... ထူးထူးထွေထွေ ကိစ္စမရှိပါဘူး ဆိုပြီး ဖိတ်စာပေးခဲ့တာပဲ..."

ငွေရောင် ဖောင်းကြွစာလုံးတွေ။ မာရီယွန်၏ အမည်ဘေးတွင် သိပ္ပံ၊ သချာၤဟု လေးထောင့်ကွင်းဖြင့် အင်္ဂလိပ်လို ပုံနှိပ်ထားသည်။ စိုးလင်းဇော်၏ အမည်ဘေးတွင် ဝိဇ္ဇာ၊ ဒဿနိကဟု အင်္ဂလိပ်လို ပုံနှိပ်ထားသည်။ မာရီယွန်၏အမည်နှင့် မိဘအမည်ကို ပူးတွဲတွေ့၏။ အစ်ကိုအဖြစ် ဝင်းဇင်၏အမည်ကို တွေ့သည်။

"ဖိတ်စာဖိုးတွင် နည်းနည်းနောနောကုန်မှာမဟုတ်ဘူး..."
ဖိတ်စာကို အိတ်ထဲသို့ ပြန်ထည့်နေစဉ် အမေက ထင်မြင်ချက်ပေး၏။

"သမီးပဲသွားလေ... အဖေတို့တော့ လိုက်နိုင်မယ် မထင်ဘူး..."
အဖေက မကြည့်ဘဲ ပြော၏။

"သမီး မသွားပါဘူး..."
"မောင်စိုးလင်းဇော်ရဲ့ မျက်နှာရှိသေးတယ်..."
"ဒါ အသိပေးတယ်ဆိုတဲ့ သဘောနဲ့ လာပေးတဲ့ ဖိတ်စာပါအဖေ...၊ လာဖို့ဖိတ်တဲ့ ဖိတ်စာမဟုတ်ပါဘူး..."

မျက်လုံးက အဖေ့ထံသို့ မရောက်အောင် နေလိုက်သည်။ အဖေ မည်သည့်သဘောဖြင့် မေးသည်ကို သဘောပေါက်၏။

*****

သမိုင်းဘာသာရပ်အတွက် မှတ်စုခေါ်ပေးနေသူ ဆရာမ၏အသံသည် တိမ်သွား၏။ ကျောင်းစာရေးက ခပ်တိုးတိုးပြော၏။ ဆရာမ ခေါင်းညိတ်ပြရင်း ကျောင်းသူတွေဘက်သို့ မျက်လုံးဝေ့၏။ ကျောင်းစာရေး ပြန်ထွက်ခါနီးတွင်...

"မနှင်းဖွေးနဲ့တွေ့ဖို့ ဧည့်သည်တစ်ယောက် ဆရာကြီးအခန်းမှာ စောင့်နေတယ်... သွားတွေ့လိုက်ပါ..."

သူ့အမည် ခေါ်သံကြားရချိန်တွင် ရင်ခုန်သွား၏။ ဘယ်သူပါလိမ့်။ အောင်ပြိမ်းလား၊ မဖြစ်နိုင်။ ကျောင်းတက်ချိန်တွင် လာတွေ့ရလောက်အောင် အောင်ငြိမ်းတွင် အကြောင်းမရှိ။ ဘယ်သူပါလိမ့်ဟု ထပ်တွေးသည်။ အရေးတကြီးအကြောင်း သူ့တွင်လည်း ဘာမျှမရှိ။ စဉ်းစားရင်း ကျောင်းစာအုပ်ကို လွယ်အိတ်ထဲသို့ ထည့်သည်။ ထိုင်ခုံမှထကာ အပြင်သို့ထွက်ရန်ပြင်သည်။ တစ်ခန်းလုံးငြိမ်နေ၏။ တချို့က သူ့ကိုလှမ်းကြည့်နေကြသည်။ ဆရာမက မှတ်စုပေးရန် ချောင်းဟန့်ပြီး လည်ချောင်းရှင်း၏။

အပြင်သို့အရောက်တွင် ကျောင်းစာရေးဖြစ်သူကို ကြည့်၏။ မည်သူမည်ဝါဟု မေးရန်။ ကျောင်းစာရေးက စာရေးခန်းဝသို့ပင် ရောက်နေချေပြီ။ တွေးမရ။

ကျောင်းအုပ်ဆရာကြီး အခန်းဘေးမှ အခန်းကျယ်ကြီးသို့ ရောက်လာ၏။ သင်တန်းချိန် နားသော ဆရာမတစ်ယောက်နှင့် ဆရာနှစ်ယောက်ကို ထိုအခန်းထဲတွင် တွေ့၏။ တစ်ဖက်စွန်း စားပွဲထိပ်တွင် ထိုင်နေသူကို အဝင်တွင် ကိုယ်ကိုယ့်ရှုကြည့်၏။ နီနီ၊ သူ လှမ်းခေါ်လိုက်၏။ နီနီက သူ့ထံသို့ ထလာ၏။

"ဘာများလဲ နီနီ"

"အဖေ ဆေးရုံရောက်နေပြီ.. အဲဒါလာပြောတာ... ခွင့်တိုင်ပြီးပလား..."

တာဝန်ခံဆရာထံသို့ သူသွားသည်။ အကျိုးအကြောင်းပြောပြကာ ခွင့်တိုင်သည်။ ဆရာက...

"ခင်ဗျားတို့ နှစ်ယောက်တည်း ပြန်လို့ဖြစ်လား..."ဟု မေး၏။

"ဖြစ်ပါတယ်ဆရာ.. ခုမှ ခုနစ်နာရီတောင် မထိုးသေးပါဘူး..."ဟု သူဖြေသည်။ ထိုအခန်းမှ ထွက်ပြီး ကျောင်းစာရေး၏ အခန်းဝတွင် ရပ်လိုက် ကြသည်။ ကျောင်းစောင့်ကို စာရေးက တံခါးဖွင့်ပေးရန် ပြော၏။ ကျောင်းစောင့်အဖိုးကြီးက သော့ယူနေစဉ် သူတို့နှစ်ယောက်က သံတံခါးရှိရာသို့ လျှောက်နှင့်ကြ၏။

"ဘယ်လိုဖြစ်တာလဲ နီနီ... ဒီနေ့ တရားရိပ်သာက ပြန်လာတာ မဟုတ်လား..."

"ဟုတ်တယ်လေ... သုံးဆယ့်သုံးရက် ဂုဏ်အောင်းပြီး ဝိပဿနာရှုတယ် ဆိုလားပဲ... အညောင်းမိတာလည်း ပါမယ်... ဂုကလည်း အေးတယ် မဟုတ်လား... ဆေးရုံကဆရာဝန်ကြီး ပြောတာတော့ အဆုတ် အအေးပတ်တာရော... တစ်ကိုယ်လုံး အကြောတွေ ခပ်ဆိုင်းဆိုင်း ဖြစ်နေတာရော ရောနေတယ်တဲ့... ဆေးရုံရောက်တော့ စကားပြောတဲ့အသံ နည်းနည်း ပီလာတယ်..."

"တရားရိပ်သာကနေ ဆေးရုံဆီ တန်းခေါ်လာခဲ့ရတာလား..."

နီနီခေါင်းညိတ်ပြသည်။

"ရိပ်သာကနေ အမေနဲ့နီနီ သွားကြိုတယ်လေ... လေးဘီးနဲ့အပြန် လမ်းတစ်ဝက်လောက်ပဲ ရောက်ဦးမယ်... ထိုင်ရင်းက ယိုင်ကျလာတာ... ဒါနဲ့ ဆေးရုံဆီ တန်းပြီး မောင်းခိုင်းရတာပေ့ါ..."

"နီနီ ကိုယ့်ဆီမလာခင် ဘယ့်နှယ်နေသေးလဲ..."

"တော်တော် သက်သာပါပြီ... ဆေးရုံမှာ ဦးလေးဦးစိန်လှိုင်နဲ့ အမေတို့ရောက်နေတယ်... ဆေးရုံတင်ပြီး မနှင်းဖွေးတို့အိမ်ကို နီနီသွားပြောတာပေ့ါ... ဒေါ်လေးက အိမ်စောင့်ကျန်နေခဲ့တယ်... မနှင်းဖွေးကို သွားအကြောင်းကြားပြီး ခေါ်လို့လည်း မှာလိုက်တယ်..."

စိုးရိမ်စိတ်က အနည်းငယ် ကျသွားလေသည်။ ကျောင်းလေ့ကားထစ်တွေကို ပြိုင်တူလိုလို နင်းလိုက်ကြသည်။ အပြင်ရှိ မီးရောင်တွေကို ကျင့်သားမရသေး၍ မှောင်သည်ဟုထင်၏။ မြေနီလမ်းအတိုင်း လျှောက်လာကြသည်။

"အင်း... အရေးထဲ ပြောရဦးမယ်..."

သူလှည့်ကြည့်သည်။ နီကြန်ကြန်ဓာတ်တိုင်မီးရောင်ဖြင့် နီနီ့မျက်နှာကို တွေ့၏။ ပြုံးစိစိနှင့် နှုတ်ခမ်းပြင်လေသည်။

"ခု ဒီကိုအလာ ကျောင်းလမ်းထိပ် စိန်ပန်းပင်အောက်မှာ ကိုဝင်းဇင်ကို တွေ့တယ်... ဓာတ်တိုင်နဲ့ လှမ်းနေတော့ ဖြူန်းခနဲ သူမှန်းမသိဘူး... သူက နီနီ့ကို မြင်ဟန်တူပါတယ်... စိန်ပန်းပင်နဲ့ ခပ်ကွယ်ကွယ်... ကျောင်းလမ်းက ထွက်လာတဲ့ကားက ထိုးကွေ့တော့ ကားမီးရောင်က တည့်တည့်ထိုးသလို ဖြစ်သွားတာပေ့ါ... မရှောင်သာတော့ဘူး... နီနီ့ကို အိုးတိုးအမ်းတမ်းနဲ့ ဘယ်သွားမလို့လဲလို့ လှမ်းနှုတ်ဆက်တယ်... ဒီနားပဲလို့ နီနီဖြေလိုက်တယ်... ပြီးတော့ ခဏနေပါဦးဗျာတဲ့... အနားရောက်တော့ သူ့ကို ဘာလဲလို့ မေးလိုက်တယ်... ချက်ချင်းမဖြေဘူး... တွေကြည့်နေတယ်.. ပြီးတော့မှ ခင်ဗျားသူငယ်ချင်းကို ပြောလိုက်ပါဗျာတဲ့... သိလား... ကျွန်တော် စကားတစ်ခွန်းလောက် ပြောချင်တာ လာတွေ့ခွင့်ပေးပါလို့တဲ့... နီနီက ဟင့်အင်း... ကျွန်မမသိဘူး.. ဘယ်က သူငယ်ချင်းလဲလို့... ပြောမနေနဲ့လို့ နီနီက သူနားက ထွက်သွားခါနီးမှာ မနှင်းဖွေးကို ပြောတာပါတဲ့... အဲဒါပဲ အရေးထဲအရာပေါ်..."

ခြေလှမ်းတွေ တုံ့ချင်သည်။ ကျောင်းလမ်းဝသို့ အမှတ်မဲ့ကြည့်မိ၏။

"ခုလေးတွင်ပေ့ါ..."

"အင်းလေ... မနှင်းဖွေးတို့ ကျောင်းအုပ်ဆရာကြီးဆီ သွားပြောတာရယ်... မနှင်းဖွေးကို သွားခေါ်တာရယ်... အခုအချိန်ရယ်... ဆယ်မိနစ် မရှိသေးပါဘူး..."

လမ်းသာလျှောက်လာသည်။ ဘာမှမပြော။ တွေးစရာတွေများစွာ ဦးခေါင်းတွင်ဖြစ်လာ၏။ ရင်ထဲတွင် အတန်အသင့် လှိုက်ချင်၏။ ကျောင်းပြန်တက်မှန်း သူ သတင်းကြားဟန်တူသည်ဟု အောက်မေ့၏။ ကျောင်းပတ်ဝန်းကျင်ကို နေ့တိုင်းလာသလား။ ကျောင်းသွားကျောင်းပြန်ကို တိတ်တဆိတ် လာကြည့်နေသလား။

ကျောင်းလမ်းအလွန်ရှိ စိန်ပန်းပင်အောင်သို့ စိတ်စောစွာ လှမ်းကြည့်၏။ မည်သူမျှမရှိ။

*****

ဆီစွန်းနေသော သတင်းစာစက္ကူထုပ်ကို လက်ထဲသို့ ပေး၏။

"ဘာလဲကွယ့် မောင်အောင်ငြိမ်း..."

အမေက လှမ်းယူပြီးမေး၏။

"လမ်းထိပ်အကြော်ဆိုင်က ဝင်ဝယ်လာတာပါ... ဘူးသီးကြော်နဲ့ ငှက်ပျောကြော်..."

အောင်ငြိမ်းက လက်ဖျားကို ခေါင်းတွင် ပွတ်၏။

"ဩော်... ဘယ့်နယ်... ခေါင်းနဲ့သုတ်ရတာလဲ... လက်သုတ်ပဝါ သွားယူပေးမှာပေါ့ကွယ်..."

"နေပါစေ အဒေါ်... ခေါင်းလိမ်းဆီအမှတ်နဲ့ လိမ်းလိုက်တာ... ဟဲဟဲ... စင်တောင်စင်နေပြီ..."

သူက လက်သုတ်ပဝါကို ပြတင်းပေါက်ဘောင်တွင် လှန်းထားရာက သွားယူပေးရင်း ရယ်၏။

"ကိုအောင်ငြိမ်းက ချွေတာရေးသဘောနဲ့ပေါ့ ဟုတ်လား..."

အောင်ငြိမ်းက ပြုံးနေ၏။

"ဦးလေးကော ဘယ်သွားလဲ..."

"အဖေက မီးကင်းကိစ္စ အစည်းအဝေးခေါ်လို့ သွားတယ်လေ..."ဟု အောင်ငြိမ်းကို ဖြေရင်း...

"သမီး ပန်းကန်ပြားတစ်ချပ် သွားယူလိုက်ပါ..."ဟု သူ့ကိုပြောသည်။ ပန်းကန်ပြား သွားယူပြီး ပြန်ထွက်လာချိန်တွင် အောင်ငြိမ်းက...

"ဝင်းဇင်တို့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး... သူ့အဖေ ပြုတ်သွားပြီဆိုတော့ သူတို့လည်း အနေအထား တစ်မျိုးဖြစ်သွားမှာပဲ... အင်းလေ... ဘယ်တတ်နိုင်မလဲ... သူ့အကြောင်းနဲ့သူ ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲ..."

လက်ဖက်ရည်ကြမ်း ဗန်းအနီးတွင် ထမင်းပန်းကန်ကို ချထားလိုက်သည်။ အမေက ဘူးသီးကြော်နှင့် ငှက်ပျောကြော်တွေကို ထည့်၏။ အကြော်ထုပ်စက္ကူကို ခေါက်ပြီး ပြတင်းပေါက်မှ လွှင့်ပစ်၏။ အမေပြန်ထိုင်သည်။ အောင်ငြိမ်းက ပန်းကန်လုံးနှင့် ဖန်ခွက်တွေထဲသို့ အကြမ်းငှဲ့သည်။

"မနှင်းဖွေးကြီးကြီးက မနက်အစောကြီး ပေါက်ချပြီး အဲဒီသတင်း လာပြောတယ်... အဒေါ်တို့လည်း မှန်ရာပြောသစ္စာ... ဝါးတဲ့ကွမ်းသီးလို ကြေရစေရဲ့.. ငါ့သမီးကို စော်ကားခဲ့တဲ့ ဟာတွေ ကောင်းလိုက်တာလို့ ဝမ်းမသာမိပါဘူး... မင်းဦးလေးကတော့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းတဲ့... ကိုယ့်လမ်းကိုယ်သွား... သူ့အကုသိုလ်နဲ့ သူသွားတာတဲ့.. တို့သမီးနဲ့ ပက်သက်တဲ့ အာဃာတကို ဒီနေရာမျိုးတော့ မပေါ်စေနဲ့တဲ့..."

သူတစ်ခွန်းဝင်ပြော၏။

"ကျွန်မကို လူလိုသူလို မဆက်ဆံခဲ့ကြပေမယ့်... ဒီသတင်း ဖတ်ရတော့ စိတ်မကောင်းပါဘူး... အထူးသဖြင့် မာရီယွန်အတွက်တော့ ပိုလို့ စိတ်မကောင်းပါဘူး ကိုအောင်ငြိမ်း... မာရီယွန်က တစ်မိသားစုလုံးနဲ့ မတူပါဘူး.. အေးလည်း အေးပါတယ်..."

အမေက ဒေါ်စိန်စိန်နှင့် စပ်လျဉ်းသော စကားကို ပြန်၍ကောက်၏။

"စိန်စိန်ကတော့ သူ့တူမ စော်ကားတဲ့ဟာတွေ အထိတောင် နည်းသေးတယ်ပေါ့... စောင့်ကြည့်တဲ့... နောင် ဒါထက် ပျက်စီးရာ ပျက်စီးကြောင်း ကြံ့ကိုကြံ့ရဦးမယ်တဲ့... အဒေါ်က စိန်စိန်ရယ်... ပြီးတာတွေ ပြီးပြီးသားပဲ... ပြောမနေပါနဲ့တော့လို့ ပြောယူရတယ်..."

အဖေ့အတွက် ငှက်ပျောကြော်တစ်ခု ဦးချပြီး ဖယ်ထားသည်။ အမေက ဘူးသီးကြော် ယူစားပြီး ပန်းကန်ကို အောင်ငြိမ်းဘက်သို့ တိုး၏။

"မနင်းဖွေး စားလေ..."

သူ ခေါင်းညိတ်ခိုက် အမေက ဘူးသီးကြော်တစ်ခု ပေး၏။

"ဟင့်အင်း.. ငှက်ပျောကြော်စားချင်တယ်..."ဟု ပြောသဖြင့် အမေက ဘူးသီးကြော်ကို ပြန်ထည့်သည်။ သူ့ကို ငှက်ပျောကြော်ကမ်းကာ...

"မင်းလည်း စားလေ"ဟု အောင်ငြိမ်းကို မျက်နှာလှည့်ပြီး ပြောသည်။ အောင်ငြိမ်းက ငှက်ပျောကြော်ကို ယူရင်း...

"ကျွန်တော်တော့ လောကကိုကြည့်ပြီး တစ်ခါတလေ တရားကျတယ်..."

အမေက သူ့ကိုကြည့်နေသည်။

"အဒေါ်တို့ နားလည်တာက ဒီလို မောင်အောင်ငြိမ်း... တရားကို ကိုယ်က မမြင်ပဲနေရင် တရားကမြင်လာအောင် ကိုယ်ထင်ပြလိမ့်မယ်လို့... အဲဒီအခါ တရားရဲ့ အရောင်အဆင်းကြောင့် တစ်မျိုးတစ်မည် ထိတ်လန့်ရမယ်... အဲသလိုပဲ နားလည်တယ်..."

"မနက်က ကျွန်တော် အဲဒီသတင်းကို ဖတ်လိုက်တော့ သိပ်အံ့အားသင့်သွားရတယ်... မနင်းဖွေးကို ပြေးပြီးမြင်တယ်... ဒီစကား ကျွန်တော်ပြောလို့ စိတ်မရှိနဲ့နော်..."

အမြင်မှားမည် မခံနိုင်သောသဘောဖြင့် စကားအရံအတားပြု၏။ အမေကပြုံးကာ...

"ပြောပါ... ရပါတယ် မောင်အောင်ငြိမ်းရယ်... မောင်နမသားချင်းတွေလိုပဲဟာ..." ဟု ဝင်ပြောသည်။ သူက အောင်ငြိမ်းကို ကြည့်ကာ တစ်ချက်ပြုံးသည်။ အပြုံးကို အနက်တစ်မျိုး ကောက်မိပုံရ၏။ နှုတ်ဆွံ့သွားသည်။ ကြာရှည်မပျက်အောင် မျက်နှာပြင်ကာ ဆက်ပြော၏။

"အတက်အကျ လောကကို ကြည့်ပြီး သံဝေဂရတယ်..."

"ဟေ... မောင်အောင်ငြိမ်း... ဘာတွေ သံဝေဂရနေတာလဲ..."

ရုတ်တရက် မေးလိုက်သံကြောင့် ငေးတိငေးကြောင် ဖြစ်သွားသည်။ အဖေက အပေါ်သို့ တက်တက်ချင်းမေးသည်။ အဖေ့ကို သမင်လည်ပြန် လှည့်ကြည့်သည်။ အဖေက သူတို့ စကားဝိုင်းတွင် ထိုင်၏။ အောင်ငြိမ်းက လက်ဖက်ရည်ကြမ်းဖန်ခွက်ကို အဖေ့ရှေ့သို့ ချပေး၏။ ထိုစဉ် အမေက ပြောပြလေသည်။

"ဟိုသတင်းနဲ့ပတ်သက်ပြီး ပြောနေကြတာ..."

အဖေသည် စစ်စွပ်ကျယ်လက်ရှည် အဟောင်းကို တံတောင်နစ်ဖက် ပေါ်အောင် ဝတ်ထား၏။ အတော်အတန် ရှည်လျားနေပြီဖြစ်သော ဆံပင်တွေကို လက်ဖဝါးဖြင့်

သပ်ရှိတင်သည်။ ဦးခေါင်းကိုမော့ကာ ကျီးရက်ဘက်သို့ ကြည့်နေ၏။ ထို့နောက် ခေါင်းကို ဖြည်းညင်းစွာ ငိုက်၏။

"ဪ... အင်း... ဒါနဲ့ပတ်သက်ပြီး မောင်အောင်ငြိမ်းက သံဝေဂရတယ်လို့ ပြောလိုက်တာလား..."

အောင်ငြိမ်းက ဘူးသီးကြော်ကို ပါးစပ်ထဲသို့ ထည့်ကာကိုက်နေစဉ် ခေါင်းညိတ်သည်။ လက်သုတ်ပဝါကို ယူပြီး...

"လူ့ဘဝရဲ့ အတက်အကျကို ပြောတာပါ..."

"ဒါပေါ့ကွ... ချမ်းသာမယ်၊ ဆင်းရဲမယ်၊ မြင့်မယ်၊ ကျမယ်... ကြုံနေကျပဲ... တို့လူမျိုးက တစ်မျိုးကွ... ဝမ်းသာစရာရှိရင် ဝမ်းသာလုံးဆို့ပြီး သေတဲ့မသာမျိုးလည်း ရှိတယ်... ဝမ်းနည်းရင်လည်း ငိုရင်းအလုံးဆို့ပြီး သေတဲ့မသာမျိုးလည်း ရှိတယ်... မမျှဘူး... မငိုတတ်၊ မရယ်တတ် အခွင့်အလမ်းလေးရလို့ နည်းနည်းတက်ရသေးတယ်... ဘယ်သူ့မှ လူမထင်တော့ဘူး... ဖုန်းခနဲ၊ ဝုန်းခနဲ ကျပြီဆိုတဲ့အခါ မျက်နှာသေလေးနဲ့... ကြည့်ရတာ တော်တော်အရုပ်ဆိုးတဲ့ စရိုက်ပဲ... တစ်မျိုးပါကွာ..."

"ဆင်းရဲဒဏ် ခံနိုင်တယ်... ချမ်းသာဒဏ် မခံနိုင်ဘူးဆိုတာ... ဒါကိုပြောတာနဲ့ တူပါတယ် ဦးလေး..."

"ဆိုပါတော့လေ... တို့ရွာထဲကြည့်... ဖိုးလှိုင်တို့လင်မယား... အရင်ဈေးထဲမှာ မက်မန်းသီး ရောင်းနေတုန်းက အလွန်ပေါင်းလို့ သင်းလို့ ကောင်းတယ်... ဟော... သူတို့ညီအစ်ကိုတော် ဘိုးမှန့်ဆီစက်လား၊ ဆန်စက်လား.. ဘိုးမှန်က လုပ်ကိုင်စားဖို့ ခဏ လွှဲပေးထားတာ... လောဘဇောတိုက်ပြီး စက်ကို မောင်ပိုင်စီးရော... ညီအစ်ကိုချင်းမို့ ဘိုးမှန်က လျှော့ပေးလိုက်တယ်... ဟော... ခုကြည့်... အိမ်နီးနားချင်းတွေနဲ့လည်း မတည့်၊ ဈေးရောင်းဖက် မိတ်ဟောင်းတွေနဲ့လည်း အကုန်ရန်ဖြစ်... မခေါ်မပြောနိုင်ဖြစ်တဲ့ လူတွေလည်း နည်းလား... ဒီအထဲတလောက အနောက်ဘက်ကမ်းက လူတွေနဲ့ စပါးခိုးကြိတ်လို့ဆိုလား... အမှုအခင်းတွေ ဖြစ်လိုက်သေးတယ်... ဦးလေးက သူတို့အကြောင်း ပြောရတာတောင် တယ်မပြောချင်ဘူး... သူ့ဟာသူ ခိုးခိုး ဝှက်ဝှက်... ဘာဖြစ်ဖြစ်... သဘောသကန်ကို ပြောပြတာ..."

အောင်ငြိမ်းက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ထို့နောက်...

"ပြောင်းပစ်ရမယ့် စိတ်ဓာတ်တွေ အများကြီးပဲ..."

"အေးလေ... ဒါကလည်း ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ တစ်နည်းတစ်လမ်း ဆက်နေတာလည်း ဆက်နေတာပဲကိုး..."

"ဦးလေးတို့ကို ခေတ်မမှီဘူးပဲ ထားပါကွာ... ဦးလေးတို့ သဘောကတော့... ကောင်းကောင်းမွန်မွန် ရှာဖွေ လုပ်ကိုင်စားသောက်မယ်... အချိန်ရရင် စာပေပရိယတ္တိ လိုက်စားမယ်... ရပ်ကိစ္စ၊ ရွာကိစ္စလုပ်မယ်... သူများ စိတ်အနှောင့်အယှက်ဖြစ်အောင် ရှိင်းရိုင်းပြပြ မဆက်ဆံဘူး... ကိုယ့်ကို ကူညီနိုင်ရင်လည်း ကူညီ... ကိုယ်ကလည်း ဒီသဘောပဲ... အဲသလောက်ပဲ တတ်နိုင်တယ်လေ... တိုင်းသူပြည်သားကောင်းတစ်ယောက် ဆိုပါတော့ကွာ... စကားကြီး စကားကျယ်နဲ့ သုံးရရင်ပေါ့...."

အဖေက စကားအဆုံးတွင် ရယ်၏။ အောင်ငြိမ်းက ထင်မြင်ချက်တစ်ခုပေး၏။

"ကိုယ်ချင်းစာတရားဆိုပါတော့ ဦးလေးရယ်..."

"နေရာနဲ့နေရာပါကွ... အင်း... အခု မီးကင်းအစည်းအဝေးက အပြန် လမ်းထိပ်မှာ တက်နင်းမိတော့မလို့... ကင်းမြီးကောက်... နည်းတဲ့အကောင် ကြီးမဟုတ်ဘူး... ပြာနမ်းနေတာပဲ... ဦးလေးကို အမြီးနဲ့ထိုးတော့မလို့... ကိုယ်ချင်းစာတရားနဲ့ ကြည့်ရင် သူလည်းသတ္တဝါ၊ ဦးလေးလည်း သတ္တဝါ... အသက်ရှိတာချင်း အတူတူ... စာနာပြီးလမ်းဘေးကို တုတ်နဲ့ကော်ထုတ်လိုက်ပါပြီတဲ့... ဦးလေးတစ်ယောက်အတွက် လောလောဆယ် ဘေးကင်းပြီ ထားလိုက်... တစ်ယောက်ယောက်နဲ့ ဒီကောင်နဲ့တိုးရင် ဒီကောင်တွယ်ထည့်လိုက်မှာပဲ... ဦးလေး သူ့ကိုလွှတ်ပေးလိုက်တာဟာ တခြားတစ်ယောက် ဒုက္ခရောက်ဖို့ ဖြစ်မနေဘူးလား... ပြီးတော့ ကင်းမြီးကောက်က လိပ်ပြာတွေ၊ ပျားတွေလောက် လူတွေအတွက် အသုံးဝင်ရင်ထားတော့... ဒါနဲ့ပဲ ကင်းမြီးကောက်ရဲ့ မေတ္တာရပ်ခံချက်အရ ဦးလေးက အညောင်းပြေ တက်နင်းပေးလိုက်ပါတယ်ကွာ... ဟား.. ဟား... ဘုရားရှိခိုးတာ ရှိခိုးတာ တခြားပဲပေ့... ဟား... ဟား... ဟား..."

အမေက အဖေ့ကို မျက်စောင်းတစ်ချက်ထိုးရင်း ရယ်သည်။ အောင်ငြိမ်း၏ရယ်သံမှာ ဟိန်းထွက်လာ၏။ မနင်းဖွေး၏လက်သည် လက်သုပ်ပဝါကို ကိုင်ထားကာ နှုတ်ခမ်းကိုကွယ်၏။ ရယ်သံကို မနည်းပင်နှိမ့်ထားရဟန် တူလေသည်။

ရယ်ပွဲဖွဲ့၍ ဆုံးသောအခါ အဖေက တစ်ခုခုကို သတိရပုံနှင့် ပြောသည်။

"သိပ်မရယ်ကြနဲ့ဦး... ခြံနားပတ်ဝန်းကျင်က ဖြတ်သွားတဲ့သူတွေ ကြားသွားရင် ခမည်းခမက်ပေါင်း ဒုက္ခတွေလို့ အူမြူးနေတယ် အထင်ခံရဦးမယ်ဗျ..."

သူ အဖေ့ကို နှုတ်ခမ်းစူပြလိုက်လေသည်။

*****

## အခန်း(၁၀)

ခေါ်သံကြောင့် ရပ်သည်။ နောက်သို့ ကိုယ်ကို လှည့်လိုက်၏။ ခပ်သုတ်သုတ် လျှောက်လာသော စိုးလင်းဇော်ကိုတွေ့၏။ တစ်ဆိုင်ကျော်အကွာသို့ ရောက်လာ၏။ သူပြုံး၏။ စိုးလင်းဇော်ပြန်၍ ပြုံး၏။ လက်တစ်ကမ်းအကွာသို့ ရောက်၏။

"ကျွန်တော် လှမ်းခေါ်တာ သုံးလေးခွန်းရှိပြီ..."

"ကျွန်မ မကြားလိုက်ဘူး..."

"ဘယ်သွားမလို့လဲ..."

"သွားစရာမရှိပါဘူး... အိမ်ပြန်ရုံပဲ..."

"တစ်ခုခုစားပါလား... အုန်းနို့ကျောက်ကျောလောက်ဖြစ်ဖြစ်..."

"အခုပဲ အဲဒီဆိုင်က ကျွန်မထလာတာ..."

"အချိန်ရလား..."

"ရတော့ရပါတယ်.. ကိစ္စရှိလို့လား..."

စိုးလင်းဇော်က ခေါင်းညိတ်သည်။ လုံချည်ပြင်ဝတ်ရင်း...

"ကိစ္စရယ်တော့ မဟုတ်ပါဘူး... ပြောစရာစကား တစ်ခွန်းနှစ်ခွန်း ရှိလို့..."

တွေခနဲဖြစ်သွားသည်။

"အနောက်ဘက်တန်းက လက်ဖက်ရည်ဆိုင်မှာ ခဏထိုင်ရအောင်..."

စိုးလင်းဇော်ကရှေ့မှ သွားသည်။ သူ နောက်က လိုက်ခဲ့သည်။ ချော်ခဲရောင်အုတ်တွေကို ငုံ့ကြည့်သည်။ ပြောစရာရှိသည်ဆိုသော စကားကို တွေးသည်။ ယမုံနာဆိုင်ရှေ့သို့ ရောက်လာ၏။ ဆက်တိုက်ဝင်လာသော ကားတွေကို ခဏရပ်ပြီး စောင့်ရ၏။ စိုးလင်းဇော်က တစ်ဖက်သို့ကူးကာ ရပ်ထားသော ကားတွေဘေးမှ ကပ်လျှောက်သည်။ စည်ကားလှသော ဗိုလ်ချုပ်စျေး၏ ပရိသတ်များကို တိုးဝှေ့ရှောင်ရှားရင်း လိုက်ခဲ့သည်။

လက်ဖက်ရည်ဆိုင် အတွင်းသို့ စိုးလင်းဇော် ဝင်သွားသည်။ သူဝင်သွားသောအခါ ခေတ္တရပ်နေရသေး၏။ ဆိုင်ထောင့်စားပွဲက လူတွေထခိုက်နှင့် ဆုံနေ၏။ စိုးလင်းဇော်က အရင် ဝင်ထိုင်လိုက်သည်။ သူထိုင်ရန် ခုံနေရာကို ရွှေ့ပေး၏။ ဆိုင်အလုပ်သမားက စားပွဲကိုရှင်းနေစဉ် စိုးလင်းဇော်က ကော်ဖီနှစ်ခွက်မှာ၏။ စားပွဲပေါ်သို့ ခေါက်ထီးကိုတင်သည်။ လက်ထဲမှအထုပ်က ဘီတင်ဖောက်ထားသော ထဘီများဖြစ်၍ ပေါင်ပေါ်တွင်သာ တင်ထားသည်။

"သတင်းတွေတော့ ကြားမှာပေါ့..."

အပြင်သို့ကြည့်သည့် မျက်လုံးအစုံကို စိုးလင်းဇော်ထံသို့ ပြောင်းလိုက်၏။

"ဘာပါလိမ့် ကိုစိုးလင်းဇော်..."

"ဝင်းဇင်... အဲ... အခုတော့ ကျွန်တော့်ယောက်ဖ... အဲဒါ..."

သူ ခေါင်းညိတ်ပြ၏။

"ဝင်းဇင်က ကျွန်တော့်ဆီလာပြီး ခဏခဏ အပူကပ်တယ်... ကျွန်တော့်မိန်းမက ပြောမပေးနဲ့... အလကား အခုမှလာပြီး ဆတ်စလူးဖြစ်နေတယ်... တစ်ဖက်မှာ ဆက်ဆံရေး ခယိုခယိုင်ဖြစ်ရရင် မကောင်းဘူးတဲ့..."

"ဘာပါလိမ့်.."

"သြော်ဗျာ... ခင်ဗျားကို တွေ့ချင်တဲ့အကြောင်း... စကားပြောချင်တဲ့အကြောင်း... အဲဒါ... အဲဒါဗျာ... မာရီယွန်တောင် နားငြီးလာတယ်တဲ့... အခု သူတို့အိမ်ပြောင်းတာတွေ ဘာတွေကြားက ပေါက်လာလာပြီး ကျွန်တော့်ကို နားပူနားဆာလုပ်နေတယ်... ကျွန်တော့်မှာ မပြောလို့လည်း မကောင်း... ပြောပေးလို့လည်း မကောင်း..."

စိတ်ပျက်ညည်းညူစွာ ခေါင်းကုတ်သည်။ နှလုံးသွေး မဆိုစလောက် မြန်လာသည်ဟု ခံစားရသည်။ မသိမသာစိတ်မောသည်။ ပင့်သက်ကို အမှတ်တမဲ့မှုတ်ထုတ်မိသည်။

"ဒီစကားကို နီနီနဲ့တဆင့် ပြောဖူးသေးတယ်... တလောတုန်းက နီနီ ကျောင်းလိုက်လာတယ်... ကိစ္စတစ်ခုနဲ့... ကျောင်းရှေ့မှာ သူ့ကို နီနီတွေ့တယ်လေ... နီနီက ဟောက်လိုက်လို့..."

"ဟုတ်လား... ဒီအကြောင်းကို ကျွန်တော့်ကို မပြောဘူး..."

စိုးလင်းဇော်က ထူးဆန်းစွာ ကြားရသကဲ့သို့ ဖြစ်နေ၏။

"ကျွန်မမှာ ပြောစရာစကား ဘာမှမရှိပါဘူး... ကြားစရာနားလည်း ကျွန်မမှာ မရှိတော့ပါဘူးလို့ ပြန်ပြောပေးပါ ကိုစိုးလင်းဇော်..."

စိုးလင်းဇော်က စားပွဲကို စိုက်၍ကြည့်ရင်း ခေါင်းညိတ်လေ၏။

"အဲဒီအကြောင်းတွေ အိမ်ကို မပြောရဲခဲ့ဘူး... ပြောရင် တစ်မျိုးထင်မယ်... ကျွန်မ ကျောင်းတက်ဖို့တောင် ခက်တက်တက်ဖြစ်ချင် ဖြစ်သွားမှာ... ပြီးတော့ ကျွန်မမိဘကို သူနဲ့ပတ်သက်ပြီး ပြောခဲ့တဲ့စကားတွေက ကုန်နေပြီ... လွန်လည်းလွန်နေပြီ... ကျွန်မကိုယ်တိုင်လည်း စိတ်ထဲမှာ တွေးလေ နာလေပဲ... မနေ့က ကြီးကြီးစိန်စိန် ကျွန်မကို မေးတယ်... ညည်းယောကျာ်းကို ညည်းတကယ် စိတ်ပြတ်ပြီလားတဲ့... အမေတို့က တစ်ဖက်လှည့်နဲ့ မေးခိုင်းတာ ဖြစ်ချင်ဖြစ်မယ်... ကျွန်မ အဲသလိုနေနေရတာ..."

စိုးလင်းဇော်က ခေါင်းညိတ်မြဲညိတ်ကာ...

"ဟုတ်ပါတယ်... မနင်းဖွေးအနေနဲ့ ဥပမာပြောတာပါ... ဘယ်လောက်ပဲ သံယောဇဉ် ရှိနေရှိနေ... ဝင်းဇင်လုပ်ခဲ့တဲ့ လုပ်ရပ်တွေက မနင်းဖွေး မိဘအဖို့ အသည်းပေါက်စရာပဲ... ဘယ်လွယ်မလဲ မဟုတ်ဘူးလား..."

သူမဲ့ပြုံးပြုံး၏။

"အမေတို့က ခုနောက်ပိုင်း ရိပ်ဖမ်းသံဖမ်း စကားပြောကြတယ်လေ... ကျွန်မ အိမ်ထောင်ရေးကို ကျွန်မ စိတ်ချမ်းသာသလို ဆုံးဖြတ်နိုင်တယ်တို့... သူတို့ကို ထည့်မတွက်ဖို့ဆိုတာတို့... ဘာတို့ ပြောပြောလာတယ်... ဘာဆိုလိုမှန်း ကျွန်မနားလည်ပါတယ်... ကျွန်မကိုယ်တိုင်ကိုက သူ့နာမည်ကြားရုံနဲ့ပဲ ဒုက္ခကာလကို ပြန်ပြန်ပြီး လန့်တယ်..."

ကော်ဖီပန်းကန်၊ မုန့်ပန်းကန်တွေ လာချပေးသောကြောင့် စကားဖြတ်လိုက်၏။ ကားသံ၊ ဈေးတန်းအသံနှင့် စားပွဲအသီးသီးမှ စကားသံတွေ နားသို့ဝင်လာ၏။ သူ့စကားတွေကို စိုးလင်းဇော် စဉ်းစားနေဟန်တူ၏။ မျက်မှောင်ခပ်ပြေပြေ ချီထားသည်။

"မနင်းဖွေးဘက်က ဘာပြောစရာမှ မရှိခဲ့တာ အမှန်ပဲလေ... ယုတ်စွအဆုံး ကုန်ကုန်ပြောမယ်... တခြားမိန်းကလေးတွေဆိုရင် အဲဒီတုန်းက ကိုယ်ဝန်ဖျက်ချခဲ့မှာပဲ... ကိုယ့်သွေးတော့ကိုယ့်သွေးပေါ့ဗျာ... ကမ္ဘာမီးလောင်ရင် သားသမီးကို ချနင်းတတ်ကြသေးတဲ့ ဟာပဲ... မီးဖွားတုန်းက သူ တစ်ခေါက်တလေ လာခဲ့ရင် လုပ်ခဲ့သမျှအပြစ်ကို တစ်ဝက်မက ကျေနိုင်ပါတယ်... အဘိုးကြီး၊ အဘွားကြီးက ရိုက်မချပါဘူး... သူ့သိသားပဲ..."

"ဟုတ်တယ်... သူသိတယ်... ကျွန်မတို့မိသားစု စိတ်သဘောကို သူအသိဆုံး၊ သိလို့ ကျွန်မကို အမှိုက်ပုံမှာ လွှင့်ပစ်တဲ့ အဝတ်စုတ်လို သူ သဘောထားခဲ့တာပေါ့ ကိုစိုးလင်းဇော်ရယ်... ရှင်းပါတယ်..."

ကော်ဖီပန်းကန်ကို သူ့ဖက်သို့ရွှေ့ပေးရင်း...

"ခဏ..."

ဟုပြောကာ ဆိုင်အပြင်သို့ ထွက်၏။ ဆိုင်ရှေ့မှရပ်ကာ ဈေးရုံဘက်သို့ မျှော်၏။ ကားတန်းတစ်လျှောက်ကို ကြည့်၏။

"ကိစ္စရှိလို့လား..."

"ဟင့်အင်း... မာရီယွန် ပြန်များလာသလားလို့ ထွက်ကြည့်တာပါ..." သူမျက်ခုံးပင့်ကာ...

"ဪ... သူ ပါလား..."

"ပါတယ်မနှင်းဖွေး... သူ့သူငယ်ချင်းဆိုင်ကို သွားတယ်လေ... ကျွန်တော်က ပျင်းတာနဲ့ ကားထဲမှာနေရစ်ခဲ့တာ... ဒါကြောင့် မနှင်းဖွေးကို ကျွန်တော်လှမ်းမြင်တာ... ဗိုက်ဖုံးအင်္ကျီ လာချုပ်တာလေ..."

"ဟင်..."

စိုးလင်းဇော်က ကော်ဖီငုံ့သောက်နေသည်။ မျက်နှာမထားတတ်ဟန် တူလေ၏။ တစ်ငုံသာကျန်တော့မှ...

"လက်ထပ်တော့ ကိုယ်ဝန်သုံးလရှိပြီ..."

ပြောပြပြီးရယ်၏။ သူကပြုံး၍သာနေလိုက်သည်။ ကော်ဖီတစ်ကျိုက် မှုတ်သောက်လိုက်စဉ် စိုးလင်းဇော်က ပြော၏။

"ဝင်းဇင်က ကျွန်တော့်ကို တစ်ခွန်းပြောတယ်... ကျွန်တော်တို့က ခိုးပြေးရတာ... ဖအေနှစ်ယောက်ရဲ့ တိုက်ပွဲက သိပ်ပြင်းထန်လာတော့ အေးအေးဆေးဆေး နားဖောက်တာတို့ ဘာတို့ လုပ်ဖို့မလွယ်ဘူး... ဒီတင် မန္တလေးကိုခိုးပြေးရတာ... ပြန်ခေါ်ကြတော့မှ ကျွန်တော်တို့ ပြန်လာကြတာ... ရောက်မှ မင်္ဂလာဆောင်တာ.. သူ့အဖေနဲ့အမေက အဲဒီမင်္ဂလာဆောင် မလာကြဘူးလေ... ဝင်းဇင်က သူ့မာမီဆီက အကုန်ပြန်ကြားတယ်နဲ့ တူပါတယ်... ပြောတယ်ဗျ... ကျေးဇူးတင်ပါတယ်ပေါ့... သူ့နမကို ကျွန်တော်ခွာရင် ခွာလို့ရတဲ့ အခြေအနေတွေ ပေးလျက်သားနဲ့ ခုလို တည်တည်တံ့တံ့ လက်ထပ်တဲ့အတွက်... မင်းသာတာဝန်မဲ့ရင် ငါ့နမ ရက်လို့သတ်သေမှာ သေချာတယ်တဲ့... ငါ မနှင်းဖွေးကို စွန့်ပြေးတာမျိုး မင်းငါ့နမကို မလုပ်လို့ ကျေးဇူးတင်ပါတယ်တဲ့... ဒီတစ်ခွန်းကို မင်္ဂလာဆောင် ဓါတ်ပုံစုရိုက်ခါနီးမှာ ပြောတယ်..."

သူ ထင်မြင်ရာ ထင်မြင်ကြောင်း မပြောခဲ့။ ရင်ထဲတွင်မူ မကောင်းလှ။ စကားပြောင်းရန် ကြိုးစားလိုက်သည်။

"မာရီယွန်ပြန်လာတဲ့အထိ ကျွန်မစောင့်တွေ့ရမလား..."

ခေါင်းခါပြ၏။

"မစောင့်ပါနဲ့ဗျာ... ကိစ္စမရှိပါဘူး... ပြီးတော့ ခင်ဗျားကို သူ မျက်နှာချင်းမဆိုင်ရဲဘူးတဲ့... မျက်နှာပူတယ်တဲ့..."

ပြုံးလိုက်သည်။ တစ်ဖက်လူ၏ အနေခက်စေမှုကို မပြုဟု အောက်မေ့သည်။ ကော်ဖီကုန်အောင် သောက်နေခိုက်...

"ဝင်းဇင်က သူ့အပြစ်တွေ သူပြောတယ်... သူ့အပြစ်ကို စုံအောင်ပြောနိုင်၊ ဝေဖန်နိုင်တဲ့ သူဟာ သူ့အပြင် ဘယ်သူမှ မရှိပါဘူးတဲ့... ခုတော့လည်း.. အင်းလေ... ထားပါတော့... မနှင်းဖွေး သူနဲ့မတွေ့မယ့်သာ မတွေ့တာ... သူ အခု ဒီဈေးမှာ အငှားကားဆွဲနေတာပဲ... ကျွန်တော်တို့ လာတုန်းကတောင် တွေ့လိုက်သေးတယ်..."

ကြားရသည်မှာ စိတ်ထိုင်းမှိုင်းဖွယ်။ ကြည်လင်ခြင်း အနည်းငယ် ဆုတ်ယုတ်သွားသော မျက်နှာကို စိုးလင်းဇော် အကဲခတ်မိဟန် ရှိ၏။

"ကျွန်တော် လာလည်ဦးမယ်ဗျာ..."

ချိရဲရဲလှုကြောင့် ခံတွင်းမှာ တစ်မျိုးဖြစ်နေသည်။ အကြမ်းပန်းကန်လုံးကို ဆေးပြီး လက်ဖက်ရည်ကြမ်း ငှဲ့၏။ တစ်ငုံ နှစ်ငုံသောက်သည်။ ထို့နောက်...

"ကျွန်မပြန်မယ်..."

ဟု အထည်ထုပ်စက္ကူအိတ်ကို ဖွင့်သည်။

"နေပါစေဗျာ မနှင်းဖွေး..."

ဟုပြောကာ တိုက်ပုံအင်္ကျီအိတ်ထဲမှ ပိုက်ဆံနှိုက်ယူသည်။ ဆိုင်အမှုထမ်းကို ဦးအောင် လှမ်းပေးသည်။ ထိုင်ရာမှထသည်။

"ကျွန်တော် မလိုက်တော့ဘူး... ဒီကပဲစောင့်တော့မယ်..."

ဟု စိုးလင်းဇော်ပြောသည်။ ခေါင်းညိတ်ပြကာ တစ်ချက်ပြုံးပြီး ဆိုင်ထဲမှထွက်သည်။ ဦးခေါင်းမှာ လေးလံနေသည် ထင်၏။ နှစ်ဆိုင်ကျော်သို့ အရောက်တွင် စိုးလင်းဇော်၏ ခေါ်သံကြားရသည်။ လှည့်ကြည့်လိုက်၏။ စိုးလင်းဇော်က ခပ်မြန်မြန် လျှောက်လာ၏။ သူ့ခေါက်ထီးကို ပြ၏။ ငါ့စိတ်တွေ ဘာဖြစ်နေပါလိမ့်ဟု တွေးရင်း ရပ်နေမိသည်။

"ခင်ဗျားခေါက်ထီး မေ့ကျန်ခဲ့လို့..."

*****

ဖယ်ထုတ်ပစ်သည်။ မရ။ ထားချင်းစွာ ထားသည်မဟုတ်။ သို့သော် ရင်ထဲတွင် အခိုင်အမာ ဖွဲ့စည်းစပြုလျက်ရှိသည်။ အိမ်မှုကိစ္စတွေကြားမှာ တိုးဝင်လာသည်။ ကျောင်းစာအုပ်တွေကြားမှာ ညပ်နေသည်။ အဖေ၊ အမေနှင့် သူငယ်ချင်းမိတ်ဆွေ အကြားသို့ ဝင်းဇင်ရောက်လာသည်ဟု ထင်မြင်၏။ စကားစမြည် ပြောဆိုနေခိုက်တွင်လည်း ဝင်းဇင်က အာရုံထဲသို့ စိမ့်လာ၏။ အတွေးတွေကို မငင်ပါလျက် အမျှင်မပြတ် ဖြစ်လာသည်။ ကြာသောအခါ ကိုယ့်စိတ်နှင့် ကိုယ့်ကိုကာဆီးထားသကဲ့သို့ ခံစားရလေ၏။

ဖြတ်သန်းလာခဲ့ရသည့် အရှည်အတာကို ပြန်လည်မြင်ပင် မမြင်လို။ လျော့ကျခဲ့သည့် သိက္ခာကို တစ်ဖန်ထူထောင်ရန် ကြိုးပမ်းနေဆဲတွင် စိတ်အနှောင့်အယှက် ဖြစ်ရချေ၏။ မွစာကြဲခဲ့သော မိန်းမသား ဂုဏ်သရေကို ပြန်လည်ကယ်ဆယ်ရန် များစွာကျန်သေးသည်။ ကာလများစွာ ထူထောင်ကယ်ဆယ်ယူရမည်ဟု နားလည်၏။ မိမိနှင့်တကွ မိသားစု၏ တင့်တယ်မှုကို နေ့ချင်းညချင်း ပြန်လည်ရနိုင်မည် မဟုတ်သေး။ ယခင်ကထက် အပြောအဆို အနေအထိုင်ကို အဆများစွာ ပိုမိုစည်းကြပ်ဦး။ သေဝပ်စေဦး၊ အများအမြင်တွင် ပကတိအတိုင်းကား ရှိမည်မဟုတ်။ မည်သည့်အခါတွင်မှ ဆေးမှင်ရည် အစွန်းအထင်း ထင်ခဲ့ခြင်းကမူ လုံးဝပျောက်ကွယ်သွားမည် မဟုတ်။ ရေးရေးမျှသော အရာကျန်နေပေလိမ့်မည်။

ပြောချင်သည်။ လမိုက်တော့မှ မင်း ဘာလို့ ပိုင်းငင်ဖို့ ကြိုးစားရတာလဲဟု။ မိုးလွန်ခဲ့ပြီ၊ ထွန်ရေး မပြင်ချင်ပါနဲ့တော့လေ။ မင်းမှတ်မိမယ်။ ရွှေအပ်ထောက်ကလေး။ နာမည်က ထရှိုင်မြို့တံတိုင်းတဲ့။ ကိုယ့်လက်ခလယ်မှာ စွပ်ပေးပြီး မင်းပြောတယ်။ အပ်နဖားရန်သူတွေက လက်ခလယ်ကို မတိုက်ခိုက်တော့ဘူးတဲ့။ လက်ခလယ်က ဟယ်လင်မင်းသမီးလေးပေါ့တဲ့။ ထရှိုင်မြို့တံတိုင်းက သိပ်ခိုင်ခံ့လွန်းတာကိုးတဲ့။ မောင်က ဉာဏ်ကောင်းတဲ့ စစ်သူကြီးလေ... ရောမ မြင်းရုပ်ကြီးလုပ်။ ဒီအထဲကို မောင်နဲ့ မောင့်စစ်သည်တွေဝင်။ ထရှိုင်မြို့သားတွေက

စစ်သည်တော်တွေ တစ်ယောက်မှ မရှိတာမြင်ပြီး မြင်းရုပ်ကြီးကို မြို့ထဲသွင်း။ ညလူခြေတိတ်မှ မြင်းရုပ်ထဲက မောင်တို့ထွက်သိမ်းတာနဲ့ အလှမင်းသမီး ဟယ်လင်ကို မောင်ရတယ်တဲ့။ မင်းပြောခဲ့တာတွေလေ။ ထားပါတော့လေ။ ကိုယ်က ဟယ်လင်မင်းသမီး၊ ဟယ်လင်ကို မင်းလက်ထပ်ပြီးမှ စွန့်ပြေးခဲ့တယ် မဟုတ်လား။ ထရွိုင်းမြို့ကို ကိုယ်ပြန်သွားခဲ့ပြီးပါပြီ။ မြို့တံတိုင်းကို ခါတိုင်းထက်ခိုင်အောင် ထပ်ဆောက်ပြီး ကိုယ်နေခဲ့ပါပြီ။ တစ်ဘဝ၊ တစ်ချိန်ကုန်တဲ့အထိ မြို့တံတိုင်းကို မဖွင့်တော့ဘူး ကိုဝင်းဇင်။ ဘယ်လိုအကြောင်းကြောင့်နဲ့မှ မဖွင့်တော့ဘူး။ သိလား။ မင်းပြန်တော့။ ပြန်ပါတော့။ မြို့တံတိုင်းနားကိုလည်း မသီပါနဲ့။ ခပ်လှမ်းလှမ်းမှာ စခန်းချပြီးလည်း မစောင့်ပါနဲ့တော့။ ယူဇနာများစွာ ဝေးတဲ့အရပ်ကနေပြီး မျှော်လည်းမမျှော်ပါနဲ့တော့။ ရုပ်သိမ်းခဲ့တဲ့အချစ်ကို ရုပ်သိမ်းမြဲ ရုပ်သိမ်းသွားပါတော့ဟု ရင်ထဲကပြော၏။

*****

မျက်နှာသုတ်ပဝါကို တန်းတွင်ပြန်လှန်း၏။ ခါတိုင်းမနက်တွေလောက် စောစောမနိုး။ ညက အတွေးတွေ ချောက်ချားသည်။ အိပ်ပျော်လိုက်၊ နိုးလိုက်နှင့်။ အာရုံတွင် သဏ္ဍာန်တွေများစွာ ထင်တုံပျောက်တုံ။ အသံတွေ၊ လှုပ်ရှားရုပ်သွင်တွေက ချည်ခင်ထွေးသလို ရှုပ်လျက်ရှိသည်။ တွေးသမျှအလုံးစုံမှာ ကြံ့ကြံ့ခိုင်ခိုင် မရှိ။ အဆက်အစပ်လည်း ကင်းသည်။ တစ်နေရာရာ၊ တစ်ခုခုတွင် သော်လည်းကောင်း၊ တစ်ယောက်ယောက်၊ တစ်သံသံတွင် သော်လည်းကောင်း တည်ငြိမ်စွာ အခြေမစိုက်နိုင်ခဲ့။ ဥဒဟို ပြေးလွှားနေသော အတွေးစများ၊ အတွေးတွေမဆုံး။

ဝင်းဇင်တို့တိုက်ရှေ့ နှင်းဆီတောကို မြင်သည့်အခါ မြင်၏။ ညှော့ခန်းထဲက ပါရှားကောဇောခင်းကို နီးနီးကပ်ကပ် မြင်ပြန်သည်။ အိမ်ရှေ့ ကွန်ကရစ်လမ်း။ ချွေးကျအောင် လျှောက်ခဲ့ရင်း ရှာပုံတော်ဖွင့်ခဲ့ရသည်တို့ကို မြင်ယောင်သည်။ စိတ်ဝင်စားခြင်းမရှိသည့် မျက်လုံးတွေ။ ပေါ့ပြက်ပြက်အသံတွေ။ ကိုယ့်ရင်ဘတ်ကိုယ်ဖိကာ ဘုရားတသော အမေ့အမူအရာ။ အဖေ့တောက်ခေါက်သံ။ စာသင်သံ။ မျက်လုံးတကာ၏ အလယ်၌ရောက်နေသော မိမိကိုယ်။ ပမာမခန့် အပြုံးတစ်ချို့။ ကိုယ့်ကိုယ်ကို ဘေးလူမြင်သည့်အမြင်ဖြင့် မြင်သည်။

ရွံ့စေးရွှံ့၌ နင်းတိုင်းကျွံသကဲ့သို့ ဖြစ်ခဲ့ရသည်။ ကိုယ်ပြုခဲ့သော အကြောင်းကြောင့် ကိုယ်တစ်ယောက်အတွက်သာ ကျသမျှအပြစ်ဒဏ် ခံယူချင်သည်။ သို့သော် အမိနှင့်အဖကိုပါ ထိပါးခဲ့သည်။ ကြောင့်ကြခြင်း၊ စိုးရိမ်ခြင်း နှင့် အားနာခြင်းတို့သည် ကိုယ့်အသည်းနှလုံးကို တစ်ဖန်နှိပ်စက်လေသည်။ မနိုင်ဝန်တာတမျှ ရှန်းကန်ရသောကြောင့် စိတ်ပန်းခဲ့လေပြီ။ မလူးလွန့်သာအောင် စိတ်အကျဉ်းကျခဲ့သည်။ ထိုကာလတို့တွင် အပြစ်မှ ခွင့်လွှတ်ခြင်းဖြင့် အဖေနှင့်အမေတို့က ကုစားမပေးခဲ့ကြလျှင် သေမင်းပြည်မှာ နေဖြစ်ခဲ့ပြီ။

အများထုံးစံနှင့် မညီမညွတ် နေမိသော မိန်းကလေးတစ်ယောက် ခြေအစုံကို မြင်သင့်ခဲ့သည်။ မျက်လုံးအစုံကို မြင်သင့်ခဲ့သည်။ နားနှင့် နှုတ်ခမ်းကို မည်သို့ထားရှိခဲ့ရကြောင်း တွေးကြည့်စေချင်သည်။ ချစ်သူနှင့် ကွေကွင်းမှု အရိုးအစဉ်မတူစွာ ခံစားရမည့်သူကို

ငဲ့ညှာကောင်းချေ၏။ အရှက်ရခဲ့သူ၏ မျက်နှာကို ယခုတစ်ဖန် ကြည့်ဦးမည်လောဟု စိတ်ထဲက မေးမိသည်။

*****

"ငါက... မင်း... တခြား ရန်ကုန်သွားမယ့် ခရီးသည်ကော စောင့်မတင်တော့ဘူးလား ဆိုတော့... ဟုတ်ကဲ့တဲ့... ဟိုလက်ဖက်ရည်ဆိုင်ထဲက လူတွေကို စောင့်နေတာပါတဲ့...၊ သိပ်မကြာဘူး... သူငယ်သုံးယောက် ရောက်လာတယ်... ဒါနဲ့မသိဘူး... သိမ်ကြီးဈေးရောက်တော့ အဲဒီသူငယ်တွေ ပိုက်ဆံပေးပြီး ဆင်းတယ်... ငါက... ငါတော့ ဆူးလေးကျမှ ဆင်းမယ်ဆိုတော့ မောင်းပို့တယ်... ဆင်းခါနီး ငါပိုက်ဆံပေးတော့ မယူဘူး၊ ပြီးတော့ မေးတယ်... ကျွန်တော့်ကို သိလားတဲ့... ငါက ကောင်းကောင်းမမှတ်မိလို့... သူကပဲ ပြောတယ်... ကျွန်တော် မောင်ဝင်းဇင်ပါတဲ့... ငါက နာမည်ကို ဇဝေဇဝါဖြစ်နေတုန်း မနှင်းဖွေးသူငယ်ချင်း ဝင်းဇင်ဆိုမှ သိတော့တယ်... ငါလည်း စိတ်ဆိုးရခက် ပြောရခက်နေတယ်... ငါက... ဩော်... ဘာညာနဲ့တော့ လူကြီးစကား ပြောရတာပေါ့ မြန်နွယ်... ကျွန်တော် ကားမောင်းနေတယ်တဲ့... အခု ရန်ကုန်က အငှားနဲ့ရောက်လာတာတဲ့... ဆူးလေးလည်းရောက်... ငါလည်းဆင်း... သူလည်း နှုတ်ဆက်ပြီး ထွက်သွားတယ်..."

အမေက ဦးကံထွန်း နှုတ်ခမ်းကို ကြည့်နေသည်။ ဦးကံထွန်းက ခပေါင်းစီးကရက်ကို တစ်ရှိုက်ရှိုက်ဖွာပြီး ထွေးခံထဲသို့ ထည့်၏။ စကားဆုံးသည်တွင် ဆက်ပြောသည်။

"ဒါပေမဲ့ ဆင်ပိန်ရင် ကျွဲလောက်တော့ ရှိဦးမပေါ့..."

ကွမ်းဝါးကာ အိမ်ရှေ့သို့ငေးရင်း ငူတူတူနေသော အမေ့ကို သူကြည့်၏။ အမေ နှုတ်ဆိတ်လျက် ရှိလေသည်။ အဖေက အပ်ချုပ်စက်ကို အနင်းမပျက်။ မကြားမရှိ။ ကြားသော်လည်း နားမလည့်။ ထင်ချက်မပေး။

ချစ်နေသေးလားဟု ကိုယ့်ကိုယ်ကို မေး၏။ နာကြည်းသော်လည်း တွယ်တာနေသေးသည်ဟု ထင်သည်။ ဝင်းဇင်၏ သတင်းစကားကို ကြားရသည့်အခါတိုင်း သိလိုစိတ်ဖြင့် နားစွင့်မိခဲ့သည်ချည်း။ အခြေအနေ ပျက်ပြားခဲ့သည့်အတွက် စိတ်မကောင်း ဖြစ်သည်။ အငှားကားမောင်းနေတော့ ပင်ပန်းမှာပဲဟု အောက်မေ့၏။ တစ်မျိုးတော့ ကောင်းမှာပါ။ လူပေါင်းစုံ တွေ့ရမယ်။ ဘယ်တုံးကမှ မဆင်းခဲ့တဲ့ နေရာတွေကို ရောက်မယ်။ မိဘအလိုလိုက်ခံခဲ့ရတဲ့ သားတစ်ယောက်အနေနဲ့ နေရာတကာမှာ မတောင့်မတပဲ။ အခုတော့ မသိခဲ့တာတွေလည်း သိမယ်။ အထိုက်အလျောက်တော့ လူတွေအကြောင်း သိလာမှာပဲ။ လူတွေရဲ့သဘောကို နားလည်လာမှာပေါ့။ ကားငှားရင်း လူကောင်းနဲ့တွေ့မယ်။ လူဆိုးနဲ့တွေ့မယ်။ မာနသိပ်ကြီးတဲ့သူကို ကြို့တန်ကြို့ရမယ်။ စကားချိုတန် ချိုရမယ်။ ပပသသ ပြောတန် ပြောရမယ်။ မင်းသားကို စပါး အလှေ့ခိုင်းသလို နေမှာပါပဲ။ တဖြည်းဖြည်းတော့ ဘဝကို နားလည်လာမှာပေါ့လေဟု ထင်သည်။

သတင်း တစ်စွန်းတစ်စ ကြားချင်လွန်း၍ ရှာခဲ့သည်။ ခြေရာပျောက် ဝင်းဇင် နေခဲ့သည်။ ခပ်မဆိတ်နေပြီ ဆိုသောအခါ ကြားရဖန်များလာ၏။ စကားပြောချင်သည်။ တွေ့ခွင့်လိုချင်သည် ဆိုသည့် ကမ်းလှန်းချက်တွေ စိပ်၍လာ၏။ မနေ့က အောင်ငြိမ်း၏ စကားတွင်လည်း

ထိုကမ်းလှမ်းချက်။ ထိုကမ်းလှမ်းချက်ကို အောင်ငြိမ်း ပြောသာပြောရ၏။ မျက်နှာမကောင်း။ အောင်ငြိမ်းကို ဝင်းဇင် လာတွေ့သည်ဆို၏။ "အကူအညီတောင်းချင်လို့ပါ..."ဟု ပြောသည်ဆို၏။ "ပြောပါ"ဟု အောင်ငြိမ်းက မေးသည်။ "မနင်းဖွေးကို ပြောပေးပါ... စကားပြောချင်လို့ပါ..."ဟု ဝင်းဇင်က ပြောသည်။ အောင်ငြိမ်း ခေါင်းညိတ်ခဲ့ရသည်ဟု ဆို၏။ "စာတစ်စောင် ပေးနိုင်ရင်လည်း ပေးပေးပါ... မနက်ဖြန် ရေးပြီးယူလာပါ့မယ်..."ဟု ဝင်းဇင်ပြောသည် ဆို၏။

ထိုစာနှင့်ပက်သက်၍ကား သူ ငြင်းခဲ့သည်ဟု သိရသည်။

"အဲဒါကို ကျွန်တော် ငြင်းခဲ့တာက ဒီလိုပါ... သူ့စာကို မနင်းဖွေး မဖတ်စေချင်လို့လည်း မဟုတ်ပါဘူး... ကျွန်တော် အဲဒီစာကိုယူကို ယူမလာချင်လို့ပါ... မနင်းဖွေးကို ကျွန်တော် မျှော်လင့်နေတဲ့အချိန်မှာ အဲဒီ စာတစ်စောင်ကြောင့် ကျွန်တော့် မျှော်လင့်ချက်တွေ ပျက်စီးသွားနိုင်တယ်လို့ တွက်ပြီး မယူခဲ့တာ မဟုတ်ပါဘူး... အဲဒီစာကြောင့် မနင်းဖွေး စိတ်အနှောင့်အယှက်ဖြစ်ရရင် ကျွန်တော့် ပယောဂကြောင့် အဖြစ်မခံနိုင်ဘူးလေ... ဒီတစ်ခုအတွက်တည်းပါ..."

သဘောပေါက်နားလည်ကြောင်းခေါင်းညိတ်ပြသည်။

"ပြောလိုက်ပါ ကိုအောင်ငြိမ်း... ဟယ်လင်မင်းသမီးဟာ သူမြို့တော် သူပြန်သွားခဲ့ရပါပြီ... မြို့တံတိုင်းကို အထပ်ထပ်ပြန်ဆောက်လို့လည်း ပြီးခဲ့ပါပြီ... မြို့တံတိုင်းအပြင်ဘက်က မြင်းရုပ်ကို မြို့ထဲသွင်းဖို့ နေနေသာသာ ရွှေရထားကြီး လာပြထားချင်ထား... မြို့တံတိုင်းက ဘယ်အခါမှ မဖွင့်တော့မယ့် တံတိုင်းပါလို့..."

"ဗျာ..."

"သူနားလည်ပါတယ်... ဒီစကားပဲပြောပေးပါ... သူသိပါတယ်..."

"ဟုတ်ကဲ့မနင်းဖွေး... ဟုတ်ကဲ့"

"နောက်လည်း ဟိုလူမှာ ဒီလူမှာ မမှာပါနဲ့လို့ ပြောလိုက်ပါ..."

အောင်ငြိမ်းက ခပ်တွေတွေနှင့်။ ထို့နောက်...

"ကျွန်တော် အပြောရခက်မယ် ထင်တယ်... စာရေးပေးလိုက်ပါလား..."

သူ ပခုံးတွန့်၏။ ထိတ်လန့်သောအကြည့်နှင့် ကြည့်၏။

"သူ့လက်ထဲမှာ စာတစ်စောင်ရှိရင် ကိုအောင်ငြိမ်းယူကြည့်... ကျွန်မလက်ရေးနဲ့ စာမရှိစေရဘူး... ဘယ်တော့မှလည်း မရှိစေရဘူးမှတ်..."

မာကျောလှသော အပြောကြောင့် အောင်ငြိမ်း မျက်လုံးဝိုင်းလျက် ရှိလေသည်။

*****

## အခန်း(၉)

တစ်နေ့နေ့တွင် တိုက်ရိုက်ပြောမည်။ သို့မဟုတ် သွယ်ဝိုက်ပြောမည်ဟု မျှော်လင့်ခဲ့သည်။ မျှော်လင့်ထားသည်အတိုင်း အဖေပြောလာ၏။ ညစာထမင်းဝိုင်းတွင် စကားအငွေ့အသက်တွေကို သတိပြုခဲ့သည်။ ထမင်းဝိုင်းသိမ်းပြီး အိမ်ရှေ့တွင် စုမိကြသောအခါ တစ်ခွန်းစ၊ နှစ်ခွန်းစ ပြော၏။ ဝင်းဇင်၏ မိသားစုအကြောင်း၊ ဝင်းဇင် အငှားကားမောင်းနေသောအကြောင်း၊ ထို့နောက် ဘဝ၏ အတက်အကျ၊ ထို့နောက် ရုပ်ဝတ္ထုပစ္စည်းများကြောင့် အပြောင်းအလဲဖြစ်ရသော ဥပမာစကားများ။

"လူတစ်ယောက်ကို လူဆိုးလို့ တစ်သတ်မှတ်တည်း သတ်မှတ်လို့ မရဘူးပေ့ါသမီးရယ်..."

ဖြတ်စည္ပ်စတွေကိုသာ သိမ်းနေခဲ့သည်။ လှည့်မကြည့်။ အမေက ပလပ်စတစ်အိတ်ထဲမှ ထုံးကို ထုံးဘူးထဲသို့ ထည့်နေ၏။

"တစ်ခုခု ကျူးလွန်တယ်... အဲဒီအတွက် အပြစ်ပေးတယ်.. အပြစ်ရက်စေ့တဲ့အခါ လွှတ်ရတယ်... အပြစ်ကျူးလွန်တာကို အပြစ်မပေးလို့ မရဘူးလား... ပေးကို ပေးရမယ်... ဒါမှလည်း အပြစ် ကျူးလွန်မိပါကလားလို့ သူ့ကိုယ်သူလည်း သိပေလိမ့်မယ်... အချိန်တန်မှ လွှတ်... ဒီသဘောပဲသမီး... လူတွေဟာ တစ်ခါတလေတော့ မှားချင်လည်းမှားမှာပေ့ါ... အပြစ်အမျိုးမျိုး အလိုက်ပေ့ါလေ... ရုံးမင်းတစ်ထိုင် ဖြစ်ချင်ဖြစ်မယ်... ကြိမ်ဒဏ်ဖြစ်ချင်ဖြစ်မယ်... ထောင်ဒဏ်၊ သေဒဏ်၊ ကျွန်း၊ အပြစ်နဲ့ ဒဏ်နဲ့ မျှအောင် ပေးတတ်ရမယ်..."

ပိသချိန်နှင့် ချိန်ရောင်းရန်စုထားသော စက္ကူပုံးကြီးထဲသို့ စုထည့်ကာ နားထောင်သည်။ ဗီရိုအနီးတွင် ထိုင်တော့မှ အဖေဆက်၍ပြောသည်။

"မောင်ဝင်းဖင်နဲ့ ပတ်သက်လို့လည်း အဖေ ဒီသဘောပဲ ထားတယ်... သမီးအနေနဲ့တော့ မသိဘူး..."

သူ့စကားလုံးတွေ ထွက်လာအောင်ပြောသည့် အပြောဟု သိသည်။

"မနင်းဖွေးက ဦးစိန်လှိုင်၊ ဒေါ်မြနွယ်တို့ရဲ့ သမီးပါအဖေ"

အင်အားရှိသော အပြုံးကို အဖေပြုံးသည်။

"စိန်ကတ္တီပါ ထိုင်ခုံအပေါ် ထိုင်တဲ့အခါနဲ့ ထန်းပင်ကုလားထိုင်မှာ ထိုင်တဲ့အခါ ကွာခြားတတ်တာ ဓမ္မတာပဲ သမီး... စိတ်နေစိတ်ထားက အစစအပြောင်းအလဲ ရှိတဲ့သူရယ်... လူတွေကို နားလည်အောင် ကြိုးစားပါသမီးရယ်... ခွင့်လွှတ်အောင်လည်း အလေ့အကျင့်လုပ်ပါ... အားအားရှိတိုင်း ထိုင်ပြီးခွင့်လွှတ်တာမျိုးကို အဖေပြောတာ မဟုတ်ပါဘူး... ခုနပြောသလိုပေ့ါ... အပြစ်မပေး အရေးမယူပဲနဲ့တော့ ခွင့်လွှတ်သင့်မှ ခွင့်လွှတ်... ဟုတ်လား... တကယ်လို့ မောင်ဝင်းဖင် ခုနေများရောက်လာပြီး သူ့အမှားသူ လာဝန်ခံရင် သမီး ဘယ်လိုသဘောထားမလဲ..."

မထင်မှတ်သော မေးခွန်း။ နားတွင် ဟိန်းသွား၏။ ဦးခေါင်းထဲတွင် အနံ့အထုကြီးစွာသော အရာဝတ္ထုတစ်ခု လွင့်စဉ်ကျလာသကဲ့သို့ ခံစားရသည်။ ထိုစဉ် အမေ့အကြည့်က သူ့ထံသို့ လှစ်ခနဲရောက်လာ၏။ နီနီကများပြောခဲ့လား။ အောင်ငြိမ်းကတော့ ပြောမည်မဟုတ်။ စိုးလင်းဇော် မပြောဟုသိသည်။ ကြာမြင့်စွာစဉ်းစားနေလျှင် အဖြေခက်၍ဟု တွက်ကြပေမည်။ ထို့ကြောင့်...

"ဆုံးသွားတဲ့ သမီးလေးက သံယောဇဉ်တွေကို ဖြတ်တောက်သွားခဲ့ပါပြီ..."

ခေါက်တုံ့ခေါက်ပြန် ခြေလှမ်းတွေ ရပ်သွား၏။ သူ့ကိုစိုက်၍ကြည့်သည်။ ထို့နောက် ခေါင်းခါသည်။

"အဖေ ဒီမေးခွန်းကို မေးလိုက်လို့ သမီး စိတ်ကျဉ်းကျပ်သွားလား..."

"ဟင့်အင်း... တစ်ချိန်ချိန်မှာ ဖြေဖို့ သမီးမှာ အသင့်ရှိထားခဲ့ပါတယ် အဖေ..."

"အဖေတို့က ဘာမှမကန့်ကွက်ဘူး... တိုက်လည်း မတိုက်တွန်းဘူး... အမှန်အတိုင်း ပြောရရင်တော့ ဒေါ်သမပြေသေးပါဘူး... ဒါပေမဲ့ အငြိုးတော့ မထားခဲ့ပါဘူး... ဘာပဲဖြစ်ဖြစ် အဖေ ဒီနေ့ ဒီစကားကို ပြောလိုက်ရတာ ရင်ထဲပေါ့သွားတယ်... မိန်းကလေးရဲ့မိဘ၊ အဖေအမေအနေနဲ့ ဖြစ်ရတဲ့ဒေါသ မဟုတ်ဘူးသမီး..."

"သမီးနားလည်ပါတယ်..."

"သမီး စာမေးပွဲဖြေခါနီးမှာ စိတ်စနိုးစနောင့် ဖြစ်သွားသလားမသိဘူး..."

"ဟင့်အင်း..."

အဖေသည် နံရံရှိ ပြက္ခဒိန်ကိုကြည့်သည်။ သတိရသည်။ အဖေပြောမည့် စကားကို ကြို၍ကြား၏။ ထို့ကြောင့် သူဦးအောင်ပြော၏။

"ဒီနေ့ အင်္ဂါနေ့ပါ အဖေရဲ့... စကားမှန်တဲ့ရက်ပါ..."

သူ့အပြောကြောင့် အဖေရယ်သည်။

*****

## အခန်း(၈)

ကတ်ပြားကို လက်မှတ်ထိုးခဲ့သည့်အချိန်က တစ်ခုသတိရသည်။ ချမ်းမြေ့ဖွယ်ရာကာလ အကြောင်း။ စာမေးပွဲဖြေသော နေ့များအတွင်း ဝင်းဇင်လာ၍ စောင့်သည်။ အကြိုအပို့ ပြုခဲ့သည်။ နောက်ဆုံးဘာသာရပ်ဖြေသော ယနေ့လိုနေ့တွင် ချမ်းမြေ့စွာ ဖြေခဲ့သည်။ ဖြေပြီး၍ ထွက်လာသောအခါတွင် ကျောင်းတံခါးဝမှ ပြုံး၍ကြိုသည်။ "ဖြေနိုင်တယ်နော်... အောင်မှာပါပဲ"ဟု ဝမ်းသာလှိုက်လှဲစွာ မေးမြန်းပြောဆိုသည်။ နေကုန်သည်အထိ ကားဖြင့် လျှောက်လည်ကြသည်။ ပြန်လည်သတိရသည့်အခါ များစွာမခံစားရတော့။ အကြောင်းတိုက်ဆိုသည့်အခါ သတိရပုံမျိုးသာ ရှိသည်ဟု ကိုယ့်ကိုယ်ကိုပင် အံ့သြ၏။ အခန်းအပြင်သို့ ရောက်လာသည်တွင် ဖြေပြီး၍ ပြန်ကြသူအချို့ကို ပြောက်တိပြောက်ကြား တွေ့ရသည်။ ကျောင်းဝင်းတံခါးသို့ ရောက်လာသည်။ စာဖြေသူတွေကို လာစောင့်ကြသော လူကြီးတွေကို ခရေရိပ်အောက်တွင် မြင်၏။

"မနှင်းဖွေး..."

လှည့်ကြည့်ပြီး...

"နီနီ ကိုယ့်ကို လာစောင့်နေတာလား..."

ခေါင်းညိတ်သည်။ သူနှင့်အတူ ယှဉ်၍လိုက်လာရင်း...

"ဖြေနိုင်လား..."

"မဆိုးပါဘူး..."

"ဒီနှစ်တော့ မနှင်းဖွေးအောင်မှာပါ... ကျိန်းသေပါတယ်..."

"ခ စာရင်းက မပါရင် တော်ပါပြီ... နီနီ ကျောင်းမတက်ဘူးလား..."

"ဒီနေ့ နှစ်ချိန်ပဲတက်ပြီး မနှင်းဖွေးဆီကို လစ်လာတာ... ကားစောင့်ရတာနဲ့ နည်းနည်း နောက်ကျသွားတာ... မီရုံလေး... နီနီလည်းရောက် မနှင်းဖွေးကို ကျောင်းတံခါးဝမှာ တွေ့တာပဲ..."

"ဘာကိစ္စများရှိလို့လဲ ဟင်"

နီနီပြုံး၏။

"စာမေးပွဲဖြေလို့ ပြီးသွားပြီမဟုတ်လား... နီနီ မနင်းဖွေးကို ရုပ်ရှင်ပြမယ်လေ..."

ချက်ချင်းပြန်မပြောမိ။

"အိမ်ကို မပြောခဲ့ရတော့ စိတ်ပူနေကြမယ်..."

"မနက်က နီနီ ဝင်ပြောခဲ့ပြီးပြီ... မနင်းဖွေးကို မမှီလိုက်ဘူး... အိမ်ကိုဝင်ပြောတော့ ကိုအောင်ငြိမ်းတောင် ပါသေးတယ်..."

"ခုကော ကိုအောင်ငြိမ်းဘယ်ကစောင့်နေလဲ..."

"သူက ကိစ္စရှိတယ်ဆိုလားပဲ... မကြည့်ဖြစ်ဘူး..."

သတိတရ ဖြစ်စရာ...။ အချစ်၏ နေ့တာတိုသော အချိန်က စာမေးပွဲဖြေအပြီးတွင် ရုပ်ရှင်သွားကြည့်ခဲ့ကြသည်ကို၊ လမ်းမီးတိုင် နှစ်တိုင်၊ သုံးတိုင်ကျော်လွန်လာသည့်တိုင် စကားမပြောမိ။

"ကိုအောင်ငြိမ်း ခုတလော တစ်မျိုးပဲ..."

နီနီ့စကားက ထူးဆန်းသည်။

"ဘာဖြစ်လို့လဲ နီနီ"

"ရည်းစားပူမိနေသလား မသိဘူး... ခပ်မှိုင်မှိုင် ခပ်လေးလေးရယ်... အရင်လို ဟက်ဟက်ပက်ပက် မရှိဘူး..."

မလုံမလဲမဖြစ်အောင် ဣန္ဒြေဆောင်နိုင်ခဲ့သည်။ ခေါင်းညိတ်ရင်း...

"ဟုတ်တယ်... ကိုယ်နဲ့တွေ့လည်း အဲသလိုပဲ... ငူတူတူ... အိမ်လည်း သိပ်မလာဘူး... လာလည်းခဏ..."

စာမေးပွဲဖြေချိန် စေ့သွားပြီထင်သည်။ ကျောင်းဘက်မှ ကိုယ်ပိုင်ကားတချို့က သူတို့ဘေးမှ ဖြတ်သွား၏။ လမ်းဘေးသို့ ဆင်းလျှောက်သည်။ နီနီက ခေါက်ထီးကို အိတ်ထဲမှယူကာ ဖွင့်၏။ ထို့နောက်...

"ကိုအောင်ငြိမ်း တော်တာတော့ တကယ်တော်တဲ့ လူပဲ... နေတာထိုင်တာရော... စိတ်သဘောရော..."

"ဟုတ်တယ် နီနီ... ရိုးသားပွင့်လင်းတာကိုး..."

"စိတ်ဓာတ်ကျတော့ နည်းနည်းပျော့တယ်..."

"ဆယ်တန်းတုန်းကနဲ့ စာရင် အများကြီး မာလာပါတယ်... အင်းလေ... ငယ်ငယ်လေးတည်းက ရှိခဲ့တဲ့ အားငယ်စိတ်က အကြွင်းအကျန်တော့ ရှိဦးမှာပေ့ါ..."

"စာလည်းတော်တယ်... မနှစ်က စာမေးပွဲမှာ ဂုဏ်ထူးသုံးဘာသာနဲ့ အောင်တယ်လေ... အင်္ဂလိပ်စာရယ်... သမိုင်းရယ်... ဥပဒေရယ်..."

"ကိုယ်အခုမှ သိတယ်..."

"နီနီလည်း စကားမစပ်မိလို့ မပြောဖြစ်တာ... သူကတော့ ပြောမှာမဟုတ်ဘူး... နီနီ့ကိုတောင် မပြောဘူး... အောင်စာရင်း သွားကြည့်တုန်းက သူ့ခုံနံပါတ်ကို ကြည့်လို့သိရတာ..."

နီနီ့စကားထဲတွင် တတိယအကြိမ်မြောက်ကမ်းလှမ်းချက်ကို အရိပ်အခြည်မျှ မတွေ့ရ။ အောင်ငြိမ်း ပြောမပြဟု ယုံကြည်သည်။ သို့သော် နီနီက ရုပ်ရှင်သွားရာလမ်းတွင် လည်းကောင်း၊

အပြန်တွင်လည်းကောင်း အောင်ငြိမ်းအကြောင်းတွေ အပြောများသည်။ အောင်ငြိမ်းက စကားသွင်းပေး၍ ပြောနေသလားဟု စဉ်းစားမိသည်။ အမှန်မသိနိုင်။

*****

## အခန်း(၇)

တစ်သံက အဖေ့အသံ။ တစ်သံက အောင်ငြိမ်းအသံ။ တစ်သံကိုမှ ကျက်၍မရ။ ခြံဝသို့ ဝင်လာသည့်အခါ အောင်ငြိမ်းအသံကို ကြား၏။ မကျေမနပ် ဖြစ်သံဟု သိသည်။ စာကြည့်တိုက် ဟူသော အသုံးအနှုန်းကို သုံးလေးခါ ကြားရသည်။ စကားပြောရင်းနှင့် အိမ်ပေါ်တက်လာကြသည်။ ကျက်မရသော အသံရှင်ကိုတွေ့၏။ အဖေ့မိတ်ဆွေ ဦးညိုကြီး။ ရှည်လွန်းသောအရပ်၊ ပိန်လွန်းလှ၏။ ရှပ်လက်ရှည်ကို အပြင်ထုတ်ကာဝတ်၏။ ကြယ်သီးတစ်လုံးမှ မတပ်။ ညိုသောမျက်နှာမှာ အစဉ်ပြုံးနေသကဲ့သို့ ရှိ၏။ သျှောင်ကိုထုံးကာ ပဝါပတ်ထား၏။ ဦးညိုကြီးက ထိုင်ထိုင်ချင်း...

"သည်းညည်းခံပါ မောင်အောင်ငြိမ်းရာ... ရပ်နဲ့ရွာနဲ့လုပ်တဲ့အခါ စိတ်ရှည်ရှည်ထားမှ... မောင်လှပြောတဲ့ အစီပွာယ်ကို ဘကြီးတို့ နားလည်တယ်... အခန်းလိုက် ဆုတ်ယူထားတဲ့စာအုပ်ကို နောက်ဆုံးငှားတဲ့သူက သူညီ... ဒီတော့ လိုချင်တာ ဆုတ်ယူလိုက်တယ်လို့ ပြောစရာရှိတာ သူညီလို့ ဖြစ်နေတာကိုး... သူညီက သူငှားသွားကတည်းက ဒီအတိုင်း ဆုတ်ရာကြီးနဲ့တဲ့... ဒီတုန်းက စာကြည့်တိုက်မှူးကို ဘာလို့မပြောသလဲ... စာမျက်နှာမစုံတဲ့ စာအုပ်ကို ဘယ်လိုလုပ် ဖတ်မလဲ... ဘယ်သူဖတ်မလဲ... ချက်ချင်း ပြန်လဲမှပေါ့လို့ မင်းပြောတော့ ဆတ်ဆတ်ခါ နာသွားတာ..."

အောင်ငြိမ်းက အိမ်ရှေ့ဘက်သို့ မျက်နှာမူပြီးထိုင်သည်။

"ကျွန်တော်မကျေနပ်တာက စာကြည့်တိုက်တစ်ခုလုံး တိုးတက်ရာ တိုးတက်ကြောင်း လုပ်နေကြတဲ့နေရာမှာ စာအုပ်တစ်အုပ်အတွက် ခင်ဗျားက ရေးကြီးခွင်းကျယ် ပြောမနေပါနဲ့လို့ ပြောတာကို... ခုပြဿနာက ဒီတစ်အုပ်၊ တစ်လ သုံးလေးအုပ်တော့ အနည်းဆုံးပြဿနာပေါ်တာ သူအသိပဲ..."

အဖေက ရေနွေးကြမ်းဗန်းနှင့် ကွမ်းသကာပန်းကန်ကို စကားဝိုင်းဘက်သို့ ရွှေ့ယူသွား၏။

"ဒါကြောင့် အစည်းအဝေးမှာ ဘကြီး ဝင်ပြောလိုက်တာပေါ့... တစ်အုပ်ကို ဂရုမစိုက်ရင် စာကြည့်တိုက် ပြုတ်သွားမယ်လို့... သူက မဆီမဆိုင် ဥပမာ ပေးလိုက်သေးတယ်... တောကြီးတစ်ခုလုံး ဟုန်းဟုန်းတောက်အောင် လောင်နေတဲ့အချိန်မှာ မြက်တစ်ပင်အတွက် ဂရုမစိုက်နိုင်ဘူး... မြက်တစ်ပင်ကို ကြင်နာစရာမလိုဘူး... အချိန်မရှိဘူးတဲ့... ဘကြီး ပြောလိုက်တယ်လေ... အေး... ရပါတယ်ကွာ... ဒီတောကြီးတစ်ခုလုံး ဟုန်းဟုန်းတောက်ရတာဟာ မြက်တစ်ပင်၊ သစ်တစ်ပင်ဆိုပြီး ပစ်ထားခဲ့လို့၊ ဂရုမစိုက်ခဲ့လို့ မီးလောင်ရတာပေါ့ကွလို့... သစ်တော မီးမလောင်စေချင်ရင် သစ်ရွက်ခြောက် တစ်ရွက်ကိုလည်း ဂရုစိုက်ရမယ်... မြက်ခြောက်တစ်မျှင်၊ ပန်းတစ်ပွင့်ကအစ မျက်ခြည်မပြတ် အရေးတယူကြည့်မှရမယ်လို့... အစိတ်အပိုင်းကိုလည်း ကြည့်ရမယ်... တစ်ခုလုံးကိုလည်း ကြည့်ရမယ်လို့..."

အဖေက ဘုရားစင်နှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး...

"စိတ်မတိုနဲ့ မောင်အောင်ငြိမ်း... မင်းက ဒီနှစ်မှဝင်လုပ်တာ... ဒါမျိုးတွေ ခဏခဏ ကြုံရဦးမယ်... ဦးညိုက ဝင်ပြောတယ် မဟုတ်လား... ဒီပြဿနာက စာအုပ်ဆုတ်တဲ့လက်သည် ပေါ်ဦးမှပါ... ပေါ်ရင်လည်း စာအုပ်ဖိုးလျော်... ဒါလောက်ပါပဲ... ရပ်ဆွေရပ်မျိုးတွေပဲကွာ... ဒေါ်နဲ့မောနဲ့ မပြောကြပါနဲ့လို့ ဝင်ပြောတော့ မောင်လှရဲ့တူက မကိုးမကား ဝင်ပြောတာ... ရပ်ဆွေရပ်မျိုးက ရပ်ဆွေရပ်မျိုး... အများအကျိုး ပြောတဲ့ဆိုတဲ့ နေရာမှာ ထာဝရမိတ်ဆွေလည်း မရှိဘူး... ထာဝရရန်သူလည်း မရှိဘူး... ထာဝရအကျိုးစီးပွားပဲ ရှိတယ်တဲ့... အဲဒါကြည့်..."

အောင်ငြိမ်းက ရယ်လိုက်သည်။ ထို့နောက်...

"ဘကြီးညိုက အဲဒီစကားကို ဝင်ပြောတာ ကျွန်တော်သဘောကျတယ်... တချို့စကားဟာ တစ်ဦးချင်း ကိုယ်ကျင့်တရားအတွက် သုံးတာ... တချို့စကားက လူတန်းစားအလိုက် သုံးတာ... နေရာမှားသုံးရင် ဒူလာသမားကို မီးယပ်ဆေးကျွေးသလို ဖြစ်တတ်တယ်... နေကောင်းလားလို့ သာမန်နှုတ်ဆက်တာကို ဒီလိုမေးရအောင် ခင်ဗျားမှာ ဘာမေးပိုင်ခွင့်ရှိလဲ... ဆရာဝန်လားလို့ ပြန်ပြောတာမျိုးတွေ မဖြစ်စေချင်ဘူးတဲ့... ဒီတော့မှ တော်တော် ငြိမ်သွားကြတယ်..."

အောင်ငြိမ်း၏ စကားအဆုံးတွင် သုံးဦးသားရယ်ကြ၏။ အမေက ဖတ်လက်စသတင်းစာကို ဖတ်နေ၏။ သူက အင်္ကျီလက်တစ်ဖက်ကို ဆက်၍ ချုပ်၏။ အိမ်ဦးခန်းမှ စကားဝိုင်းသို့ နားရောက်တစ်လှည့် မရောက်တစ်လှည့်။ အဖေက ရေနွေးထပ်ထည့်သည်။ ကြံသကာဘူးကိုပါ ဝိုင်းသို့ယူသွား၏။ အဖေတို့ စကားဝိုင်းမှာ စကားစုံ၊ ကမ်းလွန်ရေနံ၊ ရွှေးကောက်ပွဲ၊ ဝါးဘားဂိတ် အရှုပ်အထွေး၊ ဝန်ကြီးအပြောင်းအလဲ၊ မြစ်မခမြစ်ကူးတံတား၊ မိုးခေါင် ရေကြီးခြင်း၊ သင်္ကြန်စာ၊ ဒုတိယကမ္ဘာစစ် အတွေ့အကြုံ၊ ဖြုတ်ထုတ်သတ်၊ အဂ္ဂမြူပုံး၊ ဖိုးစိန်ကြီးအကြောင်း စသည်စသည်။ ကိုးနာရီထိုးခါနီးမှ ပြန်ကြသည်။ ပြန်ခါနီးတွင် အောင်ငြိမ်းက အောင်စာရင်းတွေ ထွက်ခါနီးပြီနော်ဟု သူ့ကိုပြော၏။ သူက လဆန်းလောက်မှ ကြေညာမယ်လို့ ကြားရတာပဲဟု ပြန်ပြောသည်။ အောင်ငြိမ်းကို ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်။ အနေစိမ်းသည်ထက် စိမ်းလာသည်ဟု မှတ်ထင်သည်။ နေထိုင်ကောင်းလား၊ စားပြီးပြီလား၊ ဘယ်သွားမလို့လဲ ဟူသောစကားမျိုးမှအပ မပြောတော့။ စိတ်ခုစရာများရှိ၍လားဟု တွေးတောကြည့်သည်။ အထစ်အငေါ့ဖြစ်စေသော ဆက်ဆံရေးမျိုး မဖြစ်ပေါ်ခဲ့။ တွေးမည်ဆိုလျှင် တွေးစရာရှိ၏။ သူ့မေတ္တာကမ်းလှမ်းချက်တွေကို သုံးကြိမ်တိုင် ငြင်းခဲ့သောကြောင့် ထိုသို့ ခပ်ဖယ်ဖယ် နေလာခြင်း ဖြစ်နိုင်၏။ မတုံ့ပြန်နိုင်သဖြင့် ငြိုငြင်သွားခြင်း မဟုတ်ကြောင်းတော့ ဧကန် သိသည်။ တောင်းခံဖန် များလျက် အနေခက်သောကြောင့် လိပ်ပြာရှက်သွားဟန် တူသည်။ တစ်စတစ်စ အနေဝေးလာသည်ကို သိသာ၏။ မေတ္တာမတုံ့ပြန်နိုင်၍ ထိုသို့ဖြစ်သည်ဆိုက မတတ်နိုင်ချေ။ တုံ့ပြန်ပေးအပ်ရမည့်အရာက အပ်တစ်ချောင်း၊ ချည်တစ်ခင်မဟုတ်။ အဝတ်တစ်စမဟုတ်။ ဘဝနှင့် စပ်လျဉ်းနေသောအရာ။ အချစ်။ အလိမ္မာယ်လက်မှ လွတ်မြောက်စ နဂါးထံတွင် နဂါးပတ်ကျော့ကွင်းကို ပေးရဲမည်မထင်။ အလမ္မာယ်ကို မဆိုထားနှင့် မြင်မြင်သမျှကိုပင် နိပ်စက်ကလူပြုတတ်သူများဟု အထင်ရှိနေချိန်။ ဤထိတ်လန့်မှုမျိုးကို အောင်ငြိမ်း နားလည်မည်ဟု အောက်မေ့သည်။

"ရှင်တို့လည်း တစ်နေ့တစ်နေ့ အာမပျောင်းကြဘူးလား... စကားချည်း ပြောနေကြတာပဲ... အိမ်မှာလည်းအပြောင်း... ရွာထဲလည်း အပြောင်း... ခါတိုင်းလို ခြင်းခတ်တာမျိုးတောင် မရှိတော့ဘူး..."

အဖေက လက်ဖက်ရည်ဇန်းနှင့် ကြံသကာဘူးတွေကို သိမ်းဆည်းရင်း ရယ်ကျဲကျဲ လုပ်နေ၏။ ပစ္စည်းတွေကို နေရာတကျ ပြန်ထားပြီးမှ...

"ငါက သိပ်မပြောချင်ပါဘူး... ပါးစပ်ထဲက စကားတွေက ကုန်ပဲမကုန်နိုင်လို့ အပြင်ကို အတင်းဆွဲထုတ်နေရတာ... နို့မဟုတ်ရင် သွားကြားညှပ် တာတို့ ဘာတို့ဖြစ်မယ်လေ... မေ့ပြီး မျိုချမိရင် မတော်တဆ နင်သွားရင် ဘယ့်နှယ့်လုပ်မလဲ..."

သူတို့နှစ်ယောက် ပြုံး၏။ အရှုန်းအပျက်စကားကို အဖေသည် ယခုတစ်လောတွင် ပြောလေ့ရှိသည်။

"ဒါ ငါ့အလုပ်လေကွာ... ရပ်ကိစ္စလုပ်မယ်... စိတ်ကောင်းထားမယ်... ငါ့မိသားစု ကျန်းမာရေး၊ စီးပွားရေးကိစ္စတွေ၊ ဘာတွေလုပ်မယ်... အလုပ်ချိန်မှာ ငါအလုပ်လုပ်မယ်... အင်္ကျီချုပ်မယ်... လုံချည်ချုပ်မယ်... ပိတ်မခိုးဘူး... သုံးလေးနှစ် ဝတ်ရမှာကို သုံးလေးလနဲ့ ချုပ်ရိုးပြုတ်အောင် ချည်ညံ့နဲ့မချုပ်ဘူး... ကောင်းကောင်းချုပ်ပေးမယ်... ဦးနှောက်မစွမ်းမသန် မဖြစ်အောင် စာလေးဘာလေး ဖတ်မယ်... ဒါပဲလေ..."

သူက လက်ချုပ်ခုံဘုတွင် အင်္ကျီလက်ဖြင့် တွယ်ထားသောချိတ်ကို ဖြုတ်ရင်း...

"ကျန်ပါသေးတယ် အဖေရဲ့..."

"ဘာလဲသမီး..."

ရယ်သံဖြင့်ပြောလိုက်၏။

"ကင်းမြီးကောက်ကို အပြောင်းပြေနင်းပေးတဲ့အလုပ်..."

အဖေသည် ကုလားထိုင်တွင် ထိုင်မည်ပြုပြီးမှ မထိုင်အားသေး။ အားပါးတရရယ်၏။ အမေက အဖေထိုင်ပြီးမှ...

"ရှင်တို့ကလည်း ရှင်တို့စာကြည့်တိုက်ပြဿနာနဲ့... ဒီမှာလည်း ရှင်တို့မရောက်ခင်က ပြဿနာ ရှင်းလိုက်ရသေးတယ်..."

အဖေက ကြံသကာငုံထားသော ပါးစပ်ဖြင့်...

"ဟေ... ဘယ်လိုဖြစ်တာတုံး..."

ဟုပြော၏။ အမေက အဖြစ်အပျက်ကို ချုံ့၍ပြောသည်။ လွန်ခဲ့သောနှစ်ရက်က စျေးတွင် ဒေါ်စိန်စိန်နှင့် မတင်ခတို့ တွေ့ကြကြောင်း၊ မတင်ခက ဒေါ်အေးခင်နှင့်ပတ်သက်၍ စကားစပ်သည်။ မနင်းဖွေးတို့အိမ် ခဏခဏသွားတာ မကြိုက်ဘူးဟု သားဖြစ်သူကို ဒေါ်အေးခင် ပြောဆိုတားမြစ်သည် ဆို၏။ ဒီစကားဘယ်က ကြားသလဲဟု ဒေါ်စိန်စိန်က မတင်ခကို မေးသည်။ ဒေါ်အေးခင်ပါးစပ်ကကို ကျွန်မကို ပြောတာ၊ သူ့သားနဲ့နီးစပ်သွားမှာ စိုးရိမ်တယ်လို့လည်း ပြောသေးတယ်၊ မနင်းဖွေးကို သမီးလိုချစ်ပါတယ်... ချွေးမအနေနဲ့တော့ မဖြစ်ပါဘူး...၊ ဒါကြောင့် မလောင်ခင်တား ဆိုတဲ့သဘောနဲ့ သားကို ဟန့်တားရတာပါဟု ပြောကြောင်း မတင်ခဆို၏။ ဤတွင် ဒေါ်စိန်စိန်က ဒေါ်အေးခင်အိမ်သို့ သွားကာ ထိုသို့ပြောမပြော မေး၏။ မပြောရပါဟု

ဒေါ်အေးခင်က ကျိန်တွယ်ပြီးငြင်း၏။ ထိုအခါ ဒေါ်စိန်စိန်က မတင်ခကိုခေါ်ကာ သုံးယောက်ဆုံရှင်းသည်။ မတင်ခက ဒေါ်အေးခင်ပြောသည်ဟု ကျိန်တွယ်၍ ပြောဆို၏။ ထိုသို့ ပြောဆိုသက်ာရှင်းနေကြသည်ကို မသိခဲ့ကြောင်း ဒေါ်မြနွယ် ပြောသည်။ ဒေါ်အေးခင်က အထင်အမြင်အလွဲမခံနိုင်ဟုဆိုကာ ဒေါ်စိန်စိန်ကိုခေါ်ပြီး ဒေါ်မြနွယ်ထံ လာ၏။ ရှင်း၏။

"ကျွန်မက သူတို့ပြဿနာလာရှင်းမှ ဘယ်လိုကဘယ်လိုဖြစ်တာလဲလို့ ပြန်မေးယူရတယ်... မအေးခင်က အထင်မလွဲဖို့ ထပ်တလဲလဲပြောတယ်... ကျွန်မကလည်း မထင်ပါဘူးလို့ ပြောရတာပေါ့..."

အဖေ့မျက်နှာသည် တည်တည်ဖြစ်နေ၏။

"ဒီကိစ္စကို မောင်အောင်မြင့် ဘယ်သိဦးမလဲ..."

အမေက ခေါင်းညိတ်ပြီး...

"ဘယ်သိဦးမလဲ... ခုပြန်မှ သိမှာပေါ့..."

"အေးကွာ... မအေးခင်ကလည်းတစ်မျိုး... မတင်ခကလည်းတစ်မျိုး... မအေးခင်က လူတစ်ဖက်သားကို အသနားလွန်တာတွေ၊ ဘာတွေ ရှိတယ်... တစ်ယောက်ယောက် တစ်ခုခုဖြစ်ရင် သနားမဆုံးတော့ဘူး... စုပ်သပ်မဆုံးတော့ဘူး... အဲ စုပ်တသပ်သပ်နဲ့ ဟိုလူ့တွေ သိပြီးပလားဟင်... ဒီလူ့တွေ ကြားပြီးပလားဟင်... ဘယ်သူဘယ်ဝါ ဘယ်လိုဖြစ်တာ... သနားစရာကောင်းလိုက်တာ... ဘာညာနဲ့ပြောရော... မသိစေချင်တာတွေသိ... အတင်းပြောသလိုဖြစ်ကုန်ရော... မတင်ခကတော့ တစ်မျိုး... အင်းလေ... ထားပါတော့... ခေါင်းထဲက ထုတ်ပစ်လိုက်ပါကွာ..."

ဒေါ်အေးခင်ကပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ။ ထိုပြဿနာထဲမှစကားတစ်ခွန်းကမှ ရင်ကိုထိခတ်၏။ ယောကျ်ားလေးတစ်ဦး တစ်ယောက်ကို မိမိနှင့် မည်သို့နှိုင်းယှဉ်ကြသနည်း။ ဂုဏ်ရည်တန်ဖိုးကို မိမိအတွက်မူ လျှော့ချစဉ်းစားတတ်ကြသလော။

*****

## အခန်း(၆)

မိသားစုထဲတွင် ပျောက်ဆုံးသွားခဲ့သော အရာကိုပြန်လည်တွေ့သကဲ့သို့ ရှိ၏။ ချမ်းမြေ့စွာကြည့်သောအကြည့်များ၊ ပျော်ရွှင်စွာပြောတတ်သော နှုတ်ခမ်းများ၊ အားတက်စွာသော စကားလုံးများက အားလုံးတွင် ရှိနေ၏။ အဖေ့ကို မြင်ရသည်နှင့်ပင် အလိုလိုရွှင်ပျလာ၏။ အဖေ ပြောဆိုလှုပ်ရှားပုံတွေက ဖျတ်လတ်တက်ကြွလျက် ရှိသည်။ အမေ့မျက်နှာသည် သူ့အောင်စာရင်းကြားရသည့်နေ့မှစ၍ တပြုံးပြုံးနှင့်။ အဖေက အမေ့ထက်ပို၍ စိတ်လှုပ်ရှားမှုကို မမျိုသိပ်နိုင်။ အကျီလုံချည်အပ်သူ၊ ရွှေးသူတွေထဲမှ ရင်းနီးသူတစ်ချို့ကို...

"ကျွန်တော့်သမီး စာမေးပွဲအောင်တယ်... စိတ်ကြိုက်မြန်မာစာနဲ့ ဘောဂဗေဒမှာ ဂုဏ်ထူးထွက်တယ်..."

အောင်စာရင်းကြည့်ပြီး ပြန်လာသည့်အခါ နီနီက အိမ်မှာ အသင့်စောင့်နေ၏။ နီနီက ဂုဏ်ထူးဘယ်နခုလဲဟု မေး၏။ မေးပင်မေးသော်လည်း သူ့အဖြေကို ရင်ခုန်စွာနားစွင့်နေမှန်း မျက်နှာမှာ သိသာ၏။ အောင်တယ်ဟုပြောပြီးမှ ဂုဏ်ထူးပါကြောင်း ပြန်ဖြေသည်။ အဖေက စက်ခုံမှ ဝုန်းခနဲထ၏။ မီးဖိုချောင်အတွင်းမှ အမေ့ကိုလှမ်းခေါ်သည်။ အမေမရောက်မီ မီးဖိုချောင်သို့ ပြေးမတတ်ထသွားကာ ပြော၏။

စိတ်ညစ်စရာတွေ ပြည့်သိပ်ဖူးခဲ့သည့် အခန်းငယ်လေး...။ စိတ်သက်သာရာရကြောင်း ငေးမျှော်မိတိုင်း လက်ဖဝါးထောက်မှီခဲ့ရသော ပြတင်းပေါက်...။ စိတ်သောကဖိစီးမှု အဝဝကို ခံစားခဲ့ရစဉ်က လဲလျောင်းရာခုတင်...။ အားလုံးသည် ယခင်အတိုင်း။ သို့သော် အမြင်တွင် စိမ်းလန်းလတ်ဆတ်နေသည်ဟု ထင်၏။ မနေ့တစ်နေ့ကနှင့်ပင် မတူ။ စိုပြည်သော သစ်ပင်သစ်ရွက်များ၊ မိုးကောင်းကင်နှင့် သက်ရှိများဟု အောက်မေ့၏။ အသက်ရှူရသောလေမှာ နှစ်သက်အားရဖွယ်။ လောကမြေပြင်မှာ သာတောင့်သာယာ။ ကြည်နူးဖွယ်ပေတကား။

"ကျောင်းဘယ်လိုတက်ဖို့ စိတ်ကူးထားသလဲဟင်... မနင်းဖွေး..."

"လုပ်သားဆိုရင် အစိုးရအလုပ် တစ်ခုခုရှိဦးမှ... ခုချက်ချင်း အလုပ်တစ်ခု ရဖို့ဆိုတာ မလွယ်လှဘူးလေ... ပြင်ပဝိဇ္ဇာဖြေရကောင်းမလားလည်း စဉ်းစားမိတယ်၊ ဒီနှစ်ဖွင့်တာ... ဟိုလေ... ဩော်... စာပေးစာယူ... အဲဒါတက်ရင် ကောင်းမလားလို့ စဉ်းစားမိတယ်... တစ်ခုခုတော့ တက်ရမယ်..."

နီနီက ပြတင်းကိုကျောပေး၍ ရပ်၏။

"ဘယ်ဘာသာယူမလဲ..."

"မဝေခွဲတတ်သေးပါဘူး နီနီရယ်..."

"ဘာသာရပ် ရွေးတာ သေသေချာချာ စဉ်းစားနော်... အခု နီနီ ရက္ခဗေဒယူတာ ယူချင်လွန်းလို့... စာကို အတော်လိုက်နေရတယ်... ဟိုမရောက် ဒီမရောက် ဖြစ်နေမှာစိုးလို့... နို့မဟုတ်ရင် မြန်မာစာ ပြောင်းယူပြီးပြီ... ဝတ္ထုတွေဖတ်လာတော့ မြန်မာစာ လိုချင်လာတယ်... ကိုယ်တိုင်ရေးလည်း ရေးချင်လာတယ်... ခံစားချက်တွေရှိတာကို ပြန်ရေးပြချင်တယ်... အဲဒါကြောင့်..."

ခံစားချက်ဟူသောစကားလုံးကို အဆန်းတကြယ် သတိပြုမိ၏။ သူပြုံးသည်။ နီနီက သူ့အပြုံးကို သတိပြုလေဟန်နှင့်...

"ဘာလို့ပြုံးတာလဲ..."

"ဘာမှမဟုတ်ပါဘူး... ခံစားချက်ကို ကြားလိုက်ရလို့ပါ..."

နီနီရှက်ပြုံး ပြုံးသည်။

"ခံစားချက်ဆိုတာ ရှိတာပေါ့ မနင်းဖွေးရယ်... ကိုယ့်ဘဝကို မကျေနပ်တာတို့... အားမရတာတို့... တစ်ခါတလေ ဖြစ်တတ်တာပဲလေ... စိတ်ငယ်တဲ့အခိုက် သက်သာမလားလို့ တချို့ဝတ္ထုတွေ ဖတ်ပါတယ်... စိန်ရွှေရတနာပဒေသာပင် သီးပြတဲ့ ဝတ္ထုဖတ်ရလို ဖတ်ရ၊ တက္ကသိုလ်ကျောင်းက ကောင်လေး၊ ကောင်မလေး ကြိုက်တဲ့ဝတ္ထု ဖတ်ရလိုဖတ်ရနဲ့... ဒီကြားထဲ

မိန်းမဆိုတာ ယောကျ်ားရဲ့အပျင်းပြေလို့ ရေးလိုရေးကြနဲ့ မနင်းဖွေးရယ်၊ ယောကျ်ားတွေကို မှီခိုနေရတာပဲ့လား၊ နောက်လိုက်ပဲ့လားလို့ ရေးတာမျိုးနဲ့ကြုံရရင် ဖတ်ရင်းဒေါပွလာတယ်... သိလား..."

"ဟုတ်တယ်နော်... ကိုယ်လည်း အဲသလိုပဲ... ဒီကြားထဲ ယောကျ်ားဆိုတာ သစ်ပင်ကြီးတဲ့ မိန်းမက သစ်ခွပင်တဲ့... သစ်ပင်ကြီးကို မှီခိုနေရတာတဲ့... ကိုယ်ဖတ်ဖူးပါတယ်... တချို့ သစ်ခွတွေဟာ ကျောက်တောင်ကမ်းပါးပေါ်မှာ ကိုယ့်ရေသောက်မြစ်နဲ့ကိုယ် မြေဆီရေဆီ ရှာပြီး ပေါက်တဲ့အပင်မျိုး ရှိတယ်တဲ့... ကိုယ်တော့ အဲဒီအပင်မျိုးပဲ သဘောကျတယ်..."

နီနီက တစ်စုံတရာမှတ်မိသော မျက်နှာနှင့်...

"ရှိတာပေါ့... ကချင်ပြည်နယ်နဲ့ ချင်းတောင်ဘက်မှာ အပြည့်... သစ်ပင်ကြီးမှာကပ်ပြီး အဲဒီသစ်ပင်ကတဆင့် မြေဆီမြေနှစ်ယူတဲ့ သစ်ခွအဖြစ် မလှချင်ပေါင်၊ မမွှေးချင်ပေါင်... မလှချင်လည်း နေပလေ့စေ... မမွှေးချင်လည်း နေပလေ့စေ... ကိုယ့်ရေသောက်မြစ်နဲ့ ကိုယ်နေတဲ့ ကျောက်တောင်ကြားက သစ်ခွပဲဖြစ်ချင်တယ်... အဲဒါတွေ ရေးပစ်လိုက်ချင်တယ်..."

မျက်နှာလွှဲသွားသော သူ့ကို နီနီကြည့်၏။ သူက ခုတင်ပေါ်တွင်ထိုင်ရင်း ခြေကို လွှဲနေ၏။

"ကိုယ်... ကိုဝင်းဇင်ကို ချစ်တုန်းက လူကိုပဲချစ်ခဲ့တာ... ချစ်ပြီးမှ ပစ္စည်းပစ္စယဘာညာနဲ့ အနေအထားတွေ မြင်ရတာ...၊ မြင်တော့လည်း အိမ်ထောင်ရေးအတွက် စိတ်အေးခဲ့တာ သာသာလောက်ပါ... တစ်အိုးတစ်အိမ် ထူထောင်တဲ့အခါ ရေကန်အသင့်ကြာအသင့် ဖြစ်နေလို့ ဝမ်းတော့သာတာပေါ့နီနီရယ်... ရေကန်အသင့်ကြာအသင့် ဖြစ်နေတာကြောင့် ချစ်ခဲ့တာတော့ မဟုတ်ပါဘူး... ဒါပေမဲ့ ဒီစကားကို ယုံမယ့်သူ သိပ်ရှားပါတယ်... ကိုယ် စိတ်ပြောင်းခဲ့တာ ကြာပါပြီ... ကိုယ်က တကယ်ချစ်ပြီး ကိုယ့်ကိုတကယ်ချစ်တဲ့သူနဲ့ နောင် တွေ့ချင်လည်းတွေ့မပေါ့... အဲဒီအခါ ရေကန်အသင့်ကြာအသင့် မရှိလည်း မပူတော့ဘူး... ကိုယ့်လက်နဲ့ ကိုယ့်ကန်ကို တူးမယ်... ကြာပန်းစိုက်မယ်..."

နီနီပြုံး၏။ သဘောချင်းတူသောအပြုံးဟု သူနားလည်လိုက်သည်။

"ယောကျ်ားတွေဟာ လူတစ်မျိုးပဲနော်... မနင်းဖွေး..."

သူရယ်၏။

"လူတိုင်းတော့ ဟုတ်မယ် မထင်ပါဘူး..."

"မိန်းမတွေထက် တစ်ခါတစ်ခါ မူယာမာယာ များသေးတယ်... ပလီစိချောက်ချက် များတယ်... နားလည်ဖို့လည်း ခက်တယ်..."

"တချို့တော့ ဟုတ်ပါတယ်..."

"မနင်းဖွေးနဲ့ ကိုဝင်းဇင်ပြဿနာဆိုရင် တော်တော်အသည်းနာစရာ ကောင်းတယ်"

"ကိုယ်မေ့ထားခဲ့ပြီပဲနီနီ..."

"တကယ်ကော မေ့လို့ရလား..."

"အဆိုးဆုံးအတွက် အကောင်းဆုံးအဖြစ်နဲ့တော့ သတိရနေဦးမှာပါ..."

နီနီ ဟက်ဟက်ပက်ပက် ရယ်၏။

"ယောကျ်ားတွေကို စိတ်နာပြီး ယောကျ်ားမုန်းသမျှကို အသည်းခွဲတာတွေ ဘာတွေ မလုပ်တော့မလုပ်လိုက်ပါနဲ့ မနှင်းဖွေးရယ်..."

သူ မျက်မှောင်ချီလိုက်၏။

"အမယ်လေး... နီနီရယ်... ဒီလိုပေါတိပေါကြောင် အလုပ်တွေ စိတ်တောင် မကူးမိပါဘူး..."

*****

## အခန်း(၅)

မိုးနှောင်းတွင်ပွင့်သော တောပန်းအရိုင်းတွေကို စည်းရိုးတစ်လျှောက်မှာ တွေ့သည်။ နီပြာခရမ်းရောင်စုံပွင့်တွေ၊ တချို့က နေစောင်းချိန်မှ ပွင့်လေသည်။ ဝါရွှေသော ဆည်းဆာအလင်းက သစ်ရိပ်ဝါးရိပ်ကြားမှ မြေပြင်ပေါ်သို့ အမြွှာမြွှာတန်း၍ ဆင်းလာသည်။ နေခြည်သည် မနေ့ကတော့ ဆွတ်ဆွတ်ဖြူသော အဆင်းနှင့်ရှိခဲ့၏။ တစ်နေ့ကမူ နီမြန်းမြန်း အဆင်းနှင့်။ တမြန်မနေ့တုန်းက သနပ်ခါးနုရောင်။ လူ့ဘဝကဲ့သို့တကားဟု နှိုင်းယှဉ်မိလေသည်။

ပြောင်းလဲမှုတွေကို မမှတ်သားမိလျှင် အရာရာသည် အမှတ်မဲ့နှင့်။ တစ်ကြည့်မှုပင် အကြည့်စိုက်သော် တစ်ခဏအတွင်း၏ အပြောင်းအလဲတွေကို မြင်ရသည်။ မိမိ နလုံးသည်းပွတ်ကိုသာ အစဉ်သဖြင့် အာရုံကျက်စားနေမိခဲ့သည့်အခါက အပလောကဟူသည် ရှိ၏ဟု အယူမထားခဲ့။ ကြီးကျယ်လှစွာသောခန္ဓာဖြင့် တည်ရှိသူမှာ မိမိသာ။ ဟုန်းဟုန်းထကြွသော မီးတို့တည်ရာမှာ မိမိ၏ရင်၌သာ။ အရေးကြီးခြင်းဟူသမျှ ကိန်းအောင်းရာမှာ မိမိ၌သာ။ ဘဒ္ဒကမ္ဘာတွင် တစ်ဦးတစ်ယောက်မျှ မကြုံဖူးသော ကြေကွဲဖွယ်၊ ထိတ်လန့်ဖွယ်၊ ရက်ကြောက်ဖွယ်တို့ကို မိမိသာ ကြုံတွေ့ရပြီဟု နလုံးသွင်းခဲ့သည်။ ထိုမှ မိမိကိုယ်မိမိ လျှပ်တစ်ပြက် ကာလအကြာမျှ တွေ့သယောင်ရှိခဲ့၏။ တွေ့စရှိသော မိမိကိုယ်ကို မကြာခဏ မြင်လာရသည်။ ယခုအခါ မနှင်းဖွေးကို မနှင်းဖွေး တွေ့မြင်ခဲ့ပြီဟု ကြေညာရဲပေ၏။

ထူးဆန်းသည်ဟု မထင်။ အနည်းငယ်တော့ အံ့အားသင့်ရသည်။ သူ့ကို ဒေါ်စိန်စိန်က ခေါ်တွေ့ပြီး ပြောသည်။ ထို့နောက် သက်သေခံစာကိုပေး၏။ သူဖြန့်သည်။ အောင်ငြိမ်း၏လက်ရေး။ ဖတ်မကြည့်ခဲ့။ ချစ်သူချင်း ရေးသောစာ...။

"ညည်းညီမကိုညည်း စကားစမြည် တောက်စမ်းကြည့်ပါဦး... အမှန်အတိုင်း ပြောရရင် မောင်အောင်ငြိမ်းနဲ့ သဘောမတူနိုင်ဘူး မနှင်းဖွေး... ဒါပေမဲ့ အကြမ်းပတမ်း ကိုင်တွယ်လိုက်ရင် ခိုးရာလိုက်ပြေးတာတို့ ဘာတို့နဲ့ဆို ကြီးကြီးတို့ပဲ အရှက်ကွဲမှာ..."

"ဘာဖြစ်လို့ သဘောမတူနိုင်တာလဲ ကြီးကြီး..."

ပါးစပ်ဟလျက်နေ၏။ အကြောင်းပြချက်ကို သူမကြားရ။

"ညည်းဘကြီးကိုလည်း ဒီအကြောင်း ကြီးကြီးစိန် ပြောပြရတာပေါ့... သူလည်း သဘောမတူဘူး... ဒီစာကို သူ့အဝတ်သေတ္တာထဲက တွေ့ရတာ... ကြီးကြီးစိန်က ရိပ်ဖမ်းသံဖမ်းတော့ ပြောလိုက်တယ်... ဘွဲ့မရမချင်း ထွေလီကာလီ စိတ်ကူးရင် ငါနဲ့အသိပဲလို့... ဒီစာကို သူ့အဝတ်သေတ္တာထဲ ခြေရာလက်ရာမပျက် ပြန်ထည့်ထားလိုက်တယ်လေ..."

"ခု... သူဘယ်သွားလဲ..."

"အောင်စာရင်း မနေ့ကထွက်တာ သွားကြည့်တယ်..."

"မောင်အောင်ငြိမ်းက မနေ့က အောင်တယ်လို့ လာပြောတာပဲ... ခုမနက် မောင်အောင်ငြိမ်းနဲ့ အတူသွားတယ်... ခက်တာက ပြောင်ဖွင့်ပြောလည်း အခက်... ဟန့်ဖို့လည်း အခက်... ဒါပေမဲ့ ကြီးကြီးစိန် ဒီလိုစိတ်ကူးတယ်..."

"ပြောလေကြီးကြီးစိန်... ကျွန်မ ဘယ်လိုစီစဉ်ပေးရမလဲ..."

"ဒီနေ့... သူပြန်လာရင် ညည်းဆီသွားဦးလို့ပြောမယ်... သူမေးမှာပဲ ... ဘာကိစ္စလဲလို့အေ့... သိလား...၊ ဟိုကျရင် မနင်းဖွေးပြောလိမ့်မယ်လို့ ကြီးကြီးစိန် ပြောမယ်... ညည်းပြောပေါ့... ဟုတ်လား... မကောင်းဘူးလား... ညည်းဘကြီးက တရားဝိုင်း သွားသွားနေလို့တော်သေးတယ်... မောင်အောင်ငြိမ်း အိမ်ကိုလာတိုင်း မဆုံမိလို့ တော်သေးတယ်..."

ငြိမ်၍နားထောင်ခဲ့သည်။ စကားဆုံးတော့မှ...

"ကျွန်မက ဘယ်လိုပြောရမလဲ ကြီးကြီးစိန်... ဘာကို ပြောရမှာလဲဟင်..."

"ကြီးကြီးစိန်နဲ့ ညည်းဘကြီးသဘောကိုပေါ့..."

"အမေတို့ကော သိပြီလား ..."

"မနက်ဖြန်ညကျမှ လာပြီးပြောပြမယ် စိတ်ကူးတယ်... ဒီည ညည်းဘကြီးက ဓမ္မရာဇိကကျောင်း တရားပွဲကို သွားမယ်... ကြီးကြီးစိန် အိမ်စောင့်ရမယ်..."

ခေါင်းညိတ်ပြီး အိမ်ပြန်ခဲ့သည်။ နီနီ၏အလာကို စောင့်ရင်း ပြောရမည့်စကားကို ချိန်ဆကြည့်ရသည်။ နီနီ အံ့သြသွားမည့်ကား သေချာသည်။ စကားလုံးတွေ တင်ကြို ရွေးချယ်ထားရ၏။ စကားများလျှင် နီနီ၏ မျက်လုံးတစ်ထောက်၌ အဓိပ္ပာယ်များစွာ ပွားလာချေလိမ့်မည်။ အောင်ငြိမ်း၏ ချစ်စကားတွေကို ငြင်းဆန်ခဲ့သော မိမိက အောင်ငြိမ်း၏ ချစ်သူကို ပြောရမည့်စကား။ အပြောတတ်ရပေလိမ့်မည်။ စဉ်းစားရင်း နီနီ့ကို စောင့်ရသည်။ စိတ်စောစွာ စောင့်ခဲ့သည်။ ဝါရွှေရောင်ပါးလျားခဲ့ပေပြီ။

*****

"သူ့ကို နီနီကစပြီး ချစ်စကားပြောခဲ့တာပါ မနင်းဖွေး..."

အံ့သြဟန်ထုတ်ဖော်ပြလိုက်လျှင် နီနီ ရှက်မည်သူစိုး၏။ ထို့ကြောင့်...

"မိန်းကလေးတစ်ယောက် အနေနဲ့လည်း ဒီစကား ပြောပိုင်ခွင့်ရှိတာပဲ နီနီ..."

ပါးဖြူဖြူနှစ်ဘက်က ရှက်သွေးနှင့်။ သူ့စကားကြောင့် စိတ်သက်သာရာရသွားဟန်ရှိ၏။

"မှဆိုးမရဲ့သားတစ်ယောက်... ဥစ္စာပစ္စည်းမရှိဘူး... ဆွေကြီးမျိုးကြီးမရှိဘူး... ဒါပေမဲ့ ပညာထူးချွန်တယ်... ရိုးသားတယ်... အမေတို့က သဘောတူမယ် မဟုတ်ဘူး... နီနီ သိပါတယ်... အဖေက ခုထိ အရာရှိစိတ် ကုန်သေးတာမှ မဟုတ်ဘဲ... အာဏာမာန်က မကုန်ပါဘူး... ရာထူးရှိတုန်းက အောက်လက်ကို မတရားသဖြင့် သဟောက်သဟ လုပ်ခဲ့တာတွေ မနင်းဖွေးတို့ အမြင်... ခု အငြိမ်းစားယူတယ်... အဖေ့လက်အောက်က လူတွေက လမ်းတွေ့ရင်တောင် ရှောင်တယ်... တကယ့်အထီးကျန်... နီနီသိပါတယ်... ဂုဏ်ပကာသနစိတ်နဲ့ ကိုအောင့်ကို တိုင်းတာမှာသေချာပါတယ် မနင်းဖွေးရယ်"

"ဘကြီးကံထွန်းကို ကြီးကြီးစိန် အသိမပေးသေးဘူး ထင်ပါတယ်" နီနီခေါင်းခါပြသည်။

"သိပြီးလောက်ပါပြီ... ခုတလော နီနီ့ကို ရှူးသိုးသိုးလုပ်နေတာ သိပါတယ်... သေတ္တာထဲကို မွှေနှောက်ကြည့်တာလည်း နီနီသိတယ်... တမင် မသိယောင်ဆောင်နေတာ..."

သူ မျက်လုံးဝိုင်းသွားသည်။

"ဒီလိုလုပ်မယ်... မကောင်းဘူးလား... နီနီ စဉ်းစားကြည့်လေ... ဒီကိစ္စကို ကိုယ့်အဖေနဲ့ အမေကို ပြောပြမယ်... နီနီ့အိမ်မှာ ပြဿနာသိပ်တက် လာတဲ့အခါ ဘကြီးဦးကံထွန်းရယ်၊ ကြီးကြီးစိန်ရယ်... ကိုယ်တို့ရယ် စကားပြောမယ်... ဘယ်နှယ့်လဲ..."

နီနီက ဦးခေါင်းညိတ်ကာ သဘောတူကြောင်းပြ၏။

"ကိုယ့်သဘောပြောမယ်နော်..."

"အင်း..."

"ကိုယ်တော့သဘောတူတယ်..."

"မနင်းဖွေးကို နီနီ မပြောပြခဲ့တာ တစ်မျိုးမထင်နဲ့နော်... လျှိုတာမဟုတ်ဘူး..."

"ကိုယ်သိပါတယ်..."

"ဟိုဒင်းလေ... ပြောရမှာ ပါးစပ်မရဲဘူး ဖြစ်နေတယ်..."

အနက်အဓိပ္ပာယ်ကိုသူသိ၏။

"ကိုယ်နားလည်ပါတယ်... ဟိုတုန်းကပဟာတွေ မဆိုင်ပါဘူး..."

နီနီက ခပ်ဆိုင်းဆိုင်းနှင့် ပြောသည်။

"ကိုအောင်က သူနဲ့နီနီချစ်နေတာကို မနင်းဖွေး မသိပါစေနဲ့တဲ့... သိရင် သူကတော့ ရှက်တာနဲ့ သေမလား မသိဘူးတဲ့..."

"ကိုယ်တော်ချောက ဒါကြောင့် ဒီဘက်မလာတာကိုး... ကိုယ့်အောင်စာရင်းထွက်ပြီး တစ်ပတ်လောက်က ခြံအပြင်က ဝမ်းသာပါတယ်လို့ လှမ်းပြောသွားတယ်... ဒါကြောင့်ကိုး..."

*****

## အခန်း(၄)

အံ့အားသင့်သွားကြသည်။ ဦးကံထွန်းက ဦးစိန်လှိုင်တို့ဘက်သို့ လှည့်ကြည့်၏။ ထို့နောက် ဒေါ်စိန်စိန်ကို ငေးကြည့်သည်။ ဒေါ်မြနွယ်က သမီးဖြစ်သူကို ငိုင်၍ကြည့်နေသည်။ အံ့အားသင့်လွန်း၍ သူ့စကားကို ထပ်တလဲလဲ ကြားယောင်နေကြမည် ထင်သည်။ အောင်ငြိမ်းကို မြင်ယောင်ကြမည်လည်း ထင်သည်။ မကြားစဖူး ဒဏ္ဍာရီကို နားထောင်ခဲ့ရလိုလို ရှိလျှင်လည်း ရှိကြမည်။ မိန်းကလေးတစ်ဦး၏ အရက်ကို ယောက်ျားလေးတစ်ဦးက အကာအကွယ်ပေးလိုသည် ဆိုသောသတင်း။ သူငယ်ချင်းတစ်ဦးက သူငယ်ချင်းတစ်ဦးကို ထားရှိသောသဘော။ မယုံနိုင်လောက်အောင် ဖြစ်ကောင်းဖြစ်မည်။

"တို့... သိတောင်မသိခဲ့ရပါလား..."

သူ့အဖေ့ကို ကြည့်သည်။ အဖေက မသိခဲ့ရ၍ အပြစ်တင်သည် မဟုတ်ဟု သူသဘောပေါက်၏။

"သမီးတစ်ယောက်တည်းနဲ့ ဆုံးဖြတ်နိုင်တဲ့ ကိစ္စမှုံပါအဖေ..."

အဖေပြုံးကာနေ၏။ အလေးအနက် စဉ်းစားကြည့်ပြီးသော အပြုံးနှင့်...

"အင်း... မောင်အောင်ငြိမ်းရဲ့ ဒီအပြုအမူဟာ စဉ်းစားစရာ ကောင်းတယ်... ဘယ်ယောကျ်ားလေး သူငယ်ချင်းက အဲသလို ကူညီမှုမျိုးနဲ့ ကူညီဖို့ စိတ်ကူးပါ့မလဲ... ချီးကျူးစရာပါပဲ..."

အမေက တစ်ခွန်းဝင်ပြော၏။

"ဒီအကြောင်း မအေးခင် သိသလား..."

"ဟင့်အင်း... ဘယ်သူနဲ့မှ မတိုင်ပင်ပဲ သူ သမီးဆီ စာရေးခဲ့တာ..."

ဒေါ်စိန်စိန်က ရှမ်းဖက်ဆေးပေါ့လိပ်ကို ဆက်တိုက်ဖွာနေသည်။ ပြီးမှ...

"နီနီက အဲဒီအကြောင်း လေသံတောင် မဟခဲ့ဖူးဘူး..."

အဖေက ထင်မြင်ချက်ပေး၏။

"သူတို့ သူငယ်ချင်း... ညီအစ်မချင်းပဲ သိတဲ့ကိစ္စပဲ..."

အမေက သူ့ပြောပြချက်ထဲမှ အကြောင်းတစ်ခုကို မေး၏။

"သမီးက... အဲသလိုကူညီတာကို ငြင်းလိုက်တော့ မောင်အောင်ငြိမ်းက ဘာပြောသေးလဲ..."

အောင်ငြိမ်း ဘာမှမပြောခဲ့။ ကူညီပါရစေဟု စကားထပ်မပြောခဲ့... ငြင်းဆိုစကားကိုသာ နားထောင်ခဲ့၏။ သို့သော် သူအလိုက်သင့် ပြန်ပြောရန် အမေ့ကိုကြည့်၏။

"သူ သမီးသတ္တိကို သဘောပေါက်သွားတယ်နဲ့ တူပါရဲ့... ခေါင်းပဲညိတ်တယ်..."

အဖေက ဦးကံထွန်းကိုကြည့်၏။ ဦးကံထွန်းက တစ်ချိန်လုံးထိုင်၍ နေသည်။ ရေနွေးကြမ်းသောက်သည်။ ဆေးလိပ်ဖွာသည်။ သြသြအင်းအင်း တစ်ချက်မပြု။ ငြိမ်သက်လွန်းသောကြောင့် အားလုံးက သတိထားမိကြသည်။ အမေက သူ့အစ်ကိုကို လှမ်းပြောသည်။

"အစ်ကို... စကားလေးဘာလေး ပြောပါဦး... အရုပ်ကြီးကျနေတာပဲ..."

ဦးကံထွန်းက ဆံဖြူငုတ်တွေပြည့်နေသည့် ဦးခေါင်းကိုပွတ်၏။ မဲ့ပြုံးသာ ပြုံးလေသည်။ မျက်နှာနီနီနှင့်ပြော၏။

"လူဆိုတာ ဆွေဂုဏ်မျိုးဂုဏ် ပစ္စည်းဂုဏ်မှမရှိရင် ဘာလုပ်မလဲ... ဘွဲ့လေးတစ်ခုနဲ့ လူတောတိုးလို့ရတာမှ မဟုတ်ပဲ... ခု ကားဂိတ်ထွက်သွား... ငါဆောင်းတဲ့ထီးနဲ့ တစ်ချက်ယမ်း... ဘွဲ့ရတွေ တစ်ပြုံကြီးပါလာမယ်... ပြီးတော့ မအေးခင်ကို ငါက နည်းနည်းမှ ကြည့်မရဘူး..."

မည်သူတွေ မည်သို့သိမည်။ မသိမည်ကိုမသိ။ သူသိလိုက်၏။ လေသံက ခါတိုင်းနေ့များထက် များစွာ ပျော့ပျောင်းလာသည်ကို သူ သတိပြုမိ၏။ အဖေက ဦးကံထွန်းနှင့် မျက်နှာချင်းဆိုင်လွှဲကာ တစ်ခွန်းချင်းပြော၏။

"ဆွေဂုဏ်မျိုးဂုဏ်ဆိုတာ ပြောလည်းရတာပါပဲ... မပြောလည်းရတာပါပဲ... ကျွန်တော်တို့ ဆွေမျိုးထဲစစ်ရင်တော့ ဆင်ကြီးဆင်ငယ်နည်းလား... အရင်းအချာထဲမှာကို နည်းလား... ဒါကရောနန္တတွေ... ကျွန်တော်တို့လိုကော၊ ကျွန်တော်တို့ထက် ဆိုးတဲ့ဟာတွေကော ဆွေမျိုးထဲမှာ အများကြီးရှယ်... ပစ္စည်းဉစ္စာဆိုတာ ဦးကံထွန်းလည်း သိသားပဲ... ဦးကံထွန်းလည်း

တရားသမားပဲလေဗျာ... ခု ဆင်းရဲမယ်... တော်ကြာချမ်းသာမယ်... ခု ချမ်းသာမယ်... တော်ကြာဆင်းရဲမယ်... အရေးအကြီးဆုံးက လူပဲဥစ္စာ... မဟုတ်ဘူးလား..."

အမေက အဖေ့စကားနှင့် ကပ်လျက် ဝင်ပြောသည်။

"ကောင်လေးက ရိုးရိုးအေးအေးလေးပါ... စိတ်ကောင်းရှိပါတယ်..."

ဦးကံထွန်းက ငြိမ်သက်လျက်ရှိလေ၏။ ဒေါ်စိန်စိန်က ခင်ပွန်းဖြစ်သူ၏ အရိပ်အကဲကိုသာ ကြည့်နေသည်။ စကားသံတွေ ဆိတ်နေချိန်တွင် သူပြောသည်။

"ကိုအောင်ငြိမ်းဟာ လေးစားစရာကောင်းတဲ့ လူတစ်ယောက်ပါ..."

သူ့စကားအဆုံးတွင် ပြန်လည်တိတ်ဆိတ်သွား၏။ တစ်ဦးကိုတစ်ဦး စကားမပြောမိကြ။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။ သူက ဦးကံထွန်း၏ မျက်နှာကို လှမ်းကြည့်၏။ စောစောကလောက် မခက်ထန်တော့ဟု ယူဆ၏။ တစ်စုံတစ်ရာ ပြောလိမ့်မည်ထင်၍ စောင့်သည်။ ထိုစဉ် ကားစက်သံသဲ့သဲ့က နီးလာသည်ကိုကြား၏။ ခြံအရှေ့ထောင့်သို့ မျက်လုံးရောက်သွားသည်။ အနီးဆုံးဖြစ်သော ကားသံနှင့် မရှေးမနှောင်းတွင် အနက်ရောက် ကားခေါင်းကို မြင်၏။ လိမ့်၍မောင်းလာသောကားမှာ ခြံဝတွင် ရပ်သွား၏။ အားလုံးသောမျက်လုံးတွေက ကားထံသို့ ရောက်၏။ မောင်းသူဘက်မှတံခါးက အရင်ပွင့်သည်။ ချက်ချင်းဆိုသလို တစ်ဖက်ရှေ့တံခါးပွင့်၏။ ဆင်းလာသူနှစ်ယောက်။ စိုးလင်းဇော်နှင့်မာရီယွန်။

*****

## အခန်း(၃)

ရင်တွေခုန်လျက် ကျန်ရစ်ခဲ့သည်။

ကားစက်သံမှာ ပျောက်သွားပေပြီ။ စိုးလင်းဇော်နှင့် မာရီယွန်တို့၏ အသံတွေ ရင်ထဲမှာ မပျောက်သေး။ အမေက စက်ခုံတွင် ဝင်ထိုင်နေ၏။ အဖေက ပြတ်သွားသောသားရေကြိုးကို ကြေးချိတ်တွင် ပြန်တွယ်ပေးသည်။ ထို့နောက်ခြေနင်းဘီးတွင် ကြိုးတပ်၏။ အဖေသည် စားပွဲဆီသို့ ပြန်သွားသည်။ ညှပ်မည့်အင်္ကျီစကို ဖြန့်ချ၏။ သူထိုင်နေသော စက်ခုံဘက်သို့ ကိုယ်ကိုလှည့်၏။

"လာတွေ့ပါလို့ အဖေပြောလိုက်တာကို သမီး စိတ်အနှောင့်အယှက် ဖြစ်နေတယ်နဲ့ တူပါတယ်..."

အပ်တပ်ပြီး ဝက်အူတင်းနေသောကြောင့် အဖေ့ကို မကြည့်ဖြစ်။ အပ်နဖားထဲသို့ အပေါ်ချည်စ ထည့်ကာဆွဲရင်း...

"ခုချိန်မှာ သူလာတွေ့စရာလိုမှ မလိုတော့တာ..."

စက်ခေါင်းဘီးကို အသာလှည့်လိုက်၏။ အပ်အတက်အဆင်း မှန်နေသည်။

"ဟိုကလေးမလေးပါ သမီးကို မေတ္တာရပ်ခံတာပဲဟာ... ပြီးတော့ တခြားမှာ သမီးကို တွေ့ဖို့ခေါ်တာမှ မဟုတ်ပဲ... ဒီအိမ်ကို လာပါရစေ... တစ်ခွန်းနှစ်ခွန်း ပြောစရာပဲ ရှိပါတယ်လို့ မောင်ဝင်းဇင်က ပြောတာ မဟုတ်လား..."

မာရီယွန်က ဤပြဿနာတွင် သူသည် ဘေးလူအနေနှင့် နေခဲ့ရကြောင်း၊ ယခု သူပါလိုက်လာသည်မှာ မနင်းဖွေးကို မေတ္တာရပ်ခံစကား ပြောရန်ဖြစ်ကြောင်း၊ သူ့မိခင်ကပါ မေတ္တာရပ်ခံစကား ပါးလိုက်ကြောင်း၊ ယင်းမှာ ဝင်းဇင်နှင့်ပတ်သက်ကြောင်း၊ ဝင်းဇင်သည် ယခုအခါ မနင်းဖွေးနှင့်ပတ်သက်၍ မကျေနပ်စကား ပြောကြောင်း၊ မိဘသဘောမတူနိုင်၍ မနင်းဖွေးကို ရက်စက်မိခဲ့ကြောင်း၊ သူ့သဘောအလျောက်သူ စိမ်းကားရာ ပြုခဲ့မိကြောင်း၊ ကိုယ့်သားသမီးကို ကိုယ့်လက်ဖြင့် မထွေးပိုက်မိခဲ့သည်အထိ အကြင်နာမဲ့ဖခင်သဖွယ် သူဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် မနင်းဖွေးနှင့် တွေ့လိုကြောင်း ပြောသည်ဟု သိရ၏။ အဖေက မာရီယွန်ကို...

"တွေ့ချင်လည်း လာတွေ့ပေ့ါ... လာတွေ့စေချင်လို့ ပြဿနာအစက ဦးလေးတို့ သူ့ကို အကြောင်းကြားခဲ့တာပဲ... မလာနဲ့လို့ သူ့ဘယ်သူက တားမြစ်ထားလို့လဲ ကလေးမ..."
ဟု ပြောသည်။

စိုးလင်းဇော်က...

"သူကြောက်နေလို့နဲ့ တူပါတယ်... ဒါကြောင့် ကျွန်တော်နဲ့သူ့ညီမကို မရမကပြောပေးဖို့ နားပူနားဆာ လုပ်တာပဲ... ကျွန်တော်တို့က ငြင်းပစ်တော့ သူ့မအေကို အပြစ်တင်လိုတင်... ဆူဆူပူပူ လုပ်လိုလုပ်တယ်... ကျွန်တော့်ယောက္ခမက ကျွန်တော့်ကို ခေါ်ပြီး တိုင်ပင်လို့ ဒီနေ့ လာပြောတာပဲ ဆိုပါတော့ ဦးလေးရယ်..."ဟု ရှင်းပြ၏။

"မာရီယွန်ကို ကိုယ် အားနာပါတယ်... ကိုစိုးလင်းဇော်ဆိုရင် အစ်ကိုအရင်း တစ်ယောက်လိုပါပဲ... အားတော့ အားနာတယ်... ဒါပေမဲ့ ကျွန်မ မတွေ့ချင်ဘူး..."ဟု သူငြင်းပယ်သည်။

မာရီယွန်က...

"ကျွန်မတို့က မာမီတို့နဲ့ အတူမနေပါဘူး... မာမီပြောပြလို့ သိရသလောက်ဆိုရင် အစ်ကို အခြေအနေ တော်တော်ဆိုးနေတယ်... သိပ်ကြောက်ရတဲ့ ဒယ်ဒီရှေ့တောင် အရက်တွေမူး၊ မနင်းဖွေးကို ပြောပေးပါ... စကားတစ်ခွန်းနှစ်ခွန်းပဲ ပြောချင်တယ်... ပတ်ဝန်းကျင်က ကျွန်တော့်ကို မိန်းကလေးတစ်ယောက် ဘဝကို ဖျက်ဆီးတဲ့ တရားခံလို့ ပြောကြတယ်... ဘာညာပေ့ါလေ... ဒယ်ဒီရော၊ မာမီရော... သူ့အတွက် တော်တော် စိတ်ညစ်ကြတယ်..." ဟု အကျိုးအကြောင်း ပြောသည်။ သူ နားသာထောင်နေခဲ့၏။ ထို့နောက် ငြင်းသည်။ အကြိမ်ကြိမ်အခါခါ ငြင်းနေစဉ် အဖေက သူ့ကိုလက်ကာပြ၏။

"သမီးတော်တော့... အဖေပြောမယ် သမီးမငြင်းနဲ့...၊ တွေ့ပါစေ... လာပါစေ... ပြောချင်တဲ့ဟာလည်း ပြောပါစေ... တစ်ခုတော့ မောင်စိုးလင်းဇော်တို့ ပြောလိုက်ပေ့ါ။ အရက်တွေဘာတွေ သောက်ပြုပြီးတော့တော့ မလာပါနဲ့လို့... ဟုတ်လား... ကြိုက်တဲ့နေ့ ကြိုက်တဲ့အချိန် လာပါလို့ ပြောလိုက်ပါ..."ဟု အဖေ ဝင်ပြောလေသည်။ သူတို့နှစ်ယောက် ပြန်သွားမှပင် ကွဲကြေပြီးသား အစိတ်အစတွေကို စုပုံပေးသည်ဟု ခံစားရလေသည်။

"အဖေ ပြောဖူးပါတယ်... အပြစ်ရှိသူကို အပြစ်ပေးပါ... အပြစ်ဒဏ်နဲ့ အပြစ်တော့ လိုက်ပါစေ... ပြီးမှလွှတ်ပါ... ခွင့်လွှတ်ပါလို့... သမီးမှတ်မိမှာပါ... ခွင့်မလွှတ်ရဘူးလို့ အဖေ့စကားထဲမှာ မပါခဲ့ဘူးနော်... အပြစ်ပေးခါနီးမှ အကြောင်းကြောင်းကို ထည့်တွက်..."

သူ့အင်္ကျီကိုသူချုပ်ရန် ဘီအောက်သို့ ခေါက်ရိုးထည့်၏။ ဘီတံကိုင်းကို အောက်သို့ချ၏။ ချုပ်ရိုးကြောင်းကို လက်နှစ်ဖက်ဖြင့်ဖြောင့်၏။ ခြေနင်းဘီးက လည်သည်။ ချုပ်ရိုးချည်ရာတွေ ပြေးနေသည်။ စက်သံကနားတွင် ပိုမိုမြည်နေသည်ထင်၏။

"စာနဲ့ပေနဲ့ ရေးမထားတဲ့ ဥပဒေတွေကို အဖေတို့ လိုက်နာရမှာပဲသမီး... ဧည့်သည်ကို ထမင်းစားခေါ်တယ်... နေကောင်းသလား၊ ဘယ်သွားမလို့လဲ ဆိုတာတွေက ရေးမထားတဲ့ ဥပဒေတွေပဲ... မခိုးနဲ့၊ ခိုးရင် အပြစ်ပေးမယ်ဆိုတဲ့ ဥပဒေရှိတယ်... လမ်းမှာ လူတစ်ယောက်နဲ့ တစ်ယောက် တွေ့ရင် ပြုံးရမယ်... နှုတ်ဆက်ရမယ်... မပြုံးမနှုတ်ဆက်ရင် ဘာအပြစ် ဘယ်လောက်ပေးမယ် ဆိုတာတွေ ဥပဒေမရှိဘူး... ရေးမထားတဲ့ ဥပဒေတွေက ယဉ်ကျေးလာလေလေ၊ များလာလေလေပဲဟာ... ပြန်ပြီးနှုတ်ဆက်တာတို့၊ ပြုံးရယ်တာတို့ကို ပြုလုပ်နိုင်သေးတာပဲသမီး... မောင်ဝင်းဇင် လာမယ်ဆိုတာ လာပါစေ... ပြောချင်တာ ပြောပါစေ... မေးချင်တာမေးပါစေ..."

ဘာတွေများ ငါ့ကို ပြောစရာရှိလို့လဲ၊ ကျန်လို့လဲ။ ငါကကော ဘာပြောစရာ ရှိတော့လို့လဲ။ အရင်ကပြောဖို့ စိတ်ကူးထားတဲ့ ပြောချင်လှတဲ့ စကားတွေက အငွေ့ပြန်ပြီး ခန်းခြောက်သွားကြပြီပဲ။ အဖေနဲ့အမေကြားမှာ ငါအနေခက်အောင် သူလာဦးမှာလားဟု တွေးသည်။ ချုပ်ရိုးပြောင်းရန် ရပ်သည်။ အမေ့စက်သံပါရပ်သွားသည်။ အမေက လုံးချည်ကိုဖယ်ကာ ချည်ကိုကြည့်၏။ အောက်ချည်ပြတ်သွား၏။ မှန်ပြင်ကိုဖွင့်သည်။ လွန်းအိမ်ကို ယူသည်။ လွန်းဆံကိုထုတ်သည်။ လွန်းဆံတွင် ချည်မရှိတော့။

သူ့လွန်းအိမ်ထဲက လွန်းဆံတွင် လွန်းချည်ရှိသေးသည်ကို သူသိသည်။

*****

## အခန်း(၂)

အဖေသည် စကားကို တမင်ချိုခဲ့လေသလော။ ဝင်းဇင် လာရန်စကား ဘာကြောင့် ပြောသနည်း။ မျိုသိပ်ခံစားရသမျှကို ထုတ်ဖော်ပြောကာ ပစ်ပစ်ခါခါစကား ဆိုချင်၍လော။ စိတ်လိုက်မာန်ပါ ပြုလို၍ အိမ်သို့လာခွင့်ပေးခြင်းလော။ မနေ့ညက ထိတ်လန့်စရာစကားပြော၏။

"အဖေတို့က တောသား... လူလည်လူကောက် လုပ်တာဆို နည်းနည်းမှ မခံနိုင်ဘူး... သူများ သားပျိုသမီးပျိုကို ကျောတာမျိုးဆို တောမှာက မလွယ်ဘူး... အပြတ်ရှင်းပဲ... နောင်မှလျောက်လျား..."ဟု ပြော၏။ သည်စကားကိုပြန်တွေးမိကာ စိုးရိမ်သည်။ လာလို၍ လူလွှတ် အကြောင်းကြားခဲ့သော်လည်း ဝင်းဇင်မလာ။ နှစ်ရက်ပင်ရှိခဲ့ပြီ။ မလာဖြစ်ရင်ကောင်းမည်ဟု စဉ်းစားသည်။

စပါးလုံးနှင့်စက်ချေးတွေ၊ အလေးအခွံတွေ စင်သွားအောင် သေသေချာချာ ကြည့်သည်။ ဆန်ပိုးတစ်ကောင်သာ တွေ့၏။ ထိုင်ရာမှ ထလိုက် သည်။ ထိုစဉ် လူရိပ်ကို ခြံဝမှာတွေ့၏။ ထိတ်ခနဲ ဖြစ်လေသည်။ ဝင်းဇင်မဟုတ်။ အကျီရွေးမည့်သူလား၊ အပ်မည့်သူလား မမှတ်မိ။ အိပ်ခန်းထဲသို့ ဝင်သည်။ မီးဖိုဆောင်သို့အကူးတွင် အမေ့ရယ်သံနှင့်အတူ...

"ရှင်ဟာလေ စုန်းတို့ နတ်တို့ကို ပေါက်ကရကြပ်ကြပ်ပြော... မဟုတ်မှလွဲရော... ခုမှ ကျုပ်ကရှင့်ကို စွပ်စွဲချင်တာ... ရှင့်ကြောင့် ရှင်ပေါက်ကရတွေ ပြောလို့ ကျုပ်မြေးလေး အဖတ်မတင်ရတာ..."

"အိုးစွပ်မစား ခွက်စွပ်မစားပဲနဲ့... ဘာလို့များ အစွပ်စွဲခံနေရသလဲ မသိဘူး..."

"ဘာမဟုတ်ရမှာလဲ အန္တရာယ်ကင်း တင်တဲ့ညက မကိုးမကားတွေ ရှင်ပြောခဲ့တာပဲဟာ..."

ငါးပိချက်နှင့် ထမင်းကြမ်းကို နယ်ရင်း အဖေရယ်၏။

*****

## အခန်း(၁)

သူ့အပြုအမူတွေကို သူသိပေသားပဲ။ သမီးကလေးရဲ့ဘဝကို သူမြင်လိုက်သားပဲ။ ဖခင်တစ်ယောက်ရဲ့ ပွေ့ပိုက်ချီမခြင်းဆိုတာ သမီးကလေးအတွက် ဘယ်မှာလဲ။ ဖခင်က ယုယမှုဆိုတာ ဘယ်မှာလဲ။ သူရက်စက်ခဲ့တာတွေ ပျက်ကွက်ခဲ့တာတွေကို သူသတိရသေးတယ်။ ငါ့ကိုရော၊ သမီးလေးကိုရော သူပစ်ပယ်နိုင်ရက်ခဲ့တယ်။ ခုတော့ တရားသံဝေဂရတယ်နဲ့တူပါတယ်။ တစ်ချိန်တစ်ခါက ငါသူ့ကို မြင်ချင်လွန်းလှတယ်။ သူ့အသံတွေကို ကြားချင်ခဲ့တယ်။ ဒီတုန်းက ငါ့နှလုံးသည်းပွတ်ကို စိစိညက်ညက်ခြေရက်လို့ ခြေခဲ့ပြီပဲ။ ခုတော့ သူ့ကိုယ်သူ မလျော်ကန်မှန်း သိခဲ့ပြီထင်ရဲ့။ စွန့်အပ်တယ်ယူဆလို့ စွန့်သွားခဲ့ပြီနောက် ယခုမှ အဟောင်းတွေကို အသစ်တစ်ဖန် ပြုပြင်လေ၏။ မင်း ငါ့ကို ဘာလို့စွန့်ပစ်တယ်။ ဒီလောက် အကြင်နာမဲ့ရတယ်ဆိုတာ မင်းသိမယ်။ မင်းတစ်ယောက်တည်းသာ သိမယ်။ ငါကိုယ်တိုင်တောင် မသိပါဘူး။ ပတ်ဝန်းကျင်ကဆိုရင် သာလို့ မသိဘဲ နေတော့မှာပေါ့။ ထင်ရာမြင်ရာ ပြောကြမယ်ပေါ့။ လိုတစ်မျိုး မလိုတစ်မျိုး ကောက်ချက်တွေ ချကြမယ်။ ထိခိုက်နစ်နာစရာတွေ မပါဝင်ပဲ နေပါ့မလား။ ချီးကျူးဖို့အတွက် စကားလုံးတွေ အများကြီးသုံးရမယ်။ ကဲ့ရဲ့စကားတင်းဆိုဖို့ ကျတော့ ဟင်... ဆိုပြီး နှာခေါင်းရှုံ့လိုက်ရုံနဲ့ အတော်လုံလောက်နေပြီလေ။ ဘယ်သူတွေနဲ့ ဘယ်လိုဖြစ်မယ်မှန်း အသိတာ။ ဝင်းဇင်က ခေါင်းရှောင်သွားမှာပေ့ါ။ ဝင်းဇင်က ဒီလောက် မရိုးပါဘူး။ ပညာတတ် တစ်ယောက်ပါ။ လူကုံထံ သားသမီးပဲ။ ကောင်မလေး အဟုတ်မဟုတ်လို့လားမှ မသိတာ။ အဲဒီစကားတွေကို ငါဘယ်လို ဖြေရှင်းရမလဲ။ ငါ့မှာ လူတစ်ယောက်သိသင့် သိထိုက်တဲ့အသိတရားလေး တစ်ခုသာ မသိခဲ့ရင်၊ နားလည်ခွင့်လွှတ်တဲ့ မိဘနဲ့ မနေခဲ့ရရင် ငါ့အရိုးတွေ ဆွေးခဲ့ရပါပြီ။

ဒီနေ့အထိ ငါအသက်ရှင်ခဲ့ရတာ နားလည်မှုရှိတဲ့ မိဘကြောင့်ရယ်၊ ငါ့မစို့မပို့ အသိတရားလေးကြောင့်ရယ်ပါ။ ပတ်ဝန်းကျင်နဲ့ မင်းရဲ့ဒဏ်နဲ့ နားမလည်တဲ့ မိဘနဲ့ အသိဉာဏ်သာ ငါ ကင်းမဲ့ခဲ့ရင် သေခဲ့ပြီပဲ။ ဒီလိုကြောင့် သေခဲ့ရတဲ့ မိန်းကလေးရှိမှာပါပဲ။ သေတွင်းနှုတ်ခမ်းဝ အထိတော့ မင်းပို့ခဲ့ဖူးပါတယ်။ အဲဒီအချိန်ထိ မင်းကို ငါမျှော်လင့်ခဲ့တယ်။ ငါမရှက်ဘူး ဝင်းဇင်။

မင်းကို ငါ အသက်ထက်ချစ်ခဲ့တယ်။ သမီးကလေးရဲ့လက်ဆွဲပြီး မင်းကို ငါလိုက်ရှာမယ်လို့ စိတ်ကူးပေါက်ခဲ့ဖူးပါရဲ့။

အခုတော့ ငါ ရယ်ပစ်မယ်။ စိတ်ကူးထဲမှာ ဆင့်ကဲဆင့်ကဲ စိတ်ကူးနေမိသလိုချည်းပဲ။ ဒါပေမဲ့ ငါ စိတ်ကူးလောကထဲမှ ရုန်းထွက်လို့ရခဲ့ပြီ။ ကင်းခဲ့ပြီ။

မင်းလာမယ့်လမ်းကို ငါ ခဏခဏကြည့်ခဲ့တယ်။ မလာစေချင်လို့ လာမှာကြောင့်ကြတဲ့ မျက်လုံးနဲ့ ကြည့်ခဲ့တာ။ ငါ့အတွက် အဖေ ဒေါသတွေကို သိမ်းဆည်းမထားနိုင်ရင် စိတ်ညစ်စရာတွေ တွေ့ရဦးမယ်။ ခုပဲ လေးငါးရက်ကြာတဲ့အထိ ထင့်နေရတယ်လေ။ မလာတော့ဘူး ထင်သည်။ မလာနှင့်။ မလာတာပဲကောင်းသည်ဟု တွေး၏။

အပ်ဖျားက လက်ထိပ်ကိုထိသွား၏။ အသာဖျစ်ကြည့်၏။ သွေးစမမြင်ရ။ တိုက်ပုံအင်္ကျီကို ကင်းခြေဆက်၍ လိုက်သည်။ ချည်စိမ်းရင့်ရင့်က ကင်းခြေကုပ်သကဲ့သို့ ရှိနေ၏။

အိမ်ရှေ့က နေကြာပွင့်သည် နေနှင့်တူရူ မျက်နှာမူလျက်။

*****

## အခန်း(၈)

ခန်းဆီးကို ဖယ်လိုက်သည်။ အမှတ်မဲ့ မြင်လိုက်ရသမျှက ဦးခေါင်းတစ်ခုလုံးကို ဆူလှိုက်စေသည်။ စက်သံက ဖျတ်ခနဲ ရပ်သွား၏။ စက်ခေါင်းဘီးကို ဖိထားသည့်အဖေ့လက်သည် စက်ခုံပေါ် ရှိကတ်ကြေးပေါ် သို့ ရောက်၏။ အဖေ့မျက်နှာသည် ခြံဝသို့တည့်တည့်။ ခြံဝတွင်ဝင်းဇင်။ အဖေက ကတ်ကြေးကို ဆွဲထုတ်ပြီး စက်ခြေနင်းပေါ်ရှိ ခြေဖဝါးကို ကြမ်းထက်သို့ရွှေ့၏။ ဝင်းဇင်က တစ်လှမ်းချင်း ဝင်လာ၏။ ငုံ့ထားသောခေါင်းကို ဖြည်းဖြည်းမော့၏။ အိမ်ထဲသို့ကြည့်၏။ အဖေ့တောက်ခေါက်သံကို ခပ်အုပ်အုပ် ကြား၏။ သူ့ရင်တွေ ဆတ်ဆတ် ခုန်လာလေ၏။ ခန်းဆီးစသို့ မ,ထားသောလက်က ခုလတ်တွင် တန့်လျက်ရှိလေသည်။ အဖေကထိုင်ရာမှ ရုတ်ချည်းထသည်။ ကတ်ကြေးကို ပြန်ထားလိုက်သည်။ ချက်ချင်းပင် ကျောခိုင်းသည်။ အဖေ့မျက်လုံး သူ့ထံမရောက်မီ ခန်းဆီးကိုချကာ နောက်ဆုတ်သည်။ မီးဖိုဆောင်ထဲရှိ အမေ့ထံ မြန်မြန်သွားလိုက်သည်။ အမေ့အနီးသို့ အရောက်တွင် အဖေ့ခြေသံ ပြင်းပြင်းကို နောက်မှကြားရသည်။

ထမင်းရည်ငှဲ့နေသော အမေက သုတ်သုတ်ပျာပျာ သူ လာပုံကြောင့် မော့ကြည့်လေ၏။ စိတ်လှုပ်ရှားလွန်း၍ နှုတ်ခမ်းတွေ လှုပ်မရ။ ထိုစဉ် အဖေက အမေ့ရှေ့နားသို့ လာရပ်သည်။ အမေ့မျက်လုံးသည် အဖေ့ထံသို့ရောက်၏။ နီမြန်းသောမျက်နှာကို တွေ့လိုက်ရသောကြောင့် အမေ မသိမသာ မျက်နှာပျက်၏။ အမေ့ပါးစပ်မှ ခပ်ဟဟ။ ထိုစဉ်...

"အိမ်ရှေ့မှာ မောင်ဝင်းဇင် ရောက်နေတယ်... မင်းတွေ့လိုက်... ငါအကြော်တဲမှာ သွားထိုင်နေမယ်... သမီးလည်းထွက်တွေ့လိုက်..."

စကားဆုံးလျှင် ဆုံးချင်း ရေကပြင်ဘက်သို့ ထွက်သွား၏။ အဆင့်မှဆင်းပြီး ခေါင်းရင်းဘက်သို့ ကွေ့သွား၏။ အဖေ့ခုံဖိနပ်သံကို ကြားရ၏။ သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ ထမင်းရည်ပူကျသံကသာ မီးဖိုဆောင်ထဲတွင် ရှိလေ၏။ အတန်ကြာမှ...

"သမီးသွားတွေ့လိုက်ပါ... ထမင်းရည်ငှဲ့ပြီးရင် အမေထွက်လာခဲ့မယ်..."

အမေ့အနီးတွင် အတန်ကြာမျှ ခြေစုံရပ်၍ နေမိသေးသည်။ ထိုနောက်မှ ခေါင်းညိတ်သည်။ ကတ်ကြေးဆွဲထုတ်သော အဖေ့အမူအရာက မျက်လုံးထဲမှမပျောက်။ ထိတ်လန့်မှုသည်လည်း ရှိနေဆဲ။ အိမ်ရှေ့သို့ရောက်အောင် လှမ်းရသောခြေလှမ်းတို့မှာ လေးလံထစ်ငေါ့၍နေသည်။ ခန်းဆီးကို မ,ရသောလက်မှာ ဆိုင်းချေ၏။ မျက်နှာထားကို ပြင်လိုက်သည်။ ဗီရိုရှေ့တွင်ရပ်ကာ အိမ်ရှေ့သို့ကြည့်၏။

ဝင်းဇင်သည် ဖိနပ်ချွတ်အဆင့်တွင် ရပ်နေ၏။ သူ့ကိုမြင်သောအခါ တစ်လှမ်းတိုးလာသည်။ စားပွဲခေါင်းတွင် ရပ်သည်။ ဝင်းဇင်ကို စေ့စေ့ စိုက်စိုက်ကြည့်လိုက်လေ၏။

နားရွက်ကို ဆံပင်တွေ ဖုံးနေသည်။ ပွယောင်းနေသောဆံပင်မှာ ဆီရောင်မရှိ။ နဖူးတစ်ခြမ်းကို ဆံပင်တွေ အုပ်လျက်။ ပိန်နေသောကြောင့် နားထင်ရိုးက ပေါ်ပေါ်ထင်ထင်ဖြစ်၏။ မျက်တွင်းတွေ မပြည့်။ လုသည်ဟု သူပြောခဲ့သောမျက်ခုံးနှင့် နှာတံသည် ယခင်ကအတိုင်း။ နှုတ်ခမ်းတွေက အညိုဘက်သို့ လုလွန်း၏။ နေထိထားသော အသားအရေကို မြင်ရသည်။ မျက်လုံးအစုံမှာ ကြည်လင်နေသော်လည်း အကြည့်ကရီဝေဝေ။ ခွန်အား မရှိသောအကြည့်။

သူ ရှေ့တိုးသည်။ စေ့ထားသော နှုတ်ခမ်းမှာ မသိမသာ တွန့်လျက်ရှိသည်။ သူ့လက်နှစ်ဖက်ကို နောက်မှာထားကာ...

"ထိုင်ပါ ကိုဝင်းဇင်..."

ဝင်းဇင်က စားပွဲစွန်းကို လက်လှမ်းထောက်၏။ ထို့နောက်ပြုံးသည်။

"မထိုင်တော့ပါဘူး နှင်း..."

နှင်း...။ နှင်းဟူသော အသုံးအနှုန်းကြောင့် သူ့ဦးခေါင်းကို ဆတ်ခနဲ မော့လေသည်။ ကြားခဲ့ဖူးသော အသံ။ ပထမဦးဆုံး ကြားသော အခေါ်အဝေါ်။ သူ့အသံတွေ ခြောက်သွေ့နေပါကလားဟု မနှင်းဖွေး သတိပြုမိသည်။

"မနှင်းဖွေး..."

အသံကို အတန်ငယ်မြှင့်သည်။ ထို့နောက်...

"ကိုယ်တောင်းပန်ပါတယ်..."

မနှင်းဖွေးမျက်နှာကို မျက်တောင်မခတ်စတမ်း သူကြည့်သည်။ ပြည့်ပြည့်မို့မို့ ပါးပြင်ကို ကြည့်၏။ နီတွေးတွေးနှုတ်ခမ်း။

"ဘာအတွက်လဲ ကိုဝင်းဇင်..."

ဝင်းဇင် မျက်လုံးဝိုင်းသွား၏။ နာကျင်စွာ ပြုံးလေသည်။

"ကိုယ် ကျူးလွန်ခဲ့သမျှ အပြစ်တွေ အားလုံးအတွက်ပါ..."

မနှင်းဖွေး ခေါင်းကိုမော့ထားသည်။ သက်ပြင်းတစ်ချက်ချသည်။ ပြီးမှ...

"တောင်းပန်စရာ မလိုလောက်အောင် နောက်ကျခဲ့ပြီ ကိုဝင်းဇင်..."

"ဒါကိုလည်း ကိုယ်သိပါတယ်နှင်း... ခွင့်လွှတ်ဖို့အတွက် တောင်းပန်နေတာ မဟုတ်ပါဘူး... ခွင့်လွှတ်ချင်စရာ မရှိလောက်အောင်လည်း နောက်ကျခဲ့တာမှန်း ကိုယ်သိပါတယ်... ခွင့်လည်း ခွင့်မလွှတ်ပါနဲ့နှင်း..."

"ဒါဖြင့်ရင် ကျွန်မကို ဘာလို့လာတွေ့ရသေးလဲ ကိုဝင်းဇင်ရယ်..."

ဝင်းဇင်ခေါင်းခါသည်။ နောက်သို့ဆုတ်သည်။ ဝရန်တာတိုင်တွင် မှီသည်။

"ပြောစရာတွေရှိလို့ပဲနှင်း..."

"ပြောပါ ကျွန်မ နားထောင်နေပါတယ်..."

ခေတ္တမျှ တွေ၍နေသည်။ မျက်လုံးကိုစုံမှိတ်သည်။ ပြန်အဖွင့်တွင်...

"ပြောတယ်ဆိုတာထက် ဝန်ခံတယ်လို့ပဲ ယူဆပါ... ဒါမှမဟုတ်ရင်လည်း ဖြောင့်ချက်..."

"ဟုတ်ကဲ့..."

"နှင်းကို ဒီအခြေအနေဆိုးတွေ ရင်ဆိုင်စေခဲ့မယ် မဟုတ်ဘူးလို့ တွက်ခဲ့တယ်... အမှန်အတိုင်း ပြောရရင် ပွဲပြီးမီးသေလို့ ကိုယ်ထင်တယ်..."

"သြော်..."

ဝင်းဇင် နှုတ်အ,သွားသကဲ့သို့ ရှိ၏။ ထို့ကြောင့် မနှင်းဖွေးက...

"ဆက်ပြောပါ ကိုဝင်းဇင်..."

ဝင်းဇင်က ဝရန်တာတိုင်လုံးနှင့်ကျောကို ကပ်သည်။ လက်ပိုက်ပြီး သူ့ကိုကြည့်သည်။ ထို့နောက် မျက်လွှာချသည်။

"ပြဿနာပေါ်ပြီလို့ သိတဲ့အချိန်မှာ ခေါင်းရှောင်ခဲ့တယ်... လပိုင်းအတွင်းပဲ ရှိသေးတော့ ဖျောက်ဖျက်ပစ်မှာပဲ ထင်ခဲ့တယ်... ထင်သလို မဟုတ်ခဲ့ဘူး... ကလေးမျက်နှာ မြင်ပြီးပြီလို့ ကြားရတဲ့အချိန်မှာ ကိုယ်ခံစားခဲ့ရပါတယ်... မထင်ခဲ့ဘူးနှင်း...၊ နှင်း ဒီလောက်သတ္တိရှိမယ်လည်း မထင်ခဲ့ဘူး... ပြီးတော့ ကိုယ့်ကို နှင်းဘယ်လောက် ချစ်တယ်ဆိုတာလည်း အဲဒီအချိန်ကျမှ လုံးဝသဘောပေါက်ခဲ့ရတယ်... ဒါပဲနှင်း..."

မနှင်းဖွေးပြုံးလေသည်။

"ကျွန်မ ကိုဝင်းဇင်ကို တစ်မျိုးမြင်ခဲ့တယ်..."

"ဘယ်လိုလဲ နှင်း..."

"ကျွန်မကို ရင်ချစ်တာမဟုတ်ဘူး... ကြိုက်တာပါ... ဟုတ်တယ်မဟုတ်လား..."

အဓိပ္ပာယ်ကို ဝင်းဇင်နားလည်သည်။ မဖြေ။

"ရှင့်ကို အရိုးသားဆုံးချစ်ခဲ့သူက ကျွန်မ..."

"ဟုတ်ပါတယ်နှင်း... ကိုယ်သတ္တိနည်းခဲ့တယ်... ပြီးတော့ တာဝန်မဲ့ခဲ့တယ်... ဒီတော့ ကြိုက်သလို ကိုယ့်ကိုပြုပါ..."

"သစ္စာအရှိဆုံး ပုံအပ်ခဲ့သူက ကျွန်မ..."

"ပြောပြီးပဲ.... နှင်းစိတ်တိုင်းကျ လက်စားချေ..."

ပြောရင်းနှင့် ရင်တွေနာလာသည်။ သူ့စကားကြားရ၍ တစ်ဖန်ကြေကွဲသည်။ လည်ဝတွင် ပိတ်ဆို့နေသော စကားလုံးတွေကြောင့် မနှင်းဖွေး အသံတိမ်၍ဝင်သွားသည်။ ထိုစဉ်...

"ကိုယ်နှင်းကို မေးချင်တယ်..."

"မေး..."

စိတ်တင်းလိုက်၏။ ခွင့်ပြုသံမှာ မာကျောလှသည်။ မျက်ရည်မဝေ့အောင် ထိန်းထားရသည်။ ဆင်းရဲလှစွာသော ပင်ပန်းခြင်း တစ်မျိုးပေတကား။

"နှင်း ကိုယ့်ကို ချစ်သေးလား..."

မျက်တောင်ဖျတ်ဖျတ်ခတ်ပြီး မျက်ရည်ထိန်းထားနေသောကြောင့် ချက်ချင်းမဖြေဖြစ်။

"ရှင့်ကို ချစ်တဲ့အချစ်ကို သမီးလေးနဲ့အတူ ကျွန်မ မြှုပ်နှံခဲ့ပြီ ကိုဝင်းဇင်..."

ဝင်းဇင်၏ခန္ဓာကိုယ်သည် ဆတ်ခနဲ လှုပ်သွားချေသည်။ နှုတ်ခမ်းကို ကိုက်ထားလိုက်၏။ ခေါင်းငုံ့နေရာမှ မော့သည်။ မနှင်းဖွေးထံမှ မျက်နှာလွဲသည်။

"နှင်းကိုယ့်ကို မချစ်နိုင်တော့ဘူး ဆိုပါတော့..."

"တစ်ခါတစ်ရံ ရယ်စရာကောင်းတဲ့ စကားလုံးတွေကို ကျွန်မ မစဉ်းစားခဲ့တာကြာခဲ့ပါပြီ..."

ဝင်းဇင် နှုတ်ခမ်းထောင့်သည် ခပ်တွန့်တွန့်ဖြစ်သွား၏။ သူ့တွင် နှလုံးညှိုးနွမ်းဖြစ်ရလေပြီဟု မနှင်းဖွေး မြင်သည်။ ရှေးက ချစ်စဖွယ်စကားတွေ ဆိုခဲ့ဖူးသည်ကို အမှတ်တရ ရှိနေဦးမည်။ ကြင်နာခဲ့သည်တို့ကို တစုတဝေး အမှတ်တရ ရှိနေဦးမည်။ တယုတယ လိုက်လျောခဲ့သည်တို့ကိုလည်း မေ့ပျောက်ခဲ့လိမ့်မည်မဟုတ်။ ကြည်ဖြူမြတ်နိုးခဲ့သည်တို့ကိုလည်း မေ့ပျောက်ခဲ့လိမ့်မည် မဟုတ်။ ဝင်းဇင့်အာရုံတွင် ချစ်သူဘဝ၏ အခွန့်ခရီးကို တစ်ဖန် အောက်မေ့နိုင်ပေလိမ့်မည်ဟု မနှင်းဖွေး ထင်သည်။ မဆိုစဖူး မနှင်းဖွေးဆိုချေပြီ။ မပြောစဖူး ပြောချေပြီ။ ထို့ပြင် အကြည့်ကလည်း စူးစူးစိမ်းစိမ်း။ ဒေါသအခိုးကို သတ်ထားသောမျက်နှာဟု ခံစားရ၏။ ချိုလွင်သောအသံ မှန်သော်ငြား အနက်အဓိပ္ပါယ်တွေက ထက်လှသည်။ အပ်သွားတချွန် မြားတချွန်။

"နှင်း... ဒီတစ်သက် အိမ်ထောင်ပြုဦးမှာလား..."

မနှင်းဖွေး ချက်ချင်း အဖြေမပေးနိုင်။ ငိုင်တွေတွေမျက်နှာနှင့် ရှိနေသည်။ ဒီမေးခွန်းကို မင်းဘာလို့ မေးရတာလဲ။ မျှော်လင့်စိတ်နဲ့ မေးတာလား။ အိမ်ထောင်ပြုမှာကို မလိုလားတဲ့ သဘောကို ဖော်ပြတာလားဟု စိတ်ထဲကမေးသည်။ တအားဖိထားမိသည့် နှုတ်ခမ်းကို ဟလေ၏။ ထို့နောက်မှ ဦးခေါင်းကို လေးနက်စွာညိတ်ပြသည်။

"ပြုမယ်... ကိုယ်တကယ်ချစ်တဲ့၊ ကိုယ့်ကိုလည်း တကယ်ချစ်တဲ့သူကို တွေ့ရင် ကျွန်မအိမ်ထောင်ပြုမယ်... အဲဒီ ကျွန်မရဲ့အိမ်ထောင်ဖက်ဟာ ကိုဝင်းဇင်ဆိုတဲ့ ရှင်မဟုတ်ဘူး... အသက်ရှင်နေသမျှ ကာလပတ်လုံး ရှင်တော့မဟုတ်ဘူး..."

ဝင်းဇင်သည် မလှုပ်မယှက်။ ထိုအတိုင်းကြာမြင့်စွာ ရှိနေ၏။ ထို့နောက် မနင်းဖွေးနှင့် မျက်လုံးချင်းဆိုင်သည်။ ညှို့မှိုင်းသောအကြည့်ဟု မနင်းဖွေး သိသည်။ ဝင်းဇင်မျက်လုံးသည် မနင်းဖွေးဘေးသို့ ရောက်သွားသည်။ ခြေသံကြားသည်။ အနားသို့ အမေရောက်လာကြောင်း သိသည်။ သူနှင့် မလှမ်းမကမ်းတွင် အမေရပ်သည်။

"ကိုယ်ပြန်နိုင်ပါပြီလား မနင်းဖွေး..."

မနေ့က၊ တစ်နေ့က၊ ဟိုတစ်နေ့က စဉ်းစားထားခဲ့သည်။ တွေ့လျှင်တွေ့ချင်း မြန်မာပြည်ကို ဘယ်တုံးက ပြန်ရောက်လာပါသလဲ ကိုဝင်းဇင်ဟု မေးမည်ဟု။ ယခုသော် စကားနာတွေ မဖွဲ့ချင်တော့။ အခနဲ့စကားတွေ အပိုမဆိုချင်တော့။ ထို့ကြောင့်...

"ပြောစရာ စကားကုန်ရင်တော့ ပြန်ပါ... ကိုဝင်းဇင်..."

ဝရန်တာတိုင်ကို လှမ်းကိုင်၏။ လက်တစ်ဖက်က စားပွဲပေါ်တွင် တင်သည်။ ခြေတစ်လှမ်းဆုတ်၏။ မနင်းဖွေး၏မျက်နှာကို တငေးကြည့်သည်။ ထို့နောက် ကိုယ်ကိုလှည့်သည်။ အဆင့်ပေါ်မှာ ညာခြေသည် လှေကားတစ်ကိုနင်း၏။ ဘယ်ခြေသည် အဆင့်ပေါ်မှာ၏။

သူ အိမ်ခန်းထဲ ဝင်ပြေးသည်။ အမေက ထိတ်လန့်စွာလိုက်လာ၏။ အမေက ခန်းဆီးစကို မ,သည့်အခိုက် အိမ်ရှေ့ဘက်သို့ သူပြေးထွက်လာသည်။ အမေက ခန်းဆီးကိုကျောကပ်ကာ တိမ်းလိုက်၏။ လက်ထဲတွင် စက္ကူသေတ္တာတစ်လုံး။ ဝရန်တာသို့ပြေးဆင်းကာ "ကိုဝင်းဇင်"ဟု လှမ်းခေါ်သည်။

ခေါင်ရန်းပင်တွေအနီးသို့ ရောက်နေသူ ဝင်းဇင်က လှည့်ကြည့်၏။ သဘောပေါက်ဟန် တူသည်။ ပြန်လှည့်လာ၏။ ဝရန်တာအနီးတွင်ရပ်၍ မော့ကြည့်သည်။

"ရှင်ပေးခဲ့တဲ့ လက်ဆောင်တွေ ပြန်ယူသွားပါ..."

ငေးကြည့်နေသည်။ ပြီးမှ တစ်ချက်ပြုံးသည်။ စက္ကူသေတ္တာကို ယူ၏။ ထို့နောက် အိမ်ရှေ့သို့ ခြေဦးပြန်တည်သည်။ ခပ်ဖြည်းဖြည်း ခပ်မှန်မှန် လျှောက်ရင်း ခြံအပြင်သို့ ထွက်သွားသူကို သူလှမ်းကြည့်နေသည်။ အမေက ပုဏ္ဏားကွယ်ကိုကိုင်ကာ ဝင်းဇင်ထွက်သွားရာသို့ ကြည့်၏။ သမီး နောက်ကျောကို ကြည့်သည်။ ဝင်းဇင်ကို တစ်ခါကြည့်ပြန်သည်။ ခြံစည်းရိုးသစ်ပင်တွေကြားမှ လှမ်းမြင်ရ၏။ ကြည့်နေရင်းနှင့်အမြင်မှ ပျောက်ကွယ်သွား၏။

သူ့ရင်တွေ မငြိမ်သက်။

ကြေညာစွာ ခွဲလိုက်သောလမ်းကို သူသွားပြီ။ အဖေနှင့် လမ်းမှာတွေ့နိုင်သည်။ စက္ကူသေတ္တာကို လှမ်းမြင်ရုံနှင့် အဖေသိနိုင်သည်။ ထိုအခါ ရန်ပြုလေမည်လား။ ကတ်ကြေးကို ဆွဲထုတ်ခဲ့သောအဖေ့လက်မှာ မျက်လုံးထဲတွင် မပျောက်ပျက်သေး။ ထိုစဉ် အဖေ့လက်ကို

ဦးစွာမြင်သည်။ ဝေး၍အသဲကွဲ။ ခြံဝအနားသို့ရောက်လာသည်။ ခြံဝသို့ရောက်လာသည်။ အဖေ့အမူအရာမှာ အေးဆေးတည်ငြိမ်စွာပင် ရှိသည်။ စိတ်လိုက်မာန်ပါ ကြမ်းတမ်းစွာ လှုပ်ရှားခဲ့သောလက္ခဏာ မတွေ့ရ။

သက်ပြင်းရှည်တစ်ချက်ကို ဖြည်းညင်းစွာ ရှိုက်လိုက်၏။ သူ့အတွက် စိုးရိမ်ကြောင့်ကြခဲ့သည်ကို လည်းကောင်း၊ စိတ်အပူပြေပျောက် သွားသည်ကိုလည်းကောင်း မပြောပြလို။ အဖေ့ကိုလည်း ဖွင့်၍မပြော။ အမေ့ကိုလည်း မပြောချင်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြောပြမည်မဟုတ်။ ထို့ပြင် မကြာခင်ပင် ထိုစိတ်လှုပ်ရှားမှုကို မေ့ပစ်ရချေမည်။ မေ့ရမည်။

*****

## အခန်း(၁)

လောကရှစ်မျက်နှာကို လိပ်ပြာသန့်စွာ ကြည့်ရဲပြီဟု သူ့ကိုယ်သူ သိလိုက်သည်။

*****

## ဝတ္ထုနှင့် ဝတ္ထုရေးသူ
## မလိခ မြန်မာဝတ္ထုအညွှန်း(မိုးဝေမဂ္ဂဇင်း၊ ၁၉၈၂ ခုနှစ်၊ မေလ)

ဝတ္ထု၏ ဦးတည်ချက်မှာ အမျိုးသမီးတစ်ဦး၏ အချစ်ရေးဆိုင်ရာ အားမာန်ဖြစ်သည်။ သစ်ပင်ကိုမှီ၍ မရှင်သန်လိုသော သစ်ခွမျိုး ဖြစ်လိုသော၊ ယောကျ်ားအမှီခို ကင်းလိုသည့် အမျိုးသမီးတစ်ဦးအကြောင်းကို ဖွဲ့ထားသည်။ ထိုအမျိုးသမီးမှာ အဓိကဇာတ်ဆောင် မနင်းဖွေး ဖြစ်သည်။ မနင်းဖွေး၏ စိတ်ဓာတ် ရှင်သန်ရေးကို အဓိကအားပြုပေးသူများမှာ မနင်းဖွေး၏မိဘ ဦးစိန်လှိုင်နှင့် ဒေါ်မြနွယ်ဖြစ်သည်။

အချစ်ဝတ္ထုများကိုသာ အရေးများသော စာရေးဆရာတစ်ဦး၏ ဝတ္ထုများတွင် ဦးတည်ချက်အားဖြင့် တန်ဖိုးထားနိုင်သော ဝတ္ထုဟု ဆိုနိုင်ပါသည်။ ဇာတ်ဆောင်များနှင့် ဇာတ်ဆောင်တို့၏ ဘဝပတ်ဝန်းကျင်ကို ဖွဲ့ရာတွင်လည်း အလုံးစုံကို ခြုံကြည့်လျှင် သင့်တင့်သည်ဟု ဆိုနိုင်၏။ မနင်းဖွေးမှအပ စရိုက်ပေါ်လွင်သော ဇာတ်ဆောင်မှာ မနင်းဖွေးအဖေ ဦးစိန်လှိုင်ဟု ဆိုရမည်။ စာရေးဆရာက ဦးစိန်လှိုင်ကို သရုပ်ဆောင်ထားပုံသည် နှစ်သက်ဖွယ်ဖြစ်၏။ စက်ချုပ်ဆိုင်ဘဝ ပတ်ဝန်းကျင်သည်လည်း လှပသောအဖွဲ့ဖြစ်လေသည်။ အောင်ငြိမ်းကို သရုပ်ဖော်ထားပုံမှာလည်း သင့်ပါသည်။ သို့သော် အဓိကဇာတ်ကောင်တစ်ဦး ဖြစ်သော်လည်း တစ်ပိုင်းတွင် မေးမှိန်ထားနိုင်သည် ဆိုစေကာမူ အသင့်အတင့် စရိုက်ပေါ်အောင် ရေးသင့်သော ဝင်းဇင့်စရိုက်ကား မေးမှိန်လွန်းလှသည်ဟု ဆိုစရာရှိလေသည်။

စာရေးသူသည် ဝတ္ထုကို အခန်း ၃၆ဖြင့် စဖွင့်ပြီး သုညနှင့်အဆုံးသတ်ထားလေသည်။ ဝတ္ထုအဖွဲ့ပုံစံ ဆန်းသစ်စေလိုဟန်ရှိသည်။ အခန်းနံပါတ်များသာ ကြီးရာမှ ငယ်သွားသည်။ ဖြစ်ရပ်မှာကား အဆုံးမှ အစသို့ပြန်သွားသည်ဟု မဆိုနိုင်ပေ။ အဆုံးသည် မနင်းဖွေးအဖို့

ဘဝသစ်တစ်ခု ဖန်တီးခြင်းဖြင့် အစခန်းဖြစ်ရမည်ဟူသော သဘောကို ဆောင်လိုဟန်ရှိပေသည်။ သို့သော်လည်း အခန်းစဉ်အရ အစဖော်ပြသောအခန်းသည် နံပါတ်အားဖြင့် အဆုံးဖြစ်သော်လည်း ဖြစ်စဉ်အားဖြင့် အဆုံးမှုစခြင်းမဟုတ်သဖြင့် တမင်ထွင်ထားသည့်သဘော သက်ရောက်နေသည်ဟု ဆိုရဖွယ်ရှိပေသည်။

ဇာတ်လမ်းသဘောအရ စိတ်သဘောထားရင့်ကျက်ပြီး အသိကြွယ်သော မိဘကောင်းမှ မွေးဖွားသော ကိုးတန်းကျောင်းသူကလေး မနှင်းဖွေးသည် ဝင်းဇင်နှင့် ချစ်လာပြီး ကိုယ်ဝန်ဆောင်ရခြင်းကို ဇာတ်၏အချက်အချာအဖြစ် ဖော်ပြပုံမှာလည်း မိဘတွေ အထိန်းအအုပ် ညံ့လေသလော။ မနှင်းဖွေးကပင် မဆင်မခြင် လုပ်ခြင်းပေလော။ စာရေးသူကပင် သည်ဇာတ်ကို သည်လိုဖန်တီးချင်၍ တမင်ဖန်တီးခြင်းပေလောဟု အတွေးများစရာ ဖြစ်လေသည်။

အရေးအသားကား ပြေပြစ်ချောမွေ့သော အရေးအသားမျိုးဖြစ်သည်။

ငြိမ်းကျော်သည် ယခုအချိန်အထိ အချစ်ဝတ္ထုများကိုသာ ရေးသားနေသော စာရေးဆရာတစ်ဦး ဖြစ်သည်။ စာလုံးအရေအတွက် များပြားသော ဝတ္ထုအမည်ကိုသုံးစွဲ၍ ပရိသတ်ကို ဖမ်းစားနိုင်ရန် ကြိုးပမ်းသော စာရေးဆရာတစ်ဦး ဖြစ်လေသည်။ သူ၏ ပထမဆုံးလုံးချင်းဝတ္ထုမှာ နလုံးသားမြို့ဟောင်း တူးဖေါ်ချက်အစီရင်ခံစာ (၁၉၇၅) ဖြစ်သည်။ တတိယမြောက်ဝတ္ထု အချစ်ဦးသို့ ရွှေနားတော်သွင်းချေ်း (၁၉၇၆) သည် မိဘနှင့် သားသမီးတို့၏ အချစ်ရေးကိစ္စကို အဓိကထားရေးဖွဲ့ထားသော ဇာတ်လမ်းဖြစ်သည်။ မိုးမသောက် မှောင်မိုက် အရိပ်မပြေးမီ (၁၉၇၆) သည်လည်း အချစ်ဝတ္ထုပင် ဖြစ်သော်လည်း သေခြင်းတရားကို ဆန့်ကျင်ဦးတည်ထား၏။ အချစ်ကိုရှာဖွေရင်း အချစ်ကိုမတွေ့ဘဲ ဘဝကိုသာ တွေ့ရသောအဖြစ်ကို အချစ်ရပ်ဝှမ်းဒေသ (၁၉၇၉) တွင် ဖွဲ့ထား၏။ အ,သုံးလုံးလှုပ်ရှားမှုကို နောက်ခံပြုလျက် အချစ်ဇာတ်လမ်းဖွဲ့ထားသော ဝတ္ထုမှာ ပန်းဇာဖြူ (၁၉၈၁) ဖြစ်သည်။

*****

*** ပြီး ***